www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၂၁၈/၂၀၀၁(၉) |
| မျက်နှာဖုံး ခွင့်ပြုချက် | ၁၈၆/၂၀၀၂ (၂) |
| မျက်နှာဖုံးဒီဇိုင်း | ကိုဆန်း |
| ကွန်ပျူတာစာစီ | ကိုတင်ထွန်း |
| အတွင်းဖလင် | မဟာမိဒီယာ |
| ထုတ်ဝေသူ | ဦးသန်းဆွေ (မြဲ ၀၁၄၇၃)<br>စည်သည်တော်စာပေ<br>အမှတ် ၁၁၃၁၊ ဥယျာဉ်လမ်း၊<br>(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း<br>ရန်ကုန်။ |
| ပုံနှိပ်သူ | ဒေါ်ဝင်းဝင်းအေး (မြဲ ၀၆၇၄၉)<br>ကောင်းသန့်ပုံနှိပ်တိုက်<br>အ-ထ-က (၆)၊ ဗိုလ်တထောင်ကျောင်းဝင်<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| ပုံနှိပ်ပြီးစီးသည့်လ | ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ။ |
| အုပ်ရေ | [illegible] |
| တန်ဖိုး | [illegible] |
| စာအုပ်ချုပ် | စိန်ကြည် |
| ဖြန့်ချိရေး | ကောင်းသန့်စာပေ<br>အမှတ် ၁၄၇၊ ပ-ထပ်(ဝဲ)၊<br>၃၇ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်။ ☎ ၂၇၈၃၆၈ |



ကောင်းသန့်စာပေ

အမှတ် ၁၄၇၊ ပ-ထပ်(ဝဲ)၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၂၇၈၃၆၈


www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

❖ ❖ ❖

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

❖ ❖ ❖

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

❖ ❖ ❖

အမြဲတသ
လွမ်းမောရပြီး
ဘဝတစ်သက်
မေ့ဖို့ခက်သည့်
အိပ်မက်အလွမ်း ...

# အိပ်မက်အလွမ်း

## ကျောင်းသန့်

(ခံစားတင်ပြသည်)

၁၉၉၉ ခုနှစ်၊ အမျိုးသားစာပေဗိမာန်ဆုရ
အပြစ်ကင်းတဲ့
ချစ်ခြင်းဖွဲ့ မေတ္တာစာတစ်အုပ်။
ဒုတိယအကြိမ်မြောက် ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဘဝမှတ်တိုင်

## အိပ်မက်အလွမ်း

အိပ်မက်အလွမ်း ဝတ္ထုရှည်ကြီးသည် ကျွန်တော့်ဘဝ၏ မှတ်တိုင်တစ်ခု ဖြစ်ပါသည်။ ထိုဝတ္ထုကို လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်က ရေးခဲ့ပါသည်။ ဝေသီမြင့်မားသော တောင်ထိပ်များပေါ်မှ ချင်းလူမျိုးတို့ နေထိုင်ရာ ရွာလေးတစ်ရွာတွင် ရေးခဲ့ခြင်းဖြစ်ပါသည်။ မြူနှင်းတို့ ဝေဆိုင်းပြီး မဲမှောင်နေသော ညများစွာတွင် ဖယောင်းတိုင်မီး မှိတ်တုတ်မှိတ်တုတ်နှင့် ရေးခဲ့ရပါသည်။ ချမ်းအေးလွန်းသဖြင့် အကျႌအထပ်ထပ် ဝတ်ထားရသည့်အပြင် စောင်ပါခြုံထားရသေးသည်။ (ထိုအချိန်က ကျွန်တော်သည် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်နေစဉ်ဖြစ်ပါ၏)

BURMESE CLASSIC .com



ဗမာစုဒ္ဒဘာသာဆို၍ ကျွန်တော်တစ်ယောက်တည်း၊ ဆွေမျိုးမရှိ အသိမိတ်ဆွေမရှိ။ ကျောင်းအုပ်ကြီး အဆက်ဆက်နေခဲ့ကြသည့် အိမ်အိုအိမ်မဲကြီးတွင် တစ်ယောက်တည်း အဖော်မဲ့စွာ နေထိုင်ခဲ့ရသည်။ ညဘက်၌ အပြင်တွင် လေတဝုန်းဝုန်းတိုက်နေ၏။ အိမ်ထဲတွင် ကြွက်တွေကလည်း တဝုန်းဝုန်းသောင်းကျန်းနေသည်။ နေ့လယ်တွင် အလွန်ပူပြီး ညဘက်တွင် အလွန် အေးသဖြင့် သစ်သားတန်းများသည် အပူအအေးဒဏ်ကြောင့် တကျွိကျွိမြည်နေကြသေးသည်။ အိမ်အောက်တွင် နွားတွေ မြင်းတွေကလည်း ကျွန်တော်နေသည့် ခြေတံရှည်အိမ်တိုင်လေးကို အယားပြေ ကျောဖြင့်လာပွတ်နေသဖြင့် ဟဒုန်းဒုန်းနှင့် စိတ်ခြောက်ချားစရာ ဖြစ်နေသည်။

ထိုသို့သော အခြေအနေမျိုးတွင် ကျွန်တော်သည် **အဖော်မဲ့ အထီးကျန် ခံစားမှုဖြင့် ဤ အိပ်မက်အလွမ်းကို ရေးခဲ့ပါသည်။ တစ်နေ့တွင် သုံးရွက်မှ ဆယ်ရွက်ထိရေးပြီး** ကျွန်တော်အိပ်ပါသည်။ မအိပ်ခင် ဝတ္ထုထဲမှ ငယ်ဘဝတွေကို ပြန်ခံစားပြီး သူငယ်ချင်းတွေ လွမ်းပါသည်။ ချစ်သူခင်သူတွေကို တမ်းတပါသည်။

ထိုအခါ ကျွန်တော့်စိတ်သည် ၁၉၆၄/၆၅ ခုနှစ်က အထက်တန်းကျောင်းသားလေးဘဝကို ပြန်သတိရပြီး အိပ်မက်ထဲမှာ လွမ်းခဲ့ရသည်။ တစ်ခါတစ်ရံ ၁၉၆၉/၇၀ ခုနှစ်ကာလက တက္ကသိုလ်ကျောင်းသားဘဝလေးကို ပြေးမြင်ပြီး ရင်မှာ နင့်အောင်ခံစားခဲ့ဖူးသည့် အချစ်အလွမ်း ဝေဒနာတွေကို နာကျင်ခံခက် လွမ်းအိပ်မက် မက်ခဲ့ရပြန်၏။

**အတိတ်ကို ပြန်ခြေရာကောက်ရင်း အလွမ်း**

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေမက်ရင်း ဤ အိပ်မက်အလွမ်းကို ရေးခဲ့ပါသည်။ အိပ်မပျော်နိုင်သော ညများစွာပါဝင်သည့် (၂)နှစ်ဆိုသော အချိန်ကာလကို ဖြတ်ကျော်ပြီးမှ ဤဝတ္ထု အဆုံးသတ်ပါသည်။ ဤဝတ္ထုရေးနေစဉ်မှာ အချို့နေရာများတွင် ကိုယ်တိုင်ခံစားခဲ့ဖူးသဖြင့် ကြေကွဲစရာအတိတ်များကို ပြန်သတိရမိပါသည်။ ထိုအခါ ညစ်နွမ်းနွမ်းစာရွက်များသည် မျက်ရည်စက်တို့ဖြင့် စွန်းထင်းခဲ့ရ၏။

ထိုအခြေအနေတွင် စာကိုဆက်ရေးနိုင်စွမ်းမရှိတော့သဖြင့် အိပ်ရာပေါ် ပစ်လှဲပြီး ကြေကွဲတသစွာ ခံစားခဲ့ရသည်မှာ အကြိမ်ကြိမ်ဖြစ်ပါသည်။ ပင်ပန်းကြီးစွာ ရေးခဲ့ရသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါ၏။

ဤမျှ ဒုက္ခခံပြီး စိတ်ပင်ပန်းကြီးစွာ ရေးခဲ့ရသော ဝတ္ထုကြီးကို အနီးအနားတွင် ဖတ်ရှုဝေဖန်ပေးမည့်သူ တစ်ယောက်မျှမရှိ။ ထို့ကြောင့် လှိုင်တွင်းရွာမှ တီးတိန်မြို့ပေါ်သို့ သယ်ဆောင်သွားပြီး၊ ညီအစ်ကို မောင်နှမသဖွယ် ချစ်ခင်ကြသော အလယ်တန်းပြဆရာမ ဒေါ်အေးအေးချိုအား ဖတ်ကြည့်ခိုင်းရသည်။ ဖတ်လို့ကောင်းသည်ဟုပြောတော့ ဝမ်းသာကျေနပ်မိခဲ့သည်။ ထို့နောက် မိတ်ဆွေဦးဌေးမြင့်ကို ဖတ်ခိုင်းပြန်သောအခါ ခံစားရတယ်ဟု မှတ်ချက်ပေးပြန်သည်။ ကျွန်တော်ဝမ်းသာအားတက်ခဲ့ရ၏။

ကျွန်တော်သည် ထိုဝတ္ထုကို ရတနာထုပ်ကြီးသဖွယ် တန်ဖိုးထားသိမ်းဆည်း ပွေ့ဖက်ကာ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့သည်။ မိမိချစ်ခင်ရင်းနှီးသူများကိုပြပြီး ဖတ်ခိုင်းပြန်သည်။ ထုတ်ဝေသူအချို့ကိုပြ၍ စကားစကြည့်သည်။ သူတို့ စိတ်မဝင်



စားကြ။ ထိုအခါ ကျွန်တော်သည် စိတ်အားပြန်လျော့သွားကာ ရတနာထုပ်ကြီးကို စာအုပ်လိုပြန်သဘောထားမိပြီး စာအုပ်စင်အောက်တွင် အချိန်ကြာကြာ သိမ်းဆည်းခဲ့ပြန်သည်။

သည်လိုနှင့် ကျွန်တော်သည် 'ကောင်းသန့်' ဖြစ်လာ၏။ ထိုအခါ ဤစာအုပ်ကို ထုတ်သင့် မထုတ်သင့် သူငယ်ချင်းတစ်ယောက်ကို ပေးဖတ်မိပြန်သည်။ သူငယ်ချင်းက အလုပ်တွေရှုပ်ပြီး မဖတ်နိုင်သေးဘဲ ဘီဒိုအောက်ခြေတွင် ထိုးထည့်ထားသဖြင့် တစ်နှစ်ကျော်ကြာသွားပြန်သည်။ ပြန်တောင်းယူရပြန်သည်။ ဘာပဲ ဖြစ်ဖြစ် ကိုယ့်ဘာသာပဲ ထုတ်တော့မည်ဟု ဆုံးဖြတ်ကာ စာမူဖိုင်ကိုထုတ်ပြီး ဖွတ်ခါသည်။ စာရွက်အနားစတွေ စုတ်ပြတ်နေပြီ။ အထဲမှာ စာရွက်တွေ မှိန်ဖျော့ဖျော့နှင့် ဝါကျင့်ကျင့် ဖြစ်နေကြပြီ။ တချို့စာရွက်ဆို မနည်းဖတ်ရသည်။ စာလုံးတွေမှိန်ပြီး ဖတ်မရချင်တော့။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီလေ။

သည်ကြားထဲ ချစ်ခင်ရင်းနှီးသူတို့က ဤစာအုပ်သည် ယခုအချိန် မထုတ်သင့်သေး။ ဒသာနစာစုများဖြင့် အောင်မြင်နေသော ကောင်းသန့် နာမည်ကို ထိခိုက်သွားနိုင်သည်ဟု စေတနာနှင့်ဝေဖန်သည်။ 'လိုတိုရှင်း ထိထိရှရှလေး ရေးတတ်သော ကောင်းသန့်သည် ဤမျှရှည်လျားသော သမရိုးကျ ဝတ္ထုရှည်ကြီးကိုထုတ်လျှင် ကောင်းသန့်ရေးတာ ဟုတ်ပါ့မလားဟု သံသယ ရှိနိုင်သည်ဟုလည်း၊ ထောက်ပြကြသည်။

သည်လိုနှင့် နောက်တစ်ကြိမ် သိမ်းဆည်းထားရပြန်သည်။ သို့ရာတွင် ကျွန်တော်သည် ကျွန်တော့်အတွက် မှတ်တိုင်တစ်တိုင်ကို စိုက်ထူခဲ့ချင်သော ဆန္ဒသည် ပြင်းပျနေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။ ထို့ကြောင့် ဤစာအုပ်သည် စာဖတ်သူ လူငယ်များကို အကျိုးရှိနိုင် မရှိနိုင် ပြန်ဆန်းစစ်ကြည့်မိသည်။ ဝတ္ထုကို အစ အဆုံး တစ်ခေါက် ပြန်ဖတ်သည်။ အထဲတွင် ကျွန်တော်ပေးချင်သော ဒဿနတွေ အများကြီးပါနေ၏။ လူငယ်တွေအတွက် ကြိုးစားရုန်းကန်ချင်သောစိတ်နှင့် အားမာန်တက်စေနိုင်သည်ဟု ယုံကြည်ပြီး ထုတ်ဝေဖို့ ဆုံးဖြတ်လိုက်တော့သည်။

ထိုအခါ လက်ရေးစာမူကို အရင်ဖတ်ပြီး ကွန်ပျူတာစီရသည်။ပြီးတော့ ကွန်ပျူတာ အကြမ်းအချောကို ဖတ်ရပြန်သည်။ နှစ်လလုံးလုံး ဤစာအုပ်နှင့် အလုပ်ရှုပ်ခဲ့၏။ သည်ကြားထဲ စာမျက်နှာက ၄၆၀ ကျော်သွားသဖြင့် ခေါင်းခဲရပြန်သည်။ ကောင်းသန့်စာအုပ် အရည်အသွေးစံအတိုင်း စာရွက် အကောင်းစားတွေနှင့် ထုတ်လျှင် တန်ဖိုး ၄၀၀/- ကျော်သွားမည်။ ဝယ်ဖတ်နိုင်ကြပါ့မလား။ စိတ်ပူပြီး နှစ်အုပ်ခွဲထုတ်ဖို့ စဉ်းစားပြန်သည်။ ကျွန်တော် မကြိုက်။ ဆက်တင့်ငံ့နှင့် ဖတ်ရတာမျိုး ကျွန်တော်မကြိုက်။ ကျွန်တော် မကြိုက်တာကို သူများ ိုလည်း မလုပ်စေချင်ပါ။

ထို့ကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး ထူထူထဲထဲတစ်အုပ်တည်း ထုတ်လိုက်ပါသည်။ **ကျွန်တော်သည် ဤမျှရှည်လျားစွာ ပြောပြနေသည်မှာ ခိုလို ညည်းချင်၍ မဟုတ်ပါ။ တစ်ခါတစ်ရံ စာရေးသူအပိုင်းမှာ စာတစ်အုပ်ဖြစ်လာဖို့ ဘယ်လောက်တောင် ဒုက္ခအဆင်းရဲခံ ကြံ့စည် ကြိုးပမ်းခဲ့ရသည်ကို သိစေချင်သောကြောင့် ဖြစ်ပါသည်။**

ပြီးတော့ အချိန်ကာလအားဖြင့် ၁၅ နှစ်ခန့်ကြာခဲ့ပြီဖြစ်သောကြောင့် ဝတ္ထုထဲတွင်ပါသောနေရာဒေသ၊ အခြေအနေ



တို့သည် ပြောင်းလဲခဲ့ပြီ။ ထို့ကြောင့် ဖတ်ရင်းနှင့် သဘောမပေါက် ရှိနိုင်သည်။ ဥပမာ တက္ကသိုလ်ရိပ်သာလမ်းပေါ်တွင် အရင်က ၁၆ လိုင်းဘတ်စ်ကား ပြေးဆွဲသည်။ ယခု မရှိတော့။ ယခင်က မြဝတီဆောင်သည် ဘီအီးဒီကျောင်းသားအဆောင်။ ယခု နိုင်ငံခြားဘာသာသင် တက္ကသိုလ်ဖြစ်နေသည်။ ယခင်က စီးပွားရေး တက္ကသိုလ်၊ ပထမနှစ်ကျောင်းသူများကို ယာယီအစီအစဉ်အရ ထားသော ကမ္ဘောဇဆောင်သည် ယခု မဟုတ်တော့။ ရုပ်ရှင်ကြည့်လျှင် ယခင်က နှစ်ကျပ်ခွဲတန်း ယခု ၁၂၅/-ဖြစ်နေပြီ။ ဗိုလ်ချုပ်ဈေးသစ်ဘေးနားမှ ယခင်လဟာပြင်ဈေးကြီးသည် ယခုမရှိတော့။ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ။ စာရေးသူ အနေနှင့် လက်ရှိ အခြေအနေတွေအတိုင်း လိုက်ပြောင်းရေး၍ မရတော့။ စာဖတ်သူများက ခံစားနားလည်ပေးစေချင်ပါသည်။

**ဤမျှ ခက်ခဲပင်ပန်းစွာ ကြိုးစား ကြံ့စည်ထုတ်ဝေခဲ့ရသော အိပ်မက်အလွမ်းသည် စာဖတ်သူကို အကျိုးရှိစေသော ခံစားမှုတစ်ခုခုကို ဖြစ်စေလိမ့်မည်ဟု ကျွန်တော် ယုံကြည်သည်။** ဤလို မာအုပ်မျိုးကို နောက်ထပ်တစ်အုပ် ပြန်ရေးနိုင်ဖို့လည်း ကျွန်တော့်အတွက် ဖြစ်နိုင်ချေနည်းပါပြီ။ ကျွန်တော့်နှလုံးသားသည် ဤဝတ္ထုရေးစဉ်ကကဲ့သို့ နာနာကျင်ကျင် ခံစားနိုင်တော့မည် မဟုတ်ပါ။ ဤဝတ္ထုသည် ကျွန်တော့် အဖြစ်အပျက်လားဟု တဲ့တိုးမေးခဲ့လျှင် ငြင်းဆိုခြင်း မပြုနိုင်သလို ဟုတ်ကဲ့ဟုလည်း မပြောသာပါ။ သို့ရာတွင် ဤ ဝတ္ထုတွင် ကျွန်တော်ပါဝင်ပတ်သက်နေတာကိုတော့ ဖတ်ကြည့်ပြီးသူတိုင်းလိုလို သိလိမ့်မည်ဟု ထင်ပါသည်။

ဤဝတ္ထု၏ အဓိကဇာတ်ဆောင် တိုငယ်တဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေ ငယ်ငယ်က ရည်မှန်းထားတဲ့အတိုင်း အောင်မြင်အောင် ကြိုးစားကြစေချင်သလို မြင့်ဆွေကဲ့သို့လည်း ဘဝအဓိပ္ပါယ်ကိုသိတာ ကိုယ်မြို့ကိုယ့်ရွာ ကိုယ့်တိုင်းပြည်တိုးတက်ဖို့ အလုပ် လုပ်ကြစေချင်ပါသည်။ မမနွယ်ကဲ့သို့လည်းတစ်ယောက်ဆိုတစ်ယောက် ပီတောက်ဆိုပီတောက် စိတ်ထားမျိုးနှင့် (မိန်းကလေးတွေကို) ခိုင်ခိုင်မတ်မတ် ရပ်စေချင်ပါသည်။ မောင်မောင်နှင့် နီလာကျော်ကဲ့သို့လည်း မိဘစကားနားထောင်ပြီး သားသမီး အလိမ္မာများဖြစ်ကြပါစေ။ ခင်မျိုးကြွယ်ကဲ့သို့ ကံမကောင်းသူမျိုးလည်း မဖြစ်ပါစေနှင့်ဟု ဆုတောင်းချင်ပါသည်။

ဘဝမှာ ပြင်းပြင်းရှရှ ခံစားပြီး ရှည်ရှည်လျားလျားရေးခဲ့သော ဤအိပ်မက်အလွမ်းသည် စာဖတ်သူ၏ ရင်ကို မနာကျင်စေဘဲ သင်ခန်းစာယူဖွယ်ရာဖြစ်ခဲ့လျှင် ဤဝတ္ထုကို ခက်ခဲပင်ပန်းကြာမြင့်စွာ ရေးသားထုတ်ဝေရကျိုးနပ်ပြီဟု မိမိကိုယ်မိမိ ကျေနပ်နှစ်သိမ့်ရပါမည်။ မတော်တဆ ဇာတ်ကောင်များ၏ ဘဝကိုစာနာ နားလည်စိတ်ဖြင့်ရင်ထဲတွင် နာနာကျင်ကျင် ခံစားခဲ့ရပါမူ ထိုသို့ဖြစ်စေအောင် ရေးသားမိသူ ကျွန်တော်အပြစ်သာဖြစ်၍ နားလည် ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါ၏။

**ဤဝတ္ထုဖတ်၍ ဘဝအသိတစ်ခု ကျေနပ်ဖွယ်ရာ တစ်ခုခုရရှိပါစေဟု ကျွန်တော်ဆုမွန်ကောင်း တောင်းပေးပါသည်။**

စာဖတ်သူအားလုံး နှလုံးရွှင်လန်းအေးချမ်းကြပါစေ။

စေတနာမွန်ဖြင့်

**[illegible]**

# အိပ်မက်အလွမ်း

(၁)

"ငါ နွယ်နွယ်ဝေ့ကို ချစ်နေမိပြီကွာ"

မောင်မောင်က စကားအဆက်အစပ်မရှိဘဲ တုံးတိတိ ပြောချလိုက်သည်။

"ဟေ" ကိုဖုယ်ရော မြင့်ဆွေပါ နှစ်ယောက်စလုံး အံ့ဩသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် ကျောင်းတွင် စာအတော်ဆုံး ကျောင်းသား၊ ပြီးတော့ ကျောင်းဘောလုံးအသင်း၏ အားအထားရဆုံး ဂိုးသမား။ အားကစားရော ကျောင်းစာပါ တော်သည်။ သို့သော် အမျိုးသမီးများနှင့် ပတ်သက်လျှင် ကင်းရှင်းသည်။ သူနှင့် စကားကြာကြာပြောဖူးသော ကျောင်းသူပင် သိပ်မရှိ ကျောင်းစာနှင့် ဘောလုံးမှလွဲ၍လည်း မောင်မောင်က ဘာမျှ သိပ်စိတ်ဝင်စားပုံ မပေါ်။ သည်လိုကောင်က ကျောင်းတွင် ပေါ်ပြူလာအဖြစ်ဆုံး နွယ်နွယ်ဝေ့ကို ချစ်နေပါပြီဟု ဆိုသောအခါ၊ တံ့အားသင့်စရာပဲဟု ကိုယ်တို့က မြင်သည်။

"ချစ်နေလည်း ပြီးတာပေါ့ကွာ"

မြင့်ဆွေက ခပ်ဖေးဖေး ဝင်ပြောသည်။

"ချစ်နေရုံနဲ့ ပြီးရင်တော့ မင်းတို့ကို ငါဘယ်ဖွင့်ပြောမလဲကွာ။ ချစ်နေရုံ မပြီးနိုင်တော့လို့ မင်းတို့ကို ဖွင့် ပြောပြီး အကူအညီတောင်းတာပေါ့"

မောင်မောင်က မျက်နှာငယ်နှင့် ဆိုရှာသည်။

ဟုတ်တော့လည်း ဟုတ်သည်။ သူ့ခမျာ အဖေကို ကြောက်လန့်ရသည်ကြားထဲ ရည်းစားကလည်း ထားချင်သော ကြောင့် ကိုယ်နှင့် မြင့်ဆွေကို အသာလက်တို့၍ ကျောင်းရှေ့ မန်ဒါပင်အောက်တွင် ဖွင့်ဟ တိုင်ပင် အကြံညဏ်တောင်းနေခြင်း ဖြစ်သည်။

"ချစ်နေရုံနှင့် မပြီးရင်လည်း ဖွင့်ပြောလိုက်ပေါ့ကွာ"

ကိုယ်က တိုက်တွန်း အားပေးလိုက်၏။



"ဖွင့် မပြောရဲဘူးကွ။ ငါကြောက်တယ်။ ပြီးတော့ ကောင်မလေးတွေနဲ့ စကားလည်း သိပ်မပြောဘူးတော့ မပြောတတ်ဘူး။ ညီမလေး သိသွားပြီး အိမ်ပြန်ပြောမှာလည်း ငါကြောက်တယ်။ ဒီအရွယ်မှာ ရည်းစားထားရင် အိမ်က ကန့်ချမယ်ဆိုပြီး အဖေက ကြိမ်းထားတာကွ"

"ဒီလိုဆိုရင်လည်း မပြောနဲ့ပေါ့ကွာ"

မြင့်ဆွေက ပြုံးတေ့တေ့နှင့် ပြောလိုက်သည်။

"မြင့်ဆွေရယ်၊ ရေနစ်သူ ဝါးကူထိုးမနေပါနဲ့ကွာ။ ငါ သိပ်ခံစားနေရတာပါ။ ညဆို စာတောင် ဖတ်လို့ မရဘူး။ စာအုပ်ထဲမှာ သူ့မျက်နှာကိုပဲ မြင်နေတယ်"

"[illegible]ဖတ်မရလည်း စာအုပ်ပိတ်လိုက်ပေါ့"

မြင့်ဆွေက ထပ်တွန့်ပြန်သည်။

မောင်မောင် ကျွဲမြီးတိုသွားသည်။ အားကိုးရတော့ မည်ပုံမပေါ် သဖြင့် ...

"မင်းတို့ကို အားကိုးပြီး တိုင်ပင်တာကို လက်မခံနိုင်ဘူးဆိုရင်လည်း နေပါစေတော့ကွာ"

ကျောင်းဘက်သို့ ပြန်လှည့်ထွက်သွားမည်ဟန် ပြင်သည်။

"တို့က ဘာကူညီရမှာလဲ၊ ဘယ်လို ကူညီစေချင်တာလဲ"

တွေးတွေးဆဆနှင့် ကိုယ်က ဝင်ပြောလိုက်သည်။

ထိုအခါမှ မောင်မောင့် မျက်နှာပြုံးယောင်ယောင် ဖြစ်လာသည်။

"ငါ့အဖေလည်း မသိအောင်၊ နွယ်နွယ်ဝေ့ အချစ်ကို ငါရအောင် လိုချင်တယ်၊ အဲဒါ ..."

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် စကားဆက် မပြောရသေးခင် မြင့်ဆွေက ဝင်ပြောပြန်သည်။

"လွယ်ပါတယ်၊ မင်းညီမလေးကို အောင်သွယ်နိုင်းလိုက်ပေါ့"

မောင်မောင်သည် မြင့်ဆွေကို ဘုကြည့် ကြည့်သည်။ မြင့်ဆွေ ပြုံးနေ၏။

"မြင့်ဆွေ၊ ခဏနေစမ်းကွာ၊ သူများ အလေးအနက်ထား ပြောနေတာကို အပြောင်အပျက် လုပ်မပစ်ချင်စမ်းပါနဲ့" ကိုငယ်က ဝင်ဟန့် လိုက်သည်။

သူတို့ထဲတွင် ကိုငယ်က လူကြီးဆန်သည်။ တဖတ်များသည်။ စကားကို အလေးအနက်ထား ပြောတတ်သည်။ ကိုငယ့် စကားကိုတော့ သူတို့လက်ခံသည်။

"မောင်မောင်၊ မင်း နွယ်နွယ်ဝေကို တကယ်ချစ်ရဲ့လား"

"တကယ်ချစ်လွန်းလို့ အဖေ့ကို ကြောက်တဲ့ကြားက စွန့်စားချင်တာပေါ့ကွာ"

"နွယ်နွယ်ဝေ အချစ်ကို တကယ်ရပြီးရင်ကော မင်း တစ်သက်လုံး ချစ်မှာလား" ကိုငယ်က ထပ်မေးပြန်သည်။

"မေးဖို့လိုသေးလား သူငယ်ချင်းရယ်၊ နွယ်နွယ်ဝေကို ငါ တကယ်ချစ်တာပါ"

"နောက်တော့မှ မင်းအူကြောင်ကြောင် မလုပ်နဲ့နော်။ အချစ်ကို အပျော်သက်သက် သဘောထားတာမျိုး



တော့ ငါမကြိုက်ဘူး။ လူတိုင်းမှာ ကိုယ်ချစ်တဲ့သူကို ရှာဖိုင်ခွင့် ရွေးပိုင်ခွင့်ရှိတယ်၊ မင်း အကြိုက် မင်းရွေးပြီးရင်တော့ တန်ဖိုးထားဖို့တော့ လိုလိမ့်မယ်"

ကိုငယ်က အချစ်အဘိဓမ္မာဆရာကြီးသဖွယ် ဩဝါဒပေးနေ၏။

မောင်မောင်က မျက်လုံး ပေကလပ် မေကလပ်နှင့် ဩဝါဒခံယူသည်။

"စိတ်ချပါကွာ၊ မင်းတို့ပြောတဲ့အတိုင်း ဖြစ်စေရပါ့မယ်၊ ငါ့အဖေ မသိအောင်သာ အကူအညီပေးကြပါ"

"ဒီလိုဆိုရင်လည်း ငါသွားပြောပေးမယ်လေ" မြင့်ဆွေက အတည်ပေါက်နှင့် ဝင်ပြောလိုက်သည်။

"အဲဟုတ်လား"

"ဟုတ်တယ်ပါ - မင်း ညီမလေးကို ငါသွားပြောပေးပါ့မယ်"

"ချောကောင်" မောင်မောင်က မြင့်ဆွေကို ဖက်ပိုးဖော်ရင်း ပြောလိုက်သည်။

"မင်းက ချစ်နေတယ်ဆိုတာ နွယ်နွယ်ဝေကကော သိပ်မိသလား"

ကိုငယ်က မောင်မောင့်ကို မေးလိုက်သည်။

"သိပ်မိလောက်မယ်ထင်တယ်၊ အတန်းထဲမှာ သူ့ကို ငါ မကြာခဏကြည့်မိတယ်၊ သူကလည်း ငါ့ကို ပြန်ကြည့်တယ်။ မျက်လုံးချင်း မကြာခဏ ဆုံမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဖြစ်ပါတယ်၊ မင်းတစ်နေရာမှာ ဖွင့်ပြောလိုက်ပေါ့"

"မဖြစ်ဘူးထင်တယ်၊ ငါ လန့်တယ်၊ သူ့အနားရောက်ရင် ဘာစကားမှ ထွက်မှာ မဟုတ်တော့ဘူး၊ ပြီးတော့ ညီမလေးကလည်း ရှိသေးတယ်"

"မင်း ညီမလေးကို ဒီလောက် ကြောက်နေမှတော့ အလုပ် ဖြစ်မှာမဟုတ်တော့ပါဘူး။ ဒီတော့ ... ဒီလိုလုပ်" မြင့်ဆွေက ခပ်တည်တည်နှင့် အကြံပေးဟန်ပြင်သည်။

"ပြောစမ်းပါအုံး" မောင်မောင်က အားကိုးဟန်နှင့် လှမ်းကြည့်သည်။

"မင်းညီမကို ... ငါ့ပေးလိုက်" မြင့်ဆွေက ပညာရှိလေသံနှင့် ပြောလိုက်၏။

"ဒီ ခွေးကောင်တော့ကွာ" မောင်မောင်က အကျီစ လှမ်းဆွဲသည်။ မြင့်ဆွေက တိမ်းရှောင်ရင်း ရယ်နေလိုက်သည်။

"မင်း မပြောရဲရင် စာပေးလိုက်ပေါ့၊ တခြားနည်းလည်း မရှိတော့ဘူး"

မြင့်ဆွေနောက်နေသည့်ကြားက ကိုယ်က အလေးထားပြောနေ၏။

"ငါ ရည်းစားစာ မရေးတတ်ဘူး၊ ဘာရေး ရမှန်းလည်း မသိဘူး"

မောင်မောင်က ခပ်ရွှံ့ရွှံ့ပြန်ပြောသည်။

"မင်းဟာ ကောင်မလေးလည်း ကြိုက်သေးတယ်၊



စကားလည်း မပြောရဲဘူး၊ စာလည်း မရေးတတ်ဘူး၊ အဖေလည်း ကြောက်သေးတယ်ဆိုတော့ မခက်ဘူးလား"

"ခက်လို့ မင်းတို့ကို တိုင်ပင်ပြီး အကြံတောင်းနေတာပေါ့ကွာ"

"အလကားတော့ အကြံမပေးနိုင်ဘူးမောင်၊ အောင်မြင်ရင်တော့ ညီမလေးပေးရမယ်" မြင့်ဆွေက ဝင်ပြောပြန်သည်။

"မြင့်ဆွေ မဏာနေအုံးကွာ၊ စကားကောင်းကောင်းပြောရအောင်"

ကိုယ်က ဝင်ဟန့်လိုက်သည်။ မြင့်ဆွေ ငြိမ်သွားသည်။

"မင်း ဒီလောက် အခက်အခဲတွေ့နေရင်တော့၊ စာကို ငါရေးပေးမယ်၊ ပေးတာကတော့ မင်းလိုက်ပေး"

"မလုပ်ပါနဲ့ သူငယ်ချင်းရာ၊ အစအဆုံး အားကိုးပါရစေ၊ မင်းတို့နဲ့ ငါအတူလိုက်လာပါ့မယ်၊ ဒါပေမယ့် ငါ့အစား မင်းပေး ပေးပါ"

"ဘာ ... မင်းကြိုက်တဲ့ကောင်မလေးကို ငါကိုယ်တိုင်စာ ရေးပြီး၊ ငါက စာလိုက်ပေးရမယ် ဟုတ်လား မောင်မောင်" ကိုယ် စိတ်တိုသွားသည်။ သည်မျှ သတ္တိနည်းနေမှတော့ စိတ်မရှည်ချင်တော့။ သို့သော်လည်း မောင်မောင်ခမျာ မျက်နှာငယ်လေးနှင့်။

"အားကိုးပါတယ် သူငယ်ချင်းတို့ရာ၊ နွယ်နွယ်ဝေကလည်း မင်းတို့နဲ့ခင်သားပဲ" ဆိုလိုက်သဖြင့် ကိုယ် ပျော့ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝမှာ၊ မင်းကို ကူညီရမှာ မှတ်မှတ်ထင်ထင်ပါပဲကွာ။ ဒါပေမယ့် ငါ ကူညီပါ့မယ်။ မင်းဖြစ်စေချင်တာ ငါနားလည်ပါတယ်၊ ငါက နာမည်ခံ လှုပ်ရှားပေး၊ မင်းက နောက်ကနေမယ်။ မင်းအိမ်က သတင်းကြားရင်လည်း ငါနဲ့ပဲ ဆိုပါတော့"

မောင်မောင်က စကားပြန်မပြောဘဲ အားကိုးကြည့်နှင့်ကိုယ်ကို ကြည့်သည်။ ကိုငယ် သက်ပြင်းတစ်ချက် ချလိုက်သည်။

□ □ □

(၂)

"မမနွယ်ကို မောင်မောင်က စာပေးနိုင်းလိုက်တယ်။ အဲဒီစာပဲ"

ကိုငယ်က နွယ်နွယ်ဝေကို လှမ်းပေးလိုက်သည်။

"ဘာဖြစ်လို့ ယူလာတာလဲ"

နွယ်နွယ်ဝေက မကျေနပ်ဟန်ဖြင့် ပြောလိုက်သည်။

"သူငယ်ချင်းက အတင်းအကူအညီတောင်းလို့လေ၊ ပြီးတော့ သူက မမနွယ်ကို တကယ်ချစ်တယ် ဆိုတာနဲ့..."

"ရည်းစားစာကို လူကြုံပေးတာ ငါက ယူရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်ဝေက အင်တင်တင် လုပ်သည်။

"ဒီတစ်ခါတော့ ယူလိုက်ပါ မမနွယ်ရာ၊ မကြိုက်တော့လည်း လွှင့်ပစ်လိုက်ပေါ့၊ ကြိုက်ရင်လည်း သဘောပဲ" ကိုငယ်က အေးစက်သော စကားကိုဆိုသည်။

နွယ်နွယ်ဝေက ဘာမျှ ပြန်မပြော။ ကိုငယ် ပေးသော စာကို ယူ၍ ထွက်သွားသည်။ ခပ်လှမ်းလှမ်းမှ ကြည့်နေသော မောင်မောင်က ဝမ်းသာလုံးဆို့ နေသည်။

ကိုငယ့်ဆီ မောင်မောင် အပြေးကလေးလာသည်။ မြင့်ဆွေပါ နောက်က လိုက်လာ၏။

"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ်၊ မင်းရေးထားတဲ့ ငါ့ရည်းစားစာကို သူဖတ်ပြီးရင် မကြိုက်ဘဲ မနေနိုင်ဘူး၊ မင်း က အရေးကောင်းတာပဲ။ ငါတောင် မင်းစာကို ကူးနေရင်းနဲ့ မင်းကိုကြိုက်ချင်ချင် ဖြစ်လာတယ်"

"မင်းခိုင်းတာ ငါအောင်မြင်အောင် လုပ်ပေးပြီးပါပြီ၊ ဒီလောက်လည်း မြှောက်ဖို့ မလိုပါဘူး သူငယ်ချင်းရာ" ကိုငယ်က အေးဆေးစွာ ဆိုသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီနေ့ အောင်မြင်သွားတယ်၊ မင်းကောင်းမှုကြောင့် အောင်မြင်တဲ့အတွက် မောင်မောင်က ဂုဏ်ပြုတဲ့အနေနဲ့ လက်ဖက်ရည်တိုက်လိမ့်မယ်" မြင့်ဆွေက ကိုငယ့်ကို ပြောရင်း မောင်မောင့်ကို လှည့်မေးလိုက်သည်။

"ဘယ်လိုလဲကွ မောင်မောင်၊ တို့ကို လက်ဖက်ရည် တိုက်မှာလား"



မောင်မောင် မျက်နှာညိုးကျသွားသည်။

"သူငယ်ချင်းတို့ကို လက်ဖက်ရည် သိပ်တိုက်ချင်ပါတယ်ကွာ၊ ဒါပေမယ့် အိမ်က ငါ့ကို တစ်နေ့ တစ်ကျပ်ပဲ မုန့်ဖိုး ပေးတယ်"

"မလိုပါဘူး သူငယ်ချင်းရာ၊ မင်းတို့ အဆင်ပြေပြီး စိတ်ချမ်းသာမယ်ဆိုရင် ငါကျေနပ်ပါတယ်" ကိုငယ်က အဝေးကို ငေးမောရင်း ပြောလိုက်သည်။

"ဒီလိုဆို ငါသွားမယ် သူငယ်ချင်း၊ လေ့ကျင့်ခန်းတွေ တင်စရာ ရှိသေးတယ်၊ ဒီနေ့ မပြီးရင် ဆရာကြီး ဦးသိန်းဖေရဲ့ ရုံးခန်းရောက်လိမ့်မယ်၊ သိတယ်မို့လား၊ ယမထာရွှေကြိမ်လုံးနဲ့ အတီးခံရမှာလေ"

"သွားနှင့်လေ။ တို့နေအုံးမယ်" မြင့်ဆွေက ပြန်ပြောလိုက်သည်။

ဝမ်းသာအားရနှင့် မောင်မောင်ထွက်သွားသည်။

"မင်း ဒီနေ့တစ်မျိုးပဲ၊ မောင်မောင့်ကို စကားပြောနေတာလည်း အားရပါးရ မရှိဘူး၊ ဘာတွေ ဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ" ကိုငယ်က ငြင်းဆိုသော စကားကို ဆိုသည်။

"သူငယ်ချင်း အချင်းချင်း ညာမနေပါနဲ့။ ငါ သိပါတယ် သာလိကာရယ်"

မြင့်ဆွေက စပ်ဖြဲဖြဲနှင့် ပြောလာပြန်သည်။

"မင်းသိတာ မင်းရင်ထဲပဲ ထားပါကွာ၊ ထင်မြင်ချက်

www.burmeseclassic.com

www.burmeseclassic.com



တွေ ထုတ်ပြောမနေပါနဲ့။ မင်း ထင်မြင်ချက်ရဲ့ အမှားအမှန်ကိုလည်း ငါစစ်ဆေးမနေချင်ပါဘူး"

ကိုငယ်က မြင့်ဆွေကို ပြန်ပြောရင်း ခပ်လှမ်းလှမ်းရှိ သစ်ငုတ်တိုဆီသို့ သွားထိုင်သည်။ မြင့်ဆွေနောက်က လိုက်လာသည်။ ကိုငယ် ထိုင်လျက် ငေးနေသဖြင့် မြင့်ဆွေ မသိမသာ အနားဝင်ထိုင်သည်။

ကျောင်းတက်ဖို့ လိုသေးသဖြင့် ကျောင်းအဝင်လမ်းမကြီးတွင် ကျောင်းသူကျောင်းသား အနည်းငယ်သာ လာနေကြသည်။ ကျောင်းလမ်းမကြီးဆီသို့ အဓိပ္ပာယ်မဲ့ ကိုငယ် လှမ်းကြည့်နေ၏။

"မင်း အိမ်ကမှား ဆူလိုက်သလား"

"မဆူပါဘူး သူငယ်ချင်းရာ၊ ဒါပေမယ့် ထုံးစံအတိုင်းပေါ့။ ရတဲ့လခနဲ့ မလောက်လို့ အမေရဲ့ ညည်းညူသံ ကြားခဲ့ရတာ တစ်ခုပါပဲ။ ငါ အလုပ်လုပ်ချင်ပြီကွာ၊ ကျောင်းနေရတာ စိတ်မပါတော့ဘူး"

"အိမ်အတွက် စိတ်ညစ်တာဆို သက်သာပါတယ်၊ မင်း မမနွယ်အတွက်များ ဆွေးနေမိသလားလို့"

"မမနွယ်နဲ့ ပတ်သက်လို့ ငါက ဘာလို့ဆွေးရမှာလဲကွ"

ကိုငယ်က မြင့်ဆွေကို ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

"မသိဘူးလေ၊ မင်းနဲ့ ရင်းနှီးနေပြီး သူများအတွက် စာပေး ပေးတယ်ဆိုတော့ တွေးစရာများ ဖြစ်နေမလားလို့ပါ"



"သူက ဝန်ထောက်သမီးပါကွာ၊ ငါက သူတို့အဖေရုံးက အောက်တန်းစာရေးလေး သားပါ။ မင်းထင်သလို တွေးစရာ မရှိပါဘူး။ သူက ငါ့ကို မောင်ငယ်တစ်ယောက်လို သဘောထားပြီး ပြောဆိုဆက်ဆံနေတာ မင်းအသိသားပဲ"

"အောက်တန်းစာရေးလေး သားကလည်း ထင်သလို မတွေးနိုင်ဘူးလားကွာ"

"ထင်သလို တွေးနိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် ထင်သလိုတွေးရင် ရင်နာပြီး ဆွေးရုံပဲ ဖြစ်မှာပေါ့ကွာ၊ ငါ့ ဘဝလည်း မင်းသိပါတယ်။ ကျောင်းနေနိုင်ဖို့တောင် အနိုင်နိုင်ရယ်"

ကိုငယ်က စိတ်မကောင်းစရာစကားကို ဆိုသည်။ နုပျိုသော လူငယ်အရွယ်တွင် ပျော်မြူးတက်ကြွရမည့်အစား ကိုငယ်သည် တည်ငြိမ်လေးနက် ထိုင်းမှိုင်းလွန်းသည်ဟု မြင့်ဆွေ ထင်သည်။ ပြီးတော့ စိတ်ကူးယဉ်လွန်းသည်။ အချိန်အားရသရွေ့ ဝတ္ထုတွေချည်း ဖတ်နေတတ်သည်။ သူ့ဘာသာလည်း ကဗျာတွေစာ တွေရေးနေတတ်သည်။ ခပ်ဆွေးဆွေးကောင်ဟု မြင့်ဆွေက နား လည်သည်။ သို့သော်လည်း သူငယ်ချင်းများအပေါ် အလွန်အနစ်နာခံသည်၊ အကူအညီတောင်းလျှင် ဘာမျှမငြင်း။ သူတတ်နိုင်သမျှ အကုန်လုပ်ပေးသည်။ မာနတော့ ကြီးသည်။ သူငယ်ချင်းတွေကို သူက မုန့်ဝယ်မကျွေးနိုင်သမျှ သူငယ်ချင်းတွေက ကျွေးသော မုန့်ကိုလည်း သူ ဘယ်တော့မျှ မစား။ မြင့်ဆွေက အတင်းဝယ်လာပြီး ကျွေးမှ မကောင်းတတ်၍ စားသည်။

မြင့်ဆွေသည် စိတ်ကောင်း စေတနာကောင်းရှိပြီး သူငယ်ချင်းများအပေါ်တွင် အနစ်နာခံသော ကိုငယ့်ကို အခင်မင်ဆုံးဖြစ်သည်။ တစ်ကျောင်းလုံးတွင် အခင်မင်ဆုံး အရင်းနှီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုငယ်ပဲ ဖြစ်သည်။ ဘာမဆို ကိုငယ်ကိုသာ ဖွင့်ပြော တိုင်ပင်လေ့ရှိသည်။ ကိုငယ်ကလည်း ဘာမဆို သူ့အားဖွင့်ပြော တိုင်ပင်လေ့ရှိသည်။ ယခု ကိုငယ်၏ စိတ်မချမ်းသာစရာများကို ကြားသောအခါ သူလည်း စိတ်မကောင်း။

"အားမငယ်ပါနဲ့ကွာ၊ ဒီနှစ်အောင်ပြီး နောက်တစ်နှစ်ဆိုရင် တို့ ဆယ်တန်းရောက်ပြီပဲ။ ဆယ်တန်းအောင်ရင် ဗိုလ်လောင်း သင်တန်းဝင်ဖြေကြတာပေါ့"

မြင့်ဆွေ နှစ်သိမ့်စကားကို ဆိုသည်။

"မင်းက အားကစားသမားဆိုတော့ မှန်းနိုင်ပါတယ်ကွာ။ ငါကတော့ ဖြစ်မယ်မထင်ပါဘူး။ စာဖတ် စာရေးပဲ လုပ်ချင်တာဆိုတော့ ကျောင်းဆရာပဲ ဖြစ်မယ် ထင်ပါတယ်။ ဆယ်တန်းအောင်ရင်တော့ မူလတန်းပြဆရာ ဝင်လုပ်ရမှာပဲ"

ကိုငယ်က အနာဂတ်အရေးကို တွေးတွေးဆဆ ပြောသည်။

"ကဲ ... သူငယ်ချင်း သွားကြရအောင်၊ ကျောင်းတက်ဖို့လည်း နီးပြီ"

မြင့်ဆွေက ထိုင်ရာမှ ထရင်း ပြောသည်။

ကိုငယ် ထလိုက်လာသည်။ အတန်းထဲသို့ မြင့်ဆွေနှင့်အတူ ဝင်လိုက်ရသော်လည်း စာထဲတွင် စိတ်မရှိ။ ဆရာသင်နေသည်ကို ငေးစိုက် နားထောင်နေသော်လည်း စိတ်ပျံ့လွင့်နေ၏။ အိမ်အကြောင်း၊ အမေ့အကြောင်း၊ အဖေ့အကြောင်း တွေးမိသည်။



အမေ့ကို သနားသည်။ အဖေ့ကို စိတ်နာချင်သည်။ အဖေသည် သိရက်နှင့်မိုက်နေသည်။ လခ မလောက်သည့်ကြားထဲက အရက်သောက်ပြီး မူးမူးနေတတ်၏။ အမေ ဆန်ရောင်းရသည်။ နံနက်ဆို ကိုယ်ကိုယ်တိုင် ဈေးထဲသို့ ဆန်ထမ်းပို့ရသည်။ အမေကိုယ်တိုင်လည်း တနင့်တပိုး ခေါင်းပေါ် ရွက်သွားရသည်။ ရသည့် အမြတ်ကလေးနည်းနည်းထဲက အဖေက မိုက်ကြေးခွဲသည်။ အရက်ဖိုး တောင်းသည်။ အမေသည် ခဏလောက် ဆူဆူပူပူလုပ်ပြီး အဖေ့အရက်ဖိုး ပေးလိုက်သည်။ မောင်နှမငါးယောက်တွင် ကိုငယ်က တတိယသား ဖြစ်သည်။ အဖေသည် ကိုငယ့်ကို အချစ်ဆုံးဖြစ်သည်။ သို့သော် အရက်ကိုတော့ ကိုငယ့်ထက် ချစ်သည်။

အိမ်မှာ ဖြစ်သလို စားသောက်ပြီး ကျောင်းတက်ရသည်။ အိမ်အခြေအနေ မဟန်တော့သဖြင့် အစ်ကိုကြီးက စစ်ထဲဝင်သွားသည်။ အစ်ကိုလတ်က ဆရာအတတ်သင် (ယခုပညာရေးကောလိပ်) တက်နေသည်။ ကိုငယ့်ဘဝအတွက် အားရစရာ ဘာမျှမရှိ။ အတွေးထဲတွင် ကိုငယ်နစ်မြုပ်နေသည်။

"ကိုငယ် ထစမ်း ... စောစောက ငါဘာသာပြန်ထားတာ ပြန်ပြောစမ်း"

အင်္ဂလိပ်စာ ဆရာဦးသန်းနိုင်က ငိုင်နေသော ကိုငယ့်ကို လှမ်းမေးလိုက်သည်။

ကိုငယ် မဖြေနိုင်၊ ဘာဖြေရမှန်း မသိ။ စာအုပ်ထဲက ဘယ်နေရာကို သင်နေမှန်း မေးမှန်း မသိ။

ဆရာ ဒေါပွသည်။ အမောတကောသင်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ကောင်းလားဆိုပြီး စိတ်တိုသည်။ ခုံပေါ်တက် မတ်တတ် ရပ်ခိုင်းပြီး ဒဏ်ပေးသည်။

ကိုငယ် ရှက်လည်းရှက် ဝမ်းလည်း နည်းသွားသည်။

"စိတ်မဝင်စားချင်လို့ မဟုတ်ပါဘူးဆရာရယ်၊ စိတ်မဝင်စားနိုင်အောင် ဖြစ်နေလို့ပါ" ကိုငယ် စိတ်ထဲမှ ပြောနေသည်။ နှုတ်မှ ဖွင့်မပြောရဲ။ ဆရာ့ကို သူ ကြောက်သည်။ လေးစားသည်။ ဆရာ အပင်ပန်းခံ ရှင်းပြနေသည်ကိုလည်း သူ သိသည်။ သူ ကြိုးစား အာရုံစိုက်ပါလျက်နှင့် သတိလက်လွတ်ဖြစ်သွားရသည်။

ဆရာက တစ်ချိန်လုံး ခုံပေါ်တက် မတ်တတ်ရပ်ခိုင်းပြီး ဒဏ်ပေးထားသည်။ အခန်းအပြင်က ဖြတ်သွားသော နွယ်နွယ်ဝေက သူ့ကို အသေအချာကြည့်သွားသည်။ သူ့ခေါင်းထဲတွင် မမနွယ်က ဝင်လာပြန်သည်။ မောင်မောင်နှင့် အဆင်ပြေသွားပြီလားဟုလည်း တွေးနေမိ၏။ မမနွယ်ကို ခေါင်းထဲက အတင်းနှင်ထုတ်ပြီး ဆရာသင်နေသော အင်္ဂလိပ်စာကို အာရုံစိုက်နားထောင်နေရသည်။

မြင့်ဆွေက စာနာစိတ်နှင့် လှမ်းကြည့်သေးသည်။ ခင်မျိုးကြွယ်ကလည်း ကရုဏာကြည့် ကြည့်သည်။ သူဘာကိုမှ သတိမပြုချင်။ အင်္ဂလိပ်ဖတ်စာအုပ်ထဲကိုသာ ငွတ်အာရုံ နှစ်ရသည်။ သင်ခန်းစာကလည်း Empty Drum စာအုပ်ထဲမှ Three Questions ကို သင်နေသည်။ မေးခွန်း သုံးခုထဲတွင် အရေးကြီးဆုံး အချိန်ဆိုတာဘာလဲဟု ပါသည်။ အရေးကြီးဆုံး အချိန်သည် လောလောဆယ်ဆယ် ပစ္စုပ္ပန်အချိန်သာဖြစ်ကြောင်း ဆရာ ရှင်းပြနေသည်ကို နားလည် သဘောပေါက်လာ၏။ တဖြည်း



ဖြည်းနှင့် အိမ်ကိုစွ၊ မမနွယ်၊ မြင့်ဆွေ၊ ခင်မျိုးကြွယ်တို့သည် အာရုံထဲမှ လွင့်ထွက်သွားကာ စာအပေါ်မှာ အာရုံရောက်လာသည်။ ထိုအခါမှာ အချိန်ပြောင်း ခေါင်းလောင်းသံ ကြားလိုက်ရ၏။

ဆရာက ကိုငယ့်ကို နောင် သင်ကြားနေတုန်း ဂရုစိုက်မှတ်သားဖို့ ဆုံးမစကားပြောကြားပြီး ထိုင်ခိုင်းသည်။ ပြီးတော့ ထွက်သွားသည်။

မြင့်ဆွေ အနားရောက်လာသည်။ ခင်မျိုးကြွယ်ကလည်း လှမ်းကြည့်နေသည်။

"မင်း ဒီနေ့ ဘာဖြစ်နေတာလဲ။ စိတ်မကောင်းစရာတွေ တွေးမနေစမ်းပါနဲ့ကွာ။ စောစောက ဆရာပြောသလို အရေးကြီးဆုံး အချိန်၊ အရေးကြီးဆုံး လူ၊ အရေးကြီးဆုံး အလုပ်တွေကို တို့ သင်ခန်းစာယူ သဘောပေါက်ဖို့ လိုတယ်"

"ငါ သဘောပေါက်ပါတယ် သူငယ်ချင်းရယ်။ ဒါပေမယ့် ဒီနေ့တော့ ငါ့အတွက် အရေးကြီးဆုံး အလုပ်ဟာ အနားယူခြင်းပဲ" ကိုငယ် ပြောပြောဆိုဆိုနှင့် စာအုပ်တွေသိမ်းသည်။ ဆရာခန်းသွား၍ အတန်းပိုင်ဆရာထံ ခွင့်တိုင်သည်။ ဗိုက်အောင့်၍ အိမ်ပြန်ချင်ကြောင်း ပြောသည်။ ဆရာက ကြင်နာစိတ်နှင့် ပြန်ခွင့်ပြုလိုက်သည်။ ကိုငယ် ဆရာကို လိမ်ညာရတာ စိတ်မကောင်း။ မပြန်ချင်လည်း တစ်နေ့လုံး ဝင်လာသမျှ ဆရာများ၏ ဆူပူကြိမ်းမောင်းခြင်းကို ခံရပေလိမ့်မည်။ ဒီ တစ်နေ့တော့ သူ အိမ်ပြန်နေတာ အကောင်းဆုံး ဖြစ်မည်။

မြင့်ဆွေက အကြောင်းသိ၍ မတားတော့။ ခင်မျိုးကြွယ်က တစ်ချက် လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်လက်တွေ့တော့ သူ အိမ်မပြန်။ အဖွားတို့ ခြံထဲသွားပြီး ဝါးရုံပင်ရိပ်အောက်တွင် ဖျာခင်းပြီး သွားအိပ်နေလိုက်သည်။ သို့သော်လည်း အိပ်မပျော်။ အတွေးများက ရှုပ်ထွေးစွာ ဦးနှောက်ထဲတွင် ရှိနေသည်။ အဖေ့အကြောင်း၊ အမေ့အကြောင်း။ ပြီးတော့ မှောင်မောင်နှင့် မမနွယ်။ ဘာဖြစ်လို့များ မမနွယ်က ခေါင်းထဲဝင်ဝင်လာရသလဲဟု မကျေမနပ် စိတ်နှင့် ဖယ်ထုတ်ပစ်သည်။ သည်အခါ ခင်မျိုးကြွယ်၏ လှမ်းအကြည့်ကို သတိပြုမိသည်။ ကရုဏာ မျက်လုံး၊ အကြင်နာ မျက်လုံး။

အမှန်တော့ ကိုငယ်သည် သူ့ဘဝကို မကျေမနပ်ဖြစ်ပြီး စိတ်ညစ်နေခြင်းပဲ ဖြစ်သည်။ မောင်မောင်လို ဘဝမျိုး လိုချင်စိတ်ဖြစ်လာသည်။ မိဘက ခေတ်ပညာတတ် ဆေးလိပ်ခုံပိုင်ရှင်၊ ပိုက်ဆံချမ်းသာသည်။ သားသမီးများကို ဂရုစိုက်သည်။ စနစ်တကျ ထိန်းကျောင်းသည်။ ပညာရေးကို အားပေးသည်။ အချိန်မှန် စား၊ အချိန်မှန် သွား၊ အချိန်တန် ကစား၊ အချိန်တန် စာကြည့်ရသည်။ စိတ်လေချိန် မရှိ။

သူ့မှာတော့ ... တွေးရင်း ဝမ်းနည်းလာသည်။ အဖေ့ကို စိတ်နာလာသည်။ သူ့ အဖေက ပိုက်ဆံချမ်းသာပြီး ခေတ်ပညာတတ်ဖြစ်လျှင် သိပ်ကောင်းမှာပဲဟု တွေးနေမိ၏။ ပြီးတော့ မမနွယ်အဖေ လက်အောက်မှာ မဟုတ်လျှင်လည်း ကောင်းမည်ဟု တွေးမိပြန်သည်။

သည်လိုနှင့် နေစောင်း၍ ညနေရောက်သည့်တိုင် အတွေးက မဆုံး။ ကျောင်းလွှတ်ချိန်ရောက်သည်အထိ သူ အိမ်မပြန်ဖြစ်သေး။ မြင့်ဆွေ လိုက်လာသည်။



"မင်း ဒီမှာရှိမှာပဲဆိုတာ ငါတွေးမိလို့ လိုက်လာတာ"

"အေးကွာ၊ ငါလည်း စိတ်ညစ်ညစ်နဲ့ ဒီမှာ လာအိပ်နေတာပဲ"

"အိပ်ကော ပျော်ရဲ့လား" မြင့်ဆွေက မေးလိုက်သည်။ ပြီးတော့ ကိုငယ့်ဘေးမှာ ဝင်ထိုင်သည်။

"အိပ်ချင်လို့ အိပ်တာမှ မဟုတ်တာ ဘယ်ပျော်မှာလဲကွာ"

ကိုငယ်က မိုးကောင်းကင်ကြီးကို မော့ကြည့်ပြီး ပြန်ဖြေလိုက်သည်။ ကြည်လင်သော မိုးကောင်းကင်ကြီးကို တွေ့ရသဖြင့် စိတ်ကြည်နူး သလိုလို ဖြစ်မိသည်။ သို့သော်လည်း ခေါင်းထဲတွင် အတွေးများက ရှုပ်ထွေးနေဆဲ။

"ငါ ဒီလိုက်လာတာ ပြောစရာပါတယ်"

"ဘာများလဲကွာ"

"မင်းအတွက် သတင်းကောင်းများ ဖြစ်မလား မသိဘူး"

"ကောင်းကောင်းဆိုးဆိုး ငါ့အတွက်၊ မထူးဘူးထင်ပါတယ်ကွာ"

"မင်း နားမထောင်ချင်ဘူးလား" မြင့်ဆွေက စိတ်တိုဟန်နှင့် ဆို၏။

"မင်းသဘောပါကွာ၊ ငါဘာမှ မင်းကို မတောင်းဆိုချင်ပါဘူး"

"ဒီလိုဆိုလဲ နေကွာ မပြောတော့ဘူး" မြင့်ဆွေက ဈေးကိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က ဘာမှ ပြန်မပြော။ မိုးကောင်းကင်ကြီးကိုပဲ မော့ကြည့်၍နေသည်။ အတန်ကြာမျှ စကားသံ တိတ်ဆိတ်သွား၏။ မြင့်ဆွေ မနေနိုင်။

"မင်း နေနိုင်ပေမယ့် ငါမနေနိုင်တော့ဘူး၊ ပြောချင်နေပြီကွာ။ မင်းနားထောင်မလား"

ကိုယ် ဘာမျှပြန်မပြော။

"မင်း သိပ်ဘဝင်ကိုင်တဲ့ကောင်၊ ပြောချင်တဲ့လူက ဒီလောက်လိုက်လျှောနေတာတောင် အဖက်မလုပ်ချင်ဘူး" မြင့်ဆွေက စကားနာထိုးသည်။

"ငါဘယ်သူ့ကိုမှ မကောင်းဆိုနိုင်ပါဘူး သူငယ်ချင်းရာ၊ ဒါကြောင့် ဘယ်သူ့ကိုမှလည်း ဘာကိစ္စနဲ့မှ မကောင်းဆိုချင်တော့ဘူး။ မင်းသဘောပါလို့ ငါပြောပြီးပါပြီ"

ကိုယ်က သူငယ်ချင်းအထင်လွဲမှာစိုး၍ ရှင်းပြသည်။

မြင့်ဆွေ စိတ်မကောင်း ဖြစ်သွားသည်။

"ငါက နောက်တာပါကွာ"

ကိုယ်က ဘာမျှဆက်မပြောတော့။

"ဒီလိုကွ၊ မင်းပြန်သွားတာကို ခင်မျိုးကြွယ် စိတ်မကောင်းဖြစ်နေတယ်၊ နေ့လယ်ကျောင်းဆင်းတော့ ငါ့ကို လာမေးတယ်။ မင်း ဘာဖြစ်နေသလဲတဲ့၊ မျက်နှာလည်း မကောင်းဘူး။ ဘာ စိတ်ညစ်စရာများ ရှိနေသလဲ မသိဘူးတဲ့။ ဗိုက်အောင့်တယ်ဆိုတာကော ဟုတ်လားတဲ့။ ဟုတ်တယ်ဆိုရင် သူ့မှာ ဆေး



ရှိတယ်၊ နေ့လယ် အိမ်ပြန်တုန်းက ယူလာခဲ့တာဆိုပြီး မင်းကို ဆေးပေးခိုင်းလိုက်တယ်။ ဒီနေ့ မင်းပျက်ကွက်ခဲ့တဲ့ သင်ခန်းစာတွေလည်း သူ ကူးပေးမယ်တဲ့။ မင်း စာအုပ်တွေ ယူလာပေးပါတဲ့"

မြင့်ဆွေက ပြောရင်း ဆိုရင်း လက်က အိတ်ထဲကို နှိုက်သည်။ ဗလာစာရွက်နှင့် ထုပ်ထားသော ဆေးထုပ်တစ်ထုပ်။ ကိုယ့်ကို လှမ်းပေးလိုက်သည်။ ကိုယ် လှမ်းယူပြီး ဖြည်ကြည့်လိုက်၏။

အဖြူရောင် ဆေးပြား ခြောက်ပြား။ စာရွက်ပေါ်တွင် ခင်မျိုးကြွယ်လက်ရေးနှင့်၊ ဗိုက်အောင့်လျှင် တစ်ကြိမ်သောက် နှစ်ပြား ဝါးစားပါ၊ တစ်နေ့ သုံးကြိမ် ဟူ၍ ရေးထားသည်။

ကိုယ်က ဆေးထုပ်ကို ပြန်ထုပ်လိုက်သည်။ မြင့်ဆွေကို ပြန်လှမ်းပေးလိုက်၏။

"ငါ ဗိုက်အောင့်တာ မဟုတ်လို့ သောက်စရာမလိုတဲ့အတွက် ပြန်ပေးလိုက်တယ်ဆိုတာရယ်၊ မင်းဆီက စာအုပ်တွေငှားပြီး ကူးလိုက်တယ်ဆိုတာရယ် ပြန်ပြောလိုက်ပါကွာ"

"သူ ပေးလိုက်တာ မင်းကလက်မခံဘဲ ငြင်းလိုက်ရင် သူ စိတ်မကောင်းဖြစ်သွားမှာပေါ့" မြင့်ဆွေက ဆေးထုပ်ကို လှမ်းမယူသေးဘဲ ပြောလိုက်သည်။

"စိတ်မကောင်းဖြစ်လည်း ခဏပေါ့ကွာ၊ တော်ကြာ သူ ငါ့ကို မေ့သွားမှာပါ၊ မလိုအပ်ဘဲ ဘယ်သူ့အကူအညီမှ ငါမလိုချင်ဘူးဆိုတာ မင်းသိပါတယ်"

ကိုယ် စိတ်ဓါတ်ကို သိသဖြင့် မြင့်ဆွေ ဆေးထုပ်ကို ပြန်ယူလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားကြရအောင်ကွာ။ ငါအပြေး လေ့ကျင့်ရအုံးမယ်၊ ကျောင်းပေါင်းစုံ ပြေးခုန်ပစ် ပြိုင်ပွဲနီးလာပြန်ပြီ"

မြင့်ဆွေက ပြောလိုက်သည်။

"အေး ... ဟုတ်တယ်။ ငါလည်း နွယ်နွယ်ဝေတို့ အိမ်ကို ရေထမ်းပေးရအုံးမယ်"

ကိုငယ် ထလိုက်သည်၊ ဖျာကို သိမ်းသည်။ သွားရန် ဟန်ပြင်သည်။

"နွယ်နွယ်ဝေတို့အိမ်ကို မင်းက ဘာလို့ ရေခပ်ပေးနေရတာလဲ"

မြင့်ဆွေက နားမလည်သဖြင့် မေးလိုက်သည်။

"ငါ့အဖေက အရက်သမားဆိုတော့ အလုပ်တာဝန် မကျေပွန်တာကို နွယ်နွယ်ဝေ့ အဖေက ခွင့်လွှတ်အောင်၊ မျက်နှာ လုပ်ပြီး ခပ်ပေးတဲ့ သဘောပေါ့ကွာ"

"သူတို့ ဘာသာမခပ်နိုင်ဘူးလားကွ"

သူတို့အိမ်မှာ အဖိုးကြီး အဖွားကြီးနဲ့ ညီအစ်မ သုံးယောက်ပဲရှိတာဆိုတော့ ရေခပ်မယ့်သူ မရှိဘူးလေ။ ပြီးတော့ ရေတွင်းကလည်း နက်တယ်။ အိမ်ချင်းကလည်း နီးနေတယ် ဆိုတော့ အမေက ကိုယ့်ဆရာသမားအိမ်ဆိုပြီး သွားခပ်ပေးနေ တာ။ အမေပင်ပန်းတာ မကြည့်ရက်လို့ နောက်ဆုံးတော့ ငါဝင် ခပ်ပေးရတဲ့ သဘောပဲ"

"နွယ်နွယ်ဝေက ဘာမှ မပြောဘူးလား"

"လူကြီးတွေ အစီအစဉ်ကို ဘာ ဝင်ပြောနိုင်မှာလဲကွာ။





ပြီးတော့ သူတို့က ဝန်ထောက်ဆိုတော့ တို့က လုပ်ပေးတာ သဘာဝကျတယ်လို့ မြင်ချင် မြင်မှာပေါ့"

မြင့်ဆွေဆက်မပြောတော့။ ကိုငယ်နှင့်အတူ အိမ်ပြန် လာသည်။ လမ်းမကြီးမှ မသွားဘဲ လယ်ကွင်းထဲက ဖြတ်ပြီး ပြန်သည်။

"ကားတွေ လူတွေ ရှုပ်တဲ့ လမ်းပေါ်မှာ သွားရတာ ထက်၊ လတ်ဆတ်တဲ့ လေကိုရှူပြီး လယ်ကွင်းထဲကို ဖြတ်သွားရ တာ သိပ်အရသာ ရှိတာပဲကွာ"

ကိုငယ်က အဆုတ်ထဲသို့ လေကို အားပါးတရ ရှူသွင်း ရင်း ပြောလိုက်သည်။

စပါးပင်ပေါက် စိမ်းစိမ်းလေးများပေါ်မှ ဖြတ်သန်း လာသော လေပြည်သည် သူ့နှလုံးသားကို လန်းဆန်းသွားစေ သည်။ ခပ်လှမ်းလှမ်းဆီမှ ငှက်လေးတစ်အုပ် ပျံသန်းသွားသည် ကိုလည်း စိတ်ကြည်နူးစွာ မြင်လိုက်သည်။

"ဟောဟို ငှက်ကလေးတွေလိုသာ ငါပျံနိုင်ရင် ဟိုး ကောင်းကင်ကြီးပေါ်ကို ငါတစ်ယောက်တည်း ပျံတက်သွားချင် တယ်"

ကိုငယ်က စိတ်ထင်ရာ ပြောနေ၏။

"အဲ့ဒါဆို လူပြည်မှာ ကောင်မလေးတစ်ယောက် ငို ကျန်နေတော့မှာပဲ"

မြင့်ဆွေက အတည်လိုလိုနှင့် နောက်လိုက်သည်။

"မင်း ထင်လို့ပါကွာ၊ တကယ်တော့ လူတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးပါ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုထက် ပိုချစ်ရတဲ့သူ မရှိဘူးလို့ မင်းဆိုချင်သလား"

ကိုငယ့်စကားကို မြင့်ဆွေက ပြန်မေးလိုက်သည်။

"ရှိချင်တော့ ရှိမှာပေါ့ကွာ။ ဒါပေမယ့် ခုထိ ငါ မတွေ့ဖူးသေးဘူး"

"တစ်နေ့ကျ အဲ့ဒီလို လူမျိုး မင်းတွေ့ချင် တွေ့လာမှာပါ။ အဲ့ဒီလို တွေ့တဲ့ သူဟာ မင်းကိုယ်တိုင် မဖြစ်ပါစေနဲ့လို့ ဆုတောင်းပါတယ်"

မြင့်ဆွေစကားကို ကြားတော့ ကိုငယ် ပြုံးသည်။ မဲ့ပြုံး။

"မင်း ဆုတောင်းပြည့်စေသတည်း" ကိုငယ်က အရွှန်းဖောက်သည်။

မြင့်ဆွေ ဖုံ့ညြသွားသည်။ အလေးအနက်နှင့် အဆွေးဖက်နေသော ကိုငယ်က အရွှန်းအပျက်စကားကို ပြောသော အခါ ဘာသဘောလဲဟု တွေးမရ ဖြစ်သွား၏။

"ကဲ ... သွားမယ် သူငယ်ချင်း"

လမ်းခွဲရောက်တော့ ကိုငယ် နှုတ်ဆက်သည်။ မြင့်ဆွေကို လှည့်မကြည့်တော့ဘဲ သူ့ အိမ်ဘက် ထွက်သွားသည်။

"တစ်နေ့မှာ သူတစ်ပါးကို ကိုယ့်ကိုယ်ကိုထက် ပိုချစ်တဲ့သူ မဖြစ်ပါစေနဲ့လို့ ဆုတောင်းပါတယ် သူငယ်ချင်းရယ်" မြင့်ဆွေက ရင်ထဲမှာ တီးတိုးစကားဆိုရင်း ရပ်ကျန်ခဲ့လေသည်။

□ □ □

(၃)

"အငယ် ... အတန်းထဲမှာ ဘာလို့ ခုံပေါ်တက် မတ်တပ်ရပ်ခံနေရတာလဲ"

နွယ်နွယ်ဝေက မေးလိုက်သည်။

"ဆရာ စာမေးတာမရလို့ ဒဏ်ပေးခံရတာပါ"

ကိုငယ်က ရေတွင်းမှ ရေကိုင်ငင်ရင်း ပြောလိုက်၏။

"နင်ကလည်းဟာ လိမ္မာမှပေါ့၊ အပြစ်ရှိလို့ ဒဏ်ပေးခံရတာ ရှက်စရာကြီး။ ဘယ်ကောင်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူကတော ဒဏ်ပေးခံချင်မှာလဲ မမနွယ်ရာ"

ကိုငယ် ရေပုံး ပြည့်ပြီဖြစ်သဖြင့် ရေပုံးကိုဆွဲပြီး နွယ်နွယ်ဝေတို့အိမ်ဘက်သို့ ထွက်သွားသည်။ နွယ်နွယ်ဝေ ရေတွင်းတွင် အဝတ်လျှော်ရင်း ကျန်နေ၏။

နောက်တစ်ခေါက် ကိုငယ် ပြန်လာတော့ နွယ်နွယ်ဝေက ပြောပြန်သည်။

"နင် ဒီနှစ် စာမေးပွဲအောင် အောင်လုပ်၊ မပေါ့နဲ့။ တန်းမြင့်ကျောင်းထွက် စာမေးပွဲဆိုတာ အစိုးရစစ်၊ လွယ်လွယ်နဲ့ မအောင်နိုင်ဘူး သိလား။ အင်္ဂလိပ်စာတွေ သင်္ချာတွေ နားမလည်ရင် ငါ့လာမေး။ မနှစ်က စာတွေ ငါမှတ်မိသေးတယ်"

"ကျေးဇူးတင်ပါတယ်၊ ခုတော့ မလိုသေးပါဘူး၊ ကျွန်တော်လည်း တတ်နိုင်သလောက် ကြိုးစားနေပါတယ်"

ကိုငယ်က သူ့အကျင့်အတိုင်း အေးစက်စက် ပြန်ပြောလိုက်သည်။

နွယ်နွယ်ဝေ အားမရ။ ကိုငယ်က တစ်မျိုးပဲဟု အောက်မေ့မိသည်။

"ငါက နင့်ကို စာမေးပွဲအောင်စေချင်လို့ပါဟာ"

နွယ်နွယ်ဝေက စေတနာစကားကို ဆိုသည်။

"မမနွယ် စေတနာကို နားလည်ပါတယ်"

သည်တစ်ခါတော့ ကိုငယ်အရိုးခံ အတိုင်းဆိုရှာသည်။

"ဒေါ်လေးကပြောတယ်၊ နင်စာ သိပ်မဖတ်ဘူးတဲ့၊ ဝတ္ထုတွေပဲ ဖတ်နေတာပဲတဲ့။ ကဗျာတွေလည်း စပ်တယ်လို့ ပြောတယ်၊ ဝတ္ထုတွေ ကဗျာတွေ သိပ်ဝါသနာပါတဲ့သူတွေဟာ စာမေးပွဲကျတတ်တယ်လို့ ငါသူငယ်ချင်းတစ်ယောက် ပြောဖူးတယ်"



နွယ်နွယ်ဝေက ဆုံးမစကားပြောသည်။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ"

ကိုငယ်က မထုံတက်တေး ပြန်ဖြေသည်။

"ဘာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လဲ၊ အဲ့ဒီ ကဗျာတွေစပ် ဝတ္ထုတွေရေးနေရင် နင်စာထဲ ဘယ်လို စိတ်ဝင်စားလို့ ရမှာလဲ၊ စာမရရင် စာမေးပွဲကျမှာ သေချာနေတာပဲဟာ။ နင် သိရက်သားနဲ့ စာမေးပွဲအောင်ဖို့ မကြိုးစားချင်ဘူး၊ ငပျင်းပဲ"

ကရုဏာဒေါသဖြင့် နွယ်နွယ်ဝေက ဆူသည်။

ကိုငယ် ဘာမျှပြန်မပြော။ ရင်ထဲမှာတော့ စကားလုံးတွေ စုစည်းပြီးအဆင့်သင့်။

"ဝန်ထောက်သမီးဆိုတော့ ပြောအားရှိပါတယ်၊ ပြောလည်းပြောနိုင်ပါတယ်လေ။ နားထောင်ရမယ့် တာဝန်က ကျွန်တော့်မှာရှိခဲ့ပြီပဲဟာ"

စကားလုံးတွေက ရင်ထဲက လိပ်တက်လာသည်။ ကိုငယ်တံတွေးကို မြိုချလိုက်၏။ ရေကိုပဲ ငင်နေသည်၊ ပုံးပြည့်သွားသဖြင့် ပုံးကို ဆွဲထွက်သွားသည်။

တိုင်ကီပြည့်သွားသဖြင့် နောက်ထပ်ထည့်စရာ မလိုတော့။ ကိုငယ်သည် ပုံးကိုဆွဲပြီး အိမ်ဘက်ကို ပြန်သည်။ ရေတွင်းကို စောင်းငဲ့မကြည့်။

"အငယ်လာအုံး၊ နင် မပြန်နဲ့အုံး"

နွယ်နွယ်ဝေက လှမ်းခေါ်သည်။ ကိုငယ် ရေတွင်းကို ပြန်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ နင်စိတ်ဆိုးသွားလား"

"ကိုယ့်ကို စေတနာနဲ့ ကောင်းအောင်ဆုံးမတာမှန်း ကျွန်တော်နားလည်ပါတယ်" ကိုယ်က ပြန်ဖြေသည်။

"ငါပြောသမျှ ငုံ့ခံပြီး တစ်ခွန်းမှ ပြန်မပြောဘဲ ထွက်သွားတော့၊ ငါက နင့်ကို အထက်စီးနဲ့ပြောတယ်လို့ ထင်သွားမှာစိုးလို့ပါ။ ငါ စေတနာနဲ့ ပြောမှန်း နင်သိပါတယ်နော်"

ကိုယ်က ခေါင်းညိတ်ပြသည်။

"သည်လိုဆိုရင်လည်း ဝတ္ထုတွေ ကဗျာတွေ စပ်မယ့်အစား ကျောင်းစာတွေပဲ အချိန်ပေးဖတ်ပါလားဟာ၊ ဒေါ်လေးက နင့်ကို စာကြိုးစားဖို့ ပြောပေးပါအုံးဆိုတာနဲ့ ငါပြောနေတာပါ။ စေတနာနဲ့ ငါပြောနေတယ်ဆိုတာ နင်ယုံပါ"

"ကျွန်တော်ဘဝမှာ ဝတ္ထုစာအုပ်နဲ့ ကဗျာပဲ ဖြေသိမ့်စရာရှိပါတယ်။ "ဝတ္ထုဖတ်တယ်ဆိုတာ လက်ရှိဘဝက ထွက်ပြေးပုန်းရှောင်ခြင်းတစ်မျိုးပါပဲ၊ ကဗျာစပ်တယ်ဆိုတာ ခံစားမှုကို ဖွင့်ထုတ်လိုက်ခြင်းတစ်မျိုး ဆိုတာ မမနွယ် သဘောမပေါက်နိုင်ပါဘူးလေ"

ကိုယ်က ပြန်ပြော ပြချင်သည်။ သို့သော်လည်း အောက်ကနေ ပြန်ပြောပြနေသူ၏ အမှန်စကားသည် အထက်လူအတွက် ဆင်ခြေဟု ယူဆစမြဲမို့ ဘာမှ ပြန်မပြောဖြစ်။ သင့်လျော်သော စကားတစ်ခွန်းကိုသာ သူပြန်ပြောလိုက်သည်။

"ကျွန်တော် ကြိုးစားပါ့မယ်၊ နောက်ထပ်ကော မမနွယ် ဘာများ ပြောစရာ ရှိသေးလဲ၊ ခိုင်းစရာကော ရှိသေးလား" ကိုယ်က ဆက်မေးလိုက်သည်။

"နင်က တစ်မျိုးပဲ" နွယ်နွယ်ဝေက ကောက်ချက်ချလိုက်သည်။



ကိုယ် သက်ပြင်းတစ်ချက်ကို ချကာ အိမ်ဘက်သို့ လှည့်ထွက်သွားသည်။

အိမ်ရောက်တော့ အမေ့ကို ထမင်းချက်တုန်း တွေ့ရသည်။

"ပြီးခဲ့ပြီလား သား။ ထမင်းဆာရင် ငှက်ပျောသီး စားထားလိုက်။ နွယ်နွယ်ဝေ စောစောတုန်းက လာပေးသွားတာ"

အမေက လှမ်းပြောလိုက်သည်။

"သူများ ကျွေးတဲ့ အစားအစာကို မစားချင်ပါဘူး အမေရာ၊ ပြီးတော့ အမေ့ကို ပြောစရာရှိတယ်" ကိုယ်က ပြန်ပြောလိုက်သည်။

"နင်က သိပ်မာနကြီးတာပဲ၊ စကားပြောလဲ သိပ်ကြီးကျယ်တယ်၊ ကြီးလာရင်သာ ဘာဖြစ်မလဲ မသိတာ" အမေက ကောက်ချက်ချသည်။

"အမေက ကိုယ့်သားသမီးကို ကိုယ် ဆုံးမနိုင်ရက်သားနဲ့ သူများသွားဆုံးမခိုင်းတာတော့ မကောင်းဘူးဗျာ။ အမေဆုံးမလည်း ကျွန်တော် နားထောင်မှာပါ၊ ကျွန်တော့်အတွက် အမေက စိတ်ဆင်းရဲရလို့လား ကျွန်တော် မလိမ္မာတောင် မမိုက်ပါဘူး"

ကိုယ်က အမေ့ကို ပြန်ပြောသည်။

"သြော်ဒါလား ... သား ပြန်မလာခင်က နွယ်နွယ်ဝေ ငှက်ပျောသီးလာပေးရင်း သားအတန်းထဲမှာ မတ်တပ်ရပ် ဒဏ်ပေးခံရတဲ့အကြောင်းပြောလို့ အမေက စကားစပ်ရင် သားကို နားကြည့်အောင် ဆိုက်တွန်းပေးဖို့ ပြောလိုက်တာပါ။ ဒါနာစရာလား နွယ်နွယ်ဝေက သားကို စေတနာနဲ့ ပြောတာပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အမေ့ကို ခွန်းတုန့်ခံ မပြောချင်တော့။ သူ့ ဘကြည့်စားပွဲသို့ သွားထိုင်သည်။ ဗလာစာအုပ်နှင့် လုပ်ထား သော သူ့ဒိုင်ယာရီကို ထုတ်လိုက်၏။ သူရေးမှတ်လိုက်သည်။

> "ဒီကနေ့ မောင်မောင် အကူအညီတောင်းလို့ နှယ်နှယ်ဇေ့ကို ရှည်းစားစာပေးလိုက်သည်။ တစ်နေ့ လုံး စိတ်လေးလံနေသည်။ စာထဲမှာ စိတ်မဝင်စား၊ အတန်းထဲမှာ စာမေးမရှ၍ ဒဏ်ပေးခံရသည်။ မိုက် အောင့်သည်ဟု အကြောင်းပြပြီး၊ အတန်းပိုင်ဆရာထံ မှင့် ညာတိုင်သည်။ စိတ်မကောင်း။ ညနေဘက် ကျောင်းမတက်ဘဲ အဖွားတို့ခြံ သွားအိပ်နေမိသည်။ မြင့်ဆွေလိုက်လာသည်။ ခင်မျိုးကြွယ် ပေးသော ဆေးထုပ်ကို ယူလာသည်။ ငါ လက်မခံ။ မလို အပ်ဘဲ သူများ အကူအညီမယူချင်။ ငါ့အပေါ် စေတနာထားသော ခင်မျိုးကြွယ်ကို ကျေးဇူးတင် သည်။ မိန်းကလေးက အကူအညီပေးတာမျိုး ဂုဏ်ယူစရာဟု မထင်။ အားနားပါးနာလက်ခံဖို့လည်း မဟုတ်။ မြင့်ဆွေနှင့် ပြန်ပေးလိုက်သည်။ သူ ဘယ်လိုထင်မည် မသိ။ ငါ မတွေးချင်။
>
> ညနေဘက် ရေတွင်းမှာ မနှယ်က ဆုံးမစကား တွေ ပြောသည်။ စေတနာစကားတွေမှန်း သိသည်။ နာလိုခံကျော် ဖြစ်မိသည်။ ပြီးတော့ နံနက်က ငါပေး ခဲ့တဲ့ မောင်မောင့်စာနှင့် ပတ်သက်ပြီး စကားမစ၊ သူ ပြန်ကြိုက်လိုက်ပြီလား။ မောင်ရမောင်နှင့်ဆို လိုက်ဖက်ပါတယ်လေ။ မောင်မောင့်ကိုရရင် သူ



> က်ကောင်းမှာပါ။ မောင်မောင်က လူတော်ပဲ၊ အများ က အားကျရတဲ့ လူပဲ။

ရေးပြီး၍ ပြန်ဖတ်ကြည့်နေတုန်း အမေထမင်းစား ခေါ်သည်။ အမေနှင့် သူ နှစ်ယောက်သာရှိသည်။ ထုံးစံအတိုင်း အမေက အဖေ့ကိုစောင့်မည်။ အဖေလာမှ စားမည်။ အဖေက ရုံးဆင်းပြီး အရက်ဆိုင်သွားမည်။ ရေချိန်ကိုက်မှ အိမ်ပြန်လာ ပြီး ဆူဆူပူပူလုပ်ကာ စားသောက်မည်။ ပြီးတော့ အိပ်မည်။

ကိုယ် ဆက်မတွေးချင်တော့၊ အမေထည့်ထားပေး သော ချဉ်ပေါင်ရွက်နှင့် မှိုစ်ချဉ်ဟင်းကို ထမင်းထဲထည့်ကာ နယ်ဖတ်စားလိုက်သည်။ ထမင်းလုတ်ဝင်သွားမှ ဗိုက်ဆာနေ သည်ကို သတိရမိသည်။ ဗိုက်ဆာနေတုန်း ထမင်းစားရသည် မှာ အရသာရှိသည်။ မည်သူ့ကိုမျှ သတိမရချင်တော့။ စား ကောင်းကောင်းနှင့် စားလိုက်သည်မှာ နှစ်ပန်းကန်ကျော်ကျော် ကုန်မှ ဝတော့သည်။

"သိပ်စားကောင်းတာပဲ အမေရာ"

ကိုယ်က ပြောလိုက်သည်။ အမေ့မျက်နှာ ပြုံးရွှင် သွား၏။ သားသမီးတွေ စားကောင်းလျှင် အမေ မီးနှင့်ကပ်၍ ချက်ပြုတ်နေရသည်ကို ပူမှန်းမသိတော့။ ကိုယ်သည် အမေ့ မေတ္တာကို ခံစား နားလည်နေမိသည်။

စားသောက်ပြီး ပန်းကန်ထ ဆေးသည်။ လက်သုတ် သည်။ ရေအိုးစင်သို့ သွား၍ ရေတစ်ခွက်ကို ခပ်သောက် လိုက် သည်။ ပြီးတာနှင့် အမေ့ကို ခွင့်တိုင်သည်။ ကိုယ် အပြင်ကို ထွက်လည်မည်။

www.burmeseclassic.com

www.burmeseclassic.com

မှုးလာမည့် သူ့အဖေနှင့် ရင်မဆိုင်ချင်၍ ရှောင်ထွက်နေမှန်း အမေသိသည်။ စောစောက ပြုံးရွှင်နေသော အမေ့မျက်နှာသည် ညှိုးကျသွားသည်။

"စောစောပြန်ခဲ့နော် သားဟု" မှာ ရှာသည်။

ကိုယ် အိမ်ပြင်ရောက်ပြီ။

□ □ □

(၄)

"ဖေါ်ဖေါ် ... မြင့်ဆွေ ပြန်ရောက်ပြီလား"

အိမ်ဝတွင် မြင့်ဆွေအမေကို တွေ့သဖြင့် ကိုယ် မေးလိုက်သည်။

"အေး ... ရောက်ပြီ၊ ထမင်းစားနေတယ်။ တစ်ခါတည်း ဝင်စားပါလား။"

မြင့်ဆွေ အမေက ပြန်ပြောသည်။

"ကျွန်တော် စားခဲ့ပြီးပါပြီ။ ထမင်းစားပြီး လမ်းလျှောက်ထွက်လာတာပါ"

ကိုယ်က ယဉ်ကျေးစွာ ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ မြင့်ဆွေ လက်သုတ်ပြီး ထွက်လာသည်။

"ရောက်နေတာ ကြာပြီလားကွ"

"မကြာသေးပါဘူးကွာ၊ အခုလေးတင် ရောက်တယ်"

ကိုငယ်က သတင်းစာဖတ်ရင်း ပြန်ဖြေလိုက်သည်။

"လာ သွားကြရအောင်" မြင့်ဆွေက ရှေ့က ထွက်သည်။ ကိုငယ်က နောက်မှ လိုက်သည်။

"ဘယ်သွားမလဲ"

မြင့်ဆွေက မေးသည်။

"မီးရထားလမ်းအတိုင်း လျှောက်ကြရင် ကောင်းမယ်"

သူက ပြန်ဖြေသည်။

ရထားလမ်းပေါ်တွင် လူသွားလူလာ ရှင်းနေ၏။ လူနေအိမ်ခြေများကို ဖြတ်ကျော်သွားသောအခါ သန့်ရှင်းလတ်ဆတ်သော လေကို အားပါးတရ ရှူရှိုက်ရသည်။

"အခုလို ထမင်းစားပြီး ညနေဘက် လမ်းလျှောက်ရတာ စိတ်ကြည်နူးဖို့ ကောင်းတယ်။ အညောင်းအညာလည်း ပြေတယ်။ အစာလည်း ကြေတယ်။ လေကောင်းလေသန့်လည်း ရတယ်။ အဲ့ဒါတွေ လူတွေက မသိကြလို့ လမ်းမလျှောက်ကြတာလား မသိဘူး"

မြင့်ဆွေက သူတွေးမိတာ သူပြော၏။ ကိုငယ် ရယ်သည်။

"တစ်ချို့တော့ မင်းပြောသလိုပဲ ဟုတ်လိမ့်မယ်၊ အများစုကတော့ စားဝတ်နေရေးအတွက် ရုန်းကန်နေရလို့ အချိန်အားမရဟဲ့အတွက် အပန်းဖြေ လမ်းမလျှောက်နိုင်ကြတာပါ။ မင်းလို အစစအရာရာ အဆင်ပြေနေတဲ့ သူအဖို့တော့ ကြည်ကြည်နူးနူး လမ်းလျှောက်နိုင်တာ မှန်တာပေါ့ကွာ။ ဒါပေမယ့် လူတိုင်းက မင်းလို အပူပင် ကင်းမဲ့ပြီး စိတ်ကြည်နူးနေကြတာ မဟုတ်ဘူးကွ"



ကိုငယ်က စကားကို ခဏဖြတ်လိုက်ပြီး လက်ထဲတွင် စောစောက ကောက်ယူထားနှင့်သော ကျောက်ခဲတစ်လုံးနှင့် အဝေးကို တစ်အားလွှဲပစ်လိုက်လေသည်။

"မင်းစကားကလည်း ကြီးကျယ်လှချည်လားကွ"

မြင့်ဆွေက မကျေနပ်ဟန်နှင့် ပြန်ဆိုသည်။

"သိပ် မကြီးကျယ်ပါဘူးကွာ။ ရိုးရိုးလေးပါ။ လူတိုင်းဟာ ထမင်းစားပြီးရင် ဇိမ်ကျကျ လမ်းလျှောက် မနေနိုင်ဘူးလို့ ပြောတာပါ၊ ဥပမာကွာ ... ငါ့အဖေဟာ အလုပ်ပင်ပန်းတယ် အကြောင်းပြပြီး မှုးနေလို့ ငါတို့လို လမ်းမလျှောက်နိုင်ဘူး။ ပြီးတော့ လမ်းလျှောက်နိုင်သူတိုင်းလည်း စိတ်ကြည်နူးစွာနဲ့ လမ်းလျှောက်နေကြတာ မဟုတ်ပါဘူး။ ငါ ဆိုပါတော့ကွာ။ အမူးသမားအဖေနဲ့ ရင်မဆိုင်ချင်လို့ အမြဲတမ်း အပြင်ထွက် လမ်းလျှောက်နေရတာ ဇိမ်ကျလို့မှ မဟုတ်ဘဲ"

ကိုငယ်က ပြောပြောဆိုဆိုနှင့် ရထားလမ်းပေါ်မှ ကျောက်ခဲတစ်လုံးကို ကုန်းကောက်လိုက်ပြီး ရထားလမ်းဘေးမှ ရေအိုင်လေးထဲသို့ ပစ်ထည့်လိုက်သည်။ ကျောက်ခဲသည် ရေကန်ထဲသို့ အသံမြည်ပြီး ကျသွားသည်။ ကျောက်ခဲကျသော

www.burmeseclassic.com

www.burmeseclassic.com



နေရာနားတွင် ဝယက်များ ဖြာပေါ်လာသည်။ ကန်ရေပြင်သည် တစ်မဟုတ်ချင်း လှုပ်ရှားသွား၏။ ခဏကြာတော့ ငြိမ်သွားသည်။ ကန်ရေပြင်သည် တည်ငြိမ်သွားပြန်သည်။ ကိုငယ်က ရေကန်လေးကို ငေးကြည့်နေမိသည်။ သူ့ ဘဝ၏ စိတ်ဆင်းရဲစရာများသည် အဖေ့ကြောင့် လှိုင်းဂယက်သဖွယ် သူ့ရင်ကို ရိုက်ခတ်နေသလားဟု ဝမ်းနည်းစွာ တွေးနေမိ၏။

"မင်းကလည်းကွာ စကားပြောတိုင်း အဖေအရက်မူးတာချည်း ပြောနေတယ်။ ကိုယ်မတတ်နိုင်တဲ့ စိတ်ဆင်းရဲစရာတွေ တွေးပြီး အလကား စိတ်ညစ်ခံနေတယ်"

မြင့်ဆွေက ကရုဏာဒေါသဖြင့် ပြောလိုက်၏။

"အဖေကြောင့် ငါတို့ မိသားစုဆင်းရဲ ကျပ်တည်းပြီး အစ်ကိုကြီး စစ်ထဲဝင်သွားရတယ်၊ အစ်ကိုလတ်က တန်းမြင့်ကျောင်းထွက်အောင်တာနဲ့ ကျောင်းဆက်မတက်ရတော့ဘဲ ဆရာအတတ်သင် (ယနုပညာရေးကောလိပ်) သွားတက်ရတယ်၊ ငါလည်း ဘဝကို မကျေမနပ်ဖြစ်ပြီး အလိုလို စိတ်အားငယ်နေမိတာ မင်း အသိပါ သူငယ်ချင်းရယ်"

"သူ အမူးပြေတဲ့အခါ အကျိုးသင့် အကြောင်းသင့် ဖျောင်းဖျောင်းဖျဖျ ပြောကြည့်ပေါ့ကွာ။ မင်းအဖေက အဆိုးကြီးမှ မဟုတ်သေးဘာ ရနိုင်ပါတယ်"

မြင့်ဆွေက အားပေးစကားကို ပြောသည်။ ကိုငယ်က ဘာမှ ပြန်မပြောတော့။ လက်နှစ်ဘက်ကို ဆန့်တန်းကာအဆုတ်ထဲသို့ လေကို အားပါးတရ ရှူသွင်းနေ၏။

"မင်းကို ပြောစရာရှိသေးတယ်"



"ဘာများလဲကွ"

"ညနေက ကျောင်းဘောလုံးကွင်းမှာ အပြေးသွားကျင့်ရင်း ခင်မိုးကြွယ်ကို တွေ့တယ်။ သူက ကျောင်းမှာ သန့်ရှင်းရေးတာဝန်ကျလို့ ကျောင်းအပြန် နောက်ကျတာနဲ့ လမ်းမှာ ငါနဲ့ တွေ့ခဲ့တာပဲ"

"မင်း ဘာပြောခဲ့သလဲ"

"မင်းပြောတဲ့ အတိုင်းပေါ့"

"ကောင်းပါတယ်" ကိုငယ်က မြင့်ဆွေကို လှည့်မကြည့်ဘဲ ပြန်ပြောလိုက်သည်။

"သူ့ စိတ်မကောင်း အတော်ဖြစ်သွားတယ်"

"ဘယ် တတ်နိုင်မလဲ၊ လူတွေက ကိုယ့် စိတ်ဆင်းရဲမှုကို ကိုယ့်ဘာသာ ရှာကြံ ရယူနေချင်ကြတာဖဲဟာ"

"မင်းစကားက ကိုယ်ချင်း မစာနာတတ်သလိုပဲ၊ ရက်စက်တဲ့ အတွေးတွေပဲကွ"

"မင်း ထင်လို့ပါ၊ တကယ်တော့ ကိုယ်ချင်းစာလွန်းလို့ ငါပြောတာပါ။ တောတောတပဲ ငါ့ရဲ့ စိတ်ဆင်းရဲစရာတွေ ရှာကြံတွေးပြီး ပြောမိတုန်းက မင်းပဲ ဖျောင်းဖျနှစ်သိမ့်စကားကို ဆိုခဲ့တာပဲ မဟုတ်လား။ ဒါပေမယ့် ငါဟာ မင်းရဲ့ ဖျောင်းဖျစကားတွေကို နားထောင်လိုက်ရပေမယ့် စိတ်ဆင်းရဲစရာ၊ အားငယ်စရာတွေ တွေးမိတုန်းပဲကွ။ ဒါကြောင့် ငါပြောတာပါ သူငယ်ချင်းရာ။ မစာနာတတ်လို့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ်က ပြန်ရှင်းပြလိုက်သည်။ မြင့်ဆွေက အဝေးမှ ပျံသွားသော ဗျိုင်းဖြူဖြူတစ်အုပ်ကို ငေးကြည့်ရင်း ကိုငယ့်စကားကို စဉ်းစားနေသည်။

"ပြီးတော့ မောင်မောင်နဲ့လည်း တွေ့သေးတယ်"

"သူ ဘာပြောသေးလဲ"

"နွယ်နွယ်ဝေက သူ့စာကို ပြန်ပေးလိုက်သတဲ့"

"ဟုတ်လား" ကိုငယ် စိတ်သက်သာရာ ရသလို ဘာလိုလို ဖြစ်သွားမိသလိုပဲ။ မြင့်ဆွေဆက်ပြောမည့်စကားကိုလည်း စိတ်ဝင်စားစွာ နားစွင့်လိုက်သည်။

"နွယ်နွယ်ဝေက သူ့ကိုပြောသတဲ့"

"ရည်းစားစာလှူကြဲပေးတာမျိုး တို့မကြိုက်ဘူး။ သူများ ပဲ့ခေါင်းပေါက်နဲ့ အသက်မရှူချင်ပါနဲ့။ သတ္တိမရှိတဲ့ ယောကျ်ား အထင်မကြီးဘူး။ ကိုငယ်ပေးလို့သာ အားနာလို့ ယူခဲ့တာ။ တစ်ခြားလူ လာပေးရင် တစ်ခါတည်း ဆွဲဆုတ်ပစ်တယ် ... တဲ့။

မြင့်ဆွေက နွယ်နွယ်ဝေ့ပြောစကားများကို တစ်ဆင့်ပြန်ပြောပြသည်။

"နွယ်နွယ်ဝေကလည်း ဝန်ထောက်သမီးပဲကွာ၊ ဘယ်ခေပါ့မလဲ၊ ခပ်ထက်ထက် ခပ်သွက်သွက်ပဲလေ"

ကိုငယ်က မှတ်ချက် ချလိုက်သည်။ ဇလီဖားတုံးပေါ်တင်နေသော ကျောက်ခဲငယ်တစ်လုံးကိုလည်း ဖိနပ်ဦးနှင့် ကန်ချလိုက်၏။

"မောင်မောင်က ဘာပြန်ပြောလိုက်လဲ"



သူက သိချင်စိတ်နှင့် ဆက်မေးလိုက်သည်။

"မောင်မောင်က သိတဲ့အတိုင်းပဲ၊ ငုတ်တုတ်ခံလိုက်တာပေါ့။ ဘာပြန်ပြောရမှန်းမှ သူ မသိတာ"

မြင့်ဆွေက ဆက်ပြောပြန်သည်။

"ဒီကောင် ဖျတ်ဖျတ်လူး သွားတာပဲကွာ၊ ခွေးနာကြီးကျနေတာပဲ။ ဘောလုံးတောင် ဖြောင့်အောင် မကန်နိုင်ဘူး။ ကွင်းပြင်မှာ လဓ မှိုင် မှိုင်နေတယ်၊ ရည်းစားပုမိတာ အတော်ဆိုးသဗျော့။ ငါတော့ ရည်းစားထားရမှာတောင် ကြောက်နေတယ်'

"မြန်လှည့်ရအောင်ကွာ"

ကိုငယ်က မြင့်ဆွေလက်ကိုဆွဲပြီး နောက်ကြောင်း ပြန်လှည့်လိုက်သည်။ အပြန်လမ်းတွင် ကိုငယ် စကားတစ်ခွန်းမျှ မပြောတော့။ သူ စဉ်းစားနေသည်။ မမနွယ်က သူ့ကို ဒီအကြောင်းတွေ ဘာလို့ မပြောတာလဲ။ သူ့ကိုကော စာယူလာပေးတဲ့အတွက် ဘာဖြစ်လို့ အပြစ်မတင်တာလဲ။ သူ စဉ်းစားမရ။ သူကကော ဘာဖြစ်လို့ ဒီအကြောင်းတွေ ခေါင်းထဲမှာ ထည့်စဉ်းစားနေရတာလဲ။ သူ စဉ်းစားမရ။ မမနွယ်က မောင်မောင့်စာကို ပြန်ပေးပြီး မကျေမနပ် ပြောခဲ့တာကို သူ ဝမ်းနည်းသလား၊ ဝမ်းသာသလား။ စိတ်ထဲ ဘယ်လိုခံစား မိလိုက်သလဲ။ သူ သတိမပြုလိုက်။

သူ သတိပြုလိုက်မိသည်မှာ ညနေဆည်းဆာ။ နေသည် ညှိုးနွမ်းစွာ အနောက်အက်သို့ နိမ့်ဆင်းသွားနေသည်။ ကျန်ရစ်နေသေးသော နေရောင်ဖျော့ဖျော့သည် တိမ်တိုက်များကို ဆလိုက်မီးသဖွယ် ထိုးပေးသည်။ တိမ်များထဲမှ တရောင်လွှင့်

www.burmeseclassic.com

www.burmeseclassic.com

ပြန်ကာ ဆည်းဆာရောင်ကို ဖြစ်စေသည်။ မှေးမှိန်သော အလင်းရောင်သည် မကြာမီ ပျောက်ကွယ်လွင့်ပြီး အမှောင်သမ်းတော့မည်။ တစ်နေ့တာ၏ အချိန်သည် ကုန်ဆုံးပေတော့မည်။ အချိန်နှောင်းခဲ့ပြီလေ။

(၅)

နောက်တစ်နေ့ ကျောင်းတက်သောအခါ မောင်မောင်က ကိုယ်ကို လက်တို့ပြီး လာခေါ်သည်။ လေ့ကျင့်ခန်း သွားတင်နေသဖြင့် အတန်းထဲတွင် မြင့်ဆွေ ◆ရှိ။ သူတို့နှစ်ယောက် ကျောင်းရှေ့ ဘတ်စကက်ဘောကွင်း အစပ်သို့ သွားသည်။ ထိုနေရာတွင် ကိုယ် ထိုင်နေကျ လှဲထားသော သရက်ပင်တုံး တစ်တုံးရှိသည်။

သရက်ပင်တုံးပေါ်သို့ ကိုယ်က အရင်ထိုင်လိုက်သည်။ မောင်မောင်က ဘေးမှ ဝင်ထိုင်၏။

"မင်း ကြားပြီးရောပေါ့"

မောင်မောင်က စကားစလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြင့်ဆွေ ပြောသမျှတော့ ငါ ကြားပြီးပြီ"

ကိုငယ်က ပြန်ဖြေသည်။

"ငါ ခံလိုက်ရတယ်။ ဘာ ပြန်ပြောရမှန်း မသိလိုက်ဘူး။ သူ ပြန်ပေးတဲ့ စာကိုဘယ်လို ပြန်ယူမိမှန်းတောင် မမွေးတတ်တော့ဘူး။ ရှက်လည်း သိပ်ရှက်သွားတယ်။ ဒါပေမယ့် ဒီအတိုင်းလည်း မနေနိုင်ဘူး။ သူ့ဆီကို စာပြန်ရေးချင်တယ်"

"ငါရေးပေးရမယ်ဆိုမှုတော့"

"အေး ... ငါ သတ္တိနည်းလို့ မဟုတ်တဲ့အကြောင်း၊ ပို အဆင်ပြေမလားလို့ မင်းနဲ့ ပေးလိုက်တဲ့အကြောင်း ရှင်းပြပြီး ခွင့်လွှတ်ဖို့ တောင်းပန်တဲ့ စာမျိုးပေါ့ကွာ၊ မင်းရေးတတ်ပါတယ်။ ဒီ တစ်ခါတော့ ငါကိုယ်တိုင် သွားပေးမယ်"

"မင်း ဆန္ဒအတိုင်း ငါကူညီပါ့မယ်။ မင်း ရင်ထဲက ရှိတာကို ငါခံစားတွေးယူပြီး အကောင်းဆုံး ရေးပေးပါ့မယ်"

ကိုငယ် ကတိပေးလိုက်သည်။ တာဝန်ယူလိုက်မိသော်လည်း စိတ်ထဲမှာမှုန်လေးနေ၏။ သူ ဘာသာ အဆင်ပြေသွားကြရင် ကောင်းမှာ။ ခုတော့ သူတစ်ပါးအတွက် ရည်စားစာ သူက ရေးပေးရတော့မည်။

"မင်း ကူညီလို့ အဆင်ပြေသွားတဲ့အခါ မင်းကျေးဇူးကို ပမေ့ပါဘူးကွာ။ တို့နှစ်ယောက် မင်္ဂလာဆောင်တဲ့အခါ မင်းကို ပထမဆုံး ဖိတ်ပါ့မယ်"

မောင်မောင်က အဝေးကြီးကိုတွေးပြီး ကတ်တွေ ပြောနေ၏။



"မင်း အဆင်ပြေသွားတဲ့အခါမှာ နွယ်နွယ်ဝေ့ကို တစ်သက်လုံး သစ္စာရှိရှိ ချစ်သွားဖို့ကိုပဲ ငါလိုချင်ပါတယ်"

"စိတ်ချပါ သူငယ်ချင်းရာ၊ နွယ်နွယ်ဝေဟာ ငါ့ရဲ့ ပထမဆုံး အချစ်ဦးပါ၊ အခုဆို ငါ့မှာ စိတ်ကူးနဲ့ ရူးနေရတယ်ကွာ။ အချိန်တိုင်း သူ့ကို သတိရနေတယ်။ စာဖတ်နေရင်လည်း စာအုပ်ထဲမှာ သူ့မျက်နှာ ပေါ်နေတယ်။ အတန်းထဲမှာ ပထမ မရရင် အဖေ့အဆူခံရမှာ ကြောက်တာရယ်၊ သူ့များ အောက်ရောက်မှာ ကြောက်တာရယ်ကြောင့် စာကို ဇွတ်ဖတ်နေရတယ်။ စာသင်နေတုန်း ရည်းစားထားတာ မကောင်းဘူးလို့ အဖေခဏ ခဏ သတိပေးတာ မှန်နေပြီ"

"ဒီလိုဆိုလည်း ရည်းစားမထားချင်ပါနဲ့ကွာ။ မင်းက နွှန့်နွှန့်စားစားနဲ့ ရည်စားထားချင်တာမျိုး ဖြစ်နေတယ်"

ကိုငယ်က ဝေဖန်သည်။

"ငါလည်း နွယ်နွယ်ဝေကို မချစ်မိဖို့ အမျိုးမျိုးကြိုးစားပါသေးတယ်ကွာ၊ ဒါပေမယ့် မရဘူး။ ငါချစ်မိနေပြီ။ သူ့ အချစ်ကို မရရင် ငါစိတ်ပျော်မှာ မဟုတ်တော့ဘူး"

"အဲ့ဒါ မင်း အဖေကို ရှင်းပြလိုက်ပေါ့ကွ"

ကိုယ်က ရယ်ရင်း ပြောလိုက်သည်။

"မလုပ်ပါနဲ့ မောင်ရာ၊ အိမ်ပေါ်က ခေါင်းတစ်ခြား၊ ကိုယ်တစ်ခြား ဆင်းသွားရလိမ့်မယ်။ အဖေက ချစ်ပေမယ့် အဆို မလိုက်ဘူးကွ။ အချစ်ကြီးရင် အမုန်းကြီးတတ်တယ်လို့ ကြားဖူးပြောတတ်တယ်။ အဖေ့စိတ်ဆိုးမှာတော့ ကြောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်အဖြစ်ကို စာနာစိတ်နှင့် တွေးနေမိလိုက်သည်။ ထိုစဉ် မြင့်ဆွေ လိုက်လာသည်။

"ဟေ့ကောင် မောင်မောင်၊ မစွံနိုင်မယ့် ရည်းစားစာ နောက်တစ်စောင် လာရေးခိုင်းပြန်ပြီလား" မြင့်ဆွေက လှမ်းမေးလိုက်သည်။

"တိုးတိုးပြောပါကွ။ သူများတွေ ကြားကုန်ပါ့မယ်"

မောင်မောင်က စိုးရိမ်စိတ်နှင့် ဟန့်သည်။

"ဟောဒီမှာဗျို့၊ ရွှေဗိုင်းဖြူ ဆေးလိပ်ခုံပိုင်ရှင် ဦးဖေအောင်၏ သား မောင်မောင်က ဝန်ထောက် ဦးမင်းနွယ်သမီး နွယ်နွယ်ဝေ့ကို ချစ်၍နေပါသတဲ့ ... ဒူ - ဟူ - ဟူ"

မြင့်ဆွေ မောင်းခတ်ကြေငြာဟန်ဖြင့် မကျယ့်တကျယ် အော်သည်။

မောင်မောင်စိတ်ဆိုးသွား၏။

"ခွေးကောင် ... မင်းကတော့ ငါတွေ့ရင် စဖို့နောက်ဖို့ပဲ စဉ်းစားနေတယ်၊ ဘာမှလည်း အားမကိုးရဘူး"

"အခု အားမကိုးရသေးပေမယ့် တစ်နေ့ကျ အားကိုးရမှာပါ ရွှေယောက်ဖရယ်"

"မင်းလား ငါ့နှမကိုရမှာ၊ သူက ငါ့ထက်တောင် အဓမ္မ ကြောက်သေးတယ်။ ကျောင်းနေတုန်း ရည်းစားထားဖို့ စိတ်ကူး ထဲတောင် ထည့်ရဲမှာ မဟုတ်ဘူး"

"မင်းထင်လို့ပါ၊ အချစ်မှာ သတ္တိရှိပါတယ်ကွာ။ မင်းလိုကောင်ကတောင် အဖေမသိအောင် နွယ်နွယ်ဝေကို ချစ်လို့



ရည်းစားစာ ပေးဖို့ ကြံသေးတာ။ မင်းသွေးပါတဲ့ မင်းနှမကကော မင်းလို စွန့်စားပြီး ငါ့ကို မချစ်ဘူးလို့ ပြောနိုင်သလား"

မြင့်ဆွေက အချက်ကျကျ ပြန်ပြောလိုက်သည်။ မောင်မောင် ခဏတွေသွား၏။

"အဲဒီလိုဆိုလည်း မင်းကုသိုလ်ပေါ့ကွာ"

မောင်မောင်က အရှုံးပေးကာ ပြန်ပြောသည်။

"အလကားပြောတာပါ သူငယ်ချင်းရာ၊ ငါလည်း မင်းမြင်ရတာနဲ့ ရည်းစားထားချင်စိတ် ကုန်နေပါပြီ"

မြင့်ဆွေက လှောင်ချသည်။

ကိုငယ်က မြင့်ဆွေကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ဘာမှတော့ မပြော။

မြင့်ဆွေက ရယ်နေလိုက်သည်။

"ကဲ ... ငါသွားမယ်၊ ကိုငယ် မင်းမမေ့နဲ့နော်"

သွားခါနီး မောင်မောင်က သတိပေးသွားသေးသည်။

"စိတ်ချပါကွာ၊ နက်ဖြန် မင်းရမှာပါ"

ကိုငယ်က ပြုံးပြုံးရယ်ရယ်နှင့် ပြန်ပြော၏။

"ဒီကောင် အတော့်ကို ဆတ်ဆလူးဖြစ်နေတယ်။ သိပ် ခံစားနေရတယ် ထင်တယ်။ တကယ်ကြိုက်နေပုံလည်း ရတယ်" ဟု မြင့်ဆွေက ဝေဖန်ချက်ပေးလိုက်သည်။

"အခုနေတော့ ဟုတ်တယ်။ နွယ်နွယ်ဝေ့ကို ဒီကောင် သိပ်စွဲလန်းနေပုံရတယ်။ နွယ်နွယ်ဝေကလည်း ချစ်စရာ ကောင်းတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ်က ညည်းတွားသလိုနှင့် ပြောလိုက်သည်။

"ချစ်စရာကောင်းတော့ မင်းကော မချစ်မိဘူးလား"

"ငါ ... လား"

မြင့်ဆွေက အလစ်ကောက်မေးလိုက်သဖြင့် ကိုငယ် ချက်ခြင်း ပြန်ဖြေနိုင်ခြင်း မရှိ။ ခဏအကြာမှ တွေးတွေးဆဆ နှင့် ပြန်ပြောသည်။

"ခု အချိန်ထိ ချစ်တယ်လို့ မထင်မိသေးဘူး။ ဘယ်သူ့ ကိုမှလည်း ငါမချစ်မိသေးတာ အမှန်ပဲ"

"မင်းချစ်တော့မယ်ဆိုရင်တော့ ခင်မျိုးကြွယ်ကို ဦးစား ပေးပါကွာ။ မင်းအပေါ် စိတ်ဝင်စားပုံရတယ်။ မင်းနဲ့လည်း လိုက် တယ်။ မင်းတို့နှစ်ယောက်ရရင် မင်းတို့အိမ်မှာ ထမင်းဝင်စားရ မှာ အားနာစရာမလိုတော့ဘူး"

မြင့်ဆွေက ရယ်ကျဲကျဲနှင့် ပြောသည်။

"အခုနေတော့ အရက်မူးသမား အဖေ့အကြောင်း ကလွဲလို့ ခေါင်းထဲဘာမှ မရှိသေးပါဘူးကွာ"

ကိုငယ်က ပြန်ဖြေသည်။

"မင်းမလဲ ဒီအဖေ မူးတဲ့အကြောင်းပဲ ခေါင်းထဲ ထည့်နေတာပဲ။ လောကကြီးမှာ တွေးစရာတွေ ပျော်စရာ တွေ အများကြီးရှိပါသေးတယ်ကွ။ စိတ်ဆင်းရဲစရာတစ်ခု တည်းကို တွေးပြီး အားငယ်မနေချင်စမ်းပါနဲ့"

"သူငယ်ချင်းရယ်၊ မိုးချုပ်စ အိမ်အဝင်တိုင်းမှာ အရက်



မူးသမားအဖေနဲ့ ရင်ဆိုင်နေရတဲ့ ငါ့အဖို့ တစ်ခြား ဘာကိုများ တွေးနိုင်အုံးမှာလဲကွာ"

"အခြေအနေဟာ အမြဲတမ်းဆိုးနေမှာမှ မဟုတ်ဘဲ၊ တစ်ချိန်ချိန်မှာ ပြန်ကောင်းလာအုံးမှာပါကွ။ မျှော်လင့်ချက်လေး ထားပြီး ပျော်ပျော်ရွှင်ရွှင် နေစမ်းပါ။ မင်းကြည့်ရတာ အမြဲတမ်း တွေးနေ ဆွေးနေပုံပဲ။ ဒီအတိုင်း သွားရင် မင်းစာမေးပွဲကျလိမ့် မယ်"

"သေချာတာပေါ့ကွာ။ ခုထက်ထိ စာတစ်လုံးမှ မဖတ် ရသေးဘူး။ ဖတ်ချင်စိတ်လည်း မရှိဘူး။ အိမ်မှာနေချင်တဲ့စိတ် လည်း မရှိဘူး။ ဒါပေမယ့် တစ်ခြားနေစရာ အိမ်လည်း မရှိဘူး။ ပြေးစရာ မြေလည်းမရှိဘူး။ စိတ်ဆင်းရဲတယ် သူငယ်ချင်းရာ"

ကိုငယ်စကားကို ကြားရသဖြင့်မြင့်ဆွေစိတ်မကောင်း။

"စိတ်ဆင်းရဲစရာတွေဟာ အမြဲဖြစ်နေမှာ မဟုတ်ပါ ဘူးကွာ၊ စိတ်ဓာတ် သိပ်ကျမနေစမ်းပါနဲ့"

မြင့်ဆွေက အားပေးနှစ်သိမ့်သည်။ ကိုငယ် ဘာမျှ ပြန်မပြော။

မြင့်ဆွေ နာရီကြည့်လိုက်သည်။ ကိုးနာရီ ထိုးရန် ဆယ်မိနစ်။ ပထမခေါင်းလောင်း ခေါက်တော့မည်။

"သွားကြစို့ သူငယ်ချင်း" ဟု မြင့်ဆွေက ခြေလှမ်း စ လိုက်သည်။

ကိုငယ်နောက်က လိုက်လာသည်။

"ဩော် ... မင်းကို ပြောဖို့ မေ့နေတယ်၊ ညနေကျ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ကြက်တောင်ရိုက်ပြိုင်ပွဲ ရှိတယ်။ မင်းလာ အားပေး ဦး။ မော်ဘီခရိုင် ကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ တို့ ကျောင်းမှာ လုပ်မှာ"

မြင့်ဆွေက နောက်လှည့်ပြောလိုက်သည်။

"စိတ်ချ၊ မင်းကို တစ်ကျောင်းလုံးက အားပေးမှာပါ၊ ငါလည်း လာမယ်။ အပြေးပြိုင်ပွဲကကော ဘယ်တော့လဲ"

"နောက်အပတ်ထဲမှာ ဖြစ်လိမ့်မယ်ထင်တယ်။ မော်ဘီ မှာလို့ ပြောတယ်။ ဒီက ကားငှားသွားမယ်လို့ ပြောတယ်၊ မင်း လိုက်ခဲ့မလား"

"ငါ အားပေးချင်ပါတယ်။ ဒါပေမယ့် ဆရာတွေက တို့လို လူပိုတွေခေါ်မှာ မဟုတ်ဘူး" ဟု ကိုငယ်က မြင့်ဆွေ အမေးကို ပြန်ဖြေသည်။

သူတို့ ကျောင်းအဝင်ဝ ရောက်လာသည်။ စိမ်းလန်း စိုပြည်သော ကျောင်းပန်းခြံတွင် နှင်းဆီပန်းတို့က နီနီရဲရဲနှင့် ဖူးပွင့်နေကြသည်။ စပါယ်ရုံကလေးများတွင် စပယ်ဖြူပွင့်လေး များ ဖွေးဖွေးလှုပ်အောင် ပွင့်နေသည်။ ထိုခြံတွင်းတွင် ခင်မျိုး ကြွယ် ရေလောင်းနေသည်။ စပယ်ရုံလေးပေါ် ရေလောင်းရင်း ကိုငယ့်ကို လှမ်းကြည့်သည်။

ကိုငယ်ကလည်း မထင်မှတ်ဘဲ လှည့်ကြည့်ဖြစ်လိုက် ၏။ နှစ်ယောက်စလုံး အကြည့်ချင်း ဆုံသွားသည်။ ခင်မျိုးကြွယ် က ပြုံးပြလိုက်သည်။ ကိုငယ်ကလည်း ပြုံးမိလိုက်သလိုပဲ။ မြင့်ဆွေက မသိချင်ယောင်ဆောင် နေလိုက်၏။ ပန်းခြံထဲက ခင်မျိုးကြွယ် ထွက်လာသည်။



"ကိုငယ် ... ဗိုက်အောင့်တာ ပျောက်သွားပြီလား"

"ပျောက်သွားပါပြီ"

"ဆေးပေးလိုက်တာကော ရရဲ့လား"

"ရပါတယ်" ကိုငယ် ဖြေပြီး မြင့်ဆွေကို လှည့်ကြည့် လိုက်သည်။

မြင့်ဆွေ စိတ်မလုံမလဲ ဖြစ်သွားသည်။ ခင်မျိုးကြွယ် က ဆက်မပြောတော့။

"သွားမယ်နော်" ခင်မျိုးကြွယ်က ပြုံးရွှင်စွာ နှုတ်ဆက် ထွက်ခွာသွားသည်။

ကိုငယ် မြင့်ဆွေကို စူးစိုက်ကြည့်လိုက်သည်။

"မင်း ပြန်ပေးလိုက်တဲ့ဆေးကို သူစိတ်မကောင်းဖြစ် မှာစိုးလို့ ငါပြန်မပေးလိုက်ဘူး။ ငါ့ဆီမှာ သိမ်းထားတယ်။ မင်း စိတ်ဆိုးရင်လည်း ခံရမှာပဲ"

မြင့်ဆွေ တောင်းပန်သည်။

"သူ့မေးခွန်းကို ကြည့်ကောင်းအောင် ဖြေရပေမယ့် စိတ်ထဲမှာ ထင့်သွားတယ်လေ၊ မင်း ပြန်မပေးဘူးလို့တော့ ထင် လိုက်သား"

"မင်းစိတ်ဆိုးသွားသလား"

"စိတ်မဆိုးပါဘူး သူငယ်ချင်းရယ်၊ ဒါပေမယ့် မင်း စေတနာနဲ့ လုပ်ခဲ့တာတွေဟာ တစ်နေ့မှာ ဝေဒနာဖြစ်လာမှာ ငါစိုးရိမ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆွေ စကားဆက်မပြော။ အတန်းထဲ လှမ်းဝင်သည်။ ကိုယ်က နောက်ကလိုက်၍ ဝင်သည်။ အတန်းထဲရောက်သည်နှင့် ကျောင်းတက်သည်။ စ,စချင်း မြန်မာစာအချိန်။ ဆရာမကြီး ဒေါ်စောတင် ရောက်လာသည်။ ယနေ့ စာစီစာကုံးအချိန်။ ရေးပုံရေးနည်း ရှင်းလင်းပြောပြပြီး ခေါင်းစဉ်ရေးပေးသည်။ "အပျော်ဆုံးနေ့ တစ်နေ့" အကြောင်း။ ကိုယ် စိတ်ညစ်သွားသည်။ ထိုစာစီစာကုံးကို မည်သို့ရေးရမည် စဉ်းစားမရ။ စိတ်အညစ်ဆုံးနေ့ တစ်နေ့အကြောင်း ရေးခိုင်းလျှင်ကောင်းမှာပဲဟု တွေးမိလိုက်သေးသည်။ ယခု အပျော်ဆုံးနေ့ တစ်နေ့ အကြောင်း ရေးရတော့မည်။ ကိုယ်ဘာ ရေးရမှန်းမသိ။ သူ့ဘဝတွင် အပျော်ဆုံးနေ့များစွာ မရှိခဲ့ဟု ထင်သည်။ မှတ်မှတ်ရရပျော်ရွှင်ခဲ့ရသော နေ့ကိုလည်း သူကြုံခဲ့ရသလားဟု သံသယဝင်မိသည်။ ခေါင်းထဲတွင် ထူပူအောင် စဉ်းစားနေရသည်။

အကြောင်းအရာ တစ်ရပ်က ခေါင်းထဲသို့ ဖျတ်ကနဲဝင်လာသည်။ ထိုနေ့က မြို့လယ်ခေါင် မီးလောင်သည့်နေ့။ အရက်ဆိုင် မီးထဲပါသွားသည်။ အဖေ အရက်မသောက်လိုက်ရ။ အိမ်သို့ စောစီးစွာပြန်သည်။ နေမကောင်းဘူးဟုဆိုကာ အိပ်ရာဝင်သည်။ ဆူသံပူသံ မကြားလိုက်ရ။ ကိုယ် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ အဖေ ဒီလိုသာ နေ့တိုင်း အရက်မသောက်ဘဲနေလျှင်သိပ်ကောင်းမှာပဲ။ အဖေ့ကို သူပြန်ချစ်လာမှာပဲဟု တွေးမိသည်။ ထိုအတွေးကို သူ့ဒိုင်ယာရီထဲတွင် ရေးမှတ်ထားမိလိုက်၏။

ယခု ဒိုင်ယာရီထဲက အတွေးကို သူချရေးလိုက်သည်။ အပျော်ဆုံးနေ့ စာစီစာကုံးသည် နာရီဝက်အတွင်းမှာပင် ပြီးသွားသည်။ ဆရာမကြီးထံ သူသွားပြ၏။ ဆရာမကြီးက သူ့စာစီစာကုံးကို ဖတ်သည်။ စာနာစိတ်နှင့် သူ့ကို လှမ်းကြည့်သည်။



"ကိုယ်လာအုံး" ဆရာမကြီးက သူ့ကိုခေါ်သည်။

"မင်းရေးတဲ့ စာစီစာကုံးဟာ သိပ်ကောင်းတယ်။ ခံစားမှုနဲ့ရေးတဲ့စာတိုင်းဟာ အသက်ဝင်တယ်။ တစ်နေ့ကျမင်း စာရေးဆရာဖြစ်မှာပဲ"

ဆရာမကြီးက သူ့ကိုတစ်တန်းလုံးရှေ့မှာ ချီးကျူးသည်။ သူ မနေတတ်။ ရယ်ရမလို ပြုံးရမလို ဖြစ်နေမိသည်။ စာရေးဆရာဖြစ်မှာပဲဟူသော ဆရာမကြီး၏ချီးကျူးစကားကြောင့် သူ ပီတိဖြစ်ရသည်။ အားတက်ခြင်းလည်းဖြစ်၏။ စာရေးချင်စိတ်လည်း ပိုများလာသည်။ ဆရာမကြီး၏ ချီးကျူးအားပေးစကားသည် သူ့ဘဝအတွက် အားမာန်ဖြစ်စေ၏။

တစ်တန်းလုံးက သူ့ကို ဝိုင်းကြည့်ကြသည်။ ခင်မျိုးကြွယ်က ချီးကျူးလိုက်သော အကြည့်၊ အထင်ကြီးသော အကြည့်နှင့် ကြည့်နေသည်။ အမှတ်တမဲ့ သူတွေ့လိုက်သည်။

နှစ်ချိန်ပြီး၍ မုန့်စားဆင်းချိန် ရောက်သောအခါကိုယ့် စာစီစာကုံးစာအုပ်ကို ခင်မျိုးကြွယ် လာငှားသည်။ ကိုယ် ပေးလိုက်ရသည်။ စာအုပ်ပေးပြီး မြင့်ဆွေခေါ်သဖြင့်အတန်းအပြင်ထွက်သည်။ ကျောင်းရှေ့ ခပ်လှမ်းလှမ်းတွင်သူတို့အကြိုက် ဦးမုတ်ဆိတ် ရေခဲချောင်းလှည်း ရှိသည်။ သူတို့ရေခဲချောင်း သွားဝယ်စားကြသည်။ ကျောင်းရှေ့ရှိ ဇီဇဝါပင်တစ်ပင်အောက်တွင် ရေခဲချောင်း စားရင်း စကားပြောကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာမကြီး ဒေါ်စောတင်ကတော့ မင်းစာစီစာကုံးကို သိပ်,သဘောကျသွားပုံ ရတယ်။ မင်း ဘာတွေများ ရေးလိုက်သလဲ"

မြင့်ဆွေက မေးလိုက်သည်။

ကိုယ်က သူ့ဒိုင်ယာရီထဲတွင် ရေးခဲ့သော သူ့အတွေးကို ပြန်ပြောပြန်သည်။

"သူတစ်ပါးတွေ မီးလောင်လို့ စိတ်ဆင်းရဲရတဲ့နေ့မှာ မင်းက အပျော်ဆုံးနေ့ဖြစ်နေတော့ ထူးဆန်းနေတာပေါ့" မြင့်ဆွေက မှတ်ချက်ချသည်။

"သူများ မီးလောင်တာ ဂရုမစိုက်အားပါဘူးကွာ၊ ငါ့အဖေ အရက်မူးပြီး မဆူဖို့ဘဲ ဂရုစိုက် ဆုတောင်းနေရတာ" ကိုယ်က ပြန်ဖြေသည်။

"မင်းခေါင်းထဲမှာ မင်းအဖေ အရက်မူးတာကလွဲလို့ ဘာမှ မရှိတော့ဘူးလား ကိုယ်ရာ"

မြင့်ဆွေက ညည်းညည်းညူညူ ပြောသည်။

"အခုအချိန်တော့ ငါ့ခေါင်းထဲမှာ မင်းပြောတဲ့အတိုင်း ပါပဲကွာ"

"ခင်မျိုးကြွယ် အကြောင်းတောင် မင်းမစဉ်းစားမိဘူးလား"

မြင့်ဆွေက သတိပေးလိုက်တော့မှ ခင်မျိုးကြွယ်ကို သူ အမှတ်ရလိုက်သည်။

"ငါ့စာအုပ် ပွားဖတ်ပြီး သူဘာပြောအုံးမလဲ မသိဘူး"



"သိချင်ရင် သွားမေးရအောင်လေ"

မြင့်ဆွေက ရေခဲချောင်းတုတ်တံကို လွှင့်ပစ်လိုက်ရင်း အတန်းထဲ ပြန်ရန် ခြေလှမ်းစသည်။

"ငါမေးပေးရမလား" ကိုယ်ကို ပြုံးထေ့ထေ့နှင့် မေးသည်။

"ဟော့ကောင် နောက်တောက်တောက် မလုပ်နဲ့"

ရေခဲချောင်းတုတ်တံနှင့် မြင့်ဆွေကို လှမ်းပစ်ရင်း ကိုယ်က ဟန့်လိုက်သည်။

မြင့်ဆွေက ခြေလှမ်း ခပ်သွက်သွက်လှမ်းသည်။ ကိုယ်က နောက်က လိုက်သည်။

ကျောင်းအဝင်ဝတွင် မမနွယ်နှင့် သွားတွေ့သည်။

"မုန့်စားပြန်လာတာလား" မမနွယ်က သူ့ကို မေးလိုက်သည်။

"ဟုတ်ကဲ့" ကိုယ် ပြန်ဖြေသည်။

မရယ် မပြုံးနှင့်မေးလိုက်သော မမနွယ်၏ မျက်နှာကို သူ သတိပြုလိုက်မိသည်။ ကျက်သရေရှိသော မျက်နှာ။ သူ့ မျက်စိထဲတွင် စွဲကျန်သည်။ လုံချည်အစိမ်းရင့်ရောင်နှင့် အကျႌအဖြူသည် မမနွယ်နှင့် လိုက်ဖက်လွန်းသည်။ အသားညိုညို၊ နှာတံပေါ်ပေါ် မျက်နှာပြည့်ပြည့်နှင့် ချစ်စရာ မျက်နှာပေးမျိုးဖြစ်သည်။ ထူထဲနက်မှောင်သော မျက်ခုံးမွေးနှင့် ရှုံ့ရှု တောက်ပြောင်သော မျက်လုံးအစုံတို့သည် ခန့်ညားလေးစားလောက်စရာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်အတွင်းမှာပင် ကိုယ်သည် မမနွယ်၏ အလှကို မှတ်တမ်းတင်လိုက်ပြီး ဖြစ်သည်။ ဘေးမှာပါသော မြင့်ဆွေ မသိလိုက်။ သိလိုက်လျှင်လည်း မလွယ်။ သူ့ကို စနေတော့မှ နောက်တော့မည်မှာ သေချာသည်။ သို့သော်လည်း မမနွယ်၏ အလှကို မြင့်ဆွေအား အားပါးတရ ချီးမွမ်းခန်းဖွင့်ပြချင်သည်။ ထိုအခိုက်မှာပင် မောင်မောင်ကို မျက်စိထဲမှာ မြင်လာ၏။ ဪ ... နက်ဖြန်ကာ မမနွယ်ကိုပေးမယ့် ရည်းစားစာ မောင်မောင့်အတွက် သူရေးပေးရအုံးမှာပါလား။

"ဟော့ကောင် ... ဟိုမှာ ခင်မျိုးကြွယ် လှမ်းကြည့်နေတယ်။ ဘာပြောချင်လို့လဲ မသိဘူး"

မြင့်ဆွေက လက်တို့ပြီး သတိ ပေးလိုက်တော့မှ အတန်းထဲရောက်နေသည်ကို သူသတိပြုမိသည်။ ချက်ချင်းပဲ ခင်မျိုးကြွယ်ကို သူလှမ်းကြည့်လိုက်သည်။ သူ့ကို လှမ်းကြည့်နေသော ခင်မျိုးကြွယ်နှင့် အကြည့်ချင်း ဆုံသည်။ ခင်မျိုးကြွယ် ပြုံးယောင်ယောင်နှင့် တစ်ဖက်လှည့်သွား၏။ ကိုယ် သူနေရာတွင် ဝင်ထိုင်လိုက်သည်။ ခုံထဲမှ အင်္ဂလိပ်စာအုပ်ကို ထုတ်ပြီး ဖွင့်ကြည့်လိုက်သည်။ Three Questions သင်ခန်းစာကို သူလှန်ထားလိုက်သည်။ မနေ့က ဆရာသင်ထားသော စာပိုဒ်များကို ပြန်လည်ဖတ်ရှုနေလိုက်သည်။ စာထဲတွင် အာရုံရောက်သွား၏။ ခင်မျိုးကြွယ်ကိုလည်း မေ့လျော့သွားတော့သည်။

ထိုအခိုက် ဆရာဝင်လာသည်။ တပည့်တွေက ညီညာဖွဖွ ထနှုတ်ဆက်ကြသည်။ ပြုံးပြုံးရွှင်ရွှင်နှင့် ဆရာက သူတို့ကို ပြန်နှုတ်ဆက်၏။



"မနေ့က သင်ထားတဲ့ သင်ခန်းစာကို သတိရကြသေးရဲ့လား တပည့်တို့"

ဆရာက မေးလိုက်သည်။

"ဟုတ်ကဲ့၊ မှတ်မိပါတယ်" တချို့ ပြန်ဖြေကြသည်။

"ကိုယ်ကော မှတ်မိပြီလား" ဆရာက မှတ်မှတ်ရရ မေးလိုက်သည်။

"ဟုတ်ကဲ့ မှတ်မိပါတယ်" ကိုယ် ပြန်ဖြေသည်။

"ဒီလိုဆိုရင် အရေးကြီးဆုံးအချိန်ဟာ ဘယ်အချိန်လဲကွာ"

ဆရာက သူ့ကို မေးလိုက်သည်။

"အရေးအကြီးဆုံးအချိန်ဟာ ခုအချိန်ပါဆရာ"

ကိုယ် ပြန်ဖြေလိုက်သည်။

"အေး ...အရေးကြီးဆုံးအချိန်ဟာ၊ အခု ပစ္စုပ္ပန်အချိန်ပဲ၊ လက်ရှိပိုင်ဆိုင်ထားတဲ့ အချိန်ဟာ တန်ဖိုး အရှိဆုံးပဲ၊ လက်ရှိအချိန်ကို အကျိုးရှိရှိနဲ့ အသုံးပြုလိုက်မိဖို့ အရေးကြီးတယ်၊ ခု လက်ရှိအချိန်လေးမှာ ဆရာသင်တာကို ဝရုစိုက်ပြီး ကြိုးစားနားထောင်၊ တောင်တွေးမြောက်တွေးနဲ့ အချိန်ကုန်မသွားစေနဲ့၊ အဲ့ဒီ ကုန်သွားတဲ့အချိန်ဟာ ပြန်ရတော့မှာ မဟုတ်ဘူး၊ ကြားရဲ့လား တပည့်တို့"

ဆရာက ချိုသာစွာ ဆိုဆုံးမပြီး စာကို စိတ်ဝင်စားအောင် သတိပေးသည်။ တပည့်တွေ စာကို အာရုံစိုက်သင်ယူရန် အဆင်

www.burmeseclassic.com

www.burmeseclassic.com



သင့်ဖြစ်တော့မှ သင်ခန်းစာ စတင်သည်။ ဒီတစ်ခါ ကိုငယ်စာထဲတွင် စိတ်ဝင်တစား လိုက်ကြည့်သည်။ ဆရာဖတ်ခိုင်းတာကို လိုက်ဖတ်သည်။ ဂရုတစိုက်လိုက်ပြီး ဖတ်မှတ်တော့လည်း နားလည်သဘောပေါက်သည်။ နားထဲသို့ ရှင်းလင်းလွယ်ကူစွာ ဝင်သွားသည်။ ဆရာက ဇာတ်လမ်းကို စိတ်အားတက်ကြွဖွယ်၊ တွေးဆမြင်နိုင်ဖွယ်ဖြစ်အောင် လက်ဟန်ခြေဟန်နှင့် ရှင်းလင်းပြနေ၏။

တစ်ခါတစ်ခါ ဆရာ့နဖူးမှ ဆံစလေးများ နဖူးပေါ်သို့ ဝဲကျလာသည်။ ဆရာသည် မသိမသာလက်နှင့် ပင့်တင်တတ်သည်။ စတစ်ကော်လာအင်္ကျီဖြူနှင့် နုံ့သာရောင်တိုက်ပုံကို သေသပ်စွာ ဝတ်ဆင်ထားသည်။ လုံချည်စိမ်းနှင့် မျက်မှန်နှင့်ဆိုတော့ တကယ့်ကို ဆရာပီသပြီး ခန့်ညားလေးစားလောက်ပေသည်။ အသားဖြူဖြူ နှာတံပေါ်ပေါ်နှင့် လူချောတစ်ယောက်ဖြစ်သည်။ အရပ်ကလေး နည်းနည်းပုသည်က လွဲ၍ ဆရာ့မှာ အပြစ်အနာအဆာမရှိ။ မိန်းကလေးတွေ ကြိုက်လောက်သည့် ရုပ်ရည်မျိုးဟူ၍ ကိုငယ်ကောက်ချက်ချနေသည်။

စိတ်က တစ်ချက် သတိလက်လွတ်ဖြစ်သွားပြန်သည်။ စာ သုံးကြောင်းလောက် လွတ်သွားသည်။ ချက်ခြင်း ပြန်သတိထားရသည်။

"ဘဝမှာ အရေးကြီးဆုံးကလည်း ဒီမေးခွန်းသုံးခုရဲ့ အဖြေပဲတဲ့ တဝည့်တို့ရဲ့၊ အရေးကြီးဆုံးက အခုအချိန်မှာ ကိုယ့်အနားမှာရှိတဲ့သူကို အကောင်းဆုံး အကူအညီပေးဖို့ပဲ၊ အဝေးမှာရှိတဲ့ သူထက်၊ ကိုယ့်အနားမှာ



ရှိတဲ့ သူကို ပိုသတိထားရမယ်၊ သူဟာ ကိုယ့်တို့ အမြန်ဆုံး ကောင်းကျိုး ဆိုးကျိုးပေးနိုင်တယ်"

ဆရာက သင်ခန်းစာနှင့် ဆက်နွယ်ပြီး ဘဝဒဿန တွေကို ဖွင့်ဆိုပြနေ၏။

ကိုငယ် သိပ်သဘောကျနေသည်။ ဆရာသင်တာ မပျင်း။ သင်ခန်းစာတွေလည်း အများကြီးရသည်။ ကိုယ့်အနားမှာရှိတဲ့ သူကို ပိုသတိထားရမယ်တဲ့။

စိတ်ထဲမှာ လိုရာဆွဲတွေးပြီး၊ ခင်မိုးကြွယ်ကို လှမ်းကြည့်မိလိုက်သည်။ နောက်ကျောဘက်ကနေ လှမ်းမြင်လိုက်သည်။ နက်မှောင်သောကေသာကို တစ်ပတ်သျှိုထုံးထားသည်။ ဆံထုံးပေါ်တွင် စံပယ်ဖြူ ပွင့်လေးတစ်ပွင့်၊ အရွက်ကလေး နှစ်ရွက်က ဘေးမှရံထားသည်။ နားသံသီးလေး နှစ်လုံးကိုလည်း နားမှာ တွဲလွဲဖြစ်နေတာကို ကြည့်ကောင်းသေးသည်ဟု ထင်မိနေ၏။ ကျန်းမာသန်စွမ်းသည့် ခန္ဓာကိုယ်ကို အတိုင်းသားတွေ့ရသည်။

"ကိုငယ် ... စာထဲ စိတ်ပြန်ထည့်"

ဆရာက ပြုံးပြုံးလေးနှင့် လှမ်းသတိပေးလိုက်သည်။

ကိုငယ် ရှက်သွားသည်။ ခင်မိုးကြွယ်ကို သူခိုးကြည့်နေတုန်း ဆရာမိသွားခြင်းဖြစ်သည်။ ဆရာက မဆူမငေါက်။ "ငါသိပါတယ်ကွာ" ဟူသော အကြည့်ဖြင့် ကိုငယ့်ကို စိုက်ကြည့်ရင်း သတိပေးလိုက်သည်။ ကိုငယ်စာထဲ စိတ်ပြန်နှစ်မြှုပ်ရပြန်သည်။

စာသင်ရတာ ပျော်စရာကောင်းတယ်လို့ ကိုငယ့်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ထင်မြင်လာသည်။ အချိန်ကုန်၍ ခေါင်းလောင်းထိုးသွားသည်ကိုပင် မသိချင်တော့။ ဆရာထွက်သွားတော့ မြင့်ဆွေ အနားလာသည်။

"ငါ အောင်သွယ်ပေးဖို့ လိုပြီလား သူငယ်ချင်း" မြင့်ဆွေက အတည်ပေါက်နှင့် မေးသည်။

ကိုငယ် မလုံမလဲနှင့် ပြုံးနေလိုက်မိသည်။

"သံလိုက်ဓါတ်ဆိုတာ ဆွဲငင်အားရှိတယ်ကွ။ သံလိုက်စက်ကွင်းထဲရောက်သွားရင် သံ သံချင်းတစ်ကြဲရတာပါပဲကွာ" မြင့်ဆွေက ခပ်တည်တည်နှင့် ရှင်းပြနေ၏။

"ဟုတ်ကဲ့ ... သိပ္ပံပညာရှင်ကြီး၊ မသေခင် ဟောကြားခဲ့တာတွေ မှတ်တမ်းတင်ထားပါမယ်" ကိုငယ်က ပြန်နောက်လိုက်သည်။

မြင့်ဆွေ သဘောကျ၍ ရယ်တော့၏။

နေ့လယ် ထမင်းစားကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းသားကျောင်းသူများ ပြန်ကြပြီ။ ကိုငယ်နှင့်မြင့်ဆွေလည်း စာအုပ်တွေ သိမ်းပြီး ထိုင်ရာမှ ထလိုက်သည်။ ခင်မျိုးကြွယ်အနားကို ရောက်လာ၏။ ကိုငယ့် စာစီစာကုံး စာအုပ်ကို ပြန်ပေးသည်။

"စာစီစာကုံးက သိပ်ကောင်းတာပဲ၊ ဖတ်ရင်း မျက်ရည်တောင် လည်လာတယ်"

ခင်မျိုးကြွယ်က ချီးကျူးစကားပြောသည်။

"မခင်မျိုးကြွယ်က စာစီစာကုံးဖတ်ရရုံနဲ့ မျက်ရည်လည်တယ်ဆိုရင် သူ့ဝတ္ထုတွေ ကဗျာတွေ ဖတ်ရရင်တော့ လက်ကိုင်ပုဝါ ကောင်းကောင်းဝယ်ထားဖို့ လိုလိမ့်မယ်"



ခင်မျိုးကြွယ် ရုတ်တရက် သဘောမပေါက်။ "ဘာလုပ်ဖို့လဲ" ဟု မြင့်ဆွေကို ပြန်မေးလိုက်သည်။

"မျက်ရည်သုတ်ပြီး နှပ်ညှစ်ဖို့လေ" မြင့်ဆွေက ပြန်ဖြေသည်။

ခင်မျိုးကြွယ် သဘောပေါက်ပြီး၊ ရှက်ပြုံး ပြုံးလိုက်သည်။

"ဒီလောက်တောင်ပဲလား ကိုမြင့်ဆွေ"

"နည်းပါသေးတယ်ဗျာ"

"ဒီလိုဆိုရင်လည်း စမ်းသပ်ပြီး ဖတ်ကြည့်ချင်လိုက်တာ"

ခင်မျိုးကြွယ်က ကိုငယ့်ကို လှည့်ပြီး ပြောလိုက်သည်။

"အလကားပါ မခင်မျိုးကြွယ်ရာ၊ ဒီကောင် စိတ်ထင်ရာတွေ လျှောက်ပြောနေတာပါ" ကိုငယ်က စကားကို လျှောချလိုက်ရသည်။

"ပေးမဖတ်ချင်လည်း နေပါ"

ခင်မျိုးကြွယ်က နှုတ်ခမ်းကို စူပြဟန်ပြုကာ လှည့်ထွက်သွားသည်။

"မင်းကတော့ တကယ့်ကောင်ပဲ" ခင်မျိုးကြွယ် ထွက်သွားသည်နှင့် ကိုငယ်က မြင့်ဆွေကို ပြောတော့သည်။

"တစ်နေ့ကျ ကျေးဇူးရှင်ကြီးဆိုပြီး ငါ့ကို ဆည်းကပ်ကိုးကွယ်ချင်ပါတယ် ဆိုလာရင် ငါစဉ်းစားရလိမ့်မယ်နော်"

"ကဲ ... ကျေးဇူးရှင်ကြီး၊ ရှေ့က မြန်မြန်ကြွ၊ အချိန်မမီလို့ ထမင်းငတ်နေအုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ်က မြင့်ဆွေကို အတန်းအပြင်သို့ တွန်းထုတ်လိုက်သည်။ ပြီးတော့ သူလည်း နောက်က လိုက်လာသည်။

လမ်းတွင် မောင်မောင်နှင့် တွေ့သည်။

"ကိုငယ် နက်ဖြန် မမေ့နဲ့နော်" မောင်မောင်က လှမ်းသတိပေးသည်။

စောစောက အပျော်စိတ်များ ခန္ဓာကိုယ်မှ လွင့်ထွက်သွားသည်။ နက်ဖြန် မမန္တယ်ကို ပေးမည့်ရည်းစားစာ မောင်မောင်အတွက် ရေးပေးရဦးမှာပါလားဟူသော အသိက ဖိစီးလာသည်။ စိတ်ထဲတွင် လေးလံစွာ ခံစားလိုက်ရသည်။

"အေး ... ညရေးထားလိုက်မယ်" ဟူသော စကားကို ဘယ်လို ပြန်ပြောမိလိုက်သည်မသိ။

"ဒီကောင်ကတော့ လူမမာ အမဲခြောက်တောင်းတာကျနေတာပဲ" မြင့်ဆွေက ဝင်ပြောသည်။

"မင်းနဲ့ မဆိုင်ပါဘူးကွ" မောင်မောင်က အတည်လိုလိုနှင့် ပြောသည်။

"ခု မဆိုင်ပေမယ့် တစ်နေ့ကျ ဆိုင်လာမှာပေါ့ ရွှေယောက်ဖရာ"

မြင့်ဆွေက ချက်ခြင်း ခွန်းတုံ့ပြန်သည်။ မောင်မောင် မျက်နှာနီသွားသည်။

"လူတွေ့ရင် နှမပဲတောင်းနေတာပဲ၊ ကြိုက်လို့ သတ္တိရှိရင်လည်း လိုက်ပြောပေါ့ကွာ၊ နားကြားပြင်း ကပ်တယ်" မောင်မောင်က ပြန်ပြောသည်။

"သတ္တိမရှိလို့ မပြောရဲပါဘူးကွာ၊ ရည်းစားစာ ပေးရ



အောင်လည်း မရေးတတ်လို့ ရေးတတ်တဲ့သူ လိုက်ရှာနေတုန်းရှိပါသေးတယ်"

မြင့်ဆွေက မောင်မောင့်ကို စောင်းပြောလိုက်သည်။

"ခွေးကောင်၊ ငါ့ကို စောင်းပြောတာမဟုတ်လား"

"တည့်တည့်ပြောတာပါ"

မြင့်ဆွေက ရယ်ကျဲကျဲ လုပ်ပြီး ပြောနေ၏။

မောင်မောင်သည် မြင့်ဆွေကို စကားနိုင်လု မပြောတတ်။

"တော်ပြီ၊ မင်းနဲ့စကားပြောရတာ လေကုန်တယ်" ခြေလှမ်းသွက်သွက်နှင့် မောင်မောင် လှမ်းထွက်သွားသည်

"မင်းလည်း အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်နေဦးမယ်"

ကိုငယ်က မြင့်ဆွေကို သတိပေးလိုက်သည်။

"နီလာကျော့အတွက်ဆိုရင် နှာခေါင်းသွေးထွက်မှာကိုသည်းမောင် မကြောက်ပြီ။ ဖင်က ဒူလာလိပ်ခေါင်းသွေးယိုမှာကိုသာ သည်းမောင်ကြောက်ပါသည်"

မြင့်ဆွေက သီချင်းလိုဆိုပြသည်။ ကိုငယ် ဗိုက်နှိပ်၍ ရယ်ရတော့သည်။ အပူပင်ကင်းမဲ့သော မြင့်ဆွေ၊ သောကဇုက္ခမရှိသောမြင့်ဆွေ၊ အလွမ်းအဆွေးနှင့် ဝေးသော မြင့်ဆွေ။ မြင့်ဆွေကို ကြည့်ကြည့်ပြီး သူရယ်နေရသည်မှာ သူ့စိတ်မှာပါ ပျော်လာ၏။

"ရယ်နိုင်တုန်း ရယ်ပေဦးတော့ မြင့်ဆွေရေ၊ ငိုရတော့မယ့် အခါကျတော့လည်း မင်းအတွက် လက်ကိုင်ပုဝါကြီးကြီး တစ်ထည် ငါဝယ်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ" မြင့်ဆွေက ခင်မျိုးကြွယ်လေသံနှင့် ပြန်မေးသည်။

"မင်း လိပ်ခေါင်းသုတ်ဖို့လေ" ကိုငယ်က ပြောလိုက်သည်။

"ထွိ ... ထမင်းစားခါနီး၊ ဒီကလေး ဘာတွေ လာပြောနေတာလဲ" မျက်နှာကြောတင်းတင်းနှင့် အဘိုးကြီးပုံစံနှင့် ပြောပြန်သည်။

ကိုငယ့်မှာ ဇူတက်မတတ်ရယ် နေရသည်။

သည်လိုမျိုး အမြဲတမ်း ပျော်နေရရင် ကောင်းမှာပဲဟု ကိုငယ် ဖျတ်ကနဲ တွေးလိုက်မိသည်။

□ □ □

(၆)

နေ့လည်ကျောင်းပြန်တက်ပြီး မကြာမီ ကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲကို ကျောင်းခန်းမတွင် ကျင်းပသည်။

မြင့်ဆွေပွဲစဉ်က ပထမဆုံး။ လှည်းကူး အ. ထ. ကနှင့် ပြိုင်ရသည်။

ကိုငယ်က မြင့်ဆွေ အဝတ်အစား၊ စာအုပ်တွေသိမ်းထားပေးရသည်။ ကိုငယ့်ဘေးက မောင်မောင်။ တစ်ဘက် မှာ မမနွယ်နှင့် သူ့အဖော် မရင်စန်း၊ အခြားတစ်ဘက်မှာ နီလာကျော်နှင့် ခင်မျိုးကြွယ်။ ကိုငယ်အားလုံးကို တွေ့လိုက်ရသည်။ မသိချင်ယောင်ဆောင်လိုက်၏။ မြင့်ဆွေတို့ ရိုက်မည့်ပွဲကိုသာ အာရုံ စိုက်လိုက်သည်။

စ, ကစားသည်နှင့် မြင့်ဆွေက အမှတ် ရသည်။ ရသည့် အမှတ်ကလည်း ထိုက်ထိုက်တန်တန်၊ ပိုက်ပေါ်တွင် ကြက်တောင်က တစ်ပတ်ကျွမ်းထိုးကာ တစ်ဖက်ကို ကပ်ကျ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ တစ်ဖက်ကလိုက်၍ မရ။ နီလာကျော်တို့ အုပ်စုက အားပါးတရ အော်ဟစ် အားပေးကြသည်။

နီလာကျော်ကတော့ မြင့်ဆွေ လှုပ်ရှားမှု မှန်သမျှ အကုန်လိုက်ကြည့်နေသည်။ တက်တက်ကြွကြွကို အားပေးနေ၏။ ကိုငယ်မှာ ကိုယ့်သူငယ်ချင်းကို နိုင်စေချင်သော်လည်း အားကစားပွဲကိုကြည့်ခဲ့သဖြင့် တက်တက်ကြွကြွ အားမပေးတတ်။ အားပေးနေသူများကိုသာ လိုက်ကြည့်နေမိသည်။ တစ်ချက် တစ်ချက် မျက်လုံးက မမနွယ်တို့ဘက်ရောက်သွားသည်။ မမနွယ်ကလည်း သူတို့ဘက်ကို ကြည့်နေသည်။ မောင်မောင်ကို ကြည့်မှာပဲဟု ခံစား နားလည်လိုက်သည်။ မောင်မောင်ကလည်း မကြာခဏ မမနွယ်ကို လှမ်းကြည့်နေ၏။ ကြက်တောင်ကျသွား၍ အရိုက်ရပ်သွားတိုင်း မမနွယ်ကို မောင်မောင်စိုက်ကြည့်နေတတ်သည်။ သည်ကြားထဲ ခင်မျိုးကြွယ်ကလည်း သူ့ကို မကြာမကြာ လှမ်းကြည့်နေမှန်းလည်း ကိုငယ် သိ၏။ မသိချင်ယောင်သူ ဆောင်လိုက်သည်။

မြင့်ဆွေမှာ အနိုင်ရရှိရေးကို လုံးပမ်းနေသဖြင့် ဘယ်သူ့ကိုမျှ သတိမရအား။ လက်ရည်ချင်းကွာသဖြင့် မြင့်ဆွေ ခက်ခက်ခဲခဲ မရိုက်ရ။ မြင့်ဆွေက လက်ကောက်ဝတ်ကို သုံးတတ်သည်။ အနီးကပ် တို့ထားမလိုနှင့် လက်ကောက်ဝတ်ကို ဆတ်လိုက်သောအခါ ကြက်တောင်သည် နောက်သို့ ရောက်သွား၏။ တစ်ဖက်လူက ရှေ့နားကျမလို ထင်၍ ပြေးလိုက်သောအခါ ကြက်တောင်က နောက်ရောက်နေပြီ။ သူ မလိုက်နိုင်တော့။ ဒီတစ်ချက်နှင့်ပင် မြင့်ဆွေ အသာစီးရနေ၏။ နောက်တစ်ချက်က မြင့်ဆွေက ခုတ်ချတော့မည်ဟန်ပြင်ပြီး တွစ်(စ်)နှင့် ပိုက်ရှေ့နားသို့ အရှိန်သပ် ရိုက်တတ်သည်။ တစ်ဖက်လူ ရှုံးပေရော့။



သည်ပွဲတွင် မြင့်ဆွေက ပွဲ သုံးပွဲတွင် နှစ်ပွဲ ပြတ်နိုင်လိုက်သည်။

မြင့်ဆွေ အပြုံးမပျက် ကွင်းထဲမှ ထွက်လာသည်။

“ငါ ရေသောက်ချင်တယ်ကွာ” မြင့်ဆွေက ပြောသည်။

“ငါ သွားရှာပေးမယ်” မောင်မောင်က ထသွားသည်။ ကိုငယ်မှာ စာအုပ်တွေ အဝတ်အစားတွေနှင့်ဆိုတော့ မသွားဖြစ်။ ခဏနေတော့ သံပုရာရည်လာတိုက်သည်။ ကျောင်းအစီအစဉ်နှင့် တိုက်ခြင်းဖြစ်သည်။ လာတိုက်သည့်အဖွဲ့ နီလာကျော်တို့အဖွဲ့။

“ကိုမြင့်ဆွေက သိပ်တော်တာပဲ” မကြည်စန်းက ချီးကျူးသည်။

နီလာကျော်က ဘာမျှမပြော။ ပြုံးပြုံးကြီး စိုက်ကြည့်နေ၏။ မြင့်ဆွေက မကြည်စန်းကမ်းပေးသော သံပုရာရည်ကို အမောပြေသောက်နေ၏။

“သံပုရာရည်ကလည်း ကောင်းလိုက်တာ၊ မောနေလို့လား မသိဘူး” မြင့်ဆွေ ချီးကျူးလိုက်၏။

“ကောင်းမှာပေါ့ စေတနာအပြည့်အဝနဲ့ ဒေါ်နီလာကျော်ကိုယ်တိုင် ဖျော်ထားတာပဲ” မကြည်စန်းက ပြောလိုက်သည်။

နီလာကျော်က မကြည်စန်းကို လှမ်းဆိတ်လိုက်၏။

“ဒါကြောင့် ကောင်းတာနေမှာ” မြင့်ဆွေကလည်း ပြုံး၍ ပြောလိုက်၏။ နီလာကျော့်မျက်နှာ ရှက်သွေးဖြာသွား၏။ သတောကျသွားပုံလည်း ရသည်။

“သွားတော့မယ်၊ နောက်တစ်ပွဲလည်း နိုင်အောင် ရိုက်

www.burmeseclassic.com

www.burmeseclassic.com

နေ၁်" နီလာကျော်က ပြန်ကာနီး တိုးတိုးလေး ကပ်ပြောသွားသည်။

"အားပေးတဲ့သူ ရှိနေမှ်တော့ နိုင်မှာပါ" မကြည်စန်းက ဝင်ပြောသည်။

"ကျွန်တော်ပြောဖို့ ထားပါအုံးလား" မြင့်ဆွေက မကြည်စန်းကို ပြန်ပြောသည်။ သို့သော်လည်း မျက်လုံးက ချက်ခြင်း နီလာကျော်ဆီ ရောက်သွားသည်။

မြင့်ဆွေစကားကို ကြားတော့ မကြည်စန်း ရယ်သည်။ နီလာကျော်ကလည်း မပွင့်တပွင့်လေး ပြုံးရယ်သည်။

"လာ သွားရအောင်" မကြည်စန်းကို နီလာကျော် လက်ဆွဲခေါ်သွားသည်။

"သူငယ်ချင်း အအေးပတ်နေအုံးမယ်၊ အကျီင်္ဝတ်ထားအုံး" ကိုငယ်က သတိပေးရသည်။ မြင့်ဆွေ ခုမှ ကိုငယ့်ကို သတိရသည်။

မောင်မောင်လည်း ရောက်လာသည်။

"ရေက အလွယ်တကူမရှိတာနဲ့ ကျောင်းဘောက်အထိ သွားခပ်ရတယ်"

မောင်မောင်က မြင့်ဆွေကို ရေခွက်လှမ်းပေးရင် ပြောလိုက်သည်။

"မင်းရေခပ် ကြာနေတာလည်း ကောင်းပါတယ်" ကိုငယ်က ဝင်ပြောလိုက်၏။

မြင့်ဆွေ ပြုံးနေသည်။ ရေသောက်ပြီး ခွက်ကို မောင်မောင်ကို လှမ်းပေးရင် ...

"ကျေးဇူးတင်ပါတယ် ရွှေယောက်ဖရယ်"



"ခွေးကောင်၊ ရေလည်း ခပ်နိုင်းတယ်၊ နှမလည်း တောင်းတယ်၊ ဘာကောင်းလဲ"

မောင်မောင်က ပြုံး၍ ပြန်ပြောသည်။

မြင့်ဆွေ ဆက်မပြောတော့။ မျက်နှာသုတ်ပုဝါ အသေးစားနှင့် ချွေးတွေ သုတ်နေသည်။ ထိုစဉ် ဒုတိယပွဲစသည်။ တိုက်ကြီးနှင့် လှည်းကူး။ အကြိတ်အနယ် ကစားကြရသည်။ ကိုယ့် လူမပါသဖြင့် ကိုငယ် သိပ်စိတ်မဝင်စား။ ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်။ စိတ်ထိန်းထားသည့်ကြားက မမနွယ်ကို ကြည့်ဖြစ်သည်။ မမနွယ်ကလည်း သူတို့ဘက်ကို ကြည့်နေသည်။ မောင်မောင့်ဆီကိုပါ။ ကိုငယ် သိလိုက်ပါပြီ။ သူ ညရေးမယ့် ရည်းစားစာသည်၊ သိပ်အရေးမကြီးနိုင်။

တစ်ခါတစ်ရံတော့ မျက်လုံးက ခင်မျိုးကြွယ်ဘက်ကို ရောက်သွားသည်။ သူ့ကို မကြာမကြာ ကြည့်နေတတ်သော ခင်မျိုးကြွယ်မျက်လုံးနှင့် ဆုံမိတတ်သည်။ ထိုအခါ သူက မသိချင် ယောင်ဆောင်လိုက်သည်။

ပွဲကလည်း ကောင်းနေသည်။ ဆူဆူညံညံ အားပေးသံများကြောင့် ကိုငယ်ပွဲဘက်သို့ အာရုံပြန်ရောက်သွားသည်။ တိုက်ကြီးက လှည်းကူးကို ပထမပွဲငယ်တွင် နိုင်သွားသည်။ တစ်ဘက်နှင့် တစ်ဘက် အကြိတ်အနယ် ကစားရသောပွဲဖြစ်သဖြင့် ကြည့်ကောင်းသည်။ နောက်တစ်ပွဲတွင် လှည်းကူးက တိုက်ကြီးကို ပြန်နိုင်သည်။ နောက်ဆုံး ဗိုလ်လုပွဲတွင် တစ်ဘက်နှင့် တစ်ဘက် အနိုင်မခံ အရှုံးမပေး ကစားနေသဖြင့် ကြည့်၍ ကောင်းလှသည်။ တစ်ကျောင်းလုံးကလည်း နှစ်ဘက်စလုံးကို မျှ၍ အားပေးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ကြီး နိုင်မှာပါကွာ" မြင့်ဆွေက ပြောလိုက်သဖြင့် ကိုငယ်, မြင့်ဆွေဘက် လှည့်လိုက်သည်။

"မင်းကိုတော့ သူတို့ မနိုင်နိုင်ပါဘူး" ကိုငယ်က ပြန်ပြောလိုက်၏။

"တိုက်ကြီးကိုတော့ သိပ်အထင်မသေးနဲ့နော်၊ ဒီကောင် အမောခံနိုင်တယ်" မောင်မောင်က ဝင်ပြောသည်။

"သည်ပွဲ ပြီးရင် မင်းကစားရမှာလား"

ကိုငယ်က မြင့်ဆွေကို မေးလိုက်၏။

"အေး ... နိုင်တဲ့လူနဲ့ ငါကစားရမယ်၊ သူတို့ နာရီဝက်လောက်တော့ အနားပေးမယ် ထင်တယ်"

"ဟော့ကောင် ... မင်းမပေါ့နဲ့နော် ရှုံးနေအုံးမယ်"

မောင်မောင်က သတိပေးလိုက်သည်။

"စိတ်ချပါ ရွှေယောက်ဖရာ၊ မင်းညီမတစ်ယောက်လုံး အားပေးနေမှတော့ ငါမရှုံးနိုင်ပါဘူး"

"ချန်ပီယံဖြစ်ရင် ငါ့ညီမ ပေးမယ်ကွာ၊ နိုင်အောင်သာ ရိုက်" မောင်မောင်က ရယ်ရယ်ပြုံးပြုံး ပြန်ဖြေသည်။

ထိုစဉ်မှာပင် ပွဲပြီးသွားသည်။ တိုက်ကြီး နိုင်သွားသည်။ မြင့်ဆွေ တိုက်ကြီးနှင့် ရိုက်ရတော့မည်။ ပွဲကို ခဏနား၏။ မြင့်ဆွေ သွေးပူလေ့ကျင့်ခန်းလုပ်ရန် ခန်းမအပြင်သို့ ထွက်သွား၏။

ကိုငယ်နှင့် မောင်မောင် ကျန်ခဲ့သည်။ လူရှင်းနေတုန်း မောင်မောင်က ကိုငယ့်ကို သတိပေးသည်။

"ညကျ ရေးခဲ့ဖို့ မေ့ မနေနဲ့နော်"

"အိမ်လိုက်ပြီး၊ သတိပေးပါအုံးလား" ကိုငယ်က ပြောလိုက်သည်။



"စိတ်ပူလို့ပါကွာ"

"စိတ်ပူမယ်ဆိုလည်း ပူလောက်ပါတယ်"

ကိုငယ် ပြုံး၍ ပြောလိုက်ရင်း ကွင်းတစ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ မမနွယ် မျက်လုံးနှင့် ဖျတ်ကနဲ ဆုံလိုက်၏။ ဘယ်ဆီက ရွေ့ရှားလာသော မျက်လုံးများနည်း။ ကိုငယ် အမှတ်တမဲ့ ဖြစ်ဟန်ဆောင်လိုက်သည်။ ပြီးတော့ မောင်မောင်ကို လှည့်ကြည့်လိုက်သည်။ ကွင်းတစ်ဘက်သို့ စိုက်ကြည့်နေသော မောင်မောင်ကို တွေ့လိုက်ရသည်။ ချစ်ခြင်းအစ မျက်စိက ဆိုတာ မှန်လိမ့်မည်ဟုလည်း တွေးနေ၏။

"ရော့ သူငယ်ချင်း ယူထားအုံး" မြင့်ဆွေ မျက်နှာသုတ်ပုဝါကို ကမ်းပေးမှ အတွေးပြတ်သွားသည်။ မြင့်ဆွေကွင်းထဲသို့ ဝင်သွားသည်။ တစ်ဘက်လူလည်း ကွင်းထဲသို့ ဝင်လာသည်။ မြင့်ဆွေက ကြက်တောင်စမ်းနေသည်။ ခဏနေတော့ မျောက်ပန်းလှန်သည်။ မြင့်ဆွေ ကြက်တောင် စပေးခွင့်ရသည်။ စစချင်း မြင့်ဆွေ တစ်မှတ်စရသည်။ လက်ခုပ်သြဘာသံများ ဆူညံသွား၏။

"နီလာကျော် အားပါးတရ လက်ခုပ်တီးအားပေးနေသည်ကို ကိုငယ်တွေ့ရသည်။ မောင်မောင့်ကို အသာလက်တို့၍ ပြသည်။

"ဒီလောက်တော့ ရှိမှာပေါ့ကွာ" မောင်မောင်က ပြန်ဖြေသည်။

တစ်ကျောင်းလုံးက မြင့်ဆွေကို အားပေးနေသည်။ ဆရာကြီးကိုယ်တိုင် လာကြည့်၏။ မြင့်ဆွေ အမှတ်တွေရလေ တော့ ပြုံးပြုံးကြီးဖြစ်နေသည်။ မြင့်ဆွေနိုင်မှာပဲဟု အသေအချာ သိနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြင့်ဆွေ နိုင်မှာပဲကွ" မောင်မောင်က မှတ်ချက်ချသည်။

ကိုယ်ကလည်း မြင့်ဆွေ နိုင်မည်ဟု ထင်သည်။ ထင်သည့်အတိုင်း နှစ်ပွဲပြတ်နှင့် နိုင်သည်။ ဆရာကြီးလည်း ပြုံး၊ တစ်ကျောင်းလုံးလည်း ပြုံးနေကြသည်။ မြင့်ဆွေ ကွင်းထဲမှ ထွက်လာသည်။ ကိုယ့်ဆီ လျှောက်လာသည်။

"ကိုမြင့်ဆွေ နိုင်မှာပဲလို့ ထင်နေတာ၊ ထင်တဲ့အတိုင်းပဲ" မကြည်စန်းက သံပုရာရည် လာပေးရင်း ပြောလိုက်သည်။ သူ့နောက်နားတွင် နီလာကျော် ကပ်ပါလာသည်။ မောင်မောင် မသိမသာ ထထွက်သွား၏။

"ကိုမြင့်ဆွေနိုင်မှ နိုင်ပါ့မလားလို့ စိတ်ပူလိုက်ရတာ"

နီလာကျော်က အားရဝမ်းသာ လာပြော၏။

"အားလုံးအတွက် ကျွန်တော်အစွမ်းကုန်ကြိုးစားခဲ့ပါတယ်"

မြင့်ဆွေ စကားကြားတော့ ကိုယ်ပြုံးမိသည်။ ဒီကောင် အလာကြီးပဲဟု စိတ်ထဲ မှတ်ချက်ချနေမိသည်။ သူတစ်ခွန်းမျှ ဒါ်မပြော။ စိန်ကောင်၊ ကျောက်ကောင်၊ ရောင်းဝယ်နေစဉ် ဆေးရိုးသည် ကန့်လန့်ကန့်လန့် မပါချင်။ သူ့ အသာကြည့်နေလိုက်သည်။

"အားလုံးအတွက်ဆိုတော့၊ သူ့ အတွက်လည်း ပါမှာပေါ့နော်" နီလာကျော်ကို မေးငေါ့ပြရင်း မကြည်စန်းက ပြောလိုက်သည်။ နီလာကျော် မျက်နှာရဲသွားသည်။ မကြည်စန်းကို မျက်စောင်းလှလှ ထိုးလိုက်၏။ စိတ်ထဲမှာတော့ကျေနပ်မိသလိုပဲ။

"အားလုံးဆိုတော့၊ မကြည်စန်းတို့လည်း ပါတာပေါ့" မြင့်ဆွေက ဗလုံးပထွေး ဖြေလိုက်သည်။



"မကြည်စန်းတို့ဆိုတော့ တစ်ခြားဘယ်သူတွေ ပါသေးလို့လဲ" သိရက်နှင့် မသိဟန်ဆောင်ပြီး မကြည်စန်း မေးပြန်သည်။

"မနီလာကျော်တို့လည်း ပါတယ်လို့ ဆိုချင်တာပါ"

မြင့်ဆွေ အတိအလင်းပင် ဝန်ခံပြောဆိုရတော့သည်။

"သွားကြရအောင်" နီလာကျော်က မကြည်စန်းကို ဆွဲခေါ်သည်။

"သွားမယ်နော်" မြင့်ဆွေကိုလည်း ပြုံးပြနှုတ်ဆက်သွား၏။

"ရော့ သူငယ်ချင်း၊ အအေးပတ်နေအုံးမယ်"

ကိုယ်က မျက်နှာသုတ်ပုဝါ လှမ်းပေးလိုက်သည်။

"ဟုတ်သားပဲ၊ ချွေးသုတ်ဖို့ မေ့နေလိုက်တာ" မြင့်ဆွေ ပြန်ပြောသည်။

"မေ့သင့်ပါတယ် သူငယ်ချင်းရာ"

ကိုယ် ပြောလိုက်၍ မြင့်ဆွေ ရယ်နေသည်။

ပွဲပြီးသွားပြီ ဖြစ်သဖြင့် ကွင်းအတွင်းတွင် လူနည်းသွားသည်။ တစ်စစနှင့် အတန်းထဲသို့ ပြန်သွားကြရသည်။ မြင့်ဆွေက ရပ်ဝေးမှ အားကစားသမားများကို နှုတ်ဆက်စကားပြောနေသဖြင့် ကိုယ် ရပ်စောင့်နေရသည်။ ခဏနေမှ မြင့်ဆွေ အခန်းထဲမှ ထွက်လာသည်။

"သွားကြရအောင်" ဆိုကာ မြင့်ဆွေက အတန်းသို့ သွားသည်။ နောက်က ကိုယ်လိုက်လာသည်။ နီလာကျော်တို့ အတန်းရှေ့မှ ဖြတ်လာသောအခါ နီလာကျော် လှမ်းကြည့်လိုက်သည်ကို တွေ့လိုက်ရသည်။ မြင့်ဆွေကလည်း အလိုလို လှည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးသား ဖြစ်နေ၏။ တိုင်မင်ထားသလားလို့ပင် အောက်မေ့ရသည်။ ကိုယ်က မသိဟန်ဆောင်လိုက်သည်။

"သည်နေ့ ငါ့စိတ်တွေတစ်မျိုးပဲ" မြင့်ဆွေက ပြောလိုက်သည်။

"ဟုတ်မှာပါ"

"အတန်းပိုင်ဆရာဆီ ခွင့်တောင်းပြီး တို့ပြန်ကြရအောင်"

"မင်းသဘောပဲလေ"

မြင့်ဆွေ ဆရာ့ဆီသွားသည်။ အိမ်ပြန်အဝတ်အစားလဲချင်ကြောင်း ခွင့်တောင်းသည်။ ကျောင်းလွှတ်ချိန်လည်း နီးပြီဖြစ်၍ ဆရာကခွင့်ပေးသည်။ သူတို့နှစ်ယောက် အိမ်ပြန်လာသည်။ မြင့်ဆွေအိမ် ပထမဝင်၏။ မြင့်ဆွေက သူ့အမေကို တွေ့တွေ့ချင်း သူအနိုင်ရခဲ့ကြောင်း ပြောသည်။

"သားက ဘယ်ဆိုးလို့လဲ"သူ့အမေကပြောလိုက်သည်။

"သားမောလာတယ်ထင်တယ်၊ မေမေ သံပုရာရည်ဖျော်တိုက်မယ်" သူ့အမေက အကြင်နာစကားကို ဆိုသည်။ ထိုခဏ မှာပင် သူ့အဖေ ပြန်လာသည်။

"ဖေဖေ သားကြက်တောင်ပြိုင်ပွဲမှာ ပထမရခဲ့တယ်" မြင့်ဆွေက အားရဝမ်းသာပြော၏။

"ငါ့သားက သိပ်တော်တာပဲ။ သားကို ဖေဖေချီးကျူးပါတယ်။ ဘာပဲလုပ်လုပ် အောင်မြင်အောင် အနိုင်ရအောင် သားကြိုးစားလုပ်ကိုင်တာ ဖေဖေဂုဏ်ယူတယ်၊ စာမေးပွဲမှာလည်း အောင်မြင်အောင် ကြိုးစားရမယ်သိလားသား"

မြင့်ဆွေအဖေက သူ့သားကို ချီးကျူးအားပေး စကားပြောနေသည်။



ကိုယ် ဝမ်းနည်းသွားမိ၏။ သူ့အဖေလည်း သူ့ကို ဒီလိုသာ ချီးကျူးအားပေးစကားတွေ ပြောပြီး၊ အစစအရာရာ ပြောဆိုဆုံးမလျှင် ကောင်းမှာပဲဟု စိတ်ထဲမှာ တောင့်တမိ၏။

"ကိုယ်လည်း ကြိုးစားနော်၊ သည်နှစ် ဟန်းမြင့် ကျောင်းထွက် စာမေးပွဲဆိုတော့ ပေါ့လို့မဖြစ်ဘူး၊ အစိုးရစစ် စာမေးပွဲဆိုတာ တော်ရုံနဲ့တော့ မအောင်မြင်နိုင်ဘူးကွ" ကိုယ့်ကိုလည်း ဆုံးမစကားပြောကြားသည်။

"ဟုတ်ကဲ့ဦးလေး" ကိုယ် ယဉ်ကျေးစွာ ပြန်ပြောသည်။

"သား.တို့ သူငယ်ချင်းနှစ်ယောက် စကားပြောကြဦး" ဟု ဆိုကာ မြင့်ဆွေ အဖေအိမ်ထဲဝင်သွားသည်။ ဧည့်ခန်းထဲတွင် မြင့်ဆွေနှင့် ကိုယ် ကျန်ရစ်ခဲ့သည်။

"ငါ ဒီနေ့ သိပ်စိတ်လှုပ်ရှားနေမိသလိုပဲ"

မြင့်ဆွေက စပြောသည်။

"ပြိုင်ပွဲမှာ အနိုင်ရတယ်ဆိုတော့ စိတ်လှုပ်ရှားစရာပဲပေါ့"

"အဲ့ဒါကြောင့်ကော့ မဟုတ်ဘူး၊ တစ်မျိုးပဲကွာ"

"နီလာကျော်က ဒီနေ့ မင်းကို သိပ်ဂရုစိုက်လွန်းလို့ထင်တယ်"

"ဟုတ်လိမ့်မယ် ထင်တယ်။ ငါ့စိတ်ထဲ တစ်မျိုးဖြစ်နေတယ်။ မင်းကော အဲ့ဒီလိုမျိုး ဖြစ်ဖူးလား"

"မဖြစ်ဘူးလို့ ထင်တယ်" ကိုယ် စဉ်းစဉ်းစားစားနှင့် ပြန်ဖြေသည်။

"နီလာကျော့်ကို ငါ့မျက်စိထဲမှာ စွဲနေတယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းလည်း ခေါင်းထဲမှာ တွေးနေမိတယ်။ ကြက်တောင်ရိုက်နေရင်းနဲ့တောင် သူ့ကို သတိရပြီး လှမ်းကြည့်နေမိတယ်"

"မင်းအဖြစ်က မလွယ်တော့ဘူးနဲ့ တူတယ်၊ ရောဂါဝင်နေပြီ"

ကိုငယ်က ရယ်ပြီး ပြောသည်။

"ဘာရောဂါလဲကွ" မြင့်ဆွေက ပြန်မေးသည်။

"အချစ်ရောဂါလေ" ကိုငယ်က ဖြေသည်။

"မောင်မောင်ကို စခဲ့နောက်ခဲ့တာတွေ ငါဝဋ်လည်တော့မယ် ထင်တယ်"

"ကုသဖို့ အချိန်မီသေးတာပဲ။ ဒါပေမယ့် ဆေးဆရာက ငါ မဟုတ်နိုင်ဘူး"

ပြောပြောဆိုဆိုနှင့် ကိုငယ်ထလိုက်သည်။

"ပြန်တော့မယ် သူငယ်ချင်း" ကိုငယ် နှုတ်ဆက်သည်။

"ညနေ လာဦးမလား"

မြင့်ဆွေက အိမ်ဝအထိလိုက်ပို့ရင်း မေးလိုက်သည်။

"ဒီ ညနေတော့ လာဖြစ်မယ် မထင်ဘူး၊ မောင်မောင့်အတွက် စာရေးပေးရဦးမယ်"

"လိုရမယ်ရ ငါ့အတွက်ပါ စဉ်းစားထားနှင့်ပေါ့ကွာ" မြင့်ဆွေ ရယ်မောသလို ပြောသည်။

"မင်းအတွက်ဆို အကောင်းဆုံးဖြစ်အောင် ငါရေးပေးနိုင်မှာပါ"

ကိုငယ် တာဝန်ခံသည်။ မြင့်ဆွေကို သနားပြုံး လေးပြုံးကြည့်လိုက်သည်။

□ □ □

(၃)

ကိုငယ် အိမ်ရောက်တော့ ရေကို အမြန်ထမ်းသည်။ မမနွယ်နှင့် မတွေ့အောင် ရှောင်သည်။ သူတို့ အိမ်ဖိုချောင်ထဲရှိ စဉ့်အိုးထဲ ရေထည့်ပေးပါဦးဟု မမနွယ် အမေက နိုင်းလာသောအခါ ကိုငယ်ရှောင်မရ။ မီးဖိုချောင်ဘေးရှိ စိန်ပန်းပင်အောက်တွင် သတင်းစာဖတ်နေသော မမနွယ်ကို တွေ့သည်။ ကိုငယ့်ကိုတွေ့တော့ ပက်လက်ကုလားထိုင်ပေါ်မှ ထလာသည်။

"မြင့်ဆွေက ဘယ်ဆိုးလို့လဲဟ" မမနွယ်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က အားကစားမှာ တော်တယ်"

"မောင်မောင်နဲ့ နင်တို့က သိပ်ခင်ကြတာပဲလား"

အဆက်အစပ်မရှိဘဲ မမနွယ်က မေးလိုက်သည်။

"ခင်ပါတယ်"

"မောင်မောင်ကလည်း စာမှာတော်တာပဲ၊ နင့် သူငယ်ချင်းတွေက တစ်ခုခုတော့ တော်ကြတာပဲ၊ နင်ပဲ လိုတော့တယ်"

မမနွယ်၏ အထင်သေးရိပ်ပါသော စကားလုံးများသည် ကိုငယ်ရင်တွင်းသို့ စူးရှစွာ ဝင်လာသည်။ သူ့ သူငယ်ချင်းများကို အထင်ကြီးပြီး သူ့ကို အထင်မကြီးနိုင်သော မမနွယ်ကို သူ သဘောပေါက်နားလည်စွာ ကြည့်လိုက်သည်။

"ကျွန်တော့်ကို မမနွယ် အထင်မကြီးတာ သဘာဝကျပါတယ်လေ။ အရက်သမား အောက်တန်းစာရေးသား၊ သူများအိမ်မှာ ရေထမ်းပေးနေရတဲ့ ကဗျာရူး စာရူး တစ်ယောက်ကို မမနွယ် ဘယ်မှာလာ အထင်ကြီးနိုင်မှာလဲ၊ ဒါပေမယ့် မမနွယ်ရယ် တစ်နေ့မှာတော့ ကျွန်တော့်ကို မမနွယ် အထင်ကြီးလာရမှာပါ"

ကိုငယ် ပြောချင်သောစကားများသည် လည်ချောင်းအဝထိ လိပ်တက်လာသော်လည်း သူမပြောဖြစ်။ အယူခံဝင်တာမျိုး မဖြစ်ချင်။ ပြောသမျှ ငုံ့ခံရမည့်ဘဝတွင် ငုံ့ခံနေလိုက်ခြင်းက အကောင်းဆုံး ဖြစ်မည်ဟု ကိုငယ် ဆုံးဖြတ်လိုက်သည်။

"တစ်ခုခုကို ထူးချွန်အောင် လုပ်ပါလားဟ။ ယောက်ျားဆိုတာ ထူးချွန်မှ တန်ဖိုးရှိတယ်။ နင့်ကြည့်ရတာ ငေးတိ ငေးမှိုင်နဲ့ သွက်သွက်လက်လက် မရှိဘူး။ ငါက နင့်ကို မောင်မောင်တို့ မြင့်ဆွေတို့လို ထူးထူးချွန်ချွန် မြင်ချင်တာ"



"မမနွယ်ရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် မမနွယ်ဖြစ်စေချင်တဲ့ ဆန္ဒကို မဖြည့်စွမ်းပေးနိုင်တဲ့ အတွက် စိတ်မကောင်းပါဘူး"

ကိုငယ်က ဝမ်းနည်းစကား ပြန်ပြောသည်။

"ဘာပဲဖြစ်ဖြစ်၊ စာမေးပွဲအောင် အောင် ကြိုးစားနိုင်ရင် ငါကျေနပ်ပါပြီဟာ၊ ငါ့မောင်က လိမ္မာပါတယ်" မမနွယ်က ချွေးသိပ်စကားဆိုသည်။

"ကျွန်တော် ကြိုးစားပါ့မယ်"

ကိုငယ်က နွယ်နွယ်ဧ‌ေ အလိုကျပြန်ဖြေပြီး၊ ရေတွင်းသို့ထွက်လာသည်။ ရေကို အမြန်ဆုံး ပြီးအောင် ခပ်ပြီး၊ အိမ်ကို ပြန်လာသည်။ အိမ်ရောက်တော့ ထူးထူးဆန်းဆန်း သူ့အဖေရောက်နေသည်။ မျက်ထောင့်နီနီကြီးနှင့် သူ့ကို စိုက်ကြည့်နေသည်။ အဖေ ရေချိန်ကိုက်လာဟန် တူသည်။ သူ့အဖေရှိရာ မသွား။ သူ့စာကြည့်စားပွဲရှိရာသို့ သွားသည်။ ကုလားထိုင်နောက်မှီတွင် ကပ်ထားသော ပုဆိုးကိုယူ၍ ရေတွင်းတွင် ရေသွားချိုးသည်။ ရေချိုးပြီးတော့ ထမင်းက ဆာလာသည်။ မီးဖိုချောင်တွင် အဖေရှိနေ၍ သူ ထမင်း မသွားစား။ စာကြည့်စားပွဲတွင် ထိုင်၍ သချာတွက်ဖို့ ဟန်ပြင်သည်။ သချာမတွက်တတ်။ သူသည် အတွက်အချက်၌ အင်မကျန်ညံ့ပေသည်။

သည်ကြားထဲ မီးဖိုချောင်ထဲမှာ အမေ၏ ဆူပူညည်းညူသံကို ကြားရသည်။ အဖေ၏ အော်သံ ဟစ်သံကိုလည်း ကြားရ၏။ ခဏနေတော့ အသံတိတ်သွားသည်။ အမေ့အရက်ဖိုးရသွားဟန်တူသည်။ အပြင်ထွက်သွားသည်။ အမေ ထမင်းစားခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ညီငယ်ညီမငယ် အမေ စုစုပေါင်းလေးယောက် ထမင်းဝိုင်းစားကြသည်။ အမေ့မျက်နှာ မကောင်းသည်ကို သူ တွေ့ရသည်။

အဖေက သမီးတို့နဲ့ တစ်ခါမှ ထမင်းအတူ မစားဘူး သေးဖူးနော် အမေ" ညီမလေးက ဝမ်းနည်းစကားဆိုသည်။ ညီမလေးက ငါးတန်းရောက်ပြီ။ သိတတ်ပြီပဲ။

"အဖေ အရက်မသောက်ရင် ကောင်းမှာပဲ" ညီလေး ကတောင့်တသည်။

ညီငယ်က ခုနစ်တန်းရောက်ပြီ။ ရှက်တတ် ဝမ်းနည်း တတ်မှာပဲ။

ကိုငယ်က ဘာမှမပြောဘဲ ထမင်းကိုသာ ငုံစားနေ သည်။ အမေ့မျက်လုံးအိမ်တွင် မျက်ရည်တွေ ပြည့်လာသည်။ ထမင်းဝိုင်းမှ ထွက်သွား၏။ နောက်ဖေးသွားပြီး အမေတိတ်တိတ် ငိုတော့မည်။ အမေ့အတွက် စိတ်မကောင်း။ အရက်သမားမိန်းမ ဖြစ်ရသော အမေ့ကို ကိုငယ် သနားနေမိသည်။ အရက်သမား သားသမီးဖြစ်ရသော သူ့ဘဝကိုလည်း အားငယ်ဝမ်းနည်းမိ သည်။

"အဖေမရှိရင်တောင် ကောင်းအုံးမယ်၊ အမေငိုရ တော့မှာ မဟုတ်ဘူး။ ညီမလေးက အမေ့ဘက်မှ သနားစိတ်ဖြင့် ဆိုသည်။"

"အဖေအရက်ကို စွဲကတည်းက သားသမီးများနှင့် စိမ်းခဲ့ကြသည်။ အိပ်ယာထသည်နှင့် အရက်ပုလင်းရှာတော့ သည်။ အရက်ပုလင်း မတွေ့လျှင် အာသာမပြေလျှင် ဆူပူတော့



သည်။ အဖေ့ရန် ကြောက်၍ မိုးလင်းသည်နှင့် တတ်နိုင်သမျှ ကျောင်းစောစော သွားကြသည်။ ညနေအိမ် ပြန်ရောက်တော့ အဖေကအရက်ဆိုင်မှာ။ အဖေ ပြန်လာတော့ သူတို့ စာဖတ် သည်။ သို့မဟုတ် အိပ်ယာဝင်ကြသည်။ အဖေနှင့် အမေက တစ်ခန်း။ သူတို့မောင်နှမသုံးယောက်က တစ်ခန်း အိပ်ကြသဖြင့် တစ်ခါတစ်ရံ အဖေနှင့် မျက်နှာချင်းမဆိုင်မိကြ။

ကိုငယ်သည် အဖေ့အကြောင်း တွေးမိသောအခါ စိတ်ဆင်းရဲလာသည်။

ထမင်းကိုပင် စားချင်စိတ်မရှိတော့။ ထမင်းပန်းကန် သွားဆေးပြီး သူ့အခန်းသို့သွားသည်။ အမေ့ကို ရေကပြင်မှာ ငိုနေသည်ကိုတွေ့ခဲ့ရသဖြင့် ရင်ထဲတွင် ဝမ်းနည်းစွာ ခံစားရ သည်။ စားပွဲမှာ ထိုင်ပြီး အင်္ဂလိပ်စာဖတ်မည်ပြုသော်လည်း စာ ထဲတွင် စိတ်မဝင်စား။ သူ့အိပ်ရာပေါ်တွင် လှဲအိပ်ပြီး တွေးချင် ရာတွေးနေမိတော့သည်။

"အစ်ကိုလတ် အိပ်ပြီလား"ညီမလေး နီနီကမေးသည်။

"ခေါင်းကိုက်လို့ လှဲနေတာပါ" ကိုငယ်က ပြန်ပြော လိုက်သည်။

"ခေါင်းကိုက်ရင် နီနီ နှိပ်ပေးမယ်လေ"

ညီမလေးက အကြင်နာစကားကို ဆိုသည်။ ကိုငယ်ဆီ ကိုလာပြီး ခေါင်းကိုလာ စမ်း၏။ အဖေကို မချစ်ရသဖြင့် အစ်ကို ကို ချစ်နေသော ညီမလေး။ ကိုငယ် ဝမ်းနည်းဝမ်းသာဖြစ်သွား သည်။ ညီမလေး၏ အကြင်နာစကားသည် ရင်ထဲတွင် အေးစိမ့် သွားသည်။ အဖေ၏ လျစ်လျူရှုခြင်းကို ခံရသော ညီမလေးအ တွက်လည်း ဝမ်းနည်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေရင် ပျောက်သွားမှာပါ၊ ညီမလေး စာသာ ညီမလေး သွားဖတ်ပါ"

ကိုယ်က ပြောလိုက်သည်။ ညီထွေးကတော့ သူ့စားပွဲမှာထိုင်ပြီး စာဖတ်ဖို့ ဟန်ပြင်သည်။ နီနီလည်း သူ့နေရာ သူသွားထိုင်ပြီး စာဖတ်သည်။ ကိုယ်သည် ညီ၊ ညီမတွေ အကြောင်းလည်း ခေါင်းထဲတွင် ထည့်တွေးလာ၏။

ညီထွေးက ကြိုးစားသည်။ အချိန်မှန်မှန် ကျောင်းသွားသည်၊ ကစားသည်၊ စာမှန်မှန်ကျက်သည်။ စကားများများ မပြော။ သူ့စာအုပ် သူ့ပစ္စည်းများကို သပ်သပ်ရပ်ရပ်ထားသည်။ အတန်းထဲတွင် ပထမ၊ ဒုတိယ၊ တတိယ တစ်ခုခု အမြဲတမ်း ချိတ်သည်။ ညီမလေး နီနီကတော့ ညီထွေးလောက် ဝီရိယမရှိ။ ဉာဏ်ထက်သဖြင့် စာကို ခဏကျက်ရုံနှင့်ရသည်။ စာမေးပွဲတော့ အမြဲတမ်းအောင်သည်။ ပထမ၊ ဒုတိယ၊ တတိယတော့ မရတတ်။

သူသာလျှင် အစ်ကိုကြီးဖြစ်ပြီး ညံ့နေသည်။ အင်္ဂလိပ်စာနှင့် သင်္ချာမှာ ကျနေ၏။ အထူးသဖြင့် သင်္ချာဘာသာမှာ အောင်မှတ် ၄၀ ဘယ်တော့မျှ မရတတ်။ ညီ၊ ညီမလေးတို့အတွက် စံပြဖြစ်အောင် သူကြိုးစားရမည်ဟု သိနားလည်လာသည်။ အိပ်ရာမှ သူထသည်။ လွယ်အိတ်ကိုယူ၍ စားပွဲထိုင်သည်။ အင်္ဂလိပ်စာကို သူဖတ်၏။ နားလည်သလိုရှိသော်လည်း နားမလည်။ သူကြိုးစား၍ ဖတ်သည်။ နားမလည်တာကို ဆရာ့မေးရန် မှတ်သားထား၏။ ပြီးတော့ သင်္ချာတွက်သည်။

စာထဲတွင် စိတ်ဝင်စားနေ၍ အချိန်မည်မျှ ကြာသွားမှန်း မသိ။ အိမ်ရှေ့တွင် အဖေ့အသံကို ကြားရသည်။



"သားရေ ခဏလာပါအုံး" ဟု အမေ့ခေါ်သံကို ကြားလိုက်ရသည်။ ကိုယ် အိမ်ရှေ့သို့ ပြေးထွက်သွား၏။

ဖိနပ်ချွတ်တွင် မူးလဲနေသော အဖေ့ကို တွေ့ရသည်။

"ငါ မမူးပါဘူးကွ၊ သွား ငါ့ကို လာမဆွဲနဲ့။ ငါ့ဘာသာ အိမ်ပေါ်တက်မယ်" ဟု ရုန်းကန်ထပြီး လှေခါးပေါ်တက်သည်။ ကိုယ် ကြည့်နေလိုက်သည်။ လှေခါးထစ်ကို ချော်နင်းပြီး အဖေ လိမ့်ကျသွားသည်။ ကိုယ် လှမ်းဆွဲလိုက်သော်လည်း မမှီလိုက်။ ခြေသလုံးရိုးနှင့် လှေခါးထစ် တိုက်မိသွားသည်။ အဖေ ပြန်မထနိုင်အောင် အော်ဟစ် ညည်းညူနေ၏။ အမေနှင့်နှစ်ယောက်မ,ကာ အိမ်ပေါ် ဆွဲတင်ရသည်။ မီးရောင်အောက်ရောက်မှ အဖေ ဒဏ်ရာကို ကြည့်ရသည်။ ယောင်နေပြီ။ ဒဏ်ရာကို အထိမခံနိုင်။ အဖေ အမူးပြေပြီး ညည်းညူနေသည်။

"သားငယ် ဆိုက်ကားသွားခေါ်" အမေက နိုင်းလိုက်သည်။

ညီထွေး အိမ်ပေါ်မှ ပြေးဆင်းသွားသည်။

"ဆေးရုံပို့မှ ဖြစ်မယ်။ မင်းအဖေကို အနွေးထည် ဝတ်ပေးထား" အမေက ကိုယ့်ကိုပြောသည်။ ကိုယ် အဖေ့အခန်းထဲမှ ကုတ်အင်္ကျီ သွားယူပြီး ဝတ်ပေးသည်။ ကိုယ်က ဂရုတစိုက် ပြုစုလုပ်ကိုင်ပေးနေသည်ကို သူ့အဖေသော့ ကြည့်နေ၏။ အမေက ဆေးရုံတက်လျှင် လိုအပ်မည့် အိပ်ရာနှင့် အခြားပစ္စည်းများကို စုစည်းနေသည်။ နီနီက အမေ့ကို ကူလုပ်ပေးနေ၏။ တစ်ချက်တစ်ချက် သူ့အဖေကိုလည်း သနားကြင်နာစိတ်နှင့် လှမ်းကြည့်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညီထွေး ပြန်လာသည်။ ဆိုက်ကားရပြီ။

"သားငယ်နဲ့ သမီးငယ်က နေခဲ့နော်။ မေမေ တော်ကြာ ပြန်လာမယ်" အမေက အိပ်ရာလိပ်ကို မ,သည်။ ညီထွေးနှင့် ကိုငယ်က အဖေကို ပွေ့သည်။ နီနီက ဆွဲခြင်းကို ယူသည်။ ဆိုက်ကားပေါ်သို့ တင်သည်။ အဖေ့ကို ရှေ့မှာထားပြီး အမေက နောက်က ထိုင်သည်။ ကိုငယ်က ဆိုက်ကားသမား နောက်ဘေးခုံမှာ ထိုင်သည်။

မမနွယ်တို့ အိမ်သားတွေလည်း ထွက်လာကြသည်။

"ဘာဖြစ်ကြတာလဲ" ဟု မမနွယ်တို့ အဖေက မေးလိုက်သည်။

"ကိုဘမောင် လှေခါးပေါ်က ချော်ကျပြီး ခြေထောက် မထောက်နိုင်တော့လို့" အမေက ပြန်ဖြေလိုက်သည်။

"လိုတာရှိရင် ပြော" ဝန်ထောက်ဦးမင်းနွယ်က ပြော၏။

"ဟုတ်ကဲ့" အမေက ပြန်ပြောသည်။ အဖေက ညည်းညူနေဆဲ။

ဆေးရုံရောက်တော့ ဆရာဝန်က အရိုးအက်သွားသည်ဟု ပြောသည်။ ကျောက်ပတ်တီး စည်းပေးသည်။ ဒီည တော့ ဒီမှာပဲ အိပ်။ သိပ်မလှုပ်ရှားနှင့် ပြောကာ ဆေးရုံတက် ခိုင်းသည်။ ခဏနေတော့ မြင့်ဆွေတို့အဖေ ဒေါက်တာဦးမျိုးဆွေ ရောက်လာသည်။ ကိုငယ်ကိုတွေ့တော့ ဘာဖြစ်တာလဲဟု မေးသည်။



အရက်မူး၍ အဖေ လှေခါးပေါ်မှ ချော်ကျကြောင်း ကိုငယ် အမှန်အတိုင်းပြောလိုက်သည်။ မြင့်ဆွေအဖေ, လူနာကို လာကြည့်သည်။ ပတ်တီးဖြည်ဖို့ တစ်လလောက်တော့ ကြာမယ်။ နက်ဖြန် အိမ်ပြန်ချင်လည်း ပြန်ပေါ့။ အိမ်မှာ အနားယူဖို့ ပြောသည်။

"ခင်ဗျားအရက် မသောက်ရင်ကောင်းမယ်။ အရက်မူးတဲ့ လူနာတွေကို ဆရာဝန်က သိပ်မကုချင်ဘူး။ ပြီးတော့ ခင်ဗျား ကျန်းမာရေးလည်း မကောင်းတော့ဘူး။ မျက်နှာလည်း ဖောနေပြီ၊ အရက်ဆက်သောက်ရင် အလွန်ဆုံး သုံးနှစ်လောက်ပဲ ခင်ဗျား လူ့ပြည်မှာ နေရလိမ့်မယ်" ဟု ခပ်ပြတ်ပြတ် ပြောချသည်။

အဖေ, ငြိမ်နားထောင်နေ၏။

"ကျွန်တော် အရက်ဖြတ်ချင်ပါတယ် ဆရာ၊ ဒါပေမယ့် အရက်မသောက်ရရင် ခြေတွေလက်တွေ တုန်နေလို့ မနေနိုင်ဘဲ ဆက်,ဆက်ပြီး သောက်နေရတာပါဆရာ"

အဖေက ပြန်ပြော၏။

"ခင်ဗျား တကယ်အရက်ဖြတ်ချင်သလား"

"ဖြတ်ချင်ပါတယ်"

"ဒါဆို ဆေးရုံမှာ နှစ်ပတ်လောက်နေ၊ အရက်ပြတ်အောင် လုပ်ပေးလိုက်မယ်"

ဆရာဝန်ကြီး ဒေါက်တာဦးမျိုးဆွေက ပြောလိုက်သည်။

"ကိုငယ် မင်းဘာမှ မပူနဲ့၊ မင်းအဖေကို အရက်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



သွားအောင် ငါလုပ်ပေးလိုက်မယ်။ ငါပေးတဲ့ ဆေးတွေကို အချိန်မှန်မှန်တိုက်ပေး။ သူ့ အရက်တောင်းရင် မပေးနဲ့"

ကိုငယ်ကိုပါ ဆက်ပြောသည်။ မြင့်ဆွေပြောပြ၍ သူ့အဖေနှင့် သူ့မိသားစုအကြောင်း သိထားဟန် တူသည်။

ဆရာဝန်ကြီးက ကိုငယ့်ကို ရင်းရင်းနှီးနှီး ပြောနေသည်ကိုတွေ့တော့ သူ့အဖေ အံ့ဩနေသည်။ အမေကလည်း ဆရာဝန်ကြီးစကား ကြားရတော့ ဝမ်းသာနေသည်။

"အရက်ပြတ်အောင်သာ လုပ်ပေးပါဆရာ၊ ကျေးဇူးမမေ့ပါဘူး။ အရက်ကြောင့် ကျွန်မတို့ မိသားစုလည်း စိတ်ဆင်းရဲ နေရပါတယ်" အမေက ဆရာဝန်ကြီးအား ပြောသည်။

"ကျွန်တော်လည်း အရက်သောက်တာ မကောင်းမှန်း သိပါတယ်ဆရာ၊ ဖြတ်လို့ မရတဲ့အတွက် ဆက်သောက်နေမိတာပါ" အဖေကလည်း ဝန်ခံပြောဆိုသည်။

"ခင်ဗျား တကယ်ဆန္ဒရှိရင် ပြတ်ပါတယ်" ဆရာဝန်ကြီးက ပြောသည်။

ကိုငယ် ဝမ်းသာသွားမိသည်။ အဖေအရက် တကယ်ပြတ်သွားလျှင် ကောင်းမှာပဲဟု တွေးနေမိသည်။ ခဏနေ ဆရာဝန်ကြီး ပြန်သွားသည်။

"သား ဒီည ဒီမှာ စောင့်အိပ်ရမယ်။ အိမ်ပြန်ပြီး အနွေးထည်နဲ့ သားအတွက် စောင်ယူခဲ့။ စာဖတ်ဖို့လည်း စာအုပ်တွေပါ ယူချင်ယူခဲ့။ ပက်လက်ကုလားထိုင်လည်း ယူခဲ့"

အမေက ကိုငယ်ကို အိမ်ပြန်လွှတ်သည်။ ကိုငယ် အိမ်ကိုပြန်သည်။ ညီလေးနှင့် ညီမလေးအား အကျိုးအကြောင်း ပြော



ပြသည်။ လိုအပ်သော ပစ္စည်းများယူပြီး ဆေးရုံသို့ ပြန်ထွက်လာသည်။

ဝရံတာတွင် စာဖတ်နေသော မမနွယ်က ကိုငယ့်ကို မြင်သည်။

"နင့် အဖေ ဘယ်လိုနေသေးလဲ ကိုငယ်" စိုးရိမ်စိတ်နှင့် မေးလိုက်သည်။

"ခြေသလုံး တရိုးအက်သွားတယ်။ ကျောက်ပတ်တီးစီးရတယ်၊ ဆေးရုံမှာ နှစ်ပတ်လောက်နေရမယ်" တိုတိုတုတ်တုတ် ကိုငယ်က ဖြေသည်။

"ဆေးရုံမှာ နင် စောင့်အိပ်မှာလား" ဆက်မေးပြန်သည်။

"ဟုတ်တယ်၊ ကျွန်တော် သွားစောင့်အိပ်မလို့"

"စာဖတ်ဖို့ စာအုပ်တွေလည်း ယူသွားဦး"

မမနွယ်က ဆက်ပြီး မှာသည်။

"ဟုတ်ကဲ့" ကိုငယ် ပြောပြီးထွက်ခဲ့သည်။ လမ်းတွင် ကိုငယ် စဉ်းစား၏။ သူ့ကို ဘာဖြစ်လို့များ မမနွယ်က စာဖတ်ဖို့ စာမေ့ပွဲအောင်ဖို့ ထူးထူးချွန်ချွန်ဖြစ်ဖို့ အတင်း တိုက်တွန်းနေရတာလဲ။ မောင်ငယ်မရှိသဖြင့် သူ့ကို မောင်ငယ်တစ်ယောက်လို သဘောထားပြီး ပြောဆို ဆုံးမနေတာ ဖြစ်လိမ့်မယ်ဟု တွေးမိလိုက်သည်။ ထိုအတွေးက သူ့ကို စိတ်ချမ်းသာစေလိမ့်မည်။ တစ်ဆက်တည်းမှာပင် မောင်မောင့်အတွက် ရည်းစားစာရေးပေးရဦးမည်ကို သတိရမိလိုက်သည်။

ဆေးရုံရောက်တော့ အဖေ အိပ်နေပြီ။ ဆရာမ ဆေး

www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးလာထိုးပြီး အမေဖေအိပ်သွားကြောင်း အမေက ပြောသည်။ ကိုယ့်ကို မှာစရာရှိတာ မှာပြီး အမေအိမ်ပြန်သည်။ ထိုနေ့က ဆေးရုံတွင် လူနာရှင်းနေသည်။ ကုတင်နှစ်လုံးတောင် လွတ်နေ၏။ လူနာစောင့်များ ထိုင်ရန် ခုံတိုလေးလုံးကို ယူပြီး ဆက်ကာ အိပ်ယာလုပ်သည်။ အဖေ့ကုတင်နားတွင် အိပ်ယာပြင်ထား၏။

သို့သော် ကိုယ် မအိပ်ချင်သေး။ အပြင်တွင် လသာနေသည်။ ထိန်ထိန် သာနေသည်။ သည်နေ့ လပြည့်ည။ ဝရန်တာသို့ ပက်လက်ကုလားထိုင်ကို ယူသွားသည်။ လမင်းကြီးကို ထိုင် ကြည့်နေမိသည်။ ရွှန်းပအေးမြသော လရောင်အောက်တွင် သူ ထိုင်ငေးနေမိသည်။ သူ့ တစ်နေ့တာ အဖြစ်အပျက်တွေ သူ့ မိသားစု အခြေအနေ၊ သူ့ အဖေအကြောင်းတွေ၊ အားလုံး ခေါင်းထဲရောက်လာသည်။ တစ်ခုပြီး တစ်ခု စဉ်းစားနေမိသည်။ နောက်ဆုံးတွင် မောင်မောင်နှင့် မမနွယ်အကြောင်း တွေးမိသည်။ သူ မောင်မောင်အတွက် စာရေးပေးရအုံးမည်ကို သတိရသွားသည်။ အသင့်ပါလာသော လွယ်အိတ်ထဲမှ ဗလာစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ ဖောင်တိန်ကို ဖွင့်ကာ သူ ရေးဖို့ စဉ်းစားသည်။

**အပြင်မှာ လမင်းကြီး ထိန်ထိန်သာနေလေရဲ့ နွယ်...**

**နွယ့်ဆီကို စာရေးနေရင်း လမင်းကြီးကို မော့ကြည့်လိုက်တော့၊ နွယ့်မျက်နှာ ဝိုင်းစက်စက်ကလေးကို လမင်းကြီးထဲမှာ တွေ့နေမိတယ် နွယ်ရယ်။ စာရေးဖို့ စာရွက်ပေါ် ငုံ့ကြည့်လိုက်တော့လည်း နွယ့်မျက်နှာကို မြင်နေပြန်တယ်လေ။ နေရာတကာမှာပဲ**



**နွယ့်မျက်နှာလေးကို တရေးရေး မြင်ယောင်နေမိတယ်။ အသည်းထဲမှာစွဲနေတော့ မျက်စိထဲမှာအမြဲ မြင်နေမိတာ ထင်ပါရဲ့။**

**စတွေ့နံ့နဲ့အမျှ သတိရနေတယ်ဆိုတာ နွယ်ယုံအောင်ပြောချင်တယ်။ အရိပ်ရှိသရွေ့ နွယ့်ကိုပဲ ကြည့်နေမိတာ နွယ်သိရဲ့လား ဟင်။ နွယ်ကို ချစ်လွန်းလို့ပါ နွယ်ရယ်။**

ကိုယ် အတွေးထဲတွင် နစ်မျောသွားသည်။ မောင်မောင်နေရာတွင် သူက ခံစားပြီး ရေးနေမိသည်။ သူ ကိုယ်တိုင် ခံစားပြီးရေးနေသလိုပါပဲ။ ရေးနေရင်းမှ မောင်မောင် မှာထားတာတွေ သွားသတိရမိသည်။ ရည်းစားစာကို ပေါ့ပေါ့ဆဆနှင့် တမင် လှုကြုံပေးခြင်းမဟုတ်ကြောင်း၊ ကိုယ်နှင့်ပေးလျှင် သူများ မသိဘဲ အဆင်ပြေပြေ ရောက်နိုင်မည်ဖြစ်သဖြင့် ကိုယ့် အကူအညီတောင်းပြီး ပေးခဲ့ရကြောင်း၊ စာထဲတွင် ရှင်းပြရသည်။ ပြီးတော့မှ နွယ်နွယ်ဝေ့ အချစ်ကို သူတောင်းခံသည်။

**နွယ့် မျက်လုံးထဲမှာကိုယ်လိုချင်တဲ့ အဖြေကို ရှာတွေ့ပါရစေ။**

**ကိုယ့်ကို ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးသော သူ ဖြစ်ပါစေတော့လား နွယ်ရယ်။ နွယ့်အချစ်ကို ရရင် ကိုယ်ဟာ ကံအကောင်းဆုံး လူဖြစ်မှာပါ။**

**ကံကောင်းခွင့်ကို ကိုယ်ရသင့်ပါတယ် နွယ်ရယ် ရ ,ပါရစေ။**

ရင်ထဲမှာ ခံစားချက်အပြည့်နှင့် ကိုယ်ရေးချလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေးပြီး တစ်ခေါက် ပြန်ဖတ်သည်။ ဖတ်ပြီးတော့ လပြည့်ဝန်းကြီးကို တစ်ချက် မော့ကြည့်လိုက်သည်။ သည်အချိန်ဆို မမနွယ် အိပ်ပေရော့မည်။ လပြည့်ဝန်းထဲတွင် မမနွယ် မျက်နှာဝိုင်းစက်စက်ကလေးကို တွေ့နေမိပေသည်။ ဩော် ... မမနွယ်ရယ်၊ ကိုငယ် သက်ပြင်းကို မှုင်းမှုင်းချလိုက်သည်။ နက်ဖြန်ဆိုလျှင် ရင်ထဲမှ ခံစားချက်အပြည့်နှင့် သူရေးထားသောစာသည် မောင်မောင့်စာ အဖြစ်နှင့် မမနွယ်ဆီရောက် သွားပေတော့မည်။ ထိုအခါ လပြည့်ဝန်းကြီးကြည့်ပြီး စာရေးခဲ့သူမှာ သူဖြစ်သည်ကို မမနွယ် သိမှ သိပါလေစ၊ ထိုစာကို ဖတ်ပြီး မမနွယ် မည်သို့သဘောထားမည်နည်း။ သူသည် သိချင်စိတ်နှင့် တွေးနေမိပေသည်။

သို့သော်လည်း ကြမ္မာကံမဲ့သူမို့ ရင်ထဲမှာသာ ခံစားရပေတော့မည်။ ရေးလိုက်သည့် စာအတွက် အကျိုးရလဒ်ကိုတော့ မျှော်လင့်စရာ မရှိနိုင်။ ကိုငယ် ရင်နာစွာ သဘောပေါက်ပြီး ဖြစ်ပါသည်။ ထိုစဉ်မှာပင် ခင်မိုးကြွယ်ကို ဖျတ်ကနဲ သတိရလိုက်မိပြန်သည်။ အကြင်နာတရားနှင့် ပြည့်ဝသော ကရုဏာရှင် မိန်းကလေးပေပဲ။ သူ့အပေါ်တွင် မေတ္တာထားရှာသည်။ အထင်ကြီး လေးစားသည်။ သူ သတိမပြုဘဲ မနေနိုင်။ သူ့ရင်ထဲတွင် ဘာတွေ ခံစားနေရသည်ကို တိတိပပ သူ မဝေခွဲနိုင်။ အကြောင်းအရာများစွာ ရောထွေးနေသည်။ မိသားစု ဘဝ၊ စိတ်လှုပ်ရှားမှု အခြေအနေ၊ မရေရာသော ခံစားမှုများနှင့် သူ ခေါင်းနောက်လာ၏။

စာအုပ်ကို ပိတ်လိုက်သည်။ ပက်လက်ကုလားထိုင်ပေါ်မှ ထလိုက်သည်။ အဝေးတစ်နေရာမှ ဆယ်နာရီ



သံချောင်းခေါက်သံ သဲ့သဲ့ကို ကြားလိုက်ရသည်။ အိပ်ချိန်တန်ပြီလေ။ ကိုငယ် လပြည့်ဝန်းကြီးကို စိုက်ကြည့်ပြီး နှုတ်ဆက်လိုက်သည်။

ကောင်းသောညပါ လပြည့်ဝန်းကြီး ခင်ဗျား။
အိပ်မက်လှလှ မက်ပါရစေ။

ကိုငယ် အခန်းထဲ ပြန်ဝင်လာသည်။ အဖေသည် ဆေးအရှိန်နှင့် အိပ်မောကျ၍ နေသည်။ အဖေ့ကုတင်နားမှ သူ့အိပ်ရာခင်းပေါ် ဝင်အိပ်လိုက်သည်။ ချက်ခြင်း အိပ်မပျော်။ ဆေးရုံပေါ်မှ ဆင်းသည်နှင့် အဖေအရက် တစ်ခါတည်း ပြတ်သွားလျှင် ကောင်းမှာပဲဟု တွေးနေမိသည်။ ထိုအခါ သူသည် စိတ်ဆင်းရဲမှုများ လျော့ပါးကာ အားငယ်စိတ်များ လွင့်ပြယ်သွားမည်။ ကိုယ့်ကိုကိုယ် ယုံကြည်မှုများဖြင့် စိတ်ခါတ်လုံခြုံမှုရကာ ဘဝကို တိုးတက်အောင်မြင်အောင် ကြိုးစားနိုင်ပေလိမ့်မည်။ ဝါသနာပါသော ကဗျာများ၊ စာများကို ရေးသားရင်း သူသည် တစ်နေ့သောအခါတွင် နိုင်ငံကျော် စာရေးဆရာကြီး ဖြစ်ရမည်။

ထိုအခါ သူ့ကို တစ်ယောက်သော သူသည် အထင်သေးရက်တော့မည် မဟုတ်။ ကိုငယ် မျှော်လင့်ယုံကြည်ရင်းနှင့် အားတက်ဖွယ်ရာများကို တွေးရင်း အိပ်ပျော်သွားမိပေသည်။

နံနက်မိုးလင်းသောအခါ အဖေအိပ်ယာမှ နိုးနှင့်သည်ကို တွေ့ရသည်။ တစ်လှုပ်လှုပ် တစ်ရွရွနှင့် အဖေတစ်စုံတစ်ခုကို လိုချင်နေပုံရသည်။ ကိုငယ် ဆရာဝန်ကြီး မှာထားသည့်အတိုင်း ဆေးတိုက်ရန် ပြင်သည်။ ကုတင်ခေါင်းရင်းတွင် မှီနိုင်အောင်လည်း အဖေ့ကို နေရာပြင်ပေး၏။ ပြီးတော့ ဆေးနှင့်ရေကို အဖေ့အားပေးသည်။ ရေခွက်ကို ကိုင်ထားသော အဖေ့

www.burmeseclassic.com

www.burmeseclassic.com



လက်သည် သိသိသာသာ တုန်ခါနေသည်။ အာခြောက်နေသဖြင့် တံတွေးကို မကြာခဏ မြိုချနေပုံလည်း ရသည်။ ကိုငယ်ပေးသောဆေးကို ပါးစပ်ထဲသို့ထည့်ပြီး ရေသောက်လိုက်သည်။ မျက်နှာက ရွှင်လန်းခြင်းမရှိ၊ ဝေဒနာ တစ်ခုကို ခံစားနေရပုံလည်း ရသည်။ ကိုငယ် သနားနေမိသည်။

"အဖေ ဘာလိုချင်လို့လဲဟင်" ကိုငယ်က ကြင်နာစွာ မေးလိုက်သည်။

"ဘာမှ မလိုချင်ပါဘူး သားရယ်" အဖေ ပြန်ဖြေသည်။ အဖေ့အသံသည် အားပျော့လွန်းလှ၏။ ခဏနေတော့ အဖေ ပြန်လှဲသည်။ အိပ်ယာထဲတွင် မှေးနေလိုက်သည်။

"သား ကျောင်းတက်ချင်ရင် သွားတက်။ အဖေ သက်သာပါပြီ။ အနာက သိပ်မကိုက်တော့ပါဘူး"

"ကိစ္စမရှိပါဘူး၊ ဒီတစ်ပတ်တော့ ကျွန်တော်ခွင့်ယူလိုက်မယ်။"

ကိုငယ်က ပြန်ပြောရင်း အိပ်ရာကို သိမ်းနေ၏။ မကြာခင် အမေရောက်လာသည်။ စားစရာ သောက်စရာများလည်း ပါလာ၏။

"နင့်အဖေ ညကအိပ်ရရဲ့လား။ ဒဏ်ရာကော သက်သာရဲ့လား"

အမေက ကိုငယ့်ကို အရင်မေးသည်။

"သက်သာပါတယ်။ အဖေညက တစ်ရေးမှ မနိုးဘူးထင်တယ်။ မိုးလင်းတော့ မသောက်ရလို့ တုန်နေတာတစ်ခုပါပဲ"



ကိုငယ်က ပြန်ဖြေသည်။ အဖေ ကြားကောင်း ကြားမည်။ သို့ရာတွင် မှိန်းနေ၏။ ဘာသံမျှ မပြု။ အမေက အဖေ့နားသွားသည်။ အဖေ မျက်လုံးကို ဖွင့်ကြည့်သည်။

"ဒီနေ့ ဈေးမထွက်ဘူးလား"

"ဒီက ပြန်မှ ဈေးထွက်တော့မယ်"

"ကလေးတွေကော၊ ကျောင်းသွားကြပြီလား"

"မသွားသေးဘူး။ သူတို့လည်း တော်ကြာလိုက်လာကြလိမ့်မယ်။ ရှင့်အတွက် ကော်ဖီဝယ်လာတယ်။ ပေါင်မုန့်လေးနဲ့ စားလိုက်ပါဦးလား"

"သမီးလေးကော ဘာလုပ်နေလဲ"

အဖေသည် သားသမီးများကို အမှတ်ရပြီး စိတ်ဝင်တစားစွာ မေးနေ၏။

"သမီးလေးလည်း အိမ်မှာ အိုးခွက်တွေ ဆေးကြောရင်း ကျန်နေခဲ့တယ်။ ထမင်းချိုင့်ထည့်ပြီးလာဖို့ မှာခဲ့တယ်"

အမေက ကော်ဖီကို ချိုင့်ထဲမှာ ပန်းကန်ထဲသို့ စောင်းငှဲ့ထည့်ရင်း ပြန်ပြောလိုက်သည်။

"ကိုငယ် နင့်အဖေကို ကော်ဖီသောက်ရအောင် နေရာပြင်ပေးလိုက်"

တဆက်တည်းမှာပဲ ကိုငယ့်ကို ခိုင်းလိုက်သည်။ ကိုငယ် အဖေ့ကို အသာအယာထူ၍ ကုတင်ခေါင်းရင်းတွင် ခေါင်းအုံးများ ခုကာ သက်သာစွာ ထိုင်စေသည်။

"ကော်ဖီပူပူလေးသောက်လိုက်ဦး" အမေက ကော်

www.burmeseclassic.com

www.burmeseclassic.com



ဖိခွက်ကို လှမ်းပေးသည်။ ကော်ဖီခွက်ကို လှမ်းယူသော အဖေ့လက်သည် သိသိသာသာ ကြီးတုန်နေသည်။ ကိုငယ်က ကော်ဖီခွက်ကို ဝင်ကိုင်ပေးသည်။ ကော်ဖီကို မှုတ်၍ အဖေ့ကို တိုက်သည်။ ကိုငယ်တိုက်သမျှ အဖေသောက်သည်။ သား၏ ယုယကြင်နာစွာပြုစုမှုကို အဖေက ကျေနပ်စွာ ခံယူနေသည်။

အမေသည် ထိုမြင်ကွင်းကို ကြည်နူးနှစ်သိမ့်စွာ ကြည့်နေ၏။ မကြာခင် နီနီနှင့် ကျော်ကျော် လိုက်လာသည်။ ကျော်ကျော်ကလည်း ထမင်းချိုင့်ကို ကိုင်လာသည်။

“အမေတို့ရှိတုန်း၊ သားအိမ်ပြန် ရေချိုးထမင်းစားလိုက်ဦး”

အမေက ကိုငယ့်ကို ပြောလိုက်သည်။

“ဟုတ်ကဲ့ အမေ” ဟု ပြောကာ ကိုငယ် လွယ်အိတ်ကို လွယ်သည်။

နီနီနှင့် ကျော်ကျော်တို့က အဖေကို ကြင်နာစွာ သတင်းမေးနေတုန်း ကိုငယ်ဆေးရုံမှ ထွက်လာသည်။ လမ်းတွင် မောင်မောင်နှင့် မြင့်ဆွေကို တွေ့ရသည်။

“တို့လည်း ဒီမနက်မှ သိတာနဲ့ ဆေးရုံလိုက်လာကြတာ”

မြင့်ဆွေက တွေ့တွေ့ချင်း ပြောသည်။

“ဘယ်နှယ့်နေလဲ၊ ဦးလေးကော သက်သာရဲ့လား” မောင်မောင်က မေးလိုက်သည်။

“ခြေထောက်ကတော့ ကျောက်ပတ်တီး စီးထားလို့



သက်သာပါတယ်။ အရက်မသောက်ရတော့လို့ ကတုန်ကယင်ဖြစ်နေတာ တစ်ခုပါပဲ”

“ကောင်းတယ်၊ ဒီတစ်ခါမှပဲ အရက်ပြတ်တော့မယ်။ မင်း ဆုတောင်းပြည့်တော့မှာပါ ကိုငယ်”

မြင့်ဆွေက အားပေးစကား ပြောသည်။

“ဆုတောင်းပြည့်ချင်ပါပြီကွာ၊ အရက်သမားသား မဖြစ်ချင်တော့ပါဘူး”

“မင်း အခု အိမ်ပြန်မလို့လား”

မောင်မောင်က သတိတရ မေးလိုက်သည်။

“ဟုတ်တယ်”

“မင်းမရှိရင်တော့ တို့လည်း ဆေးရုံမသွားတော့ပါဘူး၊ မင်းနောက်ပဲ လိုက်ခဲ့တော့မယ်။ ညနေကျ မင်းရှိတဲ့အချိန်မှပဲ လာကြည့်တော့မယ်”

“ဒီလိုဆိုရင်လည်း အိမ်လိုက်ခဲ့”

ကိုငယ်က နှစ်ယောက်စလုံးကို အိမ်ခေါ်သွားသည်။

အိမ်ရောက်တော့ ကိုငယ်က မောင်မောင့်ကို ညက သူ ရေးထားသော စာကို ထုတ်ပေးသည်။

“မင်း ဖတ်ပြီး ကြိုက်ရင် ပြန်ကူးပေတော့။ ငါ ရေချိုးလိုက်ဦးမယ်” မောင်မောင်ကို ပြောဆိုပြီး အိမ်ခန်းထဲဝင် အဝတ်အစားလဲသည်။

“မင်း အဖေကိစ္စဖြစ်လို့ ညက မင်းမရေးနိုင်တော့ဘူးလို့ ထင်နေတာ”

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က ပြန်လှမ်းပြောလိုက်၏။

"ငါ့အတွက်လည်း မင်းစဉ်းစားပေးဖို့ လိုလိမ့်မယ်နော်" မြင့်ဆွေက အတည်လိုလိုနှင့် လှမ်းပြောလိုက်၏။

"မင်းက ရေစရာမလိုပါဘူးကွာ။ မောင်မောင့်ကို တစ်ခါတည်းပြောပြီး နားဖောက်လိုက်ပေါ့" ကိုငယ်က အိမ်ခန်းထဲမှ ထွက်လာရင်း ပြောလိုက်သည်။

"ဒီခွေးကောင် ငါ့နှမကို ရည်းစားစာ ပေးဖို့ ကြံနေတာလား"

မောင်မောင်က မြင့်ဆွေကို စာဖတ်နေရာမှ လှမ်းကြည့်ရင်း ပြောလိုက်သည်။ ဒီတစ်ခါ မြင့်ဆွေ မရယ်တော့။ မောင်မောင့်ကို စိုးရွံ့ အားနာနေပုံရသည်။ ဘာမှလည်း ပြန်မပြော။ ဆိတ်ဆိတ်နေ ဝန်ခံရာရောက်နေ၏။ မောင်မောင်ကလည်း စာကို ဆက်ဖတ်နေသည်။ မြင့်ဆွေက ကိုငယ့်နောက်ထ လိုက်လာသည်။ ရေတွင်းတွင် ရေချိုးရင်း စကားပြောကြ၏။

"မင်းက တဲ့တိုးကြီး ပြောပစ်လိုက်တော့ မောင်မောင်ကို ငါအားနာလိုက်တာ" မြင့်ဆွေက ပြောသည်။

"ဟ ... ကောင်ရ မင်းပဲ အလကားနေရင်း သူ့နှမကို တောင်းတောင်းနေတာ ကြာလှပြီပဲ ဥစ္စာ"

"ဟုတ်တယ်လေ၊ အဲ့ဒီတုန်းက နောက်နေတာကိုးကွ"

"ဒါဖြင့် အခု တကယ်အတည်ဖြစ်နေလို့လား"

ကိုငယ်က သေချာစိုက်ကြည့်ပြီး မေးချလိုက်သည်။ ရုတ်တရက် မြင့်ဆွေ ပြန်မဖြေနိုင်။



"ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွာ"

မြင့်ဆွေက ညည်းညည်းညူညူနှင့် ပြန်ဖြေသည်။

"မင်းတို့နှစ်ယောက်က အဆင့်အတန်းချင်း အသိုင်းအဝိုင်း အခြေအနေချင်း တူပါတယ်ကွာ၊ ဖြစ်နိုင်ခြေရှိပါတယ်။ ဝါသနာတူကြတဲ့အတွက်လည်း လိုက်ဖက်ပါတယ်"

ကိုငယ်က ထောက်ခံစကား ပြောလိုက်သည်။

"ငါ နီလာကျော်ကို ချစ်မိနေပြီလား မသိဘူး"

မြင့်ဆွေက ဝန်ခံစကားမျိုးလိုလို ပြန်ပြောသည်။

"စဉ်းစားပေါ့ကွာ၊ ဒီအရွယ်မှာ ကျောင်းစာတစ်ဘက်နဲ့ ရည်းစားမထားသေးတာ အကောင်းဆုံးပဲ" ဟု ကိုငယ်က လူကြီးစကားကို ဆိုသည်။

"ငါလည်း ရည်းစားထားဖို့ မစဉ်းစားခဲ့ပါဘူးကွာ။ ဒါပေမယ့် ဟိုနေ့က သူနဲ့ မျက်လုံးချင်းဆုံခဲ့ပြီး စိတ်တွေ လွင့်ရှားခဲ့တာ ခုထိပဲ၊ ငါ့ကိုယ်ငါ ဘာဖြစ်နေမှန်း မသိတော့ဘူး"

မြင့်ဆွေက ခံစားနေရသမျှကို ရင်ဖွင့်ပြသည်။ ကိုငယ် ဘာမျှ ပြန်မပြော။ ကိုယ်ကို ဆပ်ပြာတိုက်ရင်း မြင့်ဆွေစကားကို နားထောင်နေသည်။

"ငါ ဘယ်လို လုပ်ရင်ကောင်းမလဲ"

မြင့်ဆွေက ကိုငယ့်ကို အကြံဉာဏ်တောင်းခံလိုက်သည်။

"ဘယ်လိုမှ မလုပ်ရင် အကောင်းဆုံးပဲ" ကိုငယ် ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ" မြင့်ဆွေက ဝန်ခံလိုက်သည်။

"သွားကြစို့ သူငယ်ချင်း"

ကိုငယ်က ရေချိုးပြီး၍ မျက်နှာသုတ်ပုဝါ ကိုယ်ပေါ် ခြုံရင်း အိမ်ဘက်ပြန်လာသည်။ မြင့်ဆွေနောက်က လိုက်လာသည်။ အိမ်ထဲတွင် မောင်မောင်က ရည်းစားစာ ကူးနေရေးနေတုန်း။

"မပြီးသေးဘူးလားကွ"

ကိုငယ်က မောင်မောင့်ကို မေးလိုက်သည်။

"ပြီးပါပြီ" မောင်မောင်က ဖြေသည်။

မြင့်ဆွေက ပြူတင်းပေါက်နား သွား၍ အပြင်ဘက်သို့ ငေးစိုက်ကြည့်နေသည်။

"ဟေ့ကောင် မြင့်ဆွေ၊ ကိုငယ် ရေးထားတဲ့ ရည်းစားစာ ဖတ်မကြည့်တော့ဘူးလားကွ"

မောင်မောင်က လှမ်းပြောလိုက်သည်။ မြင့်ဆွေ ချက်ချင်း ပြန်မဖြေ။ ပြီးတော့မှ မောင်မောင်ရှိရာ လျှောက်လာပြီး ပြောသည်။

"ကိုငယ်က မင်းအတွက် အသေအချာခံစားပြီး ရေးထားတာမို့ ဖတ်စရာ မလိုအောင် ကောင်းနေမှာပါ"

အဓိပ္ပာယ်နှစ်မျိုးထွက်စေသော စကားကို ဆိုသည်။ ကိုငယ် သိလိုက်သည်။ မောင်မောင် မရိပ်မိလိုက်။

"ဒါ့ကြောင့် ကောင်းတာနေမှာ"

မောင်မောင်က ပြန်ထောက်ခံသည်။



"သွားကြရအောင်" ကိုငယ်က စကားဝိုင်းကို လက်စသိမ်းသည်။ အိမ်တံခါးတွေ ပိတ်သည်။

"မင်း ကျောင်းတက်ဦးမှာလား" မြင့်ဆွေက မေးသည်။

"ငါ ဆေးရုံမှာ နေရအုံးမယ်၊ ကျောင်းမတက်နိုင်သေးဘူး၊ ဆရာ့ကို မင်းပဲ ခွင့်တိုင်ပေးစမ်းပါ"

"အေး ... အကျိုးအကြောင်း ဆရာ့ကို ငါသွားပြောပေးမယ်"

မြင့်ဆွေက ပြန်ပြောသည်။

"ဒီလိုဆို တို့သွားကြရအောင်" မောင်မောင်က မြင့်ဆွေကို ကြည့်ပြောသည်။ မြင့်ဆွေ, မောင်မောင့်နောက် လိုက်သွားသည်။ တိတ်တိတ်ဆိတ်ဆိတ်။

ကိုငယ် တစ်လမ်းလုံး စဉ်းစားလာသည်။ မြင့်ဆွေ ပြောသောစကားများကို ပြန်တွေးမိသည်။

"ကိုငယ်က မင်းအတွက် အသေအချာ ခံစားပြီး ရေးထားတာမို့ ဖတ်စရာမလိုအောင် ကောင်းနေမှာပါ" ဟူသော စကား။

သူ မောင်မောင့်အတွက် အသေအချာ ခံစားပြီး ရေးခဲ့ပါသလား။ မောင်မောင့်နေရာက ဝင်ခံစားပြီးရေးခဲ့မိသလား။ သူ့ ခံစားချက်နှင့် သူ ရေးမိသလား။ သူပြန်စဉ်းစားနေမိသည်။ ထိုစဉ်မှာပင် ခင်မျိုးကြွယ်ကို သူ ပြေးအမှတ်ရမိလိုက်သည်။ ကျောင်းမတက်နိုင်သဖြင့် စာကူးပေးမည်ဟု စေတနာစကားကို ဆိုဦးမည်လား ဟု သူ တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် အဝေးမှ ကျောင်းတက်ခေါင်းလောင်းသံ သဲ့သဲ့ကို သူ ကြားလိုက်ရသည်။ ကျောင်းတက်သွားပြီပဲ။ သူ ကျောင်း မလာနိုင်ဘူးဆိုတာ သိရှာမည်။ သူ့အပေါ် ကြင်နာသနားစိတ်တွေ ယိုဖိတ်နေဦးမှာလား။ မောင်မောင်သည် သူ့စာကို ပေးဖြစ်လိုက်ပြီလား။ စာကို ဖတ်ပြီး မမနွယ် ဘယ်လို သဘောထားမှာလဲ။

"ငါနဲ့ ဘာဆိုင်လို့လဲလေ" ဟု ထိုအတွေးကို ခေါင်းထဲမှ ဆွဲထုတ်ပစ်လိုက်သည်။ ခင်မျိုးကြွယ်ကို အတင်းနေရာပေး စဉ်းစားလိုက်သည်။ သို့ရာတွင် ထင်တိုင်းမပေါက်။ "ဘာမှ မလုပ်ရင် အကောင်းဆုံးပဲ" ဟု မြင့်ဆွေကို ပြောခဲ့တာ အမှတ်ရမိသည်။ ယခု သူလည်း ...

"ဘာမှ မတွေးတာ အကောင်းဆုံးပဲ" ဟု ကိုယ့်ကိုကိုယ် ဆုံးမ နေတော့၏။

□ □ □

(၈)

ဆေးရုံပေါ်တွင် အဖေတစ်ပတ်ပြည့်အောင် နေလိုက်ရသည်။ ထိုရက်များအတွင်း ကိုငယ် လူနာစောင့်ရသည်။ တစ်ပတ်လုံးလုံး ကိုငယ် ကျောင်းမတက်နိုင်။ သူ့ ကျောင်းစာအုပ်များကို မြင့်ဆွေအား ပေးထားလိုက်သည်။ အဖေ့ အနားမှာ နေပြီး၊ အဖေခိုင်းတာ လုပ်ပေးနေရသည်။ တစ်ပတ်အတွင်း အဖေ သိသိသာသာ တိုးတက်လာသည်။ အရက်မသောက်တော့၊ ခြေထောက်ကလည်း ကျိုးနေသဖြင့် သူ့ဘာသာ ရှာပြီး မသောက်နိုင်။ ဆရာဝန်ပေးသော ဆေးများကိုသာ သောက်နေရသည်။ ခြေထောက် ဒဏ်ရာကလည်း စိုးရိမ်စရာမရှိတော့။ အဖေ့ အခြေအနေကို လာကြည့်ပြီး ဆရာဝန်က တစ်ပတ်ပြည့်သောနေ့မှာ ဆေးရုံက ဆင်းခွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ အိမ်ပြန်ရောက်ပြီး၊ နောက်တစ်နေ့ ကျောင်းပြန်ဖွင့်မှ ကိုယ်ကျောင်းတက်ရသည်။ သည်တစ်ခါ ကျောင်းတက်ရတာ ကိုယ် အနည်းငယ် စိတ်လက်ပေါ့ပါးလာသလိုပဲ။ အဖေသည် သားသမီးများကို ကြင်နာစွာ ဆက်ဆံလာသည်။ ခြေထောက်မကောင်းသဖြင့် သားသမီးများ၏ အပြုစုကို ခံရသည်။ သားသမီးများအပေါ်တွင် ပိုသံယောဇဉ် တွယ်လာပုံရသည်။ အရက်လည်း ပြတ်သွားပြီဖြစ်၍ ဆူပူရမ်းကားခြင်းလည်း မရှိတော့။ အရက်ဖိုး မကုန်တော့သဖြင့် အပိုကုန်ကျငွေတွေ သက်သာသွားသည်။ ပြီးတော့ အိမ်စီးပွားရေးအခြေအနေကို နားလည်သဘောပေါက်သွားပြီး၊ သားသမီးများ ပညာရေးကိုထည့်စဉ်းစားလာသည်။ သူ ခြေထောက် ပြန်ကောင်းလျှင် မီးသွေးနှင့်ထင်းအရောင်းဆိုင်ဖွင့်ဖို့ တိုင်ပင်နေသည်။

ယခုအခါ အဖေနှင့် တစ်ဝိုင်းတည်း ထမင်းအတူ စားရပြီ။ အဖေ၏ ကြင်နာယုယမှုကို ပြန်လည်ရရှိလာပြီ။ ကိုယ်သည် အရင်ကလောက် အားငယ်စိတ်ပျက်ခြင်း မဖြစ်မိတော့။ ကျောင်းတက်ရတာ ရဲရဲဝံ့ဝံ့ရှိလာသလို ခံစားရသည်။

ကျောင်းရောက်တော့ မြင့်ဆွေနှင့် စတွေ့သည်။

"အခြေအနေတွေကတော့ ပြောင်းလဲတိုးတက်နေပြီ သူငယ်ချင်း"

မြင့်ဆွေက ကိုယ်ကို တွေ့တွေ့ချင်း ပြောသည်။

"ဘာများလဲကွ"

ကိုယ်က ပြန်မေးသည်။

"မင်း မမန္တယ်နဲ့ မောင်မောင် ပြေလည်သွားကြပြီ။



မင်း ရေးပေးခဲ့တဲ့ ရည်းစားစာက ကောင်းလွန်းတော့ မောင်မောင့်ဆီကို နောက်နေ့ကျစာနဲ့ ပြန်အဖြေပေးသတဲ့လေ"

"ဒီလိုဆိုလည်း မောင်မောင့်အတွက် ဝမ်းသာစရာပဲ ပေါ့ကွာ"

ရှင်လန်းတက်ကြွမှုကင်းမဲ့စွာ ကိုယ်က ပြန်ပြောသည်။

"မောင်မောင့်အတွက် ဝမ်းသာစရာဆိုတော့၊ မင်းအတွက်များ ဝမ်းနည်းစရာဖြစ်နေလို့လား"

မြင့်ဆွေက ပြောင်သလိုလိုနှင့် အတည်ပြောလိုက်သည်။ ကိုယ် ပြန်မဖြေ။

"ငါသိပါတယ် ကိုယ်ရာ၊ မင်းရင်ထဲမှာ ဘယ်လိုခံစားရတယ်။ ဘာဖြစ်နေတယ်ဆိုတာ ငါ ရိပ်မိပါတယ်။ ခုမှတော့ သာမုသာခေါ် ပါတော့ကွာ မင်းရဲ့ အချစ်ဒါနအလှူက ထမြောက်အောင်မြင်သွားပြီပဲ"

မြင့်ဆွေစကားကို ကိုယ် ငြင်းဆန်ခြင်း၊ ဝန်ခံခြင်း မပြု။ သူနှင့် မဆိုင်သလို နားထောင်နေလိုက်သည်။ သို့သော်လည်း မြင့်ဆွေ ဘာကိုဆိုလိုနေမှန်း သူကောင်းကောင်းသိနေသည်။ မမန္တယ်နှင့်ပတ်သက်ပြီး တစ်ခွန်းတစ်ပါဒမျှ မပြောမဆိုခဲ့ပါပဲ။ မြင့်ဆွေက ဘာလို့ ရိပ်မိနေပါလိမ့်။ သူ ထင်တာကောမှန်ရဲ့လား။ ငါကိုယ်တိုင်ကလည်း မမန္တယ်နဲ့ပတ်သက်လို့ စိတ်လှုပ်ရှားခံစားရပါသလား။ ကိုယ် မပြတ်သား။ သူ့အတွေးများက ဝေဝေဝါးဝါးရှိလှသည်။

"စိတ်မကောင်းဖြစ်မနေပါနဲ့ကွာ။ သူများက တစ်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



ခူးသွားပေမယ့် မင်းရင်ထဲမှာ တစ်ဖူးကျန်ပါသေးတယ်။ ခင်မျိုးကြွယ်က မင်းအပေါ် သံယောဇဉ်ရှိနေတယ်။ မင်းစာအုပ်တွေ အားလုံး သူ ယူထားပြီး ကူးရေးပေးခဲ့တယ်။ အနည်းဆုံးတော့ မင်း ကျေးဇူးတင်သင့်ပါတယ်"

"ကျေးဇူးတင်ပါတယ်ကွာ။ ကျေးဇူးတင်ရုံကလွဲပြီး၊ တစ်ခြားဘာမှ ပေးစရာမရှိပါဘူး။ ပြောစရာလည်း မရှိပါဘူး။ သူ့ စေတနာကို တန်ဖိုးထား လေးစားပါတယ်"

"သူ့ စေတနာကို တန်ဖိုးထား လေးစားတယ်ဆိုတာ ခင်မျိုးကြွယ်သိရရင် သူ သိပ်ဝမ်းသာသွားမှာပဲ"

"အတန်းထဲ သွားရအောင်ကွာ"

ကိုငယ်က မြင့်ဆွေစကားကိုဖြတ်ပြီး အတန်းထဲ ဝင်ဖို့ခေါ်သည်။ ယခု အချိန်မှာ သူဘာစကားမှ ကြားလိုဟန် မတူ။ သူ့ဘာသာ တစ်ယောက်တည်းပဲ တွေးနေချင်သည်။ အတန်းထဲရောက်တော့လည်း သူ့ခုံမှာ သူတစ်ယောက်တည်းထိုင်ပြီး စာဖတ်သလိုလုပ်ကာ တွေဝေငေးမောနေမိသည်။

မကြာမီ ခင်မျိုးကြွယ် ရောက်လာသည်။ ကိုငယ့်ကို တွေ့လိုက်ရ၍ ဝမ်းသာသွားပုံရသည်။ သူ ယူထားသော ကိုငယ့် စာအုပ်တွေကို ပြန်လာပေးရင်း ကိုငယ့်ကို ကရုဏာသက်စွာ မေးသည်။

"ကိုငယ် နေမကောင်းဘူးလား၊ မှိုင်တိမှိုင်တိုင်နဲ့"

"နေကောင်းပါတယ်၊ အိပ်ရေးမဝလို့ မလန်းဆန်းဖြစ်နေတာ"

ကိုငယ်က အဆင်ပြေသလို ပြန်ပြောလိုက်သည်။



"လူနာစောင့်နေရတယ်ဆိုတော့ အိပ်ရေးပျက်မှာပေါ့၊ ကိုငယ့် အဖေကော နေကောင်းသွားပြီလား ဟင်"

စာနာစိတ်ဖြင့် ခင်မျိုးကြွယ်က သတင်းမေးသည်။

"အဖေနေကောင်းသွားပါပြီ။ ကျွန်တော် ကျောင်းမတက်နိုင်တဲ့ရက်တွေမှာ စာကူးပေးထားတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်က ပြန်ကူညီနိုင်ခွင့် ကြုံပါစေလို့လည်း ဆုတောင်းပါတယ်"

"မလိုပါဘူး ကိုငယ်။ သူငယ်ချင်း အချင်းချင်းပဲ တစ်ယောက်အကူအညီလိုရင် တစ်ယောက် အကူအညီပေးရမှာပဲ မဟုတ်လား"

ခင်မျိုးကြွယ်က ကိုငယ့် ကျေးဇူးတင်စကားကို ခွန်းတုံ့ပြန်ပြီး နှုတ်ဆက်စကား ပြောကြားကာ ထွက်သွားသည်။

ကိုငယ်က သူ့စာအုပ်များကိုဖွင့်ပြီး သူမရှိခင် သင်ကြားထားသည့် စာများကို ပြန်ကြည့်နေလေသည်။ သူ့ သမိုင်းစာအုပ်နောက်ကျောဘက်တွင် ရေးခဲ့သော ကဗျာတိုလေးတစ်ပုဒ်ကို သတိရပြီး လှန်ကြည့်မိလိုက်သည်။ ထို ကဗျာလေးဘေးတွင် မင်နီဖြင့် အမေးသင်္ကေတ (?) လေးကို တွေ့လိုက်သည်။ ကိုငယ်က ထိုကဗျာလေးကို ပြန်ဖတ်ကြည့်ပြီး ဘယ်သူ့ကို ရည်ရွယ်၍ ရေးခဲ့မှန်း သူ မမှတ်မိ။ ဘာကို ခံစားပြီး ရေးခဲ့မှန်းလည်း ရေရေရာရာ သူ မသိတော့။

ပင်မြင့်သဇင်<br>
ခူးဆွတ်ချင်လည်း<br>
ကိုယ့်တွင် တံချူမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို ကဗျာလေးကို ခင်မျိုးကြွယ် ဖတ်မိပြီး ကဗျာလေးက ဘာဆိုလိုတာလဲ အတွေးဖြင့် အမေးသင်္ကေတ (?) ကို ရေးခဲ့လေသလား။ သူ ဘာမှ မတွေးချင်တော့ပေ။

ထိုစဉ် ဆရာဝင်လာသည်။ မြန်မာစာသင်သည်။ သူ့စိတ်က ကျောင်းစာထဲမှာ မရှိ။ ဆရာမက ကဗျာနှင့်ပတ်သက်ပြီး ဖွင့်ဆိုရှင်းလင်း ပြောပြနေသည်။ သူ့ အာရုံမှာ မငြိတွယ်၊ စိတ်တွေ လေနေသည်။ နံနက်က မြင့်ဆွေ ပြောလိုက်သော သတင်းစကားများကြောင့်လားဟု တွေးနေမိသည်။ ဆရာသင်တာ လိုက်နာ နားထောင်ဖို့ကောင်းသည်ဟု အသိစိတ်ရှိသဖြင့် ကြိုးပမ်းအားထုတ်၍ အာရုံစိုက်သည်။ သင်ခန်းစာကို မမိတစ်ချက် မိတစ်ချက် ကြားနေရသည်။ သည်လိုနှင့် တစ်နေကုန်သွားသည်။ စာတစ်ကြောင်းမျှ ခေါင်းထဲ မရှိလိုက်။ သည်ပုံအတိုင်းသာသွားလျှင် စာမေးပွဲကျမှာ သေချာသည်ဟု ကိုယ့်ဘာသာ သေချာသိနေ၏။ စာမေးပွဲ မကျအောင်တော့ ကြိုးစားရလိမ့်မည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ဘာမဟုတ်သည့် အသေးအဖွဲကိစ္စလေးများကြောင့် စိတ်လေးနေသည်ကို မိမိဘာသာ မကျေနပ်။

မိမိ ဘဝကို ပြင်ရမည်။ စာကြိုးစားရမည်။ စာမေးပွဲအောင်မြင်ဖို့ စိုင်းပြင်းရမည်ဟု စိတ်ကောင်းဝင်ပြီး တွေးနေမိဆဲမှာပဲ ဘယ်ကဘယ်လို ခေါင်းထဲကို ရောက်လာမှန်း မသိ၊ ကဗျာတစ်ပုဒ် စိတ်ကူးထဲဝင်လာသည်။ စောစောက သမိုင်းစာအုပ်နောက်ကျောမှာပဲ ရေးခြစ်လိုက်သည်။



လူမိုက်ကလေးလို့ ဆိုချင်ဆို
ကိုယ်မနှစ်ခြိုက်၍
ပစ်လိုက်သည့်ပန်း
ကြိုက်သူနမ်းဂလ
ကိုယ်ဝမ်းမနည်းတတ်ပါဘူး။

ထိုကဗျာလေးကို ရေးခြစ်မိလိုက်တော့မှပဲ ရင်ထဲမှာ အတော်ပေါ့သွားသည်။ ဘာမှန်းမသိ ခံစားနေရသော အမည်မဲ့ဝေဒနာလည်း လျော့ပါးသွားသည်ဟု ထင်သည်။

ကျောင်းဆင်း အိမ်ပြန်တော့ လမ်းမှာ မနေနိုင်၍ မြင့်ဆွေကို ပြောပြသည်။ ခင်မျိုးကြွယ်က ကဗျာဖတ်မိပြီး ကဗျာဘေးတွင် အမေးသင်္ကေတလေး ရေးထည့်ထားပုံ၊ စိတ်ထဲတွင် ရေးချင်စိတ်ပြင်းထန်ပြီး "လူမိုက်လေးလို့ ဆိုချင်ဆို" ကဗျာကို စပ်မိလိုက်ပုံ ပြောပြသည့်အခါ မြင့်ဆွေက သေချာနားထောင်ပြီး မှတ်ချက်ချသည်။

"ငါ မင်းကို ထင်တာသေချာသွားပြီ။ မင်းအသည်းကွဲသလို ခံစားနေရတာ။ ပေါ့ပေါ့မနေနဲ့ ရောဂါကျွမ်းရင် အကုရခက်တယ်။ ဆေးမမီဘဲနေအုံးမယ်။ အစားထိုးကုလိုက်။ ခင်မျိုးကြွယ်ကို ကြိုက်လိုက်ကွာ၊ မင်းဘာလိုလို ရောဂါကြီးပျောက်သွားလိမ့်မယ်"

"မြင့်ဆွေရယ်၊ ငါ့ကို ခင်မျိုးကြွယ်ပဲ ကြိုက်ခိုင်းနေပုံထောက်တော့ ခင်မျိုးကြွယ်နဲ့ မင်းနဲ့ အရင်ဘဝတုန်းက မောင်နှမများ တော်စပ်ခဲ့သလားကွာ၊ ခင်မျိုးကြွယ်သာ မင်းနှမဆိုရင် မင်းမျက်နှာနဲ့ ငါကြိုက်ပါတယ် ယောက်ဖရာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ရယ်စရာလိုလို ပြန်ပြောလိုက်သည်။

"ငါ့ နှမဆိုရင် မင်းလို ယောင်တောင်တောင်ကောင်နဲ့ မပေးစားဘူး။ ကိုယ့်ကိုကိုယ် ဘာဖြစ်မှန်းမသိ။ ဘာလုပ်နေမှန်း မသိတဲ့ အူလည်လည်ကောင်နဲ့ သဘောမတူရေးချ မတူဘဲ"

"သဘောတူပါ ယောက်ဖရယ်၊ နီလာကျော်ကို ပေးမယ့် ရည်းစားစာကို အကောင်းဆုံးဖြစ်အောင် ကြိုးစားရေးပေးပါ့မယ်"

ကိုယ့် စကားနားထောင်ပြီး၊ မြင့်ဆွေ သဘောကျသဖြင့် အားပါးတရ ရယ်နေတော့သည်။ ပြီးတော့မှ ...

"သည်လိုဆို ငါ့နှမ ခင်မျိုးကြွယ်ကို ယူစေသတည်း၊ ယူစေသတည်း"

မြင့်ဆွေ၏ ပြောင်ချော်ချော် အမူအရာနှင့် အပြော အဆိုကို သဘောကျလွန်းသဖြင့် ကိုယ်လည်း ရယ်မောရတော့သည်။ တဇင်သောကလေးတွေ ပျောက်ပျက်လွင့်စင် သွားတော့၏။

□□□

(၉)

"အငယ် ... နင် စာတွေ ကူးပြီးပြီလား။ နင် ကျောင်းပျက်နေတဲ့ရက်တွေက စာတွေ မကူးရသေးရင် ငါကူးပေးမယ်လေ"

မမနွယ်က ရေတွင်းမှာတွေ့တုန်း အကူအညီပေးရန် ကမ်းလှမ်းလာသည်။

"မလိုတော့ပါဘူး မမနွယ်၊ ကူးပြီး သွားပါပြီ"

"ဘယ်သူ ကူးပေးသလဲ"

မလိုအပ်ဘဲ ဆက်မေးနေသဖြင့် ကိုယ် စိတ်မရှည်ချင်။ ဒါပေမယ့် သူက စေတနာနဲ့ အကောင်းမေးတာပဲလေ ဟူသော အတွေးဖြင့် ကောင်းစွာ ဖြေပါသည်။ သို့သော်လည်း အမှန်အတိုင်းတော့ ပြောမပြချင်။ တစ်ဖက်သားအပေါ် အထင်အမြင် သေးမှာလည်း စိုးမိခဲ့သည်။

"မြင့်ဆွေ ကူးပေးပါတယ်"

"ဟုတ်ရဲ့လား ကိုယ်"

www.burmeseclassic.com

www.burmeseclassic.com



မမနွယ်က ပြုံးစစနှင့် ကိုငယ့်ကို ကြည့်ပြီး ပြန်မေး လိုက်သည်။

"ငါ့မောင်က သေသေချာချာ လိပ်တတ်နေပြီပဲ"

ကိုငယ် အဖြေရကြပ်သွားသည်။ ခင်မိုးကြွယ် စာကူး ပေးကြောင်း မမနွယ် တစ်နည်းနည်းဖြင့် သိထားပုံရသည်။ သို့ သော်လည်း ကိုငယ် ပြန်မဖြေ။ ငြင်းဆန်ခြင်း၊ ဝန်ခံခြင်း မပြုဘဲ ပေကပ်ကပ်နှင့် မသိသလို နေလိုက်သည်။

"အငယ်က ဘယ်ဆိုလို့တုန်း။ စာကူးပေးမယ့် ကောင် မလေးတွေ ဘာတွေ ရှိနေပြီ၊ အဲ့ဒီ ကောင်မလေးက လှတယ် နော်"

မမနွယ်[illegible] နွဲ့တဲ့တဲ့နှင့် ဆက်ပြောနေသည်။

"ဆေးလိ[illegible]ပုံင်ရှင် သမီးဆိုတော့ ပိုက်ဆံလည်း ရှိ တယ်၊ အငယ်နဲ့လည်း လိုက်တယ်၊ မဆိုးပါဘူးလေ"

ဘာ ရည်ရွယ်ချက်နှင့် မမနွယ်ပြောနေမှန်း ကိုငယ် မသိ။

"ဒါပေမယ့် ... စိတ်လေပြီး စာမေးပွဲတော့ မကျစေနဲ့ နော်"

အစ်မကြီးပုံစံမျိုးနှင့် ဆုံးမသြဝါဒများကိုပင် ပေးနေ လိုက်သေးသည်။

ကိုငယ် တစ်ခွန်းမျှ ပြန်မဖြေ။ ပြန်မပြော။ ရေတွင်း ကို ငုံ့လျက် ရေကိုသာ တွင်တွင် ခပ်နေတော့သည်။ ဘာမှ ပြောစရာ မရှိတာ ဘာပြောရမှာလဲ။ ပြီးတော့ မမနွယ်ကို တွေ့ရ မှာ စကားပြောရမှာ အလိုလို ဝန်လေးနေခဲ့ပြီလေ။ ဘာဖြစ်လို့ လည်းဆိုတာ ကိုယ့်ဘာသာ သဲသဲကွဲကွဲ မသိ။ ကိုငယ်က တစ်ခွန်းမျှ ပြန်မပြောတော့ မမနွယ် မကျေနပ်ချင်။



"အငယ်က ငါ့ကိုတောင် တစ်ခွန်းမှ အဖက်လုပ်ပြီး ပြန်မပြောချင်ဘူးပေါ့လေ"

စကားနာ ထိုးလာသည်။ သို့သော်လည်း ကိုငယ် စကားမပြန်၊ တုံ့ကျိဘာဝေ နေ၏။

"ရပါတယ်၊ အငယ် စိတ်ချမ်းသာသလို နေပါ"

ဝမ်းနည်းစကားပြောပြီး မမနွယ် အိမ်ပြန်သည်။ ကိုငယ် ရှင်းပြရ ကောင်းလေမလားဟု စဉ်းစား နေဆဲမှာပဲ မမနွယ် ထွက်သွားသည်။

စကားပြန်မပြောခဲ့မိတာကို နောင်တရစရာဟု ကိုငယ် မထင်မှတ်ချင်တော့။

စိတ်မကောင်းတော့ ဖြစ်မိသည်။ ရေခပ်၊ ရေချိုး၊ ထမင်းစားပြီး လမ်းလျှောက်ထွက်ခဲ့သည်။ သည်အခါ အိမ်စော စော ပြန်လာဖို့ အဖေက မှာသည်။ မြင့်ဆွေတို့အိမ်ဝင်ပြီး မြင့်ဆွေကို ခေါ်သည်။ မြင့်ဆွေကလည်း ထမင်းစားပြီး အဆင် သင့် ဖြစ်နေပုံရသည်။

"သည်တစ်ခါ မြို့ကျက်သရေဆောင် မဟာကန်တော် ကြီးကို တစ်ပတ် ပတ်ရအောင်"

မြင့်ဆွေက အရွှန်းအပြက် ပြောတုန်း။

မြို့အလယ်မှာ ရှိသည့် တစ်မြို့လုံးက သောက်သုံးနေ သည့် ရေကန်ကြီးကို တစ်ပတ်လမ်းလျှောက်ရန် ထွက်လာခဲ့ သည်။ ရေကန်ကိုရောက်ရန် ဘောလုံးကွင်းကို ဖြတ်လျှောက်ခဲ့ ၏။ ဘောလုံးကွင်းထဲတွင် ဂိုးသမားလုပ်နေသော မောင်မောင့် ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တွေ့တော့ မောင်မောင်က အားရဝမ်းသာ လှမ်းခေါ်သည်။

အနားရောက်တော့ ဝမ်းသာစကားပြောသည်။

"ကျောင်းရှင်ကြီးကို တွေ့ချင်နေတာ"

"ဘာလုပ်ဖို့လည်း၊ ထိုင်ရှိခိုးဖို့လား၊ ကဲ … ကဲ မြန်မြန်ကန်တော့၊ သွားရဦးမယ်"

မြင့်ဆွေက ဝင်နောက်လိုက်သည်။

ကိုယ်က ပြုံးရုံ ပြုံးသည်။ ဘာမှ မပြော။

"မင်း စာအရေးကောင်းလို့ စွဲတာကွ၊ အခုတော့ တို့ ပြေလည်နေပြီ။ ဖိမ်က မသိအောင် စာအဆက်အသွယ်လုပ်နေရတယ်။ မင်းကျေးဇူးကို မမေ့ပါဘူးကွာ"

"ကျေးဇူးဆပ်တဲ့အနေနဲ့ မင်းနှမ ငါ့ပေးပါလားကွာ"

မြင့်ဆွေက အသားယူသည်။

"မင်းနဲ့ ဘာဆိုင်လို့လည်း မျက်ပြူးရ၊ ငါ့နှမကလည်း မင်းလို ဇီးကွက်မျက်ပြူးကို ကြိုက်မှာ မဟုတ်ပါဘူး"

မြင့်ဆွေက မျက်စိအနည်းငယ် ပြူးသဖြင့် မောင်မောင်က ပြန်နောက်လိုက်ခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်ကြားတွင် ကိုယ် ရယ်နေလိုက်သည်။

ထိုစဉ် မောင်မောင်တို့ဘက်သို့ ဘောလုံးရောက်လာသဖြင့် ဂိုးဖမ်းရန် ဂိုးတိုင်ရှိရာသို့ မောင်မောင်ပြန်သွားသည်။

"မင်း နှမ ငါ့ကို ကြိုက်တဲ့တစ်နေ့ကျ သူ ရေးတဲ့ စာတွေ မင်းကို ဖတ်ပြဦးမယ်" မြင့်ဆွေက အားကျမခံ ပြန်ပြောသည်။ မောင်မောင် မကြားတော့။ မြင့်ဆွေနှင့် ကိုယ် ကန်ဘောင်ပေါ် တက်လာသည်။



"မင်းတို့ကိစ္စကော ဘယ်လိုလဲ၊ ငါမရှိတုန်း အခြေအနေတွေ ထူးနေပြီလား"

ကိုယ်က မြင့်ဆွေကို မေးလိုက်သည်။

"တစ်ယောက်နဲ့ တစ်ယောက် ကြိတ်ကြိုက်နေတယ်လို့ ထင်မယ်ဆိုရင် ထင်လို့ရပြီ။ ငါတော့ ရည်းစား မထားချင်သေးဘူးကွာ၊ စာကျက်ဖျက်တယ်"

"နေနိုင်ရင် ကောင်းတာပေါ့ကွာ"

"ဒါပေမယ့် … မကြာခဏ သတိရ ရနေတာ ခက်တယ်"

"မင်းလည်း ရောဂါရပြီ။ ပေါ့ပေါ့ မနေနဲ့၊ ရောဂါကျွမ်းရင် ကုရခက်တယ်၊ ဆေးမမီဘဲ နေဦးမယ်၊ ဘကြီးဘုန်းကြီးပေးတဲ့ လက်ဖွဲ့ရေစိမ်သောက်"

"မင်းက ငါ့စကားနဲ့ ငါ့ကို ပြန်နှက်နေတာကိုး။ ငါ့ရောဂါ ငါကုနိုင်ပါတယ်ကွ"

"ဖင်က လိပ်ခေါင်းရောဂါလား"

"လိပ်ခေါင်းရောဂါ ကုနိုင်မှတော့ ကျောင်းမတက်တော့ဘူး၊ ဆေးကုစားတော့မယ်။ ဒါပေမယ့် … တစ်ခြားရောဂါတော့ လက်မခံဘူး။ ဥပမာ … သူများနဲ့ ရည်းစားဖြစ်တဲ့ ကောင်မလေးကို ကြိုက်နေသလိုလို မကြိုက်သလိုလိုဖြစ်နေတဲ့ ရောဂါမျိုးပေါ့ကွာ၊ အချစ် အီလည်လည်ရောဂါမျိုး"

မြင့်ဆွေက ကိုယ့်ကို သာသာနှင့် နာနာ နက်ကြည့်သည်။

"ကြိုက်သလိုသာ ပြောပါတော့ကွာ၊ မင်းကို ငါ မနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မြင့်ဆွေကို စကားနိုင်လု မပြောတတ်သဖြင့် အရှုံးပေးလိုက်ရသည်။ မြင့်ဆွေ တဟားဟား ရယ်နေ၏။

"ပစ်မှတ် မှန်ရင် ဘယ်သားကောင်မှ မခံနိုင်ဘူး၊ မြေတွင်တုံးလုံး မြွားချက်နှင့် ဆုံးရမည်" မြင့်ဆွေ သဘောကျစွာ ပြောနေလေ၏။

စကားစပြတ်ပြီး အရယ်ရပ်မှ ကိုယ်က ညနေက မမနွယ် အမေးစကားတွေကို မြင့်ဆွေအား ပြန်ပြောပြသည်။ ကိုယ့် စကား ကို မြင့်ဆွေ သေချာနားထောင်သည်။ ပြီးမှ ...

"မင်း မမနွယ်လည်း မင်းအပေါ်မှာ ဘာလိုလိုပဲကွ၊ မင်းတို့နှစ်ယောက်က လိုက်ပါ့ကွ၊ ဒါပေမယ့် ပြင်မရတော့ဘူး၊ လွန်သွားပြီ"

ကိုယ် ဘာမျှပြန်မပြော။ မြင့်ဆွေ စကားကိုသာ အသာနားထောင်နေမိသည်။

"တစ်နေ့မှာ မင်းတို့နှစ်ယောက်စလုံး နောင်တတွေ ပြန်မရကြပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

မြင့်ဆွေ စကားကို ကိုယ် အလေးအနက် စဉ်းစား နေမိသည်။

"နောင်တမရဖို့ ကြိုးစားရမှာပေါ့၊ သူငယ်ချင်းရာ"

ကိုယ်က လေသံပျော့ပျော့နှင့် ပြန်ပြောလိုက်သည်။

သူ့စကားသည် မမနွယ်အပေါ် တိတ်တခိုး ကြိုက်နေမိသည်ဟူသော မြင့်ဆွေ၏အထင်အမြင်နှင့် ပြောစကားများ အပေါ် ဝန်ခံရာ ရောက်နေသလားဟုလည်း ပြန်တွေးနေမိ၏။ မမနွယ်နှင့် ပတ်သက်၍ ဘာမှ မပြတ်သားပါလားဟုလည်း ကိုယ်ဘာသာ ပြန်တွေးရင်း မကျေမနပ် ဖြစ်နေရသည်။

❐ ❐ ❐

(၁၀)

ယခုတလော ကိုယ် အလုပ်တွေ ရှုပ်နေသည်။ အဖေက အိမ်မှာထင်း၊ မီးသွေးအရောင်းဆိုင် ဖွင့်လိုက်သဖြင့် ကိုယ် ကူညီလုပ်ကိုင်ပေးရသည်။ ထင်း မီးသွေးကားလာလျှင် စာရင်းမှတ်ရသည်။ တစ်ဆင့် ပြန်ယူရောင်းသူတို့ကို အကြွေး ပေးရသဖြင့် အကြွေးစာရင်းလည်း မှတ်ရသည်။ အဖေသည် သစ်တောရုံးတွင် အလုပ်လုပ်သဖြင့် တောအုပ်တောခေါင်းများ၏ အကူအညီရသည်။ သူတို့ အဆက်အသွယ်နှင့် ထင်း မီးသွေး ကုန်သည်တို့က ပစ္စည်းကို တောမှ လာပို့သည်။ အဖေက မြို့က ဒိုင်ခံရောင်းသည်။ ပစ္စည်းများများ ရောက်၊ မြန်မြန် ရောင်းရလျှင် အမြတ်ကျန်သည်။ အိမ်နှင့် ရုံးနီးနေသဖြင့် အဖေကိုယ်တိုင်စီမံ ခန့်ခွဲနိုင်သည်။ အမေက သူ့ဘာသာ ဆန်ရောင်းသည်။ ကိုယ် တို့က အမေ့ကိုကော၊ အဖေ့ကိုပါ ကူညီလုပ်ကိုင်ပေးရသည်။

အဖေ့အရက်ဖိုး သက်သာပြီး ထင်း မီးသွေးဆိုင်မှ

www.burmeseclassic.com

www.burmeseclassic.com



အမြွက်ငွေ ထပ်ပေါင်းလိုက်တော့ ကိုယ်တို့ စီးပွားရေး ချောင်လည်လာသည်။ ယခင်လို အိမ်မှာ တဆူဆူ တပူပူနှင့် တကျက်ကျက် မနေတော့။ အရက်သမားသား ဘဝကလည်း လွတ်မြောက်ခဲ့ပြီ။ ကျောင်းစရိတ်အတွက်လည်း ဘာမှ ပူစရာမလိုတော့။ စာကြိုးစားဖို့သာ လိုတော့သည်။

"သည်နှစ်အောင်အောင် ကြိုးစား။ ဆယ်တန်းကို သားကြိုက်တဲ့ကျောင်းမှာ ထားမယ်။ ဆယ်တန်းအောင်ရင် သားကို တက္ကသိုလ်ပို့မယ်" စသဖြင့် အဖေကလည်း အားပေးလာသည်။

ကိုယ် စာကို ပြန်ကြိုးစားလာသည်။ ကဗျာရေးတာကို ခေတ္တရပ်နားထားလိုက်သည်။ စိတ်က ချင်ခြင်းတပ်လာမှ တစ်ခါတစ်ရံ ရေးစပ်ဖြစ်တော့သည်။ လုံးဝပစ်ပယ်ထားခဲ့သော စာများကို အစမှ ပြန်ကောက်ကိုင်နေရသဖြင့် အတော်ပင်ပန်းသည်။ အင်္ဂလိပ်စာတွေ ပြန်ကျက်ရမည်။ သင်္ချာတွေ အများကြီး ပြန်တွက်ရသည်။ သင်္ချာနှင့် အင်္ဂလိပ်စာအပေါ် မှာ အာရုံစိုက်ထားသဖြင့် ထိုဘာသာရပ်များအပေါ် တွင် စိတ်ပြန်ဝင်စားလာသည်။ စိတ်ဝင်စားလာသောအခါ ပိုကြိုးစားလာသည်။ ကြိုးစားလာလေလေ **တစ်ရက်အပျက်**မခံနိုင်အောင် ဖြစ်လာလေလေ ဖြစ်တော့သည်။

နေ့စဉ်နေ့တိုင်း ဆရာတွက်ခိုင်းသော သင်္ချာနှင့် အင်္ဂလိပ်စာလေ့ကျင့်ခန်းများကို လုပ်နေရသည်မှာ ခေါင်းမဖော်နိုင်အောင် ရှိနေရသည်။ သည်ကြားထဲ ကိုယ့်ဘာသာ ရှာဖွေပြီး ကျက်မှတ်တွက်ချက်နေတော့ စိတ်လေချိန်မရ။ ခေါင်းထဲမှာ သင်္ချာ၊ အင်္ဂလိပ်စာပဲ ရှိနေသည်။ မမနွယ်၊ ခင်မျိုးကြွယ်တို့ လောလောဆယ် ခေါင်းထဲမှာ မရှိ။



ကိုယ် အပြောင်းလဲကြီး ပြောင်းလဲသွားသည်ကို မြင့်ဆွေပင် အံ့ဩသွားသည်။ ခင်မျိုးကြွယ်က ဝမ်းသာအားရလာ ချီးကျူးသည်။

"ကိုယ်က သိပ်တော်တာပဲ၊ အစက သည်လောက် ကြိုးစားလိမ့်မယ်လို့ မထင်ခဲ့မိဘူး"

"ထင်လို့ပါဗျာ" ဟုသာ ပြန်ဖြေလိုက်သည်။

မမနွယ်ကလည်း ကိုယ် ဒုတိယအစမ်းမှာ ပထမရသဖြင့် အံ့ဩသွားသည်။ ပထမအစမ်းမှာ ဘာသာစုံနီးပါး ကျနေရာက ပထမတက်ချိတ်သည်ဆိုတော့ မချီးကျူး မအံ့ဩဘဲ မနေနိုင်။ တစ်ခါတုန်းက စိတ်ဆိုးထားတာမေ့ပြီး ပြန်လာ စကားပြောသည်။

"ကိုယ်က တို့ထက်တောင် တော်နေပါလားဟေ့။ ကြိုးစားပြီးဟေ့ဆိုရင်လည်း ဘယ်သူမှ လိုက်မမီနိုင်အောင်ပဲ။ ဒါမှ ယောကျ်ားပီသတာ"

မမနွယ်၏ ချီးကျူးစကားကြားရသဖြင့် မနေတတ် မထိုင်တတ်ပင် ဖြစ်ရသည်။

အမေကလည်း ...

"ငါ့သားက နဂိုကတည်းက တော်တာပါ။ သူ့ အဖေ အရက်သောက် မူးရမ်းနေလို့ စိတ်ညစ်ပြီး စာမဖတ်တာ" ဟု ချီးကျူးနေသည်။

"အေးကွာ၊ အစကတည်းက ငါလိမ္မာခဲ့ရင် အခုလောက်ဆို အတော်အတန် စုမိပြီ။ ပြီးတော့ ကလေးတွေလည်း စိတ်ညစ်ခဲ့ကြရမှာ မဟုတ်ဘူး"

အဖေက ဝန်ခံ စကားပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သား ... ကျောင်းနေတုန်းအရွယ်မှာ စာကိုသာ ဖိကြိုးစား၊ သူများထက် သာအောင်လုပ်။ မိန်းမကိစ္စ စိတ်မဝင်စားနဲ့။ ကိုယ်က စိတ်မဝင်စားရင် သူက အလိုလို စိတ်ဝင်စားလာလိမ့်မယ်။ အဲဒီအခါကျရင်လည်း ရည်မှန်းချက် မပျက်စေနဲ့၊ အနည်းဆုံး ဆယ်တန်းအောင် အောင်လုပ်။ တက္ကသိုလ်ရောက်ရင် သားကြိုက်တဲ့ ရည်းစားထား။ ယူချင်လည်းယူဦး။ အဖေ ထောက်ပံ့မယ်။ ဆယ်တန်း မတိုင်ခင်တော့ မိန်းမအကြောင်း မတွေးနဲ့"

အဖေက ကိုယ်ဘက်လှည့်ပြီး ဆက်ဆုံးမသည်။ ကိုယ် စိတ်မလုံမလဲ ဖြစ်သွားသည်။ သို့သော်လည်း သူ့တွင် ပြောစရာ မရှိ။ ရည်းစားလည်းမထား၊ စိတ်လည်း မကူးခဲ့။ အပြစ်ပြောစရာ သူ့မှာ မရှိ။ သို့ရာတွင် ရင်ထဲမှာ သောကသည် ခုလုလုနှင့် ရှိနေသည်။ ဘာကို လိုချင်မှန်း မသိဘဲ တစ်စုံတစ်ရာကြောင့် စိတ်လေလေ သွားသည်။ တစ်ခါတစ်ရံ စာဖတ်၍ပင် မရချင်။ ငွတ်မှိတ်၍ စာဖတ်ရသည်။

ကိုယ်က စိတ်ကိုတည်ငြိမ်အောင် ကြိုးစားနိုင်ပြီး စာကို အာရုံစိုက် ဖတ်နေချိန်တွင် မြင့်ဆွေရောဂါ ဖောက်လာသည်။

မော်ဘီ ပြေးခုန်ပစ်ပြိုင်ပွဲက ပြန်လာပြီး တစ်နေ့တွင် ကိုယ့်ထံ မြင့်ဆွေရောက်လာသည်။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် စက်ဘီးဖြင့် မြို့ပြင်သို့ ထွက်ခဲ့ကြသည်။ မြို့အပြင်နားမှာရှိသော အရိပ်ကောင်းသည့် ပိတောက်ပင်အောက်တွင် စက်ဘီးကို ရပ်လိုက်သည်။ ထိုင်လို့ကောင်းသော ခွဆုံရှိသဖြင့် နှစ်ယောက်သား ပိတောက်ပင်ပေါ် တက်ပြီး ခွဆုံပေါ်မှာ ထိုင်ကြသည်။ ပိတောက်ပင်သည် မနိမ့်မမြင့်ဖြစ်ပြီး ပိတောက်ရွက်တွေ စိမ်းလန်းနေသည်။



မြင့်ဆွေက ပိတောက်ကိုင်း တစ်ကိုင်းချိုးလိုက်ပြီး ပိတောက်ရွက်လေးတွေ တယုတယ ချွေနေလေသည်။ မြင့်ဆွေ စိတ်ကူးယဉ်နေပုံရသည်။ ကိုယ် အံ့ဩသည်။ အင်မတန် ရယ်စရာပြောတတ်သော မြင့်ဆွေ အခု ငေးမှိုင်၍စကားပင် ဟာဟာ မပြောနိုင်။ လဒ မှိုင် မှိုင်နေသည်။ မနေသာ၍ ကိုယ်က ရယ်စရာပြောရသည်။

"မြင့်ဆွေ ... မင်း မျက်နှာက အီးမှန်ထားတဲ့ မျက်နှာကြီးကျနေတာပဲ၊ မရယ်မပြုံးနဲ့၊ သည်အတိုင်းသွားရင် လုံးပါးပါး သွားမယ်နော်"

"ပြောတော့ ကိုယ်ငယ်၊ မောင်မောင်ကိုကြည့်ပြီး ပြောခဲ့သမျှ ငါဝဋ်လည်ပြီ ။ ကြောက်ကြောက်နဲ့ ရှောင်တဲ့ကြားထဲက မနေနိုင် မထိုင်နိုင် ဆတ်ခနဲ့ဆော့မိလို့ စိတ်ဆင်းရဲရတော့မယ်"

"ကေနွတော့ မော်ဘီပြေးခုန်ပစ်ပြိုင်ပွဲသွားရင်းနဲ့ ချေးပုံတက်နင်းလာခဲ့မိပြီထင်တယ်"

ကိုယ်က ရယ်စရာတွေ ရှာကြံပြောနေသော်လည်း မြင့်ဆွေ မရယ်နိုင်။ ကြာတော့ ကိုယ် သနားလာသည်။

"မင်း အဖြစ်ပြောချင်ရင်လည်း ပြောတော့ကွာ။ မင်း ကြည့်ရတာ ငါစိတ်ဆင်းရဲလာပြီ"

"ဒီလိုကွ ..."

မြင့်ဆွေက စကားကို အစချီပြီးမှ ရပ်ထားလိုက်သည်။ ပိတောက်ရွက်လေးတွေ တစ်ရွက်စီထပ်နေ၏။ ကိုယ် စိတ်မရှည်နိုင်တော့။

"မပြောရင်လည်း နေကွာ" ကိုယ်က ခပ်ဆတ်ဆတ် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်လွန်းလို့ စက်ဘီးနဲ့တင်ပြီး တကူးတက ခေါ်လာတာပါကွ၊ ပြောမှာပေါ့၊ ငါဖီလင်ယူနေတာ"

မြင့်ဆွေစကားကြောင့် ကိုငယ် မနေနိုင်။ တဟားဟားနှင့် ရယ်မိတော့သည်။

"သေကာနီး ခွေးဝဲစားက ဖီလင် ယူတာမျိုးလားကွ"

မြင့်ဆွေ စပ်ဖြဲဖြဲ လုပ်နေသည်။ ကိုငယ်က ရယ်စရာတွေ ပြောလွန်းသဖြင့် စောစောကလောက် မှိုင်တွေနေခြင်း မရှိတော့။

"မှော်ဘီ ပြေးခုန်ပစ်ပြိုင်ပွဲ သွားတုန်းကလေ၊ ငါနဲ့ နီလာကျော် အတော်ပြေလည်လာသကွ"

"အဲ့ဒါ ဘာဖြစ်လဲ"

"ဖြစ်တာတွေ့ ပြောကာပြမလေ၊ စောင့်လိုသာ နားဆင်ပေတော့ သူငယ်ချင်းရေ"

မြင့်ဆွေက အရွှန်းအပြက် ပြန်ပြောသည်။ ကိုငယ် ရယ်နေရ၏။

ခဏနေမှ သူက အတည်ပေါက် ပြန်ပြောပြန်သည်။

"သူလည်း တာတိုအပြေး၊ ငါလည်း တာတိုအပြေးဆိုတော့၊ လေ့ကျင့်ကတည်းက အတူတူကွ၊ ဟိုမှာ ပြိုင်ရတော့လည်း သူ အားပေး၊ ကိုယ့် အားပေးနဲ့ တော်တော်လေး ခင်မင်ရင်းနှီးသွားတယ်။ ပြီးတော့ အပြေးဖိနပ်က တစ်ရုံထဲရှိတော့ သူနဲ့ငါ တစ်လှည့်စီ စီးရတယ်။ ငါ ပြေးပြီးလို့ ပြန်လာရင် သူက လိမ္မော်သီးစိတ်လေးတွေနဲ့ ပန်းတိုင်မှာ လာစောင့်နေတယ်။ အမောကို ပြေသွားတာပဲကွာ"

"အဲဒါနဲ့ မင်းရောဂါတက်လာရော ဆိုပါတော့"



ကိုငယ်က ကြားဖြတ်ပြောလိုက်သည်။

"ဒါတင် ဘာကမတုန်း၊ ဒို့ထက် ရောဂါတက်စရာ ကျန်သေးတယ်"

ပြိုင်ပွဲပြီးလို့ ပြန်ကာနီးမှာ သူ ပြောသွားတဲ့စကား တစ်ခွန်းထဲနဲ့ ငါ့မှာ အမျိုးမျိုး တွေးပြီး ရောဂါတက်နေရတာကွ"

"ဘာများ ပြောသွားလို့တုန်း ဟဲ့ကောင်ရ"

"စာမေးပွဲအောင် အောင် ကြိုးစားပါတဲ့၊ တက္ကသိုလ် အတူတက်ရအောင်တဲ့လေ"

ကဲ ... ဘာပြောချင်သေးလဲဟူသော အကြည့်ဖြင့် မြင့်ဆွေက ကိုငယ့်ကို ကြည့်ပြောလိုက်သည်။

"အင်း ... မင်း ရောဂါက တက်လည်း တက်လောက်စရာပါပဲကွာ၊ တက္ကသိုလ်ကျမှ လွတ်လွတ်လပ်လပ် ဆုံကြရအောင်လို့ ပြောတာနဲ့ အတူတူပဲ။ ချစ်တယ်လို့ ဖွင့်မပြောရုံတမယ်ပါပဲ"

ကိုငယ်က အကဲဖြတ် မှတ်ချက်တွေ ပေးနေ၏။

"ငါလည်း အမျိုးမျိုး စဉ်းစားတွေးတောပြီး၊ အဖြေအမျိုးမျိုး ရနေတယ်"

"သူ ပြောတဲ့ စကားလုံးလေးတွေက ယဉ်ကျေးလှပလွန်းပါတယ်၊ အဓိပ္ပာယ် အမျိုးမျိုး တွေးလို့ရတာပဲ"

"ဟုတ်တယ်၊ ဒါ့ကြောင့် ငါလည်း အဓိပ္ပာယ်အမျိုးမျိုးတွေးပြီး အိပ်ရေးတွေ ပျက်၊ စာမကျက်နိုင် ဖြစ်နေတာပေါ့ကွာ။ အချိန်တိုင်းလိုလို သူ့မျက်နှာလေးမြင်ပြီး သူ့ အကြောင်းတွေ တွေးနေရတာ တကယ့်ဖီလင်ပဲ"

"မင်းတော့ ဒီရောဂါနဲ့ သေမှာပဲ။ မင်း အမေဖေတောင်

www.burmeseclassic.com

www.burmeseclassic.com



ကုနိုင်မှာ မဟုတ်တော့ဘူး။ မသေခင် မှာချင်စရာရှိတာ ကြိုမှာထား။ နီလာကျော်အတွက်တော့ စိတ်မပူနဲ့ ငါ ကိုယ်ဖိရင်ဖိ စောင့်ရှောက်လိုက်ပါမယ်"

ကိုယ်က နောက်လိုက်သည်။ မြင့်ဆွေ တက်သွားဟန်ဆောင်သည်။

ခွီး ... ခွီး ... ခွီး ... နှင့် အမြှုပ် တစီစီထွက်နေဟန် လုပ်ပြ၏။

"နီလာကျော်ကို မင်းလက် ဝကွက်အပ်ပြီးတော့ မသေပါရစေနဲ့ကွာ။ ဒါလေးတော့ ချမ်းသာပေးပါ။ သူ့ အကို ရည်းစားနွယ်နွယ်ဝေကို ယူချင်ယူပါ"

မြင့်ဆွေက ပြန်နောက်သည်။ သတိရအောက်မေ့ခြင်းနှင့်အတူ မမနွယ်ကို ကိုယ် ပြန်သတိရလိုက်သည်။ တစ်စတစ်စနှင့် မမနွယ်ကို သူ တွယ်တာနေပါလားဆိုသည့် အသိကို ရခဲ့နေပြီကော။ ထိုအသိဖြင့် သူ ငေးငိုင်သွားသည်။

"ဟဲ ... ဟဲ ... ဟဲ ပစ်မှတ် မှန်တဲ့သားကောင်ဟာ ခေါင်းမထောင်နိုင်ပါဘူးကွ"

မြင့်ဆွေက လက်ပိုက်၍ အောင်ပွဲရ စစ်သူကြီးဟန်နှင့် မခိုးမခန့် ကိုယ်ကို ကြည့်လိုက်သည်။ ကိုယ် ရယ်ချင်ပက်ကျိ ဖြစ်လာသည်။

"မဆီမဆိုင်၊ လက်ပံပင် ဓားနဲ့ မချိုင်ချင်ပါနဲ့ကွာ" ဟု ကိုယ် ပြန်တောင်းပန်ရသည်။

"ရယ်စရာ ပြောတာပါကွာ။ ငါ့ အဖြစ်က မရယ်ရင် ငိုရမလို ဖြစ်နေတယ်၊ အဲ့ဒါ ငါ ဘာလုပ်ရမလဲဆိုတာ အကြံဉာဏ် ပေးစမ်းပါဦး"



"ဘာလုပ်စရာလို လို့လဲကွာ၊ နီလာကျော်ပြောတဲ့အတိုင်း စာမေးပွဲအောင် အောင်လုပ်ပေါ့။ တက္ကသိုလ်ကျအတူတူ လွတ်လွတ်လပ်လပ်တွေ့တော့မှ ပြောချင်တာပြောပေါ့"

"မင်း ပြောတော့လည်း ဟုတ်တာပဲ၊ ဒါပေမယ့် ဘာမှန်းမသိဘဲ၊ မတင်မကျကြီးဆိုတော့ မင်းလိုပဲ အီလည်လည်နဲ့ ဘာမှန်း မသိဖြစ်နေမှာပေါ့"

"ဒီလိုဆိုလည်း ဖွင့်ပြောပေါ့ကွာ။ နင့်ကို ချစ်တယ်၊ ပြန်ချစ်ပါ။ ပြန်မချစ်ရင် ဂါတ်တိုင်မယ်လို့ ပြောပေါ့"

ကိုယ့် စကားကြောင့် မြင့်ဆွေ ရယ်သည်။

"မဖြစ်သေးပါဘူးကွာ၊ အခြေအနေဆိုးသွားမှဖြင့် တက္ကသိုလ်မှာ မဆုံလိုက်ရဘဲ နေဦးမယ်"

"ဒီလိုဆိုလည်း ခုလိုပဲ အေးအေးနေပြီး စာကြိုးစားပေါ့ကွ။ ခုတလော မင်း သိပ်ပေါ့နေတယ်။ အဆင့်တွေလည်း ကျသွားတယ်။ မင်းပြန်ကြိုးစားဖို့ ကောင်းတယ်"

"အေးကွာ ဟုတ်တယ်၊ ငါလည်း နီလာကျော့်စိတ်တွေကြောင့် စာကျက်ပျက်ခဲ့ရတယ်။ မင်းလိုပဲ ပြန်ကြိုးစားတော့မယ်။ မင်းကတော့ စံပဲ။ တစ်ခါတည်း ပထမရအောင် ကြိုးစားပြနိုင်တယ်၊ နည်းလမ်းကောင်းလေးရှိရင် ပြောပါဦးကွ"

"နည်းလမ်းကောင်းကတော့ 'တကယ်လုပ်အဟုတ် ဖြစ်တယ်ဆိုတာပဲ' တကယ်တော့ စိတ်မာတ်နိုင်နိုင်မာမာနဲ့ ဇွဲရှိရှိ ကြိုးစားရင် ဒီအတန်းစာတွေဟာ အလွယ်လေးတွေဆိုတာ မင်းသိလာလိမ့်မယ်၊ ငါလို ကြိုးစားတဲ့သူက အနည်းလေးကွ။ လူနည်းနည်းလေးထဲမှာ ကိုယ်က စနစ်တကျ ကြိုးပမ်းအားထုတ်တတ်ရင် ထိပ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တာပဲကွ။ မယုံရင် မင်းကြိုးစားကြည့်၊ စာမေးပွဲအောင်ဖို့လောက်တော့ အလွယ်လေးမှ တကယ့် အလွယ်လေး"

မြင့်ဆွေ သေချာနားထောင်သည်။ ပြီးမှ ပြန်ပြောသည်။

"မင်းပြောတာ ဟုတ်သလိုလိုပဲ၊ မင်းပြောသလို ငါကြိုးစားကြည့်ဦးမယ်၊ နီလာကျော်ကိုလည်း မေ့ထားလိုက်ဦးမယ်"

"ငါပြောတာ ဟုတ်သလိုလို မဟုတ်ဘူး။ ဟုတ်ကိုဟုတ်နေတာ။ မင်းတကယ် ကြိုးစားလာတဲ့အခါ ငါပြောတာမှန်လှချည်လားလို့ အံ့ဩနေလိမ့်မယ်"

"ကောင်းပါပြီ ပညာရှိကြီးရယ် "

မြင့်ဆွေက သူ့ဝသီအတိုင်း အရွှန်းဖောက်လာပြန်ပြီ။

"မင်း နီလာကျော်ကို သတိမရရင် အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်ဖြစ်နေမှာ၊ ဆင်ခြင်ပါကွာ"

မြင့်ဆွေ စကားဆက်မဆိုတော့။ ပြန်ကြစို့ကွာဟု ဆိုကာ ပိတောက်ပင်ပေါ်က ဆင်းသည်။ ကိုငယ်က နောက်ကလိုက်ဆင်းသည်။ မြင့်ဆွေလက်ထဲမှာ ပိတောက်ရွက်တွေ။ အရှူးထ စိတ်ကူးယဉ်ဦးမလို့ ထင်ရဲ့ဟု တွေးမိလိုက်သည်။

"ဒီ သစ်ရွက်တွေ ဘာလုပ်မလို့လဲ" ကိုငယ် မေးသည်။

"စာအုပ်ကြားထဲ ညှပ်မလို့"

"ရူးပါ့ကွာ" ကိုငယ် ဆိုသည်။ မြင့်ဆွေ ရယ်ကျဲကျဲလုပ်နေ၏။

□ □ □

(၁၁)

စာမေးပွဲတွေ နီးကပ်လာပြီ ဖြစ်သဖြင့်၊ မြင့်ဆွေနှင့် ကိုငယ် ပြင်းပြင်းထန်ထန် ကြိုးစားကြသည်။ ရှမ်းထွန်းမြင့်တို့၊ ကျော်လှိုင်မြင့်တို့က အခုမှ လည်ပတ်လို့ကောင်းတုန်း။ ဝမ်းရောင်းလိ၊ တူး ရောင်းလိ၊ ပတ်သည်ကျောင်း၊ ခေါင်းသည် စာမေးပွဲဟု ပျော်ပျော်ရွှင်ရွှင် ဟစ်အော်နေဆဲ။ ကိုငယ်တို့ သူတို့ကိုလည်း အပြစ်မတင်။ အားလည်း မကျ။ ကိုယ့်ဟာသာ ကိုယ်ကြည့်နေကြ၏။ သည်ကြားထဲ မောင်မောင်က တမျှောင့်။ မမနွယ်နှင့်သူ ကျောင်းမပိတ်ခင် တွေ့ချင်သဖြင့် စီစဉ်ပေးဖို့ အကူအညီတောင်းလာသည်။

"နောက်နှစ်ဆိုရင် သူနဲ့ငါနဲ့ ပြန်တွေ့ချင်မှ ပြန်တွေ့ရမှာ၊ မခွဲခင်လေး တစ်ခါလောက်တွေ့ချင်တယ်ကွာ မင်းတို့အဖွားခြံထဲမှာ တို့ခဏလောက် တွေ့ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com

ကိုငယ် သက်ပြင်းချလိုက်သည်။

"နွယ်နွယ်ဝေက မင်းချိန်းတဲ့ဆီ လာမှာလား"

"လာမှာပါ၊ သူလည်း ငါနဲ့ တွေ့ချင်နေမှာပါ"

"ကောင်းပြီလေ၊ သည်တစ်ခါ နောက်ဆုံးအနေနဲ့ ကူညီမယ်။ ပြီးတော့ မင်းကိုလည်း သတိပေးရဦးမယ်။ ရည်းစား ထားပြီးကတည်းက မင်းစာမှာ ညံ့လာတယ်လို့ ကြားတယ်။ အစက အတန်းထဲမှာ ပထမရနေရာက အခုဆို နံပါတ်ငါးအထိ ရောက်သွားတယ်ဆို"

မောင်မောင် ငြိမ်သွားသည်။

"ဟုတ်တယ်ကွ၊ ငါးလည်း နွယ့်အကြောင်းတွေ တွေး၊ နွယ်မျက်နှာကို မြင်နေလို့ စာကျက်လို့ သိပ်မရချင်တော့ဘူး။ အရင်ကလို ဦးနှောက် ကြည်ကြည်လင်လင် မရှိတော့ဘူး"

"ရည်းစား ထားချင်တဲ့ အကျိုးပေါ့ကွာ"

"မင်းက မရှိသေးတော့ ပြောအားရှိသေးတာပေါ့၊ ဒီတစ်ခါ နွယ်နဲ့တွေ့ပြီးရင်တော့ အဆက်အသွယ်ခေတ္တဖြတ်ထားဖို့ ပြောကြည့်ရမယ်။ မလွယ်ပါဘူးကွာ။ ငါ ကိုယ်တိုင်က မနေနိုင်တာ"

မောင်မောင့်ကို ကိုငယ် ပြုံးကြည့်လိုက်သည်။

မောင်မောင်ကိစ္စပြီးတော့၊ ဖလင်စတားစာစောင်မှာ ပါလာသည့် ကိုငယ့်ကဗျာကိစ္စက ပေါ်လာသည်။ "လူမိုက်လေးလို့ ဆိုချင်ဆို" ကဗျာ ဖလင်စတားမှာပါကြောင်း၊ ခင်မျိုးကြွယ်က တွေ့လာသည်။ သူက သတင်းလာပေးသည်။ ကဗျာလေးက



ကောင်းကြောင်း ချီးမွမ်းသည်။ တကယ့် အဖြစ်အပျက်ကို ရေးတာလားဟု မေးလာသည်။

ကိုငယ် ပြန်မဖြေ။ ရယ်ကျဲကျဲ လုပ်နေလိုက်၏။

"မဖြေချင်လည်း နေပါ၊ စနောက်ကိုင်လိုက်တာ"

ခင်မျိုးကြွယ် စိတ်ဆိုးသွားသည်။ ယခုအချိန်ထိ ကိုငယ်က လိုချင်တာမရှိသေးသဖြင့် ဘယ်သူကိုမှ ခယတောင်းခံစရာ မလို။ ပြီးတော့ ဘယ်သူ စိတ်ဆိုးဆိုး ဂရုစိုက်စရာ မလိုတာ သူ့ ဘာသာ သဘောကျနေ၏။ ပြီးတော့ တစ်စုံတစ်ခုကို အတိအကျ မေးလာသောအခါ ပြန်မဖြေဘဲ အူလည်လည် လုပ်တတ်လာသော အကျင့်ကောင်းလေး တစ်ရပ်ရလာသည်။

မေးသူက သူ့မေးခွန်းကို သူ့ဘာသာ ပြန်တွေးပြီး အဖြေမှန်ရအောင်ရှာဖို့ သူက ရယ်ကျဲကျဲလုပ်ပြလိုက်တာ အကျင့်ကောင်းလေး တစ်ခုပဲဟု ယူဆလာသည်။ ဝန်ခံရာ၊ ငြင်းဆိုရာ မကျဘဲ မေးခွန်းကို ဖြေပြီးသားဖြစ်သည်ဟု ကိုငယ် ယူဆသည်။

ဖလင်စတား စာစောင်မှ ကဗျာသည် ကိုငယ်နှင့် စပ်ဆိုင်နေသူ တချို့အတွက် သိချင်စရာဖြစ်မည်။ အထူးသဖြင့် ခင်မျိုးကြွယ်နှင့် မမနွယ်က သိချင်ပေလိမ့်မည်။ ကလောင်နာမည် ဘေးတွင်/မြို့နာမည် ကျောင်းနာမည်ပါနေသဖြင့် ကိုငယ်ရေးသော ကဗျာမှန်း ကျောင်းသားကျောင်းသူ အတော်များများ သိနေပေလိမ့်မည်။ ပြီးတော့ ကျောင်းနံရံကပ်စာစောင်တွင် ကိုငယ့် ကဗျာလေးတွေ ရေးဖူးနေတော့ သိကြမှာပါပဲ။

ခင်မျိုးကြွယ်ကတော့ သိသွားပြီ။ လာမေးသည်။

www.burmeseclassic.com



ကိုယ် မအူမလည်လုပ်နေသဖြင့် စိတ်ဆိုးပြီး ထွက်သွားသည်။ နောက်တစ်ယောက် ကျန်သေးသည်။ ကိုယ် ဘယ်လိုပြန်ဖြေရမလဲ ဆိုတာ စဉ်းစားပြီးသား ဖြစ်နေသည်။

မြင့်ဆွေကတော့ ကိုယ်ကဗျာကို ဖျက်လို့ ဖျက်ဆီးလုပ်နေတော့သည်။

"မနံတတ်သူ ဆိုချင်ဆို"

ကိုယ်ပေါက်သည့်အိုး

ချန်စော်နီးလည်း

ရည်းစားလေးက မွှေးသည်ထင်။

အနီးအနားက သူတွေကို ရွတ်ပြနေသည်။ ရှမ်းထွန်းမြင့်နှင့် ကျော်လှိုင်မြင့်က မြင့်ဆွေကဗျာကို လက်ဆင့်ကမ်းသဖြင့် တစ်ကျောင်းလုံး ပျံ့နှံ့သွားတော့သည်။ နောက်ဆုံးတွင် ကျောင်းအိမ်သာထဲ၌ မြင့်ဆွေ၏ကဗျာသည် ကမ္ပည်းတင်ရစ်တော့၏။ ကလောင်နံမည် "မစွတာအောက်ပီး" ဟု နံမည် ခံထားလေသည်။

ကိုယ်က မြင့်ဆွေကဗျာဖတ်ပြီး ရယ်နေရတော့၏။

"ဘယ်နှယ့် ငါ့ကဗျာက မကောင်းဘူးလား"

မြင့်ဆွေက ဂုဏ်ယူဝင့်ကြွားစွာနှင့် လာပြောနေသည်။ မြင့်ဆွေရဲ့ ကဗျာပါ။ အဲ့ဒီကဗျာအတိုင်း ဟုတ်ပါသလားလို့ မေးရမယ်"

ကိုယ်က သူ့ကို စလိုက်သည်။

"ဒီတော့ ငါကလည်း မင်းကဗျာ နွယ်နွယ်ဝေ့သွားပြပြီး ဖော်ကောင်လုပ်လိုက်မှာပေါ့"



မြင့်ဆွေက အားကျမခံ ပြန်ပြောသည်။ နွယ်နွယ်ဝေ့ထံသွားမည့်ဟန် ပြသည်။

"ဟေ့ကောင် ... မင်းသစ္စာ မဖောက်နဲ့နော်" ဟု ရယ်ရယ်မောမောနှင့် သတိပေးဟန့်တား လိုက်ရသည်။

"ငါ့ ကဗျာကို မင်းတို့ထုတ်ဝေမယ့် "ပန်းသစ်ဝေဝေ" နံရံကပ်စာစောင်မှာ ထည့်သွင်းဖော်ပြပေးပါမယ်လို့ တာဝန်ယူရင်တော့ သစ္စာမဖောက်ဘူး။ နို့မို့ရင်တော့ ..."

မြင့်ဆွေက မေးစေ့လေးကို ပွတ်၊ ခြေနှစ်ချောင်းကို လိမ်၊ ညာဘက်ခြေဖျားလေးကို ထောက်၍ လူမိုက်ပုံစံမျိုး လုပ်ပြနေသည်။

"မင်း ကဗျာက ပန်းသစ်ဝေဝေ နံရံကပ်စာစောင်မှာ မသုံးနိုင်တော့ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အိမ်သာကပ်စာစောင်မှာ ဖော်ပြထားပြီး ဖြစ်လို့ပဲ" ,

ကိုယ်က ပြန်ပြောလိုက်သည်။ မြင့်ဆွေပြောမှ သတိရသည်။ ကျောင်းမပိတ်မီ နောက်ဆုံးအကြိမ်အဖြစ် နံရံကပ်စာစောင်ထုတ်ဖို့ ဆရာက ပြောထားခဲ့သည်။ ကဗျာလေး တစ်ပုဒ်လောက် ရေးစပ်ထားဦးမှဟု စဉ်းစားခဲ့မိသည်။ ကာရံက ခေါင်းထဲရောက်လာသည်။ ခံစားချက် ရှိပြီးမဟုတ်လား။

သတ္တိနည်းသူ

နှင်းဆီရဲရဲ

မခူးရဲ၍

ခူးရဲသူက ပန်လိုက်ပြီ။

(အမောင်ငယ်)

www.burmeseclassic.com

www.burmeseclassic.com



ထိုကဗျာလေးကို မြင့်ဆွေ မသိအောင် သိမ်းထားရသည်။ ချက်ခြင်း ဖျက်ပစ်လိုက်မှ ကဗျာလေး အသက်ထွက်သွားပေလိမ့်မည်။

ကဗျာရေးပြီး သိပ်မကြာမီ၊ ဆရာက ကိုယ်ကို ခေါ်တွေ့သည်။ နံရံကပ်စာစောင်ထုတ်ဖို့ အကြောင်းပြောသည်။ ကိုယ်က စာမူခေါ်သည့် စာကို ဆရာအားပြ၍ ဆရာ့ခွင့်ပြုချက်နှင့် ကြော်ငြာသင်ပုန်းမှာ ကပ်ရသည်။ စာမူထည့်သည့် ပုံးထောင်ရသည်။ စာမူတွေ ရလာတော့မှ သင့်တော်ရာ ရွေးချယ်ပြီး၊ ကပ်ထူပြားပေါ်တွင် ရွေးချယ်ထားသော စာမူများကို ရေးရသည်။ သရုပ်ဖော် ပန်းချီတွေ ဆွဲရသည်။ ကိုယ်က မြင့်ဆွေကို အဖော်ခေါ်ပြီး စာမူကို ဆရာနှင့်တိုင်ပင်၍ စိစစ်ရွေးချယ်သည်။ စာမူထဲတွင် ခင်မျိုးကြွယ် ကဗျာလေးကိုလည်း တွေ့ရသည်။ နွယ်နွယ်ဝေ့ကဗျာကိုလည်း တွေ့ရသည်။

ခင်မျိုးကြွယ်ကဗျာက အဓိပ္ပာယ်လေးနက်သည်။

ခွင့်လွှတ်ကြပါ
ပန်းတို့နေရာ
လိပ်ပြာလာသည်
သဘာဝပဲ မဟုတ်လား။
(အကြွယ်)

နွယ်နွယ်ဝေ့ကဗျာက ပြတ်သားသည်။

ပြတ်သားသူ

ပြုပြီးသမျှ
ထိုကိစ္စကို
နောင်တ မရချင်တော့ပါ။
(နွယ်)



မြင့်ဆွေကလည်း အားကျမခံ၊ ကဗျာတစ်ပုဒ်ပို့သည်။ ခံစားချက်အပြည့်နှင့် ရေးထားကြောင်း သိသာသည်။

စိုးမိုးသူ

ညစဉ်ညစဉ်
အိပ်မက်မြင်သည်
သခင်စိုးမိုးနိုင်လွန်း၏။
(ကျော်ဆွေ)

မြင့်ဆွေက နီလာကျော်နံမည်နှင့် သူ့နံမည်ကိုပေါင်းစပ်ပြီး ကျော်ဆွေဟု ကလောင်နံမည်ယူသည်။

ကိုယ်တို့ထုတ်ဝေသော နံရံကပ်စာစောင်သည် လှပသေသပ်စွာထွက်လာသည်။ သို့သော်လည်း သူ့ အပေါင်းအသင်း၊ ရင်းနှီးသူတွေကိုသာ မျက်နှာလိုက်ပြီး ရွေးချယ်ဖော်ပြသည်ဟု ကိုယ် အပြောခံရသည်။ ဖတ်ကောင်းသော ကဗျာ၊ စာညွန့်၊ ဝတ္ထုတို စသည်တို့ကို ဆရာနှင့် တိုင်ပင်ပြီးမှ ရွေးချယ်တာ သူတို့မသိ။ သူတို့ ပို့ထားတာ မပါသဖြင့် မကျေမနပ်ဖြစ်ကာ ပြောဆိုကြခြင်း ဖြစ်သည်။ အပြောခံရစဉ်က ကိုယ် ဒေါသထွက်သွားသည်။ ပင်ပင်ပန်းပန်းကြိုးစားပြီး အကောင်းဆုံး လုပ်ထားသည်ကို မမြင်ဘဲ ကဗျာကို မျက်နှာလိုက်ထည့်သည်ဟုသာ တွေ့မြင်ဝေဖန်သည်မှာ မလိုမုန်းထားစိတ်ရှိသည်ဟု မြင်သည်။ ထိုအကြောင်းကို ဆရာ့ပြောပြတော့ ဆရာက ဆုံးမသည်။

"အလုပ်လုပ်တဲ့လူဟာ ဝေဖန်ခံရမှာပဲကွ။ ဝေဖန်တယ်ဆိုတာ အဆိုးဘက်ကိုမြင်ပြီး အပြစ်တင်ဝေဖန်တတ်တဲ့သူက များတယ်။ အကောင်းဘက်ကနေ

www.burmeseclassic.com

www.burmeseclassic.com



ချိုးကျူးပြောတဲ့သူက ရှားတယ်။ အဲ့ဒါ လူ့သဘာဝပဲကွ။ မင်းလည်း သူတစ်ပါး လုပ်တာ ဝေဖန်ရတဲ့အခါ တိုယ်ချင်းစာပြီး အကောင်းမြင်ဝါဒနဲ့ အကြံပြုတတ်သူဖြစ်အောင် ကြိုးစားပါ။ ကိုယ်လုပ်လို့ သူတစ်ပါးက ဝေဖန်ပြစ်တင်ခံရတဲ့အခါမှာလည်း ဒါ သဘာဝပဲဆိုပြီး သည်းခံစိတ်မွေး"

ဆရာ့ ဆုံးမစကားကြားလိုက်တော့မှ ကိုငယ် အမြင်ရှင်းသွားတော့သည်။ ဝေဖန်အပြစ်တင်သူတို့အပေါ် ဒေါသမထွက်တော့။ ဆရာ့ကို အလွန်ပဲ ကျေးဇူးတင်မိသည်။ ဒါကြောင့်လည်း ဆရာဖြစ်ပေတာပဲဟု အထင်ကြီးသည့်စိတ်နှင့် ကြည်ညိုလေးစားနေတော့သည်။

ကိုငယ့် ဘဝတွင် ထိုကဲ့သို့သော ဆရာကောင်းများနှင့် တွေ့ကြုံဆုံဆည်းခွင့် ရသည်မှာ ကုသိုလ်ထူးလှသည်ဟု အောက်မေ့နေမိတော့သည်။

□ □ □

(၁၂)

ချိန်းဆိုထားသော စနေနေ့ ညနေ ၃-နာရီတွင် ကိုငယ့် အဖွားအိမ်သို့ မမနွယ်နှင့် သူ့ ညီမ နွယ်နွယ်ဆွေ၊ သူငယ်ချင်း မရင်စန်းတို့ ရောက်လာသည်။ အဖွား၏ အိမ်ပေါ်ထပ်တွင် မည်သူမျှ မရှိ။ အဖွားက အိမ်အောက်ထပ်မှာ တစ်ဦးတည်း နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သူတို့ကို ညှိခံစကားပြောရသည်။ ရောက်ခါစက မမနွယ်အနေနှင့် ရှိုးတိုးရှန့်တန့်း ဖြစ်နေသည်။ ရည်းစားနှင့် ချိန်းတွေ့သည့်ကိစ္စဆိုတော့ လိပ်ပြာ မလုံချင်။ သို့သော်လည်း ကိုယ်က အလိုက်သိသိ တရင်းတနှီးပြောဆိုတော့မှ မမနွယ် စိတ်သက်သာရာရကာ ခါတိုင်းလို ရင်းရင်းနှီးနှီးပြန်စကားပြောလာသည်။ ဟိုအကြောင်း သည်အကြောင်းပြောရင်းနှင့် ဖလင်စတား စာစောင်ထဲတွင်ပါသော ကိုယ့် ကဗျာအကြောင်းပြောလာသည်။ "လူမိုက်ကလေးလို့ ဆိုချင်ဆို" ကဗျာသည် ကိုယ်ခံစားချက်လားဟု သိချင်ကြပုံရသည်။

"နင့်ကဗျာကလည်းဟာ မာရေကြောရေရှိလိုက်တာ။ ခေါင်းစဉ်နဲ့ ကဗျာနဲ့တော့ ကိုက်ညီပါတယ်။ မဆိုးပါဘူး"

မရင်စန်းက ချီးကျူးသလိုလို ပြောသည်။ ကိုယ် ပြုံးနေလိုက်သည်။

"အငယ့် ကဗျာက ခံစားချက်တစ်ခုခုရှိလို့ ရေးတဲ့ ပုံစံမျိုးပဲ။ ယောကျ်ားမာနကို အထင်းသားမြင်ရတယ်။ ငါတော့ကြိုက်တယ်"

မမနွယ်က တကယ်ချီးကျူးစကားပြောသည်။ ကိုယ် ဝမ်းသာသွားသည်။ အခြားသူများ ချီးကျူးတာထက်၊ မမနွယ်၏ အထင်ကြီး ချီးကျူးခြင်းကို လိုလိုချင်ချင် ရှိလှသည်။ ဘာကြောင့်လည်းဟု မဆန်းစစ်ကြည့်မိ။

"အဲဒါ အငယ့်ရဲ့ ကိုယ်တိုင်ခံစားချက်လား ...ဟင်"

အလစ်မှာ မမနွယ်က ကောက် မေးလိုက်သည်။ ကိုယ် ပြုံးတုံးတုံးလုပ်နေလိုက်၏။



"ဖြေရမှာ ဝန်လေးနေရင်လည်း မဖြေပါနဲ့ ရပါတယ်"

မမနွယ်က စကားနာထိုးလာသည်။ ကိုယ် ရှယ်ကျဲကျဲလုပ်မိ။

"သိပ် ကြီးကျယ်တာပဲ"

မမနွယ် နှုတ်ခမ်းစူစိတ်ကောက် သွားသည်။ ကိုယ် မမှု။ သူ့ထံက ကိုယ် ယူစရာ တောင်းစရာ လိုချင်စရာ မရှိ။ သူ့ စိတ်ဆိုးမှာလည်း စိုးရိမ်စရာ မလို။ အခုထိ မလိုသေးဘူးလေ။ သို့နှင့် ကိုယ် ခပ်တည်တည် မဖြေဘဲ နေလိုက်သည်။

"ကျောင်းနံရံကပ်စာစောင်မှာ ရေးတဲ့ ကဗျာကတော့ အဓိပ္ပာယ်ရှင်းလွန်းတယ်"

အဲဒါ အငယ့် ခံစားမှုပဲလား။

မမနွယ်က နောက်တစ်မျိုး မေးပြန်သည်။

သတ္တိနည်းသူ ကဗျာလေးနှင့်ပတ်သက်၍ ကိုယ် ဖြေချင်သည်။ သိပ်လည်း ပြောပြချင်သည်။ တစ်ခြားလူကိုလည်း မဟုတ်၊ မမနွယ်ကိုပဲ ပြောပြချင်သည်။ မမနွယ်ကလည်း သိချင်နေသည်။ ပြောချင်သူကလည်း သိပ်ပြောချင် နားထောင်လိုသူကလည်း သိပ်သိချင်နေပါလျက်၊ ပြောခွင့် မသာပါလား။ ဘာကြောင့် မပြောနိုင်တာလဲဟု တွေးလိုက်မိသေးသည်။ ပြောလိုက်လို့ အကျိုးမထူးနိုင်မှန်း သိနေခြင်း၊ အထင်လွဲမှားစရာ ရှိနိုင်ခြင်းတို့ကြောင့် မပြောပြနိုင်တာဘဲဟု အောက်မေ့ရတော့သည်။ သို့သော်လည်း သိပ်သိချင်သူကို သိပ်ပြောချင်သူက တစ်ခွန်းတစ်စတော့ ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာဆိုတာ ခံစားမှုရှိမှ စပ်လို့ရတာ။ တစ်ခါတစ်ခါ ကိုယ့်ရဲ့ တကယ့်ခံစားမှု၊ တစ်ခါတလေတော့လည်း သူတစ်ပါး အဖြစ်ကို ကြည့်ပြီး အငှားခံစား စပ်တာမျိုးလည်း ရှိတတ်တယ်လေ"

ကိုငယ်က လူတတ်ကြီးလုပ်ပြီး ရှင်းပြနေ၏။

"ဒါတွေ ငါသိပါတယ် အငယ်ရယ်၊ အဲ့ဒီ ကဗျာဟာ နင့်ခံစားချက်လားလို့ မေးနေတာ"

မမနွယ်က စိတ်မရှည်သလို ပြောလိုက်သည်။

"မမနွယ်က ဘယ်လိုထင်လို့တုန်း"

ကိုငယ်က ခပ်ပြုံးပြုံး ပြန်ဖြေလိုက်သည်။

"ဘယ်သိမလဲ၊ ငါက သိချင်လို့ နင့်မေးနေတာ၊ နင် အူကြောင်ကြောင် လုပ်မနေနဲ့"

မမနွယ်က မာန်မဲသလို ပြောလိုက်သည်။

"မမနွယ် ထင်ချင်သလို ထင်လို့ရအောင် ကျွန်တော် ရေးထားတာပေါ့"

ကိုငယ်က စကားကို မတင်မကျ ဖြေလိုက်သည်။

"ငါထင်ချင်သလို ထင်ရမယ်ဆိုရင် အဲ့ဒီ ကဗျာဟာ နင့်ခံစားချက်ပဲ၊ ဟုတ်တယ်လို့ နင်ဝန်ခံမလား"

ကိုငယ် မျက်နှာပျက်လုလု ဖြစ်သွားသည်။ ချက်ချင်း ပြန် ဟန်ဆောင်လိုက်သည်။

"မမနွယ် ထင်ချင်သလို ထင်လို့ရအောင် ရေးထားပါတယ်လို့ ဆိုပြီးမှပဲ"



ကိုငယ်က ပြန်ဖြေသည်။ မမနွယ် သိပ်မကျေနပ်ချင်။

"မောင်မောင်လည်း မလာပါလား၊ လေးနာရီတောင် ကျော်နေပြီ"

မရင်စန်းက သတိပေးစကားကို ပြောသည်။ ညီမငယ် နွယ်နွယ်ဆွေက ပါလာသောမဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေရာက ကိုငယ်တို့ကို လှမ်းကြည့်လိုက်သည်။ ပြီးတော့ ဆက်ဖတ်ပြန်သည်။ မမနွယ် မျက်နှာညှိုးလာသည်။

"သူ သေချာချိန်းလို့ တို့လာတာပဲ။ မလာရင်လည်း ပြန်ရုံပေါ့"

မမနွယ်ကတော့ သူ့ကဗျာလေးအတိုင်း ဖြတ်သားသူ ပါပဲ။ စိတ်မြန်လက်မြန်ရှိသည်။ ဖြတ်ဖြတ်သားသား ဆုံးဖြတ်ချက်ချရဲသည်။ သတ္တိရှိသည်။ သူမှန်တာကို ဇွတ်လုပ်ရဲသည်။ မောင်မောင်က ဆန့်ကျင်ဘက်။ အေးတိအေးစက်။ မထုံတက်တေး။ တွေဝေသည်။ မဖြတ်မသား။ အဖေ့အလိုကျ အားလုံးလိုက်လုပ်ရသည်။ တစ်ဖက်ကကြည့်တော့ သားလိမ္မာ။ မမနွယ်ဘက်ကကြည့်တော့ ပျော့ညံ့သူ။ စရိုက်မတူသူ နှစ်ယောက် ချစ်ကြိုက်နေကြသည်မှာ ထူးဆန်းသလို ထင်ရသည်။

"ဘာကိစ္စပေါ် လာလို့လည်းမှ မသိတာ၊ ကျောင်းမပိတ်ခင် တစ်ခါလောက်တွေ့ပါရစေလို့ လာပြောတာနဲ့ ကျွန်တော် စီစဉ်ခဲ့တာပါ" သူကိုယ်တိုင်ကိုက တွေ့ချင်နေတာဆိုတော့ လာနိုင်ရင် အသေအချာလာမှာပဲ"

ကိုငယ်က လေပြည်ထိုး စကားကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလာနိုင်လည်း နေပေါ့ဟာ၊ လာမယ်ပြောပြီး မလာတာကိုတော့ စိတ်တိုတယ်၊ ယောကျ်ားဆိုတာ ကိုယ်လုပ်နိုင်မှ ပြောရတယ်၊ ပြောပြီးတော့လည်း ကိုယ့်စကားကို တည်အောင်ကြိုးစားရတယ်။ ဒါမှ ငါကြိုက်တာ"

မောင်မောင် မလာသဖြင့် မမနွယ် ဒေါကန်နေသည်။

"ခုမှတော့ မရွှေစာ ဒေါကန်မနေနဲ့၊ ကြိုက်ပြီးမှတော့ သည်းခံပေတော့"

မရင်စန်းက ဝင်ဖြောင်းဖျသည်။

"သည်းခံသင့်တဲ့နေရာမှာ သည်းခံမှာပေါ့၊ နေရာတကာ အလျှော့ပေး သည်းညည်းခံနေရင် ရောင့်တက်လာမှာပေါ့။ ငါတော့ ချစ်ပေမယ့် နေရာတကာ အလျှော့မပေးနိုင်ဘူး။ ရင်ကွဲသာခံမယ်၊ မလျှော့သင့်တဲ့နေရာမှာတော့ တစ်ပြားဖိုးမှ မလျှော့ဘူး"

မမနွယ်က တင်းမာသော စကားကိုဆိုသည်။

"ခ ... တော့ ပြောသေးတာပဲ၊ မောင်ဘုရား ချော့တော့လည်း ပျော့သွားပြန်ရော၊ မောင်မောင် ... မောင်မောင်နဲ့ တော်ကြာမှ ညည်းအဖြစ် သည်းမနေနဲ့"

မရင်စန်းက ခပ်ဖိဖိလေး ပြောလိုက်သည်။

ကိုငယ်, မမနွယ်ကို သနားသွားသည်။ မမနွယ်မျက်နှာညှိုးမှာကို သူ မကြည့်ရက်။ မောင်မောင့်အတွက် ဒေါသဖြစ်ကာ စိတ်မကြည်မလင် ဖြစ်နေမှာ သူ မလိုလား။

"ကျွန်တော် သွားကြည့်ပေးမယ်လေ။ ဒီမှာ ခဏစောင့်ကြဦးပေါ့"



မနေနိုင်သဖြင့် ကိုငယ်က ဝင်ပြောသည်။

"မလိုပါဘူး အငယ်။ နင့်အိမ်ကို အလည်လာတယ်လို့ပဲ သဘောထားပါ။ တို့ မောင်နှမတွေ တရင်းတနှီး စကားပြောကြတာပေါ့ ငါးနာရီထိုးရင်တော့ တို့ပြန်မယ်"

မမနွယ်က စကားကိုပိတ်ပြောလိုက်သည်။ ထိုအချိန်မှ စ၍ မောင်မောင်နှင့်ပတ်သက်၍ သူ တစ်ခွန်းမျှ စကားထဲ ထည့်မပြောတော့ပေ။

ကိုငယ်သည် ပြတ်သားခက်ထန်သော မမနွယ်စိတ်ဓာတ်ကို သဘောကျသလိုရှိသော်လည်း လန့်နေမိသလိုပဲ။ အရာရာကို ရဲဝံ့စွာ တွေးခေါ်လုပ်ကိုင်ရဲသူလည်း ဖြစ်သည်။ မကြိုက်လျှင် မကြိုက်ဘူး၊ ကြိုက်ရင် ကြိုက်တယ်။ ဖြောင့်ဖြောင့်ပြောမည့် သူမျိုးဖြစ်သည်။ ဟန်ဆောင်ပန်ဆောင်လုပ်ပြီး ညာဝါးတတ်သူမျိုး မဟုတ်။

"မမနွယ် စိတ်ဓာတ်ကတော့ ချီးကျူးစရာပဲ၊ မိန်းကလေး အတော်များများမှာ မရှိတဲ့ စိတ်ဓာတ်မျိုးပဲ" ဟု ကိုငယ် ချီးကျူးလိုက်သည်။

"သိပ်လည်း မြှောက်မနေနဲ့၊ အိမ်ခေါင်မိုးနဲ့ ခေါင်းနဲ့ ဆောင့်နေဦးမယ်"

မမနွယ်က အိမ်ခေါင်မိုးကို လက်ညှိုးထိုးပြီး ရယ်ရယ်မောမောပြန်ပြောသည်။

"မမနွယ်က ကျောင်းနံရံကပ်စာစောင်မှာ ရေးတဲ့ ကဗျာအတိုင်းပဲ၊ ပြတ်သားသူပဲ၊ လုပ်ပြီးတဲ့ကိစ္စ တစ်ခုအတွက် ဘယ်တော့မှ နောင်တရမယ့်သူမျိုး မဟုတ်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ်က ဆက်ပြောပြန်သည်။

"အငယ် ... တော်တော့ကွယ်၊ နင် ဒီလောက်မြောက်ရင် ငါ မနေတတ်တော့ဘူး"

မမနွယ်က ရယ်မောစရာလိုလို ပြန်ပြောသည်။

"ကိုငယ် ဆက်ပြောဦး၊ ဒါမှ မိနွယ်က နင့်ကို မုန့်ကျွေးမှာ။ တို့လည်း အဲ့ဒီတော့မှ မုန့်ကဝ်စားရမယ်။ ဟုတ်တယ် မဟုတ်လားဟေ့ နွယ်နွယ်"

မရင်စန်းက နွယ်နွယ်ကိုပါ အဖော်ဆွယ်ရင်း ကိုငယ့်ကို ပြောလိုက်သည်။

နွယ်နွယ် ပြုံးနေသည်။ ဘာမျှ ပြန်မပြော။

"ငါ့ကို မြှောက်ပြောလို့ မုန့်ကျွေးမယ့် ပေါတောတောလို့ မထင်နဲ့နော် မစန်း"

နွယ်နွယ်ဝေက ဟန့်လိုက်သည်။

"မြှောက်ပြောတာမှ မဟုတ်ဘဲ၊ မှန်တာပြောနေတာပဲ မမနွယ်ရာ။ ပြီးတော့ မမနွယ်က စာလည်းတော်တယ်၊ ရုပ်ကလည်း လှတယ်ဆိုတော့ ချစ်ချင်သူတွေက ဝိုင်းဝိုင်းလည်နေမှာပဲ"

ကိုငယ်က အရှိန်ရနေပြီဖြစ်၍ ဆက်ပြောနေတော့သည်။

"အဲ့ဒီထဲမှာ နင်လည်း ပါသေးလား ကိုငယ်"

မရင်စန်းက ပေါ်ထင်ကြီးမေးလိုက်သည်။ ကိုငယ် အငိုက်မိသွားသည်။ မျက်နှာရဲသွား၏။ မနေတတ် မထိုင်တတ်



ဖြစ်သွားသည်။ နွယ်နွယ်ဝေက ကိုငယ့်ကို အကဲခတ်လိုက်သည်။ ကိုငယ် ဘာပြန်ဖြေရမှန်းမသိ။ "ပဲမှတ်မှန်တဲ့ ဘယ်သားကောင်မှ ခေါင်းမထောင်နိုင်ပါဘူး" ဟူသော မြင့်ဆွေစကားကို အမှတ်ရလိုက်သည်။

ကိုငယ် ရှက်ကိုးရှက်ကန်းဖြစ်နေမှန်းသိ၍ မမနွယ်က ကြားဝင်သည်။

"မိစန်းကလည်း ဟာ၊ သိပ် မပြောပါနဲ့။ ငါ့မောင်လေး ရှက်နေပါလိမ့်မယ်"

"ဒီကောင်က ကဗျာသာရေးတတ်တာပါ၊ သတ္တိရှိရှိ ပြောရဲတဲ့ကောင် မဟုတ်ပါဘူး"

မရင်စန်းက ကိုငယ့်ကို မခံချင်အောင် စသည်။

"ကျွန်တော်ဟာ တစ်နေရာရာမှာ အကြောင်းကြောင်းကြောင့် သတ္တိနည်းကောင်းနည်းမယ်၊ ဒါပေမယ့် နေရာတိုင်းတော့ မဟုတ်ဘူးဗျ"

မရင်စန်းကို ကိုငယ်က မခံချင်စိတ်နှင့် ပြန်ပြောသည်။

"ငါကလည်း အဲဒီတစ်နေရာတည်းကိုပဲ ပြောတာပါ"

မရင်စန်းက တမင် မခံချင်အောင် ပြောနေသည်။

"ငါ့မောင့်က သတ္တိနည်းလို့ မဟုတ်ပါဘူး။ သူ မလိုချင်၊ မပြောချင် မလုပ်ချင်လို့ မပြောဘဲ မလုပ်ဘဲ နေတာမျိုးဖြစ်မှာပါ"

မမနွယ်က ရှေ့နေလိုက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမနွယ်ပြောတာ မှန်တယ်" ... ဟု ထောက်ခံတော့မည်လုပ်ပြီးကာမှ လိမ်ပြောရာကျမည် စိုးမိပြန်သည်။ သူ မလိမ်ချင်ဘူးလေ။ လိမ်တယ်ဆိုတာ တစ်စုံတစ်ရာကို ကြောက်လို့ အမှန်မပြောရဲတာဘဲ။ သူ ဘာမျှ မပြောဘဲ ငြိမ်နေလိုက်သည်။

"မီနွယ် ... ဘယ်သူက နင့်ကို ရှေ့နေငှားလို့တုန်း"

မရင်စန်းက မကျေမနပ်နှင့် နွယ်နွယ်ဝေကို ပြောသည်။

"နင်က ငါ့မောင်လေးကို မတရားပြောနေတာကိုး"

မမနွယ်က ကိုယ်ဘက်က ဝင်ကာကွယ်ပြီး ပြောသည်။ ကိုယ် ကြည်နူးသွားသည်။ သူ့တွင် အစ်မတစ်ယောက်ရှိနေပြီ။ သူ့ဘက်မှ နာပြီး ခုခံကာကွယ်ပြောဆိုပေးတဲ့ အစ်မတစ်ဦးကို ရလိုက်ပြီဟူသော အသိနှင့် ဝမ်းသာသွားမိသည်။ မမနွယ်အပေါ်လည်း ပိုပြီးခင်မင် တွယ်တာသွားတော့၏။

"ငါ ဘာမတရားပြောလို့လဲ၊ နင့်မောင်ကိုယ်တိုင်က သတ္တိနည်းသူလို့ သူ့ကဗျာထဲမှာ ဝန်ခံထားတာပဲ"

မရင်စန်းက အထွန့်တက်သည်။ ကိုယ့်ကို သူက ကလိနေမှန်း ကိုယ် ကောင်းကောင်းသိနေသည်။ မမနွယ်က တကယ် မသိတာလား။ သိရက်နဲ့ မသိဟန်ဆောင်တာလား ကိုယ် မခွဲခြားတတ်။

"တော်ပါတော့ မရင်စန်းရယ်၊ ကျွန်တော်အရှုံးပေးပါတယ်ဗျာ။ ခင်ဗျားပြောတဲ့အတိုင်း ကျွန်တော်ဟာ သတ္တိနည်းတဲ့သူတစ်ယောက်ဖြစ်ကြောင်း ဝန်ခံပါတယ်"



ကိုယ်က မရင်စန်းကို အရှုံးပေးပါကြောင်း၊ တောင်းပန်တော့မှ မရင်စန်းစကားရပ်သွားသည်။

"သတ္တိနည်းတာ ဂုဏ်ငယ်စရာ မဟုတ်ပါဘူး အငယ်ရာ၊ နေရာတကာ သတ္တိကောင်းချင်လို့ ဘယ်ဖြစ်မလဲ၊ သတ္တိ နည်းသင့်တဲ့နေရာမှာ နည်းကို နည်းရမယ်။ ငါ့မောင် မှန်တယ်"

မမနွယ်က ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အပြည့်အဝ ထောက်ခံနေသည်။

"ကဲ ... ကိုယ် ရှေ့နေခ ပေးလိုက်၊ ဒါမှ အပြန်မှာ တို့ မုန့်စားရမှာ"

မရင်စန်းက ပြန်ပြောလိုက်သည်။ မမနွယ်က ကျေနပ်စွာ ပြုံးနေ၏။ ကိုယ်ကလည်း သဘောကျနေသည်။ မမနွယ်သည် သူ့ကို အထင်မသေးတော့ပါလားဟု ခံစားနားလည်လာသည်။ တစ်ခါတုန်းက မမနွယ်သည် သူ့ သူငယ်ချင်းများကို အထင်ကြီးပြီး သူ့ကို အထင်သေးခဲ့သည်ဟု စိတ်အားငယ်ခဲ့ဖူးသည်။ ယခုတော့ မမနွယ်သည် သူ့ကို အထင်ကြီးနိုင်ပြီလားဟု သူ တွေးနေမိသည်။

"ကဲ ... ပြန်ကြစို့ မီနွယ်ရာ၊ မောင်တော်ဘုရားကလည်း ကြွချီတော် မမူလာလို့ နှမတော်လေးမှာ စိတ်နှလုံးညှိုးနွမ်းစွာဖြင့် အားငယ်ဝမ်းနည်းရပါကြောင်း၊ စာကောင်းကောင်းရေးထား၊ မနက်ကျရင် သည့်က ရုံရှေ့တော်ကြီးက မောင်တော်ဘုရားဆီ သွားဆက်သပေးမယ်"

မရင်စန်းက နွယ်နွယ်ဝေကို နောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါဟာ ... မိစန်းရာ"

မမနွယ်က စိတ်တိုတိုနှင့် အော်လိုက်သည်။

"ကဲ ... ကိုငယ် ... ငါတို့ပြန်တော့မယ်။ မောင်မောင့်တွေ့ရင် ပြောလိုက်။ နောက်ဘယ်တော့မှ တွေ့ဖို့ မချိန်းနဲ့လို့"

ကိုငယ် ဘာပြန်ပြောရမှန်း မသိ။

□□□

(၁၃)

ကျောင်းတက်တော့ မြင့်ဆွေနှင့် ကိုငယ်တွေ့သည်။ မောင်မောင်တို့ ချိန်းတွေ့သည့်အကြောင်း၊ ချိန်းတွေ့သည့်နေရာသို့ မောင်မောင်မလာသည့် အကြောင်း မြင့်ဆွေကို ပြောပြလိုက်သည်။ မမနွယ် ဒေါပွနေသည့်အကြောင်းကိုတော့ မပြောလိုက်။ မမနွယ်နဲ့ပတ်သက်ပြီး ဘယ်သူကိုမှ ပြောမပြချင်သလိုဘဲ။

"မောင်မောင် ဘာကြောင့် မလာနိုင်သလဲဆိုတာ မင်းသိလား"

"ဘယ်သိမလဲကွ၊ ဒီနေ့မှ မောင်မောင့်ကို မေးမလို့"

ကိုငယ်က ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စနေနေ့က မောင်မောင်တို့ အိမ်မှာ မုန့်တိုင်းထန်တယ်။ မိုးလေဝသအခြေအနေ မကောင်းဘူး။ မောင်မောင့်ရည်းစား တချို့ သူ့အဖေတွေ့သွားတယ်။ တီးလိုက်နှက်လိုက်တာ စိန်ဗေဒါကြီးအတိုင်းပဲ။ ရည်းစားကို အဆက်ဖြတ်၊ ရပ်တန်းက ရပ်ရမယ်လို့ တစ်ချက်လွှတ် အမိန့်ထုတ်လိုက်တယ်။ နီလာကျော့်ကိုတောင် အဖျားခတ်ပြီး ဆူသွားသတဲ့"

"ဒါတွေ မင်းဘယ်က ကြားလာသလဲ"

"နီလာကျော် ပြောတာ။ မင်းသူများတော့ လျှောက်မပြောနဲ့"

"မင်းက အတော်အဆင်ပြေနေမှကိုး"

"ဘယ်ပြေရမှာလဲကွ၊ နီလာကျော်က ငါ့ကို ကြိုသတိပေးထားတာ၊ သူစိတ်ထဲက ဘယ်လောက်ကြိုက်ကြိုက် ရည်းစားမထားရဲဘူးဆိုတဲ့ သဘောပဲ"

"ဘာပဲဖြစ်ဖြစ်၊ နီလာကျော် မင်းကိုကြိုက်နေတာတော့ သေချာတယ်"

"ငါလည်း ဒီလိုထင်တာပဲ။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းမှ မမေးနိုင်၊ မပြောနိုင်ဘူးဆိုတော့ မသေချာဘူးပေါ့ကွာ"

မြင့်ဆွေက စိတ်ပျက်သလိုလို ပြန်ပြောသည်။ အနီးမှ မြက်တစ်ပင်ကို ဆွဲနုတ်ပြီး ထုံးဖွဲ့ချည်နေသည်။

"စိတ်မပျက်ပါနဲ့ကွာ။ အချိန်တွေ လိုပါသေးတယ်။ ဒီအချိန်မှာ ရည်းစားမထားတာ သူ့အတွက်ကော မင်းအတွက်ပါ ကောင်းပါတယ်"

ကိုငယ်က နှစ်သိမ့်စကားကို ဆိုသည်။



"မင်း မသိဘူးနော်၊ ရင်ထဲက ခုလိုလုနဲ့ မတင်မကျ ဖြစ်နေတာ ခံရခက်တယ်"

"အီးပေါက်လိုက်ပေါ့ကွာ၊ ပြီးတော့ နီလာကျော်ကို နမ်းခိုင်း၊ မွှေးတယ်လို့ပြောရင် မင်းကို ကြိုက်တယ်လို့ ယူဆ၊ မကောင်းဘူးလား"

ကိုငယ်က မြင့်ဆွေ၏ မဟာရသမြောက်ကဗျာကို ကိုးကား၍ နောက်လိုက်သည်။

"မင်းက ပြောအားရှိတော့ ပြောဦးပေါ့ကွာ။ တစ်နေ့ကျမှ မင်းလည်း ဝဋ်လည်မယ်"

"အဲဒီတစ်နေ့ကို ငါတွေ့ချင်နေတာနဲ့ အတော်ပဲ" ကိုငယ်က ဆိုသည်။

ထိုအချိန် မောင်မောင်ရောက်လာသည်။ သူတို့ဘေး မြက်ခင်းမှာ ဝင်ထိုင်သည်။ မျက်နှာမကောင်း။ စိတ်ပျက်လက်ပျက် အမူအရာ ပေါ်လွင်နေသည်။ နဂိုကတည်းက သူ့ အမူအရာက မထုံတက်တေး အေးစက်စက်။ ယခုလည်း ရောက်လာပြီး အနားမှာ ထိုင်သည်။ တုံ့ဏှိဘာဝေ။ မြက်တစ်ပင်ဆွဲနုတ်ပြီး သွားနှင့်ကိုက်ဖြတ်နေ၏။

"ကိုငယ်ရေ ... နွားမှ မြက်စားလား အောက်မေ့တယ်၊ မောင်မောင်လည်း မြက်စားတာပဲဟ" မြင့်ဆွေက နောက်လိုက်သည်။

"စိတ်ညစ်ရတဲ့အထဲကွာ၊ မင်းက နောက်နေပြန်ပြီ"

"ဟာ ... စိတ်ညစ်နေမှန်းသိလို့၊ စိတ်ပျော်လာအောင် နောက်တာပေါ့၊ ရှေ့ယောက်ဖရ"

"မင်း ဘာစိတ်ညစ်နေတယ်ဆိုတာ တို့လည်း ကြားသင့်သလောက် ကြားပြီးပါပြီ" ကိုငယ်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် ကြားလဲ"

မောင်မောင်က ပြန်မေးသည်။

"သည်လိုပဲ ကြားတာပေါ့ကွာ" ကိုငယ်က ပြောလိုက်သည်။

"ရည်းစားစာတွေ တွေ့တာကနေစပြီး၊ ရိုက်နှက် ဆူပူတော့တာပါပဲကွာ။ ငါ အိမ်မှာတောင် နေချင်စိတ် မရှိတော့ဘူး"

မြင့်ဆွေနှင့် ကိုငယ် ဘာမျှ ပြန်မပြော၊ ငြိမ် နားထောင်လိုက်သည်။

"သည်ကြားထဲ စနေနေ့ချိန်းတဲ့ဆီမလာလို့ နွယ် ကလည်း စိတ်ဆိုးပြီး စိတ်ကောက်နေတယ်။ ပြီးတော့ နွယ်ကို ငါ အဆက်ဖြတ်ရမတဲ့ကွာ"

မောင်မောင် တကယ့်ကို စိတ်ဆင်းရဲနေပုံရသည်

"ခဏတော့ အဆက်ဖြတ်လိုက်ပေါ့ကွာ။ စာမေးပွဲအောင် အောင်လုပ်၊ တက္ကသိုလ်ရောက်တော့ ပြန်တွေ့ကြတာပေါ့"

ကိုငယ်က အကြံပေးလိုက်သည်။

"အိမ်မှာ နောက်တစ်ခါ ရည်းစားစာတွေ့ရင် ငါ့အဖို့မလွယ်ဘူး။ ပြီးတော့ နွယ့်ကိုလည်း ငါအဆက်မဖြတ်ချင်ဘူး"

"အဲဒါ နွယ်နွယ်ဝေနဲ့ မင်းနဲ့တိုင်ပင်ပြီး စီစဉ်မှကောင်းမှာပေါ့"

မြင့်ဆွေကလည်း ဝင်အကြံပေးပြန်သည်။

"နွယ်နဲ့တွေ့ဖို့ ဝေးလို့ နွယ်ဆီကို စာရေးဖို့တောင် မလွယ်ဘူး။ တွေ့သွားရင် ဆက်သွယ်တယ်လို့ သိသွားရင် သေပြီသာမှတ်ပဲ"



"ဒီလိုဆို မင်း နွယ်နွယ်ဝေ့ကို အဆက်ဖြတ်မှာလား"

ကိုငယ်က ခပ်တည်တည်မေးသည်။

"ခုလိုဆို ငါအဆက်ဖြတ်လိုက်ရမှာပဲ"

မောင်မောင်က လျော့ရဲရဲ အေးစက်စက်ဖြေသည်။ ကိုငယ် မကြိုက်။

"မင်း နွယ်နွယ်ဝေကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား"

"နွယ့်ကို တကယ်ချစ်တာပါကွာ။ ဒါပေမယ့် အိမ်က အတင်းအကျပ် အဆက်အသွယ်ဖြတ်ခိုင်းနေတော့ ငါမဆက်သွယ်ရဲဘူး၊ အဖေ့ကို ကြောက်တယ်။ နွယ်တော့ ငါ့ကို အထင်သေး နာကြည်းမုန်းတီး သွားတော့မှာပဲ"

မောင်မောင်က လက်ထဲက မြက်ပင်ကို ယွှင့်ပစ်ပြီး ပြောလိုက်သည်။ နောက်ထပ် မြက်တစ်ပင်ကို ထပ်ဖြတ်ပြန်၏။

"မင်းက အချစ်ကို တန်ဖိုးမှ မထားဘဲ။ သံယောဇဉ်ဆိုတာ မင်းလက်ထဲက မြက်ပင်လို အလွယ်တကူ ဖြတ်ပစ်လို့ရမယ် ထင်နေသလား။ မင်းကတော့ အဖေကြောက်တဲ့ အရှိန်နဲ့ အလွယ်တကူဖြတ်ပစ်နိုင်ပေမယ့် တစ်ဖက်က သူကလည်း မင်းလိုပဲ အောက်မေ့နေသလား"

ကိုငယ် မခံချင်စိတ်နှင့် ပြောတော့သည်။ "မင်းအဖေကို သည်လောက်ကြောက်ရမှန်းသိရက်နဲ့ ဘာဖြစ်လို့ ဆတ်ဆော့ပြီး ရည်းစားထားချင်ရသေးလဲကွ၊ အချစ်ကို တန်ဖိုးထားတတ်တဲ့ တစ်ဖက်သားအဖို့ မင်းကြောင့် အသည်းမကွဲရဘူးလား... ဟင် ... ပြောစမ်းပါဦးကွ"

ကိုငယ် ဒေါသဖြစ်ဖြစ်နှင့် ပြောတော့သည်။

"သူငယ်ချင်းရာ၊ မင်းကြိုက်သလိုသာ ပြောပါတော့၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာတော့ ငါ့ဘက်မှ ပြန်မပြောချင်တော့ဘူး။ နွယ့်ကိုလည်း ငါ ဘက်မှတောင်းပန်ပြီး ရှင်းပြမနေတော့ဘူး။ ငါ့ကို မုန်းချင် မုန်း၊ မေ့ချင်လည်း မေ့ပါ၊ စာတော့ မရေးပါနဲ့တော့လို့ ပြောပြလိုက်ပါ"

မောင်မောင့်ကို ဆွဲထိုးပစ်ချင်စိတ် ပေါက်လာသည်။ သို့သော်လည်း မိဘကို ချစ်ကြောက်ရိုသေသူဖြစ်သဖြင့် မိဘစကားနားထောင်ခြင်းပဲ ဖြစ်လိမ့်မည်ဟု မောင်မောင့်အပေါ် ဖြေတွေးသည်။ စကား ဆက်ပြောချင်စိတ် မရှိတော့။

"မင်း သိမ်းခိုင်းထားတဲ့ နွယ်နွယ်ဝေ့စာတွေကိုရော ငါ ဘာလုပ်ပေးရမလဲ မောင်မောင်"

မြင့်ဆွေက ဝင်မေးသည်။ ကိုငယ် ပိုဒေါပွသွားသည်။

"ကိုယ့် ရည်းစားစာတောင် ကိုယ်မသိမ်းရဲဘဲနဲ့ ရည်းစားထားချင်တဲ့ မင်းစိတ်ဓာတ်ကို ငါအံ့ဩတယ်"

ကိုငယ်က မပြောချင်တော့ပေမယ့် ပြောချင်လွန်းသဖြင့် ပြောပစ်လိုက်သည်။

"မင်းတို့ ကောင်းသလိုသာ ကြည့်လုပ်လိုက်တော့ကွာ"

မောင်မောင်က စိတ်ပျက်စွာ မြင့်ဆွေကိုပြောလိုက်သည်။ မြင့်ဆွေ ဘာမှ ပြန်မပြော။ မောင်မောင့်ဘက်မှ စာနာစိတ်နှင့် ခွင့်လွှတ်တွေး တွေးနေဟန်တူသည်။

"ငါ သွားတော့မယ်ကွာ၊ ငါ့ကို ခွင့်လွှတ်ကြပါ"

မောင်မောင်က တောင်းပန်ပြီး ခေါင်းငိုက်စိုက်ချ ထွက်သွားသည်။

"ငါ ထင်တယ်။ အစကတည်းက တစ်နေ့ကျ ဒီလိုဖြစ်လိမ့်မယ်လို့ ထင်တာ၊ ထင်တဲ့အတိုင်း ဖြစ်တာပဲ"



မြင့်ဆွေက မောင်မောင်နှင့်ပတ်သက်၍ ကောက်ချက်ချသည်။

ကိုငယ်က ဒေါပွနေသဖြင့် ဘာစကားမျှ ပြန်မပြော။

"သူတို့မောင်နှမကို ချစ်မိတဲ့သူတော့ ကံဆိုးမှာပဲ။ သူတို့တွေက သားသမီးအလိမ္မာတွေကွ၊ မိဘစကားနားထောင်တယ်"

"မိဘစကားနားထောင်ရင် အစကတည်းက လိမ်လိမ်မာမာနေ ရည်းစားမထားနဲ့ပေါ့ကွာ။ သူပဲ နွယ်နွယ်ဝေ့ကိုမှ မချစ်ရရင် သေရမလောက်ဖြစ်နေပြီး၊ အဖေတစ်ချက်လောက်ရိုက်တာနဲ့ သံယောဇဉ်ကို တိကနဲဖြတ်ချပစ်နိုင်တယ်။ အချစ်ကို တန်ဖိုး မထားတတ်တဲ့ကောင်"

ကိုငယ်က စိတ်တိုတိုနှင့် ပြောပစ်သည်။ ကိုငယ့်ကို မြင့်ဆွေက ပြန်ဖျောင်းဖျသည်။

"သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်တာပဲကွ။ ရေမြေ၊ ရာသီဥတုကောင်းတဲ့နေရာက မျိုးစေ့က အရင်ပေါက်တာပဲ။ ပတ်ဝန်းကျင် အခြေအနေပေးလို့ ချစ်စရာတွေ့ရင် ချစ်မှာ သဘာဝပဲလေ။ သဘာဝကို အတင်းအကျပ် တားတဲ့သူက စဉ်းစားဖို့ ကောင်းတာပါ။ မောင်မောင်က မျိုးစေ့လေး တစ်စေ့ပါကွာ၊ မင်း သူ့ကို ခွင့်လွှတ်လိုက်ပါ"

"မင်းပြောတာ ငါ နားမလည်ဘူး"

ကိုငယ်က မြင့်ဆွေကို ပြန်ပြောလိုက်သည်။

"မင်း နွယ်နွယ်ဝေဘက်က နေပြီး ဒေါပွနေလို့ ငါ ပြောတာ နားမလည်တာဖြစ်မှာပါ"

"မောင်မောင် ရဲ့ဆီကို နွယ်နွယ်ဝေရေးတဲ့စာတွေ လာ

www.burmeseclassic.com

www.burmeseclassic.com



သိမ်းနိုင်းထားကတည်းက သည်အခြေအနေကို ငါကြိုမြင်ထားပြီးသားပါ"

"မင်းက ငါ့ကို ဘာလို့ မပြောတာလဲ"

"အဲဒီစာတွေ ငါသိမ်းထားတာ မင်းသိရင် မောင်မောင့်အပေါ် မင်းတစ်မျိုးမြင်မယ်၊ ပြီးတော့ မင်းစိတ်မကောင်းဖြစ်နိုင်တယ်ဆိုပြီး ငါ မပြောခဲ့တာပါ၊ မောင်မောင့်အပေါ် ခွင့်လွှတ်လိုက်ပါကွာ"

မြင့်ဆွေက ကြားထဲက တောင်းပန်နေ၏။

"မင်းက မောင်မောင်ဘက်က တွေးပြီး ပြောနေတာကိုးကွ။ နီလာကျော်မျက်နှာနဲ့ မောင်မောင့်ကို မင်း ခွင့်လွှတ်နေတာမဟုတ်လား"

ကိုယ်က ဒေါပွပွနှင့် ပြောမိသည်။

"ဒီလို ပြောစတမ်းဆိုရင် နွယ်နွယ်ဝေဘက်က တွေးပြီး မင်းက ဘာလို့ မောင်မောင့်အပေါ် သည်လောက် ဒေါပွနေရတာလဲ"

မြင့်ဆွေကလည်း မခံချင်စိတ်နဲ့ ပြန်ပြောသည်။ ကိုယ် ... ဒေါသွားသည်။

"သူငယ်ချင်းရယ်၊ တကယ်တော့ နွယ်နွယ်ဝေနဲ့ ငါဟာ ကံတူအကျိုးပေးဖြစ်ကြမှာပါ။ ငါက စိတ်ကို ချုပ်တည်းထားနိုင်လွန်းလို့ မခံရသေးတာပါ။ နီလာကျော်နဲ့ပတ်သက်ရင် ငါလည်း ခံရဦးမှာပါ။ ဒါပေမယ့် ငါ သူတို့မောင်နှမကို အပြစ်မမြင်ဘူး၊ အပြစ်လည်း မတင်ချင်ဘူးလေ။ သူတို့လည်း အသည်းနှလုံးရှိတဲ့ စိတ်လှုပ်ရှားတတ်တဲ့ လူငယ်တွေပဲ မဟုတ်လား။ အသိဉာဏ် ရင့်ကျက်နေတဲ့ လူကြီးတွေမှ မဟုတ်တာ။ မှားနိုင်တာပေါ့ကွာ"



မြင့်ဆွေစကားက လူကြီးဆန်နေသည်။ သည်ကောင် တကယ့်ကို တည်တည်ခန့်ခန့်စကားတွေ ပြောနေ၏။ အံ့ဩစရာပဲဟု ကိုယ်တွေးနေသည်။ သို့သော်လည်း သေသေချာချာတွေးကြည့်တော့ မြင့်ဆွေ့စကားတွေ အမှန်တွေချည်းပဲဟု ကိုယ်လည်း ယူဆသည်။ မမနွယ်အတွက်တော့ သူ့ စိတ်မကောင်း။ အချစ်၏ ခါးသီးသောအရသာကို မမနွယ် ခံစားရပေဦးတော့မည်။ ကြေကွဲခြင်း၊ နာကြည်းခြင်း၊ အသည်းနာခြင်း၊ လွမ်းဆွတ်တသခြင်းတို့ကို ခံစားရပေလိမ့်မည်။ ထိုသို့ဖြစ်ရသည်မှာ သူ့ပယောဂမကင်းဟု စိတ်ထဲမှာ တွေးပြီး စိတ်မကောင်း ဖြစ်နေမိသည်။ သူသာ အတွေးကောင်းကောင်းနှင့် ရည်းစားစာရေးမပေးခဲ့လျှင် မမနွယ်သည် မောင်မောင့်ကို ကြိုက်ချင်မှ ကြိုက်မည်။

ပြီးတော့ မောင်မောင်က ရုပ်လည်း ချော၊ စာလည်း တော်၊ အားကစားမှာလည်း ထူးချွန်၊ ကျောင်းမှာလည်း ပေါ်ပြူလာ ဖြစ်သည်ဆိုတော့ မမနွယ် စိတ်ဝင်စားကာ အထင်ကြီး ကြိုက်ခဲ့မိတာ သဘာဝကျသည်ဟုပဲ သူတွေးနေမိသည်။ မမနွယ်ကို သူ အပြစ်မတင်။ အပြစ်လည်း မမြင်ပေ။ သူ့ကြောင့် မမနွယ်က မောင်မောင့်ကို ကြိုက်ခဲ့ရခြင်းဖြစ်သည်ဟု ယူဆသည်။ ကိုယ့် မမနွယ်အတွက် တကယ်ပဲ စိတ်ထိခိုက်ရသည်။ မမနွယ်ကို သူ ရင်မဆိုင်ချင်။ မောင်မောင်နှင့်ပတ်သက်လို့လည်း ဘာမှ မပြောချင်၊ တကယ်လို့များ မမနွယ်က မေးလာခဲ့ရင် ဘာပြန်ပြောရရင် ကောင်းမလဲဟု ကိုယ် စဉ်းစားထားရသည်။

သို့သော်လည်း ပြောစရာ သူ့မှာ များများမရှိ၊ ဘာပြောရမလဲလေ။ တစ်ယောက်သောသူက သံယောဇဉ်တို့ ယာပြတ် ဖြတ်ပြီး သစ်စိမ်းချိုး ချိုးခဲ့ပြီပဲ။ သူ့မှာ ဖြေသိမ့်စရာစကားလည်း မရှိ။ ဂျင်းစိမ်းနှင့် မိသံလင် သူကြင်မှ ကိုယ်ကြင်

www.burmeseclassic.com

www.burmeseclassic.com



ရမပေါ့ါဟု ပြောရမှာလည်း ဝန်လေးသည်။ မောင်မောင်နဲ့ပတ်သက်ပြီး မမနွယ်က ဘာမှ မမေးပါစေနဲ့၊ မပြောပါစေနဲ့ ဟုသာ သူ ဆုတောင်းနေမိတော့သည်။

"ကိုငယ် သူငယ်ချင်း၊ မင်း သိပ်တွေးနေပြီထင်တယ်"

မြင့်ဆွေက သတိပေးလိုက်တော့မှ သူ သတိပြန်ဝင်လာသည်။

"နွယ်နွယ်ဝေနဲ့ပတ်သက်ပြီး မင်း စိတ်မကောင်းဖြစ်နေတယ် ထင်တယ်"

"မောင်မောင့်အတွက် ပထမဆုံး ရည်းစားစာကို ငါ မရေးခဲ့ဘူး၊ မပေးခဲ့ဘူးဆိုရင် သည်လောက် စိတ်မထိခိုက်ပါဘူးကွာ"

"ဘာတတ်နိုင်မလဲကွာ၊ အကြောင်းကံက ဖန်လာခဲ့ပြီပဲ"

"အဲဒီဖြစ်ခဲ့တဲ့ အကြောင်းရင်းတွေရဲ့ တရားခံဟာ ငါဖြစ်နေသလားလို့ တွေးမိပြီး စိတ်မကောင်းဖြစ်ရတယ်ကွာ"

"စိတ်ဆင်းရဲစရာတွေ ရှာကြံမတွေးပါနဲ့ သူငယ်ချင်းရယ်"

မြင့်ဆွေက နှစ်သိမ့်စကား ဆိုသည်။ ကိုငယ် ဘာမှ ပြန်မပြော၊ တွေဝေငေးမော၍သာ နေတော့သည်။ နွယ်နွယ်ဝေအတွက် ကိုငယ် သိပ်စိတ်ထိခိုက်နေတာ သူသိသည်။ ဘာကြောင့် ကိုငယ် သိပ်စိတ်ထိခိုက်နေရတာလဲဆိုတာ သူ ရိပ်မိသလိုလိုရှိနေ၏။ ဖွင့်မေး၍ မကောင်း၊ သည်တော့ သည်လိုပဲ ကိုငယ့်ကို ကြည့်နေလိုက်တော့သည်။

□ □ □

(၁၄)

"ငါ ဘယ်လောက် ခံစားနေရတယ်ဆိုတာ နင် မသိပါဘူး ဟာ"

"စာနာစိတ်နဲ့ ခံစားကြည့်ရင် ရပါတယ်။ မမနွယ်လိုပဲ ကျွန်တော်လည်း စိတ်ထိခိုက်ရတာပါပဲ"

"ငါ့ဘဝမှာ ငါ ပထမဆုံးအကြိမ်ပဲ။ မခံချင်စိတ်နဲ့ စိတ်တင်းထားပေမယ့် ရင်နာရတယ်ဟာ။ စာလေးတစ်စောင်တောင် ပြန်ရေးဖော် မရဘဲ ပစ်စလက်ခတ် ဇာတ်သိမ်းသွားတာကို အခံရ အခက်ဆုံးပဲ"

ရေတွင်းဘောင်ကို လက်နှင့် ထောက်ရင်း မမနွယ်က ကိုငယ့်ကို ရင်ဖွင့်ပြနေ၏။ အဝေးကို ငေးမောကြည့်နေသော မမနွယ်၏ ကြေကွဲဖွယ်ရာ မျက်နှာကို ကိုငယ် မကြည့်ရက်နိုင်။ မမနွယ်လိုပဲ သူလည်း ရင်ထဲမှာ နာနေ၏။ မောင်မောင့်ကိုလည်း ဒေါ်ပွချင်ချင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်စဉ်းစားကြည့်ပါဟာ၊ သူ ဒီလိုသစ်စိမ်းချိုးချိုးပြီး အဆက်ဖြတ်ပစ်လိုက်တော့ မိန်းမသားတစ်ယောက်အနေနဲ့ ဘယ်လောက်ရင်နာဖို့ ကောင်းလဲ၊ ပြန်လည် ဖြေရှင်းလို့မရ၊ ချော့မော့တောင်းပန်နေလို့လည်း မဖြစ်၊ ရင်ထဲမှာ ခံစားရတာကို လည်း လူမသိအောင် ဟန်ဆောင်ကြိတ်မှိတ်နေရတယ်၊ သိပ် အခံရခက်တာပဲဟာ"

ကိုငယ် ဘာမှ ပြန်မပြော။ မမနွယ်ပြောတာကိုပဲ သူ နားထောင်နေလိုက်သည်။ ဘာမှလည်း ပြန်မပြောချင်တော့ဘူး လေ။ မမနွယ်ကို သူ နှစ်သိမ့်စကားဆိုချင်သော်လည်း မဆို ရက်တော့။ နှစ်သိမ့်ကာမှ ပိုအုံကြွလာမှာလည်း စိုးမိသည်။

"သူ့အပေါ် နာကြည်းစိတ်၊ မခံချင်စိတ်တွေနဲ့ ဘာ ဂရုစိုက်ရမှာလဲလို့ နေပေမယ့်၊ မေ့မရဘူးဟာ။ သတိရတယ်၊ အချိန်ရှိသရွေ့ သည်အကြောင်းပဲ တွေးနေတယ်။ သူပေးထားတဲ့ ဓာတ်ပုံလေးကို ထုတ်ကြည့်မိတိုင်း ငိုရတယ်။ ကျောင်းမှာ သူနဲ့ တွေ့တဲ့အခါ မျက်နှာထားတင်းတင်းနဲ့ ဘာမှ မဖြစ်သလိုနေနိုင် ပေမယ့် ကွယ်ရာမှာတော့ ကြိတ်ငိုနေရတယ်ဟာ။ ပထမဆုံး အချစ်ဦးဆိုတော့ ရှုံးမတတ်ခံစားရပါတယ်"

မမနွယ်သည် ပြောရင်း မျက်ရည်တွေ ရစ်ဝဲလာသဖြင့် အံကြိတ်ပြီး တင်းထားရသည်။ မျက်တောင် တဖျတ်ဖျတ်ခတ် ကာ မျက်ရည်ကို ထိန်းသည့်ကြားတည်းက မျက်ရည်ဥတွေ ကြွေ ဆင်းလာသည်။

တော်ပေသေးသည်။ ရေတွင်းတွင် လူရှင်းနေသဖြင့် ပြောချင်တာပြောရသည်။ မမနွယ်သည် ပထမဆုံး အသည်းကွဲ ဝေဒနာခံစားလိုက်ရလို့ ဖျတ်ဖျတ်လူး စိတ်လှုပ်ရှား ထိခိုက်နေ



တော့သည်။ ရင်ထဲမှာ ခံစားရသမျှကို ရင်းနှီးခင်မင်ပြီး အ ကြောင်း သိနေသည့် ကိုငယ့်ကို ဖွင့်အံပြနေမိသည်။ ကိုငယ် မှာ ကြားရ နားဝ မသက်သာဖြစ်နေလေတော့၏။

"ဖြစ်သမျှတွေကို မေ့ဖို့သာ ကြိုးစားပါတော့ မမနွယ် ရာ"

ကိုငယ်က မတတ်သာ၍ နှစ်သိမ့်စကား ဆိုရတော့ သည်။

"မေ့ဖို့ ဘယ်လွယ်ပါ့မလဲ အငယ်ရယ်။ တစ်ဘဝမှာ ဒီတစ်ခါ ပထမဆုံး ရင်နာရတာဆိုတော့ အချိန်ကြာကြာ သတိရ မှတ်မိနေဦးမှာပါ။ ဒါပေမယ့် ငါ ကြိုးစားပါ့မယ်၊ သူ့ကိုရော အားလုံးကိုရော မေ့ဖို့ကြိုးစားပါ့မယ်"

မမနွယ် စိတ်ကိုတင်း၍ ပြောသည်။

"အားလုံးကို မေ့ဖို့ကြိုးစားတဲ့အထဲမှာ ကျွန်တော့်ကို တော့ ထည့်မထားစေချင်ဘူး။ မောင်ငယ်တစ်ယောက်အနေနဲ့ တော့ အမှတ်ရစေချင်ပါသေးတယ်"

ထိုစကားကို နှုတ်မှ အလွယ်တကူ ရောကနဲ့ထွက်သွား မိတာ၊ ကိုငယ် သူ့ဘာသာ အံ့ဩနေမိသည်။ သည်အချိန်မှာ မလိုအပ်ဘဲ သည်စကားကို ဘာလို့ပြောလိုက်မိသလဲလို့ သူ ပြန် စဉ်းစားနေမိသည်။

"အေးပါဟာ၊ နင့်ကိုတော့ မောင်ငယ်တစ်ယောက် အနေနဲ့ ငါအမြဲ အမှတ်ရနေမှာပါ။ တော်ပြီဟာ ငါဘာမှ ဆက် မပြောချင်တော့ဘူး"

မမနွယ်သည် ပြောရင်းမှာပင် စိတ်ထိခိုက်လာသဖြင့် မျက်ရည်တွေ ရစ်ဝဲလာသည်။ မငိုမိအောင်စိတ်ကို တင်းထား ဟန်တူသည်။ ကိုငယ်ကို စိတ်ထဲရှိသမျှ ရင်ဖွင့်ပြောပြလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရင်ပေါ့သွားမည် ထင်သည်။ သို့သော်လည်း ပြောရင်း ပြောရင်း စိတ်ထိခိုက်လာကာ မျက်ရည်တွေ ရစ်ဝဲပြီး ငိုမိလာမည်စိုးသဖြင့် ကိုယ်ကိုပင် နှုတ်မဆက်ဘဲ ပြန်ထွက်ပြေးသွားသည်။

ကိုယ်သည် ထွက်ပြေးသွားသော မမနွယ်ကို ကြည့်၍ ကျန်ရစ်သည်။ သူစိတ်မကောင်း။ မမနွယ် သိပ်စိတ်ထိခိုက်နေတာ မြင်တော့ သူ ဝမ်းနည်းသွားသည်။ ဂျင်းစိမ်းနှင့် မိတ်သဃလင် သူကြင်မှ ကိုယ်ကြင်ပေါ့ မမနွယ်ရဲ့ဟု သူ ဘာဖြစ်လို့များ နှစ်သိမ့် အားမပေးမိပါလိမ့်။ ပြီးတော့ ... မမနွယ်အတွက် ဖြေသိမ့်နိုင်ဖွယ်ရာ အကြင်နာစကားတွေကို ဘာကြောင့် မစဉ်းစား မပြောဆိုမိပါလိမ့်ဟု စဉ်းစားနေသည်။

ရေတွင်းမှ ပြန်လာတော့ ကိုယ် ဒီအကြောင်းပဲ တွေးနေသည်။ မမနွယ်သိပ်စိတ်ထိခိုက်နေရှာမှာပဲ။ အခုဆို အိပ်ရာထဲမှာ လှဲပြီး တိတ်တိတ်ကြိတ်ငိုနေပြီလား။ မောင်မောင့် အကြောင်းတွေ တွေးပြီး၊ တမြေ့မြေ့ ဆွေးနေရှာရော့မည်။ မောင်မောင်ပေးထားတဲ့ ဓာတ်ပုံလေးကို ထုတ်ကြည့်ခါခါ သောကဖြာရင်း ရင်နာနေရှာပြီလား၊ မောင်မောင့်စာလေးတွေ ပြန်ဖတ်ပြီး တစိမ့်စိမ့်တွေးပြီး ပူဆွေးနေမလားလေ။

ကိုယ်သည် မမနွယ်မျက်နှာလေးကို ပြန်မြင်နေသည်။ ညှိုးလျှနွမ်းနယ်နေသော မျက်နှာလေးကို တရေးရေး မြင်ယောင်ပြီး သနားနေမိတော့၏။ စာဖတ်၍လည်း စိတ်မပါ။ တစ်ခြားအရာလည်း စိတ်မဝင်စား။ အိပ်မယ်ဆိုတော့လည်း အိပ်မပျော်။ ခက်ပြီ။ မမနွယ် ခံစားနေရတာတွေကို ပြောပြခဲ့သော စကားတွေကိုလည်း နားထဲမှာ အတိုင်းသား ပြန်ကြားနေတော့သည်။



မမနွယ်လိုပဲ သူလည်း ခံစားနေရတာပါလား။ ဘာဖြစ်လို့ သည်လောက်စိတ်စွဲပြီး သည်လောက်ခံစားနေရတာလဲ။ သူ အဖြေရှာသည်။ မတွေ့။ တစ်ခုခုတော့ တစ်ခုခုပဲဟု သိသည်။ မမနွယ်အတွက် သူဘာကြောင့် သည်လောက်များ ခံစားရတာလဲဟု မြင့်ဆွေမေးလျှင် ပြန်ဖြေစရာ မရှိ။ ဒါပေမယ့် ရင်ထဲမှာတော့ သိနေသလိုလိုပါပဲ။ ပြီးတော့ ... မြင့်ဆွေကလည်း ရိပ်မိသိရှိနေသလိုပဲ။ ကိုယ် တောင်တွေး၊မြောက်တွေးနှင့် အမျိုးမျိုးတွေးသည်။ အတွေးလွန်သဖြင့် အိပ်မရ။ မျက်စိက ကြောင်လာသည်။ အိပ်မပျော်သော ညသည် ညတာရှည်လွန်းမှန်း ကိုယ်တွေ့ကြုံသဖြင့် ယုံရပြီ။

"မမနွယ်ကော အိပ်လို့ ပျော်ရဲ့လား" သူ တွေးမိပြန်သည်။ မမနွယ်နှင့် ရင်းရင်းနှီးနှီး ပြောခဲ့ ဆိုခဲ့တာတွေ၊ မမနွယ်ရဲ့ ဆုံးမစကားတွေ၊ သူ အမျိုးမျိုး ပြန်ကြားနေတော့သည်။ မမနွယ်နဲ့ပတ်သက်သမျှတွေကို စဉ်းစားရင်း တွေးတောရင်း မှေးကနဲ အိပ်ပျော်သွားမိသည်။ အိပ်မက် မက်လို့ပင် နေချေသေးတော့သည်။

အိပ်မက်ထဲမှာ မမနွယ်က သူ့ကို ရွှန်းလက်တောက်ပသော မျက်လုံးဝိုင်းကြီးနှင့် စိုက်ကြည့်ပြီး "မောင်" ဟု ခေါ်ရာ တာတာခေါ် လိုက်ပုံမှာ အသည်းထဲမှာ နွေးကနဲဖြစ်သွားခဲ့ရသည်။ "မောင်က သိပ်နေနိုင်တယ်နော်၊ မပွင့်မလင်းနဲ့ ရင်ထဲမှာ သိုသိပ်ထားလွန်းတော့ မမနွယ် သိပ်ခံစားရတာပဲကွယ်။ မမနွယ်တို့က မိန်းမသားပါ။ မောင်တို့က ခံစားနားလည် သိတတ်မှ စိတ်ချမ်းသာရမှာပါ" သည် စကားကို မမနွယ်က ရေတွင်းဘေးမှာပဲ ပြောနေသလို ထင်ရသည်။ နှင်းတွေကလည်း ဝေလို့၊ မမနွယ်

www.burmeseclassic.com

www.burmeseclassic.com



အမြုံနတွေကလည်း ဝေလို့သဇင်ပန်းတွေ ခေါင်းပေါ်မှာလည်း ဝေလို့ပါလား မမနွယ်ရယ်။

သည်အချိန်မှာ တစ်ခွန်းမျှ ပြန်မပြောခဲ့မိပါလား။ ရင်ထဲမှာ ကာလရှည်ကြာစွာ သိမ်းဆည်းထားခဲ့ရတဲ့ စကားလုံးတွေကို စီကာပတ်ကုံး ပြောမပြခဲ့မိပါလား။ သူ မမနွယ်ကို အားငယ်စိုးရွံ့သော အကြည့်ဖြင့် ခပ်လှမ်းလှမ်းမှ ကြည့်နေသည်။ မမနွယ်စကားကိုလည်း မယုံစားဖွဲ့သလိုနှင့် နားထောင်နေသည်။ ထို စကားတွေ မမနွယ်ပြောနိုင်ပါမလား။ သူ မယုံမကြည် မဝံ့မရဲနှင့်စိုက်ကြည့်နေမိသည်။ မပြုံးမရယ်နှင့် အားငယ်စိုးရွံ့စွာ ကြည့်နေသော သူကို မမနွယ် နားမလည်သလိုကြည့်နေ၏။ အားမလို အားမရလည်း ဖြစ်ဟန်တူသည်။ နောက်ဆုံးတော့ စိတ်ပျက်လက်ပျက်နှင့် သူ့ကို ကျောခိုင်းထွက်ခွာသွားသည်။ နှင်းမှုန်ထဲသို့ မမနွယ် တစ်ရွေ့ရွေ့တိုးဝင်သွားပြီး အလှမ်းဝေးဝေးရောက်တော့ သူ သတိရလာသည်။ သူ ဘာလုပ်ရတော့မည်ကို သူ သိလာသည်။ ချက်ခြင်း ပြေးလိုက်ပြီး လှမ်းအော်ခေါ်လိုက်သည်။

"မမနွယ် ရေ ..."

တစ်အားတစ်အော်လိုက်တော့ ကြောက်လန့်တကြား သူ လန့်နိုးသွားသည်။ မမနွယ် ပျောက်ဆုံးသွားသဖြင့် ဝမ်းနည်းပူပန်စိတ်တွေနှင့် သူရင်ခုန်သည်။ အိပ်မက်ထဲမှာတောင် လွမ်းမိုးနိုင်လွန်းသော မမနွယ်ကို သူ အံ့ဩသည်။ သည်လောက်တောင် မိမိစိတ်ကို ချုပ်ကိုင်လွှမ်းမိုးနေသလားဟု တွေးလာရတော့သည်။ ပြီးတော့ အိပ်မက်မှာပင် သူသည် တစ်ခွန်းမျှ ပြန်မပြောရခဲ့သည်ကို မကျေမနပ် ဖြစ်နေမိတော့၏။

□ □ □

(၁၅)

မကြာမီ ဖြေဆိုရမည့် စာမေးပွဲကြီးအတွက် ကိုငယ် အပြင်းအထန် ကြိုးစားနေသည်။ မြင့်ဆွေလည်း ကြိုးစားနေ၏။ မမနွယ်လည်း ကျောင်းတက်ချိန်မှလွဲ၍ အပြင်တွင် သိပ်မတွေ့ရ။ မောင်မောင်တို့ မောင်နှမလည်း အချိန်ပြည့်နီးနီး စာဖတ်နေပြီဟု ကြားသည်။ သူ အမေကိုယ်တိုင် ကြပ်မတ်၍ စာဖတ်စေသည်ဟု သိရသည်။

ကိုငယ်တို့က တန်းမြင့်ကျောင်းထွက် စာမေးပွဲ။ မောင်မောင်နှင့် မမနွယ်တို့က တက္ကသိုလ်ဝင်စာမေးပွဲ။ အဓိကရ စစ်စာမေးပွဲတွေမို့ အရေးကြီးသည်။ အောင်မြင်သူ နည်းပါးလှသဖြင့် အတော် ကြိုးစားမှ အောင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ် ကြိုးစားသည်။ အထပ်ထပ် အခါခါ ကျက်မှတ်ထားသဖြင့် ပိုင်နိုင်စိတ်ချထားသည်။ သူများ အားကိုး၍မရ။ ကိုယ့်ဘာသာ ကိုယ်ပဲ အားကိုးရသည်။ တကယ် ကြိုးစားတော့ တကယ်ပဲ ထိရောက်အောင်မြင်သည်။ စာမေးပွဲကိုကောင်းစွာ ဖြေဆိုနိုင်ခဲ့လေသည်။

ထိုစဉ်က ကိုငယ်တို့မြို့တွင် စာစစ်ဌာန မရှိ။ အခြားမြို့သို့ သွားဖြေရသည်။ ကားစုငှားပြီး သွားဖြေရသည်။ စာမေးပွဲဖြေနေစဉ်တစ်လျှောက်တွင် မြင့်ဆွေပျော်နေသည်။ သူ့ကောင်မလေး နီလာကျော်နှင့် စာမေးလိုက် ဆွေးနွေးလိုက်၊ ဖြေပြီးသည်နှင့် အဖြေတိုက်ကြည့်လိုက် စကားတွေပြောလိုက်နှင့် သူ့အတော်လေး အဆင်ပြေနေခဲ့သည်။ ကားပေါ်တွင်လည်း မကြာခဏ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြ၏။ မြင့်ဆွေရောဂါတက်မှာ စိုးရသည်။ ကိုငယ်က သတိပေးရသည်။

"ဟေ့ကောင် ... စာမေးပွဲရက်ထဲမှာ ရောဂါတက်မနေနဲ့နော်။ စာဖတ်မရဘဲ စာမေးပွဲကျနေဦးမယ်၊ တော်ကြာ မင်းက စာမေးပွဲကျကျန်ပြီး ငါနဲ့ နီလာကျော်က အောင်လို့ တခြားကျောင်း သွားနေရရင် အတူတူ ရထားစီးသွားရမှာနော်။ အဲ့ဒီကျ စိတ်မကောင်း ဖြစ်မနေနဲ့"

ကိုငယ်က နောက်သလိုနှင့် မြင့်ဆွေကို ခြိမ်းခြောက်လိုက်၏။ ထိုစဉ်က ကိုငယ်တို့မြို့တွင် တက္ကသိုလ်ဝင်တန်း ဖွင့်ကာစ ဖြစ်သဖြင့် တချို့က တခြားမြို့သို့ သွားတက်ကြသည်။ ခရီးနီးသဖြင့် ရထားနှင့် လပေး လက်မှတ်လုပ်ကာ တက်ကြသည်။



"စိတ်ချပါကွာ၊ စာမေးပွဲကျမှာကို သေမလောက်ကြောက်ပါတယ်။ စာတွေလည်း ကျေကျေညက်ညက်ဖတ်ပြီးသားမို့ အေးအေးဆေးဆေး နေတာပါ။ နောင်နှစ်ကျရင် နီလာကျော်နဲ့အတူ ကျောင်းတက်မှာပါ။ မင်းသာ ကျ,မကျန်ရစ်စေနဲ့"

ကိုငယ်က ဘာမျှ ပြန်မပြောဘဲ ပြုံးနေလိုက်သည်။

"စာမေးပွဲနောက်ဆုံးနေ့ကျ ရှမ်းတောကို သွားလည်ရအောင်၊ ဟိုမှာ မရမ်းသီးသုတ်စားရအောင်ကွာ၊ ပြောရင်းတောင်သွားရည်ယိုလာတယ်။ ရှမ်းထွန်းမြင့်ကို ငါပြောထားမယ်"

"ကောင်းသားပဲ၊ မကြည်စန်းတို့ နီလာကျော်တို့လည်း လိုက်ရင်ကောင်းမှာ မင်းပိုပျော်မှာပေါ့"

ကိုငယ်က မြင့်ဆွေအတွက် ထည့်စဉ်းစားပေးသည်။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်။ ကိုယ်ကလည်း မင်းအတွက် ခင်မျိုးကြွယ်ပါ လိုက်အောင် စည်းရုံးပေးပါ့မယ်"

မြင့်ဆွေ စည်းရုံးဦးဆောင်၍ စာမေးပွဲဖြေပြီး ရှမ်းတောသွားမည့် အစီအစဉ်ကိုလုပ်သည်။ ရှမ်းထွန်းမြင့်နှင့် ကျော်လှိုင်မြင့်၊ မြင့်ဆွေနှင့် ကိုငယ်၊ မကြည်စန်းနှင့် နီလာကျော်၊ ခင်မျိုးကြွယ်နှင့် မမြရည်တို့ ပါကြသည်။

အားလုံး စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ကြသဖြင့် ပျော်နေကြသည်။ မြင့်ဆွေနှင့် နီလာကျော်၊ ကိုငယ်နှင့် ခင်မျိုးကြွယ်တို့ကို မထိတထိ စကြ၊ နောက်ကြနှင့် အင်မတန် ပျော်ဖို့ကောင်းသည်။ သည်အထဲတွင် ရှမ်းထွန်းမြင့်က အနောက်ဆုံး။ အင်မတန် ရယ်စရာလည်း ပြောသည်။ သူငယ်ချင်းများအပေါ်

www.burmeseclassic.com

www.burmeseclassic.com



လည်း အင်မတန် အနွံတာခံ၏။ သူငယ်ချင်းမှန်သမျှ သူ့ကို နိုင်လေ့ရှိသည်။ ကောင်မလေးတွေနှင့် ဝိုပြီး ပြေလည်သည်။ စကားပြောရဲတာင်းပြီး ဟာသဉာဏ်ရှိသဖြင့် သူ့ကို ခဏတွေ့ရုံနှင့် ရင်းနှီးသွားနိုင်သည်။ ပြီးတော့ သူ့မှာ စည်းရုံးရေးလက်နက်ကောင်း တစ်ခုရှိသည်။ ထိုစည်းရုံးရေးလက်နက်နှင့် မိန်းကလေးလေးယောက်ကို လိုက်ပါလာအောင် ဖန်တီးနိုင်ခဲ့သည်ဟုဆိုလျှင် ဆိုနိုင်သည်။ ရှမ်းထွန်းမြင့်တို့ အိမ်ရောက်သည်နှင့် မကြာမီ ခင်မျိုးကြွယ်က စ,မေးသည်။

"ရှမ်း ... စာမေးပွဲပြီးလို့ အိမ်လိုက်လည်ရင် လက္ခဏာကြည့်ပေးမယ်လို့ နင်ပြောထားတာ၊ အခု အိမ်ရောက်ပြီ ကြည့်ပေတော့"

"နေပါဦး ဟ။ ဖြည်းဖြည်းပေါ့။ လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နေးစေတဲ့"

"လက္ခဏာကြည့်တာနဲ့ ဘာဆိုင်လဲ"

ခင်မျိုးကြွယ်က ပြန်ဟောက်သည်။

"ဘာဆိုင်လဲ၊ ပြည်သူဆိုင်ပေါ့ ဟ၊ ခွဲတမ်းကုန်ပြီ"

အားလုံးရယ်ကြရသည်။ နီလာကျော်နှင့် မကြည်စန်းဘ လက်ဖက်သုတ်ဖို့ လုပ်နေသည်။ မြင့်ဆွေက အနားမှာ ဂေါ်ဇီလို့ရင်း ရယ်ရယ်မောမော ပြောနေ၏။

"မြင့်ဆွေ သူငယ်ချင်း၊ သွားတော့လည်း အအေးပတ်နေဦးမယ်နော်၊ သည်လောက်ကြီး ပါးစပ်ဟ မထားနဲ့"

ကိုငယ်က လှမ်း,နောက်လိုက်သည်။ မြင့်ဆွေက ဖြီး



ဖြီးဖြီးကြီးလုပ်ကာ ကိုငယ့်ဘက် လှည့်ကြည့်ပြီး မျက်စိမှိတ်ပြလိုက်သည်။ ပါးစပ်ကလည်း ပြန်အော် ပြောလိုက်၏။

"ဗမောက်တစ်ရာ၊ တောတောနိုတ်၊ စံမယ်သာကြား၊ ဝါးစေ"

မြင့်ဆွေစကားကြားတော့ ကိုငယ်တို့ယောကျ်ားလေးတွေက အဓိပ္ပာယ်သိပြီး၍ ရယ်ကြသည်။

မြင့်ဆွေ၏အဘိဓာန်မှာ ဗမာစကားဖြစ်မှန်းသိသော်လည်း အဓိပ္ပာယ်ကို သူတို့မသိ။

"ကိုမြင့်ဆွေနော် ပေါက်ကရတွေ လျှောက်မအော်နဲ့၊ ကျွန်မတို့ မသိအောင် စကားဝှက်တွေ မပြောနဲ့၊ အခုပြောတာ ဘာလဲ ပြန်ပြောရမယ်"

မကြည်စန်းက မြင့်ဆွေကို တောင်းဆိုလိုက်သည်။

"ဘာမှ မဟုတ်ပါဘူးဗျာ၊ ရယ်စရာ ပြောလိုက်တာပါ"

"မလိုချင်ဘူး၊ အဲ့ဒီ ရယ်စရာ ဘာလဲဆိုတာ ပြောရမယ်"

"ကဲ ... သူငယ်ချင်း အလှည့်ကျ မနွဲ့ရတဲ့၊ မင်း စကားရဲ့ အဓိပ္ပာယ်ကို ပြေပြေလည်လည် ဖြစ်အောင် ရှင်းပေဦးတော့"

ကိုငယ်က မြှောက်ပေးလိုက်၏။

"ပြောရမှာဗျာ အရှည်ကြီး"

မြင့်ဆွေက ထပ်တွန့်လိုက်သည်။

"အဲ့ဒီ အရှည်ကြီးပဲ နားထောင်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့က မကြည်စန်းစကားကို သဘောကျပြီး ဝိုင်းရယ်ကြပြန်သည်။

"ကိုမြင့်ဆွေ ပြောမှာပြောနော်၊ မပြောရင် ကျွန်မတို့ ထပြန်သွားမှာ"

မကြည်စန်းက ချောကိုင်သည်။

"မြင့်ဆွေ မြန်မြန်ပြောလိုက်၊ မပြောဘူးထင်ပြီး ထပြန်သွားရင် မင်း လာဘ်ပိတ်နေလိမ့်မယ်နော်"

ကိုယ်က ဝင်နောက်ပြန်သည်။ ထိုအခါမှ မြင့်ဆွေ စပ်ဖြဲဖြဲ လုပ်ကာ ပြောသည်။

"သည်လိုအမိတို့ရဲ့ ... ရှေးရှေးတုန်းက Once upon a time တုန်းက"

မြင့်ဆွေက ရယ်စရာလို လုပ်ပြောနေသဖြင့် ရယ်နေရသည်။

"လူလိမ်တစ်ယောက်ဟာ ရိုးသားတဲ့တောင်ပေါ် ရွာလေး တစ်ရွာသွားပြီး၊ လိမ်ညာစားနေသတဲ့။ သူနဲ့အတူ နို့ညှိရောင်သက်န်းတစ်စုံ ပါသွားလေတော့ အဲဒီရွာမှာ ရသေ့ယောင်ဆောင်ပြီး အလှူခံစားနေသတဲ့။ သူကလည်း အပြောကောင်းလေတော့ ရွာသားတွေက ကြည်ညိုလေးစားပြီး ရိုသေမှုရက်ရောစွာ လှူနေကြသတဲ့။ အဲဒီ အချိန်မှာ သူ့ အကြောင်းကို သိတဲ့ လူတစ်ယောက်က အဲဒီရွာကို ရောက်လာသတဲ့၊ သူ တရားဟောနေတာကို မြင်တာနဲ့ ပရိသတ်ရဲ့ နောက်ဆုံးကနေ ကြည့်နေမိသတဲ့"

မြင့်ဆွေက ပြောနေရာကရပ်ပြီး၊ ရေအိုးစင်ထ သွားပြီး ရေတစ်ခွက် ခပ်သောက်နေသေး၏။



"ကိုမြင့်ဆွေ ... ပြောမှာပြောတာ မဟုတ်ဘူး၊ အချိန်ဆွဲနေတယ်"

နီလာကျော်က မနေနိုင်တော့သဖြင့် ဝင်ပြောသည်။

"ပြောပါ့မယ်၊ ပြောပါ့မယ်၊ သည်ကလည်း ပြောချင်လွန်းလို့ ရှုရှုကိုတက်လို့"

မြင့်ဆွေက ဟန်အမူအရာနှင့် ပြောလိုက်သဖြင့် ကိုယ်တို့ ရယ်ရပြန်သည်။ နီလာကျော်ပင် ဗိုက်ခြွဲဆယ်နေသည် ကြားက တခွိခွိရယ်နေရ၏။

"ဒါနဲ့ ရသေ့လုပ်တဲ့လူ လိမ်လည်း သူ့အကြောင်း ကို နောက်က ရောက်နေတဲ့ လူက ဖော်ပြောမှာစိုးလို့ စကားဝှက်နဲ့ တရားဟောသလိုလိုနဲ့ ပါဠိတွေကြားထဲမှာ ညှပ်ပြောလိုက်သတဲ့" 'ဗမောက်တရာ၊ တေတေနိတ်၊ စံမယ်သာကြား၊ ဝါးစေ' ဆိုသကိုး။ နောက်ရောက်လာတဲ့ လူကလည်း အဓိပ္ပာယ်ကို ချက်ခြင်းသိလို့ ခပ်ပြုံးပြုံးလုပ်ပြီး တရားနာသလိုနဲ့ ငြိမ်သက်စွာ နားထောင်နေသတဲ့။ အဲ ... အဲဒီ စကားရဲ့ အဓိပ္ပာယ်ကတော့ ဗမောက်တရာ၊ ဗမာတစ်ယောက်၊ တေတေနိတ်၊ တိတ်တိတ်နေ၊ စံမယ်သာကြား၊ စားမယ့်သာကြံ၊ ဝါးစေ- ဝေစားလို့ ဆိုသကိုး"

မြင့်ဆွေစကားအဆုံးသတ်လိုက်သည်နှင့် ခင်မျိုးကြွယ်တို့ သဘောပေါက်ပြီး ရယ်နေကြတော့၏။

"ကဲ ... ယခုအချိန်ကစပြီး လက္ခဏာဆရာကြီးမြင့်ဆွေရဲ့ အစွမ်းပြပွဲ စပါတော့မယ်။ လက္ခဏာ မေးလိုသူများ ကြိုတင် တိုကင် ယူပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်လှိုင်မြင့်က ယောင်ပေးလိုက်သည်။ ရှမ်းထွန်းမြင့်က လက္ခဏာဆရာကြီးဟန်နှင့် တင်ပလ္လင်ခွေ ထိုင်လိုက်သည်။

"ပထမဦးဆုံး အလှည့်ကျတာကတော့ မခင်မျိုးကြွယ် ဖြစ်ပါတယ်၊ ရှေ့ကို ကြွပါခင်ဗျာ"

ကျော်လှိုင်မြင့်က ရှမ်းဆရာကြီး၏ တပည့်ပုံစံမျိုး လုပ်ကာ လှမ်းခေါ်ပေးသည်။

ရှမ်းထွန်းမြင့်က ချောင်းတစ်ချက်ဟန့် လိုက်သည်။

"ကဲ ... ဒကာမလေးတို့ ရှေ့ကိုတိုး၊ ဒကာကြီးတို့ နောက်ကိုဆုတ်၊ ချွေးစော်နံတယ်"

ရှမ်းထွန်းမြင့်က အတည်ပေါက်လုပ်ပြီး ပြောလိုက်သည်။ ခေါင်းကိုအောက် အနည်းငယ် စိုက်ပြီး၊ မျက်လုံးကို အယက်လှန်ကြည့်လိုက်သေးသည်။ ရှမ်းထွန်းမြင့် အမူအရာကြောင့် ခင်မျိုးကြွယ် ရယ်သည်။ နီလာကျော်က မပွင့်တပွင့်ရယ်သည်။

"ကဲ ... ဆရာကြီးကို လက်ဝါးဖြန့်ပြပါ"

ရှမ်းထွန်းမြင့်က တကယ့်ဆရာကြီး ပုံစံလုပ်နေ၏။ ခင်မျိုးကြွယ်က လက်ဝါးကို ဖြန့်ပြသည်။ ခင်မျိုးကြွယ် လက်ကလေးကို အသာအယာဆွဲကိုင်လိုက်ပြီး၊ လက်ဝါးပြင်ကို သေချာကြည့်၏။ လက်ဝါးကို မှောက်ခိုင်းပြီး သေချာကြည့်ပြန်သည်။ မျက်စိမှုန်သည့် ပုံစံမျိုးနှင့် လက်ဝါးကို မျက်စိနားကပ်ကြည့် ပြန်သည်။ လက်ကို အမျိုးမျိုး ကိုင်ကြည့်နေ၏။



"ရှမ်း နော် ရှမ်း - သိပ် အသားမယူနဲ့၊ ပိုင်ရှင်ရှိတယ် အတီးခံရမယ်"

ကျော်လှိုင်မြင့်က ကိုငယ့်ကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

"နည်းနည်းတော့ အသားယူပါရစေ၊ ကျန်တဲ့ အရိုးကို ပေးပါ့မယ်"

ရှမ်းထွန်းမြင့်ကလည်း ပြန်နောက်သည်။ ပြီးတော့မှ လက္ခဏာ ဆက်ဟောသည်။

"နှလုံးလမ်းကြောင်းမှာ ကျွန်းတွေ့တဲ့အတွက် ကလေးမဟာ အချစ်ရေးမှာ စိတ်ဆင်းရဲရတတ်တယ်။ ကိုယ်သာတိတ်တိတ် ချစ်စိတ်ဖြေမယ်ဆိုတဲ့ အဖြစ်မျိုး ကြုံတွေ့ရတတ်တယ်ကွယ်။ နှလုံးလမ်းကြောင်းရဲ့ အဆုံးစွန်မှာ လမ်းကြောင်းလေးတွေ ဖြာထွက်သွားတဲ့အတွက် စိတ်ကူးတွေနဲ့ ရူးရမယ့်ဘဝမျိုး။ ကြုံတွေ့တတ်တယ်။ နောက်ဆုံးတော့ သူချစ်ကိုသာရင်မှာ စောင့်စားတော့မယ်ဆိုတဲ့ စိတ်ကူးနဲ့ အဆုံးသတ်ရလိမ့်မယ်။ အခု ဖြေထားတဲ့စာမေးပွဲအောင်မယ်။ ဘွဲ့ဒီဂရီတွေ သေချာပေါက်ရမယ်။ ကံလမ်းကြောင်းမှာ အပြတ်အတောက်တွေများတဲ့အတွက် ထင်သလောက် ကံမကောင်းခဲ့ဘူး။ ဒါပေမယ့် ဇာတာကောင်းပါတယ်။ အသက်လမ်းကြောင်းမှာ အပြတ်အတောက်လေး တစ်ခုတွေ့ခဲ့လေတော့ ငယ်ငယ်က ချူချာမယ်။ သန်ကောင်ရောဂါစွဲကပ်လို့ ဝေဒနာ ခံစားရဖူးမယ်။ အောင်မြင်ရေးလမ်းကြောင်း ထင်ထင်ရှားရှား ထောင်တက်နေတဲ့အတွက် ကိုယ်လုပ်တဲ့လုပ်ငန်းမှန်သမျှ အခက်အခဲ သိပ်မရှိဘဲ အောင်မြင်နိုင်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းထွန်းမြင့်က အတည်ပေါက်ပြောချလိုက်၏။ ခင်မျိုးကြွယ် မျက်လုံးလေး ကလယ်ကလယ်နှင့် ယုံရအခက် မယုံရအခက် ဖြစ်နေသည်။

"ဘယ်လိုလဲ ကလေးမ၊ ဆရာကြီး ဟောတာ မှန်ရဲ့လား၊ မှန်မှ မှန်တယ်ပြောနော်"

ခင်မျိုးကြွယ် ရှက်သွေးဖြာသွားသည်။ ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ ပြုံးပြုံးကြီးလုပ်နေ၏။

"ဟိုကောင်မလေးကော မေးဦးမလား"

ရှမ်းထွန်းမြင့်က နီလာကျော်ကို လက်ညှိုးထိုးမေးလိုက်၏။ ရှမ်းထွန်းမြင့်နှင့် မိန်းကလေးအားလုံးက ကိုယ်တို့ မြင့်ဆွေတို့ထက်ပိုရင်းနှီးသည်။ ပြောမနာ ဆိုမနာ ငယ်သူငယ်ချင်းတွေလိုဖြစ်ကာ နင်နဲ့ ငါနဲ့ပြောဆိုနေကြ၏။

"သူ့ကို အရင်ဟောပါ" နီလာကျော်က မြင့်ဆွေကို လက်ညှိုးထိုးပြသည်။

"ကဲ မောင်ရင် သည်ကိုလာခဲ့"

မြင့်ဆွေ, ရှမ်းထွန်းမြင့်အနားသွားပြီး လက်ဝါးဖြန့်ပြသည်။

"မောင်ရင်လည်း နှလုံးလမ်းကြောင်းမှာ ကျွန်း ရှိနေသကိုးကွဲ့၊ ဒါကြောင့် အချစ်ရေးနဲ့ပတ်သက်ပြီး ပူဆွေးတတ်တယ်။ မောင်ရင် သဘောကျနေတဲ့ ကောင်မလေးက မောင်ရင့်ကို အထင်ကြီးပြီး ကြိုက်နေလိမ့်မယ်။ ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့် ဖွင့်ပြောလိမ့်မယ် မဟုတ်ဘူး။ ဒါကြောင့် မောင်ရင် ကြိတ်ဆွေး, ဆွေးရလိမ့်မယ်"



ရှမ်းထွန်းမြင့်က အကြောင်းသိသိကြီးဖြစ်နေလေတော့ မှန်တာတွေ ဟောနေတော့သည်။

"မှန်လိုက်လေ ဆရာရယ်" ကိုငယ်က ဘေးမှဝင်ထောက်ခံပေးနေတော့သည်။

ထိုစဉ် ...

"ကဲ ... လက်ဖက်သုတ်ပြီးပြီ၊ မရမ်းသီးသုတ်လည်း လုပ်ထားတယ်၊ ထမင်းလည်း အဆင်သင့်။ လက္ခဏာဟောနေတဲ့ သူတွေကလွဲလို့ လာစားနိုင်ပါပြီ"

မကြည်စန်းက ကြေငြာလိုက်သည်။ ရှမ်းထွန်းမြင့်က အူယားဖားယား ထလာပြီး၊

"ဆရာ့ကို မမေ့နဲ့လေ၊ မကြီးချွန်းကို လက္ခဏာ ကောင်းကောင်းလေးတွေ ဟောပေးပါ့မယ်"

ရှမ်းထွန်းမြင့်က မကြည်စန်းနံမည်ကို မပီမသပြောရင်း အစားအသောက်ဝိုင်းမှာ ဝင်နေရာယူလိုက်သည်။ အားလုံး ဝိုင်းထိုင်လိုက်ကြ၏။ နီလာကျော်နှင့် မြင့်ဆွေက ပန်းကန်တစ်ချပ်။ ဘေးချင်းကပ်အတူ စားရသည်။ ခင်မျိုးကြွယ်နှင့် ကိုငယ်က ပန်းကန်တစ်ချပ်။ ကျော်လှိုင်မြင့်နှင့် မမြရည်က ပန်းကန်တစ်ချပ်။ ရှမ်းထွန်းမြင့်နှင့် မကြည်စန်းက ပန်းကန်တစ်ချပ် စားကြသည်။ နီလာကျော်နှင့်ထမင်းလက်ဆုံအတူ စားရသည်ကို မြင့်ဆွေ ဘယ်တော့မှ မေ့လိမ့်မည် မထင်။ ထို့အတူ ခင်မျိုးကြွယ်ကလည်း အမြဲလိုလို သတိရကောင်း ရနေလိမ့်မည်။ စကားနည်းသော မမြရည်ကို ကျော်လှိုင်မြင့်က မရမ်းသီးသုတ်တွေ ထည့်ပေးရင်း နောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စားနေ၁် မမြရည်။ ခင်ဗျားစားရရင် ကျွန်တော်ဝတ်နေသလိုပဲ အောက်မေ့ပါတယ်"

ထမင်းလုပ်ကို ပါးစပ်ထဲထည့် ဟန်ပြင်နေသော မမြရည်သည် ကျော်လှိုင်မြင့်စကားကြောင့် ရယ်လိုက်ရသည်။

"ကိုကျော်လှိုင်မြင့် သိပ်နောက်တာပဲ" မမြရည်က ပြန်ပြောသည်။

"သူငယ်ချင်း နောက်မနေနဲ့၊ လှည်းဦးပေါ့တယ်၊ ရှေ့တိုး၊ ရှေ့တိုး"

ရှမ်းထွန်းမြင့်က အသောဝင်ဖောက်သည်။ ကိုယ်တို့ရယ်နေကြရသည်။ ထမင်းဝိုင်းသည် စိုပြည်လွှန်းလှသည်။ နောက်ပြောင် ရယ်မောရင်း အချိန်ကုန်မှန်း မသိ ကုန်သွားရသည်။ အားလုံးလိုလို ရယ်မောပျော်ရွှင်ခဲ့ကြရသည်။ လူငယ်ဘဝ ပျော်ရွှင်စရာ နေ့တစ်နေ့အဖြစ် အမှတ်ရစရာ ဖြစ်လိမ့်မည်။

သို့သော်လည်း ကိုယ့်မှာ တစ်ခုခုလိုနေသလို ခံစားရသည်။ ပျော်သာ ပျော်လည်း သိပ်မပျော်။ သူ အမှတ်ရနေသည်။ မမန္တယ်ကိုပဲလေ။ ဘာဖြစ်လို့မှန်း မသိ။ အခုတလောမမန္တယ်ကို သူအမြဲလိုလို အမှတ်ရနေသည်။ အချစ်ကြောင့် စိတ်ဆင်းရဲရသော မမန္တယ်ကို သည်ဝိုင်းထဲမှာ ပါလာစေချင်သည်။ ထိုအခါ သူလည်း မြင့်ဆွေလို ပျော်နေမှာပဲဟု တွေးနေမိတော့သည်။

□□□

(၁၆)

စာမေးပွဲအောင်စာရင်းတွေ ထွက်တော့ သူတို့အားလုံးအောင်ကြသည်။ တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်သဖြင့် တက္ကသိုလ်ဝင်တန်း တက်ရတော့မည်။ မျှော်လင့်ချက်အသစ်များဖြင့် သူတို့ပျော်ကြသည်။ မကြာခင် တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းတွေ ထွက်လာသည်။ မမန္တယ်နှင့် မောင်မောင်တို့လည်း အောင်ကြသည်။ မောင်မောင်က ဂုဏ်ထူး သုံးဘာသာထွက်သည်။ မမန္တယ်က ရိုးရိုးသာ အောင်သည်။

ကျောင်းပြန်ဖွင့်ပြီးဖြစ်သဖြင့် ကိုယ်တို့ အတန်းတက်ရတော့မည်။ အကြောင်း ကြောင်းကြောင့် ကိုယ်တို့မြို့မှာ တက္ကသိုလ်ဝင်တန်း မဖွင့်ဖြစ်သေး။ တခြားမြို့သို့ ပြောင်းတက်ရသည်။ ကိုယ်တို့မြို့က တက္ကသိုလ်ဝင်တန်း ဖွင့်ထားသော

www.burmeseclassic.com

www.burmeseclassic.com



အခြားမြို့ နှစ်မြို့အလယ်တွင် ရှိနေသဖြင့် တချို့က တစ်ဖက် သွားပြီး တချို့က တစ်ဖက်သွား ကျောင်းတက်ကြသည်။ ကိုငယ်၊ မြင့်ဆွေ၊ နီလာကျော်နှင့် မကြည်စန်းတို့က တစ်ဖက်သော မြို့သို့ ရထားစီး၍ ကျောင်းတက်သည်။ ရှမ်းထွန်းမြင့်နှင့် ကျော်လှိုင်မြင့် တို့လည်း ပါသေးသည်။ ခင်မျိုးကြွယ်က နောက်မှ ပြောင်းလိုက် လာသည်။

ရထားနှင့် ကျောင်းသွားကျောင်းပြန်တက်ကြရသဖြင့် ပျော်စရာကောင်းသည်။ ဘူတာရှေ့ ကုက္ကိုပင်အောက်တွင် ရထား စောင့်ရင်း ရယ်စရာတွေ ပြောကြဆိုကြနှင့် အင်မတန် ပျော်ဖို့ ကောင်းသည်။ ထိုအထဲတွင် မြင့်ဆွေက ပိုပျော်မည်။ နီလာ ကျော်နှင့် သူ ရထားတွဲအတူ စီးသည်။ အတူပြန်သည်။ စာအုပ် ငှားသည်။ စာကူးသည်။ ဖော်တိုစာအုပ်ထဲတွင် တစ်ဦးနှင့် တစ်ဦးအပြန်အလှန် ရေးကြသည်။ ကြည်နူးစရာ ဘဝလေး ပါပဲလေ။

ကိုငယ်က သူတို့ကိုကြည့်ကာ အားကျချင်လာသည်။ သူ့အနီးတွင် ခင်မျိုးကြွယ်ရှိသော်လည်း အမှတ်မရချင်၊ ခင်မင် ရင်းနှီးသော သူငယ်ချင်းအဖြစ်သာ စကြ၊ နောက်ကြသည်။ ရင်ထဲမှာ ခံစားမှု ဘာမျှမရှိ။ ခင်မျိုးကြွယ်နှင့် သူသည် အနေနီး ခဲ့သော်လည်း ဝေးနေသလို ခံစားရလေသည်။

တစ်ခါတစ်ရံ အနေဝေးသော်လည်း နီးနေသလို ခံစား ရပြန်သည်။ မမနွယ်သည် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ရန် ထွက်ခွာသွားခဲ့သည်။ သူ့ မိဘများလည်း ရန်ကုန် မှာအိမ်ရှိသဖြင့် ပြောင်းဖို့ ကြိုးစားရာ အောင်မြင်သွားသည်။



မိသားတစ်စုလုံး ပြောင်းရွှေ့သွားတော့သည်။ အဝေးမှာ မမနွယ် ရှိနေသော်လည်း ကိုငယ့်ရင်ထဲတွင် မမနွယ်နှင့် အစဉ်သဖြင့် နီးနေ၏။

ပြောင်းရွှေ့မည့်နေ့မတိုင်မီ တစ်ရက်တွင် ကိုငယ်နှင့် မမနွယ် ရေတွင်းမှာ ဆုံသည်။

"မမနွယ်က ဒီမြို့ကပြောင်းရတော့မယ်ဆိုတော့ ပျော် နေမှာပဲနော်"

"ပျော်တယ်လည်း မဟုတ်ပါဘူးဟာ၊ ဒါပေမယ့် မနေ ချင်ဘူ ဘုတ်ခဲ နေရာက ပြောင်းရွှေ့သွားခဲ့ရတာကိုတော့ ဝမ်းသာ တယ်"

"ဟုတ်မှာပါလေ။ မမနွယ်တို့ ပြောင်းသွားရင်တော့ ကျွန်တော်တော့ သတိရပြီး ကျန်နေခဲ့မှာပဲ။ ဒီရေတွင်းမှာ ရေ လာခပ်တိုင်း မမနွယ်ကို အမှတ်ရနေမိတော့မှာပါပဲ"

ကိုငယ်က စိတ်ထဲမှာ ခံစားနေရသည့်အတိုင်း အရဲစွန့် ပြောလိုက်သည်။

"အငယ်ရယ်၊ နင့်ကိုတော့ အမှတ်ရနေမှာပါ။ ကိုယ့် မောင်လေးတစ်ယောက်လို ခင်မင်ရင်းနှီးခဲ့ရတာ ဘယ်မေ့နိုင်ပါ့ မလဲ"

မမနွယ် စကားကြောင့် ကိုငယ် ဝမ်းသာသွားသည်။

"ဒီလိုဆို ကျွန်တော့်ကို လိပ်စာပေးခဲ့နော်။ ကျွန်တော် စာထည့်လိုက်မယ်။ ဒါပေမယ့် ကျွန်တော့်ဆီကို စာပြန်ရေးမှာ လားဟင်၊ တက္ကသိုလ်ကျောင်းသူကြီးဖြစ်သွားတော့ တော့မြို့

www.burmeseclassic.com

www.burmeseclassic.com

လေးက အညာတြကျောင်းသားလေးကို သတိတရစာပြန်ရေးချင်ပါ့မလား မသိဘူး"

မမနွယ်၊ ကိုငယ့် စကားကြောင့် ပြုံးလိုက်သည်။

"ကိုငယ်ရယ် မင်းက စကားပြောလည်း ဘယ်ဆိုးလို့လဲ။ ကဗျာအရေးလည်း ကောင်းပါတယ်။ ကဗျာဆရာဖြစ်အောင် ဆက်ကြိုးစားနော်။ အချိန်အားရတဲ့အခါ စာပြန်ရေးမှာပါ"

ကိုငယ်လည်း ပြုံးသည်။ ဝမ်းသာ၍ ပြုံးသော အပြုံး။ မမနွယ် မရှိတော့ပေမယ့်လည်း သူ့ဆီ စာရေးဆက်သွယ်၍ ရနေသည်ပဲ။

"ငါမရှိတုန်း စိတ်လေမနေနဲ့ဦး။ စာမှန်မှန် ကြိုးစား။ ဒီနှစ်အောင်ရင် တက္ကသိုလ်မှာ ဆုံကြမယ်။ ကိုငယ်ကို စောင့်နေမယ်နော်"

မမနွယ် စကားကြောင့် အားတက်သွားမိသည်။ ဒီနှစ်အောင်လျှင် သူလည်း တက္ကသိုလ်တက်ခွင့် ရပြီပဲ။ ထိုအခါ မမနွယ်နှင့် ပြန်ဆုံကြမည်။ တက္ကသိုလ်တွင် လွတ်လွတ်လပ်လပ် ပြန်ဆုံကြရမည်။ ကိုငယ် ဒီနှစ် အပြတ်စာကြိုးစားမည်ဟု အားခဲလိုက်သည်။

"စိတ်ချ မမနွယ်ရေ။ နှစ်ချင်းပေါက်ကို အောင်ရမယ်။ တက္ကသိုလ်ရောက်အောင် ကြိုးစားမယ်။ ဒါပေမယ့် အိမ်က တက္ကသိုလ်မှ ပို့နိုင်ပါ့မလား မသိဘူး"

ကိုငယ် စိတ်အားတက်ကြွဖွယ် ပြောနေရင်းက အိမ်အကြောင်း သတိရမိပြီး အားငယ်သွားမိပြန်သည်။



"ဦးလေးက အရက်မသောက်တော့ဘဲ စီးပွားရေး ပြန်လုပ်နေတယ်ဆိုတော့ နင်တို့အိမ် စီးပွားရေး အခြေအနေ သိပ်မဆိုးတော့ဘူး မဟုတ်လား။ ပြီးတော့ နင့်အစ်ကို ဆရာအတတ်သင်က ပြန်ဆင်းလာပြီး အလုပ်ရဦးမှာဆိုတော့ တက္ကသိုလ်တက်နိုင်မှာပါ"

"အဲ့ဒီလိုပဲ ထင်ရတာပဲလေ။ အိမ်မှာက အဖေအရက်သောက်တုန်းက တင်နေခဲ့တဲ့ကြွေးတွေ ဖဲ့ဆပ်နေရတာနဲ့ သိပ်ချောင်ချောင်လည်လည်ကြီးတော့ မဟုတ်သေးဘူး။ နောက်ထပ်ကြွေးမရှိတော့ဘဲ နေနိုင်စားနိုင် ဖြစ်လာတာတစ်ခုပါပဲ"

ကိုငယ်က အားငယ်စိတ်နှင့် ပြောလိုက်မိလေသည်။

"နင်ကလည်းဟာ သိပ်အားငယ်တတ်တာပဲ။ အဲ့ဒီ အားငယ်စိတ်တွေ ဖျောက်လိုက်၊ တက်တက်ကြွကြွနဲ့ စာကြိုးစား၊ အရေးကြီးတာက စာမေးပွဲကို အမှတ်ကောင်းကောင်းနဲ့ အောင်ထားဖို့ပဲ။ အမှတ်ကောင်းကောင်းနဲ့ မအောင်ရင် ရန်ကုန်တက္ကသိုလ်မရဘဲ အဝေးကိုလွင့်နေဦးမယ်။ အဲ့ဒီကျ တို့တွေ တက္ကသိုလ်မှာ ပြန်မဆုံနိုင်ဘဲနေမယ်"

"မမနွယ်ပြောတာ မှန်ပါတယ်။ ကျွန်တော် စာကြိုးစားပါ့မယ်။ အမှတ်ကောင်းကောင်းနဲ့ အောင် အောင်ကြိုးစားမယ်။ တက္ကသိုလ်မှာ ပြန်ဆုံကြမယ်နော် မမနွယ်"

"ဒီလိုမှပေါ့ ကိုငယ်ရ။ ယောကျ်ားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်တိုဆွတ်လည်း၊ မရွတ်စတမ်း၊ ရမြဲတမ်းတဲ့။ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တာပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မမနွယ်က ကိုယ့်အား နှစ်သိမ့်အားပေးစကား ပြောခဲ့သည်။

"ဒါပေမယ့် မမနွယ်ရာ၊ နေရတာကာမှာ ကြိုးစားတိုင်း မရနိုင်ပါဘူး။ ပြီးတော့ လိုချင်တိုင်းလည်း မရနိုင်ပါဘူး"

ကိုယ်က ဆင်ခြေပြန်တက်သည်။

"နင် အဲ့ဒီလိုဆင်ခြေတွေ မပေးနဲ့၊ နင်ကြိုးစားလို့ မရတာ ဘာတွေရှိလဲ။ နင်ဘာတွေ ပြင်းပြင်းထန်ထန် ကြိုးစားခဲ့သလဲ။ ပြောစမ်း။ စာမေးပွဲမှာ နင်ကြိုးစားတယ်၊ အောင်တယ် မဟုတ်လား။ မှတ်ထား။ စနစ်တကျနဲ့ ကျကျနနကြိုးစား လုပ်ကိုင်ရင် အောင်မြင်တာချည်းပဲ။ ဒါပေမယ့် လိုချင်တာတိုင်းတော့ ဘယ်တော့မှ မရနိုင်ဘူး။ လိုချင်တိုင်းရမှတော့ စိတ်ဆင်းရဲမှု ဆိုတာ ဘယ်ရှိတော့မလဲလေ"

မမနွယ်ပြောရင်း ပြောရင်း ဝမ်းနည်းသံပါလာသည်။ မောင်မောင်နှင့် သူ့အဖြစ်ကို သတိရသွားဟန်တူသည်။

"လိုတာမရတဲ့ ဆင်းရဲခြင်းတာ အဆိုးဆုံးပါပဲ ဟာ။ ငါကိုယ်တွေ့ကြုံသွားလို့ ယုံခဲ့ရပြီ။ ကိုယ်တွေ့ကြုံမှ ယုံတတ်တဲ့ ငါ့ကို မောင်မောင်က သင်ခန်းစာပေးခဲ့တယ်လေ။ အစက မချစ်ဘဲနေခဲ့မိရင် အကောင်းသားပဲတာ။ နင်လည်း ငါ့လိုမခံစားရအောင် ကြိုးစားနေနော်။ ကျောင်းနေတုန်းအရွယ်မှာ ရည်းစားထားမိတာ မကောင်းဘူးလို့ ဆရာသမား မိဘတွေပြောတာ အစက ငါမယုံဘူး။ အခုတော့ တကယ်ယုံသွားပြီ။ အချစ်ကြောင့် ဖြစ်ရတဲ့ စိတ်ဆင်းရဲမှုဟာ တခြား ဘာစိတ်ဆင်းရဲမှုနဲ့မှ မတူဘူး။ သိပ်အခံရခက်တာပဲ"



မမနွယ်က အဝေးသို့ လှမ်းငေးရင်း ရင်ထဲမှာ ခံစားချက်များကို ဖွင့်အံပြနေတော့သည်။

"စားလို့လည်း မရ၊ အိပ်လို့လည်း မပျော်၊ စာဖတ်လို့လည်း မဖြောင့်၊ တော်တော် စိတ်ဆင်းရဲရတာပဲ။ ရည်းစားထားမိလို့ တက္ကသိုလ်တန်း စာမေးပွဲကို အောင်ရုံပဲရှိတယ်။ အမှတ်မကောင်းလို့ မြန်မာစာအဓိကပဲ ရတယ်။ ဒါတွေကို အငယ် သင်ခန်းစာယူစေချင်တယ်။ ဖြစ်နိုင်ရင် ကျောင်းနေတုန်း ရည်းစားမထားချင်ပါနဲ့ဟာ"

မမနွယ်က ကိုယ့်ကို ဘဝသင်ခန်းစာများပေးပြီး ပြောဆိုဆုံးမနေသည်။ ကိုယ် ဘာမျှ ပြန်မဖြေ။ မမနွယ်ကို ငေးမောကြည့်နေတော့သည်။ ကွေးညွတ်ပါးလျှသော နှုတ်ခမ်း၊ နူးညံ့ ဖောင်းအိသော ပါး၊ တစ်ခုချင်းစီကို ငေးစိုက်ကြည့်နေမိ၏။ တစ်ခုလုံး ခြုံကြည့်တော့ ငိုင်းစက်လှပသော မျက်နှာအလှပါလား ဟု ကိုယ် တွေးမိသည်။

ကိုယ် စိုက်ကြည့်နေမှန်း သိသွားသဖြင့် မမနွယ်ရှက်စနိုးဖြစ်သွားသည်။

"နင်ကလည်းဟာ လူကို မမြင်ဘူးတာကျနေတာဘဲ စိုက်ကြည့်နေလိုက်တာ"

ထိုအခါမှ ကိုယ် သတိရကာ မျက်နှာလွှဲလိုက်ရသည်။

"မမနွယ်က သိပ်လှတာပဲ ..."

ကိုယ်က ရင်ထဲရှိတာပြောချလိုက်၏။ မမနွယ် ကြိုက်မှန်းမသိ၊ မကြိုက်မှန်း မသိ။ စိတ်ထင်ရာ စွတ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှယ်တူတန်းတူ အမျိုးသားတစ်ယောက်က ပြောတာ မဟုတ်ဘဲ၊ မောင်လေးအရွယ်က ပြောတာမျိုးဖြစ်သဖြင့် မမနွယ် သိပ်အလေးအနက် မထားမိ။ သို့သော်လည်း စိတ်ထဲမှာတော့ သဘောကျသွားသည်။

"ငါ့မောင်ကလည်း မြှောက်ပြောတတ်သားပဲ"

"တကယ်ပါ မမနွယ်ရ။ ကျွန်တော့် မျက်စိထဲမှာ လှလို့ လှတယ်ပြောတာပါ"

ကိုငယ်သည် ကလေးဆိုးသဖွယ် သူစိတ်ထင်ရာ ပြော နေ၏။ သူသည် မြင့်ဆွေတို့နဲ့ စကားပြောလျှင် လူကြီးပုံစံမျိုး ချိုးတတ်သော်လည်း မမနွယ်နှင့် တွေ့လျှင် တကယ့်ကလေး။ ကလေးမှ ကလေးဆိုး။

"အငယ်က လှတယ်ပြောလည်း မုန့်ကျွေးဖို့ အချိန်မရှိ တော့ဘူးကွယ်၊ မမနွယ် နက်ဖြန်သွားတော့မှာ"

မမနွယ်က အစ်မကြီးလေသံမျိုးဖြင့် ပြောသည်။

"ရန်ကုန်လာတော့ မုန့်ကျွေးပေါ့။ မဟုတ်ဘူးလား"

ကိုငယ်စကားတွေ သွက်နေလိုက်တာ။ တစ်ခါမှ မမနွယ်ကို သည်လိုမျိုးမပြော မဆိုဖူးသဖြင့် မမနွယ် အထူး အဆန်းတွေ ဖြစ်နေသလို ထင်ရသည်။

"အေးလေ၊ စာမေးပွဲအောင် အောင်သာ လုပ်ပါ။ တက္ကသိုလ်က စောင့်ပြီး မုန့်ကျွေးပါ့မယ်"

"စိတ်ချမမနွယ် ... ရေ။ တက္ကသိုလ်က စောင့်သာ နေပေတော့။ ကျွန်တော် ရောက်အောင်ကြိုးစားမယ်"



ကိုငယ်က ကတိတွေ ဝန်ခံချက်တွေ ပေးနေသည်။ မမနွယ်က သူ့မောင်လေး စာမေးပွဲအောင် အောင် အားပေး စကားပြောကြားခဲ့ခြင်းမျိုးသာ ဖြစ်သည်။

"သွားတော့မယ်နော် အငယ်။ ပစ္စည်းတွေ ပြန်သိမ်းရ ဦးမယ်"

မမနွယ်က ကိုငယ့်ကိုပြုံးနှုတ်ဆက်သည်။ ဝိုင်းစက် ကြည်လင်တောက်ပ ရွှန်းလက်သောမျက်လုံးဖြင့် ကိုငယ့်ကို ကြည့်သည်။ ဘယ်ဘက် နှုတ်ခမ်းထောင့်ကွေးလေးက အပေါ် တက်သွားရုံလေး ပြုံးပြသည်။ မမနွယ်အကြည့်သည် သူ့ရင်ထဲကို ဖောက်ထွင်းသွားသည်ဟု ကိုငယ်ထင်သည်။ မမနွယ်အပြုံးက သူ့နှလုံးကို စွဲငြိသွားစေသည်ဟု သူတွေးသည်။ ထို အကြည့်နှင့် ထိုအပြုံးကို သူတစ်သက်လုံး မမေ့။

ကိုငယ် ပြန်၍ ခေါင်းညိတ်ပြသည်။ ဝမ်းနည်းဖွယ် လား၊ ဝမ်းသာဖွယ်လား၊ ဝေခွဲမရသော အပြုံးဖြင့် သူ ပြန်ပြုံးပြ လိုက်သည်။ မမနွယ် လှည့်ထွက်သွားသည်။ ကိုငယ် မမနွယ်ကို ငေးစိုက်ကြည့်ရင်း ကျန်နေရစ်ခဲ့သည်။

"သွားပေဦးတော့ မမနွယ်ရေ၊ မလွှဲသာ လွှဲသာ ခွဲခွာ ကြရပေဦးတော့မယ်။ တစ်နေ့သောအခါ ကျွန်တော်တို့ ပြန်ဆုံ ကြရဦးမယ်နော်။ ပြန်ဆုံကြရလိမ့်မယ်လို့လည်း မျှော်လင့် ယုံကြည်ထားပါတယ်လေ။ ပြန်ဆုံတွေ့တဲ့အခါမှာသာ မသိသလို သိသလိုနှင့် စိမ်းကားမနေပါစေနဲ့လို့ပဲ ဆုတောင်းနေရမှာပါ"

ကိုငယ်က ရင်ထဲမှာ တီးတိုးရေရွတ်ရင်း နေ့ခွင်းမှာ ငေးငိုင်ကျန်ရစ်ခဲ့လေသည်။ လေးကန် နွေးကွေးလှသော ခြေ

www.burmeseclassic.com

www.burmeseclassic.com

လှမ်းများနှင့် ရေတွင်းမှ သူ အနိုင်နိုင် ခွာခဲ့ရလေသည်။ မမနွယ်နှင့် သူ ကြုံခဲ့ဆုံခဲ့ရသော သည်ရေတွင်းကို သူ အမှတ်ရနေတော့မည်။ သည်ရေတွင်းရောက်တိုင်း မမနွယ်ကို သတိရနေတော့မည်။ နေ့စဉ်လည်း သတိရနေမိတော့မှာပါလေ။ မမနွယ်ကို သူ ဘာဖြစ်လို့များ သည်လောက်တောင် သံယောဇဉ်ဖြစ်နေမိပါလိမ့်။ သူ တွေးမိသည်။ ထိုအတွေးများနှင့် သူ ညအိပ်ရေးပျက်ရဦးမှာပါလား။

□ □ □

(၁၇)

မမနွယ် မရှိသည့်နောက်ပိုင်း၊ ကိုငယ် စာမှန်မှန် ကြိုးစားသည်။ သူများ မြို့ရွာတွင် စာသင်နေရသည်ဆိုတော့ သူများထက်လည်း အောက်ကျနောက်ကျ အဖြစ်မခံချင်။ မြင့်ဆွေလည်း အစပိုင်းမှာ စာမှန်မှန်ကြိုးစားသည်။ နီလာကျော်နှင့် တစ်ပူးပူးတစ်တွဲတွဲ။ အရှိန်တက်နေသည်။ ကိုငယ်က မသိမသာ ဘေးဖယ်ပေးနေရသည်။ ရထားတွဲပေါ်မှာလည်း ကိုငယ်က ကိုယ့်အတွေးနှင့် ကိုယ် ငေးနေတတ်သည်။ ခင်မျိုးကြွယ်တို့နှင့် ရံဖန်ရံခါ ကြုံတတ်သော်လည်း ထူးထူးခြားခြား ဘာစကားမျှ မဆိုဖြစ်။ ရင်ခုန်လှုပ်ရှားခဲ့ရခြင်းကိုလည်း မရှိခဲ့ပါဘူးလေ။ ရထားပေါ်မှာ ပြင်ပရှုခင်းတွေကို ငေးပြီး မမနွယ်ကို သတိရနေတတ်သည်။ သူ့ရင်ထဲက ခံစားချက်တွေကိုလည်း မမနွယ်ထံကို သူ သတိတရ ရေးပြခဲ့သည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာနေတယ် မမနွယ်။ ရထားပြူတင်းပေါက်အပြင်ဘက်ကို ကြည့်ရင်း မိုးစက်မိုးပေါက်လေးတွေကို အတိုင်းသားတွေ့ရတယ်။ လယ်ကွင်းစိမ်းစိမ်းတွေပေါ်ကို မိုးစက်ကလေးတွေ ကျနေပုံကို သေချာကြည့်ရင် သိပ်လှတာကို ,တွေ့ရတယ်။ စပါးပင်လေးတွေကလည်း ဘယ်ညာတိမ်းပြီး ယိမ်းကနေသလိုပဲ။ ပြန်လည်တောက်ပလာတဲ့ နေရောင်အောက်မှာ မိုးစက်ကလေးတွေဟာ တပြောင်ပြောင် တလက်လက်နဲ့ ငွေရည်စက်လေးတွေလို လှပနေတယ်။ နေရောင်အောက်မှာ မိုးရွာနေတာမြင်ရတော့ ငယ်ငယ်ကလေးဘဝက အော်ကြီးဟစ်ကျယ် ဆိုခဲ့တာလေးတွေလည်း ပြန်အမှတ်ရမိတယ်လေ။

"နေပူမိုးရွာ၊ သူခိုးလာ၊ လ ,တဲ့သူခိုး လုံနဲ့ထိုး၊ အရိုးဆယ်ချောင်းကျိုး" တဲ့ အခုနေ ပြန်တွေးကြည့်တော့ ရယ်စရာလိုပဲနော်၊ ဒါပေမယ့် ကလေး ဘဝတုန်းကတော့ တကယ်ခံစားမှုမျိုးနဲ့ အော်ဆိုခဲ့ကာပဲလေ။

ကလေးဘဝတုန်းက စွဲလန်းခဲ့မိတာတွေဟာ သေရာရှင်ရာပါရောဆိုသလို အသည်းနှလုံးမှာ အစာ ရွတ်ထင်ခဲ့ရစမြဲ မဟုတ်လား။ မမနွယ်နဲ့ ကျွန်တော်နဲ့ တွေ့ကြုံဆုံခဲ့ကြတာလည်း ကလေးဘဝ အလွန်လေးမှာပါလေ။ ဒါကြောင့် တစ်ဘဝလုံး အမှတ်ရနေမယ့် အစွဲအလန်းမျိုးတွေဟာ ရင်ထဲမှာ အမြစ်တွယ်သလို တွယ်နေခဲ့ရပြီ မမနွယ်၊

ကိုင်ယ့်စာကို ဖတ်ပြီး မမနွယ်က စာပြန်ရေးသည်။



အငယ်ရယ် –

ကဗျာသမားလို့ မပြောရဘူး။ တကယ့်ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးတတ်လိုက်တာ။ မမနွယ်က အငယ့်လို ဖွဲ့ဖွဲ့နွဲ့နွဲ့တော့ မရေးတတ်ဘူးကွယ်။ အကြောင်းကြုံကြိုက်တိုင်း သတိရနေတယ်ဆိုတာ အငယ်သိအောင်တော့ ပြောချင်ပါတယ်။ မမနွယ်လည်း တက္ကသိုလ်ရောက်စဆိုတော့ အတွေ့အကြုံ အသစ်အဆန်းကြွေကြားထဲမှာ ဝေးမောနေရတုန်းပဲ။ အထက်တန်းကျောင်းသူဘဝတုန်းကလို စာသင်ရတာမျိုး မဟုတ်တော့ပဲ။ ဆရာက ပါးစပ်က တတွတ်တွတ် လက်ချာပေးတာကို လိုက်မှတ်နေရတော့ အစက် အခဲတွေ့ရတယ်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝဟာ သိပ်လွတ်လပ်တာပဲ အငယ်ရေ။ ပျော်တတ်မယ်ဆိုရင် သိပ်ပျော်စရာကောင်းတာပဲ။ အငယ့်ကို ရောက်စေချင်တယ်ကွယ်။ တက္ကသိုလ်ကို အငယ်ရောက်လာမှ တို့မောင်နှမတွေ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော်။ စာမှန်မှန်ကြိုးစား၊ ရည်စား မထားနဲ့ သိလား။

မမနွယ် စာကို ကိုငယ် ထပ်တလဲလဲ ဖတ်ရလွန်းသဖြင့် အလွတ်တောင်ရ၍နေပြီ။ မမနွယ်စာသည် တစ်လတစ်ခေါက်လောက်တော့ ရောက်လာတတ်သည်။ အထူးသဖြင့် သောကြာနေ့ဆို စာရောက်တတ်သည်။ ကိုငယ် သောကြာနေ့ ကျောင်းက အိမ်ပြန်လျှင် စာကြည့်စားပွဲသို့ ဦးစွာ ပြေးကြည့်တတ်သည်။ အမေသည် ကိုငယ့်စာရောက်လျှင် စားပွဲပေါ်မှာ တင်ထားပေးတတ်စမြဲ ဖြစ်သည်။ ကိုငယ်တို့အိမ်သည် လူမှုရေး

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ခွင့် အပြည့်ပေးထားသည်။ ကိုယ်နှင့် မဆိုင်သော စာကို ဖွင့်ကြ ဖတ်ကြရိုး ထုံးစံမရှိ။ သည်အတွက် အမေ့ကို ကိုယ် ကျေးဇူးတင်ပါသည်။

မမနွယ် စာရောက်လျှင် ကိုယ်ပို၍ စာကြိုးစားသည်။ စာမှန်မှန် ဖတ်နေရာကပို၍ တိုးဖတ်မိသည်။ ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက်မှတ်သဖြင့် ကိုယ့်အတွက် ကျောင်းစာသည် အခက်အခဲ မရှိ။ စာကြိုးစားသော ကျောင်းသားအဖြစ် အားလုံးက အသိအမှတ်ပြုလက်ခံသည်။ စာတော်သဖြင့် လာရောက်မေးမြန်းကြသည်။ ကိုယ်က စကားလည်း သိပ်မပြော၊ အနေအထိုင်ကလည်း အေးအေးမှန်မှန်နေထိုင်သဖြင့် ကျောင်းသားအချင်းချင်းက လေးစားသည်။ ပြီးတော့ အပြင်စာတွေလည်း အချိန်အားရတိုင်း ဖတ်နေတော့ သူ့ကို ပိုအထင်ကြီးလေသည်။ ပြီးတော့ မိန်းကလေးများနှင့် သိပ်ရောရောနှောနှော မနေ။ ဘယ်မိန်းကလေးကိုမှလည်း ချစ်ကြောင်း ခင်ကြောင်း ကြင်နာကြောင်းတွေ မပြောတတ်သဖြင့် ကိုယ့်ကို ရင်းနှီးသူတချို့က ဘုန်းကြီးဟု ခေါ်ကြသည်။

မြင့်ဆွေက ကိုယ်နှင့် မတူတော့။ တက္ကသိုလ်ဝင်တန်းရောက်တော့ အချိုးပြောင်းသွားသည်။ နီလာကျော်အပေါ် စွဲစွဲလန်းလန်းဖြစ်နေပြီး နီလာကျော့်အတွက်ပဲ လှုပ်ရှားနေတော့သည်။ နီလာကျော်ကလည်း သူ့အပေါ် သံယောဇဉ်ကြီးရှာသည်။ သို့သော်လည်း နီလာကျော်သည် အစဉ်းစားအဆင်ခြင် ကြီးတတ်သူ၏စရိုက် လက္ခဏာမျိုး ရှိနေသည်ကို ကိုယ် သတိပြုမိသည်။ တစ်နေ့သောအခါမှာ မြင့်ဆွေ စိတ်သောက ရောက်မှာစိုးမိသည်။ သို့ဖြစ်၍ အခွင့်သင့်တိုင်း မြင့်ဆွေကို သတိပေးရသည်။



"သူငယ်ချင်း စိတ်ကို သိပ်အလိုမလိုက်နဲ့နော်။ မင်း စာမှန်မှန်လည်း မကြိုးစားတော့ဘူး၊ အတန်းထဲမှာလည်း တဗျာပဲ စပ်နေတယ်။ နီလာကျော့်အကြောင်းကိုပဲ တွေးနေတယ်။ ဒီအတိုင်းဆိုရင် မင်းစာမေးပွဲ ကျလိမ့်မယ်"

သူ ဖောက်ပြေ အတော်လွတ်နေတာကိုလည်း သတိပြုမိ၏။ ယခုတစ်လော နီလာကျော်ပေးထားသော ခရေပန်းအိတ်လေးကို အကျႌအိတ်ကပ်ထဲ အစဉ်အမြဲထည့်ကာ ထုတ်ကြည့် ခါခါ သောကဖြာနေရလေပြီ။

"ဟုတ်တယ် သူငယ်ချင်းရယ်၊ ငါ နီလာကျော့်အပေါ် အတော် စွဲလန်းနေပြီကွာ။ အချိန်တိုင်း သူ့အကြောင်းကိုပဲ တွေးနေမိတယ်။ စာဖတ်ရင်လည်း သူ့မျက်နှာပဲ မြင်နေမိတယ်။ သူ ပေးထားတဲ့ ခရေပန်းအိတ်လေးကိုပဲ တယုတယသိမ်းထားမြတ်နိုးသောက ပိုးနေမိတယ်ကွာ။ သူပေးခဲ့တဲ့ "ပိတောက်ပန်းကဗျာ" နဲ့ "တိမ်တောက်ချိန်မှာ လာတွေ့ပါ" ဆိုတဲ့ ကဗျာနှစ်ပုဒ်ကိုပဲ အလွတ်ရအောင် ကျက်နေမိတော့တယ်။

ဒီအတိုင်း သွားရင်တော့ စာမေးပွဲကျမှာ သေချာသလောက်ဖြစ်နေပြီ။ မြင့်ဆွေက သူ့အပြစ်ကို ဝန်ခံသည်။

"စဉ်းစားဆင်ခြင်ပြီး သတိနဲ့ ထိန်းပေါ့ကွာ၊ ကျောင်းနေတုန်း ရည်စားပူမိတဲ့သူ အတော်များများဟာ စာမေးပွဲကျဖို့ များတာပဲ မဟုတ်လား"

ကိုယ်က လူကြီးလုပ်၍ ဆုံးမစကားပြောကြားနေသည်။ မြင့်ဆွေ ငိုင်နေ၏။ သူ့အမှား သူသိနေသည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ မပြတ်မသား မရေမရာကြီးနဲ့ ဒီအတိုင်းသွားနေမယ်ဆိုရင်တော့ ငါ့အဖို့ ဆုံးရှုံးမှုနဲ့ တွေ့တော့မှာပဲ။ ငါ နီလာကျော်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး အဖြေ

www.burmeseclassic.com

www.burmeseclassic.com



တောင်းတော့မယ်ကွာ။ သူက လက်ခံရင် အေးအေးဆေးဆေးပဲ စာမှန်မှန် ကြိုးစားပြီး တက္ကသိုလ်ရောက်အောင်လုပ်မယ်"

"သူက လက်မခံရင်ကော"

ကိုယ်က ဝင်မေးလိုက်သည်။

"ငါ ကုသိုလ်ပေါ့ သူငယ်ချင်းရယ်"

မြင့်ဆွေက အလေးအနက်ထား ပြောသည်။ မျက်နှာလည်း ရွှင်ရွှင်ပျပျ မရှိ၊ သူ့မျက်လုံးများကလည်း အစဉ်သဖြင့် မှိုင်းဝေနေတတ်သည်။ ကိုယ်သည် သူ သူငယ်ချင်းကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေမိသည်။

"မင်းအခြေအနေကိုလည်း ပြောစမ်းပါဦးကွာ၊ အခု ဘယ်လို ဖြစ်နေပြီလဲ၊ ပြေလည်နေသလား"

"ဘာမှန်း မသိပါဘူးကွာ၊ ပြေလည်သလို မပြေလည်သလိုကြီးပဲ၊ ဒါပေမယ့် တစ်ယောက်ကို တစ်ယောက် သံယောဇဉ်ဖြစ်နေကြတာတော့ အမှန်ပဲ"

"ဒီလိုဆို ... မင်း ဖွင့်ပြောလိုက်ပေါ့ကွာ၊ သံယောဇဉ် အမှန်တကယ်ရှိနေရိုးမှန်ရင် သူ ဘယ်ငြင်းတော့မလဲ"

"ထင်တာပဲလေ။ ဘာဖြစ်လာဦးမလဲတော့ မသိဘူး" ခုလို မတင်မကျနဲ့ ဘာမှန်းမသိ ဖြစ်နေတာထက်စာရင်တော့ အဖြူအမဲ သဲသဲကွဲကွဲ သိရတာကမှ ကောင်းလိမ့်ဦးမယ်"

"ကံကောင်းပါစေကွာ"

ကိုယ်က မြင့်ဆွေအတွက် ဆုတောင်းပေးလိုက်သည်။

သို့သော်လည်း ... မြင့်ဆွေ ကံမကောင်းပေ။ နောက်နေ့တွင် မြင့်ဆွေ လဒမှိုင်မှိုင်နေသည်ကို တွေ့ရသည်။ နေ့လည်ဘက် အတန်းထဲမှာလည်း မတွေ့ရ၊ ကျောင်းပြေးသွားခဲ့ပြီ။



မြင့်ဆွေ တစ်ခုခုဖြစ်နေပြီဟု ကိုယ် သိလိုက်ပြီ။ နီလာကျော့ထံမှ ဝမ်းသာစရာ အဖြေမရရှိ၍ပဲ ဖြစ်ရမည်။ မြင့်ဆွေ ခံပေဦးတော့။

ညနေကျောင်းဆင်း ဘူတာကို ရထားစီးရန် သွားသောအခါ ဘူတာရုံတွင် မြင့်ဆွေရောက်နှင့်နေသည်ကို ကိုယ်တွေ့ရသည်။ ဘူတာရုံ၏ အစွန်ဆုံး ကုက္ကိုပင်တစ်ပင်အောက်တွင် မြင့်ဆွေမှိုင်နေသည်။ ကိုယ်, မြင့်ဆွေထံ သွားသည်။ မြင့်ဆွေက လှမ်းမခေါ်။ အနားရောက်တော့လည်း သူဘာသာ ငေးမှိုင်နေ၏။

"သူငယ်ချင်း ... ခံ ခဲ့ရပြီထင်တယ်"

မြင့်ဆွေ ပြန်မဖြေ။

"မင်းရင်ထဲ ရှိတာပြောပါကွာ။ ငါ စာနာနားလည်နိုင်ပါတယ်"

မြင့်ဆွေက စာတစ်စောင် ထုတ်ပေးသည်။

"မင်း ဖတ်ကြည့်ရင် ငါ ခံစားနေရတာကို နားလည်မှာပါ"

ကိုယ် စာရွက်ခေါက်ကို ဖြန့်ဖတ်သည်။ စာတိုတိုလေး။

"လုံးဝ မဖြစ်နိုင်သေးပါဘူး"

နာမည်လည်းမပါ။ ဖတ်မည့်သူကိုလည်း နာမည်မတပ်၊ ရေးသည့် သူလည်း နာမည်မထိုးထားသည့် အတိုဆုံး စာတစ်စောင်။ ကိုယ် နားလည်ပါသည်။ နီလာကျော့၏ စာ တိုတောင်းပြတ်သားသည့် အဖြေ။ ကိုယ် စာရွက်ကို ပြန်ခေါက်၍ မြင့်ဆွေကို ပြန်ပေးလိုက်သည်။ မြင့်ဆွေ ပြန်သိမ်းထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း ... သိပ်ခံစားနေရသလား"

"မေးဖို့ လိုသေးလားကွာ"

"မင်း မောင်မောင့်ဝင်္ဂတွေ လည်ပြီထင်တယ်နော်"

မြင့်ဆွေ ပြန်မပြော။ ခေါင်းကို ကုတ်နေ၏။

"တစ်ခါတလေ သေချာတယ်ထင်ပြီး မသေချာတာတွေလည်း ဖြစ်တတ်တာပဲလေ။ စိတ်ဖြေသိမ့်နိုင်အောင် ကြိုးစားပါကွာ"

"နီလာကျော်နဲ့ ပတ်သက်ပြီး ငါခံစားနေရတာ ကြာပြီသူငယ်ချင်း"

"ငါ နားလည်ပါတယ်"

"သိပ်ခံစားရပါတယ် သူငယ်ချင်းရယ်"

ကိုယ်သည် မြင့်ဆွေကို သနားသွားမိသည်။ မမနွယ်၏ ရင်ဖွင့်ပြောဆိုသံများကိုလည်း နားထဲ ပြန်ကြားနေမိ၏။ ပြီးတော့ မောင်မောင်နှင့် ပတ်သက်ပြီး မြင့်ဆွေပြောခဲ့သော စကားများကိုလည်း ပြန်ကြားယောင်သည်။

"နွယ်နွယ်ဝေနဲ့ ငါဟာ ကံတူအကျိုးပေး ဖြစ်ကြမှာပါ။ ငါက စိတ်ကို ချုပ်တည်းထားနိုင်လွန်းလို့ မခံရသေးတာပါ" လို့ မင်းပြောခဲ့တာ အမှတ်ရသေးလား မြင့်ဆွေ"

ကိုယ်က မေးလိုက်သည်။ မြင့်ဆွေ ခေါင်းညိတ်ပြသည်။

"အခု မင်းနိမိတ်ဖတ်တဲ့အတိုင်း စိတ်မချုပ်တည်းနိုင်လို့ မင်း ခံစားနေရပြီမဟုတ်လား။ သိရက်နဲ့ ခံရလေခြင်း သူငယ်ချင်းရယ်"

"ငါ့ ကုသိုလ်ပေါ့ သူငယ်ချင်းရယ်၊ ဘယ်တတ်နိုင်မလဲ၊ စိတ်မလေအောင်တော့ အတတ်နိုင်ဆုံး ငါထိန်းပါမယ်"



"သည်စကားကို ကြားရလို့ ငါဝမ်းသာပါတယ်။ မင်းစိတ်ကို မင်းတည်ငြိမ်အောင် ထိန်းပါလို့လည်း ငါ တိုက်တွန်းချင်တယ်။ အချစ်ကြောင့် ရည်ရွယ်ချက် မပျက်စေချင်ဘူး။ ရည်ရွယ်ချက် ပျက်ရင် ဘဝပျက်တာပဲမို့လား"

"အချစ်မုန်တိုင်း ဒဏ်ခံရရင် ဘယ်နှလုံးသားသစ်ပင်မှ မခံနိုင်ပါဘူးကွာ။ ပြိုလဲမကျသွားတောင် ယိမ်းခါ လှုပ်ရှားသွားမှာပါ။ ငါ့ဘဝကို ပြိုလဲမသွားအောင်တော့ အသိဉာဏ်နဲ့ ကျားကန်နိုင်အောင် ကြိုးစားထိန်းပါ့မယ်"

မြင့်ဆွေက အသိတရားနှင့် ထိန်း၍ ပြောသည်။ သို့သော်လည်း မြင့်ဆွေသည် အချစ်မုန်တိုင်းဒဏ်ကို မခံနိုင်။ သွက်သွက်ခါအောင် ယိမ်းယိုင်သွားခဲ့လေသည်။ ကျောင်းမတက်ဘဲ ကျောင်းပြေးသည်။ ဆေးလိပ်တွေ သောက်လာသည်။ အားကစားလည်း မလုပ်တော့။ ဆံပင်စုတ်ဖွားနှင့် ဘိုသီဘတ်သီ ဖြစ်လာသည်။ လွယ်အိတ် စလွယ်သိုင်းကာ ပေပေတေတေနေသည်။ ယခင် မြင့်ဆွေနှင့် ဘာမျှမဆိုင်တော့။ အစဉ်သဖြင့် သပ်သပ်ရပ်ရပ် နေထိုင်ဝတ်စားတတ်သော မြင့်ဆွေသည် ယခု အမှုးသမားပုံစံနှင့် ရှိနေ၏။

မြင့်ဆွေကိုကြည့်၍ ကိုယ်စိတ်မကောင်း။ ဖျောင်းဖျောင်းဖျဖျပြောတော့လည်း လက်ခံသည်။ သူ့ဘာသာသူလည်း သိသည်။ သို့သော် စိတ်မထိန်းနိုင်။ နီလာကျော်နှင့် သူ မျက်နှာချင်း မဆိုင်ချင်တော့။ ကျောင်းတက်ဖို့ စိတ်မဝင်စားနိုင်တော့ပေ။ မြင့်ဆွေ စိတ်လေ၍ နေသည်။ သူ့လွယ်အိတ်ထဲမှာ နီလာကျော်ကို သတိရတိုင်း ရေးလေ့ရှိသော စာတစ်အုပ် အမြဲပါသည်။ တစ်ခါတစ်ခါ အခန်းထဲမှာ ရေးသည်။ တစ်ခါတလေ ဘူတာရုံ ကုက္ကိုပင်အောက်မှာ ရေးသည်။ ရေးပြီး ကိုယ့်ကို ပေးဖတ်သည်။ ကိုယ်, မြင့်ဆွေစာဖတ်ပြီး သနားသည်။

www.burmeseclassic.com

www.burmeseclassic.com



- နီလာရယ်၊ သံယောဇဉ်ဝင်ကို တမင်ပျိုးလာခဲ့ပြီးကာမှ သစ်စိမ်းချိုး ချိုးချလိုက်တာ၊ ရက်စက်လွန်းရာ မကျဘူးလားဟင်။
- မကြုံစဖူး၊ ကြုံခဲ့ရတဲ့ အသည်းကွဲဝေဒနာကို ကိုယ် လှူးလှိမ့်ခံစားနေရပါတယ် နီလာ။
- လေပွေမိတဲ့ ရွက်ဝါလေး တစ်ရွက်လို၊ စိတ်တေလေ၊ လေမှာ လွင့်ခဲ့ရပြီ နီလာ။
- နီလာလည်း ကိုယ့်လို မခံစားရပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။
- ဖြစ်သမျှကို နီလာ့အပေါ် အပြစ်မတင်ရက်ပါဘူး။
- ရှေးရေစက်ဝေး၊ ကံဝဠ်ကြွေးကြောင့် ကိုယ့်ဘာသာ ကိုယ်ပဲ ဆွေးမြေ့ကြေကွဲနေပါတော့မယ်နီလာ။
- သိပ်ချစ်လို့ သိပ်ခံစားရပါတယ် နီလာရယ်။

ကိုငယ်သည် မြင့်ဆွေ ခံစားနေသမျှကို သဘောပေါက်နားလည်သည်။ ယခုအချိန်မှာ ဖျောင်းဖျနားချ၍ ရဦးမှာမဟုတ်မှန်း သူသိသည်။ သူ့အရှိန်နှင့် သူ လွှတ်ပေးထားလိုက်သည်။ ရှမ်းထွန်းမြင့်နှင့် ကျော်လှိုင်မြင့်တို့ကလည်း မြင့်ဆွေကို စာနာစိတ်နှင့် အားပေးနှစ်သိမ့်သည်။ ရှမ်းထွန်းမြင့်သည် မြင့်ဆွေအဖြစ်ကို မကြည့်ရက်နိုင်တော့သည့်အဆုံး နီလာကျော့ကို သွားပြောသည်။ နီလာကျော် မျက်ရည်ဝဲလျက် ခေါင်းခါသည်။ အကြောင်း ဘာမျှမထူး။ မြင့်ဆွေမှာ အချစ်ရူး ရူးတော့သည်။ တစ်ခါက မိုးရွာထဲ ထီးမပါဘဲ သွားခဲ့သည်ကို နီလာကျော်က စိုးရိမ်တကြီး ဟန့်တားခဲ့ဖူး၍ ကြည်နူးခဲ့သောမြင့်ဆွေသည်



ယခု မိုးရေထဲမှာ လမ်းလျှောက်နေတတ်၏။ မိုးရွာလျှင် မြင့်ဆွေရောဂါတက်သည်။ တောင်ဆီက ပြိုမလိုနှင့် မိုးညိုနေလျှင် မြင့်ဆွေ စာအုပ်ထုတ်ရေးတော့သည်။

ထို့ကြောင့် သူငယ်ချင်းများက သူ့ကို မိုးအေးဟုခေါ်သည်။ မိုးတွေ အေးလာလျှင် အဆွေးရောဂါတက်လာသောကြောင့် ထိုအမည်ကို ရှမ်းထွန်းမြင့်က ပေးခဲ့ခြင်း ဖြစ်လေသည်။ ကိုငယ်သည် မြင့်ဆွေကိုကြည့်ပြီး တစ်စုံတစ်ဦးကို ချစ်ရမှာကြောက်နေခဲ့သည်။ ပြီးတော့ မြင့်ဆွေသည် သူ့အတွက် သင်ခန်းစာယူစရာ ဖြစ်ခဲ့သည်။ အတူသွား အတူလာ၊ အတူစားကြသည့်အထိ သံယောဇဉ် ငြိခဲ့ပြီးကာမှ တကယ်ဖွင့်ပြောသောအခါ ပြတ်ပြတ်သားသား ငြင်းပယ်ခြင်း ခံရသည်။ ရင်နာစရာကောင်းလှပေ၏။ မြင့်ဆွေသာ ဖွင့်မပြောခဲ့လျှင် ကြည်နူးစရာဘဝလေးသည် ကာလရှည်ကြာစွာ တည်ရှိနေပေလိမ့်မည်။

မြင့်ဆွေအဖြစ်သည် တစ်နေ့ရွှေဥ တစ်လုံး ဥပေးသော ငန်းကို ရွှေဥတွေ အများကြီးလိုချင်သည့် လောဘဖြင့် သတ်လိုက်မိသကဲ့သို့ ဖြစ်လေသည်။ သူ့ဘာသာ သူ နေတော့ အကောင်းသား။ ထသွားတော့မှ ခြေကျိုးမှန်းသိ ဆိုသကဲ့သို့ မပြောဘဲ နေတာကမှ ကောင်းနေလိမ့်ဦးမည်။ ယခုလို ဖွင့်ပြောလိုက်တော့မှ စိတ်ကူးယဉ်ဘဝလေးမှ လန့်နိုးပြီး နီလာကျော်၏ အကြောက်အကန် ငြင်းပယ်လိုက်ခြင်းကို ခံလိုက်ရလေသည်။

ကိုငယ်သည် မြင့်ဆွေကိုကြည့်ပြီး အလန့်ကြီး လန့်သွားသည်။ မိန်းမတို့၏ အတွင်းသဘောကို စောကြောရန် မလွယ်ကြောင်း ကိုငယ် သဘောပေါက်သွားသည်။ အချစ်မျှော်လင့်ခြင်း၏ ဝေဒနာကိုလည်း ပြတ်ပြတ်ထင်ထင် မြင်ရပြီ။ အချစ်ဝေဒနာကို ခံစားရမှာကိုလည်း အကြောက်ကြီး ကြောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုသူနှင့် မမနွယ်သည် မြင့်ဆွေနှင့် နီလာကျော်တို့၏ မူလပထမ အခြေအနေအတိုင်း စာ အဆက်အသွယ်လုပ်ရင်း သံယောဇဉ်တွယ်နေကြပေပြီ။ သို့သော်လည်း သူနှင့် မမနွယ်တို့ထားသည့် သံယောဇဉ်ကား ရှားပါး၏။ လူအများ သဘောမပေါက်နိုင်သော သံယောဇဉ်မျိုးပင် ဖြစ်လေ၏။

မမနွယ်က သူ့အပေါ် ထားသော သံယောဇဉ်ကို မမနွယ် စာတွေဖတ်ပြီး သဘောပေါက်အောင် လေ့လာရလေသည်။ ထိုအခါ မမနွယ်သည် သူ့အပေါ် ထားသော သံယောဇဉ်မှာ မောင်မောင့်အပေါ် ထားသော သံယောဇဉ်မျိုးမဟုတ်မှန်း သူ သိသာသည်။ မမနွယ်သည် သူ့အပေါ် မောင်လေးတစ်ယောက်လို ချစ်ခင်တွယ်တာနေတာမျိုးဟု သူ ယုံကြည်သဘောပေါက်နားလည်ထားလိုက်သည်။ သို့သော်လည်း သူသည် မမနွယ်စာကို အခါခါ ပြန်ဖတ်၍ သဘောပေါက်အောင် လေ့လာသော်လည်း သဘောမပေါက်နိုင်။

**အငယ်ရယ် … အဓိပတိလမ်းမကြီးကနေ ဘွဲ့နှင်းသဘင်ဘက်ကိုသွားရင် လမ်းမှာ ကုံကော်ပင်ပုလေးတွေ တွေ့ရလိမ့်မယ်။ အဲဒီအပင်လေးတွေအောက်မှာ ထိုင်ခုံလေးတွေရှိတယ်လေ။ အငယ်သာ တက္ကသိုလ်ရောက်ခဲ့လို့ရှိရင် တို့မောင်နှမတွေ ကုံကော်ပင်အောက်က ထိုင်ခုံလေးတွေမှာ ထိုင်ပြီး စကားတွေ တစ်ဝကြီးပြောနေရမှာပဲလို့ တွေးမိပြီး အငယ့်ကို သတိရတယ်။**

နောက်စာတစ်စောင်မှာလည်း …

**ဒီနေ့ မမနွယ်တို့အသင်းက ကဗျာစာအုပ် စုထုတ်ကြတယ်လေ။ ကဗျာဝါသနာပါတဲ့ မောင်ငယ်လေးတစ်ယောက်ကို မမနွယ် ပြေးအမှတ်ရလိုက်တယ်။ ကဗျာဝါသနာပါတဲ့ အငယ့်ကို လက်ဆောင်ပေးဖို့ဆိုပြီး ကဗျာစာအုပ်တစ်အုပ် ဝယ်လိုက်တယ်။ ကဗျာတွေဖတ်၊ ကဗျာတွေစပ်ပြီး စာမကျက်ဘဲလည်း မနေနဲ့ဦးနော်။ စာမေးပွဲကျနေမှ မမနွယ် တစ်နှစ်ပိုစောင့်နေရဦးမယ်။**



မမနွယ်စာများသည် ကိုငယ်ကို သတိရကြောင်း တက္ကသိုလ်ရောက်အောင် ကြိုးစားစေလိုကြောင်း ရေးထားသည့် စာများသာ ဖြစ်လေသည်။ ကိုငယ်သည် မမနွယ်စာများကို ဖတ်ပြီး စာကို ပိုကြိုးစားချင်စိတ်ပေါ်လာ၏။ တက္ကသိုလ်မှာ မမနွယ် စောင့်၍နေပြီ။ တက္ကသိုလ်ရောက်အောင် စာမေးပွဲအောင်ဖို့ ကြိုးစားရမည်။ နှစ်ချင်းပေါက် အောင်ရမည်။ ဒါပဲ ကိုငယ်တွေးနေမိသည်။

ကိုငယ်သည် မမနွယ်ထံသို့လည်း စာမှန်မှန်ထည့်သည်။ တက္ကသိုလ်ရောက်ရန်အတွက် စာမှန်မှန်ကျက်သည်။ တစ်ခါတစ်ရံ မမနွယ်အကြောင်းတွေးနေသဖြင့် စာဖတ်ရခက်တတ်သည်။ သို့သော်လည်း မမနွယ်နှင့် ကုံကော်ပင်အောက်က ခုံတန်းလျားလေးတွေမှာထိုင်၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားတွေ ထိုင်ပြောချင်သည်။ အဓိပတိလမ်းကြီးပေါ်မှာ မမနွယ်နှင့်အတူ တွဲလမ်းလျှောက်ချင်သည်။ ဘယ်လောက်များ ကြည်နူးလို့ ကောင်းလိုက်မလဲလေ။ တက္ကသိုလ်နယ်မြေတွင် သူနှင့် မမနွယ် ကြုံရ ဆုံရမည်ကို တွေးမိလျှင် သူပျော်သည်။ သူ တက္ကသိုလ် သိပ်ရောက်ချင်သည်။ ပညာတတ်ကြီး၊ ဆရာဝန်၊ အင်ဂျင်နီယာကြီးဖြစ်ဖို့ထက် မမနွယ်နှင့် တွေ့ဆုံရန် သူ တက္ကသိုလ်သွားချင်သည်။ တက္ကသိုလ်မှာ မမနွယ်က စောင့်နေနှင့်ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စာမေးပွဲကို သူမျှော်လင့်နေသည်။ စာမေးပွဲ မြန်မြန်ဖြေရပါစေလို့ ဆုတောင်းနေ၏။ စာမေးပွဲ ဖြေရမည့်နေ့ကို မမနွယ်နှင့် တွေ့ဆုံရန် အစစ်ဆေးခံရမည့်နေ့ဟု ယူဆထားသည်။ ထိုနေ့အတွက် အောင်မြင်စွာ ဖြေဆိုနိုင်ရန် အစစအရာရာ သူပြင်ဆင်ထားသည်။ စာမေးပွဲကို စိုးရွံ့သော စိတ်သူ့မှာ မရှိ။ သူ စာမှန်မှန် ကျက်သည်။ ပြီးတော့ မမနွယ်ဆီစာ မှန်မှန်ထည့်သည်။

မမနွယ်ရေ ...

နွေဦးရဲ့ ဥသြတွန်သံကို ကျွန်တော် ကြားချင်လှပြီ။ ရွက်ဝါလေးတွေ လေမှာ တလွင့်လွင့် ဝဲကြွေကျတဲ့ နွေလကျမှ ကျွန်တော်တို့ စာမေးပွဲတွေ ဖြေရမှာ မဟုတ်လား။ စာမေးပွဲ ဖြေချင်လှပြီ မမနွယ်ရာ။ သိပ်ကြာတဲ့ စာမေးပွဲလို့တောင် အောက်မေ့မိတယ်။ စောင့်နေရတာ စိတ်မရှည်နိုင်စရာပဲလေ။

မမနွယ်နဲ့ ဆုံတွေ့ဖို့က ဒီစာမေးပွဲက အတားအဆီးဖြစ်နေတာမို့လား။ ဒီ အတားအဆီးကို ကျွန်တော် လွယ်လွယ်ကူကူ ဖြတ်ကျော်နိုင်မှာပါ။ မမနွယ်နဲ့ ဆုံတွေ့ဖို့ဆိုရင် ဘယ်လို အတားအဆီးမျိုးကိုပဲ ဖြစ်ဖြစ် ကျွန်တော် ဖြတ်ကျော်လာခဲ့မှာပဲ။ ယုံတယ် မဟုတ်လား မမနွယ်ရယ်။

ရွှေမြင့်မိုရ်တစ်တောင်လုံးတောင် တုံးမှတ်လို့ ခုန်ပြီး မမနွယ်ဆီအရောက်လာမှာပါ။ သည်အထိတောင် စိတ်ဆန္ဒတွေ ပြင်းပြနေခဲ့တယ်ဆိုတာ မမနွယ်ကို သိစေချင်ဝါတော့တယ်။

□ □ □

(၁၈)

စာမေးပွဲဖြေဆိုရန် နီးကပ်လာသောအချိန်တွင် ကိုငယ် စိတ်ပူပန်မှုမရှိဘဲ စိတ်အေးလက်အေး စာမှန်မှန်ဖတ်သွားနိုင်ခဲ့သည်။ ကိုငယ်သည် စာမေးပွဲကို အတော်ကြီးတော့ကြာသည်းက စောင့်နေခဲ့သူ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆွေကတော့ တစ်နှစ်လုံးလိုလို နီလာကျော်နှင့် ပတ်သက်ပြီး စိတ်လေလွင့်နေသမျှ စာမှန်မှန် မကျက်ခဲ့။ သူ့တွင် မှတ်စုစာအုပ်များလည်း အပြည့်အစုံ မရှိ။ သည်အတိုင်းသွားလျှင် စာမေးပွဲကျဖို့ နီးနေပြီ။ သို့နှင့် ကိုယ်သည် မြင့်ဆွေကို မတွေ့ တွေ့အောင်ရှာပြီး သူ့ကို အကျိုးအကြောင်း ပြောပြပြီး စာမေးပွဲအတွက် စာကျက်ရန် နားချရသည်။ မြင့်ဆွေကို အေးအေးဆေးဆေး ပြောပြရန် မြို့ပြင်က ပိတောက်ပင်ကြီးအောက်သို့ ခေါ်သွားခဲ့သည်။ ထို ပိတောက်ပင်တွင် မြင့်ဆွေသည် နီလာကျော်အကြောင်းကို ရယ်မောစရာ ပြောခဲ့သေးသည် မဟုတ်လား။ ကိုယ်က ထိုအကြောင်းကို မြင့်ဆွေအား ပြန်မေးသည်။

"သူငယ်ချင်း ... တစ်ခါတုန်းက ဒီပိတောက်ပင်ပေါ်မှာ နီလာကျော်အကြောင်းကို ရယ်မောစရာအဖြစ် မင်းပြောခဲ့တယ်၊ အခုလည်း နီလာကျော်နဲ့ပတ်သက်ပြီး ရယ်မောစရာ အနေနဲ့ ပြောပြပါဦးလားကွာ"

"နီလာကျော်နဲ့ပတ်သက်ပြီး ငါ့မှာ ရယ်မောစရာတွေ ကုန်ခမ်းခဲ့ပြီကွာ။ ငိုကြွေးစရာတွေ ဝမ်းနည်းကြေကွဲစရာတွေပဲ ကျန်တော့တယ်"

"သည်လိုဆိုလည်း ငိုလိုက်။ ဝမ်းနည်းကြေကွဲလိုက်ပေါ့ကွာ။ မိန်းမတစ်ယောက်အတွက် ငိုရတာများ ဝမ်းနည်းစရာမှတ်လို့။ ဘာရှက်စရာရှိလဲ။ ပြီးတော့ စာမေးပွဲကျတော့လည်း ဘာဖြစ်လဲ။ ဒီ စာမေးပွဲ မအောင်တော့လည်း ဘာအရေးလဲ။ သူငယ်ချင်းတွေက တက္ကသိုလ်ရောက်တော့လည်း ဘာဂရုစိုက်စရာရှိလဲ။ မင်းအဖေက ဆရာဝန်ပဲ။ မင်းတစ်ယောက်ကိုတော့



ထမင်း ကောင်းကောင်း ကျွေးထားနိုင်ပါတယ်။ အချစ်ဆုံးသားလေး တက္ကသိုလ်ဝင်တန်း မအောင်လို့ စိတ်ဆင်းရဲလည်း မင်း စိတ်ဆင်းရဲရတာမှ မဟုတ်ဘဲ။ သူတို့ဘာသာ စိတ်ဆင်းရဲကြတာ။ နောက်ဆုံး မင်းက စာမေးပွဲကျ၊ နီလာကျော်က အောင်ပြီး တက္ကသိုလ်ရောက်။ မင်းလိုကောင် ဘယ်အထင်ကြီးတော့မလဲ။ အခုတောင် လူပျော့လူညံ့ လူပေလူတေဆိုပြီး အားမကိုးလောက်လို့ မကြိုက်တာလားမှ မသိတာ"

ကိုယ့် စကားတွေက မြင့်ဆွေ မာနတွေကို တစ်စစ ထိပါးတိုက်ခိုက်ခဲ့၏။ မြင့်ဆွေ မခံနိုင်။ ယောကျ်ား မာနသည် ထောင်းကနဲ ထလာသည်။ ကိုယ့်ကို တစ်ချက်ပြန်စိုက်ကြည့်လိုက်သည်။ အလေးအနက်ထားပြီး တွေးမိဟန်ရှိသည်။ ကိုယ်ကလည်း တမင်အရွဲ့တိုက်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"သူငယ်ချင်းရယ် မင်းပြောတာတွေ မှန်ပါတယ်။ ခင်၊ စကားလုံးတွေဟာ ငါ့ကို ကြိမ်နဲ့ ရိုက်တာထက် ပိုနာစေပါတယ်ကွာ။ မင်းစေတနာကို ငါနားလည်ပါတယ်။ မိန်းမတစ်ယောက်အတွက် သည်လောက် မဖြစ်သင့်ဘူးဆိုတာ ငါနားလည်ပါပြီ။ နီလာကျော့် အချစ်ကို မရတာနဲ့ ပေပေတေတေနဲ့ စာမေးပွဲကျရတာ ရှက်စရာကောင်းမှာပါ။ အချစ်အတွက်နဲ့ ဘဝပျက်တယ်ဆိုတာ လူပျော့ လူညံ့တွေရဲ့ အလုပ်ပါ။ ဘာပဲဖြစ်ဖြစ် ငါပြန်ကြိုးစားမယ်။ နီလာကျော့်ထက်သာရမယ်။ နောက်ဆုံး သူ့ကို မရလို့ အခြားမိန်းမတစ်ယောက်ကို ယူရင်တောင် သူ့ထက်သာတဲ့ မိန်းမကို ယူပြမယ်။ ခင်စောင့်ကြည့် သူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ် သူငယ်ချင်းရယ်။ မင်းရဲ့ စိတ်ဓါတ်ကို ချီးကျူးပါတယ်။ တို့ အခုအချိန်ကစပြီး နိလာကျော့အကြောင်း မပြောကြေး။ ကျောင်းစာနဲ့ပတ်သက်တာတွေသာ ပြောကြရအောင်"

ကိုငယ်. မြင့်ဆွေကို ဝမ်းသာအားရ ပြောလိုက်သည်။ ဘာပဲဖြစ်ဖြစ် မြင့်ဆွေ အမြင်မှန်ရပြီဟု ကိုငယ်ထင်သည်။ သူ သိပ်ဝမ်းသာသွားမိသည်။ အိမ်အပြန်မှာ နှစ်ယောက်စလုံး စိတ်ပေါ့ပါးနေသည်။ မြင့်ဆွေလည်း ပျော့ညံ့သော သူ့စိတ်ဓါတ်ကို ပြုပြင်လိုချင်သောဆန္ဒဖြင့် စိတ်အားတက်ကြွနေသည်။ လမ်းမှာ မြင့်ဆွေက ကိုငယ့်ကို ကျေးဇူးတင်စကားပြောသည်။

"ငါ့မှာ သူငယ်ချင်းကောင်းရှိနေတဲ့အတွက်၊ သိပ် ကံကောင်းတယ်။ ကျေးဇူးလည်း တင်ပါတယ်ကွာ။ ဒီနေ့ မင်းသာ အခုလို ထိရောက်အောင် မပြောပေးခဲ့ရင် ငါ့ဘဝဟာ ရေစုန် မျောနေတော့မှာပဲ။ တို့တွေရဲ့ ဘဝမှာ သူငယ်ချင်း အပေါင်း အသ: :န ဘာင်း သိပ်လိုအပ်ပါလားဆိုတာ ငါသဘော ပေါက်မိ တယ်"

**"သူငယ်ချင်းကောင်းဆိုတာ စစ်မှန်တဲ့စေတနာနဲ့ သူ့ အကျိုးလိုလားပြီး ကူညီစောင့်ရှောက်ရမယ်။ မတော်တာတွေ့ရင် အမုန်းခံ၊ အငြိုငြင်ခံပြီး ပြောရဲ ဆိုရဲရမယ်။ မကောင်းတာလုပ်နေရင် မဖြစ်သင့်တာ ဖြစ်နေရင် အချိန်မီ ဟန့်တားရမယ်။ ဒီလို သူငယ်ချင်းမျိုးမှ သူငယ်ချင်းကောင်းလို့ ငါယူဆတယ်။"**
မင်းဟာ ငါ့ သူငယ်ချင်းကောင်းပါ မြင့်ဆွေ။ ဒါ ကြောင့် ငါဟာလည်း၊ မင်းသူငယ်ချင်းကောင်း ဖြစ်



အောင် ကြိုးစားခဲ့တာပါ။ တစ်ချိန်က ငါဟာ အဖေနဲ့ ပတ်သက်ပြီး စိတ်အားငယ်ခဲ့ဖူးတယ်။ အဲဒီအချိန်မှာ ဖျောင်းဖျ အားပေးခဲ့တာတွေ အမှတ်ရနေပါတယ် သူငယ်ချင်းရယ်"

သူငယ်ချင်းနှစ်ယောက် အပြန်အလှန် ကျေးဇူးတင် ဝမ်းသာစကားတွေ ပြောခဲ့ကြလေသည်။ သူတို့စိတ်ထဲမှာ စာမေးပွဲ အောင်မြင်ချင်သည့် စိတ်ဓာတ်ဖြင့် တက်ကြွနေတော့သည်။

ထိုအချိန်မှစ၍ မြင့်ဆွေ ကျောင်းမတက်တော့ဘဲ အိမ်မှာ ခွင့်ယူပြီးစာကျက်တော့သည်။ စာမေးစရာ ကူးစရာရှိမှသာ ကိုငယ့်ဆီကို လာတတ်ပြီး ကျန်အချိန်များတွင် မြင့်ဆွေကို ရှာမတွေ့တတ်။ မြင့်ဆွေ ခြေရာဖျောက်၍ စာကျက်နေပြီ။

ကိုငယ်သည် ရှမ်းထွန်းမြင့်တို့ ကျော်လှိုင်မြင့်တို့နှင့် အပေါင်းအသင်းလုပ်၍ ကျောင်းတက်နေရတော့သည်။ သို့သော်လည်း ကျောင်းတက်ရန် ရက်သိပ်မကျန်တော့။ စာမေးပွဲနီးကပ်လာပြီ။ သူပို ကြိုးစားလာသည်။ မမနွယ်ဆီကိုလည်း စာထည့်မပျက်။ မမနွယ်ကလည်း စာမေးပွဲနီးလေလေ သူ့ကို အားပေးစကားတွေ ပို ရေးလေလေ ဖြစ်သည်။ စာရေးများလေလေ သံယောဇဉ် ပိုများလာလေလေ ဖြစ်တော့သည်။ ယခုတော့ ကိုငယ်တွင် မေ့မရနိုင်သော မမနွယ် ရှိခဲ့ပြီ။ မမနွယ်နှင့် ပေါင်းဆုံ ကြုံတွေ့နိုင်ရန် တက္ကသိုလ်သို့ သူသွားချင်စိတ်ပြင်းပြခဲ့၏။ ပြင်းပြသောစိတ်ဆန္ဒကြောင့် သူ ကြိုးစားခဲ့သည်။ ဤသို့ အားထက်ထက်သန်သန် ကြိုးစားခဲ့မှုကြောင့်လည်း သူအောင်မြင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲ အောင်စာရင်းထွက်သောအခါ သူ အောင်သည်။ မြင့်ဆွေနှင့် နီလာကျော်လည်း အောင်သည်။ မြင့်ဆွေ အောင်သည့်အတွက် ကိုယ် သိပ်ဝမ်းသာသွားမိသည်။ ခင်မျိုးကြွယ်လည်း အောင်သေးသည်။ ရှမ်းထွန်းမြင့်နှင့် ကျော်လှိုင်မြင့်တို့ကတော့ (ခ) စာရင်းနှင့်အောင်သည်။ သူငယ်ချင်းတွေပါ အောင်သဖြင့် သူ သိပ်ပျော်သည်။

အောင်စာရင်းထွက်သည့် ညက မြင့်ဆွေလာပြောသည်။ ည (၁၂) နာရီ ထိုးနေပြီ။ မြင့်ဆွေကိုလည်း နီလာကျော့် အစ်ကို မောင်မောင်က လာပြောသည်။ ရန်ကုန်မှ ညရထားစီးလာပြီး လာပြောခြင်း ဖြစ်သည်။ ထိုညက ဝမ်းသာလွန်းသဖြင့် တစ်ညလုံး အိပ်လို့မပျော်။ သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရ စကားတွေထိုင်ပြောခဲ့ကြသေးသည်။ လွတ်လွတ်လပ်လပ် ပြောနိုင်ရန် အိမ်ဘေးမှ ရေတွင်းဆီသို့သွားကာ ရေတွင်းဘေးမှာ ခြေချထိုင်ပြီး စကားတွေ တဝကြီးပြောခဲ့ကြ၏။

"ငါ့ဟာမေးပွဲအောင်တာ မင်းကျေးဇူးတွေ အများကြီးပါတယ်"

မြင့်ဆွေက ကိုငယ့်ကို ကျေးဇူးတင်စကားဆိုသည်။

"တို့ သူငယ်ချင်း၊ အချင်းချင်း ကျေးဇူးတင်စကားတွေ ပြောဖို့ မလိုပါဘူးကွာ၊ မင်းအောင်တာ ငါဝမ်းသာတယ်။ ဒါပေမယ့် နီလာကျော်က ငါ့ထက် ပိုဝမ်းသာမှာပါ"

မြင့်ဆွေ မျက်နှာညှိုးသွားသည်။

"သူ ဝမ်းသာနိုင်ပါစေလို့ပဲ ငါဆုတောင်းပါတယ် သူငယ်ချင်း။ မခံချင်စိတ်တွေကြောင့် အောင်မြင်အောင် ငါ ကြိုးစားခဲ့တယ်။ သူ့ကို မေ့နိုင်အောင်လည်း အားထုတ်ခဲ့တယ်"



"ဒါပေမယ့် မင်း မမေ့နိုင်ဘူး မဟုတ်လား"

ကိုငယ်က သွေးတိုးစမ်းသလို ပြောလိုက်သည်။

မြင့်ဆွေ ခေါင်းညိတ်ဝန်ခံသည်။

"တစ်နေ့မှ မမေ့ပါဘူး သူငယ်ချင်းရယ်။ သူ့ကို သတိရလေလေ စာကို ပိုပြီး ဖိကျက်လေလေ လုပ်ခဲ့လို့သာ အောင်ခဲ့တာပါ။ အချစ်ရေးမှာ ရှုံးနိမ့်ခဲ့ရပြီး စာမေးပွဲပါ ထပ်ရှုံးရမယ်ဆိုရင် ငါ့အဖို့ နှစ်ခါနာဖြစ်တော့မှာပေါ့။ စာမေးပွဲအောင်ခဲ့လို့ ဖြေသိမ့်စရာ ရခဲ့တယ်လို့ပဲ အောက်မေ့ပါတယ်"

"ချီးကျူးပါတယ် သူငယ်ချင်းရယ်။ ကိုယ်ပိုးနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို မရလို့၊ စိတ်လေပြီး စာမေးပွဲကျတယ်ဆိုတာ လူပျော့လူညံ့တွေရဲ့ ဆင်ခြေစကားပါကွာ"

မြင့်ဆွေ ငြိမ်နားထောင်သည်။ ဘာ စကားမျှ ပြန်မဆို။ ရေတွင်းနှုတ်ခမ်းကိုမှီပြီး လက်ပိုက်နေသည်။ မျက်လုံးတွေကလည်း အဝေးတစ်နေရာကို ငေးစိုက်ကြည့်နေ၏။

"စောစောက ဝမ်းသာနေတာတွေ၊ နီလာကျော့်နာမည်ကြားလိုက်တာနဲ့ ပျောက်သွားသလိုပဲ။ အချစ်ကြောင့် ခံစားရတဲ့ ဝေဒနာဟာ ပြင်းထန်လှတယ်ကွာ"

"အချစ်ကြောင့် ခွန်အားတွေ ဖြစ်ပေါ်ပြီး အောင်မြင်အောင် ကြိုးစားနိုင်တာလည်း မင်းထည့် ပြောသင့်ပါတယ်"

"မင်းကတော့ စိတ်ဓာတ်ခိုင်မာတာကိုး ပြောနိုင်ပေမပေါ့"

"စိတ်ဓာတ်ခိုင်မာရမယ်လေ။ တို့တွေဟာ ယောကျ်ားမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆွေက ကိုယ့်ကို ထူးဆန်းသလို မော့ကြည့်သည်။ မယုံနိုင်စရာတော့ ကြားလိုက်ရသလို ဖြစ်နေ၏။

"မင်း သိပ်ပြောင်းလဲ တိုးတက်နေပါပကော၊ ကိုယ်။ တစ်ချိန်တုန်းက မင်း သိပ်အားငယ်တတ်လွန်းလို့ ငါ အမြဲတမ်းလိုလို အားပေးစကားပြောခဲ့ရတယ်"

ကိုယ် ပြုံးလိုက်သည်။

**"ဘဝဆိုတာ တိုးတက်ပြောင်းလဲခြင်းပဲကွ။ ကိုယ့်ဘဝကို တိုးတက်မြင့်မားအောင် ကြံဆတွေးတောကြိုးစားအားထုတ်ရင် ပြောင်းလဲတိုးတက်လာတာပဲ"**

"မင်းစကားတွေ ကြားရတာ အားတက်စရာပဲ။ ဒါပေမယ့် အချစ်ဝေဒနာ မင်းမခံစားရသေးလို့ ပြောနိုင်သေးတာပါ"

မြင့်ဆွေက မကျေနပ်သလို ပြန်ဆင်ခြေတက်သည်။ ကိုယ် ရုတ်တရက် စကားပြန်မဆို။ သက်ပြင်း မှျင်းမှျင်းကို ချလိုက်ပြီးမှ စကားပြန်သည်။

"မိန်းကလေးတစ်ယောက်ကို ပိုင်ဆိုင်လိုချင်စိတ်နဲ့ ချစ်ပါတယ်လို့ ဖွင့်မပြောမိသေးတာက လွဲလို့ ငါလည်း အချစ်ရဲ့ ခံစားမှုမျိုးကို ကြုံခဲ့ရတာပါပဲ"

ကိုယ့်စကားကို မြင့်ဆွေ ရုတ်တရက် သဘောမပေါက်။ ပြီးတော့မှ သဘောပေါက်နားလည်သွားသည်။ ပြုံးသည်။ ဝံနာသောအပြုံး။

"ငါ နားလည်ပါပြီ သူငယ်ချင်းရယ်။ ရင်ထဲမှာ ချစ်ရတဲ့အချစ်ဟာ အပြစ်အကင်းဆုံးပါကွာ။ ဒါပေမယ့် ရင်နဲ့မဆန့်အောင် ချစ်မိရင်တော့ ရင်ကွဲတတ်တယ်နော်"

BURMESE CLASSIC .com



မြင့်ဆွေက ကိုယ့်အဖြစ်ကို နားလည်စွာဖြင့် သတိပေးသလို ပြောသည်။

"အဲ့ဒီတော့လည်း ရင်ကွဲခံလိုက်တာပေါ့ သူငယ်ချင်းရာ"

ကိုယ်က ပြုံးပြုံးနှင့် ပြန်ပြောလိုက်သည်။ မြင့်ဆွေကလည်း ပြုံးလိုက်၏။

"အချစ်သူရဲကောင်းကြီးကို ချီးကျူးလေးစားပါတယ် ခင်ဗျား"

နောက်သလိုနှင့် ပြန်ပြော၏။

"မင်းက လေး၊ စားပြီး ငါး၊ လျော်တာမျိုးတော့ မလုပ်နဲ့နော်"

ကိုယ်ကလည်း ပြန်နောက်သည်။ မြင့်ဆွေ သဘောကျစွာရယ်တော့၏။ စောစောက နိလာကျော်ကြောင့် မှိုင်းဝေနေသော စိတ်သည် ပွင့်လင်းသွားသည်။ ကြည်လင်လတ်ဆတ်သော အတွေးများ ခေါင်းထဲပြန်ဝင်လာသည်။

"တို့တွေ တက္ကသိုလ်ရောက်ရင်တော့ ခုထက် ပိုကြိုးစားမယ်။ ပညာတတ်ကြီးတွေဖြစ်အောင် လုပ်မယ်။ နိုင်ငံခြားသွားရအောင်လည်း ကြိုးစားမယ်ကွာ"

မြင့်ဆွေက အနာဂတ်ကို လှပစွာ တွေးရင်း သူ့စိတ်ကူးကို ပြောလိုက်သည်။

"မင်း စကားကို ကြားရတာ၊ အားရ ဂုဏ်ယူစရာပဲဟေ့။ ဒါပေမယ့် တို့ ဘဝဟာ ဘာတွေဖြစ်လာဦးမယ်ဆို မပြော

www.burmeseclassic.com

www.burmeseclassic.com

တတ်သေးဘူး။ ထွက်လာတဲ့ စာမေးပွဲအမှတ်အပေါ်မှာ မူတည်ပြီး တို့ဘဝကို တည်ဆောက်ရမှာ။ ဘာပဲဖြစ်ဖြစ်လေ။ ဖြစ်ရာဘဝမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့ပဲ မဟုတ်လား"

ကိုငယ့်စကားတွေက လေးနက်ပြီး မြင့်မားနေသဖြင့် မြင့်ဆွေသည် ကိုငယ့်ကို ချီးကျူးလေးစားသည့်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာ၏။ ကဗျာသမား စာသမားမို့ စာအဖတ်များသဖြင့် အတွေးအခေါ်တွေ ပြောင်းလဲတိုးတက်လာခြင်း ဖြစ်မည်ဟု သူ တွေးသည်။ သူ လည်း ကိုငယ့်လို စိတ်ဓာတ်မျိုး ရှိချင်သည်။ ကိုငယ့်လို စာ များများဖတ်ဖို့ လိုအပ်သည်ဟု သူ သတိပြုမိလိုက်သည်။ ကြိုးစား အားထုတ်လိုသည့် စိတ်သည်လည်း ပြင်းထန်လာသည်။ ကိုငယ့်လို သူငယ်ချင်းမျိုးရခဲ့သည်မှာ ကံကောင်းလှသည်ဟု သူ့ဘဝကို တွေးပြီး ကျေနပ်နေတော့၏။

□□□

BURMESE CLASSIC .com

(၁၉)

အမှတ်စာရင်းတွေ ထွက်လာသောအခါ ကိုငယ်နှင့် မြင့်ဆွေ အမှတ်ကောင်းသည်။ နီလာကျော်နှင့် ခင်မျိုးကြွယ် အမှတ်လည်း သူတို့နှင့် သိပ်မကွာလှ။ တက္ကသိုလ်တွေ ရွေးလျှောက်ကြတော့ ဆန္ဒတွေ မတူညီကြ။ မြင့်ဆွေက ပညာရေးတက္ကသိုလ်။ နီလာကျော်က စီးပွားရေးတက္ကသိုလ်။ ခင်မျိုးကြွယ်ကလည်း ပညာရေးတက္ကသိုလ် ရသည်။ ကိုငယ်က သူ့ဝါသနာပါသော ဥပဒေဘာသာရပ်ကို ရွေးသည်။ ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်တွင် တက်ရသည်။ ဝိဇ္ဇာဘာသာတွဲ ယူကြသူမို့၊ အမှတ်ကောင်း၍ စက်မှုတို့ ဆေးတက္ကသိုလ်သို့ လျှောက်ခွင့်ရသော်လည်း မလျှောက်ခဲ့ကြ။ သူတို့ခေတ်က ကြိုက်ရာလိုင်း ရွေးချယ်လျှောက်ထားခွင့်ရသော်လည်း ဝါသနာပါရာကိုသာ ဦးစားပေးလျှောက်ခဲ့ကြသည်။ ကိုငယ်ကတော့ ဘယ်သူ ဘာပြောပြော ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်မှာပဲ နေချင်သည်။

မမနွယ်နှင့် နေခွင့်ရတုန်း တက္ကသိုလ်တစ်ခုထဲတွင် အတူ နေချင်စိတ်ရှိနေသည်လား မသိ။ ဥပဒေဘက်တွင် ဝါသနာပါသည်ဟုဆိုကာ လျှောက်ခဲ့ခြင်း ဖြစ်သည်။ ယခုတော့ တက္ကသိုလ်တွင် ဆုံတွေ့ခွင့်ရခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

မောင်မယ်သစ်လွှင်နေ့တွင် မမနွယ်က သူ့ကို လာရှာသည်။

တောသူကြီးသား ဂိုက်မျိုးဖမ်းပြီး ဆံပင်တိုတို၊ လုံချည်တိုတို ဝတ်ထားသော သူ့ကို အလွယ်တကူတွေ့ရှိနိုင်သည်။ မမနွယ်ကို စောင့်မျှော်နေတုန်း တွေ့ချင်နေတုန်းမှာ တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။

"မမနွယ်က တွေ့အောင် ရှာနိုင်သားပဲ"

ဝမ်းသာအားရ ကိုငယ်က ပြောသည်။

"ရန်ကုန်တက္ကသိုလ်က ကျဉ်းကျဉ်းလေးပါကွာ။ အငယ့်စာလည်း ရထားပြီးသားဆိုတော့ မောင်မယ်သစ်လွှင်နေ့ လာရှာလိုက်ရင် အလွယ်တကူ တွေ့မယ်ဆိုတာ သိပြီးသားပဲ ဟာ"

မမနွယ်က အေးဆေးစွာ ပြန်ပြောသည်။ ပြီးတော့ သူနှင့်ပါလာသော သူ့ သူငယ်ချင်းနှင့် မိတ်ဆက်ပေးသည်။

"မသီ ... အဲ့ဒါ ငါပြော,ပြောနေတဲ့ မောင်လေး အငယ်ပေါ့"

"အငယ်လည်း မှတ်ထား၊ အဲ့ဒါ ... မမနွယ် သူငယ်ချင်း မသီတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော့်ကို မမနွယ်လိုပဲ မောင်လေးတစ်ယောက်လို့ ခင်မင်ရင်းနှီးစေချင်ပါတယ်"

ကိုငယ်က နှုတ်သွက်လျှာသွက် ပြန်မိတ်ဆက်လိုက်သည်။

"အလဲ့ ... ဘယ်ဆိုးလို့လဲ။ မိနွယ် မောင်ကလည်း အလာကြီးပဲ"



မသီက မှတ်ချက်ချသည်။

မမနွယ်က ပြုံးနေသည်။

"ကဲ ... မသီ၊ နင့်တာဝန်ကျေပြီ၊ ပြန်တော့"

မမနွယ်က ရယ်ကျဲကျဲလုပ်ကာ မသီကို ပြန်ခိုင်းသည်။ ကိုငယ် ကြားထဲက အားနာနေသည်။

"မိနွယ်နေဝ်၊ မောင်လေးရောက်လာပြီဆိုတာနဲ့ ပုန်ကန်စကားတွေ ပြောချင်လာတယ်။ ငါ့ကိုတောင် နှင်ထုတ်ပြီပေါ့လေ။ စိတ်ချပါ၊ ငါလည်း အလိုက်သိသိနဲ့ သွားပေးပါ့မယ်"

မသီကလည်း ရယ်ရယ်ပြုံးပြုံးလုပ်ပြီး သွားဟန်ပြင်သည်။

"သွားမယ်နော် အငယ်၊ နောက်ဆို မကြာမကြာ ဆုံဦးမှာပဲ"

ကိုငယ့်ကို နှုတ်ဆက်သွားသည်။ ကိုငယ် သူတို့အထာကို မသိသဖြင့် "ဟုတ်ကဲ့" ဆိုကာ ကြည့်ကျန်နေရစ်သည်။ မသီ ထွက်သွားတော့မှ မမနွယ်ကို ပြောရသည်။

"မမနွယ်ကလည်း မမသီကို အားနာစရာကောင်းလိုက်တာ။ သူတစ်ယောက်တည်း ပြန်သွားရရှာတယ်"

"အဲ့ဒါအကောင်း ပြန်တာမဟုတ်ဘူး။ သူ့ အမျိုးသားကိုရဲအောင်နဲ့ ချိန်းထားတဲ့နေရာကို သွားတာ။ သူ့အမျိုးသားနဲ့တွေ့တာနဲ့ မမနွယ်ကိုတစ်ယောက်တည်း ခွဲကျန်သွားတတ်တယ်လေ။ အခု မမနွယ်က အငယ်နဲ့တွေ့တော့ သူ့ကို အရင်ဦးအောင် နှင်လိုက်တာ။ မမနွယ်က မနှင်လည်း သူ့ဘာသာသွားတော့မှာပဲ။ အငယ့်ကို လူအုပ်ထဲမှာ ရှာရမှာဆိုတော့ မမနွယ်ကြောင်မှာစိုးလို့ သူ့ကို ခေတ္တ အဖော်ခေါ်ခဲ့ရတာ"

"ဒီလိုမှန်းမှ မသိဘဲ၊ ကျွန်တော်က မျက်နှာပြီး အားနာနေလိုက်မိတာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကားကို မမနွယ်က ပြုံး၍နားထောင်နေသည်။ ပြီးတော့မှ မျက်စောင်းလှလှလေး ထိုးကာ ပြောသည်။

"ကဲ … လာ၊ အင်းယားကန်မှာ ဘူးသီးကြော်သွားစားကြမယ်"

ကိုယ်က စကားပြန်မဆိုတော့ဘဲ နောက်ကလိုက်သည်။ မမနွယ်က ခြေတစ်လှမ်းလှမ်းပြီး သူ့ကို ပြန်စောင့်သည်။ ကိုယ် ဘေးနားရောက်လာမှ ခြေလှမ်းစထွက်သည်။ မလှမ်းမကမ်းမှ သစ်ပင်ကြီးတစ်ပင်ကိုလည်း ညွှန်ပြ၏။

"အငယ် … ဟော့ဟိုက သစ်ပုတ်ပင်ကြီးက ဒီတက္ကသိုလ်မှာ နာမည်ကြီးပဲ။ မုတ်ဆိတ်မွေး တစ်ထောင်နဲ့ အဘိုးအိုလို့လည်း ကဗျာဆရာတချို့က တင်စားကြတယ်။ တချို့ကလည်း အသည်းကွဲသူတို့ရဲ့ ဟာစ်တိုင်လို့လည်း ခေါ်ကြတယ်။ ဒါကတော့ ဘွဲ့နှင်းသဘင်ပဲ။ ချစ်သူ့ နယ်မြေလို့ ဆိုကြတယ်"

မမနွယ်က အသေအချာ ရှင်းပြနေ၏။ ကိုယ်က "အင်း" လိုက်၍ နားထောင်နေသည်။

ဘွဲ့နှင်းသဘင်ဘေးနားမှဖြတ်၍ အင်းယားကန်ကို ဆင်းသည်။ အင်းယားကန်စပ်တွင် ဖွင့်ထားသော အကြော်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်သည်။ မမနွယ်က အကြော်မှာ၏။ ကိုယ်က အသစ်အဆန်းတွေကို ငေးမောကြည့်ရှု တွေးတောနေမိ၏။

"အငယ် … စားနော်၊ မမနွယ်က အငယ့်ကို ကျွေးချင်လို့ စောင့်နေရတာ ကြာလှပြီ။ အခုမှပဲ ကျွေးရတော့တယ်"

"မမနွယ်က မှတ်မိသားပဲ"

ကိုယ်က ပြုံး၍ ပြန်ပြောသည်။

"ဘယ်နှယ့်ကွယ်၊ ကိုယ့်ကို လှတယ်လို့ ပြောထားတာ ဘယ်မေ့ပါ့မလဲ"



တစ်ခါတုန်းက ရေတွင်းနားမှာ ကိုယ်က မမနွယ်ကို လှသည်ပြော၍ မုန့်ကျွေးမည်ဟု ပြောခဲ့သည်ကို မမနွယ် အမှတ်တရ ပြန်ပြောသည်။

"မမနွယ်ကျွေးမယ့်မုန့်ကို စားချင်လွန်းလို့ စာကြိုးစားလိုက်ရတာ မျက်စိတွေတောင် မှုန်လာတယ်။ မကြာခင် မျက်စိစမ်းသပ်ပြီး မျက်မှန်လုပ်ရတော့မယ်"

ကိုယ့် စကားကြောင့် မမနွယ် ပြုံးသည်။

"ဒီလောက်တောင်ပဲလား ငါ့မောင်ရယ်"

"ဒီ့ထက်တောင် ပိုသေး" ဟု ကိုယ်က အသံနေအသံထားနှင့် မျက်လုံးပြူးပြူးပြီး ပြောလိုက်သည်။ မမနွယ် သဘောကျလွန်း၍ ရယ်နေတော့သည်။

"မမနွယ်ကလည်း ကတိတည်ပါတယ်နော်။ တက္ကသိုလ် ရောက်,ရောက်ခြင်း လိုက်ရှာပြီး မုန့်ဝယ်ကျွေးပါတယ်"

"ဒီကလည်း ဗိုက်ဆာလို့ ဒကာရှာနေတာနဲ့ အတော်ပဲ"

ကိုယ်က ပြောပြောဆိုဆိုနှင့် ဘူးသီးကြော်ကို လှမ်းနိုက်လိုက်သည်။ အိုးမှ ချကာစဖြစ်သဖြင့် ပူနေသည်ကို မသိဘဲ ကိုင်လိုက်သောကြောင့် လက်ပူသွားသည်။ ဘူးသီးကြော်ကို လွှတ်ချပြီး လက်ကို ပါးစပ်နှင့်စုပ်နေရ၏။ မမနွယ် ပြာပြာသလဲ ဖြစ်သွားသည်။

"အိုးက ချကာစဆိုတော့ ပူနေမှာ၊ မမနွယ်ကလည်း မေ့ပြီး သတိမပေးမိဘူး။ အငယ် လက်သိပ်ပူသွားလား၊ ပြစမ်း"

"စိုးရိမ်စိတ်နှင့် မမနွယ်က အငယ့်လက်ကို ဆွဲယူကြည့်ပြီး မေးသည်။ အကြင်နာပို့သော မမနွယ်ကို ကြည့်ပြီး ကိုယ် ပီတိဖြစ်သွားသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပူတာပါ မမနွယ်ရာ၊ ကိစ္စမရှိပါဘူး"

"တော်သေးတာပေါ့၊ မမနွယ်က သိပ်ပူသွားတယ် အောက်မေ့တာ"

မမနွယ်က နည်းနည်းအေးမည်ထင်သော ဘူးသီးကြော်တစ်ခုကို မှုတ်ပြီး ကိုယ်ကို ပေးသည်။ ကိုယ်ယူသည်။ တစ်ခြမ်းကို ပြန်ဖဲ့၍ မမနွယ်ကို ပြန်ကျွေးသည်။ မမနွယ်က ကိုယ့်ကို တစ်ချက်ပြုံးပြီး ကြည့်လိုက်သည်။ ထိုအပြုံးထဲတွင် ကြည်နူးနှစ်သိမ့်သည့် အရိပ်လက္ခဏာများ ပါဝင်နေသည်။

"ကျွေးမွေးတဲ့ သူရဲ့ စေတနာသန့်စင်မှုကြောင့် ဘူးသီးကြော်လေးက ချိုလိုက်တာနော်"

"ပိုပြီ၊ အငယ်လို့ မခေါ်တော့ဘူး။ ကိုပိုလို့ ပြောင်းခေါ်တော့မယ်"

မမနွယ်က မျက်စောင်းလှလှလေး ထိုးကာ ပြောပြန်သည်။

"မပိုပါဘူး မမနွယ်ရာ။ မမနွယ် ကျွေးတဲ့ စားစရာအားလုံး ချိုမြိန်နေမှာပဲလို့ ယုံမှတ်ထားပြီးသားပါ။ မမနွယ်ပြောတဲ့ စကားမှန်သမျှလည်း ချိုသာလှပနေတယ်လို့ အောက်မေ့ထားပါတယ်"

"ကဲ ... ကိုပိုလေး။ မဝသေးရင်လည်း ထပ်ကျွေးပါ့မယ်။ သိပ်တော့ မမြှောက်လိုက်ပါနဲ့။ သစ်ပင်ပေါ်ရောက်သွားလို့ ပြန်မဆင်းတတ်ဘဲ နေပါဦးမယ်"

ကိုယ် ရယ်သည်။ မမနွယ် အမူအယာအပြောအဆိုလေးတွေကို ကြည့်ပြီး သဘောကျ၍ ရယ်သည်။ ကိုယ် ရယ်တာမြင်တော့ မမနွယ်ကလည်း အလိုလိုပြုံးရယ် ဖြစ်တော့သည်။ စိတ်သောက ပူပန်မှုကင်းမဲ့သော ကြည်နူးစရာအချိန်လေး ဖြစ်ပါသည်။



ဘူးသီးကြော်စားပြီးသောအခါ မမနွယ်က အင်းယားကန်စပ်သို့ ခေါ်သွားသည်။ ရေစပ်တွင် ကိုယ်တို့နှစ်ယောက် ထိုင်ကြသည်။

"ကံကြမ္မာအလှည့်ပေးတဲ့အတွက် မမနွယ်နဲ့ ခုလို ပြန်ဆုံရတာ ကျွန်တော် သိပ်ဝမ်းသာတယ် မမနွယ်ရယ်"

"မမနွယ်လည်း အငယ်လိုပါပဲ။ အငယ် စာမေးပွဲအောင်ပြီး တက္ကသိုလ်တက်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ရတာ ခုမှ မမနွယ် ဆုတောင်းပြည့်တော့တယ်"

"ကျွန်တော်လည်း အိမ် စီးပွားရေး အခြေအနေအရ တက္ကသိုလ်မှ တက်နိုင်ပါ့မလားလို့ တထိတ်ထိတ်နဲ့ ဖြစ်နေတာ၊ အစ်ကိုက အလုပ်ရပြီး တာဝန်ယူနိုင်ပေလို့၊ နို့မို့ရင် ခပ်ခက်ခက်ပဲ"

"တို့မောင်နှမတွေ ပြန်ဆုံနိုင်ဖို့ ကုသိုလ်ကံက ဖေးမကူညီလိုက်တယ်လို့ပဲ အောက်မေ့ရတော့မှာပဲ"

"ဟုတ်တယ်နော်၊ မမနွယ်။ မမနွယ်နဲ့ အတူ တွေ့ဆုံချင်လွန်းလို့ မြင့်ဆွေနဲ့ ပညာရေးတက္ကသိုလ် လိုက်မတက်ဘဲ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာ နေချင်တာ၊ မမနွယ် ယုံရဲ့လားဟင်"

မမနွယ်က ပြုံး၍ ခေါင်းညိတ်သည်။

"ယုံပါတယ်ကွယ်၊ ငါ့မောင်က မမနွယ်အပေါ်မှာ ဒီလောက်တောင် သံယောဇဉ်ထားတယ် ကြားရလို့ ကျေနပ်ဝမ်းသာပါတယ်"

"ကျွန်တော်ဖလ မမနွယ်ပြောင်းသွားကတည်းကတစ်နေ့မှ မမေ့ပါဘူး။ မမနွယ်ကို သတိရတိုင်း ကျွန်တော် တဖတ်တယ်။ မမနွယ်နဲ့ တက္ကသိုလ်မှာ ဆုံတွေ့ရအောင်ဆိုပြီး ကဗျာ

www.burmeseclassic.com

www.burmeseclassic.com



တောင် မစပ်အားဘဲ စာနဲ့နပမ်းလုံးခဲ့ရတယ်။ ကြိုးစားရကျိုးနပ်တာပေါ့နော်"

ကိုငယ်က ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောသည်။ မမနွယ်က ကိုငယ့်စကားကို အေးဆေးငြိမ်သက်စွာ နားထောင်သည်။ မျက်လုံးက အင်ယားရေပြင်ပေါ် ငေးကြည့်နေသည်။ လှိုင်းတွန့်ကလေးများ လှုပ်ရှားပြေးလွှားသွားတာ မြင်ရသည်။ ရင်ထဲမှာ လှိုင်းအိလေးတွေ တစ်ရွေ့ရွေ့ လိမ့်ဆင်းလာသလို ခံစားနေရသည်။ မမနွယ်ရင်ထဲတွင် ကြည်ကြည်လင်လင် မရှိချင်တော့။ တစ်စုံတစ်ခုကို တွေးမိလျှင် ရင်ထဲမှာ နာကျင်လာသည်။ သူ့မျက်နှာမှာလည်း မလန်းမဆန်းနှင့် ညှိုးနွမ်းလာသလိုပဲ။ ကိုငယ် သတိပြုမိလိုက်သည်။ သူ့စကား ဘာမှားသွားသလဲဟု သူ ပြန်စဉ်းစားရသည်။

"ကျွန်တော့်စကားကြောင့် မမနွယ်စိတ်ဆိုးသွားသလားဟင်"

မမနွယ် ခေါင်းခါသည်။ မျက်နှာက မှိုင်းမှုန်ဝေလျက်။

"ကျွန်တော့်စကားကြောင့် တခြားအမှတ်ရစရာတွေ တွေးပြီး စိတ်မကောင်းဖြစ်နေပြီ ထင်တယ်။ ခွင့်လွှတ်ပါ မမနွယ်ရယ်"

ကိုငယ်က ချက်ခြင်း တောင်းပန်စကားဆိုသည်။

"အငယ့်ကြောင့် မဟုတ်ပါဘူးကွယ်။ မောင်မောင့်ကို သတိတရ ပြန်တွေးမိပြီး စိတ်မကောင်း ဖြစ်သွားတာပါ"

မမနွယ်က အကျိုးအကြောင်းပြန်ရှင်းပြသည်။ မျက်နှာအမူအရာက ရွှင်ရွှင်လန်းလန်းမရှိချင်တော့။

ကိုငယ် သက်ပြင်းကို ချလိုက်သည်။ မမနွယ်ရင်ထဲတွင် မောင်မောင့်အရိပ်သည် လွှမ်းမိုးခြောက်လှန့်နေဆဲ။ သူ ခံစားနားလည်လိုက်သည်။ မမနွယ်သည် အတိတ်တစ္ဆေကို



ကြောက်ရွံ့စွာ ရင်ဆိုင်နေရဆဲ ဖြစ်သည်။ သူအားပေးနှစ်သိမ့်စကားကို ဆိုချင်သည်။ သို့ရာတွင် စကားဆိုစရာ မရှိ။ ခပ်မဆိတ်ပဲ နေလိုက်သည်။ သူတို့နှစ်ဦးကြားတွင် စကားစပြတ်သွားသည်။ ခဏနေမှ မမနွယ်က စကားကို ပြန်စသည်။

"တို့ .. မောင်နှမတွေ ပြန်တွေ့ကြတုန်း စိတ်ညစ်စရာတွေ မတွေးတော့ပါဘူး။ စိတ်ဆင်းရဲစရာတွေလည်း မပြောကြပါစို့နဲ့လေ။ တွေ့ကြုံနေစဉ်မှာ ပျော်ပျော်ရွှင်ရွှင်လေးနေကြ ရအောင်နော်"

မမနွယ်က အားယူ၍ ပြုံးပြသည်။ မလတ်ဆတ်သော အပြုံးမှုန်း သိသာသည်။ ကိုငယ်လည်း စိတ်မကောင်းစွာ ပြုံးသည်။ သည့်ထက်လည်း ပိုမတတ်နိုင်။ ဟန်မဆောင်ချင်တာလည်းပါမည်၊ နှစ်သိမ့်စကားဆိုစရာလည်း မရှိ။

"အငယ် ... မမနွယ် အချိန်စာရင်းယူထား။ မမနွယ် အားတဲ့အချိန် အငယ်လာတွေ့နိုင်ရင်လည်း လာခဲ့နော်။ မမနွယ် တောင်ငူဆောင် T, 24 မှာ ရှိနေမယ် သိလား။ တို့ မောင်နှမတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ သွားလာစားသောက်နေထိုင်ကြတာပေါ့နော်"

ကိုငယ် ခေါင်းညိတ်ပြသည်။ စောစောကလို စကားမသွက်ချင်တော့။ မမနွယ် လှမ်းပေးသော အချိန်စာရင်းကိုယူကြည့်ပြီး ငိုင်နေမိသည်။

"မမနွယ်ကြောင့် အငယ်လည်း စိတ်မကောင်းဖြစ်သွားတယ်နဲ့ တူတယ်။ စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်၊ ပြီးတာတွေ ပြီးပါစေတော့"

ကိုငယ်, မမနွယ်ကို မော့ကြည့်လိုက်သည်။ ယှဲ့ယှဲ့လေး ပြုံးထားသောအပြုံးကို မမနွယ်မျက်နှာပေါ်တွင် တွေ့လိုက်ရသည်။ ကြင်နာသနားစိတ်နှင့် မမနွယ်အပေါ် ကရုဏာသက်

www.burmeseclassic.com



နေမိ၏။ မမနွယ်အပေါ်တွင် ပြေသိမ့်စရာ စကားများပြော၍ ချော့မော့ အားပေးချင်စိတ်များ ပေါ်ခဲ့ရသည်။ သို့သော်လည်း မမနွယ် နှလုံးသားထဲမှ အရိပ်ကို သူ ဖယ်ရှားနိုင်မည်လားဟု သံသယနှင့် တွေးနေမိသည်။

"စိတ်ညစ်စရာတွေ ပြန်မတွေးတော့ဘဲ အနာဂတ်မှာ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော် ... မမနွယ်။ မမနွယ်အားတဲ့ အချိန်တွေမှာ ကျွန်တော် လာတွေ့မယ်"

"တနင်္လာနေ့နဲ့ သောကြာနေ့ဆို နေ့လည်ခင်း တစ်ချိန်လုံး အားနေတတ်တယ်။ အဲ့ဒီအချိန်တွေ အငယ်လာနိုင်ရင် လာခဲ့ပေါ့။ အငယ်လည်း အားမှလာနော်။ အချိန်တွေဖျက်ပြီး မလာနဲ့ဦး။ စာမေးပွဲကျရင် မမနွယ်ကြောင့် ဖြစ်နေဦးမယ်"

ကိုငယ် ပြုံးသည်။ မာနရိပ်ပါသော အပြုံး။

"စာမေးပွဲကျမှာတော့ မပူနဲ့ မမနွယ်ရေ။ ကျွန်တော့်ဘဝမှာ စာမေးပွဲကို ဘယ်တော့မှ နှစ်ခါပြန်မဖြေဘူး"

ကိုငယ်က ယုံကြည်ရဲဝံ့စွာ ပြန်ပြောသည်။

"ယုံပါတယ် ငါ့မောင်ရယ်။ ဒါပေမယ့် ပညာရှိသတိဖြစ်ခဲ ဆိုသလို တစ်ခါတစ်လေ စိတ်ထွေပြီး၊ ကျောင်းလစ်လို့ စာမေးပွဲကျမှာစိုးလို့ သတိပေးတာပါ။ ပြီးတော့ မမနွယ်ဆီ အချိန်ဖျက်ပြီး လာတွေ့လို့ စာမေးပွဲ မဖြေနိုင်မှာ မမနွယ် စိုးရိမ်လို့ပါကွယ်"

စေတနာစကားဆိုသော မမနွယ်ကို ကိုငယ် ကျေးဇူးတင်ပါသည်။ အမြဲတမ်း စေတနာထားနိုင်ပါစေလို့ သူ ဆုတောင်း၏။ အင်းယားကန်ရေပြင်ပေါ်က လှိုင်းတွန့်ကလေးတွေလို ထွက်ပြေးပျောက်ပျက်မသွားစေရန် သူ တောင့်တပါ၏။ တောင်းသောဆုနှင့် ပြည့်ချင်ပါတော့သည်။

□ □ □

(၂၀)

တနင်္လာနေ့ နေ့လည်တွင် မမနွယ်အတန်းမရှိ။ ကိုငယ် အမြဲလိုလို သွားတွေ့သည်။ ကံအားလျော်စွာ သူ့ အချိန်စာရင်းတွင်လည်း တနင်္လာနေ့ နေ့လည်သည် အားနေ၏။ ကံကြမ္မာသည် အစစအရာရာ မျက်နှာသာပေးနေပြန်သည်။ တက္ကသိုလ်တစ်ခုတည်းဖြစ်သဖြင့် အလွယ်တကူ သွားတွေ့နိုင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ စားသောက်ဆိုင်မှာ တစ်ခုခု သွားစားသည်။ တစ်ခါတစ်ရံ တောင်ငူဆောင် အခန်းလွတ် တစ်ခုခုတွင် ထိုင်စကားပြော၏။ စိတ်ကူးရသည့်အခါ ဘက္ကသိုလ်များ စာကြည့်တိုက်ဘေးရှိ ကုံ့ကော်ပင်ရိပ်အောက်မှ ခုံတန်းလေးများတွင် သွားထိုင်စကားပြောသည်။ ရံဖန်ရံခါလည်း အင်းယားကန်ရှိ ဘူးသီးကြော်ဆိုင်သို့ ရောက်တတ်သည်။ ကိုယ်က အချိန်မှန်လာတတ်သဖြင့် အချိန်မှန်ရထားကြီးဟု မမသီက နောက်တတ်၏။

ကိုယ်သည် မမနွယ်ထံ အချိန်မှန်လာ၊ စားစရာရှိစား၊ သွားစရာရှိ သွား၊ စကားပြောစရာရှိ ပြောရင်းနှင့် အချိန်သည် လျင်မြန်စွာ ကုန်သွားခဲ့လေသည်။ တစ်ဦးပေါ် တစ်ဦး ထားရှိခဲ့ကြသော သံယောဇဉ်ကြိုးသည်လည်း ခိုင်မြဲသည်ထက် ပိုခိုင်မြဲလာခဲ့လေသည်။ သို့သော်လည်း မမနွယ်နှင့် ကိုယ်တို့၏ ထားရှိခဲ့ကြသော မေတ္တာကား ဘာမျှ မပြောင်းလဲခဲ့။ မမသီက ထိုအချက်ကို အံ့ဩနေသည်။ မမနွယ် သူငယ်ချင်းတွေကလည်း မယုံချင်စရာ ဖြစ်နေကြ၏။ အများအမြင်၌မူ ကိုယ်နှင့် မမနွယ်ကား အလွန်ချစ်ကြသော ချစ်သူများဟု ထင်မှတ်မှားခဲ့ကြသည်။

အတူသွားလာ စားသောက်တွေ့ဆုံနေသော်လည်း သူတို့ချစ်သူ မဟုတ်မှန်း မမသီ သိသည်။ သိသဖြင့်လည်း အံ့ဩနေခြင်းဖြစ်သည်။

"မိနွယ်ရာ ... နင်တို့ဟာ ဟုတ်သေးရဲ့လား။ ဒီလောက် သံယောဇဉ်ကြီးပြီး အတူတွဲနေတာတောင် ချစ်စကား



ကြိုက်စကားတစ်ခွန်း မပြောဘဲ နေနိုင်ကြတာ အံ့ပါရဲ့ဟယ်။ ငါဆို မနေနိုင်ပါဘူးဟာ။ သူက မပြောလည်း ငါက ပြောအောင် လမ်းခင်းပေးမှာပဲ"

"ငါ ... ချစ်သူတစ်ယောက်လို ဘယ်သူ့ကိုမှ မချစ်နိုင်သေးပါဘူးဟာ။ အငယ့်ကို မောင်ငယ်တစ်ယောက်လို သဘောထားပြီး သံယောဇဉ်ကြီးမိပေမယ့် အားကိုးအားထားပြုရမယ့် အိမ်ထောင်ဖက်တစ်ယောက်လို သဘောမထားနိုင်သေးဘူး။ ပြီးတော့ ငါတစ်ယောက်ယောက်ကို နောက်ထပ် ချစ်ရမှာကြောက်တယ်။ ငါ့ သဘောထားကို အငယ်က မပြောဘဲ သိနေတယ်။ ဒါကြောင့်လည်း တို့တွေ မောင်နှမလို အခုလို အတူသွားလာနေထိုင်နိုင်တာပေါ့"

မမနွယ်က မိသီကို ရှင်းပြသော စကားတချို့ကို မမသီထံမှ ကိုယ် ပြန်ကြားရသည်။ တနင်္လာနေ့ တစ်နေ့တွင် မမနွယ် နေမကောင်း၍ ကျောင်းမလာ။ ကိုယ် သွားတွေ့တော့ မမသီနှင့် တွေ့သည်။ မမသီက ကိုယ့်ကို စကားလက်ခံပြောသည်။ မမနွယ်နှင့် ကိုယ်တို့ ဆက်ဆံရေး မပွင့်လင်းပုံကို အားမလို အားမရဟန်နှင့် ကိုယ့်ကို သွယ်ဝိုက်၍ ပြောသည်။ မမနွယ်၏ သဘောထား အချို့ကိုလည်း သူ ပြောပြ၏။ ကိုယ့်သဘောထားကိုလည်း သိချင်ဟန်တူသည်။

"ကျွန်တော့်ဘဝမှာ ပထမဆုံး သံယောဇဉ်တွယ်တာခဲ့ရတဲ့ မိန်းမသားဟာ မမနွယ်ပါပဲ၊ အစားထိုးစရာ မရှိနိုင်လောက်အောင် လေးစားမြတ်နိုးတွယ်တာခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော် နောက်ကျခဲ့တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



မမနွယ် နှလုံးသားမှာ ကျွန်တော့်အတွက် နေရာမရှိတော့ပါဘူး။ သိပါတယ်။ သိပေမယ့်လည်း အနားမှာ နေခွင့်ရသမျှ နေချင်တယ်။ သူ့စိတ်ချမ်းသာမှုကို အစွမ်းကုန်လိုက်လျော ဖြည့်ဆည်းပေးချင်တယ်။ သူ့ အတွက် မလိုအပ်တော့တဲ့ အချိန်ရောက်ရင် ကျွန်တော် သူ့အနားက ခွာသွားမှာပါ။ ဒါပါပဲ ... မမသီ"

ကိုငယ်က သူ့ခံစားချက်ကို မမသီအား ရှင်းပြလိုက်သည်။ မမသီက သက်ပြင်းမှုင်းမှုင်း ချလိုက်သည်။

"အင်း ... မင်းတို့နှစ်ယောက်တော့ တစ်နေရာမှာ မှားနေကြပြီ။ အဲ့ဒီအမှားရဲ့ဒဏ်ကို ခံရပြီး အသည်းကွဲနေကြရဦးမယ်နော်"

မမသီက မသိမသာ သတိပေးသည်။

"ကိစ္စမရှိပါဘူး မမသီ။ မမနွယ်သာ ပျော်မယ်ဆိုရင် ကျွန်တော်အသည်းကွဲ ခံနိုင်ပါတယ်။ ဒါတွေအားလုံး ကျွန်တော်ကြိုတွေးပြီးသားပါ။ မမနွယ်ဆီက ကျွန်တော် ဘာတစ်ခုမှ မတောင်းဆိုပါဘူး။ တောင်းခံချင်တဲ့ စိတ်ဆန္ဒတွေ မပေါ်အောင်လည်း ကျွန်တော့်စိတ်ကို အမြဲဆုံးမထားပါတယ်။ ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ မမသီ။ ကျွန်တော် စိတ်ခိုင်ပါတယ်"

ကိုငယ်က သူ့ စိတ်ထားအမှန်ကို မမသီ သဘောပေါက်အောင် ရှင်းပြခဲ့သည်။

"မမသီက မင်းတို့နှစ်ယောက်စလုံး တစ်ချိန်မှာ နောင်တတွေရပြီး ကြေကွဲဝမ်းနည်းနေကြရမှာစိုးလို့ပါ"

"ပြုပြီးသမျှ ကိစ္စအဝဝကို ကျွန်တော် ဘယ်တော့မှ နောင်တ မရတတ်ဘူး မမသီ"



ကိုငယ် စကားသံက မာသွားသလိုထင်ရသည်။ မမသီက ကိုငယ်၏ ပြတ်သားသော သဘောထားကို သိရသောအခါ သူ အောင်သွယ်၍ မရတော့မှန်းသိသွားသည်။ သူ့ ထိုက် သူ့ကံ ခံကြပေတော့ဟု ဥပေက္ခာပြုလိုက်တော့၏။

နောက်တစ်နေ့ ကျောင်းတက်သောအခါ မမနွယ်ကို ကိုငယ် သွားတွေ့သည်။ အင်္ဂါနေ့ဖြစ်သဖြင့် မမနွယ် အချိန်မအား။ နေ့လည် အားလပ်ချိန် (၁) နာရီမှာ ကိုငယ်စောင့်တွေ့ရသည်။

မမနွယ့် ထမင်းဘူးကို နှစ်ယောက်အတူ စားရင်း မမသီ၏ စိုးရိမ်ပူပန်မှုတချို့ကို သွယ်ဝိုက်၍ မမနွယ်ကို သတိပေးလိုက်သည်။ မမနွယ်ကလည်း မမသီထံမှ ကိုငယ့် သဘောထားတချို့ကို သိထားပြီးဟန် တူသည်။

"မမနွယ်ကြောင့် အငယ်၊ စိတ်မဆင်းရဲစေချင်ဘူးကွယ်၊ မမနွယ် အခုချိန်မှာ အငယ့်ကို ဘာမှပေးစရာ မရှိပါဘူး။ မျှော်လင့်ချက်ကလေးတောင် မမနွယ်မှာ ပေးစရာမရှိပါဘူး။ ဒါပေမယ့် မမနွယ် အငယ့်ကို မောင်ငယ်တစ်ယောက်လို သံယောဇဉ်ကြီးနေမိတာတော့ အမှန်ပဲ"

မမနွယ်က တွေးတွေးဆဆနှင့် ဆင်ဆင်ခြင်ခြင် ပြောသည်။ ကိုငယ်က မသိဟန်ဆောင်၍ ရယ်စရာစကားပြောသည်။

"နေ့လည်ဘက် ထမင်းကပ်စားခွင့်ရရင် တော်ပါပြီ။ ကျွန်တော်က ဘိုင်ကျတတ်လွန်းလို့။ အခုဆို နေ့လည်စာ မုန့်ဖိုး အတော်သက်သာနေတာ။ မမနွယ် စိတ်ဆိုးပြီး ထမင်းမကျွေးတော့မှာပဲ ပူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောင်သောစကားကို အတည်လိုလိုနှင့် ကိုယ်ကပြောသည်။ စိတ်ပေါ့ပါးစေလိုသဖြင့်ပြောမှန်း မမနွယ် ရိပ်မိသည်။

"အငယ် နားလည်ရင်လည်း ပြီးတာပါပဲ။ တို့မောင်နှမတွေ နေတတ်သလိုပဲ နေကြရအောင်နော်"

"နေတတ်ပါတယ်။ ကျေနပ်ပါတယ်။ လေဖြတ်မှာသာ စိုးပါတယ်"

ကိုယ်က ရယ်စရာ စကားလိုလိုပြောပြန်သည်။ မမနွယ်က ရယ်၏။ ပါးချိုင့်လေးနှစ်ဖက်ပေါ်လာအောင် ရယ်သည်။

"လေဖြတ်မှာကိုတော့ ကြောက်သတဲ့လား"

မမနွယ်က ချစ်စဖွယ် ပြုံး၍မေးလိုက်သည်။

"လေဖြတ်မှာတော့ ကြောက်တယ် မမနွယ်ရ၊ ရုတ်တရက်ဖြုံးစားကြီး ဖြစ်သွားမှာ။ ဖြစ်လိုက်ရင်လည်း ခံပေရော့ပဲ။ ဟော့သလို အကြောဆွဲပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေမှာ"

ကိုယ်က လေဖြတ်သည့် အမူအရာကိုပါ လုပ်ပြသဖြင့် မမနွယ်ရယ်သည်။ ပြီးတော့ ချက်ခြင်းပြန်တည်သွားသည်။

"ဖွ ... မပြောကောင်း မဆိုကောင်း အငယ်ရယ်၊ အဲ့သလိုဖြစ်မှာ မမနွယ် တွေးလန့်လိုက်တာ"

မမနွယ်က ရင်ဘတ်လေးကို ဖိပြီး ပြောသည်။

"မလန့်ပါနဲ့ မမနွယ်ရာ။ တကယ်ဖြစ်မယ်ဆိုရင်တောင် မမနွယ်အနားမှာ ကျွန်တော် အမြဲတမ်းနေပြီး ပြုစုမှာပါ"



မမနွယ်ပြုံးသွားသည်။ ကြည်နူးနှစ်သိမ့်သည့် အပြုံးမှန်း သိသာသည်။

"သည်လောက်တောင်ပဲလား အငယ်ရယ်"

"သည့်ထက်တောင်ပိုသေး ခင်ဗျ၊ ဟော့သည်လိုလေး ထမင်းခွံ့ကျွေးဦးမယ်"

ကိုယ်က ထမင်းတစ်ဇွန်းခပ်လိုက်ပြီး မမနွယ်ပါးစပ်နားကို ထိုးပေးလိုက်သည်။ ဇွန်းအောက်မှာ ဘယ်လက်ကို ခံထား၏။ ကြည်နူးစွာနှင့် မမနွယ်က စားလိုက်သည်။ နောက်တစ်ဇွန်း ကိုယ် ထပ်ခပ်ပြန်သည်။

"ဟိုး ... ဆရာကြီး တော်ပြီ။ သဘောပေါက်ပါပြီ" မမနွယ်က တားသည်။

ကိုယ် ဘာမှန်းမသိသလို လုပ်ကာ သူ့ဘာသာ့ ယူစားလိုက်သည်။ ကိုယ်၏ ကြောင်တောင်တောင် အမူအရာကို သဘောကျသဖြင့် မမနွယ် အသံထွက်အောင် ရယ်တော့၏။ ထိုအခါ လှပသော ပါးချိုင့်လေးနှစ်ခုသည် အထင်းသားပေါ်တော့၏။

မမနွယ်ရယ်တော့၊ ကိုယ်ကလည်း လိုက်ပြုံးသည်။

"အငယ်က လူ့ရှင်တော်လုပ်စားဖို့တောင် ကောင်းတယ်" ဟု မှတ်ချက်ချသည်။

"မမနွယ် မင်းသမီးလုပ်ရင် ကျွန်တော် လူ့ရှင်တော်လုပ်မှာပေါ့။ မမနွယ်ရဲ့ လှပတဲ့ပါးချိုင့်လေး နှစ်ခုပေါ် နေအောင် ပျက်လုံးတွေ အမြဲတမ်း ကျွန်တော် ထုတ်နေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုပို ... သိပ်ပိုတဲ့ ကိုပို"

မမနွယ်က မျက်စောင်းလှလှလေးထိုးကာ ပြောလိုက်သည်။

ထိုအခိုက်မှာပင် မမသီ ရောက်လာသည်။

"ဟဲ့ ... မိနွယ်၊ အရေးပေါ် အစီအစဉ်ရှိတယ်။ ကိုရဲအောင်လာတယ်။ ဘုရားသွားရအောင်၊ နင်တို့ပါ လိုက်ခဲ့"

မမနွယ်က ချက်ခြင်း ပြန်မဖြေ။ ကိုငယ့်ဘက်ကို လှည့်ကြည့်သည်။

ကိုငယ်က ပြန်ပြုံးပြလိုက်သည်။

"ဘယ် ဘုရားသွားမှာလဲ"

မမနွယ်က ပြန်မေးသည်။

"အင်းစိန် အာလိန်ငါးဆင့်ဘုရား။ အဲ့ဒီမှာ ထမင်းစားမယ်။ ကိုရဲအောင်ကျွေးလိမ့်မယ်"

"တို့က ထမင်းတောင်စားနေကြပြီ"

"နင်ကလည်းဟာ သိပ်လျှာရှည်တာပဲ၊ စားပြီးလည်း ထပ်စားပေါ့။ အပြင်ဘက်မှာ ကိုရဲအောင် စောင့်နေတယ်၊ မြန်မြန်လာ"

မမသီက ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။ မမနွယ်က ထမင်းဘူးကိုသိမ်းပြီး လက်သုတ်ပဝါနှင့် ချည်သည်။ ကိုငယ်က အလိုက်တသိ မမနွယ်လက်မှ ထမင်းဘူးကိုယူသည်။ မမနွယ် လွယ်အိတ်ကလေးကို လွယ်၏။ မမနွယ်ကိုလည်း ရှေ့မှ သွားရန် လက်ပြပြီးလမ်းဖွင့်ပေးသည်။ မမနွယ်က ချစ်စဖွယ်



မျက်စောင်းလေးထိုးကာ ရှေ့မှထွက်သည်။ နောက်တော်ပါးက သက်တော်စောင့် ကိုငယ်။

တောင်ငူဆောင်အပြင်ဘက်တွင် ကိုရဲအောင်နှင့် မမသီ စောင့်နေသည်။ သူတို့ရောက်တော့ ကိုရဲအောင်ကို ကိုငယ်နှင့် မိတ်ဆက်ပေးသည်။

"ဒါက မမသီ အမျိုးသား ကိုရဲအောင်။ .......... ရုံးမှာ အလုပ် လုပ်တယ်။ ဒါက မိနွယ်မောင် ကိုငယ်၊ ဥပဒေ ပထမနှစ် တက်နေတယ်"

မမသီက ကိုငယ့်ကို မိနွယ်မောင်ဟူ၍ ဝိုးတဝါး မိတ်ဆက်ပေးသည်။ မမနွယ် အမျိုးသားဟု သူ မပြောနိုင်။ ကိုရဲအောင်ကလည်း သိထားဟန်တူသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုငယ်။ နောက်လည်း လမ်းတွေ့ရင် ခေါ်ပါ"

ကိုရဲအောင်က ဖော်ဖော်ရွေရွေ မိတ်ဆက်သည်။

"ကျွန်တော်လည်း ဝမ်းသာပါတယ်။ မမသီက ကိုရဲအောင်ကို ဘယ်လောက်ချစ်တယ်ဆိုတာ တစ်ထောင့်တစ်ည ပုံပြင်လို ပြောပြထားလို့ တွေ့ချင်နေတာ ကြာပြီ။ ခုမှပဲ တွေ့ရတော့တယ်"

ကိုငယ်က ပိုပိုသာသာလေး ပြောလိုက်၏။

မမနွယ်က ရယ်သည်။ မမသီက ရှက်စနိုးဖြစ်သွားသည်။

"မိနွယ်၊ နင့်မောင့်က မလွယ်ပါလားဟေ့" ဟု မမသီက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုငယ် ပြောတာမမှန်ဘူးလား သီရဲ့"

ကိုရဲအောင်က ဝင်မေးသည်။ မမသီမှာ အခက်။ ကိုငယ်လုပ်ကြံပြောတာကြီးကို မမှန်ဘူးဟု ပြောလိုက်လျှင် ကိုရဲအောင်တစ်မျိုး တွေးဦးမယ်။ သည်တော့ ...

"မှန်ပါတယ်၊ သွေးထွက်အောင်ကို မှန်ပါတယ်"

မမသီက ကိုငယ့်ကို မျက်စောင်းထိုးရင်း ပြောလိုက်သည်။

"မှန်ရမယ်လေ။ သည်က ဥပုသ်ကြီးနဲ့ပဲ။ မဟုတ် မမှန်တာ ဘယ်ပြောပ့ါမလဲ"

ကိုငယ်က ထပ်တွန့်လိုက်သည်။ မမနွယ်ရယ်နေ၏။ ရယ်ရင်းက ကိုငယ့်လက်မောင်းကို ဆွဲဆိတ်လိုက်သည်။

"အလဲ့ နာတယ်ဗျ"

ကိုငယ် နာချင်ဟန်ဆောင်၍ အော်သည်။

"ဘာဖြစ်ပြန်တာလဲ" ဟု မမသီက မေးတော့ ...

"ပျားတုပ်သွားလို့ပါ" ဟု ကိုငယ် ဖြေသည်။

မမနွယ်က ပြုံးစိစိလုပ်နေ၏။ မမသီနှင့် ကိုရဲအောင်ကလည်း ကိုငယ့်အပြောအဆိုနှင့် အမူအရာကို သဘောကျပြီး ရယ်နေတော့၏။

လမ်းပေါ်ရောက်တော့ သုံးဘီးကားတစ်စင်းကို ကိုရဲအောင်ကငှားသည်။ ကိုရဲအောင်နှင့် မမသီကတစ်ဖက်၊ မမနွယ်နှင့် ကိုငယ်က တစ်ဖက်ထိုင်ကြသည်။

"သုံးဘီးကားပေါ်တော့ ပျားလိုက်တုပ်တော့မှာ မဟုတ် ဘူးထင်တယ်" ဟု ကိုရဲအောင်က စ,သည်။



"မပြောနိုင်ဘူးဗျ။ ပျားက ကိုယ့်ဘေးနားတင်၊ အချိန်မရွေးတုပ်ချင် တုပ်နိုင်တယ်"

ကိုငယ်, မမနွယ်ကို မသိမသာ စောင်းငဲ့ကြည့်ရင်း ပြောလိုက်သည်။

"တို့နှစ်ယောက်တည်းသွားရင် ပျင်းမှာစိုးလို့ နင်တို့ကို ပါ ခေါ်ခဲ့တာ"

"ကျေးဇူးကြီးလှပါတယ်ဗျာ။ ခေါ်မှ လိုက်၊ ခိုင်းမှ လုပ်၊ ကျွန်ုပ် ရုပ်သေးရုပ်ဆိုတော့ ကြိုးဆွဲပေးတဲ့သူရဲ့ ကျေးဇူးကြီးလှပါပေတယ်"

ကိုငယ်က မထိတထိနှင့် မမနွယ်ကို စ,လိုက်သည်။

"ဘာလဲ ကိုငယ်က မိနွယ်ကို စောင်းပြောနေတာလား"

မမသီက ဝင်ထောက်ပေးလိုက်သည်။

"မပြောရဲပါဘူး ဗျာ" ဟု ကိုငယ်က မျက်နှာသေလေး လုပ်ကာ ပြောသည်။

"အငယ်နော်" ဟု ပြောကာ မမနွယ် ဆိတ်ဆွဲလိုက်ပြန်သည်။

"အမလေးဗျ၊ ပျားတုပ်ပြန်ပြီ" ဟု ကိုငယ်အော်သည်။

"သုံးဘီးကားပေါ်မှာတောင် ပျားကတုပ်နေတုန်းပဲလား" ဟု ကိုရဲအောင်ကလည်း မသိသလို လုပ်မေးပြန်၏။

မမသီကတော့ သဘောကျလွန်းသဖြင့် ရယ်နေတော့၏။ ထိုအခါ မမနွယ်လည်း လိုက်ရယ်သည်။ လှပသော ပါးချိုင့်

www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ခု ထင်ထင်ရှားရှား ပေါ်လာသည်။ ထိုပါးချိုင့်လေးကို တွေ့ရတော့ ကိုယ် ကျေနပ်သွားသည်။ အမြဲတမ်း မြင်ချင်နေသည့် ပါးချိုင့်လေးဖြစ်ပါသည်။

အာလိန်ငါးဆင့်ဘုရားပေါ်ရောက်တော့ မမသီနှင့် ကိုရဲအောင်တို့က တခြားတဖက်မှာ နေသည်။ ကိုယ်နှင့် မမနွယ်တို့က တခြားတစ်ဖက်မှာ။ တစ်ယောက်နှင့်တစ်ယောက် အတန်ကြာကြာ စကားမဆိုမိကြ။ မမနွယ်က ဘုရားပေါ်မှ အဝေးကို လှမ်းမျှော်ငေးမောနေသည်။

"ကြည်နူးစရာကောင်းတယ်နော် မမနွယ်။ မိုးနှောင်းစရာသီမှာ ကြည်လင်တဲ့ ကောင်းကင်ပြာကြီးကိုကြည့်ရတာ သိပ်စိတ်အေးချမ်းဖို့ ကောင်းတာဘဲ။ ဟောဟိုက ပျံသန်းနေတဲ့ ငှက်တစ်အုပ်ထဲမှာ အပူအပင်ကင်းမဲ့ပြီး အပျော်တေးတွေ သီကြွေးနေမယ့် ငှက်တွေလည်း ပါမှာပဲနော်"

"ကဗျာဆရာလို့ မပြောရဘူး။ ကဗျာဆန်လိုက်တာ။ မြန်မာစာပြောင်းယူဖို့တောင် ကောင်းတယ်"

"စိတ်ကူးသေးတယ် မမနွယ်။ ဒါပေမယ့် ဥပဒေကို ဝါသနာပါတဲ့အတွက် မြန်မာစာမယူဖြစ်ခဲ့တာပါ။ ပြီးတော့ မိဘတွေရဲ့ သဘောထားလည်း ပါသေးတယ်လေ။ ဒါတောင် မြန်မာစာကို ဒုတိယဦးစားပေး ထည့်လျှောက်ခဲ့သေးတယ်"

"အငယ်သာ မြန်မာစာယူဖြစ်ရင် တပူးတတွဲတွဲနဲ့ ခွဲလို့မရဖြစ်နေတော့မှာ။ အခုတောင် သူငယ်ချင်းတွေ မျက်စိနောက်နေတော့မယ်"



"မမနွယ် ထင်လို့ပါ။ ကျွန်တော်တို့ကိုကြည့်ပြီး ကြည်နူးအားကျနေကြမှာဖို့"

မမနွယ် ပြုံးသည်။ နှစ်လိုဖွယ်ရာ အပြုံး။

"ကဲ ... လာ အငယ်၊ မမနွယ်တို့ ဘုရားဖူးရအောင်"

မမနွယ်က ဘုရားရှေ့မှာ သွားထိုင်သည်။ ကိုယ်က မမနွယ်ဘေးမှာ ဘုရားလက်အုပ်ချီ၍ ရှိခိုးကန်တော့သည်။ မမနွယ်က မျက်လုံးကိုစုံမှိတ်ကာ အကြာကြီးရှိခိုးသည်။ ကိုယ်က မမနွယ်အပြီးကို စောင့်နေသည်။ မမနွယ်ပြီးတာနှင့် သူလည်း လိုက်ကန်တော့သည်။ ဘုရားကို အတူတူဦးချချင်သည်လေ။ ဘုရားရှိခိုးပြီးတော့ မမနွယ်က ကိုယ်ကို ပြုံးပြုံးကြီး စိုက်ကြည့်သည်။ ထိုအကြည့်ထဲတွင် အဓိပ္ပာယ်တွေ အများကြီးပါမှာပဲ။ ကိုယ် မသိနိုင်။ မမနွယ်ကိုလည်း သူက ပြန်စိုက်ကြည့်ပြီး ပြုံးနေလိုက်သည်။

"ဟို ... နှစ်ယောက် သိပ်အကြည်ဆိုက်မနေနဲ့၊ ဗိုက်ဆာပြီ။ ထမင်းသွားစားကြမယ်"

မမသီက လှမ်းသတိပေးမှ နှစ်ယောက်သားပြိုင်တူထ လိုက်ကြသည်။ ဖိနပ်တွေကို မမနွယ်က ကိုင်၏။ ထမင်းဘူးနှင့် လွယ်အိတ်ကတော့ ကိုယ့်တာဝန်။

"အငယ် ဘာဆုတောင်းလဲဟင်"

မမနွယ်က ဦးစွာမေးသည်။

"အကြံတူလိုက်တာ။ ကျွန်တော်လည်း မမနွယ် ဘာဆုတောင်းသလဲလို့ မေးမယ်စိတ်ကူးတာ"

www.burmeseclassic.com

www.burmeseclassic.com



"မမနွယ်က ဦးသွားပြီ။ မမနွယ်မေးတာကို အရင်ဖြေ"

ကိုယ်ပြုံးသည်။ ပျော်ရွှင်ကြည်နူးနေသော အပြုံး။

"အရှင်ဘုရား၊ တပည့်တော် အချစ်ဆုံးမမနွယ်၏ တောင်းသောဆုနှင့် ထပ်တူထပ်မျှ ပြည့်ဝပါစေသားဆိုပြီး ဆုတောင်းလိုက်တယ်လေ"

အချစ်ဆုံးဆိုသော စကားလုံးပါသွားသဖြင့် မမနွယ် ရှက်သလိုလို ဖြစ်သွားသည်။ ပြီးတော့ ကြည်နူးသွားသည်။ ပြီးတော့ မသိချင်ဟန်ဆောင်သည်။

"မမနွယ် ဘာဆုတောင်းမှန်း မသိဘဲနဲ့ အငယ်က ဆုတောင်းပြည့်ချင်နေလိုက်တာ။ မမနွယ်က သည်ဘဝမှာ ဘယ်သူ့ ကိုမှ ချစ်ရသောသူ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရင် အငယ်လည်း မမနွယ်လို ဆုတောင်းမှာပဲလား"

ကိုယ် ငိုင်သွားသည်။ ချက်ခြင်း သူ ပြန်မဖြေနိုင်။ မမနွယ်ကို ပြန်ပြောရန် စကားလုံး ရှာမရ။ မမနွယ် အနားမှာ နေလျှင် အမြဲရွှင်လန်းနေတတ်သော ကိုယ့်မျက်နှာ ညှိုးနွမ်းသွားသည်။ မမနွယ် ချက်ခြင်းရိပ်မိလိုက်သည်။

"အလကားပြောတာပါ အငယ်ရယ်၊ မမနွယ် အဲ့ဒီဆုကို မတောင်းပါဘူး။ တို့မောင်နှမတွေ မခွဲဘဲ အခုလိုကြာရှည်နေရပါလို၏လို့ ဆုတောင်းခဲ့တာပါ"

မမနွယ်က နှစ်သိမ့်စကားကို ဆိုသည်။ ကိုယ် ပြန်မပြုံးနိုင်၊ စကားလည်း ပြန်ပြောလိုချင်စိတ် ရှိဟန်မတူ။

"မမနွယ်စကားကြောင့် စိတ်မကောင်းဖြစ်သွားလား



မောင်။ မမနွယ်က အငယ့်ကို စချင်လို့ပါ။ အငယ် သည်လောက် စိတ်ထိခိုက်သွားမယ်လို့လည်း မထင်မိဘူးလေ၊ စိတ်မဆိုးနဲ့နော်"

ကိုယ်က သူ့ခံစားမှုနှင့် သူဆိုတော့၊ မမနွယ်ကို နှစ်သိမ့်စကားပြန်ဆိုဖို့မေ့နေတော့သည်။ တစ်ခါဖူးမျှ အငယ် သည်လို မဖြစ်ဖူးတတ်သဖြင့် မမနွယ် မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

"စကားပြန်ပြောပါဦး အငယ်ရယ်။ မမနွယ်ကို သည်လိုကြီး စကားမပြောဘဲ မနေပါနဲ့။ မမနွယ် ငိုမိလိမ့်မယ်"

ကိုယ် သက်ပြင်းကို တိတ်တဆိတ်ချမိသည်။ မမနွယ်ကို တစ်ချက်မော့ကြည့်လိုက်၏။ မျက်ရည်ဝိုင်းနေသော မမနွယ် မျက်လုံးအစုံကို တွေ့လိုက်ရ၏။

"ခွင့်လွှတ်ပါတယ် မမနွယ်ရယ်။ ကျွန်တော် စိတ်မကောင်းဖြစ်သွားတာ မမနွယ်ကြောင့် မဟုတ်ပါဘူး။ ကျွန်တော့် ဘဝကို ကျွန်တော်ပြန်တွေးပြီး အားငယ်သွားမိလို့ပါ"

"ဘာပဲဖြစ်ဖြစ်လေ၊ မမနွယ် စကားကြားပြီးမှ ဖြစ်တာဆိုတော့ မမနွယ် ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။ ဘာတွေ တွေးပြီး အားငယ်နေရတာလဲကွယ်။ မမနွယ် သိခွင့်ရှိရင်တော့ သိချင်တယ်"

"မမနွယ်တို့နဲ့ တွေ့ဆုံကာစက ကျွန်တော် သိပ်စိတ်အားငယ်တတ်တာ မမနွယ် သိပါတယ်လေ။ ဘာရယ်မဟုတ်ဘဲ အလိုလိုနေရင်း စိတ်အားငယ်နေတတ်တယ်လေ။ နောက်ပိုင်း စိတ်ဓာတ်မြင့်တက်စေတဲ့ စာပေတွေဖတ်ပြီး ကိုယ့်ကိုကို စိတ်ဓာတ်ခိုင်မာအောင် ပြုစုပျိုးထောင်လာနိုင်ခဲ့လို့ အခုလို စာမေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



အောင်ပြီး တက္ကသိုလ်ရောက်လာခဲ့ရတာယ် မဟုတ်လား။ ဒါပေမယ့် မမနွယ်ရယ်၊ တစ်ခါတစ်ခါ ဘာမဟုတ်တဲ့အကြောင်းလေးနဲ့ စိတ်အားငယ်ပြီး စိတ်ဓာတ်ကျပြန်ရော။ ဒါပါဘဲ မမနွယ်ရယ်"

"စိတ်ဓာတ်ကျစရာတွေ တွေးမနေပါနဲ့ အငယ်ရယ်။ တို့မောင်နှမတွေ အတူတွေ့ဆုံသွားလာခွင့်ရတုန်းမှာ ပျော်ပျော်ရွှင်ရွှင်လေးနေသွားကြရအောင်ပါ။ သည်အခွင့်အရေးလေး နောက်ပြန်ရတော့မှာ မဟုတ်ဘူးလေ"

ကိုငယ် အတတ်နိုင်ဆုံး ပြုံးသည်။ သို့ရာတွင် ရယ်ရယ်မောမော မရှိတော့။ ထမင်းဝိုင်းမှာ အတူစားတော့၊ နှုတ်သွက်လျှာသွက်မရှိတော့သော ကိုငယ်ကို မမသီက သတိပြုမိသည်။

"မိနွယ် ... ကိုငယ့်ကို ဘာပြောလိုက်သလဲ။ ကိုငယ် စိတ်ကောက်နေတယ်နဲ့ တူတယ်"

မမနွယ်ကလည်း စိတ်မကောင်း။ မမသီပြောတော့ မျက်နှာညှိုးငယ်လာသည်။ ကိုငယ် သူ့အမှားကို မြင်လိုက်သည်။ မမနွယ် စိတ်မကောင်းဖြစ်သွားပြီ။ သူ ချက်ချင်းဟန်ဆောင်လိုက်သည်။

"ဘာမှ မဖြစ်ပါဘူး မမသီရဲ့။ ကျွန်တော် မမနွယ်အပေါ် ဘယ်တော့မှ စိတ်မကောက်တတ်ပါဘူး။ မျက်စိကြောင့် ဇက်ကြောတက်လာလို့ပါ။ မျက်မှန်တပ်မယ်၊ သွားစမ်းသပ်မယ်လို့ စိတ်ကူးထားတာကြာပြီ။ ခုထက်ထိ မသွားဖြစ်သေးဘူး၊ တစ်ခါတစ်ခါ ဒီလိုပဲ ဂုတ်ခြေပျက်လောက်အောင် ဇက်ကြောတက်တတ်တယ်"



ကိုငယ်က စိတ်ကူးတည့်ရာတွေ စွတ်ပြောရင်း စကားကို ဖာထေးလိုက်သည်။ ပြီးတော့လည်း ပန်းကန်ထဲမှ ကြက်သားအသည်းဖတ်လေးတွေ ရွေးပြီး မမနွယ်ပန်းကန်ထဲ ထည့်ပေးလိုက်သည်။

"စားနော် မမနွယ်။ ဒါနပြုသူတွေ ကုသိုလ်ရအောင် များများစားထား။ အလှူရှင်တွေလည်း ဤကောင်းမှုကုသိုလ်ကံစေတနာတို့ကြောင့် မကြာခင် ပေါင်းစပ်လက်ထပ်ရပါစေ၊ ဗိုအောင်မင်းအောင် ပေါင်းကြရပါစေ။ သားသမီးပွားများလို့ ကြီးပွားတိုးတက်ကြပါစေ၊ ဘဝတစ်လျှောက်လုံး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ယုယုယယမြတ်မြတ်နိုးနိုး အချစ်တွေ တိုးပွားနိုင်ကြပါစေ"

ကိုငယ်က ဆုတောင်းပေးသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ" ဟု ကိုရဲအောင်က ပြန်ပြောသည်။

"နင့်မောင်က မဆိုးဘူး၊ ဘီသိက်ဆရာလုပ်စားလို့ရတယ်"

မမသီက ဝေဖန်ချက်ပေးသည်။ မမနွယ်က ပြုံးရုံလေးပြုံးသည်။

"မမသီတို့ မင်္ဂလာဆောင်မှာ ကျွန်တော့်ကိုဖိတ်လေ။ ဩဘာရတုလာဖတ်ပေးမယ်"

"မိနွယ် မင်္ဂလာဆောင်တို့ အရင် ဘီသိက်ဆရာလုပ်ကြည့်ပါဦး၊ ကြိုက်မှ တို့မင်္ဂလာဆောင်မှာ ငှားမယ်" ဟု မမသီက ပြန်နောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ့်ရင်ထဲတွင် နင့်ကနဲဖြစ်သွားပြန်သည်။ မမနွယ်နဲ့ တစ်ယောက်ယောက် မင်္ဂလာဆောင်၍ သူ ဘိသိက်ဆရာလုပ်နိုင်မှာတဲ့လား။ သတို့သားနှင့် သတို့သမီးလက်ကို ဆွဲကိုင်ပြီး ထပ်ပေးနိုင်ပါ့မလား။ သူ ဘိသိက်ဆရာအနေနဲ့ တွေးကြည့်နေမိသည်။ အလိုလိုလည်း ဝမ်းနည်းလာမိသည်။ ပြုံးရွှင်ဟန်ဆောင်ထားသော သူ့မျက်နှာ အလိုလို နွမ်းနယ်လာသည်။

"သိ ကလည်းကွာ၊ မဟုတ်တာတွေ ပြောရော့မယ်" ဟု ကိုရဲအောင်က အခြေအနေရိပ်စားမိသဖြင့် လေပြည်ထိုးစကားကိုဆိုသည်။ မမသီကလည်း သူ့စကားမှားသွားမှန်းသိသဖြင့် စကားပြန်ဖာသည်။

"တို့က မကြာခင် လက်ထပ်ဖို့ စိတ်ကူးထားတာဆိုတော့ တို့မင်္ဂလာဆောင်ကိုပဲ အရင်ဖိတ်ရလိမ့်မယ် ထင်တယ်"

ကိုငယ် ချက်ချင်း ပြန်စိတ်တင်းသည်။ ဟန်ဆောင်ပြုံးသည်။

"ရပါတယ် မမသီရ။ ဘယ်မင်္ဂလာဆောင်ကပဲ အရင်ဖိတ်ဖိတ် ဖိတ်တဲ့ဆီရောက်အောင် လာမှာပါ"

မမနွယ်က ဘာစကားမှ မဆို။ ထမင်းကိုသာ ခေါင်းငုံ့စားနေသည်။ ကိုငယ်က ချိုချဉ်ကြော်ပန်းကန်ထဲက အသားဖတ်တွေ ခပ်ပြီး မမနွယ်ပန်းကန်ထဲ ထပ်ထည့်ပေးသည်။ ကိုရဲအောင်တို့ကလည်း ကိုငယ်တို့နှစ်ယောက် မျက်နှာ သိပ်မကောင်းဘဲ စားနေကြသဖြင့် အားနာသွားဟန်ရှိပြီး စကားသွက်သွက်မဆိုကြတော့။ ထိုခဏ၌ ထမင်းဝိုင်းသည် သွေ့ခြောက်နေသည်။ ကိုငယ် အားနာသွားသည်။ မိမိကြောင့် တစ်ပါးသူစိတ်အနှောင့်



အယှက်ဖြစ်ရပြီလားဟုလည်း တွေးတောပူပန်သည်။ ထမင်းဝိုင်းကို ခြောက်သွေ့နေမှာကိုလည်း မလိုလားချင်။

"အာလိန်ငါးဆင့်ဘုရားမှာ အခုလို ကိုရဲအောင်တို့ မမသီတို့နဲ့ ထမင်းစားခဲ့ရတာ ကျွန်တော့်ဘဝမှာ ဘယ်တော့မှ မေ့မှာ မဟုတ်တော့ပါဘူးဗျာ။ သတိတရနဲ့ ခေါ်လာပြီး ကျွေးမွေးတာ သိပ်ကျေးဇူးတင်ပါတယ်။ တစ်ချိန်ချိန်မှာ ကိုရဲအောင်တို့ ချစ်သူနှစ်ဦးကို ကျွန်တော် ပြန်ကျွေးချင်ပါသေးတယ်"

ကိုငယ်က စကားအစ ရှာ၍ ပြောရသည်။

"ရပါတယ် ကိုငယ်ရာ၊ ကျွန်တော်တို့တစ်တွေ မကြာခဏ ဆုံနေဦးမှာပါ"

ကိုရဲအောင်က နှစ်သိမ့်စကားပြောသည်။ မမသီက ပြန်မပြော။ ကိုရဲအောင် မမသီတို့နဲ့ ထမင်းစားရတာလို့ပြောပြီး မမနွယ်နာမည် ချန်ထားရစ်ခဲ့တာ၊ ကိုရဲအောင်တို့ ချစ်သူနှစ်ဦးကို ကျွန်တော်က ဆိုတဲ့ အသုံးအနှုန်းနဲ့ပြောပြီး ကျွန်တော်တို့ ဆိုတဲ့ အသုံးအနှုန်းကို ရှောင်ခဲ့တာ မမသီတွေးမိလိမ့်မည်။ သတိပြုကောင်း ပြုမိလိမ့်မည်။ ရယ်မောနေချိန်သာဆိုရင် ကိုငယ့်ကို မမသီပြန်နောက်မှာ သေချာသည်။ အခုတော့ သမီးရည်းစားချစ်သူများလိုမဟုတ်သော သူတို့နှစ်ယောက်ကို အလိုက်သိအားနာပြီး သူ ပြန်မနောက်ရက်။ စာနာစိတ်နှင့် သနားကရုဏာသက်နိုင်ကောင်းပါရဲ့။

သည်လိုနှင့် ထမင်းဝိုင်းသည် သွေ့ခြောက်စွာပြီးဆုံးသွားစေခဲ့သည်။ စားသောက်ပြီးသောအခါ ဆက်လက်နေဖို့လိုစိတ်လည်း မရှိကြတော့သဖြင့် ရုံးကို အချိန်မီပြန်ကြဦးမယ်

www.burmeseclassic.com

ဟု ဆိုကာ ကိုရဲအောင်က အပြန်စကားကို ဆိုသည်။ ထုံးစံအတိုင်း ကိုငယ်က ထမင်းဘူးကိုယူသည်၊ လွယ်အိတ်ကို လွယ်သည်။ မမနွယ်က တိတ်တိတ်ဆိတ်ဆိတ် လိုက်လာသည်။ မမနွယ် တွေးနေလိမ့်မည်။ စိတ်မကောင်းစရာ အတွေးတွေကို သူ တွေးနေမှာလားဟု ကိုငယ်ကလည်း စိတ်မသက်မသာ ပြန်တွေးနေမိပြန်သည်။

"မမနွယ် သိပ်တွေးမနေနဲ့နော်။ ဆံပင်တွေ ဖြူပြီး အဘွားကြီးနဲ့တူနေဦးမယ်" ဟု ကိုငယ် နောက်သော်လည်း မမနွယ် မပြုံးမရယ်။ နွမ်းနွမ်းလျလျ ရှိနေသည်။ ကိုငယ် စိတ်မကောင်း။ မြင်နေကျ ပါးချိုင့်လေးတွေ မမြင်ရသဖြင့် ရင်ထဲမှာ ဟာတာတာနိုင်လှသည်။ သို့သော်လည်း ဘာ တတ်နိုင်မလဲလေ။ သူ့မှ မပြုံးချင်တာ။

(၂၀)

အာလိန်ငါးဆင့်ဘုရားမှ ပြန်လာပြီးနောက် ကိုငယ် စိတ်ပျက်အားငယ်နေတတ်သည်။ ကျောင်းလည်း မတက်ချင်။ မမနွယ်ဆီလည်း မသွား။ အခန်းထဲမှာ အောင်းပြီး စာဖတ်နေလိုက်သည်။ စာဖတ်၍ ငြီးငွေ့လာသောအခါ ရွှေတိဂုံဘုရားကို သွားသည်။ တနင်္လာနေ့ဖြစ်သဖြင့် မမနွယ် မျှော်နေတော့သည်။ မမနွယ်ဆီသွားချင်စိတ်မရှိသဖြင့် ရွှေတိဂုံဘုရားကိုလာပြီး ဘုရားရှိခိုးပုတီးစိပ်နေလိုက်သည်။ ကိုငယ်စိတ်ညစ်လာပြီ၊ စိတ်ပျက်အားငယ်လာပြီဆိုလျှင် စာအုပ်ဖတ်၊ ဘုရားရှိခိုး ပုတီးစိပ်ပြီး စိတ်ကို တည်ငြိမ်အောင် ပြန်ထိန်းသိမ်းယူရသည်။ ပျံ့လွင့်သော စိတ်သည် လေပွေရှူးနှယ် ဆော့ကစားတတ်၏။ မကောင်းသောဘက်တို့ စိတ်ရောက်တတ်သည်။ ထိုသို့ မရောက်အောင် မှန်ကန်သင့်မြတ်သောနည်းလမ်းဖြင့် ပြန်လည်

www.burmeseclassic.com

ထိန်းကျောင်းရသည်။ ဘုရားရောက်ပြီး ပုတီးစိပ်လိုက်သော အခါ စိတ်အတန်ငယ် တည်ငြိမ်သွားသည်။ လေကောင်းလေ သန့်ရှူရန် အနောက်ဘက်နှင့် မြောက်ဘက်မုခ်အကြားရှိ ရင်ပြင်တော်ဘက် လျှောက်လာခဲ့သည်။ အုတ်တံတိုင်းကို လက် ဘင်ကာ လတ်ဆတ်လန်းဆန်းသော လေကို တဝကြီး ရှုပစ် လိုက်သည်။ မျက်စိကို စုံမှိတ်ထားပြီး စိတ်တည်ငြိမ်အောင် အသက်ရှူနေတာကို သတိထားပြီး မှတ် နေလိုက်သည်။

"ဟာ ... ကိုငယ်ပါလား၊ တစ်ယောက်တည်း ဒီမှာ ဘာလာလုပ်နေတာလဲ"

ကိုငယ် အသံကြားရာဘက်သို့ မျက်စိဖွင့်ပြီး ကြည့် လိုက်သည်။ ခင်မျိုးကြွယ်။

"ကိုငယ်တို့များ သိပ်နေနိုင်တာပဲ၊ အကြွယ်တို့ဆီ တောင်လာ မလည်ဘူး။"

ကိုငယ့် အဖြေကို မစောင့်ဘဲ ခင်မျိုးကြွယ်က ဆက် ပြောသည်။ ကိုငယ် ဘာကိုအရင်စဖြေရမှန်း မသိသဖြင့် ခပ် ပြုံးပြုံးလုပ်ပြီး ကြည့်နေမိသည်။ သူ့အဖော်တွေက ကွက်ကြည့် ကွက်ကြည့်လုပ်ကာ သွားနှင့်ကြသည်။ ခင်မျိုးကြွယ်တစ်ယောက် တည်း ကျန်ခဲ့၏။

"ကိုငယ် အားတယ်မဟုတ်လား" ဟု ခင်မျိုးကြွယ် မေးသည်။

"အားပါတယ်"

"ဒီလိုဆို ခဏစောင့်နော်" ဟု ပြောကာ သူငယ်ချင်း တွေရှိရာသို့ ခပ်မြန်မြန်သွားသည်။ ခဏစကားပြောပြီးတော



ခင်မျိုးကြွယ်ပြန်လာသည်။ သူ့အဖော်တွေ ထွက်သွားကြတော့ ၏။

"ကိုငယ်နဲ့ တွေ့ချင်တာ၊ အခုမှပဲ ဖမ်းမိတော့တယ်။ တစ်ယောက်နဲ့တစ်ယောက် အနီးကလေးနေကြပြီး မတွေ့ကြဘူး နော်။ ကိုငယ်က တစ်ခေါက်မှတောင် လာဖော်မရဘူး။ ကိုမြင့် ဆွေနဲ့တွေ့လို့ မေးကြည့်တော့ သူနဲ့လည်း မတွေ့တာကြာပြီတဲ့"

"ဟုတ်တယ်။ ကျွန်တော်လည်း ကိုယ့်အလုပ်နဲ့ ကိုယ် ရှုပ်နေလို့ ဘယ်မှ မသွားဖြစ်ဘူး"

"ဒါကြောင့် တွေ့တုန်းလေးမှာ အမိဖမ်းထားရတာ၊ အခု ဘာလာလုပ်လဲ၊ ဘယ်ကိုသွားဖို့ စိတ်ကူးထားလဲ ဟင်"

"ဘုရားပေါ်မှာ တွေ့နေပြီပဲ၊ ဘာလုပ်နေတာလဲလို့ မေးဖို့ လိုသေးသလား အကြွယ်ရယ်"

ကိုငယ်က ရင်းရင်းနှီးနှီး ပြန်ပြောလိုက်သည်။

"မသိဘူးလေ၊ အတွဲနဲ့ ချိန်းထားပြီး စောင့်နေချင်နေ မှာ၊ တော်ကြာ အကြွယ်က အလိုက်ကန်းဆိုး မသိရာရောက်နေ မှာ စိုးလို့"

ခင်မျိုးကြွယ်က မျက်စလေးချီကာ ပြောနေသဖြင့် ကြည့်လို့လှနေသည်။ မျက်နှာပြည့်ဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်းနှင့် ချစ်စရာကောင်းနေ၏။ အသားလတ်လတ်နှင့် ပြည့်ပြည့်ဖောင်း ဖောင်းလေးဆိုတော့ ရုပ်လှသူစာရင်းထဲ ထည့်ထားနိုင်သည်။ အထူးခြားဆုံးက နက်မှောင်သော ဆံပင်သည် ခါးလည်ထိတိုင် ရှည်လျားနေခြင်းပင်ဖြစ်သည်။ တစ်ပတ်သျှိုဆံထုံးလေးနှင့် တစ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးလှသည်။ ကိုငယ်, ခင်မျိုးကြွယ်အလှကို အခုမှ သတိပြုမိသည်။

"ဘာငေးနေတာလဲ၊ မေးတာဖြေလေ" ဟု ခင်မျိုးကြွယ် က သတိပေးတော့မှ သတိပြန်ဝင်လာသည်။

"ကျွန်တော့်မှာ အတွဲနဲ့ ချိန်းနိုင်အောင် အရည်အချင်း မရှိသေးပါဘူးဗျာ။ ရန်ကုန်တက္ကသိုလ်မှာ ကျွန်တော်လို လူကို ကြိုက်မယ့်သူ ခပ်ရှားရှားပါ"

ကိုငယ်က ခပ်လျော့လျော့လေး ပြောလိုက်သည်။ ခင်မျိုးကြွယ်ပြုံးသွား၏။ ကျေနပ်ဝမ်းသာသော အပြုံးဖြစ်နိုင်သည်။

"မယုံပါဘူး"

ခင်မျိုးကြွယ်က ခပ်နော့နော့လေး ပြန်ပြောသည်။

"မယုံရင် ရွှေတိဂုံကို သက်သေတည်ပြရမလား"

ကိုငယ်က ခင်မျိုးကြွယ်ကို သွေးတိုးစမ်းသလို မေးလိုက်သည်။

"အလကားပြောတာပါ။ ဘုရားဆိုတာ ဖူးဖို့ထားတာ ထူးဖို့မှ မဟုတ်ဘဲ၊ သက်သေတည်ကျိန်ဆိုစရာမှ မဟုတ်ဘဲ။ ကိုငယ်ပြောတာ အမြဲယုံပါတယ်"

ကိုငယ် ဘာဆက်ပြောရဦးမလဲဟု စဉ်းစားနေသည်။

"ကိုငယ် ဘုရားပေါ်ကနေ ဘယ်သွားဦးမလဲဟင်"

"စာအုပ်အဟောင်းဆိုင်တွေဘက် လျှောက်ဦးမလား လို့"



"အတော်ပဲ၊ အကြွယ်လည်းလိုက်မယ်၊ ရန်ကုန်ရောက်ပြီး အပြင်သိပ်မသွားလို့ မြို့ထဲ ခုထိမသွားတတ်သေးဘူး။ အခု သူငယ်ချင်းတွေက ဘုရားသွားပြီး ရုပ်ရှင်သွားကြမယ်ဆိုလို့ လိုက်လာတာ"

ကိုငယ် သက်ပြင်းကို တိတ်တခိုးချမိသည်။

"တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထု 'မုန်းရစ်လေဦး' ကို ကြည့်ကြမယ်ဆိုပြီး လာကြတာ၊ ကိုငယ့်တွေ့တာနဲ့ သူငယ်ချင်းတွေပြောပြီး နေရစ်ခဲ့တာ"

"အကြွယ်က မုန်းရစ်လေဦးဇာတ်ကား ကြည့်ချင်နေလို့လား"

"ကိုငယ် လိုက်ပို့ရင် ကြည့်မယ်လေ"

ခင်မျိုးကြွယ်က အဆင်သင့်တုန်း ကိုငယ်နှင့် ရုပ်ရှင်ကြည့်၊ စကားတွေ တစ်ဝကြီးပြောချင်နေပုံရသည်။ သို့သော်လည်း မိန်းကလေးဆိုတော့ စကားကိုလည်း တစ်ဖက်က ထိန်းပြောနေရသေးသည်။

"အကြွယ် ရုပ်ရှင်ကြည့်ချင်တယ်ဆိုရင် ကိုငယ်လိုက်ပြပါ့မယ်။ ရုပ်ရှင်က အပြန်စာအုပ်ဆိုင်တွေ ဝင်တာပေါ့နော်"

ကိုငယ်က အကြွယ့်ကို ညီမလေးလိုသဘောထားပြီး၊ ရုပ်ရှင်လိုက်ပြရန် ဆုံးဖြတ်လိုက်သည်။ ရင်းရင်းနှီးနှီး ကိုငယ် ဟူသော နာမ်စားကိုလည်း သုံးတော့သည်။

"ကောင်းသားပဲ ကိုငယ်။ ဘုရားပေါ်မှာ အတူရှိခိုက်တုန်း ဘုရားအတူဖူးရအောင်နော်။ ဘုရားဖူးပြီး သွားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သည် ခင်မျိုးကြွယ်၏ ရွှင်လန်းဝမ်းသာနေပုံလေးကို ကြည့်ပြီး သနားကရုဏာသက်မိသည်။

ခင်မျိုးကြွယ်နှင့် ဘုရားအတူ ဖူးနေရင်း မမနွယ်ကို သတိရနေမိသည်။ ခုအချိန်ဆို မမနွယ် သူ့ကို မျှော်နေရှာရော့မည်။ သူ မလာသောအခါ ဘာများ ဖြစ်နေရှာပါလိမ့်ဟု တွေးပြီး စိတ်ပူနေမလား။ မမနွယ်ဆီ သူ မသွားမိသည်ကို နောင်တရချင်ချင် ဖြစ်လာသည်။ သည်အချိန်မှာ အမျိုးသမီး တစ်ယောက်နှင့် ရွှေတိဂုံဘုရားပေါ်မှာတွေ့၊ ရုပ်ရှင်ရုံထဲမှာ တွေ့ဆိုရင် သူ အထင်လွဲတော့မှာပဲ။ ကိုယ် တွေးရင်း စိတ်လေးလာသည်။

"ကိုယ်က ဘုရားရောရှိခိုးရဲ့လား။ ဘုရားရှိခိုးတာ မြန်လိုက်တာ"

ခင်မျိုးကြွယ်က ပြောလိုက်မှ ကိုယ် သတိပြန်ဝင်လာသည်။

"ဘုရားရှိခိုး သိပ်မရလို့ တိုတိုတုတ်တုတ်ပဲ ရှိခိုးဦးချလိုက်တယ်လေ"

"ကိုယ့်ကို ဘုရားရှိခိုး သင်ပေးရဦးမယ်" ဟု ခင်မျိုးကြွယ်က ပြောသေးသည်။

ကိုယ့်စိတ်က မမနွယ်နှင့် အာလိန်ငါးဆင့် ဘုရားဖူးခဲ့တာကိုပဲ ပြန်ရောက်နေသည်။ ဘုရားပေါ်မှာ မမနွယ်နှင့် စကားအချီအချ ပြောခဲ့တာတွေ ပြန်သတိရနေ၏။ ကိုယ် ခဏ ငိုင်သွားသည်။

"ကိုယ့် ကြည့်ရတာ ရွှင်ရွှင်ပျပျလည်း မရှိဘူး။ အကြွယ့်ကို အားနာလို့ လိုက်ပို့တာလား ဟင်"



ခင်မျိုးကြွယ်က မေးလာသည်။ ကိုယ် ခေါင်းကို ခါပြသည်။

"မဟုတ်ပါဘူး အကြွယ်ရယ်။ မုန်းရစ်လေဦးဝတ္ထုကို ဖတ်ဖူးထားလို့ ပြန်သတိရပြီး တွေးနေမိတာပါ"

ကိုယ် မထင်မှတ်ဘဲ ညာပြောလိုက်သည်။ ခင်မျိုးကြွယ် စိတ်ကသိကအောက် မဖြစ်အောင်လို့ပါ။

"အဲ့ဒီဝတ္ထုက ကောင်းတယ်လို့ သူငယ်ချင်းတွေက ပြောနေကြလို့ ကြည့်ချင်တာပါ။ အကြွယ်က ရုပ်ရှင်လည်း သိပ်ဝါသနာမပါလှပါဘူး။ အိမ်မှာပဲ ချက်ပြုတ်သိမ်းဆည်း အလုပ်လုပ်နဲ့ နေခဲ့တာဆိုတော့ အိမ်အလုပ်နဲ့ပဲ ပျော်တတ်နေပြီလေ"

အကြွယ်သည် အိမ်ထောင်ထိန်းသိမ်းမှု နိုင်နင်းသည့် မြန်မာအမျိုးသမီး စိတ်ဓာတ်ပီသပြီး ဝတ်ပုံစားပုံကအစ ရိုးရိုးယဉ်ယဉ်နှင့် ကြွနေ့ရသည်။ ကိုယ်နှင့် ရုပ်ရှင်ကြည့်ဖို့ စိတ်ကူးသည်ကလည်း ကျောင်းနေဖက် သူငယ်ချင်းဖြစ်ပြီး ကိုယ့်အပေါ် အထင်ကြီးလေးစားစိတ်ရှိနေသောကြောင့် ဖြစ်သည်။ အညာလွယ်သည်။ လိုက်လျောလွန်းသည်ဟု အပြစ်တင်ရက်စရာမရှိ။ ကိုယ် အပြစ်လည်း မတင်၊ အထင်လည်း မသေးခဲ့ပေ။ မမနွယ်သာ သူ့ရင်ထဲ မရှိခဲ့လျှင် သူ့လက်ထပ်မည့် မိန်းကလေးသည် အကြွယ်ပဲ ဖြစ်လိမ့်မည်ဟု သူ စိတ်ကူးနေမိသည်။ သို့သော်လည်း အချစ်ဆိုတာ ဆန်းကြွယ်ပါတယ်လေ။ ကိုယ်က ချစ်တိုင်းလည်း သူက ပြန်မချစ်။ သူက ချစ်တိုင်းလည်း ကိုယ်က ပြန်မကြိုက်၊ သေချာပေါက် ချစ်နေပြီဟု ယူဆပြီး ချစ်ရေးဆိုတိုင်းလည်း ရနိုင်သည်မဟုတ်။ မြင့်ဆွေခံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရပြီပြီလေ။ တွေးရင်းနှင့် မြင့်ဆွေကို သတိရလာသည်။ မြင့်ဆွေ အကြောင်းကိုလည်း မေးချင်လာ၏။

"မြင့်ဆွေကော နေကောင်းရဲ့လား၊ ကျောင်းမှန်မှန် တက်ရဲ့လား"

"သိပ် ကျောင်းမမှန်ချင်ဘူး။ သူဘာဖြစ်နေသလဲ မသိဘူး၊ စိတ်ညစ်နေပုံရတယ်"

ခင်မိုးကြွယ်က စဉ်းစဉ်းစားစားနှင့် ပြန်ပြောသည်။

နီလာကျော်နှင့် တစ်ခုခု ပတ်သက်ပြန်ပြီဟု ကိုယ် တွေးသည်။ မြင့်ဆွေဆီလည်း တစ်ခေါက်လောက်တော့ သွားဦးမှဟု စိတ်မှာ တေးမှတ်ထားလိုက်သည်။

"ကိုယ် ကျောင်းကိုလည်း လာခဲ့ဦးလေ၊ ကိုမြင့်ဆွေနဲ့လည်း တွေ့ရအောင်ပါ"

"တစ်နေ့လောက်တော့ လာခဲ့ဦးမယ်လေ"

ကိုယ်က မတင်မကျဖြေသည်။

"ပညာရေးတက္ကသိုလ်မှာ နန်းကြီးသုတ်ကောင်းတယ် ကိုယ်ရေ။ ကိုယ်လာရင် အကြွယ် ကျွေးမယ်လေ။ လာမယ့်နေ့ သေချာရင် ကိုမြင့်ဆွေနဲ့ အကြွယ်စောင့်နေမှာပေါ့။ ကိုယ် ရှာရ လွယ်အောင်လို့လေ"

"သေသေချာချာကြီး စောင့်တော့မနေပါနဲ့အကြွယ်ရယ်။ ကိုယ် အချိန်အားတဲ့အခါ လာခဲ့မှာပါ။ ပညာရေးတက္ကသိုလ်က ကျဉ်းကျဉ်းလေးပါ။ ကိုယ် ရှာတတ်ပါတယ်အကြွယ်ရဲ့"



ကိုယ်နှင့် ခင်မိုးကြွယ် စကားတပြောပြောနှင့် ဘုရားပေါ်ကဆင်းလာခဲ့ကြသည်။ သုံးဘီးစီး၍ လဟာပြင်ဈေးကို လာသည်။လဟာပြင်ဈေးမှ ရုပ်ရှင်ရုံကို ကုန်းကြောင်း လျှောက်ခဲ့ကြသည်။ ရုပ်ရှင်ရုံရောက်တော့ လက်မှတ်ဝယ်ဖို့ ကိုယ်က ပိုက်ဆံထုတ်သည်။ ခင်မိုးကြွယ်က ဦးအောင် ပိုက်ဆံ ထုတ်ပေးသည်။

"ကိုယ် ပြပ့ါမယ် အကြွယ်ရယ်"

ကိုယ်က အကြွယ်လှမ်းပေးသော ပိုက်ဆံကို မယူဘဲ သူ့ပိုက်ဆံနှင့် လက်မှတ်ဝယ်သည်။ နှစ်ကျပ်ခွဲတန်းက လက်မှတ် နှစ်စောင် ဝယ်လိုက်သည်။

"ကိုယ်က အကြွယ်တို့လို သူဌေးမဟုတ်ပေမယ့် နှစ်ကျပ်ခွဲတန်းကတော့ ပြနိုင်ပါသေးတယ်၊ အကြွယ် ကြည့်နိုင်ပါတယ်နော်"

ခင်မိုးကြွယ် နှုတ်ခမ်း မသိမသာ စူသွားသည်။

"ကိုယ်က ရုပ်ရှင်နှုံခေါ်လာပြီး ရန်စတာလား" ဟု ပြန်မေးသည်။

"မဟုတ်ဘူးလေ၊ တချို့က အထူးတန်းက ပြနိုင်မှ ကြည့်ချင်တာ။ ကိုယ်က ငမွဲပဲ။ နှစ်ကျပ်ခွဲတန်းကပဲ ပြနိုင် တာဆိုတော့ စိတ်ပျက်သွားမှာစိုးလို့ပါ"

"ကိုယ် နော်"

ခင်မိုးကြွယ်အသံ ကျယ်သွားသည်။ မကျေနပ်၍ ဟန် ထားသည့်လေသံ အထင်းသားပေါ် လွင်နေသည်။ ကိုယ် ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ဆက်မပြောတော့။ ခင်မျိုးကြွယ်ကလည်း ရုံထဲတွင် စားရန် အချဉ်ထုပ်တွေ ဝယ်နေ၏။

"ကိုငယ် အချဉ်ထုပ်တွေ မကြိုက်ဘူး အကြွယ်၊ ကိုငယ့်အတွက် မဝယ်နဲ့၊ ကိုငယ် ငှက်ပျောသီးပဲ စားမယ်"

ကိုငယ်က ဝင်ပြောသည်။ အကြွယ်က ကိုငယ့် အတွက် ဝင်းမှည့်နေသော ငှက်ပျောသီးကို ရွေးဝယ်သည်။ ကိုငယ်က ရုံထဲကို ရှေ့ကဝင်သည်။ ခင်မျိုးကြွယ်က နောက်က လိုက်ဝင်၏။ ရုံထဲရောက်တော့ အချိန်စောသေးသဖြင့် မီးမမှိတ်သေး။ ခုံတန်းများကို ထင်ရှားစွာမြင်နိုင်သည်။ ကိုငယ်၊ ခုံကိုရှာတွေ့ပြီး ထိုင်မည်ပြုတော့ အမှတ်မထင် နောက်လှည့်ကြည့်မိလိုက်သည်။ သူတို့ကို စိုက်ကြည့်နေသော မျက်လုံးနှစ်စုံကို တွေ့လိုက်သည်။ သူ ချက်ချင်းသိလိုက်၏။ မမသီနှင့် ကိုရဲအောင်။

အကြွယ်က ဘာမျှမသိ။ ကိုငယ့် ဘေးခုံတွင် ဝင်ထိုင်လိုက်သည်။ လက်ထဲမှာကိုင်ထားသော ငှက်ပျောသီးကို ကိုငယ့်အား လှမ်းပေးသည်။ ကိုငယ်စိတ်ဖိုက်လာသည်။ စိတ်အနေကျဉ်းကြပ်လာသလို ဖြစ်နေသည်။ မမသီ မြင်သွားပြီဆိုတော့ မမနွယ် သိတော့မှာကဲ။ မမနွယ် စိတ်မကောင်းဖြစ်သွားရှာလေမလား။ တရားဝင်ပိုင်ဆိုင်ခွင့် ရထားတဲ့ ချစ်သူမဟုတ်လို့ မမနွယ် ဖွင့်မပြောပဲ ရင်ထဲမှာ ကြိတ်ခံစားနေရမလား။ မမနွယ် စိတ်ဆင်းရဲရှာတော့မှာပဲဟု ကိုငယ်တွေးနေမိသည်။ တစ်ဖက်မှာလည်း အတူလိုက်ပါလာသော ခင်မျိုးကြွယ်ကို စိတ်မကောင်း မဖြစ်စေချင်ပေ။ အခု အခြေအနေမှာတော့ ဘာတတ်နိုင်တော့မှာလဲ။ နောက်မှ မမနွယ် နားလည်အောင် ရှင်းပြရမှာပဲ။ ကိုငယ် စိတ်ကို ဆုံးဖြတ်ချက်ချပြီး ငှက်ပျောသီးကို အခွံနွှာစားနေတော့သည်။



"ကိုငယ်တို့ အဆောင် ဟင်းကောင်းလား၊ တက္ကသိုလ်မှာ နေရတာ လွတ်လွတ်လပ်လပ်ရှိပေမယ့် အစားအသောက်ကတော့ ညံ့တယ်။ တစ်ခါတစ်လေ ထမင်းစားလို့တောင် မရဘူး"

"အဆောင်ထမင်းဟင်းကတော့ ဘယ်စားလို့ကောင်းမှာလဲ အကြွယ်ရယ်။ အများနဲ့ချက်ရတာဆိုတော့ ခပ်ညံ့ညံ့ပဲပေါ့။ ဝက်သားဟင်းချက်တဲ့နေ့များဆို သိပ်ဆိုးတာ အဆီတုံးလေး နှစ်တုံးနဲ့ အသားတုံးလေး သေးသေးတစ်တုံးပါတတ်တယ်။ ကိုငယ်က အဆီမစားတတ်တော့ ဝတ်ရော"

ကိုငယ်သည် အကြွယ်ကို ညီမလေးတစ်ယောက်လို သဘောထားပြီး ရင်းရင်းနှီးနှီးပြောဆိုနေတော့သည်။ ခင်မျိုးကြွယ် အပေါ်ထားသော သူ့စိတ် သန့်ပါသည်။ ခင်မျိုးကြွယ်ကလည်း သူ့ကို ဆက်ဆံသည့်နေရာတွင် မိန်းမနောက်ပိုးရိုးတရွတပုံစံမျိုး မပေါက်။ ရင်းနှီးခင်မင်ချင်စိတ်နှင့် ပွင့်ပွင့်လင်းလင်း ဆက်ဆံနေခြင်းမျိုးသာ ဖြစ်သည်။ ပြီးတော့ တစ်မြို့တစ်ရွာတွင် ကျောင်းနေဖက်သူငယ်ချင်းနှင့် ပြန်တွေ့ရ၍ ဝမ်းသာအားရသွားလာကြခြင်း ဖြစ်ပေသည်။ နှစ်ယောက်စလုံး စိတ်အနေသန့်ကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် ရှုံးတိုးရှုံ့နှင့်တန်း မဖြစ်။

"ကိုငယ် အဆောင်ကို လာလည်ဦးနော်။ အကြွယ် ပြည်ဆောင်မှာ ရတယ်။ အခန်းနံပါတ် ၆၇ မှတ်ရလွယ်ပါတယ်"

"သိပ်လွယ်တာပေါ့၊ အကြွယ် 'ရေ' လို့ မှတ်လိုက်ရင် ပြီးတာဘဲ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ခင်မျိုးကြွယ် သဘော မပေါက်။ နောက်မှ သဘောပေါက်ပြီး ရယ်သည်။

"ဟုတ်တယ်နော်။ ၆ ကို သဝေထိုးဖတ်လိုက်ရင် 'ရေ' ဖြစ်သွားတာပဲ။ ကိုယ် ပြောသလို အကြွယ် 'ရေ'လို့ဘဲ မှတ်ထား ပေါ့"

"ကိုယ်၊ အားလပ်တဲ့ညနေတွေမှာ အလည်လာခဲ့ ပါ့မယ်"

"လာရင်လည်း ငါးနာရီလောက်မှ လာ။ အလိုက်ကန်း ဆိုးမသိ လေးနာရီလောက်လာရင် ရေမချိုး ထမင်းမစားရနဲ့ ဒုက္ခ ရောက်တယ်။ ပြီးတော့ ကိုယ်ဆီလာလည်တဲ့ ဧည့်သည်ကိုပြန် တော့လို့လည်း ပြောမဖြစ်။ သည်ကြားထဲ ဧည့်သည်က စကား ကြောမပြတ်ရင် ထမင်းဝတ်ရော"

"စိတ်ချပါ အကြွယ်ရယ်၊ ကိုယ်က အလိုက်ကန်းဆိုး မသိတဲ့ ဧည့်သည်မျိုးမဟုတ်ပါဘူး။ မဖိတ်မခေါ် ရင်လည်း လာ တတ်တဲ့ ဧည့်သည်မဟုတ်ပါဘူး။ ဖိတ်ခေါ် ရင်တောင်မှ တကယ် လိုလားလို့ ဖိတ်တာလား။ ဝတ်ကျေတန်းကျေဖိတ်တာလားဆို တာ ခွဲခြားပြီးမှ သွားသင့် မသွားသင့် စဉ်းစားပါသေးတယ်။ အလိုက်မသိ အားမနာ နေရာတကာ အချိန်ကုန်ခံပြီး သွားတတ် သူမျိုး မဟုတ်ဘူးဆိုတာ အကြွယ် သိသင့်ပါတယ်"

ကိုယ်က သူ့သဘောထားကို ပြတ်ပြတ်သားသား ရှင်းပြသည်။

"ကိုယ် မာနကြီးတတ်မှန်း အကြွယ်သိပါတယ်။ အကြွယ် မဖိတ်လို့ ကိုယ်လာ မလည်တာပေါ့လေ။ ဟုတ်လား။



ကျောင်းနေဖက် သူငယ်ချင်း အချင်းချင်းပဲ မဖိတ်လည်း သတိ ရရင် လာလည်သင့်တာပေါ့"

"သတိရလို့ လာလည်ခဲ့ရင် အလိုက်ကန်းဆိုး မသိတဲ့ ဧည့်သည်စာရင်းထဲ ဝင်သွားမှာပေါ့။ စောစောက အကြွယ်ပဲ ပြောခဲ့တယ်လေ"

ကိုယ်က သာသာအေးအေး ပြောလိုက်သည်။

"အကြွယ်က ကိုယ့်ကို အလိုက်မသိတဲ့ ဧည့်သည် ဆိုးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ တချို့က အခြေအနေ အချိန် အခါ မသိဘဲ ရောက်ရောက်လာတတ်လို့ အကြွယ်ပြောမိတာပါ"

"အဲ့ဒီဧည့်သည်တွေထဲမှာ ကိုယ် မပါဘူး အကြွယ်"

ကိုယ့် စကားသံက တင်းသွားသည်။ မာနရိပ်ပါ သည်။ ခင်မျိုးကြွယ် ချက်ချင်း သတိပြုမိလိုက်သည်။

"သိပါတယ်၊ မာနခဲကြီးရယ်။ စကားလေးတစ်ခွန်း တောင် အမှားမခံဘူး"

"ကိုယ့်ကို တချို့ယောကျ်ားတွေနဲ့ရောပြီး အထင် သေးသွားမှာစိုးလို့ပါ"

"အထင်မသေးဝံ့ပါဘူးရှင်၊ အထင်ကြီးလို့ပဲ ရုပ်ရှင် လိုက်ပြနိုင်းပြီပဲ၊ ကျေနပ်တော် မူပါတော့"

ခင်မျိုးကြွယ်က ခနဲ့တဲ့တဲ့လေသံဖြင့် ပြန်ပြောသည်။ ကိုယ် တစ်ခုခုပြောဦးမလားဟု စိတ်ကူးနေဆဲတွင် ရုပ်ရှင်ပြ သည်။ ကိုယ် စကားဆက် မပြောတော့။ ရုပ်ရှင်က ကောင်း သဖြင့် ရုပ်ရှင်ပြနေချိန်တွင် တစ်ယောက်နှင့်တစ်ယောက် စကား မဆိုမိကြ။ ကိုယ့်အတွေးနှင့်ကိုယ် ခံစားပြီး ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ပြီးသောအခါ စာအုပ်ဆိုင်တွေ ဘက်သို့ လျှောက်လာသည်။ မမသီတို့ကို မတွေ့ရတော့။ နောက်တန်းက ဆိုတော့ ခပ်စောစောက ထွက်သွားကြပြီထင်သည်။ လမ်းကြားထဲက စာအုပ်အဟောင်းဆိုင်တွေကို လိုက်ကြည့်သည်။

စာအုပ်ဆိုင်တွေရောက်သောအခါ ကိုငယ်စိတ်ကြိုက် စာအုပ်တွေ ရွေးခိုင်းသည်။ ကိုငယ်က စာအုပ် ၁၀-အုပ်လောက် ရွေးပေးသည်။ ခင်မျိုးကြွယ်က စာအုပ်ဖိုး ငွေရှင်းသည်။ တစ်ယောက်တည်း မနိုင်၍ တစ်ယောက် ၅-အုပ်စီ ကိုင်ကြသည်။ စာအုပ်ဆိုင်က ထွက်တော့ ခင်မျိုးကြွယ်က ဗိုက်ဆာသည်ဟု ဆိုကာ လပဟာပြင်ဈေးကိုဝင်သည်။ ကိုငယ့်အကြိုက်၊ ကော်ပြန့် စိမ်းစားသည်။ အအေးသောက်သည်။

ဆိုင်မှာ စားစရာထိုင်စောင့်နေစဉ်တွင် ခင်မျိုးကြွယ်က ကိုငယ့်ထံမှ ဖောင်တိန်တောင်းပြီး စာအုပ်အစတွင် ကိုငယ်ဖတ်ဖို့ ဟု ရေးပြီး သူ့လက်မှတ်နှင့် ရက်စွဲတွေ ရေးတော့သည်။

"အကြွယ် ဘာလုပ်နေတာလဲ"

ကိုငယ်က မေးလိုက်သည်။ လေသံက ခတ်ဆတ်ဆတ်။

"စာအုပ်တွေကို ကိုငယ့်လက်ဆောင်ပေးဖို့ ရေးနေတာလေ"

ခင်မျိုးကြွယ်က အရေးမပျက်၊ ခပ်အေးအေးပြန်ပြောသည်။

"အလကားပေးရင် အားရဝမ်းသာနဲ့ ယူတတ်တဲ့



ကောင်လို့ အကြွယ်ထင်လို့လား။ ဆက်ရေးမနေနဲ့ တစ်အုပ်မှ မယူဘူး။"

ကိုငယ့် လေသံမာသည်။ စိတ်တိုသည့်အရိပ် လက္ခဏာပေါ်လွင်၏။ ခင်မျိုးကြွယ် မော့ကြည့်သည်။

"ကိုယ့် သူငယ်ချင်းတစ်ယောက်က ခင်မင်လို့ လက်ဆောင်ပေးတာ ဂုဏ်ယူဝမ်းသာစရာပါ ကိုငယ်"

"ခင်မင်လို့ လက်ဆောင်ပေးရင် တစ်အုပ်ပေါ့။ အခုဟာက သူက ဆင်းရဲတယ်၊ ငါဝယ်ပေးမှ ဖတ်နိုင်မှာဆိုတဲ့ ပုံစံမျိုးနဲ့ ဆယ်အုပ်လောက်ဝယ်ပြီး ပေးတာမျိုးက လက်ခံယူထိုက်တဲ့ လက်ဆောင်မျိုး မဟုတ်ဘူး။ အကြွယ်ချမ်းသာတာ၊ တတ်နိုင်တာ ကိုငယ် သိပါတယ်။ ဒါပေမယ့် ကိုငယ် ကိုယ်ကြိုက်နှုတ်တဲ့စာအုပ် ဝယ် မဖတ်နိုင်လောက်အောင် မမွဲသေးဘူး အကြွယ်။ ဝယ် မဖတ်နိုင်လောက်အောင် မွဲရင်လည်း စာကြည့်တိုက်က ငှားဖတ်မယ်။ သူများဆီက ပစ္စည်းကို အလကားရတယ်ဆိုပြီး ဝမ်းသာအားရ ယူလိမ့်မယ် မထင်နဲ့"

ခင်မျိုးကြွယ် အံ့သြသွားသည်။ ကိုငယ့်ထံမှ မထင်မှတ်သော စကားများကို ကြားရသည်။ ဝမ်းနည်းသွားသည်။ မျက်ရည်တွေ ရစ်ဝိုင်းလာ၏။

"ဒီလို သဘောမျိုးနဲ့ မဟုတ်ဘူး ကိုငယ်။ ကြုံတုန်းကြိုက်တုန်း ကိုငယ်ကြိုက်တဲ့စာအုပ်တွေကို တစ်ခါတည်းဝယ်ပြီးလက်ဆောင်ပေးချင်တဲ့ သဘောပါ။ ကိုငယ်တွေးတဲ့ အတွေးမျိုး အကြွယ်ခေါင်းထဲမှာ လုံးဝမရှိပါဘူး"

"ဒီလိုဆိုရင်လည်း စာအုပ်တွေပေါ်မှာ ဆက်ရေးမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအုပ်တွေ အကြွယ် ဘာလုပ်ရမလဲ ကိုငယ်"

"အဆောင်ရောက်တော့ ဖတ်ပေါ့။ ကြိုက်ရင် သိမ်းထား။ မကြိုက်ရင်လည်း သူများပေးပစ်လိုက်ပေါ့"

"အကြွယ် စေတနာကို တလွဲမထင်ပါနဲ့ ကိုငယ်"

"တလွဲမထင်စေချင်ရင် ပြောသလို လုပ်ပါ"

ကိုငယ်သည် တစ်ဖက်သားက မိန်းကလေးပဲလေဆိုပြီး အားနာဟန်မရှိ။ သူ့ကို အထင်သေးသည်ဟု ယူဆပြီး ပြတ်သားစွာ ငြင်းပယ်သည်။ ခင်မျိုးကြွယ် ဝမ်းနည်းစွာ အလျှော့ပေးလိုက်သည်။ ဝေ့ဝဲလာသော မျက်ရည်စတို့ကို မျက်တောင်နှင့် ပုတ်ခတ်ထိန်းသိမ်းနေရသည်။ ကိုငယ် ဘာမျှ ဆက်မပြောတော့။ ကော်ပြန့်စိမ်းကိုသာ ငုံ့စားနေသည်။

စားသောက်ပြီး ပိုက်ဆံရှင်းမယ်လုပ်တော့ ခင်မျိုးကြွယ် ကိုငယ့်ကို မော့ကြည့်သည်။ တောင်းပန်သော အကြည့်။

"အကြွယ် ပေးလိုက်မယ်နော်"

မဝံ့မရဲ ပြောလိုက်သည်။

"ပေးလိုက်လေ" ဟု ကိုငယ်က လျော့လျော့လျူလျူ ခွင့်ပြုလိုက်သည်။ စားသောက်ဆိုင်မှထွက်ပြီး ကိုငယ်အကြွယ့် အဆောင်ကို လိုက်ပို့သည်။ လမ်းမှာ ကိုင်ထားပေးခဲ့သော စာအုပ်တွေကို အဆောင်ဝနားရောက်တော့ ခင်မျိုးကြွယ်ကို အားလုံးပြန်ပေးသည်။

"လက်မှတ်ထိုးပြီးသားတွေတော့ ကိုငယ် ယူသွားပါလားဟင်" ဟု အရဲစွန့်၍ ပြောမိသေးသည်။ ကိုငယ် ခေါင်းကို ခါ၏။

"အဆောင်ထဲကို လိုက်ခဲ့ပါဦးလား" ဟု ထပ်ပြောပြန်သည်။

ကိုငယ် လက်မခံ။ "နောက်အားတဲ့အခါ လာမယ်။ ပြန်ဦးမယ်" ဟု နှုတ်ဆက်ထွက်သွားသည်။ အနောက်ဘက်ကို တစ်ချက်မျှ လှည့်မကြည့်။ ခင်မျိုးကြွယ် မည်သို့ဖြစ်ကျန် ခံစားနေမလဲဆိုတာ ကိုငယ် မတွေးတတ်။

သို့ရာတွင် အပြန်လမ်းတစ်လျှောက်မှာတော့ ကိုငယ် တွေးသည်။ ခင်မျိုးကြွယ်ကို သူ ဆက်ဆံတာ တင်းမာလွန်းသည်ဟု သူ ပြန်သုံးသပ်သည်။ တင်းမာလို့ သူ မကျေနပ်လည်း လေဖြတ်ပဲ။ မတတ်နိုင်ဘူးဟူသော အတွေးက သူ့ခေါင်းထဲဝင်လာသည်။

မမနွယ်နှင့်ပတ်သက်လျှင်တော့ အမြဲတမ်းလိုလို သူ အလျှော့ပေးတတ်စမြဲ။ မမနွယ် စိတ်မကောင်းဖြစ်မှာ စိတ်ဆင်းရဲမှာ မျက်နှာညိုမှာ သူ သိပ်စိုးရိမ်ခဲ့သည်။ သူ့အကြိုက်နှင့် မကိုက်ညီလျှင်လည်း ခင်မျိုးကြွယ်ကို ပြန်ပြောသည့် လေသံမျိုး တစ်ခါ မျှ ပြောမထွက်။ စကားမပြောဘဲ သည်းခံနေလိုက်သည်။

ခင်မျိုးကြွယ်နှင့် မမနွယ်အပေါ် ထားသော သဘောထားများသည် အလွန်တစ်ရာမှ မတူကွဲပြား ခြားနားလှသည်ကို သူ သတိပြုမိသည်။

စင်စစ်သော် ခင်မျိုးကြွယ်ကို သူ မချစ်။ မမနွယ်ကို သူ မြတ်နိုးသည်။ ထိုအခါ တန်ဖိုးထားပုံချင်း လုံးဝမတူနိုင်။ ချစ်တဲ့သူ အရှုံးဆိုသော စကားမှန်သည်။ ခင်မျိုးကြွယ်သည် သူ့ကို အလျှော့ပေးသလောက် သူကလည်း မမနွယ်ကို အလျှော့

www.burmeseclassic.com

www.burmeseclassic.com

ပေးနေရပေသည်။ ခေါ်ရင် လိုက်၊ ခိုင်းရင် လုပ်၊ ကျွန်ုပ်ရုပ်သေး ရုပ်ဟုပင် သူ့ကိုယ်သူ တင်စား ပြောဆိုခဲ့ပြီ မဟုတ်ပါလား။

ငွေရှိတဲ့ သူ့ ခံကြရော့ဟုသာ သူတွေးနေမိတော့သည်။

□ □ □

(၂၂)

အချိန်အား ရသေးသဖြင့် ကိုငယ်သည် မြင့်ဆွေ အဆောင်ကို ဆက်သွားသည်။ မြင့်ဆွေကို အဆင်သင့်တွေ့သည်။ မရွှင်မလန်း ပုပ်ပုံဖမ်းနေသော မြင့်ဆွေကိုကြည့်ပြီး ကိုငယ် အားမရချင်။

"ပေါ်တော်မူကြီး၊ ဘယ်က လှည့်လာသတုန်း။ သူငယ်ချင်းအမှတ်နဲ့ လာတွေ့ဖော်ရသေးတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

မြင့်ဆွေက ခတွေ့တွေ့ချင်း စကားနာထိုးသည်။ သို့သော်လည်း ကိုယ်တွေ့တော့ အတော်ဝမ်းသာသွားပုံ ရသည်။

"ငါ့ကို မင်းက ပြောတာ။ မင်းကော ငါ့ဆီကိုလာလို့လား"

"လာပါသော်ကော၊ ကိုယ်တော်။ ကျွန်တော်မျိုး လာတိုင်း ကိုယ်တော်အခန်းမှာ မရှိကြောင်းပါ၊ ကျောင်းတက်ချိန်လာသော်လည်း စာသင်ခန်းမှာ မရှိပါ"

"မင်း ဘယ်နေ့လာလို့တုန်း"

"လွန်ခဲ့တဲ့ အပတ် တနင်္လာနေ့"

ကိုယ် ပြုံးလိုက်သည်။ မမနွယ်ဆီ သွားနေသည့်အချိန်ရောက်လာဟန်တူသည်။ သူ ဘာမှ မပြော။ မြင့်ဆွေက ဆက်ပြောသည်။

"ကိုယ်တော်လေးကို မတွေ့လို့ စောင့်မျှော်နေတာ ကျွန်တော်မျိုး တစ်ယောက်တည်း မဟုတ်ကြောင်းပါ"

မြင့်ဆွေက သူ့ဝသီအတိုင်း အပြောင်အပျက်တွေနှင့် ပြောဆိုနေတော့သည်။

"ဘယ်သူပါသေးတုန်းဟ"

ကိုယ်က မသိကျိုးကျွံပြုကာ ဘုရင်လေသံမျိုးဖြင့် မေးလိုက်၏။

'ခင်မျိုးကြွယ်ဆိုတဲ့ ပညာရေးက အချောအလှပလေး ဖြစ်ကြောင်းပါ"

"ဟေ ... ဟုတ်လားသိပါဘူးကွာ"



ကိုယ် အဲ့ဩဟန်လုပ်ပြသည်။ ပြီးတော့ စားပွဲပေါ်က စာအုပ်တစ်အုပ်ကိုယူပြီး အဖွင့်ပြေလှန်ကြည့်သည်။ ဝလာစာရွက်နှင့် ရေးထားသော ကဗျာတစ်ပုဒ် ညှပ်ထားသည်ကို တွေ့ရသည်။ ကဗျာလေးကို ခေါင်းစဉ်မြင်ရုံနှင့် သဘောကျပြီး ဖတ်ကြည့်မိသည်။

"မင်း အဲ့ဒီကဗျာဖတ်နေဦး၊ ငါ ရေသွားချိုးဦးမယ်"

မြင့်ဆွေ ထွက်သွားသည်။ ကိုယ် ကဗျာကို ဖတ်ကြည့်သည်။

**မြေရာဖြန့်ဖျက်ပေးလှည့်ပါ**

**– သခင် – သခင်၊ ခေါ်လိုက်စဉ်ထ**
**လှည့်ဝင်ကြည့်၊ ထွက်သွား၏။**
**– သခင် – သခင်၊ စောင့်မျှော်၏။**
**သခင်၏နား၊ သိစေကြားထင့်**
**တစ်အားဟစ်အော်၊ နောက်ဆုံးခေါ်မှ**
**ကြည့်စော်ရစဲ၊ နောက်သို့ လှည့်၏။**
**– သို့ရာ သို့စေ**
**ခေါ်နေသူမှာ၊ ရှက်စိတ်ဖြာ၍**
**နီးရာသစ်ဝင်၊ ပုန်းရှိဝင်သော်**
**သခင်မမြင်လိုက်နိုင်ချေ။**
**– ခေါ်သူစေသိ၊ မမြင်စိ၍**
**ချစ်သည့်သခင်၊ မြေလှမ်းမြင်သော်**
**မြင်ရသူမှာ၊ မနေသာ၍**
**ခေါ်ဝါတော့မယ်၊ စိတ်ကြွရှယ်မှ**

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့စယ်အသင့်၊ စောင့်ကြိုလင့်ဘူ
သခင့်အတွက် ရှိနှင့်ပြီ။
– ဦးနှင့်ဘူတ၊ ရှိနေမှတော့
နောတ်ထရိုတ်ရိုတ်၊ မလိုတ်သင့်ဝါ
ဆွေးစိတ်ခြာ၍၊ နာကျင်ကြေထွဲ
ကြွေအသည်းနှင့်၊ အံခဲ၍သာပြန်ရမှာ။
– လာရာလမ်းမှန်၊ လှည့်မပြန်ဓိ
ထံကြွမှာရွဲ၊ အုံ့ဂုန်းရွဲ့သည်
သဲထဲကျန်ရစ်၊ မြေရာသစ်ထို
ချစ်သက်ထိုယ်စား၊ တန်ရိုးထား၍
ဝါးနှင့်အစ်တာ၊ စောင့်ကြည့်ကာဖြင့်
ရင်နာနေရပါပြီ သခင်။
– မြေရာလေးကြောင့်၊ အသည်းတောင့်မှာ
နိုးနှောင့်ချာစေ၊ မြေမပြေရို့
မြေရာပြန်ဖျက် ပေးလှည့်ပါ။

ဝေဝေ

ကဗျာလေးကိုဖတ်ပြီး ကိုငှယ်သဘောကျနေသည်။ အတွေးအခေါ် တော်တော် ကောင်းတဲ့ မိန်းကလေးပဲဟု စိတ်ထဲက ကြိတ်ချီးကျူးနေမိသည်။ တကယ့်အဖြစ်အပျက်ကလေးကို သာ ရေးထားသည်ဆိုလျှင် ရင်နာစရာပေပဲဟု တွေးပြီး ကဗျာ ရေးသူ ဝေဝေအတွက် စာနာစိတ်နှင့် သနားကရုဏာသက်နေ မိတော့သည်။

မြင့်ဆွေ ပြန်ရောက်လာသည်။ အဝတ်အစားလဲရင်း ကိုငယ့်ကို မေးလိုက်သည်။



"ကဗျာလေး ဘယ်နှယ်လဲ"

"တော်တော်ကောင်းတယ်ကွ၊ ငါကြိုက်တယ်"

"ကဗျာလှသလို၊ လူလည်း လှတယ်မောင်။ လူကိုပါ ကြိုက်လ ိ ်ပါလား"

ကိုငယ် ရယ်နေလိုက်သည်။

"မင်း အဲ့ဒီ ကဗျာရေးတဲ့ လက်ရေးကို သေချာကြည့် စမ်း"

"ငါတွေ့ဖူးသလိုပဲ"

ကိုငယ် ကဗျာစာရွက်ကို ပြန်ကြည့်ရင်း ပြောသည်။

"မင်းအတော် ဖောက်ပြန်တဲ့ကောင်ပဲ"

"ဘာဆိုင်လို့လဲကွ"

"ဘာဆိုင်ရမှာလဲကွ၊ မင်းအဖေ ဆေးရုံတက်လို့ ကျောင်းပျက်တုန်း မင်းစာအုပ်တွေမှာ စာကူးပေးခဲ့တဲ့ လက်ရေး ကို မင်းမမှတ်မိဘူးဆိုတော့ ကျေးဇူးကန်းဖောက်ပြန်တာပေါ့ကွ"

"မင်း ဘာပြောတယ် မြင့်ဆွေ၊ ဒီလက်ရေးဟာ ခင် မျိုးကြွယ်လက်ရေးလို့ ဆိုလိုတာလား"

"မင်း အူကြောင်ကြောင် လုပ်မနေနဲ့၊ သိရက်နဲ့ မသိ ချင်ယောင်ဆောင်မနေနဲ့"

"တကယ်ပါ မြင့်ဆွေရာ။ ကဗျာအလည်း ကောင်း၊ နာမည်ကလည်း ဝေဝေ၊ လက်ရေးကလည်း အထက်တန်း ကျောင်းတုန်းကထက် နည်းနည်း သော့ရေးထားသလို ဖြစ်နေ တော့ မမှတ်မိတာပါ။ ဒီကဗျာ မင်းဆီကို ဘယ်လိုလုပ်ရောက် နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သိစေချင်လို့ပေါ့ကွာ။ ကျောင်းမဂ္ဂဇင်းကို ပို့ပေးပါဆိုပြီး ငါ့ကို ပေးထားတာပဲ။ သူ့ဘာသာ မဂ္ဂဇင်းစာမူပုံးထဲ ထည့်ရင် ရရက်သားနဲ့ တမင်ငါ့ကို ပို့ခိုင်းတယ်ဆိုတော့ အဓိပ္ပာယ်က အရှင်းကြီးပဲကွ"

ကိုယ်သည် ခင်မျိုးကြွယ်အပေါ် ကိုယ်ချင်းစာ၍ သနားကရုဏာသက်မိလိုက်သည်။

"သူ့ကဗျာကို ဖတ်ကြည့်လိုက်ရင် သူ့ ခံစားမှုကို မင်းနားလည်သဘောပေါက်မှာပါကွာ။ ကြိုက်မှာဖြစ်ရင်လည်း ကြိုက်လိုက်စမ်းပါကွာ။ ခင်မျိုးကြွယ်က ရုပ်လည်း မဆိုးဘူး။ ပညာတတ် ဘွဲ့ရဖြစ်မယ်။ သူဌေးသမီးလည်း ဖြစ်တယ်။ ဘာလိုသေးလဲ။ ကြိုက်မယ်ဆိုရင် ကြိုက်သင့်ပါတယ်ကွာ"

ကိုယ် ပြုံးနေလိုက်သည်။

"မင်း အခုထိ အချစ်အကြောင်းကို နားမလည်သေးပါလား မြင့်ဆွေ"

"ဘာ နားလည်ရမှာလဲကွ"

"အချစ်ဆိုတာ ဆန်းကြယ်တယ်ကွ။ ကိုယ်က ချစ်တိုင်းလည်း သူက ချစ်ချင်မှ ချစ်တာ။ သူက ချစ်တိုင်းလည်း ကိုယ်က ပြန်ချစ်နိုင်ချင်မှ ချစ်နိုင်တာ။ သူက သေချာပေါက် ကိုယ့်ကို ချစ်နေပြီလို့ ယူဆပေမယ့်လည်း တကယ်ကျတော့ ဟုတ်ချင်မှ ဟုတ်တာ။ ဒီသဘောတို မင်းနားလည်ရင် ခင်မျိုးကြွယ်နဲ့ ပတ်သက်တဲ့ ငါ့ သဘောထားကို ပြောစရာ မလိုတော့ပါဘူးကွာ"

မြင့်ဆွေ ခေါင်းကိုဖြီးရင်း ပြန်ပြောသည်။



"ခင်မျိုးကြွယ်သာ ငါ့ကို ခုလိုမျိုးကြိုက်နေမယ်ဆိုရင် ငါချက်ချင်း ပြန်ကြိုက်တယ်"

"မင်းထင်လို့ပါကွာ။ နီလာကျော်လည်း မင်းကို ခင်မျိုးကြွယ်လိုမျိုး ချစ်နေမှာပဲလို့ မင်းယူဆပြီး အချစ်ကိုတောင်းခံခဲ့တယ် မဟုတ်လား။ တကယ်ကျတော့ မင်းထင်သလိုဖြစ်ရဲ့လား။ မင်းရင်ကွဲ ကျန်ခဲ့ရတယ် မဟုတ်လား"

နီလာကျော့်နံမည်ပါလာတော့ မြင့်ဆွေတွန့်သွားသည်။ နီလာကျော်နဲ့ ခင်မျိုးကြွယ် မတူဘူးလေ"

"မတူလို့ မင်းခံနေရတာ မဟုတ်လား။ အတန်းလည်း မှန်မှန်မတက်နိုင်ဘဲ ဒေးတိဒေးမှိုင်ဖြစ်နေတယ် မဟုတ်လား"

"မင်း ဘယ်သူပြောလဲ"

ကိုယ်က ရယ်နေသည်။

"မင်းအဖြစ်ကို ငါလှမ်းမြင်ပါတယ်ကွ" ဟု ပြောတော့ မြင့်ဆွေ အံ့ဩသွားသည်။

"ထားပါတော့ကွာ။ ဒီနေ့ ငါ့ကိစ္စကို အပြတ်သွားရှင်းမယ်။ တစ်ယောက်ထဲသွားရမှာ ကြောင်လို့ မင်းကိုစောင့်နေတာ။ မင်းလာတာ အတော်ပဲ"

မြင့်ဆွေက သူ့ကိစ္စကို ပြောသည်။

"ဩော် ... ဒါကြောင့် မင်းကရေတွေ ဘာတွေချိုးပြီး အလှပြင်နေတာကိုး။ ကောင်းပါ့ကွာ"

"ဒီလို ကိစ္စမျိုးမှာ ပါရမီဖြည့်ရတာ ခင်မတန်မှ ကုသိုလ်ရပါတယ်။ တူသောအကျိုးပေးတတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘယ်ဖြစ်မတုံး။ မင်းသွားမယ့် ကိစ္စမစွံရင် ငါလည်း မစွံရမယ့်ပုံ ဖြစ်နေမှာပေါ့"

မြင့်ဆွေ ရယ်ကျဲကျဲလုပ်ရင်း ...

"မင်း ပါးစပ်ပုတ်ကြီးနဲ့ကွာ" ဟု ဟန့်တားသလိုပြောသည်။

"ကဲ သွားကြမယ်"

ကိုငယ် စကားစကို ဖြတ်ပြီး သွားဟန်ပြင်သည်။

"ဘယ်သွားမှာလဲ"

မြင့်ဆွေက ခပ်တည်တည်နှင့် မေးသည်။

"နီလာကျော့ဆီကိုလေ"

"နီလာကျော့ ဘယ်မှာနေမှန်း မင်းသိလို့လား"

"သိဖူး"

"မသိဘဲနဲ့ ရမ်းသွားချင်လို့ ရမလားဟ။ ငါ့နောက် လိုက်ခဲ့ ငါ့တပည့်"

မြင့်ဆွေက အခန်းအပြင်ဘက် ထွက်သည်။ ကိုငယ် ထွက်လိုက်လာသည်။ အခန်းကို သော့ခတ်ပြီး အဆောင်အပြင်ကို ထွက်ခဲ့သည်။ လမ်းပေါ်ရောက်တော့ ၁၆-ကားဂိတ်ကို သွားသည်။ ကိုငယ် နောက်ကလိုက်မြဲ။

"နေပါဦး၊ မင်းက နီလာကျော့်ဆီကို သွားပြီး ဘာပြော ဦးမလို့လဲ။ ငါတော့ မျက်ခုံး ခပ်လှုပ်လှုပ်ပဲဟေ့"

မြင့်ဆွေ အမူအယာ တည်ငြိမ်နေသည်။ သူပြောမည့် စကားကို တွေးတောစဉ်းစားနေဟန် တူသည်။



"ငါ သူ့ကို တိတိကျကျ ပြတ်ပြတ်သားသား မေးချင် တယ်ကွာ။ အခုလို မရေမရာ မတင်မကျကြီးနဲ့ ငါ အနေရခက် တယ်"

"မင်းကို လုံးဝမဖြစ်နိုင်သေးပါဘူးလို့ သူ ဖြေခဲ့တာပဲ မဟုတ်လား"

"ဟုတ်တယ်လေ၊ လုံးဝမဖြစ်နိုင်ဘူးလို့ ပြောတာမှ မဟုတ်ဘဲ။ မဖြစ်နိုင်သေးဘူးလို့ ပြောတာပဲ။ အခု ဖြစ်နိုင်ချင် ဖြစ်နိုင်မှာပေါ့။ ဒါမှမဟုတ် တစ်ချိန်ချိန်မှာ ဖြစ်နိုင်ချင် ဖြစ်နိုင် မှာပေါ့။ ဖြစ်နိုင်တဲ့ အချိန်ထိစောင့်ပါဆိုရင် ဘယ်လောက်ပဲ ကြာကြာ ငါစောင့်နေပါမယ်ဆိုတာ သူ သိအောင် ပြောချင် တယ်"

မြင့်ဆွေစကား ဆီလျော်မှန်ကန်သဖြင့် ကိုငယ်ဆက် မပြောတော့ဘဲ နောက်ကလိုက်သွားသည်။ (ထိုအချိန်က စီးပွား ရေးတက္ကသိုလ်၊ ပထမနှစ်ကျောင်းသူများကို ယာယီအစီအစဉ် အနေဖြင့် ကမ္ဘောဇအဆောင်တွင်ထားသည်။) ကမ္ဘောဇဆောင် သို့ရောက်သွားသောအခါ ကိုငယ်က အပြင်မှာနေခဲ့သည်။ မြင့်ဆွေက အဆောင်ဧည့်ခန်းထဲသို့ ဝင်သွားသည်။ နာရီဝက် လောက်ကြာတော့ မြင့်ဆွေပြန်ထွက်လာသည်။ မျက်စိမျက်နှာ ပျက်ပြစ်လာသည်။

"သူငယ်ချင်း အခြေအနေဘယ်လိုလဲ"

"လုံးဝမစောင့်ပါနဲ့တဲ့ကွာ၊ ပြောရက်လိုက်တာ"

"အပြည့်အစုံ ပြောစမ်းပါဦးကွ"

"ငါ့ဘဝရဲ့ မျှော်လင့်ချက်တွေ တစစီလဲပြိုသွားပြီးရင် ထဲမှာသိပ်ခံစားရတယ်ကွာ။ မြေနီကုန်းသွားပြီး အရက်သောက် မယ်၊ အရက်သောက်ပြီးပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲကွ၊ နီလာကျော်က မစောင့်ပါနဲ့ပြော တာနဲ့ အရက်သွားသောက်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ၊ ငါ့ရင်ထဲမှာ အရမ်းတင်းကြပ်နေတယ်၊ အရက်သောက်ပြီး ဖွင့်ထုတ်ပစ်ချင်တယ်။ ဒီတစ်ခါတော့ ငါ့အလိုလိုက်ပါကွာ"

ကိုငယ်လည်း တားမရတော့သဖြင့် မြေနီကုန်းညဈေးက အရက်ဖြူဆိုင်သို့ ပါသွားတော့သည်။

မြင့်ဆွေက အရက်ဆိုင်ထဲ ခပ်တည်တည်ဝင်ထိုင်ပြီး အရက်နှင့်ဆိုဒါ မှာနေသည်။ အမြည်းပါ မှာလိုက်သေးတယ်သည်။ ဤဆိုင်သို့ မြင့်ဆွေရောက်ဖူးဟန်ရှိသည်။

"သည်ဆိုင်က မင်းရောက်ခဲ့ဖူးပြီပေါ့"

"အေး ... ငါ့သူငယ်ချင်းတွေနဲ့ စိတ်ညစ်လို့ တစ်ခါလာသောက်ပြီးပြီ"

ကိုငယ် ဘာမျှမပြောဘဲ ကြည့်နေလိုက်တော့သည်၊ မြင့်ဆွေက ခွက်နှစ်ခွက် မှာသည်။

"မင်းပါသောက်ရင် စကားပိုပြောလို့ကောင်းမယ်"

"အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ ငါမလုပ်ဘူး။ ငါ့ကိုမဆွယ်နဲ့ မင်းဘာသာသောက်"

ကိုငယ် ခတ်ဆတ်ဆတ် ပြောလိုက်သည်။

"မင်း သိပ်ကြီးကျယ်တဲ့ကောင်"

မြင့်ဆွေက မှတ်ချက်ချပြီး ငှဲ့ထားသော အရက်ခွက်ကို ဆိုဒါအနည်းငယ်ရော၍ မော့သောက်လိုက်သည်။



"မင်း အရက်သောက်နေတာ၊ မင်းအမေနဲ့ အဖေမြင်ရင် သိပ်ရင်နာကြမှာပဲ။ ငါ့သား ဂုဏ္ဍသိုလ်ကျောင်းသားကြီးဆိုပြီး အထင်ကြီးနေတာ၊ အခုတော့ လမ်းဘေးက ခွေးဝဲစားအရက်သမားလေးအဖြစ်ကို တွေ့ရရင် ယုံတောင် ယုံမှာ မဟုတ်ဘူး"

"ဘာကွ"

မြင့်ဆွေ အသံကျယ်သွားသည်။ ဘေးနားဝိုင်းက သူတို့ကို လှမ်းကြည့်လိုက်ကြသည်။

"သောက်ရင်လည်း ကောင်းကောင်းမွန်မွန်သောက်၊ စကားပြောရင်လည်း တိုးတိုးတိတ်တိတ်ပြော အော်ကြီးဟစ်ကျယ် မလုပ်နဲ့"

မြင့်ဆွေ နားမထောင်။ နောက်တစ်ခွက် ထပ်ချပြန်သည်။ နှစ်ခွက်သောက်ပြီး မြင့်ဆွေမူးပြီ။ စကားမမှန်တော့။ ကိုငယ် အခြေအနေကို သိလိုက်သဖြင့် ပွဲသိမ်းလိုက်သည်။ အရက်ဖိုးပေးပြီး မြင့်ဆွေကို တွဲခေါ်လာသည်။

"စိတ်ညစ်လို့ အရက်ကို သောက်တယ်။ အရက်သောက်တော့ စိတ်ပိုညစ်တယ်။ သိပ်ချစ်ရတဲ့ နီလာကျော်ရယ်။ ဒီမောင်အသည်းတွေ ကွဲကြေရပြီကွယ်။ သနားမညှာအားတယ်၊ စိမ်းကားရက်စက်တော်မူအားတယ်"

မြင့်ဆွေတွေ့ကရာ ရှစ်သောင်း သီချင်းတွေအော်ဆိုနေတော့သည်။

"ကိုငယ် သူငယ်ချင်း၊ နီလာကျော်က ငါ့ကိုမုန်းပါတယ်။ သူ့မျက်လုံးတွေမှာ ငါ့ကို ချစ်တယ်ဆိုတာ ပေါ်ပြီးသားပါ။ ဒါပေမယ့် ငါ့ကို လုံးဝ မစောင့်ပါနဲ့တဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါကြီးနှင့် မြင့်ဆွေ တိုင်တည်ပြီး ပြောနေတော့သည်။ အမူးသမားကို အင်မတန်မုန်းသော ကိုယ်သည် မြင့်ဆွေကို အတော်သည်းခံနေရသည်။ အလွန်ချစ်သော သူငယ်ချင်းမို့ ကိုယ် စိတ်ရှည်ရှည်နှင့် ကြည့်နေခြင်းဖြစ်သည်။

ဒယိမ်းဒယိုင်နှင့် လမ်းလျှောက်ပြီး လမ်းပေါ်မှာ အန်သည်။ ထမင်းစေ့တွေ အလုံးလိုက် ပြန်အန်ထွက်လာသည်။ သုံးဘီးငှား၍ မြင့်ဆွေအဆောင်ကို ပြန်လာသည်။ အန်ဖတ်တွေ ပေကျံနေသော မြင့်ဆွေကို ကိုယ် အတော်စိုးရိမ်ပျက် ရွံ့ရှာသွားမိသည်။ မလွှသာသဖြင့် သူ့ လိုက်ပို့သည်။ အဆောင်ရောက်တော့ ကုတင်ပေါ် သိပ်လိုက်သည်။ တစ်လမ်းလုံး ပြောချင်ရာ‌တွေ ပြောလာခဲ့ရ၍ မောနေပြီဖြစ်သောကြောင့် မြင့်ဆွေအိပ်သွားသည်။ ကိုယ် စိတ်မချ၍ မပြန်။ မြင့်ဆွေနှင့်လည်း အတူမအိပ်ချင်။ အရက်မူးသမားနှင့်ကပ်ပြီး နံနံစော်စော် သူ မအိပ်တတ်။ မြင့်ဆွေ ပက်လက်ကုလားထိုင်တွင် စားပွဲပေါ်မှ စာအုပ်တစ်အုပ်ယူဖတ်ပြီး နေလိုက်သည်။ စာအုပ်က ခင်နှင်းယု၏ ကြေးမုံပုပ်သွင် ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြစ်နေသည်။ အတော်ဖတ်ကောင်းသဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ စာအုပ်ဖတ်ပြီးတော့ ည တစ်ချက်ထိုးနေပြီ။ အိပ်ချင်သလိုဖြစ်လာသဖြင့် ကြိုးစားအိပ်ကြည့်သည်။ မှေးကနဲ ပျော်သွား၏။

အိပ်မက်ထဲတွင် မမနွယ်နှင့်တွေ့နေ၏။ မမနွယ်က အိပ်မက်ထဲတွင် ပန်းဖြူဖြူတစ်ပွင့် ကိုင်ထားသည်။ ကိုယ်က မမနွယ်ဆီ တိုးလာ၏။ မမနွယ်ကလည်း ကိုယ့်ဆီ လှမ်းလာသည်။ လက်ထဲမှာ ပန်းတစ်ပွင့်ကို ကမ်းတော့မလိုလို လက်ဆန့်သည်။ ကိုယ်က အားရဝမ်းသာ လှမ်းယူမယ်လုပ်တော့၊ မမ



နွယ် နောက်ဆုတ်သွားသည်။ ကိုယ်က ရှေ့ကို တဖြည်းဖြည်းတိုးသွားသည်။ မမနွယ်က ကိုယ့်နောက်ကို လှမ်းကြည့်ရင်း နောက်ကို ဆုတ်, ဆုတ်သွားသည်။ မမနွယ်နောက်မှာ ချောက်ကြီး။ မမနွယ် ချောက်ထဲ ကျတော့မယ်။

"မမနွယ် နောက်မဆုတ်နဲ့ ချောက်ထဲ ကျလိမ့်မယ်"

ကိုယ်က အော်ပြောသည်။ မမနွယ်ကို မှီရန် အတင်းပြေး၍လိုက်ဆွဲသည်။ မမှီ။ မမနွယ် ကိုယ့်ကို အားငယ်နွမ်းလျှစွာကြည့်ရင်း ချောက်ထဲသို့ကျပြီး ပျောက်သွားသည်။ ကိုယ်လည်း အတင်းပြေးပြီး ချောက်ထဲခုန်ချမည်လုပ်တော့ သူ့ကို နောက်က တစ်ယောက်က ဖမ်းဆွဲထားသည်။ လှည့်ကြည့်လိုက်တော့ ခင်မျိုးကြွယ် ဖြစ်နေသည်။

ကိုယ်သည် မမနွယ်ကို အော်မြည်တမ်းတကျန်ရစ်သည်။ သူ့လက်ကို ခင်မျိုးကြွယ်က စိုးရိမ်တကြီး ဆုပ်ကိုင်ထားသည်။ ကိုယ်ဖောချွေးတွေ ပြန်လာသည်။ ရင်တွေ ပူလာသည်။ ရင်ထဲမှာ တင်းကြပ်ပြီး မခံမရပ်နိုင်အောင် ဖြစ်လာသဖြင့် "မမနွယ်ရေ" ဟု အော် ခေါ်နေတော့သည်။

သည်မှာ အိပ်မက်က လန့်နိုးသည်။ မြင့်ဆွေကြည့်လိုက်တော့ အိပ်မောကျနေသည်။ ကိုယ်ချက်ချင်း ပြန်အိပ်မရ။ မြင့်ဆွေ၏ ရေပုလင်းကို ဖွင့်၍ ရေတစ်ခွက်ထသောက်ရသည်။ ပြီးတော့မှ ကုလားထိုင်မှာ ပြန်အိပ်ရန် တာစူသည်။ ခြင်တွေက တဝီဝီဖြစ်နေသဖြင့် ချက်ချင်းအိပ်၍ မပျော်နိုင်။ အရက်မူးသမားကို စောင့်အိပ်ရသော ဒုက္ခမသေးပါလားဟု တွေးမိသည်။ တောင်တွေးမြောက်တွေးနှင့် အိပ်ရေးပျက်ရသည်။ လင်းအားကြီးမှ မှေးကနဲ ခဏအိပ်ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်နိုးတော့ မြင့်ဆွေတောင် ရေချိုးပြီးနေပြီ။ နာရီကြည့်တော့ နံနက် (၇)နာရီ ကျော်ပြီ။

"နိုးပြီလား သူငယ်ချင်း။ ညက ငါ့အတွက် အတော်ဒုက္ခရောက်သွားတယ်နဲ့ တူတယ်"

"အေးပေါ့ကွာ။ မင်း အသုံးမကျတာနဲ့ ညက အိပ်ရေးပျက်၊ ခြင်ကိုက်ခံရပြီး ဒုက္ခရောက်ခဲ့ရတယ်"

မြင့်ဆွေကို ကိုယ်ဖိကြိမ်းတော့သည်။

"ကောင်မလေးတစ်ယောက်က မချစ်တာနဲ့ အရက်သောက်ပြီး တစ်လမ်းလုံး ခွေးလိုအန်၊ ခွေးလို အူ၊ ခွေးလို လေးဘက်ထောက်ပြီး အဆောင်ပြန်တာတော့ အဖြစ်ဆိုးလွန်းတယ်ကွာ"

မြင့်ဆွေမျက်နှာသေလေးနှင့် နားထောင်နေသည်။ သနားစရာ။

"တောင်းပန်ပါတယ် သူငယ်ချင်းရယ်။ ညက သိပ်စိတ်ညစ်လွန်းလို့ လွှက်သွားတယ်ကွာ"

"ဒီလိုဆို ငါမေးမယ်။ မင်း အခုအရက်မသောက်တဲ့အချိန်မှာ နီလာကျော်ကို မေ့နေပြီလား။ သတိမရတော့ဘူးလား။ စိတ်ညစ်တာပျောက်သွားပြီလား"

"မမေ့နိုင်ဘူး သူငယ်ချင်းရယ်၊ ငါ သူ့ကို သတိရနေတယ်။ စိတ်လည်း သိပ်ညစ်နေတာပဲ။ သိပ်ခံစားနေရတယ် ကွာ"

"ဒီလိုဆို အရက်ထပ်သောက်ပါဦးလား။ မြေနီကုန်းကိုသွားကြမယ်လေကွာ၊ နောက်ထပ် မေ့သွားအောင်လို့လေ"

"စိတ်ညစ်နေတဲ့အချိန်မှာ အရွဲ့တိုက်စကားတွေ လာမပြောပါနဲ့ကွာ"



"ငါ အကြောင်းပြောနေတာပါကွ၊ အရက်သောက်မှ စိတ်ညစ်ပျောက်မယ် ခံစားရသမျှ မေ့ပစ်နိုင်တယ်ဆိုရင် အမြဲတမ်းသောက်နေဖို့ပဲ၊ မင်းအမြဲတမ်းသောက်နေမလား"

ကိုယ် အားမနာတမ်းပြောမည်ဟု ဟန်ပြင်ထားသည်။

"အမြဲတမ်းတော့ ဘယ်သောက်မလဲကွာ။ တစ်ခါတလေ စိတ်ညစ်တော့ သောက်ချင်ပြီး သောက်မိတာပါပဲ"

"ခဏတဖြုတ်သောက်မိရုံနဲ့ မင်းစိတ်ညစ်လည်း မပျောက်၊ စိတ်ဆင်းရဲရတာလည်း မမေ့ဘဲ မင်းလည်း ဒုက္ခရောက်၊ မင်းနဲ့ပါလာတဲ့ ငါလည်း ဒုက္ခရောက်ခဲ့ရတယ်။ ညကဆို မင်းတစ်ကိုယ်လုံး အန်ဖတ်တွေ ပေကျံနေလို့ မင်းနဲ့အတူ အိပ်မရဘူး။ ကုလားထိုင်မှာ ငါ မိုးလင်းခဲ့ရတယ်။ တစ်လမ်းလုံး မင်းအန်လိုက်၊ မူးလိုက်နဲ့ ပြောချင်ရာပြော အော်ချင်ရာအော်နေတာ လမ်းပေါ်က ခွေးတစ်ကောင်သာသာပဲ ရှိတော့တယ်။ ဘာတန်ဖိုးမှ မရှိတော့ဘူး"

မြင့်ဆွေ ခေါင်းငုံ့၍ ငြိမ်နားထောင်နေသည်။

"ဘာအဓိပ္ပာယ်မှ မရှိဘဲ စိတ်ညစ်လို့ အရက်သောက်တယ်တဲ့။ လူပျော့လူညံ့ လူဗာလတွေရဲ့ လျှာအရိုးမရှိတိုင်းပြောတဲ့ ဆင်ခြေစကားပါကွာ။ မင်းနားယောင်ပြီး ကောင်းမလားလို့ လုပ်ကြည့်တာ ညက အတော်ဒုက္ခရောက်ခဲ့ကြတယ် မဟုတ်လား။ ငါ မပါရင် မင်းလမ်းမှာ တစ်ခုခုဖြစ်မယ်၊ အဆောင်ပြန် မရောက်ဘဲ လမ်းမှာ မူးလဲပြီး အအေးပတ်သေရင် နီလာကျော်က သနားပြီး

www.burmeseclassic.com

www.burmeseclassic.com

မင်းအလောင်းနားလာငိုပြီး နောင်တရနေမှာ မဟုတ်ဘူး။ မင်းအမေဖနှင့် အမေပဲ ရင်ကွဲပြီးသေမယ်။ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝကို အရှက်တကွဲ အကျိုးနည်းဖြစ်စေပြီး၊ မိဘဂုဏ်သိက္ခာကို ချိုးဖဲ့ဖျက်ဆီးတာ လူမဟုတ်ဘူးကွ။ အဲ့ဒါ တိရစ္ဆာန်။ လမ်းကြိုလမ်းကြားလျှောက်သွားနေတဲ့ ချေးစားခွေးတောင် သူတို့အကျိုး ထိခိုက်မယ့်အလုပ်မျိုး မလုပ်ဘူး။ ခွေးတောင် မင်းထက် အသိဉာဏ်ရှိသေးတယ်"

ကိုယ် စိတ်နာနာနှင့် အားပါးတရပြောပစ်လိုက်သည်။ အရက်သမားကို မုန်းတီးနေသော စိတ်အခံရှိနေသဖြင့် ပစ်ပစ်ခါခါကြီး ပြောလိုက်မိသည်။

မြင့်ဆွေ ခေါင်းငုံ့ပြီး ပြောသမျှ ငြိမ်ခံနေသည်။ နောင်တရသည့် အသွင်ပေါ်နေသည်။

"ငါတောင်းပန်ပါတယ် သူငယ်ချင်းရယ်။ ငါမှားပါတယ်ကွာ။ တခဏစိတ်ထွက်ပေါက်ရဖို့ အရက်သောက်မိတာ အလကားပဲဆိုတာ ငါသဘောပေါက်ပါတယ်။ နောက်ကို ငါ မသောက်တော့ပါဘူးကွာ။ ကတိပေးပါတယ်"

"မင်းတစ်ယောက်ထဲမှ စိတ်ညစ်တတ်တာ မဟုတ်ဘူး၊ လူတိုင်းလိုလို သူ့အကြောင်းနဲ့သူ အနည်းနဲ့အများ စိတ်ညစ်နေကြတာပဲကွ။ စိတ်ညစ်တဲ့လူတိုင်း အရက်သောက်နေကြတာမှ မဟုတ်တာ။ ကိုယ်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ထွက်ပေါက်ကိုယ်ရှာကြတာပဲ။ သူတစ်ပါးကိုရော ကိုယ့်ကိုယ်ကိုပါ မထိခိုက်တဲ့ နည်းတွေနဲ့ ထွက်ပေါက်ကိုရှာသင့်တယ်။ မင်းစိတ်ပါဝင်စားတဲ့ အား



ကစားပေါ်မှာ အာရုံစိုက်ပြီးနေလိုက်ရင် မင်းရောဂါကို အချိန်ဆိုတဲ့ သမားတော်ကြီးက ပျောက်ကင်းအောင် ကုပေးပါလိမ့်မယ်"

"မင်းပြောတာ ငါ သဘောပေါက်ပါတယ်ကွာ၊ မင်းဖြစ်စေချင်သလို ဖြစ်အောင် ငါ ကြိုးစားနေထိုင်ပါ့မယ်"

မြင့်ဆွေက ဝန်ခံကတိတွေပေးတော့မှ ကိုယ်လေးသပျော့သွားသည်။

"ငါ့အဖေအရက်သောက်တုန်းက ငါဘယ်လောက်စိတ်ထိခိုက်ခဲ့ရတယ်၊ စိတ်ညစ်ပြီး အားငယ်နေခဲ့ရတယ်ဆိုတာ မင်းအသိဆုံးပါကွာ။ အဲ့ဒီတုန်းက ငါလည်း စိတ်ညစ်တယ်ဆိုပြီး ငါ့အဖေလို အရက်လိုက်သောက်လို့ မင်းလက်ခံမလား၊ မှန်ကန်တဲ့ ထွက်ပေါက်လို့ ပြောမလား"

မြင့်ဆွေ ဆက်မပြောတော့။ ငြိမ်ပြီးသာ နားထောင်နေတော့သည်။

"နောက်ကို ကိုယ်ရော၊ သူတစ်ပါးအတွက်ပါ အကျိုးမရှိတဲ့ အဓိပ္ပာယ်မဲ့ ပေါကြောင်ကြောင် အလုပ်တွေ ဆက်မလုပ်ဖို့ နောက်ဆုံး သတိပေးခဲ့မယ်။ ဆက်လုပ်တယ်ဆိုရင်တော့ မင်းနဲ့ ငါ သေခန်းပြတ်ပဲ။ ငါ ဘယ်အရက်သမား၊ ဖဲသမားကိုမှ သူငယ်ချင်းအဖြစ် ဆက်ဆံပေါင်းသင်းမှာ မဟုတ်ဘူးဆိုတာ မင်းသိထားရင်ကောင်းမယ်"

ညက ခံထားရသမျှတွေကို အတိုးချ၍ ဒေါ်ပွပွနှင့် ကိုယ်ပြောတော့သည်။ တစ်ဖက်က လျှော့ခံထားသဖြင့် နောက်ထပ် တင်း၍မရ။ မကျေမနပ်ပြောဆိုပြီး ကိုယ်ပြန်သွားရသည်။ ပြန်ကာနီးတွင် ...

www.burmeseclassic.com

www.burmeseclassic.com

"လိမ္မာပါ သူငယ်ချင်းရာ။ မိန်းမတစ်ယောက် အတွက်နဲ့ ကိုယ့်ဘဝကို မဖျက်ဆီးလိုက်ပါနဲ့" ဟု ပြောဖြစ်အောင် ပြောခဲ့သေးသည်။

မြင့်ဆွေ စဉ်းစားတွေဝေရင်း ကျန်နေခဲ့တော့သည်။

□ □ □

## (၂၃)

နောက်နှစ်ရက်အကြာတွင် ကိုငယ့်ထံ စာတစ်စောင် ရောက်လာသည်။ မမနွယ်၏ စာ၊ သူဖတ်ကြည့်ရင်း စိတ်မကောင်း ဖြစ်ရသည်။

> တနင်္လာနေ့က အငယ်လာ မလားလို့ မမနွယ်စောင့်နေခဲ့တယ်လေ။ မသီတို့က ရုပ်ရှင်လိုက်ဖို့ခေါ်တာတောင် အငယ်လာရင် လွဲနေမှာစိုးလို့ လိုက်မသွားခဲ့ဘူး။ ဒါပေမယ့် ကျောင်းသာဆင်းရော အငယ်မလာခဲ့ဘူး။ မမနွယ် စိတ်မကောင်းဖြစ်ရတယ်ကွယ်။ နေထိုင်မကောင်းဖြစ်နေလားလို့လည်း စိုးရိမ်မိသေးတယ်။
>
> ဟိုတစ်နေ့က ဘုရားပေါ်မှာ မမနွယ်စကားပြောမှားသွားတဲ့အတွက် အငယ် စိတ်ထိခိုက်သွားရတာကို တွေးမိတိုင်း ဝမ်းနည်းနေမိတယ်။ ဒီအတွက် အငယ် စိတ်ညစ်ပြီး မမနွယ်ကို လာမတွေ့တော့တာလား လို့လည်း တွေးမိခဲ့တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



မမနွယ်အမြိုးရိုးတွေးပြီး ဝမ်းနည်းနေရပါတယ်။ အငယ့်ကိုလည်း မမနွယ်တောင်းပန်ပါတယ်။ မမနွယ်အပေါ် အငယ့်သဘောထား ပြောင်းသွားမယ်ဆိုရင်လည်း ခွင့်လွှတ်ပါတယ်။ မမနွယ်ဆီကို အငယ် လာချင်စိတ်ရှိမှလည်း လာပါတော့လေ။ မမနွယ် သဘောပေါက် နားလည်နိုင်အောင် ကြိုးစားပါ့မယ်။

တို့မောင်နမတွေ ပိုင်ဆိုင်ခွင့်ရနေတဲ့ ပျော်ရွှင်စရာနေ့ရက်လေးတွေ ကုန်ဆုံးတော့မယ် ထင်ပါရဲ့ကွယ်။

မမနွယ် စာဖတ်ပြီး ကိုငယ် ငိုင်သွားသည်။ ရင်ထဲက သံယောဇဉ်နွယ်ပင်က တင်းကြပ်စွာ ရစ်ပတ်နှောင်ဖွဲ့နေပြီဟု ခံစားနားလည်လာရသည်။ ဝမ်းနည်းစရာ အတွေးများကိုလည်း သူ မတွေးချင် တွေးချင် တွေးလာရသည်။ သူ့အတွက် မမနွယ်လည်း ခံစားနေရမှာပဲ ထင်ပါရဲ့။ မမနွယ်ရယ် ...ဝေဝေဝါးဝါးနဲ့ ခံစားနေကြရမယ့် အတူတူတော့ နှလုံးသားအလိုလိုက်ကြပါစို့လားလို့ သူ တိုက်တွန်းချင်လိုက်တာ။

ဒါပေမယ့်လေ ...

သူ သိပါတယ်။ မဖြစ်နိုင်ဘူးဆိုတာ ပြောရင် ကြားရတဲ့ သူ ယုံမှာ မဟုတ်ပါဘူး။ မမနွယ် သူ့အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ သူ သိပါတယ်လေ။ သူ့အပေါ် သိပ်သံယောဇဉ်ကြီးပေမယ့် သူ့လည်ပင်းမှာ ချစ်ပန်းကုံး ဘယ်တော့မှ စွပ်မှာ မဟုတ်ပါဘူး။ ဘဝဆိုတာ အချစ်တစ်ခုတည်းနဲ့ တည်ဆောက်နိုင်တာမှ မဟုတ်တာ။ အချစ်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းလေးတစ်ခုဘဲ မဟုတ်လား။ အထင်ကြီးတဲ့စိတ် အားကိုးလိုတဲ့စိတ် မှီခိုတွယ်တာချင်တဲ့ စိတ်မရှိဘဲ ချစ်သူလို့ ဘယ်လို သတ်မှတ်နိုင်မှာတဲ့လည်းလေ။



မမနွယ်ရယ် –

အချစ်နဲ့ပတ်သက်လာရင် အလိုလိုကံဆိုးပြီးသားဖြစ်နေရပါပကော။ ပိုင်ဆိုင်လိုခြင်းကို မစဉ်းစားရသေးခင် စွန့်လွှတ်နိုင်ဖို့ သတ္တိကို အားမွေးနေရတဲ့ဘဝပါ။

ဆုံးရှုံးမှုကို ကြိုသိနေရက်နဲ့ သေးမျှင်တဲ့ မျှော်လင့်ချက်ကလေးနဲ့ အချစ်ရဲ့ ပျော်ရွှင်မှုလေးတွေကို ရယူနေချင်တာ မိုက်မဲရာ ကျသလိုဝဲနော်။

မရေရာတဲ့ အနာဂတ်ကာလအတွက် လှပတဲ့ အိပ်မက် ကလေးတွေကို မက်နိုင်ခွင့်တော့ ရသင့်ပါတယ် မမနွယ်။

ဆုံတွေ့ခဲ့ရတဲ့ ကြည်နူးချမ်းမြေ့စရာ နေ့ရက်လေးတွေကို ဘဝတစ်သက်တာလုံးအတွက် ရင်ထဲမှာ လုံခြုံစွာ သိမ်းဆည်းသွားပါ့မယ်။

ကမ္ဘာတည်သရွေ့ မေ့ရက်နိုင်စရာ မရှိတော့ပါဘူး မမနွယ်ရယ်။

ကိုငယ်သည် ရင်ထဲမှာ ခံစားနေရသမျှတွေကို ဒိုင်ယာရီထဲတွင် ရေးချလိုက်လေသည်။ ထိုညက တော်တော်နှင့် အိပ်မပျော်။ အပြင်တွင် လ,သာနေသည်။ အခန်းအပြင်ဘက်က လှမ်းကြည့်လိုက်တော့ ရှန်းလက်တောက်ပသော လပြည့်ဝန်းကြီးကို ကြည်နူးလွမ်းဆွတ်စရာ မြင်လိုက်ရသည်။ အစိမ်းရောင်သစ်ရွက်များပေါ်တွင် ငွေလရောင်က ထိုးကျနေသဖြင့် သစ်ရွက်တို့ **တလက်လက်** တောက်ပနေသည်။ ညင်းသွဲ့သွဲ့ လပြည့်သည် အလွမ်းတေးတစ်ပုဒ်ကို သီကျူးနေသကဲ့သို့ သာသာအေးအေး လှုပ်ရှားတိုက်ခတ်နေသည်။ ငွေလရောင်အောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် လမ်းလျှောက်ချင်စိတ်ပေါက်လာသည်။ အင်မတန်လှပ သာယာဖွယ်ကောင်းသော ထိုညမျိုးမှာ အိပ်ပစ်ရမှာ နှမြောနေမိသည်။

ကိုယ်သည် အဆောင်မှ ထွက်လာပြီး အဓိပတိလမ်းကြီးပေါ် လျှောက်လာသည်။ လတ်ဆတ်လန်းဆန်းသော ည၏ အေးမြသောလေကို လက်နှစ်ဖက်ဆန့်တန်း၍ အားပါးတရ ရှူရှိုက်လိုက်သည်။ ယွတ်လွတ်လပ်လပ်တစ်ယောက်တည်း လမ်းလျှောက်ရတာ အရသာတစ်မျိုးပဲဟု သူ တွေးနေမိလိုက်သည်။ လမ်းလျှောက်နေရင်းမှ ခရေပန်းရနံ့ကို သတိရမိသည်။ ယခုနေ ခရေပန်းသွားကောက်ရရင် ကောင်းမှာဘဲဟု စိတ်ကူးရလာသည်။ သူ ခရေပန်းရနံ့ကို သိပ်ကြိုက်သည်။ ပွင့်ကြွေပန်းလေးဖြစ်သော်လည်း မွှေးပျံ့သော ကိုယ်ပိုင်ရနံ့ရှိသဖြင့် သူနှစ်သက်သဘောကျသည်။

သူခြေလှမ်းသည် ဘီအိုစီကောလိပ်အောင်ရှိ ခရေလမ်းဆီသို့ ဦးတည်လာခဲ့သည်။ စောစောက မမနွယ်နှင့် ပတ်သက်သော နောက်တွဲသည့် အတွေးများ ခေါင်းထဲမှာ တစ်စစနှင့် ဝေဝါးလာတော့သည်။ ရင်ထဲမှာ ခံစားနေရသော်လည်း စိတ်နောက်ကျိုခြင်း မဖြစ်တော့။ လွမ်းဆွတ်တသခြင်းနှင့် အတွေးတို့ ကြည်လင်ပြတ်သားလာသည်။ သူ ကဗျာစပ်ချင်စိတ်ပေါက်လာသည်။ သူခေါင်းထဲသို့ ကာရန်တချို့ဝင်လာသည်။ သူ ခရေပင်အောက်ရောက်လို့ ခရေပန်းကောက်တော့ မမနွယ်ကိုသတိရနေသည်။

ခရေပင်အောက်၊ ကြွေပန်းကောက်တိုင်း
တစ်ယောက်သူ့အား၊ အလွမ်းသားလေ။

သူ ညည်းမိသည်။ ခုလို လ,သာတဲ့ညမျိုးမှာ ခရေပင်



အောက်တွင် သူချစ်သော မမနွယ်နှင့် ကြွေပန်းအတူကောက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ချစ်တေးတွေ သူသီလို့ ချစ်ရည်ရွှန်းလဲ့တဲ့ အပြုံးတွေနဲ့ အပြုံးချင်း ဖလှယ်ခွင့်များ ရလျှင် သူ့ဘဝတစ်သက်တာအတွက် လုံလောက်ပါပြီလေ။

ကြည်နူးဖွယ်စိတ်ကူးများနှင့် သူ ခရေပန်းလေးတွေ ကောက်ပါသည်။ တစ်ပွင့်၊ နှစ်ပွင့်၊ သုံးလေးပွင့်။ လက်ခုပ်ထဲမှာ တဖြည်းဖြည်းနှင့် အပွင့်လေးတွေ များ၍နေပြီ။ တော်လောက်ပါပြီလေ။ မွှေးပျံ့တဲ့ ခရေရနံ့ကို သူ ကျေနပ်စွာ ရှူရှိုက်ခွင့်ရပြီဘဲ။ သူပြန်တော့မည်လုပ်တော့ ပုဂံဆောင်ဂိတ်ဝနားမှာ အဖွဲ့တစ်ဖွဲ့ရောက်လာသည်။ မယ်ဒလင်ဟွေ တယောတွေနဲ့ သီချင်းဆိုဖို့ပဲ။ သူ ခရေပင်အောက်က အုတ်ခုံလေးပေါ်တွင် မပြန်သေးဘဲ ထိုင်ကြည့်နေလိုက်သည်။

"ချစ်ရေးခင်ရေး လိုက်လေထေးတယ် ××× စိမ်ခေါ်ပါလို့ ပြေးလေသလားကွယ်။ လှမ်းလင့်သူ့အား ××× မြူသလိုလိုနယ် ××× ယိမ်းနွဲ့လှုပ်ရှား ××× ရှောင်ဖယ် ရှောင်ဖယ် ××× မာယာတွေ ပိုလွန်းသူရယ် ×××"

မောင်မောင်ညွှန့် သီဆိုခဲ့သည့် ဂီတနက်သန် ကိုစောညိမ်း ၏ "စိမ်း" သီချင်းကို ခံစားမှုအပြည့်နှင့် သီဆိုနေတော့သည်။ အလွမ်းဓာတ်ခံရှိနေသော ကိုငယ့်အဖို့ ဆွေးမြေ့ကြေကွဲစွာ နားထောင်ခဲ့ရသည်။ အဆိုကလည်း ပိုင်၊ တီးလုံးကလည်း ပြိုင်သဖြင့် သီချင်းပြီးဆုံးသွားမှန်း မသိအောင် သီချင်းသံထဲတွင် နစ်မြောသွားမိသည်။

ထိုသီချင်းကို ခံစားမှုနှင့် သေချာစွာ နားထောင်မှ အချစ်ကို သူ သေချာစွာ ခံစားနားလည်လာတော့သည်။ အချစ်ဆိုတာ လိုက်လေဝေးလေပဲဟု သူ သိလိုက်ရတော့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



နှောင်းခဲ့ပြီ။ သူနှလုံးသားသည် မမနွယ်ကို ချစ်ရသော အချစ်ကြောင့် တစ်စစီပဲ့ကြွေခဲ့လေပြီ။ မပိုင်ဆိုင်နိုင်မှန်းသိရက်နှင့် ဝိပါတ်ကြမ္မာငင်ပြီး အချစ်ကြီးခဲ့မိသော သူ့အဖြစ်ကို သူဘာသာ တစိမ့်စိမ့်တွေးပြီး ကြေကွဲနေမိတော့သည်။

သို့သော်လည်း ရင်ထဲရှိသမျှတော့ မမနွယ်ကို သူ ပေးခဲ့ချင်သည်။ တပင်တပန်း ကောက်ယူစုဆောင်းခဲ့သော ကြွေပွင့်လေးတွေကိုပါ ချစ်သက်ကိုယ်စားလက်ဆောင်ပါးချင်သော စိတ်ကလည်း ရှိနေသေးသည်ကို ဖဲ့ဖြဲစွာ သူ သတိပြုမိသည်။

ဖျတ်ကနဲ ခင်မျိုးကြွယ်ကို သတိရလိုက်သဖြင့် မှုန်ဝါးသော မီးရောင်အောက်မှ ပြည်ကျောင်းဆောင်ကို စောင်းငဲ့ကြည့်မိသေးသည်။ ညက သူတို့အဆောင်နားမှာ တစ်ယောက်တည်း ခရေပန်းကောက်လာသည်ဆိုလျှင် ခင်မျိုးကြွယ် တအံ့တသြတွေးတောပေရော့မည်။

"အကြွယ့်ကို သတိရလို့ အဆောင်နားကို ညဘက်ကြီး လာမိသေးတယ်" လို့ မုသားစကားကို ဆိုလိုက်လျှင် သူမ သိပ်ပြီး ဝမ်းသာသွားမှာပဲ။ "သတိတရနဲ့ ကြွေပန်းလေးတွေတောင် ကောက်ထားသေးတာ။ အကြွယ်ကြိုက်ရဲ့လား ဟင်" ဆိုပြီး ခရေပွင့်လေးတွေ လက်ဆောင်ပေးလိုက်လျှင် သိပ်ကြည်နူးသွားရှာမှာပဲ။

လူတစ်ယောက်ရဲ့ မုသားစကားဟာ လိုလားသူအ တွက် ပျားသကာအလားပဲ။ အချစ်ကို တန်ဖိုးမထားဘဲ ရည်းစားထားချင်သူတွေအတွက်တော့ မုသားစကားဟာ ထက်မြက်တဲ့ လက်နက်ပဲ။ ကိုငယ်သည် သူဘာသာ တွေးရင်း ပြုံးလိုက်သည်။ ယခု သူကောက်ထားသော ခရေပန်းကို မမနွယ်ပေးလိုက်လျှင် သူ့အတွက် ရနိုင်သည့် တုန့်ပြန်မရှလာ



သည် မထင်ရှား၊ မှသိသာနိုင်။ ခင်မျိုးကြွယ်ကိုသာ ပေးလိုက်လျှင် သိသာ ထင်ရှားသော တုန့်ပြန်မှုမျိုးကို သေချာစွာ ရရှိပေလိမ့်မည်။

သို့ရာတွင် သူသည် မမနွယ်ကိုပဲ ပေးပါမည်။ ကိုယ်အနှစ်သက်ဆုံးသူကို ပေးလိုက်ရတာကိုက ကျေနပ်နှစ်သိမ့်ကြည်နူးစရာပဲ မဟုတ်လား။

သူ ခရေပန်းလေးတွေကို ဖွဖွလေးကိုင်ပြီး အုတ်ခုံပေါ်က ထလိုက်သည်။ သူ့အဆောင်ဆီသို့ နွေးထွေးလေးလံသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း လှမ်းခဲ့သည်။ တနင်္လာနေ့က သူ မလာသဖြင့် အမျိုးမျိုးတွေးပြီး ဝမ်းနည်းအားငယ်နေသော မမနွယ်ကို သူ ခရေပန်းလေးတွေ လက်ဆောင်ပေးရင်း ချော့မော့ရဦးမည်ဟု သူ တွေးနေ၏။ သမုဒယအကျဉ်းထောင်တွင် သူ့ ဘာသာ သွားရောက် အချုပ်နှောင်ခံတော့မည်ဟု ရဲတင်းစွာ သူ ဆုံးဖြတ်ထားတော့သည်။

ကိုငယ်သည် ကြည်နူးစရာ လရောင်အောက်တွင် ဝမ်းနည်းဖွယ် အဆွေးများကို သူတွေးနေတော့သည်။

"တို့မောင်နှမတွေ ပိုင်ဆိုင်ခွင့်ရနေတဲ့ ပျော်ရွှင်စရာ နေ့ရက်လေးတွေ ကုန်ဆုံးတော့မယ် ထင်ပါရဲ့ကွယ်" ဟူသော မမနွယ်၏ ညည်းညူသံလေးကိုလည်း နားထဲတွင် ပြန်ကြားနေမြန်သည်။

"မမနွယ်အပေါ် အငယ့်သဘောထားပြောင်းသွားမယ်ဆိုရင်လည်း ခွင့်လွှတ်ပါတယ်"ဆိုသော မမနွယ်စကား၏ အနက်အဓိပ္ပာယ်ကိုလည်း သူ တွေးတောစဉ်းစားမိပြန်သည်။

မမနွယ်အပေါ်ထားတဲ့ ကျွန်တော့်ရဲ့ မေတ္တာ ဓာတနာ အတြင်နာတွေ တစ်ဆဲခြည်မျှင်မျှ ရွေ့လျား

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားမှာမဟုတ်တဲ့အတွက် မမနွယ်အပေါ် ထားတဲ့ ကျွန်တော့်ရဲ့ သဘောထားဟာလည်း ကျောက်စာတိုင်လို ခိုင်ခိုင်မတ်မတ် တည်ရှိနေမှာပါ မမနွယ်ရယ်။ ပြောင်းလဲပြင်ဆင်နိုင်စရာ အကြောင်းမရှိနိုင်ဖူးဆိုတာ မမနွယ်ယုံအောင်ပြောချင်တယ်။ ဒါပေမယ့် မမနွယ် ယုံချင်မှယုံပါ။ ကျွန်တော် မတိုက်တွန်းလိုပါဖူး။ မယုံချင်လို့ ပုံပြင်ပမာ သဘောထားမယ်ဆိုလည်း နားလည်သဘောပေါက်ပြီး ကျွန်တော် ခွင့်လွှတ်မှာပါ။ ကျွန်တော်က ချစ်နေရသူဆိုတော့ အရာရာလိုက်လျော သည်းခံခွင့်လွှတ်ရမှာပဲ မဟုတ်လား။ ချစ်တဲ့သူ့ အရှုံးဆိုတဲ့ အချစ်နိယာမ တည်ရှိနေခဲ့ပြီး မဟုတ်လား မမနွယ်ရယ်။

ကိုငယ် မမနွယ်ကိုပြောပြချင်သော စကားတွေကို ရင်ထဲမှာ စီကုံးနေမိသည်။ အခွင့်သင့် အခါကြုံလျှင် ပြောနိုင်ရန်အတွက် သူ ကြိုတင်စဉ်းစားထားသည်။ လရောင်အောက်တွင် မမနွယ်နှင့် ပတ်သက်သော အတွေးတို့သည် အေးမြနေပါသည်။ သူ့ရင်ကို ပူပြင်းတောက်လောင်ခြင်း မရှိတော့ပေ။ ပိုင်ဆိုင်လိုခြင်း ကို စွန့်လွှတ်ထားမှတော့ မပိုင်ဆိုင်ရမှာစိုးသည့် ကြီးမားသော ဒုက္ခကို ခံရစရာ အကြောင်း သိပ်မရှိ။ သူ နေတတ်ပါသည်။ ကျေနပ်ပါသည်။

ကိုငယ်သည် သူ့အတွေးတွေကို သူ့ဘာသာကျေနပ်ပြီး ပြုံးသည်။ ပြီးတော့ ဂေးတစ်ဂကို သူ့နှုတ်မှ ဆိုညည်းလိုက်မိသည်။ ကိုယ့်အသည်းပွင့်ဦးပန်း ×× လှမ်းလင့်လို့ယူ - သခင် ×× ရင်မှာ အကြွင်နှာထားလို့ ×× သစ္စာတရားကို သိနားလည်မယ်ထင် မေတ္တာသမားမို့ မောင့်အားညာစေချင် ×× မောင့်အားညာစေချင် ××× မောင့်ဘဝ ကြွေမှု ... သခင်။

□ □ □

(၂၄)

သောကြာနေ့၊ နေ့လည် အားလပ်ချိန်တွင် ကိုငယ် မမနွယ်ဆီသွားသည်။ ရုပ်ရှင်သွားကြည့်ဖို့ မမနွယ်တို့ စီစဉ်နေကြသည်။ ကိုငယ်ရောက်လာသဖြင့် မမနွယ် ဝမ်းသာသွားသည်။ သူငယ်ချင်းအတွဲများနှင့် မမနွယ်လိုက်ရမည်ကဲ့သို့ ရှိနေစဉ် ကိုငယ်သည် သူ့အတွက် အဖော်ဖြစ်သွားသဖြင့် ရုပ်ရှင်လိုက်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော်လည်း ကိုငယ့်စိတ်ကို သူ အပိုင် မတွက်ရဲ။

"အငယ်ရောက်တာနဲ့ အတော်ပဲ၊ မမနွယ်တို့ ရုပ်ရှင်သွားကြည့်မလို့၊ အငယ်ရော အားရဲ့လား"

မမနွယ်က အငယ့်ကို မဝံ့မရဲ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ် မမနွယ်ကို အားနာသည်။ သူ ရုပ်ရှင်ကို သိပ်မလိုက်ချင်။ ညနေပိုင်းတွင် အရေးကြီးသော ဘာသာရပ်ပြန်တက်ရမည်။ မမနွယ်နှင့် တစ်နာရီလောက်တွေ့ပြီး သူ အတန်းပြန်တက်မည်ဟု စိတ်ကူးထားခဲ့သည်။ သို့သော်လည်း မလိုက်ခဲ့လျှင် မမနွယ် တစ်မျိုးတွေးပြီး စိတ်မကောင်းဖြစ်မှာလည်း သူ စိုးရိမ်သည်။ မမသီတို့ ပြောနှင့်ထား၍ ခင်မျိုးကြွယ်နှင့် သူ ရုပ်ရှင်ကြည့်တာ သိနေမှာ သေချာသည်။ ပြီးတော့ မမနွယ် သူ့အတွက် အမျိုးမျိုးတွေးပြီး စိတ်မကောင်းဖြစ်နေခဲ့သည်ဆိုတော့ သူ မမနွယ်စိတ်ကျေနပ်အောင် လိုက်လျောသင့်သည်ဟု သူ တွေးမိသည်။

"အားပါတယ် မမနွယ်ရဲ့။ လိုက်စေချင်လိုက်ပါ့မယ်"

မမနွယ် မျက်နှာကြည်လင် ဝင်းလက်သွားသည်။

"ဘယ်လိုလဲ မိနွယ်လိုက်မှာလား" ဟု သူ့ သူငယ်ချင်းက မေးတော့ မမနွယ် ခေါင်းညိတ်လိုက်သည်။ သူ့ သူငယ်ချင်း နီရင်းနှင့် သူ့အမျိုးသားက ဦးဆောင်သွားသည်။ မမနွယ်နှင့် အခြား အဖော်နှစ်ယောက်ပါသေးသည်။ မမသီတို့ကို မတွေ့ရ။

"မမသီတို့ မတွေ့ပါလား"

ကိုငယ်က သတိတရ မေးလိုက်သည်။

"ကိစ္စရှိလို့ဆိုပြီး စောစောကပဲ ပြန်သွားလေရဲ့"

မမနွယ်က ပြုံးရွှင်စွာနှင့် သူ့ကို စိုက်ကြည့်ပြီး ပြန်ပြောသည်။

"မသီက အငယ့်ကို မေးစရာရှိလို့တဲ့"

"အချိန်မရွေးမေးလို့ရပါတယ်လို့ ပြောလိုက်ပါ၊ မမသီကိုယ်တိုင် မမနွယ်က မေးမယ်ဆိုရင်လည်း အမှန်အတိုင်းဖြေပါ့မယ်"



"မသီက မေးချင်တာပါ"

သည်တစ်ခါ မနွယ်က မပွင့်တစ်ပွင့်နှင့် ပြန်ပြောသည်။ တစ်လမ်းလုံး တိတ်တိတ်ဆိတ်ဆိတ် နေသည်။ ဘတ်စကားဂိတ်ရောက်မှ ...

"တနင်္လာနေ့က မမနွယ်ကျောင်းချိန်ကုန်တဲ့အထိ အငယ်လာမလားလို့ ထိုင်စောင့်နေတာ"

"စိတ်မကောင်းစရာပါပဲ မမနွယ်ရယ်။ တဲ့ဒီနေ့က ကျွန်တော်လည်း စိတ်ညစ်ညစ်ရှိတာနဲ့ ဘုရားသွားပြီး ပုတီးစိပ်ခဲ့တယ်။ ဘုရားပေါ်မှာ အထက်တန်းကျောင်းတုန်းက အတူနေခဲ့တဲ့ ခင်မျိုးကြွယ်နဲ့ မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့တယ်။ သူခေါ်တာနဲ့ သူနဲ့အတူ ရုပ်ရှင်သွားကြည့်ဖြစ်ခဲ့တယ်။ ရုံထဲမှာ မမသီနဲ့တွေ့တယ်လေ"

"မသီပြောပါတယ်။ အငယ်တို့နှစ်ယောက်တည်းတဲ့။ ကောင်မလေးက ချောတယ်တဲ့။ အငယ်နဲ့လည်း လိုက်တယ်တဲ့"

မမနွယ်အသံကို တိုးညှင်းသွားသည်။ ဝမ်းသာအားရ မရှိလှတော့။

"ကျောင်းတုန်းက အငယ့်ကို စာကူးပေးတဲ့ကောင်မလေးလား"

"ဟုတ်တယ်"

"တက္ကသိုလ်မှာ ပြန်တွေ့ရတာ ဝမ်းသာစရာပေါ့နော်"

အဓိပ္ပာယ်နှစ်ခွ ထွက်စေသော စကားမှန်း ကိုငယ်သိလိုက်သည်။ ခနဲ့တဲ့တဲ့နှင့် မနာလိုစိတ်ကြောင့် မေးခြင်းမျိုးလည်း မဟုတ်၊ ခွင့်လွှတ်ခြင်း သဘောဆန်သည့်မေးခြင်းမျိုးလည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘတ်စ်ကားရောက်လာသဖြင့် ကိုယ်ပြန် မပြောလိုက်ရ။ ကားပေါ်သို့ တက်ကြသည်။ ရုပ်ရှင်ရုံရောက်တော့ နိုင်ငံခြားအမျိုးသားက ဦးဆောင်ပြီးလက်မှတ်ဝယ်သည်။ မမနွယ်နှင့် သူက အစွန်ဆုံးဘက်မှာ။ ကိုယ်က အစွန်ဆုံးခုံမှာ ထိုင်သည်။ မမနွယ်က နေကြာစေ့ထုပ် လှမ်းပေးသည်။ သူ နေကြာစေ့ ဝါးနေသည်။ စောစောက စကားကို မမနွယ်က ဘာမှဆက်မပြောတော့။ ကိုယ်ကလည်း ဘာမှ ဆက်မပြောချင်။ တခြားစကားကို စဉ်းစားပြီး လမ်းကြောင်းပြောင်းလိုက်သည်။

"မမနွယ်ရေးလိုက်တဲ့ စာရပါတယ်၊ ကျွန်တော်မလာတဲ့အပေါ် အမျိုးမျိုးတွေးပြီး ဝမ်းနည်းနေရတယ်ဆိုတာ သိရလို့ စိတ်မကောင်းပါဘူး"

မမနွယ် နေကြာစေ့ကို ဝါးနေသည်။ ပိတ်ကားပေါ်သို့ မျက်စိကို စူးစိုက်ထားသည်။ ပိတ်ကားပေါ်မှ ကြော်ငြာတွေကို ကြည့်နေသလို လုပ်နေ၏။ မမနွယ် ဘာစကားမှ ပြန်မပြောသဖြင့် ကိုယ်လည်း အလိုက်သိစွာ နှုတ်ဆိတ်နေလိုက်သည်။ ရုပ်ရှင်ပြသည်။ "ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း" ဇာတ်ကား။ ရုပ်ရှင်ကြည့်နေသော်လည်း နှစ်ယောက်စလုံး ရုပ်ရှင်ထဲတွင် စိတ်မရှိ။ တစ်စုံတစ်ခုကို မေးချင် ပြောချင်နေကြမှန်း သိသော်လည်း သူ မမေး၍ ကိုယ်မပြော။ ကိုယ်မပြော၍လည်း သူလည်း မမေး။ သို့သော်လည်း ကြာကြာထိန်းချုပ်၍ မရနိုင်။ မမနွယ်က လေသံသဲ့သဲ့နှင့် စ, မေးသည်။

"အာလိန်ငါးဆင့်ဘုရားမှာတုန်းက မမနွယ်ပြောတာ စိတ်ဆိုးသွားလား ဟင်"

"မမနွယ်ကို စိတ်မဆိုးပါဘူး။ ကိုယ့်ဘာဝကိုယ် အားငယ်သွားမိတာ တစ်ခုပါပဲ"



"မမနွယ်ပြောပြီးမှ မှားမှန်းသိပြီး စိတ်မကောင်းဖြစ်ရတယ်ကွယ်"

"ကိစ္စမရှိပါဘူး မမနွယ်ရာ၊ မမနွယ်စကား မမှားပါဘူး"

"ဒါဖြင့် တနလ်ာနေ့က ဘာလို့ မလာလဲဟင်"

အလစ်တွင် မမနွယ်က ကောက်ကာငင်ကာ မေးလိုက်သည်။

ကိုယ် ရုတ်တရက်ချက်ခြင်း မဖြေသေး၊ နေကြာစေ့ ဝါးလိုက်သေးသည်။

"စိတ်အားငယ်ပြီး စိတ်မကောင်းဖြစ်နေတဲ့အချိန်မှာ မမနွယ်နဲ့ မတွေ့ချင်ဘူး"

"ဘာဖြစ်လို့လဲကွယ်၊ အဲ့ဒီ အချိန်မျိုးမှာ မမနွယ်က အငယ့်ကို အားပေးနှစ်သိမ့်မှာပဲလို့ အငယ်မတွေးခဲ့မိဖူးလား"

ကိုယ် စဉ်းစားစရာတစ်ချက်အဖြစ်နှင့် ခေါင်းထဲ ထည့်တွေးလိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် အဲ့ဒီအချိန်မှာ ကျွန်တော်စကားပြောမှားမှာ စိုးတယ်၊ ပြီးတော့လည်း ကျွန်တော့်ရဲ့ စိတ်ထိခိုက်မှုတွေကို မမနွယ်ဆီကူးစက်ပြီး မမနွယ်ကိုပါ စိတ်မကောင်း ဖြစ်သွားမှာစိုးတယ်လေ"

မှောင်ရိပ်ထဲတွင် မမနွယ်မျက်နှာကို မမြင်ရ၊ ပြုံးနေသလား၊ မဲ့နေသလား သူစဉ်းစားမရ။

"အငယ်မလာတော့လည်း ဘာထူးလို့လဲကွယ်၊ အမျိုးမျိုးတွေးပြီး စိတ်မကောင်းဖြစ်နေရတာပဲ မဟုတ်လား"

မမနွယ် စကားမှာ ခံစားမှုအပြည့်ပါနေသည်။ မတိုးမကျယ်လွှန်းဘဲ စိတ်ထိခိုက်သည့် လေသံမျိုး ပါသွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော့် အပြစ်ပါ"

ဝန်ခံစကားကို ကိုယ်ပြောရတော့သည်။ မမနွယ် အပြစ်တင်ဝေဖန်ခြင်း ပြန်မပြု။

"တို့မောင်နှမတွေရဲ့ ပျော်ရွှင်ကြည်နူးစရာနေ့ရက်လေးတွေကို အကြောင်းမဲ့ မဆုံးရှုံးသွားစေချင်ဖူးကွယ်"

"ကျွန်တော် သဘောပေါက်ပါတယ်"

မမနွယ်သည် စကားကို ပြန်မဆက်တော့ဘဲ ရုပ်ရှင်ကို ပြန်ကြည့်သည်။ သို့သော်လည်း စိတ်မဝင်စားသဖြင့် ဇာတ်ကားကို အဆက်အစပ် သူ မသိတော့ပေ။ သူ နေကြာစေ့ပဲ ဝါးနေလိုက်သည်။ မမနွယ်အနားမှာ အတူနေရသော်လည်း အနေဝေးသလို ခံစားနေရသည်။ ဘာစကားမှ ဆက်မပြောတော့သဖြင့် စိတ်ကျဉ်းကြပ်သလို ဖြစ်လာသည်။

"မမနွယ်နဲ့ အခုလိုအတူ သွားလာစားသောက်နေထိုင်ခဲ့ရတဲ့ နေ့ရက်ကလေးတွေကို ဘဝတစ်သက်တာလုံး အမှတ်ရတမ်းတနေရမှာပါ"

သူက ပြန်၍ စကားစသည်။

"မမနွယ်လည်းအငယ့်လိုပါပဲကွယ်၊ မေ့လို့ရမှာမဟုတ်ပါဘူး"

ညည်းညူသလိုနှင့် လေသံတိုးတိုးလေးကြားရသည်။ ကိုယ်သင်းနံ့ မွှေးမြမြကိုလည်း သတိပြု ရှူရှိုက်မိလိုက်သည်။ လက်မောင်းချင်းထိလုလု ဖြစ်နေတာကိုလည်း တွေးမိပြီး ရင်ခုန်ချင်လာသည်။ ကိုယ်သက်ပြင်း မှှင်းမှှင်းချလိုက်မိပါသည်။

"ကြည်နူးစရာ ဘဝတိုတိုလေးကို မကုန်ဆုံးသွားအောင် မတားဆီးနိုင်တော့ဘူးလား မမနွယ်ရယ်"



တောင်းပန်သည့် လေသံမှန်းသိစေသည်။ အားလျှော့သံ စွက်နေ၏။

"တားဆီးလို့ကော ရနိုင်မှာတဲ့လား"

"ထင်တာပဲလေ"

မှောင်ရိပ်ထဲတွင် မမနွယ် ခေါင်းခါနေသလား။ သက်ပြင်းတွေ တိတ်တခိုး ချနေမှာလား။ သူ မှန်းဆကြည့်နေမိတော့သည်။

ဝေခွဲမရသော ခံစားမှုမျိုး မမနွယ်တွင်ရှိနေပြီလားဟု သူ သံသယဖြစ်ချင်သည်။ ရင်ထဲတွင် ကတုံကယင်နှင့် တင်းကြပ်ဆို့နင့်လာသည်။ တစ်ခုခုကို ပြောလိုက်လျှင် ရင်ပေါ့သွားမည်မှန်း သိသည်။ ပြောရ မပြောရ ချင့်ချိန်ဝေဖန်နေတုန်းမှာပဲ ရုပ်ရှင် ပြီးသွားတော့၏။

"အငယ် တနင်္လာနေ့လာဦးမလားဟင်"

မတ်တပ်ထရပ်လိုက်ရင်း မမနွယ်က မေးလိုက်သည်။

"လာခဲ့မယ်လေ"

"သည်လိုဆို မမနွယ် ထမင်း ပို့ထည့်ခဲ့မယ်နော်။ ခါတိုင်းလိုပဲ ထမင်းစားကြရအောင်"

ကိုယ် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

ရုံပြင်ရောက်တော့၊ သူ့ကို ကားဂိတ်အထိလိုက်ပို့ပြီး ကိုယ် အဆောင်ပြန်သည်။ သွားရမည့် ခရီးကဆန့်ကျင်ဘက် ဖြစ်ပြီး ဝေးကွာလွန်းလှသည် မဟုတ်၍ တစ်ဦးကိုတစ်ဦး လိုက်မပို့ဖြစ်။

လမ်းတွင် ကိုယ် တွေးနေသည်။ စိတ်ကူးထဲတွင် ချစ်သူအမှတ်နှင့် လက်ခံဆက်ဆံနေသော်လည်း တကယ်လက်

www.burmeseclassic.com

www.burmeseclassic.com

တွေ့တွင် သူသည် မမနွယ်ကို ဘာကြောင့်လေးစား ကြောက်ရွံ့နေရသနည်း။ တစ်စုံတစ်ရာကို ဘာကြောင့် ဖွင့်မပြောရဲခဲ့သနည်း။ သူကိုယ်သူ အဖန်ဖန် အထပ်ထပ် မကျေမနပ်ဖြစ်နေရလေသည်။

သို့သော်လည်း သူတွင် ကြည်နူးမှုရှိခဲ့သည်ကိုတော့ သူ ဝန်ခံချင်သည်။ မမနွယ်နှင့်အတူ လည်ပတ်သွားလာ စားသောက်နေရသည်ကို သူ ပျော်မွေ့သည်။ သာယာသည်။ မမနွယ်ကလည်း သူနည်းတူ သာယာနေမှန်း သူ သိသည်။

သို့ရာတွင် တစ်နေ့တစ်လုံးရွှေဥ ဥသော ငန်းကို လောဘကြီး၍ သတ်လိုက်မိသော ပုံပြင်ကို သူ သတိရမိသည်။

ပြီးတော့လည်း ပန်းကို မတွက်မိကပင် အဖြေကို ကြိုသိနေသည်။ အဖြေသည် ကိုယ်ထင်သလို မရနိုင်မှန်း သူ အလိုလိုသိနေသလို ရှိတတ်သည်။ ထိုအခါ သူသည် စိတ်အားငယ်တတ်၏။ ရဲရင့်တက်ကြွခြင်း မရှိတော့။ အမြတ်ရမည်မှန်း မသေချာ၍ မစွန့်စား မရင်းနှီးရဲသူကဲ့သို့တည်း။ အရှုံးပေါ်မည်ကို စိုးရွံ့ထိတ်လန့် နေသူကဲ့သို့တည်း။ စွန့်စားမှုမရှိဘဲ ကြီးကျယ်သော အမြတ်မရနိုင်မှန်းသူ မသိလေရော့လား။ အောင်မြင်မှုကို ဆုံးရှုံးမှာ မကြောက်တတ်သော စိတ်ဓာတ်ဖြင့်သာ ရနိုင်သည်ကို သူ မေ့လျော့နေသလိုပဲ။

စင်စစ်သော် ကိုငယ်သည် မပွင့်လင်း မရဲတင်းသူတည်း။ မစွန့်စားရဲသော သတ္တိနည်းသူတည်း။ သတ္တိနည်းရသည်မှာလည်း သူတွင် ရှိနေသော ခံစားသိကြောင့် ဖြစ်မည်ဟု သူ ထင်နေသည်။ ထိုအသိကြောင့်လည်း သူ ရင်နာရလိမ့်မည်ကို ကြိုသိနေပေတော့သည်။

□ □ □

(၂၅)

တနင်္လာနေ့တွင် ကိုငယ် မမနွယ်ဆီသွားသည်။ သူနှင့်အတူ သူတို့သူငယ်ချင်းတွေစုထုတ်သော "တစ်နေ့သောအခါ" ကဗျာစာအုပ်လေး ပါလာသည်။ မမနွယ်ကို လက်ဆောင်ပေးဖို့ ပါပဲ။

မမနွယ်က သူ့ကို အဆင်သင့်စောင့်နေသည်။ အခန်းလွတ်တစ်ခုထဲတွင် သူတို့ထမင်းစားကြသည်။ မမနွယ်က ငါးဆုပ်ဆီပြန်ဟင်းထည့်လာသည်။

"အငယ် စားနော်။ ငါးဖယ် ငါးဆုပ်ဆီပြန်ဟင်းကို အငယ်ကြိုက်တတ်မှန်း သိလို့ အငယ့်အကြိုက် ငရုပ်သီးပေါ့ပေါ့နဲ့ ချက်လာခဲ့တာ။ မေမေကတောင် မမနွယ်ကိုယ်တိုင် ငရုပ်သီးဝင်ထောင်းပြီး ချက်နေလို့ အံ့ဩနေသေးတယ်။ မေမေချက်ရင် ငရုပ်သီးနည်းနည်းစပ်လို့ အငယ်စားနိုင်မှာ မဟုတ်ဘူးဆိုပြီး မမနွယ်ကိုယ်တိုင် ဝင်ချက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်ကို ဇွန်းထိုးပေးသည်။ စားစေချင်သော စေတနာနှင့် မမန္တယ်က စောင့်ကြည့်နေသည်။ သူ့အပေါ် အကြင်နာ စေတနာတွေ ပိုလွှမ်းသော မမန္တယ်ကို ရွှန်းလဲ့ တောက်ပသော အကြည့်ဖြင့် ကိုယ်က တစ်ချက်စိုက်ကြည့် လိုက်သည်။ မမန္တယ်က ပြုံးနေ၏။ ကိုယ် ဟင်းဖတ်ကို ဆယ်ပြီး တစ်ဇွန်း ခပ်စားလိုက်သည်။

"အား ... ပါး .... ပါး" ဟု အသံထွက်အောင် အော် လိုက်၏။

မမန္တယ်က ရုတ်တရက် စိုးရိမ်သွားကာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ...

"ဘာဖြစ်သွားလို့လဲ အငယ်၊ ငရုပ်သီးများစပ်သွား လို့လားဟင်"

"အကြောပေါင်းတစ်ထောင် ဆိမ့်ပြီး ကောင်းလွန်း အားကြီးလို့ပါ"

ကိုယ်က စပ်ဖြီးဖြီးလုပ်ကာ ဖြေသည်။

"ခွေးဆိုးလေး သည်က ဘာများဖြစ်သလဲလို့ မျက်လုံး ကို ပြူးသွားတာဘဲ"

ကျေနပ်ရွှင်ပြုံးသော မျက်စောင်းလဲ့လဲ့ ထိုးလိုက် သည်။ ကိုယ်ရယ်နေ၏။

"မမန္တယ်လက်ရာက တကယ်ကောင်းတာပဲ။ တစ် သက်လုံးစားနေရရင် ကောင်းမှာ"

ရွှင်ပြုံးနေသော မမန္တယ်မျက်နှာသည်-ချက်ချင်း မှုန် ဝေမှိုင်းပျသွားသည်။



"ကျွန်တော်တို့ မောင်နှမတွေ၊ တစ်အိမ်တည်း အတူ နေပြီး အဖေ၊ အမေတွေနဲ့ ချစ်ချစ်ခင်ခင် နေထိုင်ခွင့်ရရင် သိပ်ပျော်ကြရမှာပဲနော်"

ကိုယ်ချက်ခြင်း စကားကို ဖာထေး လိုက်သည်။ "တကယ့်မောင်နှမ အရင်းသာဆို သိပ်ကောင်းမှာပဲ" ဟု စကား လှအောင် ပြောမိလိုက်သေးသည်။

"သမီးပေးလို့ သားမက်ရဆိုတဲ့ အပေးအယူ မေတ္တာမျိုးထက် မျှော်လင့်ချက် ဘာမှမထားဘဲ ဖြူစင်တဲ့ သံယောဇဉ် မေတ္တာဟာပိုပြီး အေးမြတယ်၊ မြင့်မြတ်တယ်၊ နိုင်မာပါတယ် အငယ်ရယ်။ အပေးအယူရှိတဲ့ မေတ္တာ တတော့ အပေးအယူ အံမဝင်ရင် အဆင်မပြေဖြစ်ပြီး ရင်နာရတယ်။ မမန္တယ် သင်ခန်းစာရခဲ့ပြီးပြီ အငယ်"

မမန္တယ်က သူ့ခံစားချက်နှင့် သူ့အမိပ္ပာယ်နှင့် သူ တွေးတွေးဆဆပြောသည်။ ကိုယ်လည်း ခံစားနားလည်နိုင်ပါ သည်လေ။ စောစောက ပျော်ရွှင်ကြည်နူးနေရသော အပျော် စိတ်များ လွင့်ပါးပျောက်ကွယ်သွားတော့သည်။

"မမန္တယ်အပေါ်ထားတဲ့ ကျွန်တော်မေတ္တာနဲ့ စေတနာဟာ နှင်းစက်ကလေးတွေလို ဖြူဖွေးအေးမြနေ တုန်းပါပဲ မမန္တယ်ရယ်"

ထမင်းခပ်နေသော ဇွန်းကို မမန္တယ်ဘက် ပြန်လှည့် ပေးလိုက်သည်။ လက်သုတ်ပဝါကို ကောက်ယူပြီး နှုတ်ခမ်းသုတ် သည်။ အဆောင် သံဇကာတွေကြားမှ အဝေးကို ငေးမျှော်ကြည့် မိလိုက်၏။ ရင်ထဲမှာ တစ်စုံတစ်ခုကို ခံစားနေရသည်။

"အငယ် စိတ်မကောင်းဖြစ်သွားလားဟင်။ မမန္တယ်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း တစ်ခါတလေ ပြောချင်ရာပြောမိတော့တာပဲ။ အခုတလော အငယ်မကြိုက်တာတွေချည်းဘဲ ပြောမိသလိုပဲကွယ်"

"ရပါတယ် မမနွယ်ရယ်။ ကျွန်တော်ကလည်း အခုတလော အားငယ်စရာအတွေးတွေကိုပဲ တွေးနေမိပြီး ဝမ်းနည်းနေတတ်လို့ပါ"

"ထမင်းစားပါဦး အငယ်ရယ်"

"ကျွန်တော် ဝပြီ မမနွယ်"

"မမနွယ် စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့ကွယ်"

တောင်းပန်သောအကြည့်ဖြင့် မမနွယ်ကြည့်သည်။ စိတ်မကောင်းဖြစ်နေပုံလည်းရသည်။ ကိုငယ် သိလိုက်သည်။ မမနွယ် စိတ်မကောင်းဖြစ်မှာ သူ မလိုလားနိုင်။

ဇွန်းကို ပြန်ယူ၍ ထမင်းခပ်စားလိုက်သည်။ စောစောကလို အရသာမတွေ့။ အရသာခံစားမှုတွေ ဘယ်ရောက်ကုန်မှန်း မသိတော့။ တာဝန်အရ သူ ထမင်းဆက်စားနေသလိုပင်။ မမနွယ် ရိုပ်မိသည်။ စကားလမ်းကြောင်း ပြောင်းလိုက်သည်။ ခုံပေါ်တင်ထားသော ကဗျာစာအုပ်ကို ကောက်ကိုင်ပြီး လှန်ကြည့်နေ၏။

"ကိုငယ်တို့ ထုတ်တဲ့စာအုပ်လား"

"ဟုတ်တယ်"

"ဒီလိုဆို မမနွယ်ဝယ်ပြီး အားပေးရမှာပေါ့။ တစ်အုပ်ဘယ်လောက်လဲဟင်"

ကိုငယ် မမနွယ်ကို ခပ်စိမ်းစိမ်းတစ်ချက်စိုက်ကြည့်လိုက်သည်။ ကိုငယ့် သဘောကို မမနွယ်သိသွားပြီ။ စာအုပ်တန်ဖိုး ဆက်မမေးရဲတော့။



စာအုပ်၏ ပထမစာမျက်နှာတွင် ရေးထားသော စာကြောင်းကို ခုမှ မမနွယ်တွေ့သွားသည်။ စောစောကသာ တွေ့ခဲ့ရင် စာအုပ်ဖိုး မေးမိမှာမဟုတ်။ ဒေါသကူမွှာရ မင်းသားလေးက ငွေရေးကြေးရေးအကြောင်းပြောလျှင် သိပ်မကြိုက်တတ်မှန်း သိရက်နှင့် သွားမေးမိသည်။ မမနွယ် သူ့စကားကို နောင်တရချင်ချင်ဖြစ်သွားသည်။

မမနွယ် ဖတ်ပြီးသိမ်းထားဖို့ ...

မှင် စိမ်းပြာရောင်ဖြင့် လက်ဝဲစာလုံးဆန်ဆန်ရေးထားသော အငယ့်လက်ရေးလေးကို အတန်ကြာကြာ စိုက်ကြည့်နေမိသည်။

ပြီးတော့မှ စာအုပ်ထဲမှ အငယ့်ကဗျာကို လှန်လှောရှာဖွေလိုက်မိသည်။ စာအုပ်၏ အလယ်ခေါင်စာမျက်နှာတွင် အငယ့်ကဗျာကို တွေ့လိုက်ရသည်။

**သစ္စာနည်းသူ**

– အသည်းထောင့်ကြား၊ သိမ်းဆည်းထားသော
စကားတစ်ဆစ်၊ မပြောဖြစ်တာ
(၃)နှစ် ပြည့်ပါတော့မည်ခင်။
– ပြောမယ်ပြောမယ်၊ စိတ်ကြံရွယ်ပြီး
ရင်ဝယ်သိမ်းထား၊ နှလုံးသားကို
စကားအသွင်၊ ပြောင်းရိုဖြင့်လည်း
ခင်သိခဲ့သော်၊ ကိုယ့်အပေါ်မယ်
မတော်တဆ၊မုန်းစာန်ရှလို့
ဒေါသဖြစ်ကာ၊ စိမ်းသွားမှာကို
ကိုယ့်မှာစိုးရွံ့၊ မပြောဝံ့၍
နှုတ်ဆွံ့နေမိပါသည်ခင်။

www.burmeseclassic.com

www.burmeseclassic.com



– ကြော် ... ရင်ထဲမှာပဲ၊ ချစ်နေရဲ့သူ
ကိုယ်လိုလူကို၊ ချစ်သူစင်သာ
မငဲ့ညှာလျှင် ...
ရင်နာရမည် သေရှာသည်။

အမောင်ငယ်

ကဗျာကိုဖတ်ပြီး မမနွယ်စိတ်မကောင်း ဖြစ်သွားသည်။ အငယ်တစ်ဝုံတစ်ခုကို ခံစားနေရပြီဟုလည်း သူ နားလည်လိုက်သည်။ သူ့အဖြစ်မကောင်းဟုလည်း စာနာစိတ်နှင့် သူ တွေးနေမိ၏။

"ဘာရယ်လို့ မဟုတ်ဘဲ၊ စိတ်အတွေးပေါက်တာနဲ့ ရေးချလိုက်တာဘဲ မမနွယ်ရာ"

အဖြစ်မှန်ကို ဖုံးကွယ်လိုဟန်နှင့် ကိုငယ်က ဆင်ခြေပေးစကားကို ဆိုသည်။ ထိုကဗျာကို မမနွယ်ကိုပြရတာ သူ့ကိုယ်သူ မလုံမလဲဖြစ်နေဟန်လည်း ရှိသည်။

"အငယ့်ကဗျာက ကောင်းပါတယ်။ ကဗျာအတိုင်း ခံစားနေရရင်တော့ မကောင်းဘူး"

"ကဗျာဆိုတာ ခံစားမှ ရေးလို့ရတာပဲ မဟုတ်လား မမနွယ်ရာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ မမနွယ်က အငယ့်ကို မခံစားစေချင်ဘူး၊ မမနွယ်လည်း မခံစားချင်တော့ဘူးကွယ်"

စိတ်ပျက်ညည်းညူဟန်ဖြင့် မမနွယ်ဆိုသည်။

"မမနွယ် စေတနာကို နားလည်ပါတယ်။ ဒါပေမယ့်-

ကိုငယ် စကားဖြတ်ထားပြီး မမနွယ်ကို မော့ကြည့်



လိုက်သည်။ သိမ်မွေ့နူးညံ့စွာပြုံးပြီး ကရုဏာမျက်လုံးတွေနှင့် စိုက်ကြည့်နေသော မမနွယ်ကို တွေ့ရသည်။ ကိုငယ် သူပြောချင်သော စကားတို့ကို ဆက်မဆိုချင်တော့။ တံတွေးမြိုချသလို ရင်ထဲကို ပြန်မြိုချလိုက်တော့သည်။ မမနွယ်ကလည်း သူ ဒါပေမယ့်ကို ကြားချင်သော ဆန္ဒပြင်းပြပုံ မရ။ စိတ်မဝင်စားတာ မဟုတ်မှန်းတော့သိသည်။

"အဖြူရောင်နှလုံးသားကို တို့များရင်မှာ ထားကြရအောင်ပါကွယ်"

ဖြောင်းဖျနှစ်သိမ့်သော စကားမှန်းသိသဖြင့် ကိုငယ် နာခံလိုက်ရသည်။

"ကောင်းပါပြီ မမနွယ်ရယ်။ ဖြူစင်တဲ့ မမနွယ်ရဲ့ နှလုံးသားရောင်ပြန်ဟပ်မှုကြောင့် ကျွန်တော့်နှလုံးသားလည်း ဖြူရပါစေ့မယ်"

မသိမသာ အံကြိတ်ပြီး ဝိုင်းစုလာချင်သော မျက်ရည်ဥတို့ကို ထိန်းချုပ်ရင်း မမနွယ်ကို ကိုငယ်ကတိပေးလိုက်သည်။ သူ့ မျှော်လင့်ချက်တွေ တစ်ပုံစီကြွေကျနေပြီကို ဝမ်းနည်းစွာ တွေးနေမိတော့၏။

"မောင်မောင်နဲ့ ပတ်သက်ပြီး မမနွယ် ဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာ အငယ်သိပါတယ်။ ရင်နင့်ကြေကွဲစွာ ခံစားရပြီး တမြေ့မြေ့လည်း ဆွေးနေရတယ်ကွယ်။ အငယ်နဲ့သာ ခုလို ပြန်လည် မဆုံဆည်းခဲ့ရရင် မမနွယ် ဘဝဟာ သွေ့ခြောက် ပြီး အကျည်းတန်နေတော့မှာပဲ။ ဒီအတွက် အငယ့်ကို မမနွယ် သိပ်ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ...

မမနွယ်က သူ့စကားကို ဆက်မပြောချင်တော့ဟန်နှင့်

www.burmeseclassic.com

www.burmeseclassic.com

စကားစဖြတ်လိုက်သည်။ ညှိုးငယ်ရိပ်ဝေစွာဖြင့် အငယ့်ကို ငေးစိုက်ကြည့်လိုက်သည်။

"မမနွယ် ရင်ထဲမှာရှိတာကို စကားကုန်ပြောလိုက်ပါ မမနွယ်။ ဘယ်လိုစကားမျိုးပဲဖြစ်ဖြစ် ကျွန်တော်ခံစား နားထောင်ပါ့မယ်"

"မမနွယ်အတွက် အငယ့်ကို စိတ်ထိခိုက်ခံစားရတာမျိုး မဖြစ်စေချင်ဘူး။ မမနွယ်လည်း အချစ်နဲ့ပတ်သက်ပြီး ထပ်မခံစားချင်တော့ဘူးကွယ်"

ရင်ထဲရှိသမျှ ပြောပြလိုက်ရပြီမို့ မမနွယ်ရင်ပေါ့သွားပြီး စိတ်သက်သာရသွားဟန် တူသည်။ ပင်ပမ်းနွမ်းလျသွားပုံလည်း ရသည်။ ကြားလိုက်ရသော ကိုငယ့်အဖို့မှာတော့ နှလုံးသားကို ဆွဲကိုင်ဖျစ်ညှစ်လိုက်သကဲ့သို့ နာကျင်ခံခက်ဖြစ်သွားသည်။

"ဘဝမှာ ကိုယ်ပြောချင်တာလေးတောင် မပြောနိုင်မပြောရတဲ့ဘဝ၊ ဘာအသုံးကျတော့မှာလဲ" ဟု ကိုငယ်သည် ဘဝကို စိတ်နာချင်တော့သည်။

သို့သော်လည်းလေ ... ဘာပဲဖြစ်ဖြစ် မမနွယ်ကိုတော့ သူ သံယောဇဉ်ကြီးမိသည်။ ချစ်ခင်စွဲလန်းမိသည်။ သံယောဇဉ်ဆိုတာ နွယ်တစ်မျိုးပဲဆိုတော့ သူ့ရင်ထဲမှာ မမနွယ်ဆိုတဲ့ သံယောဇဉ်နွယ်ဟာ တင်းကြပ်စွာ ရစ်ပတ်နှောင်ဖွဲ့ခဲ့ပြီပဲလေ။ ဘယ်လိုလုပ် ရုန်းထွက်နိုင်တော့မှာလဲ။

ထိုနေ့က သူ ရင်နာစွာ အဆောင်ပြန်လာခဲ့ရသည်။

□ □ □

(၂၆)

စိတ်ညစ်ညစ်နှင့် ကိုငယ် အိပ်ရာထဲ လှဲနေလိုက်သည်။ ဘာမှလည်း လုပ်ချင်ကိုင်ချင်စိတ် မရှိ။ ဘာစာအုပ်မှလည်း သူ မဖတ်ချင်။ အိပ်ရာထဲမှာပဲ တွေးနေ ဆွေးနေချင်တော့သည်။ သူ၏ အခန်းဖော် ကျော်ရွှေကတော့ တစ်မျိုးတွေးနေတော့မည်။ ရေမချိုး ထမင်းမစားဘဲ အလွမ်းဖျားမိနေသည်ကို သူ မသိ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ... ထမင်းစားချိန်ကုန်တော့မယ်။ မင်း ခုထက်ထိ သွားမစားသေးဘူးလား"

"မစားချင်တော့ဘူးကွာ"

မဖြေချင့် ဖြေချင်နှင့် ကိုယ်ပြန်ဖြေလိုက်သည်။

ကျော်ကြီးက ပြန်လာကတည်းက အဝတ်အစား မလဲရေမချိုးဘဲ အိပ်ရာထဲ လှဲနေတာ ခုထက်ထိပဲ။ နေကောင်းရဲ့လား သူငယ်ချင်း"

စိုးရိမ်ပူပန်စွာနှင့် ကျော်ရွှေက မေးပြန်သည်။

"ဘာစကားမှ မပြောဘဲ ဒီတစ်ညတော့ တိတ်တိတ်ဆိတ်ဆိတ် ငါနေပါရစေကွာ"

စိတ်ပျက်လက်ပျက်လေသံဖြင့် ကိုယ်ပြန်ပြောသည်။ ကျော်ရွှေကို တစ်ချက်လှည့်မကြည့်။ ခြင်ထောင်အမိုးကိုသာ စူးစိုက်ကြည့်နေသည်။

ကျော်ရွှေစိတ်တိုသွားသည်။

"နေကွာ၊ ငါက အကောင်းမေးတာ"

ကိုယ် ဘာစကားမှ ပြန်မပြော။ ကျော်ရွှေအခန်းထဲမှ ထွက်သွားသည်။ ကိုယ် မျက်စိကို ပြန်မှိတ်ပြီး တိတ်ဆိတ်စွာ တစ်ကိုယ်တည်း တွေးနေမိသည်။ မမနွယ်နှင့် နေရာအနှံ့ လျှောက်လည်ခဲ့ပုံများ။ သူ့အပေါ်တွင် ကရုဏာသက်သော မျက်လုံးဝိုင်းကြီးနှင့် ကြည့်တတ်ပုံများ၊ နေရာတကာ စာနာနားလည်စိတ်နှင့် သူ့အပေါ်ကြင်နာခဲ့ပုံများအားလုံးကို သူ တွေးနေမိသည်။ ပြီးတော့ မောင်မောင်နှင့် ပတ်သက်ပြီး ရင်နင့်ကြေကွဲစွာ ပမနွယ်ခံစားနေရပုံ၊ ညိုးငယ်နွမ်းလျစွာနှင့် မှိုင်းမှုန်သီဝေသွားသော မမနွယ်၏ မျက်လုံးအစုံတို့ကိုလည်း သူ သတိရတွေးမိသေးသည်။



ထိုအခါ မောင်မောင့်ကိုယ်စား သူ ရည်းစားစာပေးခဲ့ရတာ၊ ရည်းစားစာရေးပေးခဲ့တာတွေကို နောင်တရချင်ချင် ဖြစ်လာသည်။ သူသာ ရည်းစားစာရေးမပေးခဲ့ဘူးဆိုလျှင် မမနွယ်တွင် နာကျည်းစရာ အတိတ်ဒဏ်ရာများ ရှိခဲ့မည်မဟုတ်။

ယခုတော့ သူ့ကြောင့်ပါပဲလေ။ လွမ်းဆွတ်ကြေကွဲစရာ ခံစားနေရတာတွေ အားလုံး သူ့အပြစ်ပါပဲ။ ကိုယ့်အပြစ်နဲ့ ကိုယ်ခံရတာပဲဟု စိတ်ဖြေတွေးလိုက်မိသော်လည်း ရင်ထဲမှာ နာကျင်စွာ ခံစားရတာ အခံရခက်လှသည်။ အိပ်၍လည်း မပျော်၊ စားချင်စိတ်လည်း မရှိ။ ဘာမှလည်း မလုပ်ချင်။ သည်လိုပဲ အစိမ့်ဟာယ်မဲ့ တွေးချင်ရာ တွေးနေချင်တော့တာပဲ။ ကိုယ် တွေးချင်ရာတွေး ဆွေးချင်ရာဆွေး နေမိတော့သည်။ သူ့ စိတ်အာရုံသည် အခန်းထဲတွင်မရှိ။ နေရာအနှံ့ရောက်နေပေတော့သည်။

"အမယ်လေး ... သူငယ်ချင်း ကိုယ်ရဲ့ အပြစ်ဆိုးလှချည်လား၊ ရုတ်တရက်ချက်ချင်းကြီး ပစ်ခွာသွားတော့မလား။ ဘာရောဝါလည်းဆိုတာ သူငယ်ချင်းတွေသိအောင် ပြောခဲ့ပါဦး ..."

ကုတင်ခြေရင်းမှ အော်ဟိုသံကြားလိုက်ရတော့ ကိုယ် အတွေးပျက်သွားသည်။ စိတ်လည်း တိုသွားသည်။ ကြည့်လိုက်တော့ သန်းညွန့်။ ဘယ်အချိန်က တိတ်တဆိတ်ဝင်လာမှန်း မသိ။ ကုတင်ခြေရင်းက သေတ္တာပေါ်တွင်လည်း ဝန်းဗိုးတစ်လုံး ပန်းတွေထိုးလို့။ အာပြဲကြီးနှင့် အော်ကျယ်အော်ကျယ် လာငိုနေသည်။ မျက်ရည်ကို ပုဆိုးနဲ့သုတ်နေဟန် လုပ်နေသည်။ ကိုယ့်ကို မကြည့်၊ ကုတင်ခြေရင်းတို စိုက်ကြည့်ပြီး ငိုယိုနေဟန် လုပ်နေ၏။

"သန်းညွန့်"

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ်က ဒေါသသံနှင့် အော်လိုက်သည်။ ငိုသံတိတ်မသွား။ သူ့ငိုသံကြောင့် ကြည်အေးတို့ သန်းဦးတို့ပါ ရောက်လာသည်။

"မင်းအချစ်ဆုံး သူငယ်ချင်းတွေ ရောက်လာပြီလေ။ ထ၊ ကြည့်ပါဦး ... အီး ... ဟီး ... ဟီး ..."

အမင်္ဂလာသံနှင့် သန်းညွန့်ဆက်အော် ငိုနေပြန်သည်။

"တယ် ... ဒီခွေးမသား"

ကိုငယ် စိတ်တိုတိုနှင့် စားပွဲပေါ်ရှိ ခေါင်းလိမ်းဆီဘူးကို ကောက်ကိုင်လိုက်မှ သန်းညွန့်အခန်းဝသို့ ထွက်ပြေးသည်။ အခန်းဝရောက်တော့ အသံက တိတ်မသွားသေး။

"မင်းညီမလေးကို ဘယ်သူ့စိတ်ချလို့ ထားခဲ့တာလဲ။ အီး ... ဟီး ... ဟီး"

သန်းညွန့် ဆက်အော်နေပြန်သည်။ ကိုငယ် ဒေါသဖြစ်ကာ ကုတင်ပေါ်မှ ဆင်းလိုက်တော့သည်။ သန်းညွန့်ထွက်ပြေးပြီး ခပ်လှမ်းလှမ်းမှ ပြောင်ပြနေပြန်သည်။ ကျော်ရွှေနှင့် မျိုးဇော်က သန်းညွန့်ကို ဖမ်းပေးထားသည်။ သန်းညွန့်အတင်းရုန်း၏။ ပုဆိုးကွင်းလုံးကျွတ်ကာ အတွင်းခံဘောင်းဘီလေးသာ ကျန်သည်။ ကျော်ရွှေနှင့် မျိုးဇော်တို့က မလွှတ်။ ထိုအခါ သန်းညွန့်အော်ပြန်သည်။

"ဘာရောဂါနဲ့ နတ်ရွာလားမှန်းမသိတဲ့ ကိုငယ်ရေ ဗျို့ အဖြစ်ကို ကြည့်လှည့်ပါဦးကွ" ဟု အော်နေမြန်၏။

ကိုငယ်စိတ်တိုသွားကာ ပြေးလိုက်ပြန်သည်။ အနားရောက်တော့ ကျော်ရွှေနှင့် မျိုးဇော်ကပါ ကိုငယ့်ကို လက်ညှိုးထိုးပြီး ...



"အရှုးကြီးဟေ့ ... အရူးကြီး" ဟု ဆိုကာ ပြောင်ပြီးသုံးယောက်သား ထွက်ပြေးလေတော့သည်။ ကိုငယ် အတော်ဒေါပွသွားသည်။ သို့သော်လည်း လိုက်လို့မမှီတော့။ ဘာမှလည်းမတတ်နိုင်။ ကိုယ့်အခန်းကိုယ် ဒေါပွပွနှင့် ပြန်လှည့်လာသည်။ အခန်းရောက်တော့ အခန်းတံခါးပိတ်နေသည်။ သော့ မရှိ။ ကြည်အေးနှင့် သန်းဦးလက်ချက်။ ကိုငယ် သန်းညွန့်နောက်လိုက်နေတုန်း အခန်းသော့ပိတ်ပြီး သော့ယူထွက်ပြေးကြဟန်တူသည်။ တစ်ဖက်လှေခါးက ဆင်းပြေးသဖြင့် ကိုငယ်မသိလိုက်။ ကိုငယ်အခန်းထဲ ပြန်ဝင်လို့မရတော့။ ဒေါပွပွနှင့် အဆောင်အောက်ဆင်းလာသည်။ သန်းညွန့်တို့အဖွဲ့ကို တစ်ယောက်မျှ မတွေ့ရ။

ထိုအချိန် မြင့်ဆွေရောက်လာသည်။ သုန်မှုန်နေသောကိုငယ့်ကို ကြည့်ပြီး "ဘာဖြစ်နေတာလဲ" ဟု မေးသည်။ ကိုငယ်က အကျိုးအကြောင်းရှင်းပြသောအခါ မြင့်ဆွေ တဟားဟားနှင့် ရယ်တော့၏။

"သူငယ်ချင်းတွေက မင်းကို ချစ်လို့ စ,ကြတာပါကွာ"

"ဒီကောင်တွေ လွန်ကို လွန်လွန်းတယ်"

ကိုငယ်က ဒေါပွပြီး စိတ်တိုနေဆဲ။ နောက်မှ ထမင်းမစားရသေးမှန်းသိကာ၊ ဗိုက်ဆာလာသည်။

"လာကွာ၊ လှည်းတန်းထမင်း သွားစားရအောင်၊ ငါထမင်းမစားရသေးဘူး"

ကိုငယ်သည် မြင့်ဆွေတို့ခေါ်၍ လှည်းတန်းထွက်သွားသည်။ လမ်းတွင် စိတ်လိုလက်ရနှင့် သူနှင့်မမနွယ် အဆင်မပြေသလို ဖြစ်နေသည်ကို ရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မမနွယ်က မောင်မောင့်ကို မျှော်လင့်နေသေးလားမှ မသိတာ"

မြင့်ဆွေက စဉ်းစဉ်းစားစားနှင့် ဝေဖန်သည်။

"မိန်းမဆိုတာ ခက်သားလားကွာ၊ သူတို့က တကယ်ချစ်နေပြီဆိုရင် တန်းတန်းစွဲပဲကွ၊ စဉ်းစားဆင်ခြင်စိတ် မရှိတော့ဘူး။ ရက်စက်စိမ်းကားလေလေ ပိုစွဲလန်းမြတ်နိုးလေလေ ဖြစ်တတ်တယ်ကွ။ ယောကျာ်းတွေက သူတို့ကို တကယ်ချစ်မှန်းသိတော့လည်း ဈေးကိုင်ပြီး ထွက်ပြေးနေပြန်ကောကွ"

မြင့်ဆွေက မိန်းမအကြောင်း မကောင်းပြောရင်း အစိမ့်ပွာယ်မဲ့ အော်ရယ်နေ၏။ သူ့ရယ်သံသည် စိုစိုပြည်ပြည် မရှိလှ။ သွေ့ခြောက်ခြောက်နိုင်လွန်းသည်။ သူလည်း နီလာကျော်နှင့် ပတ်သက်ပြီး လတ်လတ်ဆတ်ဆတ် ခံထားရတုန်း မဟုတ်လား။

"အေးကွ ... မင်းပြောတာအမှန်ပဲ၊ ငါ့ မမနွယ်လည်း မိန်းမထဲက မိန်းမတစ်ယောက်ပဲဆိုတော့ သည်လိုပဲ နေမှာပဲ"

ကိုငယ်က စိတ်နာနာနှင့် ထောက်ခံလိုက်သည်။

"မင်းကတော်ပါသေးတယ်ကွာ၊ တရားဝင် အသည်းမကွဲသေးပါဘူး"

"ဒါပေမယ့် ရင်ထဲမှာ အတွင်းကြေကြေပြီး ကွဲနေတာကြာပြီကွ"

ကိုငယ်က မကျေမနပ်လေသံနှင့် ပြန်ပြောသည်။

"အေး ... အခုမှ တို့သူငယ်ချင်းနှစ်ယောက် ဘဝတူအသည်းကွဲတွေဖြစ်ကြတာ၊ ဝမ်းသာသကွာ"

"မင်းက ဝမ်းသာနေ၊ ဒီမှာ ရင်နာနေပြီကွ"



"ဒါဆို မြေနီကုန်းအရက်ဆိုင်သွားသောက်ရအောင်လေကွာ၊ အခုမှ ခံစားချက်ခြင်းညီသွားတာဆိုတော့ ဒီတစ်ခါပို စိုပြည်မှာပါ"

"မြင့်ဆွေ ရယ်ကျဲကျဲလုပ်ရင်း ပြောလိုက်သည်။

"ဟေ့ကောင်၊ မင်းအစိမ့်ပွာယ်မဲ့စကားတွေ ပြောပြန်ပြီလား။ မိန်းမတစ်ယောက်ကြောင့် ဘယ်တော့မှ အရက်မသောက်ဘူးကွ သိရဲ့လား"

မြင့်ဆွေကို ဟောက်လိုက်သည်။

"အလကားပြောတာပါကွာ၊ ငါလည်း ဟိုတစ်ခါတည်းက သဘောပေါက်သွားပါတယ်"

"အရက်ဆိုတာ အမှားအားလုံးရဲ့ တံခါးဝပဲကွ၊ အရက်သောက်တဲ့လူဟာ အရူးတစ်ပိုင်းပဲ၊ အရက်ဝင်သွားတာနဲ့ လူစိတ်ပျောက်ပြီး ထင်ရာပြော ထင်ရာလုပ်တော့တာပဲ"

ကိုငယ် အရက်မုန်းသည့်အစွဲခံရှိနေသောကြောင့် အရက်နှင့် ပတ်သက်လာလျှင် ပြင်းပြင်းထန်ထန်နှင့် ပြစ်ပြစ်ခါခါ ဝေဖန်သည်။

"ဟေ့ကောင် ကိုငယ်။ ကားလည်း ကြည့်ကူးဦး။ အရက်သမားတွေ မေတ္တာပို့လို့ ကားတိုက်ပြီး သေဦးမယ်"

မြင့်ဆွေက ကမာရွတ်အဝိုင်းနားရောက်တော့ ကိုငယ့်ကို သတိပေးရသည်။

ကိုငယ် ဘာမှပြန်မပြော။ ကားကိုကြည့်၍ တစ်ဖက်သို့ ကူးသွားသည်။ မြင့်ဆွေက နောက်ကလိုက်သည်။ ရွှေမြိုင်ထမင်းဆိုင်တွင် သူတို့ဝင်စားသည်။ မြင့်ဆွေက ထမင်းစားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ မစား။ ကိုငယ်က ကြက်သားတင်းနှင့် ထမင်းမှာစားသည်။

ထမင်းစားရင်းမှ သတိရပြီး မြင့်ဆွေကိုမေးသည်။

"မင့်ငါ့ဆီလာတာ၊ အလည်သက်သက်ပဲလား၊ အခြားအကြောင်းထူးရှိသေးလား"

"မင်းထမင်းစားပါဦး၊ စားပြီးတော့ လမ်းလျှောက်ရင်း ဖြည်းဖြည်း ပြောကြတာပေါ့"

ကိုငယ် ဘာမှပြန်မပြော။ ထမင်းငုံ့စားနေသည်။ မြင့်ဆွေက စားပွဲပေါ်မှ လုပ်သားသတင်းစာကို ကောက်ပြီး ဖတ်နေ၏။ ခဏနေတော့ ကိုငယ် စားပြီးသွားသည်။ လက်သုတ်ပြီးထ လိုက်သည်။ ကျသင့်ငွေကိုပေးပြီး ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

"မင်းတစ်ခုခုသောက်ဦးမလား"

ကိုငယ်က မြင့်ဆွေကို မေးလိုက်သည်။

"တို့လမ်းလျှောက်ပြီး အပြန်ကျမှ ဦးချစ်ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်ကြတာပေါ့"

"အေး ... ကောင်းတယ်၊ ဘယ်ဘက်လျှောက်မလဲ"

"ခရေလမ်းဘက်လျှောက်ရအောင်ကွာ၊ ငါ့သူငယ်ချင်းအေးငွေက ခရေလမ်းနဲ့ပတ်သက်ပြီး ကဗျာတစ်ပုဒ်ရေးတယ်ကွ၊ သူ့ကဗျာလေးဖတ်ပြီး ခရေလမ်းကို သဘောကျမိတယ်ကွာ"

"ကဗျာရရင် ရွတ်ပြစမ်းပါဦး"

"ခရေလမ်းလေး၊ ကျောင်းနဘေးမှာ

ချောင်းလေးများပင် ဖြစ်လုလုတဲ့၊ ကဗျာက အရှည်ကြီးကွ"




မြင့်ဆွေက ကတ္တရာလမ်းပေါ်က ကျောက်ခဲတုံးလေးတစ်တုံးကို ဖိနပ်ဦးနှင့် ကန်လိုက်သည်။

"ငါလည်း ခရေပင်နဲ့ပတ်သက်ပြီး စပ်မိသေးတယ်။ တစ်ပိုင်းတစ်စပါကွာ"

"နားထောင်ရအောင် ရွတ်စမ်းပါဦး"

"ခရေပင်အောက်၊ ကြွေပန်းကောက်တိုင်း

တစ်ယောက်သူ့အား၊ အလွမ်းသားလေ"

"မင်း မမနွယ်ကို လွမ်းတာလား၊ ခင်မျိုးကြွယ်ကို လွမ်းတာလား"

မြင့်ဆွေက ပုခုံးချင်းတိုက်၍ ပြုံးစစနှင့် မေးလိုက်သည်။

"မမနွယ်ကလွဲလို့ ငါဘယ်သူ့ လွမ်းရမှာလဲကွ"

"ခင်မျိုးကြွယ်လည်း လွမ်းနိုင်တာပဲ။ မင်းတို့ ဘုရားအတူဖူးပြီးကြပြီပဲ"

"မင်း ဘယ်သူပြောလဲ"

"ငါသိပါတယ်၊ သာလိကာရယ်"

မြင့်ဆွေက စပ်ဖြုဖြုလုပ်နေ၏။

"အောင်သွယ်ခတော့ ပေးရလိမ့်မယ်သူငယ်ချင်း၊ အခုလည်း မင်းအတွက် ဗိတ်ကြားချက်တစ်ခု ပါလာတယ်"

"ဘာတုန်းကွ"

ကိုငယ်က အရေးမထားဟန်နှင့် ပေါ့ပေါ့သာမေးလိုက်သည်။

"နက်ဖြန်၊ ပညာရေးကို နေ့လယ်ဘားလပ်ချိန်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့၊ ဦးလေးကျော်ဆိုင်က နန်းကြီးသုပ်ကျွေးချင်ပါသတဲ့ ... ဒီ ..."

မြင့်ဆွေက မောင်းခတ်သလိုလုပ်ပြီး ကြေငြာသည်။

"မသေချာ မရေရာတာတွေကို သေချာရေရာသွားအောင် ကညာရှာကို တစ်ခါလာကြည့်ပါဦး အစ်ကို"

မြင့်ဆွေက ကုလားသံနှင့် ပြောပြန်သည်။

"တော်ပါသေးရဲ့ မြင့်ဆွေရာ၊ နဂို ပုံစံအတိုင်း ခပ်ပြောင်ပြောင် ခပ်ပျက်ပျက်ပြန်တွေ့လိုက်ရလို့။ နီလာကျော်လက်ချက်နဲ့ မင်းအသက်မထွက်သေးဘူးဆိုတာ သိရပြီး ဝမ်းသာပါတယ်ကွာ"

ကိုယ်က ခပ်တည်တည်နှင့် မြင့်ဆွေကို ပြန်စလိုက်သည်။

"စကားပြောရင် ကောင်းကောင်းပြောကွာ၊ နီလာကျော့်ဆွဲမထည့်နဲ့"

မြင့်ဆွေမကြိုက်မှန်းသိသဖြင့် ကိုယ် ရယ်နေလိုက်သည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ ပိတောက်လမ်းကို လွန်ပြီး ခရေလမ်းကို ရောက်လာခဲ့သည်။ ခရေလမ်းပေါ်တွင် လူစည်ကာစပြုပြီ။ အတွဲလေးကိုယ်စီနှင့် ရွှင်ကြည်စွာလျှောက်နေကြသူများလည်း ရှိသည်။ ပန်းကောက်သူများကို လမ်းလျှောက်သူများက မျက်စိအကြည်ဆေးတိုက်ကျွေးနေကြသည်လည်း ရှိသည်။ ခရေလမ်းဘေး အုတ်ခုံလေးပေါ်မှာ ထိုင်ကာ သူ့အလာကို မျှော်ကာစောင့်ကြည့်လွမ်းနေသည့်သူလည်း ရှိသည်။ ကိုယ်နှင့် မြင့်ဆွေကမူ ဘီအို



စီကောလိပ်၊ ကော်ရစ်ဒါပေါ်မှာ ခေတ္တထိုင်နား၍ ပန်းကောက်သူများနှင့် အတွဲလေးများကို ကြည့်ကာ တွေဝေငေးမောနေမိသည်။

"သူများသားသမီးတွေ ကံကောင်းလိုက်ကြတာကွာ"

မြင့်ဆွေက မနေနိုင်တော့သဖြင့် ညည်းတော့သည်။

"အတိတ်ဘဝကုသိုလ် နည်းခဲ့ပေတာကိုး။ တရားနဲ့ဖြေပါသူငယ်ချင်းရယ်"

"ဘုရားတိုင်ကဗျာလေးတစ်ပုဒ်တော့ ငါစပ်ချင်တယ်ကွာ"

"အထက်တန်းကျောင်းတုန်းက မင်းစပ်ခဲ့တဲ့ "ချန်စော်နီး" ကဗျာတော့ မလုပ်လိုက်နဲ့နော်"

မြင့်ဆွေရယ်နေသည်။ "အကောင်းစပ်မှာပါကွ" ဟု ပြန်ပြောသည်။

မြင့်ဆွေ သူ့ကဗျာလေးကို ရွတ်ကြည့်သည်။

ဆုတောင်း

- အကျည်းတန်ဘဝနှင့်
  အထီးကျန်နေရပါသည် ဘုရား။
- နောင်သံသရာမှာ
  ကံကြမ္မာအခွင့်ပေးလို့
  ချစ်ရေးဆိုသမျှ စွံရပါစေသား။

"မင်းကဗျာ ဘယ်ဆိုးလို့လဲကွ။ ငါတောင် ရွှေရေးပြီး ကျက်ထားရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘ၀တူ ဂေါ်မစွံတွေအတွက် ရည်စူးပြီး နှလုံးသည်းပွတ်က ထွက်အံကျလာတဲ့ကာရန် အကောင်းစားတွေ ပါ၀င်တဲ့ ကဗျာပဲကွာ အဆင့်ဘယ်နိမ့်ပါ့မလဲ"

မြင့်ဆွေက ခပ်တည်တည်နှင့် ဖိန်းနေတော့သည်။

"သည်ထက် အဆင့်နိမ့်ရင်လည်း မြေကြီးထဲရောက်ရောပေါ့ကွာ"

ကိုငယ်တစ်ချက်တည်း ခုတ်ချလိုက်သည်။ မြင့်ဆွေက "ဂိန့်" ဟု အော်ကာ ကိုငယ့်ကို မျက်လုံးပြူးပြီး မော့ကြည့်နေတော့၏။ ကိုငယ်ရယ်နေရတော့သည်။

"အင်မတန် ပျော်ရွှင်တတ်တဲ့ မင်းတောင် အချစ်ရောဂါ၀င်တာနဲ့ အရက်မူးပြီး ခွေးလိုအန်ခဲ့တာ တွေးမိပြီး တရားကျမိတယ်ကွာ"

"အချစ်ဆိုတာ ပြေလည်ရင် ပန်းသီး၊ ချိုမြိန်အေးမြတယ်၊ မပြေလည်ရင် မီးပဲကွ၊ ပူပြင်းတောက်လောင်တယ်"

မြင့်ဆွေက အလေးအနက်ထား၍ ပြန်ပြောသည်။

"တို့သူငယ်ချင်းနှစ်ယောက်ရဲ့ ဘ၀ဟာ ကံတူအကျိုးပေးပံနော်"

"အဖြစ်ချင်း ကွဲပြားပေမယ့် ခံစားရတာချင်းကတော့ အတူတူပဲနေမှာပါ"

မြင့်ဆွေက ၀မ်းနည်းစကားကို ဆိုသည်။

"သွားကြပါစို့ကွာ။ စိတ်မကောင်းစရာတွေ ပြန်တွေးပြီးပြောကြရင် စောစောက ပျော်ရွှင်ကြည်နူးရတာလေးတွေ ပျောက်ကုန်ပါဦးမယ်"



ကိုငယ်က စတင်ခြေလှမ်း လှမ်းသည်။ မြင့်ဆွေနောက်က လိုက်လာ၏။ ပြည်ဆောင်နှင့် ပုဂံဆောင်တံခါးဂိတ်၀နားရောက်တော့။ မြင့်ဆွေက ကိုငယ့်ကို တစ်စုံတစ်ရာ လက်ညှိုးထိုးပြသည်။ ခင်မျိုးကြွယ်၊ ပိတောက်လမ်းပေါ်မှာ။ သူငယ်ချင်းတစ်ယောက်နှင့်အတူ လျှောက်လာသည်။ အနီးရောက်တော့ မြင့်ဆွေက အရင်နှုတ်ဆက်သည်။

"မခင်မျိုးကြွယ် ဘယ်ကပြန်လာလဲ"

"သူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေလို့ ပစ္စည်းသွားပို့ပြီး ပြန်လာတာ။ ကိုမြင့်ဆွေတို့ကော ဘယ်က လာသလဲ"

"ပျင်းလို့ ပြည်ဆောင်က သူငယ်ချင်းတစ်ယောက်ဆီသွားလည်တာ မတွေ့ခဲ့ပါဘူးဗျာ"

မြင့်ဆွေက အတည်ပေါက်နှင့် ဖြီးနေပြန်သည်။

"ဘယ်သူကို သွားတွေ့တာလဲ"

"ဟိုဗျာ ... တနလ်ာသမီး၊ နံမည်အစက ခင် ပါတယ်ဗျာ"

"ကိုမြင့်ဆွေ တကယ်ပြောတာလား"

ခင်မျိုးကြွယ်က ရိပ်မိသွားပြီး၊ ၀မ်းသာသွားဟန်နှင့် ပြန်မေးလိုက်သည်။ မြင့်ဆွေက ဘာမှ ပြန်မပြောဘဲ ပြုံးဖြီးဖြီးလုပ်နေတော့၏။

"ကိုငယ် ... နက်ဖြန်ကျောင်းလာမှာလား"

"ဘာကိစ္စလည်း အကြွယ်"

ကိုငယ် မသိချင်ဟန်ဆောင်၍ မေးလိုက်သည်။

"ကိုမြင့်ဆွေ မပြောဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဘာမှ မပြောဘူး"

မြင့်ဆွေကို ကိုငယ် ချောက်ချလိုက်၏။

"ကံဆိုးသူလေးကို ညှာပါသူငယ်ချင်းရယ်၊ အခုနေမှာ မင်းပြောသမျှ ငါခံရမှာပါ"

မြင့်ဆွေ အသံတိမ်တိမ်လေးလုပ်ကာ တောင်းပန်သလိုလုပ်သည်။

ခင်မျိုးကြွယ် ရယ်၏။

"ကိုမြင့်ဆွေ ရွှင်ရွှင်မြူးမြူးဖြစ်နေတာ ခုမှ တစ်ခါပဲ မြင်ဖူးသေးတယ်" ဟု မှတ်ချက်ချနေသည်။

"နက်ဖြန် ကိုငယ့်ကို အားလပ်ချိန်ကျောင်းကိုလာခဲ့ပါလို့ ပြောပေးပါ။ နန်းကြီးသုပ်ကျွေးချင်လို့ မှာခိုင်းလိုက်တာပါ"

"ဖွဲ့ဒီအတိုင်း ပြောပါတယ်နော်။ တစ်လုံးမလွဲပါဘူး။ ဒါပေမယ့် ကျွန်တော့်စကားကို မယုံ။ မခင်မျိုးကြွယ် ကိုယ်တိုင်ပြောတာကို နားနဲ့ဆတ်ဆတ်ကြားရမှ ယုံမယ်တဲ့လေ"

မြင့်ဆွေက မသိမသာလေး တွန့်ပေးလိုက်သည်။

"ပြီးတော့ ကိုငယ့်ကိုလည်း အကူအညီတောင်းစရာရှိလို့၊ အကြွယ် စာဖတ်ရင် မျက်ရည်တွေဝေပြီး ဇက်ကြောတွေ သိပ်တက်တာပဲ။ မျက်မှန်တပ်ရရင် ကောင်းမလားလို့။ ကိုငယ်နဲ့ တိုင်ပင်ကြည့်မယ်ဆိုပြီး ကိုငယ့်ကို စောင့်နေတာ။ မလာတာနဲ့ ကိုမြင့်ဆွေကို မှာခိုင်းတာပါ"

"ကိုငယ် လာခဲ့မယ်လေ။ မျက်စိစမ်းပြီး မျက်မှန်တပ်ဖို့ လိုလိမ့်မယ်ထင်တယ်။ မနက် (၁၀)နာရီလောက် ကျောင်းပေါ် တီကိုအောက်က စောင့်နေ၊ ကိုငယ် လာခေါ်မယ်"



"ဒါဆို အကြွယ်စောင့်နေမယ်"

ကိုငယ်ပြုံး၍ ခေါင်းညိတ်လိုက်သည်။ ခင်မျိုးကြွယ်လည်း ဝမ်းသာအားရဖြစ်သွားပုံရသည်။

"ဒီလိုဆို အကြွယ်သွားတော့မယ်။ အဆောင်ပိတ်ချိန် နီးနေပြီ"

ခင်မျိုးကြွယ်က နှစ်ယောက်စလုံးကို ပြုံး၍နှုတ်ဆက်ပြီးသွားသည်။ ခြေသုံးလှမ်းလောက်လှမ်းပြီးကာမှ သတိတရ မှာလိုက်ပြန်သည်။

"ကိုငယ် ဆက်ဆက်လာနော်" တဲ့။

မြင့်ဆွေ အကွက်ရသွားသည်။ "ပြောတော့ မကြိုက်ပါဘူး၊ မကြိုက်ပါဘူးနဲ့ ကိုငယ်တွေ အကြွယ်တွေနဲ့ မြို့ထဲအလည်ထွက်တော့မယ်။ တယ်လေ ... ငါမပြောချင်ဘူး"

လူကြီးပုံစံနှင့် အကျီလက်မောင်းကို ပင့်ကာ မြင့်ဆွေက မာန်ပါပါနှင့် ပြောနေ၏။

"ညီမလေးတစ်ယောက်လို ကူညီစောင့်ရှောက်တာပါကွာ"

ကိုငယ်က အေးဆေးစွာ ပြန်ပြောသည်။

"အခုတော့ ညီမလေး၊ ညီမလေးနဲ့ အတော်ကြာ အချစ်ကလေးပေါ့နော်"

"ဖြစ်ချင်လည်း ဖြစ်မှာပေါ့ကွာ"

စိတ်မရှည်တော့သဖြင့် ကိုငယ်က ရွဲ့ပြောလိုက်သည်။

"ဖြစ်ရင်လည်း ကောင်းပါတယ်မောင်ရာ၊ သည်ကလည်း ဖြစ်စေချင်လှပါပြီ။အောင်သွယ်ခ ရမလားလို့ မျှော်နေတာ ကြာပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ပြေလည်သွားတဲ့အခါ မင်းကို အောင်သွယ်ခ ချူတတီးပေးပါ့မယ်။ စိတ်ချသာနေ သူငယ်ချင်း"

"ထွီ ... မင်းသိပ်ညစ်တဲ့ကောင်၊ ရေမချိုးဘူး"

မြင့်ဆွေက ချူတတီး၏ အဓိပ္ပာယ်ကိုတွေးမိပြီး ကိုယ့်ကို ရွံရှာဟန်နှင့် တွန်းလိုက်သည်။

"ဟုတ်တယ်လေ၊ အဆောင်က ငကြောင်တွေနှိပ်စက်လို့ ရေမချိုးရဘဲ ထွက်လာရတာ မင်းအသိဘဲ"

ကိုယ်က တဟားဟား ရယ်ရင်း ထပ်တွန်းနေပြန်သည်။

"အလကားပြောတာပါ သူငယ်ချင်းရယ်၊ မင်းအောင်သွယ်ခအတွက် စရန်ရိုက်တဲ့အနေနဲ့ ဦးချစ်ဆိုင်မှာ အခုပဲလက်ဖက်ရည်တိုက်ပါ့မယ်"

"အေး ... ဒီလိုမှပေါ့၊ ငါ့တပည့်ကြီး တော်တယ်"

မြင့်ဆွေက ဆရာကြီးဂိုက်ဖမ်း၍ မျက်လုံးပင့်ပြီး မော့ကြည့်သည်။

ကိုယ် ရယ်နေရပြန်သည်။

"တို့ ... သူငယ်ချင်းတွေ အခုလို အပူအပင်မရှိဘဲ၊ အမြဲတမ်းရယ်မောပျော်ရွှင်နေရရင် ကောင်းမှာပဲကွာ"

"မဖြစ်နိုင်တာတွေ မပြောနဲ့လေကွာ။ ရယ်စရာရှိရင် ငိုစရာလည်း ရှိနေမှာပဲကွ။ ရယ်စရာရှိတုန်း ရယ်ပစ်လိုက်။ ငိုစရာရှိတော့လည်း ငိုလိုက်တာပေါ့ကွာ။ သူ့အလိုက်အထိုက်ကလေး ရေစုန်မျောသွားရင် လူ့ဘဝရဲ့ အရသာလေးတွေကို ခပ်မြိန်မြိန်တွေ့ကြုံ ခံစားရမှာပဲကွ"



မြင့်ဆွေမှာက်နှာ တည်ကြည်သွားပြန်သည်။ စောစောတလိုမျိုး မဟုတ်တော့။ ကိုယ်သည် ဘာစကားမျှ ပြန်မပြောတော့ဘဲ တောင်တွေးမြောက်တွေး တွေးနေမိသည်။ သည်လိုနှင့် ဦးချစ်လက်ဖက်ရည်ဆိုင် ရောက်ရတော့သည်။

တောင်ပိန္နဲပင်အောက်ရှိ စားပွဲတစ်လုံးတွင် ကိုယ်တို့ ဝင်ထိုင်လိုက်သည်။

"သူငယ်ချင်း မင်းဘာသောက်မလဲ"

"ကော်ဖီချိုပေါ့ကျ"

မြင့်ဆွေက ပြန်ဖြေသည်။ ကိုယ်က စားပွဲထိုးကောင်လေးကို ကော်ဖီချိုပေါ့ကျ နှစ်ခွက်ပေးရန် လှမ်းမှာသည်။ မြင့်ဆွေက ရေနွေးကြမ်းကို အရင်ငှဲ့၏။ ကိုယ့်ကို တစ်ခွက်ပေးသည်။ သူ တစ်ခွက်သောက်သည်။

"မင်း မမနွယ်ကို သိပ်ချစ်တာပဲလား"

မြင့်ဆွေက ကောက်ခါငင်ကား မေးလိုက်၏။

"သူ့ကို အမြဲသတိရနေတာရယ်၊ သူနဲ့တွေ့ရင် ပျော်ရွှင်ကြည်နူးရတာရယ်၊ သူနဲ့ အမြဲတွေ့ချင်နေတာရယ်ဟာ အချစ်လို့ဆိုရင် သူ့ကို ငါတစ်ကယ်ချစ်တယ်လို့ ဆိုရမှာပဲ"

ကိုယ်သည် ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ်ပြန်ချလိုက်ရင်း ဆိုင်အဝင်လမ်းဘက်သို့ အဓိပ္ပာယ်မဲ့ ငေးနေမိသည်။

"မင်းတစ်ခုခုကိုတော့ စွန့်စားဖို့သင့်တယ်"

"ငါ ဘာစွန့်စားရမှာလဲကွ"

"မင်း သူ့အပေါ် ဘယ်လောက် သံယောဇဉ်ရှိနေတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူ သိပြီးသားပဲ။ သူ့သဘောထားကို ရှင်းရှင်းလင်းလင်း သိအောင် ဖွင့်မေးလိုက်ပေါ့ကွ။ အဲဒါ စွန့်စားတာပဲ၊ သူက မင်းကို ပြန်ချစ်ရင်လည်း ဝမ်းသာပေါ့။ မဖြစ်နိုင်ဘူးဆိုရင်လည်း ဝမ်းနည်းပေါ့ကွာ။ တစ်ခုခုတော့ အဖြေထွက်မှာပဲ။ အခုတော့ မင်းဟာ အလိုလိုနေရင်း အရှုံးပေါ်နေတယ်"

စာနာစိတ်နှင့် မြင့်ဆွေက အကြံဉာဏ်ပေးနေသည်။ စားစားကမှ ရောက်လာသော ကော်ဖီခွက်ကို အောက်ခံပန်းကန်ပြားထဲကို ငှဲ့နေလိုက်သည်။

"ပွဲလှန့်တုန်း ဖျာခင်းတယ်လို့ မမန္တယ်ထင်သွားမှာ ငါ စိုးရိမ်တယ်သူငယ်ချင်း"

"မောင်မောင်နဲ့ အဆက်အသွယ်ပြတ်နေတာ ကြာပြီပဲ။ သုံးနှစ်တောင် ကျော်တော့မယ်"

"ဟုတ်တယ်လေ။ ဒါပေမယ့် သူတို့နှစ်ယောက် စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ ပြဿနာဖြစ်ပြီး လမ်းခွဲကြတာမှ မဟုတ်တာ။ အဖေကြောက်လို့ အဆက်ပြတ်ကြရတာဆိုတော့ တစ်ချိန်ချိန်မှာ ပြန်အဆင်ပြေနိုင်မယ်လို့ မျှော်လင့်နိုင်တာပဲ မဟုတ်လား"

"ဒါဖြင့် မင်းနဲ့တွဲပြီး ကြည်နူးသာယာနေတာကကော မင်းအပေါ် သံယောဇဉ်မရှိဘူးလို့ ပြောနိုင်မလား"

"သူ ငါ့အပေါ် သံယောဇဉ်ရှိပါတယ်။ ငါနဲ့တွဲပြီး သွားလာစားသောက်နေထိုင်ရတာလည်း သူပျော်ပါတယ်။ ဒါပေမယ့် သူ ငါ့အပေါ်ထားတဲ့ စေတနာဟာ မြူစင်ပါသတဲ့"

"မင်း ယုံသလား"

မြင့်ဆွေက မခံချင်စိတ်နှင့် မေးလိုက်သည်။



"မယုံလို့ကော ငါဘာတတ်နိုင်မှာလဲ သူငယ်ချင်းရယ်"

"ဟာ ... တတ်နိုင်တာပေါ့ကွ။ သူကမှ မင်းကို မချစ်တာ။ အဆက်ဖြတ်လိုက်ပေါ့ကွ။ မင်းကို ချစ်ချင်ယောင်ဆောင်နေတာ။ တကယ် မချစ်ဘူးသိရဲ့လား။ ကိုယ့် မချစ်တဲ့သူကို ပြန်ချစ်ဖို့နဲ့ မင်းဘာလို့ မျှော်နေရတာလဲ။ စိတ်ပင်ပန်းခံလို့ကွာ"

မြင့်ဆွေ သူငယ်ချင်းဘက်မှ မခံချင်စိတ်နှင့် ပြောနေ၍န်း ကိုငယ်သိသည်။

"မေ့လို့မရဘူး သူငယ်ချင်းရာ၊ အဆက်ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ အလုပ်ပဲ။ ဘာပဲဖြစ်ဖြစ် သူ့ကို ငါချစ်တယ်။ သူ့ဆီက ဘာမှ မရလည်း ငါကျေနပ်တယ်။ သူ့အနားမှာ ကျွန်တောင်ခံပြီး ဘဝမျိုးနဲ့နေရမယ်ဆိုရင်လည်း ငါနေပါ့မယ်။ သူ့ကခွဲပြီး ဘယ်သူ့ကိုမှလည်း ငါ မချစ်နိုင်ပါဘူး"

"သွားပြီ ... မင်းရောဂါကျွမ်းသွားပြီ။ ကုလို့ မရတော့ဘူး၊ တစ်မြည့်မြည့်ခွေးပြီး မင်းသေမှာပဲ"

ကရုဏာဒေါသောဖြင့် မြင့်ဆွေက ကောက်ချက်ချသည်။

"အတိတ်ဘဝကုသိုလ်နည်းခဲ့တဲ့အတွက် သိလျက်နဲ့ ဝိပါက်ကြွေ့ခြင်ပြီး သံယောဇဉ်ကြီးခဲ့မိတာပါပဲ သူငယ်ချင်းရာ"

"မင်းဘဝရဲ့ ပျော်ရွှင်ကြည်နူးစရာ ပွင့်သစ်လေးတွေဟာ မမန္တယ်ကြောင့် မဖူးရခင် ကြွေသွားရမှာကို စိုးရိမ်မိတယ်ကွာ"

မြင့်ဆွေက ကော်ဖီတစ်ကျိုက် မော့သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ဘဝသာ ရှိနေမယ်ဆိုရင် အဲ့ဒီဘဝအထိ မမနွယ်ကို ငါချစ်နေမိမယ် ထင်တယ်"

မြင့်ဆွေ နှုတ်ခမ်း မသိမသာမဲ့သွားသည်။

"ယောကျ်ားမာနဆိုတာ ဘယ်သွားထားမလဲကွ"

ကိုယ် မြင့်ဆွေကို ကော်ဖီသောက်နေရာမှ မော့ကြည့်လိုက်သည်။

"မင်းလည်း နီလာကျော့ကို ရင်နင့်အောင်ချစ်ခဲ့တာပဲ မဟုတ်ဘူးလားကွ"

"ဟုတ်တယ်လေ။ ချစ်လို့ ချစ်တဲ့အကြောင်း ဖွင့်ပြောတယ်။ သူက လက်မခံဘူး။ ငါနောက်ပြန်ဆုတ်တယ်။ ငါ့ အလုပ် ငါလုပ်တယ်၊ သူ့ဆီ တစ်ချက်သွားမတွေ့ဘူး"

"မင်း သူ့ကို မေ့နိုင်သလား"

"ခုထက်ထိ ငါမေ့လို့ မရသေးဘူး။ ဝန်ခံတယ်။ အချစ်ဆိုတာ ချစ်မိပြီဆိုရင် လွယ်လွယ်နဲ့ မေ့ပျောက်ပစ်လို့ရတာမှ မဟုတ်တာ။ ငါနားလည်တယ်။ ဒါပေမယ့် တစ်နေ့မှာတော့ မေ့သွားမယ်။ မေ့သွားနိုင်အောင်လည်း ငါကြိုးစားမယ်။ သူ့ကို တမ်းတနေမယ့်အစား ငါ စာတစ်အုပ်ဖတ်မယ်။ သူ့ကို လွမ်းတဲ့အခါ ငါကဗျာရေးမယ်။ ဒါပေမယ့် သူ့အနားသွားပြီး ရွှေနားတော်သွင်းချေါင်း သီဆိုခယတောင်းပန်မနေနိုင်ဘူး"

မြင့်ဆွေ၏ ပြတ်သားသော အဘိဓမ္မာကို ကြားလိုက်ရသဖြင့် သူ့ သူငယ်ချင်းအတွက် သူဝမ်းသာသည်။ သူ့အတွက်တော့ ကိုယ် စဉ်းစားမရ။



"ငါဆိုလိုချင်တာ မင်းသဘောပေါက်မှာပါ။ အခုဆို ကျောင်းမှာ ငါဘယ်မိန်းမမှ သိပ်အရေးမလုပ်ဘူး။ စာအုပ်တွေနဲ့ပဲ ငါနေတယ်။ အထူးသဖြင့် အင်္ဂလိပ်စာကို ငါလေ့လာတယ်။ စတ္တန့်တိုင်းဟာ ငါ့ဘဝရဲ့ အောင်မြင်တိုးတက်မှုကို ဖြစ်စေရမယ်ဆိုပြီး ငါကြိုးစားနေတယ်"

"မင်းစကားကို ကြားရလို့ ဝမ်းသာပါတယ်သူငယ်ချင်းရယ်၊ ငါလည်း ကြိုးစားနေတာပါပဲ"

"ဒါပေမယ့် မမနွယ်ဆီသွားပြီး မင်း အချိန်ဖြုန်းနေတာကို စဉ်းစားဖို့ကောင်းပြီ"

ကိုယ် တစ်ချက်တွေဝေသွားသည်။

"မမနွယ်ဆီသွားတာ၊ အချိန်ဖြုန်းနေတာ ဟုတ်လား မြင့်ဆွေ"

မြင့်ဆွေကို ပြန်မေးလိုက်သည်။

"ငါတော့ အဲ့ဒီလိုထင်တယ်"

"တစ်ပတ်တစ်ခါတော့ ငါ့နှလုံးသားရဲ့အလိုကို မလိုက်သင့်ဘူးလားကွာ။ မမနွယ်အတွက် ငါခံစားရတာ မှန်ပါတယ်။ ဒါပေမယ့် ငါ့ဘဝကို မထိခိုက်စေခဲ့ပါဘူး။ ပြီးတော့ အဲ့ဒီလို လွမ်းဆွေးရင်နင့်ကြေကွဲစွာ ခံစားရတာတိုလည်း ငါ ကျေနပ်တယ်။ လွမ်းစရာရှိ လွမ်းမယ်၊ ဆွေးစရာရှိ ဆွေးမယ်၊ ရင်နာစရာရှိ ရင်နာမယ်။ လူသားပီပီ သူ့အချိန်အခါအလျောက် ခံစားတွေ့ကြုံရတာတွေကို အသိဉာဏ်နဲ့ ရှောင်လွှဲမသွားချင်ဘူး သူငယ်ချင်း။ ရင်ဆိုင်ခံစားချင်တယ်"

မြင့်ဆွေ ဘာမှ ပြန်မပြောတော့။

www.burmeseclassic.com

www.burmeseclassic.com



"တို့နှစ်ယောက်ရဲ့ဘဝဟာ အခြေခံချင်း မတူညီကြတဲ့အတွက် ခံစားမှုချင်းလည်း တူညီကြမှာ မဟုတ်ဘူး။ ဒါပေမယ့် ဘဝကို တိုးတက်အောင်မြင်အောင် လုပ်ဆောင်ရမယ်ဆိုတဲ့ အသိအမြင်ချင်းတော့ တူနေကြပါတယ်ကွာ"

မြင့်ဆွေ ခပ်မဆိတ်နေသည်။ ဝန်ခံသည့် သဘော။

"သွားကြရအောင်ကွာ"

မြင့်ဆွေက ထလိုက်သည်။ ကိုငယ် ကော်ဖီဖိုးခေါ်ပေးသည်။ ဆိုင်ထဲက သူတို့နှစ်ယောက်ထွက်လာ၏။

"မင်းကို ငါလိုက်ပို့မယ်"

ကိုငယ်က မြင့်ဆွေနေသည့် မြဝတီဆောင်ဘက်ကို လိုက်ခဲ့သည်။ တက္ကသိုလ်ရိပ်သာလမ်းပေါ်သို့ သူတို့ရောက်သော အခါ မြင့်ဆွေက စကား စ,သည်။

"မင်းတော့ မပြောတတ်ဘူး။ ငါတော့ အချစ်နဲ့ပတ်သက်ပြီး အဆုံးစွန်ခံစားလိုက်ရတဲ့အတွက် အတွေးအခေါ် အယူအဆတွေပါပြောင်းသွားတယ်။ အခုတော့ နိုလာကျော့ကို ကျေးဇူးတွေတင်နေမိတယ်။ သူ့ကြောင့် အများကြီး ကြိုးစားဖြစ်တယ်။ ပြီးတော့ စိတ်လေနေတဲ့အချိန်မှာ မင်းပြောခဲ့တဲ့စကားတွေကိုလည်း ငါတန်ဖိုးထားလေးစားခဲ့ပါတယ်။ မင်း ကျေးဇူးလည်း ပါ ပါတယ်"

"ကျေးဇူးစကားတွေ ပြောဖို့ မလိုပါဘူးကွာ။ သူငယ်ချင်းဆိုတာ တစ်ယောက်ကို တစ်ယောက် ဖေးမကူညီစောင့်ရှောက်ဖို့ပဲ မဟုတ်လား။ အခုဒါ ခံစားနေရတဲ့အချိန်မှာ မင်းစကားတွေကိုလည်း ငါ အလေးအနက်ထား စဉ်းစားမှာပါ"

မြင့်ဆွေ ဘာမှ ပြန်မပြော။ နှစ်ယောက်သား စကား



မပြတ်သွားသည်။ တက္ကသိုလ်ရိပ်သာလမ်းပေါ်တွင် လူရှင်းနေ၏။ ၁၆-နံပါတ် ဘတ်စ်ကားတစ်စင်းသည် သူတို့နားမှ ဖြတ်သွားသည်။ တစ်စစနှင့် ထွန်းလင်းတောက်ပလာသော မာကြူရီမီးတိုင်အောက်ကို နှစ်ယောက်သား ဖြတ်သွားကြသည်။

"တို့ဘဝဟာ မာကြူရီမီးလို ဖြစ်ရမယ်ကွ။ တစ်စစနဲ့ လင်းလင်းတောက်ပလာအောင် ကြိုးစားရမယ်။ ပိုးစုန်းကြူးရောင်လို မှိတ်တုတ်မှိတ်တုတ်နဲ့ လုပ်နေလို့ မဖြစ်ဖူး"

မြင့်ဆွေက အဘိဓမ္မာတွေ ပြောနေချေ၏။

"ညမွှေးပန်းရနံ့လေးတွေ သယ်လာတဲ့လေပြည်လေညင်းလေးတွေနဲ့ တစ်စာစာအော်မြည်ကြွေးတဲ့ ပုရစ်ဂျင်ကွဲလေးတွေရဲ့ အလွမ်းတေးတွေကို ကြည်နူးစွာနားထောင်ပြီး တိတ်ဆိတ်အေးချမ်းတဲ့ ညရဲ့ သဘာဝအလှကို သူငယ်ချင်း ခုပေကျွာပြုတော့မလား"

"ငါကတော့ မင်းလို သိပ်စိတ်ကူးယဉ်မနေဘူး။ Life is nothing but struggle ဆိုသလိုပဲ ဘဝဆိုတာ ဘာမှ မဟုတ်ဘူး၊ လှုပ်ရှားရုန်းကန်နေခြင်းပဲကွ။ ဘဝကို ကြိုးစား ရုန်းကန်ရင်းနဲ့ အောင်မြင်မှုပန်းတိုင်ဆီကို မရောက်ရောက် အောင်သွားရမယ်"

ကိုငယ် ဘာမှ ပြန်မပြောတော့။ အချစ်နဲ့ပတ်သက်ပြီး ခံစားရတာချင်း တူညီကြသော်လည်း ထိုခံစားချက်ပေါ်မှာ ဘဝအမြင်ထုတ်နုတ်ယူရာတွင် တစ်ယောက်နှင့် တစ်ယောက် အတွေးအခေါ် အယူအဆချင်း မတူညီနိုင်ခဲ့ကြသည်ကို သူ စဉ်းစားပြီး တွေးနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညသည် အေးချမ်းသာယာပါသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ထိုည၏ အလှကို သူတစ်ယောက်တည်း သတိပြုနေမိတော့သည်။

□ □ □

(၂၃)

နောက်တစ်နေ့တွင် ကိုငယ်သည် ခင်မျိုးကြွယ်ဆီသွားသည်။ ခင်မျိုးကြွယ်သည် ပညာရေး တက္ကသိုလ်ပေါ်တီကို အောက်တွင် အဆင်သင့်စောင့်နေ၏။

အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး တစ်ပတ်သို့ ဆံထုံးလေးနှင့် အင်မတန် ကျက်သရေရှိစွာ လှပနေတော့သည်။ ဖြူသော သူမ၏ အသားနှင့် အနီရောင်ဝတ်စုံသည် လိုက်ဖက်လှ၏။ လုံချည်မှာလည်း အနီရောင် ပြောင်မဟုတ်ဘဲ ချိတ်လုံချည်အနီရောင်ဖြစ်နေသဖြင့် ယဉ်ယဉ်နှင့် ကြည့်ကောင်းနေသည်။ မရဲတရဲ ဆိုးထားသော ပန်းနုရောင်နှုတ်ခမ်းနီသည် သူမ၏ အလှကို ကူစွက်ထား၏။ ပြည့်ဖြိုးသော ကိုယ်ခန္ဓာနှင့် လှပသော အဝတ်အစားများ ပေါင်းစပ်လိုက်သောအခါ ခင်မျိုးကြွယ်၏ အလှမှာ အထင်သားပေါ် လွင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သည် ခင်မျိုးကြွယ်၏ အလှကို အတန်ကြာအောင် ငေးမိလိုက်သည်။

"ငေးလှချည်လား ဆရာကြီးရဲ့"

ခင်မျိုးကြွယ်က သတိပေးလိုက်မှ ရှက်ပြုံးပြုံးမိသည်။

"မြင့်ဆွေကော တွေ့သေးလား"

"သူလား ... စာကြည့်တိုက်မှာ ရှိမှာပေါ့။ အတန်းအားရင် စာကြည့်တိုက်မှာပဲ စာဖတ်နေတာပဲ။ ဘယ်သူ့မှလည်း သူစိတ်မဝင်စားဘူး။ စာပဲ ဖတ်နေတော့တာပဲ။ အကြွယ်တို့က သူ့ကို စာကျပိုးလို့ မှည့်ထားကြတယ်"

"တစ်ခုခုစားဦးမလား"

"မြို့ထဲကျမှ စားကြတာပေါ့"

"အကြွယ် ဒီနေ့ သိပ်လှတာဘဲ"

ကိုယ် မနေနိုင်တော့သဖြင့် ချီးကျူးလိုက်ရတော့သည်။ ခင်မျိုးကြွယ် ရှက်ပြုံးလေး မသိမသာ ပြုံးပြီး ကျေနပ်သွားဟန်တူသည်။

"ကျေးဇူးတင်ပါတယ်၊ မြို့ထဲကျ ကြိုက်တာဝယ်ကျွေးပါ့မယ်"

"မျက်မှန်စမ်းသပ်ဖို့ ရွှေဘုံသာလမ်းကို အရင်သွားကြမယ်နော်"

"ကိုယ် သဘောပဲလေ"

သူတို့ ထွက်လာကြသည်။ ခင်မျိုးကြွယ်သည် ကိုယ်နှင့် ကပ်၍ ဘေးချင်းယှဉ်လျှောက်လာသည်။ မွှေးပျံ့သော ကိုယ်သင်းနံ့တစ်မျိုး ခင်မျိုးကြွယ်ထံမှ လွင့်ပျံ့လာသည်။ သာယာ



ကြည်နူးချင်သောစိတ်ရှိနေသည်ကို သူ သတိပြုမိလိုက်သည်။ သို့သော်လည်း ခင်မျိုးကြွယ်ကို ချစ်ခင်စွဲလန်းသော စိတ်မရှိသေးသည်ကို သူ အသေအချာ သိလိုက်၏။ ထိုအခါ သူ မမနွယ်ကို ကိုယ်ချင်းစာလိုက်မိသည်။ မမနွယ် သူ့အပေါ် သူ မျှော်လင့်သလို ချစ်မလာတာကို သူ သဘောပေါက် နားလည်နိုင်ခဲ့လေသည်။

"မနေ့ ညနေက ကိုယ် အကြွယ့်အဆောင်ကို လာတာ တကယ်လား"

ခင်မျိုးကြွယ်က စကား စ, မေးလိုက်သည်။

ကိုယ် ဘာပြန်ဖြေရမှန်း မသိ။ ဟုတ်တယ်လို့ ပြောလိုက်လျှင် ကြည်နူးဝမ်းသာသွားပေလိမ့်မည်။ မဟုတ်ပါဘူးဟု ပြောလိုက်လျှင် အဆောင်နားလာပြီး သူ လာမတွေ့ဘူးဟု ဝမ်းနည်းဖွယ် တွေးလိမ့်မည်။

"အကြွယ့်အဆောင်ကို သွားမလို့ပဲ၊ အကြွယ်ပြန်လာတာမြင်လို့ မသွားတော့ဘဲ လှည့်ပြန်လာတာ"

မရေမရာနှင့် ခပ်ဝါးဝါးလေး ဖိန်းပေးလိုက်သည်။ ခင်မျိုးကြွယ်ကျေနပ်သွား၏။

"ကိုယ်က အဆောင်ကို လာဖော်ရသားပဲ၊ အကြွယ့်ကို သတိမရတော့ဘူးလားလို့ အောက်မေ့ပြီး ဝမ်းနည်းနေတာ"

ကိုယ် သက်ပြင်းကို ခိုးရှိုက်လိုက်သည်။ စကားကို ဆင်ခြင်ပြောရမည်ကိုလည်း သူ သဘောပေါက်နားလည် လိုက်သည်။

"လာသင့်တဲ့အခါလည်း လာမှာပေါ့၊ အကြွယ်ရယ်၊ ငယ် သူငယ်ချင်း တစ်မြို့ထဲသားတွေပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"အကြွယ်က မိဘနဲ့ တစ်ခါမှ ခွဲခဲ့ဖူးတာ မဟုတ်တော့ ရောက်ခါစက သိပ်အားငယ်တာပဲ ကိုယ်ရယ်၊ အကြွယ့်မှာ အစ်ကို၊ အစ်မ၊ ညီ၊ ညီမတွေကလည်း ရှိခဲ့တာ မဟုတ်တော့ အကြွယ်တစ်ခါတလေ သိပ်စိတ်အားငယ်တယ်။ ကိုယ့်ကို အားကိုးပြီး မျှော်ပေမယ့် ကိုယ်က လာချင်မှ လာတာ။ အခု တောင် အကြွယ်က မှာမှ လာတော့တာပဲ"

အားလျော့စိတ်ပျက်စွာနှင့် ခင်မျိုးကြွယ် ညည်းညူသည်။

"ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ မအားကြဘူးမဟုတ်လား အကြွယ်ရယ်၊ ကိစ္စရှိရင် မြင့်ဆွေကတစ်ဆင့် မှာလိုက်ပေါ့။ ကိုယ်လာခဲ့ပါ့မယ်"

"အဲ့ဒီ ကိုမြင့်ဆွေကြီးက ကျောင်းမှာတုန်းကလို မဟုတ်တော့ဘူး။ သိပ်မျက်နှာကြောတင်းတာပဲ၊ သူ့အနားကို ဘယ် မိန်းကလေးမှ မကပ်ရဲကြဘူး"

ကိုယ် ရယ်နေ၏။

"ဟုတ်မှာ" ဟု မရည်ရွယ်ဘဲ ထော်က်ခံပြောမိလိုက်သည်။

ခင်မျိုးကြွယ် စကားပြန်မဆက်တော့။ ၁၂-ဘတ်စ်ကားဂိတ်ကို ရောက်သည်။ ဂိတ်အစဖြစ်သဖြင့် လူချောင်သည်။ ဘတ်စ်ကားပေါ်တက်တော့ ကားပေါ်မှာ မမသီတို့ကို တွေ့သည်။ မမသီနှင့် ကိုရဲအောင်။ ရင်ဆိုင်တွေ့ပြီဆိုတော့ နှုတ်ဆက်စကားမဆို၍ မဖြစ်။

"မမသီ မြို့ထဲပဲလား"

ကိုယ်က ဦးအောင်နှုတ်ဆက်သည်။ ကိုရဲအောင်က



လည်း ပြုံးနှုတ်ဆက်သည်။ မပြုံးတပြုံးနှင့် မမသီက မေးလိုက်သည်။

"ရုပ်ရှင်ကြည့်မလို့လား"

"မဟုတ်ပါဘူး၊ ညီမလေးကို မျက်မှန်သွားလုပ်ပေးမလို့ပါ"

"မှတ်ထားနော်။ အဲ့ဒါ ကိုယ့် သူငယ်ချင်းမမသီတဲ့။ ဘေးနားက သူ့အစ်ကို ကိုရဲအောင်တဲ့"

မမသီက ရယ်နေသည်။ ကိုရဲအောင်ကလည်း ပြုံးနေ၏။

"မမသီ၊ သူက ကျွန်တော်တို့မြို့က ပညာရေးတက္ကသိုလ်မှာတက်နေတဲ့ ခင်မျိုးကြွယ်တဲ့"

"ညီမလေးက ချောတယ်နော်"

မမသီက ချီးမွမ်းလိုက်သည်။ ခင်မျိုးကြွယ် ပြုံးနေလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်" ဟု မပွင့်တပွင့် ပြန်ပြော၏။

နှုတ်ဆက်ပြီးသော် မမသီတို့က တစ်ဖက်ပြန်လှည့်သွားသည်။ ကားလည်း ထွက်၏။ ခင်မျိုးကြွယ်က သူတို့ အဆောင်က သူငယ်ချင်းတွေအကြောင်း သူတို့ကျောင်း အကြောင်းတွေ ပြောနေသည်။ ကိုယ် "အင်း" လိုက်၍ နားထောင်နေလိုက်သည်။

"ငွေတာရီမဂ္ဂဇင်း၊ တက္ကသိုလ်ကဏ္ဍမှာ ကိုယ်ရေးတဲ့ လမ်းလျှောက်ပွဲ စာတမ်းပါလာသည်။ သိပ်ဖတ်လို့ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ သူငယ်ချင်းတွေကိုတောင်ပြပြီး ကြွားရသေးတယ်။ အဲ့ဒါ တို့ သူငယ်ချင်း ကျောင်းနေဖက်၊ သိပ်တော်တာ၊ ကဗျာလည်း ရေးတယ်လို့ပေါ့"

ကိုငယ် ပြုံးနေလိုက်သည်။ ဘယ်သူမှ အရေးတယူ လုပ်ပြီး မပြောတာကို ခင်မျိုးကြွယ်က အားရဝမ်းသာပြောပြ နေ၏။ တော်တော်စိတ်ဝင်စားပုံရသည်။

"ကိုငယ် ဆက်နေရေးနော်။ ဝတ္ထုတွေလည်း ရေးပါလား။ ကိုငယ် ရေးသမျှတွေကို အကြွယ်အမြဲတမ်း စောင့်ဖတ်နေမယ်သိလား"

"ကြိုးစားနေတုန်းပါပဲ အကြွယ်ရယ်။ တစ်နေ့သော အခါမှာ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကိုတော့ ခေါင်းထဲထည့်ထားပါတယ်"

"အောင်မြင်တဲ့အခါ အကြွယ်တို့လို အသေးအမွှား လေးတွေကိုလည်း ဝတ္ထုထဲထည့်ရေး မနေနဲ့ဦးသိလား"

ခင်မျိုးကြွယ် အပြောလေးကို သဘောကျ၍ ကိုငယ် ရယ်နေလိုက်သည်။

"အောင်မြင်တဲ့အခါ ကိုငယ့် သူငယ်ချင်းတွေကို မမေ့ ပါဘူး။ ဒါပေမယ့် ကိုငယ်ရေးမယ့် စာတွေထဲမှာတော့ အကြွယ် တို့ကို ထည့်မရေးဘူးလို့ အာမ မခံနိုင်ဘူး။ ကိုယ့်သူငယ်ချင်းတွေ ကို လွမ်းဆွတ်သတိရတဲ့အနေနဲ့ ဇာတ်ကောင်တွေရဲ့နာမည်မှာ သူငယ်ချင်းတွေ နံမည်ထည့်ရေးချင် ရေးမှာ။ အဲ့ဒီအခါကျ သူတို့ကို လွမ်းဆွတ်သတိရလို့ နာမည်တွေ ထည့်ရေးနေတာပါ လားဆိုပြီး ခွင့်လွှတ်နော်"

"ရပါတယ် ကိုငယ်ရယ်၊ အကြွယ်က တမင်စတာပါ"



ရှေ့ခုံ၏နောက်တွင် တပ်ဆင်ထားသော လက်ကိုင် တန်းလေးကို လက်သည်းနှင့် ခင်မျိုးကြွယ်ကုတ်ခြစ်သလို လုပ် နေ၏။ ကိုငယ်က သူ့ကို မသိမသာ စောင်းငဲ့ကြည့်မိလိုက်သည်။

"အချိန်ရရင် အမျိုးသားပြတိုက် သွားကြည့်ရအောင် နော်၊ အကြွယ်မရောက်ဘူးသေးလို့၊ ပြီးတော့ စာပေဗိမာန်လည်း သွားချင်တယ်၊ စာအုပ်အသင်းဝင်ချင်လို့"

"အချိန်ရလိမ့်မယ်ထင်ပါတယ်။ ရွှေဘုံသာလမ်းမှာ မျက်စိစမ်းသပ်ပြီး မျက်မှန်ဆိုင်သွားမယ်။ မျက်မှန်ဆိုင်ကနေ အမျိုးသားပြတိုက်သွားကြတာပေါ့"

"ကိုငယ် ရှိပေလို့ တော်သေးတယ်။ အကြွယ် ဘာ တစ်ခုမှ မသိဘူး။ အစစအရာရာ ကိုငယ့်ကို ဆရာတင်ပါတယ်။ အစ်ကိုကြီးလိုလည်း လေးစားရှိသေပါတယ်။ မတော်တာရှိရင် လည်း ဆုံးမပါ။ အကြွယ်လေးလေးစားစားနဲ့ လိုက်နာပြုပြင်ပါ့ မယ်"

အကြွယ်က အားကိုးစကားကို လှိုက်လှဲစွာဆိုသည်။ ကိုငယ့် ရင်ထဲတွင် ကရုဏာတေးသံကြောင့် အေးစိမ့်သွားသည်။

ဗိုလ်ချုပ်ဈေးမှတ်တိုင်ရောက်တော့ ကားပေါ်မှ ဆင်း သည်။ ရွှေဘုံသာလမ်းကို ဆက်သွားသည်။ အပြင်ဆေးခန်း တစ်ခန်းတွင် မျက်စိဝင်စမ်းသပ်၏။ ဆရာဝန်က မျက်မှန်လုပ် ရမည်ဆိုသဖြင့် ပန်းဆိုးတန်းလမ်းထိပ်ရှိ မျက်မှန်ဆိုင် (ယခု ကုန်တိုက်)ကို သွားကြသည်။ မျက်မှန်ဆိုင်တွင် စိတ်ကြိုက်ကိုင်း ရွေးရသည်။

"ကိုငယ် ... အကြွယ့်ကို ကိုင်းရွေးပေးနော်။ ကိုငယ် ကြိုက်တာကို အကြွယ်ကြိုက်မယ်။ ကိုငယ် ကောင်းမယ်ထင်တဲ့ ဟာသာ ရွေးပေးပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ခင်မျိုးကြွယ်က ကိုငယ့်ကို အာဏာကုန်အပ်နှင်းနေတော့သည်။

ကိုငယ်က နမူနာပြထားသော မျက်မှန်ကိုင်းများကို ကြည့်၍ ခင်မျိုးကြွယ်နှင့် လိုက်ဖက်မည့် မျက်မှန်ကိုင်းတစ်ကိုင်းကို တောင်းယူသည်။ ခင်မျိုးကြွယ်မျက်နှာတွင် တပ်ဆင်ကြည့်သည်။ မျက်နှာပြည့်သော ခင်မျိုးကြွယ်အတွက် သေးငယ်သောကိုင်းများနှင့် မလိုက်။ အနက်ရောင် ကျွဲကော်ကိုင်းမျက်မှန်ထူထူကို ကိုငယ်က ရွေးပေးလိုက်သည်။

"ဟောဟိုက အပြာနုရောင်၊ ကိုင်းလေးကောဟင်"

ခင်မျိုးကြွယ်က လှချင်ပချင်သော မိန်းမစိတ်ရှိသေးသဖြင့် ရှည်သွယ်သွယ်ပုံဆန်းသည့် ကိုင်းငယ်တစ်ခုကို လက်ညှိုးညွှန်ပြသေးသည်။

"အကြွယ်နဲ့ မလိုက်ဘူး၊ ဒါပဲယူ"

ကိုငယ်က ခတ်ပြတ်ပြတ်ပြောလိုက်သည်။ ခင်မျိုးကြွယ် တစ်ခွန်းမျှ ပြန်မပြောဝံ့တော့။ မျက်မှန်ဆိုင်စာရေးကို ကိုင်းပြန့်ခေ့ား၍ ကျသင့်ငွေကို ထုတ်ပေးလိုက်သည်။ မျက်မှန်အပ်နှံပြီး အောက်ဆင်းလာတော့မှ ကိုငယ်က ရှင်းပြသည်။

"အကြွယ်ပြတဲ့ကိုင်းက လတ်တလောတပ်ရင်တော့ လှချင်လှမယ်၊ ဒါပေမယ့် အရှည်သဖြင့် တပ်ရင် အပြာနုရောင်က ရိုင်းနေမယ်။ ပြီးတော့ ကလက်တက်တက်နေလိမ့်မယ်။ အကြွယ်က မကြာခင်မှာ ဆရာမကြီးဖြစ်မယ်။ ခန့်ညားတဲ့ ကိုင်းမျိုးကိုပဲ ရွေးသင့်တယ်။ ပြီးတော့ ရေရှည်မှာ အနက်ရောင်ဆိုတာ ဘယ်တော့မှ ရိုးမသွားဘူး။ ဒါကြောင့် ကိုငယ် အဲ့ဒီကိုင်းကို ရွေးပေးတာပါ"



ကိုငယ်က စိတ်ရှည်လက်ရှည်ပြန်ရှင်းပြတော့မှ ခင်မျိုးကြွယ် မျက်နှာလေး ပြန်လန်းဆန်းလာသည်။ အဆူခံထိမှာကြောက်၍ စောစောက သူတစ်ခွန်းမှ ပြန်မပြောရဲခဲ့။

"ကိုငယ် လှတယ် ကောင်းတယ်ထင်ရင်ပြီးတာပါပဲ၊ ဘာပဲဖြစ်ဖြစ် အကြွယ်ကြိုက်တယ်"

"ကြိုက်ရင် ပြီးတာပါပဲလေ"

ကိုငယ်က အေးဆေးစွာ ပြန်ပြောလိုက်သည်။

"အကြွယ်တို့ တစ်ခုခုစားရင်ကောင်းမလား မသိဘူးနော်"

"အကြွယ်ဆာရင် တစ်ခုခုစားကြမယ်လေ၊ တရုတ်ဆိုင် တစ်ဆိုင်မှာ ခေါက်ဆွဲကြော်ဝင်စားကြတာပေါ့"

ပန်းဆိုးတန်းလမ်းပေါ်တွင် ခေါက်ဆွဲကြော်ဆိုင်မတွေ့။ နောက် နှစ်လမ်းကျော်ကူးသွားမှ ဆီချက်ခေါက်ဆွဲဆိုင်တွေ့သည်။ သူတို့ ဆီချက်ခေါက်ဆွဲဝင်စားသည်။ ပြီးတော့ အအေးသောက်သည်။ အအေးသောက်ပြီး ခင်မျိုးကြွယ်က ရေခဲရေတောင်းသောက်သည်။ ရေခဲရေကို ရောက်ရောက်ခြင်းသောက်မည်ပြုတော့ ကိုငယ်က တားထားသည်။

"ခဏနေဦးအကြွယ်၊ ရေအနည်ထိုင်သွားပါစေဦး၊ ရေအနည်ထိုင်တော့မှ ဖန်ခွက်ကို ကိုင်းတည့်တည့်က ထားသောက်။ ရေကို အကုန်မသောက်နဲ့ ခွက်ထဲ လက်တစ်လုံးအကျန်မှာ ရပ်လိုက်"

ကိုငယ်က ညွှန်ကြားချက်တွေ ပေးနေတော့သည်။ ခင်မျိုးကြွယ်က ဘာအဓိပ္ပာယ်မှန်းမသိသဖြင့် မျက်လုံးလေးပေကလပ် ပေကလပ်နှင့် ကြည့်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင်"

မနေနိုင်တော့သဖြင့် ခင်မျိုးကြွယ်မေးလိုက်သည်။

"ရေ အနည်မထိုင်မီ သောက်လိုက်ရင် အမှိုက်တွေ ဝမ်းထဲဝင်သွားမှာစိုးလို့။ ဖန်ခွက်ကို ကိုင်းနဲ့တည့်တည့်ထားပြီး သောက်တော့ သူများသောက်ထားတဲ့ ပါးစပ်ရာနဲ့ တစ်ထပ်တည်း မကျတော့ဘူးပေါ့။ လက်တစ်လုံးလောက် ချန်ပြီး သောက် တော့ အနည်ထိုင်နေတဲ့ အမှိုက်တွေ ဗိုက်ထဲ မဝင်ဘူးပေါ့"

ကိုယ် ရှင်းပြလိုက်တော့မှ ခင်မျိုးကြွယ် သဘောပေါက်သွားသည်။

"ကိုယ်ပြောမှ သတိထားမိတယ် ကြည့်စမ်း၊ နောက်ကို ရေသောက်ရင် ကိုယ်ပြောတဲ့အတိုင်းပဲ သောက်တော့မယ်"

ခင်မျိုးကြွယ် စမ်းသာအားရပြောနေလေ၏၊ ကိုယ်က ပြုံးပြီးကြည့်နေသည်။ ရိုးသားပွင့်လင်းပြီး အပြစ်ကင်းစင်နေသော ခင်မျိုးကြွယ်ကို ညီမလေး တစ်ယောက်လို ရင်ထဲမှာ ကြွင်နေ[illegible]မိတော့သည်။

အမျိုးသားပြတိုက်ရောက်တော့လည်း ခင်မျိုးကြွယ်က သူထင်မြင်ရာ သူမေးနေတော့သည်။

ကြီးကျယ်ခန့်ညားသော သီဟာသနပလ္လင်ကြီးကို ကြည့်ပြီး ခင်မျိုးကြွယ် တွေ့ဝေနေတော့သည်။

"ရှင်ဘုရင်တွေကို မော်ဖူးနေရတဲ့ မှူးမတ်တွေ ပြည်သူတွေတော့ အတော်ဇက်ညောင်းမှာဘဲနော်"

ခင်မျိုးကြွယ်က ပေါက်တီးပေါက်ကရာတွေးပြီး ပြောလိုက်သဖြင့် ကိုယ် ရယ်လိုက်မိသည်။ အပြစ်ကင်းစင်သော ပွင့်လင်းရိုးသားသည့် ခင်မျိုးကြွယ်အတွေးကိုလည်း ကိုယ် သဘောကျသွားသည်။



"သူ့ခေတ် သူ့အခါက သူ့ဓလေ့စရိုက်နှင့် သူ့ပဲပေါ့ အကြွယ်ရယ်။ ဇက်ညောင်းတယ်လို့ ဘယ်ဟုတ်မလဲ"

ကိုယ်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"တစ်ခေတ်တစ်ခါတုန်းက ကိုယ်တို့ ဗမာလူမျိုးတွေဟာ ဘုန်းမီးနေလတောက်ပပြီး တိုယ်ခင်းကိုယ့်ချင်းနဲ့ လွတ်လွတ်လပ်လပ်နေထိုင်ခဲ့ကြတယ်။ ကိုယ်တို့ရဲ့ ယဉ်ကျေးမှု အနုပညာဟာလည်း ကြီးကျယ်ခန့်ညားခဲ့တယ်ဆိုတာ ဒီပလ္လင်ကြီးက ဖော်ပြနေခဲ့တယ်လေ"

ခင်မျိုးကြွယ် ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"အကြွယ်က တစ်နေ့ ဆရာမဖြစ်မှာဆိုတော့ သေချာလေ့လာထား။ တော်ကြာ ပလ္လင်ကြီးမြင်ပြီး ဇက်ညောင်းမယ့်အကြောင်း ကလေးတွေသင်နေမိဦးမယ်"

ခင်မျိုးကြွယ် ရယ်နေသည်။ အပြစ် ကင်းစင်သည့် ကလေးငယ်၏ ရယ်ခြင်းမျိုး။

အမျိုးသားပြတိုက်ကြည့်ပြီးတော့ ခင်မျိုးကြွယ်ကို စာပေဗိမာန်လိုက်ပို့သည်။ စာပေဗိမာန်စာကြည့်တိုက်ကိုလည်း အကြွယ်သိအောင် လိုက်ပြထား၏။ စာအုပ်အသင်းဝင်မှုလုပ်ပြီး စာအုပ်အရောင်းဆိုင်ဘက်ထွက်ခဲ့ကြသည်။ အကြွယ်က သူ ကြိုက်သည့် စာအုပ်ကို ဝယ်နေ၏၊ တစ်ခါတုန်းကလို ကိုယ့်ကို စာအုပ်လက်ဆောင်ပေးဖို့ သူစဉ်းစားရဲတော့မည် မဟုတ်။ စာပေဗိမာန်စာအုပ်ဆိုင်မှ ဝယ်ပြီး စကော့ဈေးကို သွားချင်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ လိုက်ပို့ရပြန်သည်။ ဆူးလေဘုရားလမ်းကိုဖြတ်၍ သွားကြသည်။ ရုပ်ရှင်ရုံဘေးရှိ နိုင်ငံခြားပစ္စည်း အရောင်းဆိုင်တစ်ဆိုင်တွင် ခင်မျိုးကြွယ်ရပ်သည်။ ပတ်ကားဖောင်တိန် အနီရောင်လေးကို ကိုင်၍ သူ ဈေးမေးနေ၏။

ကိုငယ်က သူလည်းနားမလည်။ ဈေးမသိ။ သူနှင့်လည်း သိတ်မပတ်သက်ဟု ယူဆပြီး အနားမှာရပ်ကြည့်နေသည်။ ပက်ကား 45 ကို ခင်မျိုးကြွယ် အမျိုးမျိုးကြည့်စစ်ဆေးပြီး ဈေးဆစ်နေသည်။ ကိုငယ်က တခြားပစ္စည်းတွေ အပေါ် အာရုံရောက်နေသဖြင့် ဘယ်ဈေးဆစ်နေသည်ကို သတိ မထားမိလိုက်။

"သွားရအောင်" ဟု ခင်မျိုးကြွယ်ပြောမှ ပစ္စည်းတွေကို ငေးမောရင်း ကိုငယ်ထွက်လာသည်။ ခင်မျိုးကြွယ်လက်ထဲမှာ ပက်ကားဖောင်တိန်အနီလေး ပါလာ၏။

"ကိုငယ် ခဏအိတ်ထဲချိတ်ထားစမ်းပါ၊ အကြွယ့်လက်ထဲထားရင် ကျပျောက်သွားမှာစိုးလို့"

ခင်မျိုးကြွယ်က ပေးထားသဖြင့် ကိုငယ်အိတ်ထဲချိတ်ထားလိုက်သည်။ ဗိုလ်ချုပ်ဈေးကိုရောက်တော့ ခင်မျိုးကြွယ် ဖိနပ်ဝယ်ပြန်သည်။

ခုံမြင့်ဖိနပ်အဖြူကို ရွေးပြီး စီးကြည့်ကာ ...

"ကိုငယ် ကြိုက်ရဲ့လားဟင်" ဟု မေးသည်။

ကိုငယ် မညာချင်။

"အကြွယ်နဲ့ မလိုက်ပါဘူး၊ မန္တလေးကတ္တီပါဖိနပ်သဲကြိုးအနက်ရောင်ပဲစီးပါ" ဟု ဝင်ပြောဖြစ်လိုက်သည်။



ချက်ချင်း ခင်မျိုးကြွယ် ကတ္တီပါဖိနပ်ကို ပြောင်းစီးကြည့်သည်။ နောက်ဆုံး ကိုငယ့်အကြိုက် ကတ္တီပါဖိနပ်အနက်ကလေးကိုပဲ သူ ဝယ်လာဖြစ်သည်။

ကိစ္စတွေအားလုံးပြီးလို့ အဆောင်ပြန်တော့ (၄)နာရီကျော်နေပြီ။ ကိုငယ် ခင်မျိုးကြွယ်ကို အဆောင်လိုက်ပို့သည်။ အဆောင်ဝရောက်တော့ ခင်မျိုးကြွယ်က ဦးအောင် ပြောသည်။

"အဆောင်ခဏလောက်လိုက်ခဲ့ပါ၊ ကိုငယ့်ကို ပြစရာရှိလို့။ ပြီးတော့မှ နောက်ဘက်လမ်းကနေ ကိုငယ့်အဆောင်ကို ပြန်ပေါ့ ဟုတ်လား"

သည်တစ်ခါ ကိုငယ်မငြင်းဖြစ်။ ခင်မျိုးကြွယ်နှင့် အဆောင်ထဲလိုက်သွားသည်။ ပြည်ဆောင်ဧည့်ခန်းသည် သူလိုလူတွေနှင့် စည်ကားစပြုပြီ။ ဧည့်ခန်းနှင့် ထမင်းစားခန်းကပ်နေသဖြင့် စောစောစီးစီး ဆာတတ်သူတို့က ဇွန်းခက်ရင်းတကိုင်ကိုင်နှင့် ထမင်းစားခန်းထဲ ဝင်သွားကြသည်ကို ကိုငယ်တွေ့နေရ၏။

"ကိုငယ် ခဏနေဦး" ဟု ပြောကာ ခင်မျိုးကြွယ် အဆောင်ထဲဝင်သွားသည်။ ကိုငယ် အကြောင်းမဲ့ ငေးမောနေမိသည်။ ဘာလိုလိုနှင့် သူတောင် မိန်းကလေးဆောင်မှာ ခပ်ကြောင်ကြောင်နှင့် ထိုင်မိနေပြီဟု တွေးနေမိ၏။ သူ့အကြောင်းနှင့်သူ လာကြသူတွေထဲတွင် သူလို ဘာမှန်းမသိလူတွေ ဘယ်နှစ်ယောက်ရှိနေသလဲဟု သူ စဉ်းစားနေသည်။

ခင်မျိုးကြွယ် ပြန်ထွက်လာသည်။ သူ့အနားက ခုံတွင် လာထိုင်သည်။ စောစောက သူ့အတွေးစပြတ်သွား၏။ ခင်မျိုးကြွယ်လက်ထဲတွင် ပတ်ကားဖောင်တိန် အနီလေးတစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။ သည်တော့မှ သူ သတိရပြီး သူ့အိတ်ထဲချိတ်ထားသော ပတ်ကားဖောင်တိန်အနီကို ကြည့်လိုက်သည်။ သူဖြုတ်ပြီး ခင်မျိုးကြွယ်ကို ပြန်ပေးလိုက်သည်။ ခင်မျိုးကြွယ် မယူ။

"ကိုယ့်အတွက် လက်ဆောင်ပေးချင်လို့ တမင် ဝယ်လာခဲ့တာပါ။ အကြွယ် တက္ကသိုလ်ဝင်တန်းအောင်တုန်းက ဖေဖေက ဆုချတဲ့အနေနဲ့ ဟောဒီပတ်ကားဖောင်တိန်အနီလေးကို ဝယ်ပေးခဲ့တယ်လေ။ အကြွယ်နဲ့ ကိုယ် အတူတူကိုင်ရအောင်လို့ အကြွယ်ဝယ်လာပေးတာပါ။ ညီမလေးတစ်ယောက်က အစ်ကိုတစ်ယောက်ကို ချစ်ခင်လေးစားလို့ ပေးတဲ့လက်ဆောင်အဖြစ် လက်ခံပါနော်"

တောင်းပန်သော လေသံဖြင့် အကြွယ်က ပြောနေ၏။ အကြွယ်မျက်လုံးကလည်း တောင်းပန်သောအကြည့်ကိုလည်း တွေ့နေရသည်။ ကိုယ် တင်းတင်းမာမာ စကားမဆိုရက်။ သို့သော်လည်း ကိုယ်ခေါင်းခါသည်။

"ပတ်ကားဖောင်တိန်ကို ကိုယ်ဝယ်မကိုင်နိုင်ပါဘူးကွယ်၊ ကိုယ်နဲ့လည်း မတန်ပါဘူး။ ကိုယ် လက်မခံပါရစေနဲ့နော်"

ကိုယ်က ချိုသာယဉ်ကျေးစွာပြောပြီး သူ့ဘေးနားက ခုံလေးပေါ် တင်ပေးလိုက်၏။ ခင်မျိုးကြွယ် မျက်နှာမဲသွားသည်။ ငိုတော့မလို မျက်ရည်ဝိုင်းလာသည်။

"ကိုယ်က အကြွယ်ခင်သလို မခင်ဘူး၊ သိပ်ရက်စက်တာပဲ။ အကြွယ်က ကိုယ့်အစ်ကိုတစ်ယောက်လို သဘောထားတာကို သူစိမ်းလို ပြန်ဆက်ဆံတယ်"



ဝမ်းနည်းစိတ်နှင့် အကြွယ့်မျက်ရည်တို့ တလိမ့်လိမ့်ကျလာသည်။

"မဟုတ်ဘူးအကြွယ်၊ လက်ဆောင်ဆိုတာပေးတိုင်းယူလို့မဖြစ်ဘူး။ လက်ဆောင်ယူလိုက်တဲ့အခါ ကိုယ်ကလည်းပြန်ပေးဖို့ တာဝန်ရှိလာတယ်။ ကိုယ့်မှာ အကြွယ့်ကိုပြန်ပေးနိုင်စရာ ဘာမှမရှိပါဘူးကွယ်။ ဒါကြောင့် ကိုယ် ဒီပစ္စည်းကိုလက်မခံနိုင်တာပါ"

အကျိုးအကြောင်းနှင့် ကိုယ်ရှင်းပြကာမှ ပိုဆိုးတော့သည်။ ခင်မျိုးကြွယ်ကို ငိုချင်ရက် လက်တို့လုပ်မိသလိုဖြစ်၏။ ဧည့်ခန်းထဲတွင် မျက်ရည်ကျနေသော ခင်မျိုးကြွယ်ကို ကိုယ်ဘာပြောလို့ ပြောရမှန်း မသိတော့၊ နောက်ဆုံးတွင် စိတ်မရှည်တော့သဖြင့် ကိုယ် ငေါက်ရတော့သည်။

"ငိုစရာမဟုတ်တာ မငိုနဲ့အကြွယ်။ အကြွယ်ဆက်ငိုနေရင် အကြွယ်ဆီ ကိုယ်နောက်နဲ့ ဘယ်တော့မှ မလာတော့ဘူး"

ခင်မျိုးကြွယ် မျက်ရည်ကိုသုတ်သည်။ ငိုချင်စိတ်ကိုအံကြိတ်၍ တင်းခံသည်။ မျက်ရည်အဝိုင်းသားနှင့် ကိုယ့်ကိုမော့ကြည့်သည်။ ကိုယ် သနားသွားမိတော့သည်။

"ကောင်းပြီအကြွယ်၊ စေတနာနဲ့ ဝယ်လာတဲ့ အကြွယ့်လက်ဆောင် သည်တစ်ခါ ပထမဆုံးနဲ့ နောက်ဆုံး ကိုယ်လက်ခံမယ်။ နောင်ကို ကိုယ် ဘာမှ မယူဘူးဆိုတာ အကြွယ်မှတ်ထားနော်"

အကြွယ့်မျက်နှာဝင်းသွားသည်။ ကျေနပ်သော အပြုံးသူ့မျက်နှာတွင် ဖူးပွင့်လာ၏။ သူ့အပေါ် စေတနာထားရှာသူလေးကို ကရုဏာသက်စွာနှင့် ကိုယ် ကြည့်နေမိတော့သည်။ ထိုင်ခုံလက်တန်းပေါ်မှ သူချထားသော ပတ်ကားဖောင်တိန်

www.burmeseclassic.com

www.burmeseclassic.com



အနီလေးကို အကြွယ်က သူ့ လှမ်းပေးသည်။ သူက လှမ်းယူပြီး အိတ်မှာ ချိတ်လိုက်၏။

"အကြွယ်တို့ မောင်နှမတွေ ဆင်တူကိုင်ရအောင်လို့ စိတ်ကူးရပြီးဝယ်လာပေးတာပါ ကိုယ်ရယ်။ ကိုယ့်ဆီက တစ်စုံတစ်ခု ပြန်လိုချင်လို့ လာဘ်ထိုးတာ မဟုတ်ပါဘူး။ ကိုယ် နားလည်ပါတယ်နော်"

ကိုယ် ခေါင်းညိတ်ပြလိုက်သည်။ အချိန်လည်း သင့်ပြီမို့ ပြန်ဖို့ သူ နှုတ်ဆက်သည်။ အကြွယ် သူ့နောက်က ထရပ်သည်။ သူနှင့် ယှဉ်လိုက်လာပြီး အဆောင်ဝကို လိုက်ပို့သည်။ လှေခါးပေါ်မှ မဆင်းမီ လှေခါးပေါ် သို့တက်လာသူ နှစ်ဦးကိုမြင်သည်။ ခင်မျိုးကြွယ်က အရင် နှုတ်ဆက်သည်။

"အမေနဲ့ အဖေပါလား၊ ဘယ်တုန်းက လာသလဲ"

ခင်မျိုးကြွယ်က ဝမ်းသာအားရ နှုတ်ဆက်သည်။

အဖေက "နေ့လည်က ရောက်တယ်သမီး" ဟု ပြန်ပြောသည်။ အမေလုပ်သူက ကိုယ်ကို စူးစမ်းသည့်အကြည့်နှင့် ကြည့်နေသည်။ မနေနိုင်တော့သဖြင့် ...

"သူက ဘယ်သူလဲ" ဟု ပြောင်ဖွင့်မေးသည်။

"သမီးတို့ မြို့က သမီးသူငယ်ချင်းလေ၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်မှာ ဥပဒေတက်နေတယ်၊ အခုသမီးဆီ လာလည်တာ"

ခင်မျိုးကြွယ်က ရိုးသားပွင့်လင်းစွာ ရှင်းပြနေ၏။

ဘယ်သူ့သားတုန်း၊ ဘယ်မှာနေသလဲ ဆက်မေးနေပြန်သည်။

ကိုယ်က လေးစားစွာ အမေနှင့် အဖေနှင့် အလုပ်အကိုင်နေရပ်တို့ကို ပြောပြလိုက်သည်။



"ဩော် ... ဟို သစ်တောရုံးက အရက်သိပ်သောက်တဲ့ စာရေးကိုမြသာရဲ့ သားကိုး"

အထင်သေးစွာနှင့် ကိုယ့်ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

"အို ... အမေကလဲ" ဟု ခင်မျိုးကြွယ်က အားနာဟန်နှင့် ဝင်ဟန့်သည်။

"တစ်မြို့ထဲသား သူငယ်ချင်းတွေ၊ မောင်နှမလို သဘောထားပြီး ခင်ခင်မင်မင်ကြနေပေါ့ကွာ"

ခင်မျိုးကြွယ်အဖေက သိနားလည်စွာဖြင့် ဝင်ပြောသည်။

ခင်မျိုးကြွယ်အမေက မနှစ်မြို့စွာဖြင့် ကိုယ့်ကို ကြည့်နေဆဲ။

"ဦးနဲ့ဒေါ်ဒေါ် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ"

လေးစားစွာ ကိုယ်က နှုတ်ဆက်သည်။ ရင်ထဲမှာ လူငယ်မာနထိုးထောင်လာသော်လည်း "လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကားတဲ့သားရဲ့" ဟူသော အမေ့စကားကို နားထဲမှာ ကြားယောင်လာသည်။ ချိုသာယဉ်ကျေးစွာ သူနှုတ်ဆက်ပါသည်။

"အေးအေး၊ လိမ်လိမ်မာမာနဲ့ စာကြိုးစား ကြားလား"

ခင်မျိုးကြွယ်အဖေက ဆုံးမလိုက်သေးသည်။ အမေက တစ်ခွန်းမှ ပြန်မပြော။ မလိုလားသော အကြည့်နှင့် ကြည့်နေမှန်း ကိုယ်သိနေသည်။ သို့ရာတွင် ကိုယ်သည် တုန်လှုပ်ခြောက်ခြားခြင်း ကင်းမဲ့၏။ ခပ်အေးအေး ခပ်မှန်မှန်နှင့် သူထွက်လာခဲ့သည်။ ခင်မျိုးကြွယ် စိတ်မကောင်းဖြစ် ကျန်နေခဲ့မည်ကို သူ သိသည်။ သူလည်း စိတ်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



အဖေ အရက်သမားကြောင့် ယခုထက်တိုင် သူ မျက်နှာငယ်နေရဆဲပါလားဟု ဝမ်းနည်းစွာ တွေးနေမိသည်။ အရက်သမား သားသမီးနှင့် သူတို့သမီးကို ရင်းနှီးချစ်ခင်သွားမှာ စိုးရိမ်မိသော ခင်မျိုးကြွယ်အမေ၏ စိုးရိမ်မှုကိုလည်း သူ စာနာစိတ်နှင့် ဖြေတွေးလိုက်ပါသည်။ အရက်သမား သားကို ဘယ်သူက အထင်ကြီးမှာလဲ အဖေ ။ အဖေအရက်သောက်ခဲ့တဲ့အတွက် ခုထက်တိုင် သားတို့ ခေါင်းမဖော်နိုင်သေးပါလား အဖေဟု အဖေ့ကို တိုင်တည်ပြီး တီးတိုးရေရွတ်နေမိသည်။ ရင်ထဲမှာ ဝမ်းနည်းသည့်စိတ်၊ ရှက်ရွံ့သည့်စိတ်တို့ကြောင့် မျက်ရည်လည်လာသည်။ မျက်တောင်နှင့် ပုတ်ခတ်ထိန်းနေသည့်ကြားထဲမှ မျက်ရည်တစ်ပေါက်ပေါက် လိမ့်ဆင်းလာသည်။ အရက်သမား သားဖြစ်ခဲ့ရတဲ့အတွက် မျက်နှာငယ်ရတာ သူ့တစ်သက်မမေ့။ နဂိုအခံရှိခဲ့သော နာကျည်းစိတ်၊ ရှက်စိတ်တို့ကလည်း ပြန်ပေါ်လာသဖြင့် ပိုဝမ်းနည်းလာသည်။ သူ့သားသမီးတွေ လက်ထက်မှာ သူ့လို မခံစားရအောင် အရက်ကို အသက်ထက်ဆုံး ဝေးဝေးက ရှောင်မည်ဟု စိတ်ပိုင်းဖြတ်လိုက်မိသည်။ မျက်ရည်စက်တို့ ဖယ်ရှား၍ သူ့စိတ်ကို အားတင်းလိုက်ရသည်။ အဖေ အရက်သောက်ခြင်းကြောင့် ပီတောက်လမ်းပေါ်တွင် သူ မျက်ရည်ကျခဲ့ရသည်ကို သူ့ဘဝတွင် အမှတ်ရနေပေတော့သည်။

□ □ □

(၂၈)

နောက် တနင်္လာနေ့တွင် ကိုငယ်သည် မမနွယ်ဆီသွားခဲ့သည်။ အတန်းလွှတ်ချိန်အခါတိုင်းလိုပဲ ထမင်းဘူး မဖွင့်သေးဘဲ အခန်းလွတ်ထဲတွင် စောင့်နေလိမ့်မည်ဟု သူ ထင်ခဲ့သည်။ သို့သော် သူမတွေ့။ အတန်းပြန်တက်သည့်အချိန်အထိ သူ စောင့်သော်လည်း အတန်းပြန်မတက်။ မမသီတို့နှင့် တစ်နေရာ သွားနေခဲ့ပြီဟု သူ ထင်မြင်ပြီး ပြန်ခဲ့လေသည်။

နောက်တစ်နေ့ နေ့လယ်အားလပ်ချိန် သူသွားပြန်သည်။ သူ မတွေ့ပြန်။ စိတ်ထဲတွင် စနိုးစနောင့်ဖြစ်လာသည်။ ကိုငယ်လာတတ်သည့် အချိန်ကို သိနေ၍ တမင်ရှောင်နေသည်လားဟု သံသယဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ကျောင်းတက်ချိန်ကို ဖျက်၍ မမနွယ် စာသင်ခန်းရှိရာ T. 24 သို့ သွားကြည့်သည်။ ခါတိုင်းနေရာတွင် မမသီကိုပဲ တွေ့ရသည်။ မမနွယ်ကို မတွေ့ရ။ နေ့လယ်ဘက်ကို မသွားတော့။

နောက် တနင်္လာနေ့ရောက်သောအခါ ကိုယ်သည် တောင်ငူဆောင်ရှေ့ စားသောက်ဆိုင်တစ်ဆိုင်မှနေ၍ မမနွယ် ကျောင်းလာ မလာစောင့်ကြည့်သည်။ ၈-နာရီထိုးရန် (၁၀)မိနစ်အလိုတွင် ကျောင်းကိုလာသည်။ ကိုယ် အတန်းပြန်တက်သည်။ နေ့လယ်ဘက် တစ်ချိန်စော၍ မမနွယ်ကို အခန်းနှင့် မလှမ်းမကမ်းနေရာမှ လာစောင့်နေသည်။ အတန်းဖြုတ်လျှင်ဖြုတ်ချင်း မမနွယ်ထမင်းဘူးလေးကိုင်၍ တောင်ငူဆောင်နောက်ပေါက်မှ ကမန်းကတန်းထွက်သွားသည်ကို မြင်လိုက်သည်။ ကိုယ် လှမ်းမခေါ်ဘဲ ကြည့်နေလိုက်သည်။ သူ့ခေါ်စရာမလိုတော့။ သိသာထင်ရှား၍နေပြီ။

မကြာမီ အတန်းထဲမှ မမသီထွက်လာသည်။ သူ့ လှမ်းခေါ်လိုက်သည်။ သူ့ကို မျက်နှာမကောင်းစွာ တွေ့လိုက်ရ၍ မမသီစိတ်မကောင်း ဖြစ်သွားပုံရသည်။ မမသီက ကပျာကသီ မျက်နှာကို မြင်လိုက်သည်။

"သည်နေ့ မိနွယ် ကျောင်းမလာဘူး၊ နေမကောင်းဘူးလားမသိဘူး" ဟု မမသီက ညာသည်။ ကိုယ် ရယ်နေလိုက်၏။

"လိမ်ပြောဖို့ မလိုတော့ပါဘူး မမသီရယ်၊ အဖြစ်မှန်ကိုပဲ မမသီ သိသမျှ ပြောပြပေးဖို့ တောင်းပန်ချင်တာပါပဲ"

ကိုယ်က သူ့ တစ်နေ့ပြီး တစ်နေ့ လာစောင့်ပြီး ကြည့်နေပုံ၊ သည်နေ့ နံနက်စောစော တောင်ငူဆောင်စားသောက်ဆိုင်



မှ လာစောင့်ကြည့်ပုံ၊ တစ်ချိန်စောပြီး လာစောင့်နေပုံ၊ မမနွယ် ထမင်းဘူးကိုင်ပြီး ထွက်သွားပုံ အစအဆုံး ပြန်ပြောပြလိုက်၏။

မမသီ သက်ပြင်းကိုချသည်။ ခေါင်းကိုကုတ်သည်။

"နင်တို့ဟာ ဘာမှန်းလည်း မသိဘူးဟာ။ တစ်ယောက်နဲ့တစ်ယောက် ဘာတွေဖြစ်ကြမှန်းလည်း မသိ။ ကြားထဲက ငါခေါင်းနောက်တယ်"

"ဘာတွေမှ မဖြစ်ကြပါဘူး မမသီ။ ခါတိုင်းလိုပဲ ကျွန်တော်လာခဲ့တာပါပဲ။ ဒါပေမယ့် ဒီနေ့မှာတော့ ကျွန်တော် မလာခင်က ကျွန်တော့်ကို အတွေ့မခံချင်တဲ့ သဘောနဲ့ ရှောင်ထွက်သွားခဲ့တယ်လေ။ အဲ့ဒါဘာကြောင့်လဲလို့ မမသီသိရင် ကျွန်တော့်ကို ပြောပြပေးဖို့ တောင်းပန်တာပါ"

"မိနွယ်ကလည်း ငါ့ကို ဘာမှမပြောဘူး၊ ငါလည်း ဘာမှ မသိဘူး"

"ကောင်းပါပြီမမသီ၊ သည်လိုဆိုရင်လည်း မမနွယ်ကို ကျေးဇူးပြုပြီး စကားလေးတစ်ခွန်းလောက် ပြောပေးပါ"

ပြောရင်းပြောရင်း ကိုယ်အသံတွေ တုန်ချင်လာသည်။ ရင်ထဲတွင် ကြေကွဲဝမ်းနည်းစိတ် လိပ်တက်လာသဖြင့် စကားကို ဆက်မပြောနိုင်ဘဲ ခဏရပ်ထားရသည်။ မျက်ရည်တွေ ရစ်ဝဲလာသဖြင့် မျက်တောင်ဖြင့် ပုတ်ခတ် ထိန်းချုပ်နေရသည်။

ကိုယ့်အဖြစ်ကို မမသီ မကြည့်ရက်သဖြင့် မျက်နှာလွှဲနေလိုက်သည်။ ကိုယ် ပြောမည့်စကားကိုသာ နားစွင့်နေတော့၏။

"မလိုလားတော့မှန်း သိရလို့ ပြန်သွားပါတယ် လို့ ပြောပေးပါ မမသီရယ်"

www.burmeseclassic.com

www.burmeseclassic.com



"မမသီလည်း စိတ်မကောင်းပါဘူးကွယ်'

"စိတ်မကောင်း မဖြစ်ပါနဲ့ မမသီ၊ ကျွန်တော်ဟာ အဖြည့်ခံရုပ်သေးရုပ်လေး တစ်ရုပ်ပါ။ မမသီကို တစ်ခါတုန်းက ပြောခဲ့သလိုပဲ သူ လိုလားနေသမျှ အနားမှာ နေခွင့်ရသမျှ နေချင်တယ်။ သူ့အတွက် မလိုအပ်တော့တဲ့ အချိန်ရောက်ရင် အနားက ကျွန်တော် ခွာသွားမှာပါ။ တစ်နေ့ ဒီလိုခံစားရမယ်ဆိုတာ ကျွန်တော်ကြိုမျှော်လင့်ထားပြီးသားပါ"

"ကိုငယ်ပြောစေချင်တာတွေ မမသီပြောပြပေးလိုက်ပါ့မယ်၊ သူ့ကိုလည်း မမသီ အကျိုးအကြောင်း မေးပေးပါဦးမယ်"

"အကြောင်းမထူးနိုင်တော့ပါဘူး မမသီ။ သည်ကိစ္စဟာ သည်လိုဖြစ်လာလိမ့်မယ်ဆိုတာ ကြိုတင်မျှော်လင့်ထားပြီးသားပါ။ ရုတ်တရက် ချက်ချင်းကြီးဖြစ်သွားလို့သာ ကျွန်တော် အံ့သြပြီး စိတ်ထိခိုက်သွားမိတာပါ။ ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲလို့ သိချင်တာကလည်း ကျွန်တော့်အမှားကြောင့် ဖြစ်ရတယ်ဆိုရင် ကျေနပ်အောင် တောင်းပန်ချင်လို့ပါ"

"တစ်ယောက်နဲ့တစ်ယောက် သည်လောက်တောင် သံယောဇဉ်ရှိခဲ့ကြပြီးမှ ချက်ချင်းကြီး သံယောဇဉ်ဖြတ်ရလောက်အောင် မိနွယ်မှာ ဘာအကြောင်းရှိလို့လဲ မသိဘူး"

မမသီက လက်ပိုက်ပြီး စဉ်းစားနေသည်။ ကိုငယ်ဘက်မှလည်း စိတ်မကောင်း ဖြစ်မိနေသေးသည်။

"ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်၊ ကျွန်တော်ဘက်ကတော့ မမနွယ်အပေါ် အပြစ်မမြင် အပြစ်မတင်ပါဘူး၊ နားလည်ခွင့်လွှတ်စွာနဲ့ပဲ ခံစားရသမျှကို ဖြေသိမ့်နိုင်အောင် ကြိုးစားပါတော့မယ်"



မမသီက ငြိမ်သက်စွာ နားထောင်နေသည်။ ထင်မြင်ချက်ဝင်မပြောတော့။

"ကျွန်တော့်ကိုယ် ကျွန်တော် စိတ်ခိုင်တယ်လို့ထင်ခဲ့မိတာ၊ အခုလို ဖြုန်းစားကြီး သစ်စိမ်းချိုးချိုးသလို အချိုးခံလိုက်ရတော့ ရင်ထဲမှာ ဗလောင်ဆူပြီး ကြေကွဲဝမ်းနည်းရပါကယ် မမသီ"

ပြောရင်း ပြောရင်းနှင့် မျက်ရည်က ကျချင်ချင်ဖြစ်လာသည်။ ကိုငယ် ဆက်ပြောနေလျှင် စိတ်ထိန်းနိုင်တော့မည်မဟုတ်သဖြင့် မမသီကို နှုတ်ဆက်သည်။

"တွေ့ဆုံကြုံတွေ့ခဲ့ရတဲ့ ခဏလေးမှာ ပြောမှား ဆိုမှားရှိခဲ့ရင် မောင်ငယ်တစ်ယောက်လို သဘောထားပြီး ခွင့်လွှတ်ဖို့ တောင်းပန်ခဲ့ပါတယ်။ ကျွန်တော်သွားပါတော့မယ် မမသီ"

ကိုငယ်က လှည့်ထွက်သွားမယ်လုပ်တော့၊ မမသီက ခဏတားသည်။

"ခဏနေပါဦးလား၊ တော့တော့ဆိုင်ဆိုင် စကားပြောရအောင် မိနွယ်ကို သွားရှာပေးမယ်လေ"

ကိုငယ် ခေါင်းခါသည်။

"ကျွန်တော်ကြောင့် မမနွယ် နောက်ထပ် စိတ်ကသိကအောက်ဖြစ်မှာ မလိုလားတော့ပါဘူး။ သူ လုပ်သင့် လုပ်ထိုက်တယ်ထင်လို့ လုပ်သွားတဲ့ကိစ္စကို ကျွန်တော်အယူခံ မဝင်ချင်တော့ပါဘူး။ လျှောက်လဲချက်ပေးဖို့လည်း မလိုတော့ဘူးလေ"

ပြောပြောဆိုဆိုနှင့် ကိုငယ်လှည့်ထွက်သွားသည်။ မမသီ၏ သက်ပြင်းချသံသဲ့သဲ့ကို နောက်ဆုံးကြားလိုက်ရသည်။ မျက်ရည်ဝဲဝဲနှင့် အံခဲပြီး အဆောင်အရောက် ကိုငယ် ပြန်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဆောင်ရောက်တော့ ကိုယ်သည် စောင်ခေါင်းမြီးခြုံပြီး အိပ်ချင်ယောင်ဆောင်တော့သည်။ စောင်ခြုံအောက်တွင် မျက်ရည်တွေ တွေတွေကျကာ ငိုရပါသည်။ ချစ်သော မမနွယ် အတွက် သူ ငိုရပါတော့သည်။ ရင်ထဲတွင် တင်းကြပ်ဆို့နစ်ပြီး လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲစွာ ခံစားနေရ၏။ ရင်နာစွာ ခံစားရတယ်ဆိုတာ ဒါပဲလားဟု သူတွေးနေမိသည်။

ယခုမှ သူ မြင့်ဆွေကို ကိုယ်ချင်းစာမိသည်။ နီလာ ကျော်အဆောင်က ပြန်လာတော့ မြင့်ဆွေ ယခုလိုပဲ ခံစားရပြီး မခံမရပ်နိုင်ကာ အရက်သောက်ချင်စိတ် ပေါ်လာခြင်း ဖြစ်လိမ့် မည်။ အရက်မူးမူးနှင့် ရင်ဖွင့်ပြီး အော်ဟစ်လိုက်တော့မှ နေသာ ထိုင်သာ ရှိသွားဟန်တူသည်။

သို့သော်လည်း ရင်ကွဲသွားပါစေ၊ သူအရက်မသောက်။ မိန်းမတစ်ယောက်အတွက် သူ ဘယ်တော့မှ အရက်သောက် လိမ့်မည်မဟုတ်။ သည်လိုနှင့် နေပူပူ နေ့လယ်ခင်းတွင် စောင် ခေါင်းမြီးခြုံ၍ သူ အိပ်ပါသည်။ အိပ်မပျော်။

နေ့လယ်ခင်း စာသင်ချိန်ဖြစ်သဖြင့် အဆောင်တွင် ကျန်ရစ်သူ မရှိ။ တစ်ဆောင်လုံးလိုလို တိတ်ဆိတ်နေသည်။ သူ တစ်ယောက်တည်း အသည်းကွဲဝေဒနာကို ခံစားနေရပါသည်။ ရင်ထဲတွင် မခံမရပ်နိုင်အောင် တင်းကျပ်လာသောအခါ သူ ထ ထိုင်သည်။ ဒိုင်ယာရီစာအုပ်ကို ဖွင့်၍ မမနွယ်ဆီ စာရေးသည်။

– **အသည်းကွဲတယ်ဆိုတာ ခုမှ ကိုယ်တွေ့ကြုံလို့ သိရပါပြီ မမနွယ်။ ရင်ထဲမှာ ဆို့နစ်တင်းကျပ်ပြီး ကြေကွဲဝမ်းနည်းနေရတာ သည်တစ်ကြိမ်ပဲ ကြုံတွေ့ခဲ့ရပါတယ်။ သည်ဝေဒနာဆိုးကို**



ပထမဆုံးနဲ့နောက်ဆုံးအကြိမ် ခံစားရခြင်းဖြစ် ပါစေလို့ ဆုတောင်းမိပါတယ်။

– မမနွယ်က သတိအတန်တန်ပေး တားမြစ် ထားပါရက်နဲ့ သိလျက်နဲ့ ဝိပါက်ကြမ္မာငင်ပြီး သံယောဇဉ်ကြီးမိလို့ ကျွန်တော်ရင်နာခဲ့ရတာ ပါ။ မမနွယ်မှာ အပြစ်ဟူသည် ဆံချည်မျှင်မျှ မရှိပါဘူး။

– စာနာ နားလည်စိတ်နဲ့ ခွင့်လွှတ်နိုင်အောင် ကျွန်တော်ကြိုးစားပါ့မယ်။

– ယောကျ်ားတန်မဲ့ ကျွန်တော်ငိုခဲ့ရတယ် မမနွယ်။ မမနွယ်ကြောင့် ကျွန်တော့်နှလုံးသားတွေ ကွဲ ကြေရပါတယ်လို့ အပြစ်မဆိုချင်ပါဘူး၊ အပြစ် လည်း မတင်ရက်ပါဘူး။

– ကိုယ့်ထိုက်ကိုယ်ကံ ကိုယ့်ဘာသာ စေတနာ မမှန်လို့ ခံရလေတယ်လို့ပဲ စိတ်ဖြေပြီး အလွမ်း နာကို ကိုယ့်ဘာသာ ကုပါ့မယ်။

– ဘာပဲဖြစ်ဖြစ် မမနွယ် စိတ်ချမ်းမြေ့ပျော်ရွှင် နိုင်မယ်ဆိုရင် ကျေနပ်ပါပြီ။

– မမနွယ်ရယ် ...

ကျွန်တော်တို့ မောင်နှမတွေရဲ့ ပျော်ရွှင်ကြည်နူး စရာနေ့ရက်လေးတွေ ရုတ်တရက် ကုန်ဆုံးကြေ ပျက်သွားတာ ဝမ်းနည်းစရာ ကောင်းလိုက်တာ။

– ရင်နာစရာနေ့ရက်များအဖြစ် သတိရတိုင်း ခံစား နေရတော့မယ် ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



- ကြည်နူးစရာ အိမ်မက်လေးတွေလည်း ပျက်ပြယ်သွားခဲ့ရလေပြီကော မမနွယ်။

မမနွယ်ဆီ စာရေးပြီး ကိုငယ် ပြန်အိပ်သည်။ အိပ်လို့မပျော်။ မမနွယ်နှင့် ပတ်သက်တာတွေ ပြန်တွေးရင်း ရင်နာနေမိသည်။ ကြည်နူးပျော်ရွှင်ခဲ့ရတာလေးတွေ ပြန်တွေးကြည့်သော်လည်း ရင်နာမှုကိုတော့ မချေဖျက်နိုင်။ တဒင်္ဂ ခဏတာ ပျော်ရွှင်ခဲ့ရသမျှ တစ်သက်တာ ဆွေးမြေ့ဖို့သာ ဖြစ်တော့သည်။

ခဏကြာတော့ အခန်းဖော် ကျော်ရွှေပြန်လာသည်။

"ဟ … ဒီကောင် ရောဂါတက်နေပြန်ပြီလား"

ကိုငယ် ပြန်ပြောချင်စိတ်မရှိသဖြင့် မျက်စိကို မှိန်းကာ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

"ဘာလဲ၊ သန်းညွန့်ခေါ် ပေးရဦးမလား"

ကျော်ရွှေက စပ်ဖြဲဖြဲ လုပ်ကာ မေးလိုက်သည်။ တစ်ခါတုန်းက သန်းညွန့် သူ့ ကုတင်ခြေရင်းတွင် လာအော် ငိုခဲ့သည်ကို ကိုငယ် ပြန်အမှတ်ရပြီး ပြုံးချင်ချင်ဖြစ်လာသည်။ သို့သော်လည်း ပြုံးချင်စိတ်မရှိ။ ပြုံး၍လည်း ရမည်မထင်။

"မင်းအတွက် စာတစ်စောင်ပါလာတယ်ကွ၊ အောက်ထပ်က ငါယူလာခဲ့တယ်"

စားပွဲပေါ် တစ်စုံတစ်ခုပြစ်တင်သံ ကြားလိုက်သည်။ ကိုငယ် မျက်စိကိုဖွင့်လိုက်၏။ စားပွဲပေါ်သို့ မျက်စိက ရှာဖွေသောအကြည့်နှင့် ကြည့်လိုက်သည်။ စာတစ်စောင်။ မမနွယ်ဆီက ဖြစ်နေမည်လားဟု မထင်ဝံ့ဝံ့ ထင်ဝံ့ဝံ့ ထင်လိုက်မိသေးသည်။ စာကို လှမ်းယူ၍ကြည့်လိုက်သည်။ သူ့အစ်ကို လက်ရေး အိမ်ကထည့်လိုက်သည့် စာ။



ကျော်ရွှေက အဝတ်အစားလဲနေရင်း သူ့ကို အကဲခတ်နေ၏။

"မင်းနေမကောင်းဘူးလား၊ ဘာဖြစ်နေလဲ"

စိုးရိမ်စိတ်နှင့် မေးလိုက်သည်။

"လူက နေကောင်းပါတယ်ကွာ၊ စိတ်နေမကောင်းဖြစ်နေလို့ပါ"

"စိတ်မကောင်းရင် နွားမွေးကွာ၊ အရင်းတော့ ကိုက်မယ်"

ကျော်ရွှေက နောက်ပြောလိုက်သည်။ ကိုငယ် မရယ်နိုင်။ ကျော်ရွှေပြက်လုံးကို နည်းနည်းအားနာသဖြင့် ပြုံးယောင်ဆောင်ရသည်။ ကျော်ရွှေဘာမှ မပြောတော့ဘဲ အိပ်ရာပေါ် တက်လှဲနေတော့သည်။

ကိုငယ် စာကို ဖွင့်၍ ဖတ်လိုက်၏။ အစ်ကိုလေး၏ သေသပ်ညီညာသော လက်ရေးစောင်းလေးကို တွေ့လိုက်ရသည်။

ညီငယ် …

တစ်နေ့က ဈေးထဲမှာ အမေနဲ့ မင်းသူငယ်ချင်း ခင်မျိုးကြွယ်တို့ အမေစကားများကြတယ်။ ခင်မျိုးကြွယ်အဆောင်မှာ မင်းကိုတွေ့လိုက်ရလို့ သူ့အမေက မကျေမနပ်ဖြစ်ပြီး အမေ့ကို ပြောတယ်။ အမေက မခံနိုင်လို့ ပြန်ပြောရင်း စကားများကြတာပဲ။

ပိုက်ဆံရှိတဲ့သူ တချို့ဟာ သူတစ်ဖက်သားအပေါ် အထင်သေးအမြင်သေး ဆက်ဆံပြောဆိုတတ်ကြတယ်လေ။ ခင်မျိုးကြွယ်အမေက ဒီလို

www.burmeseclassic.com

www.burmeseclassic.com


အမျိုး အစားထဲကဆိုတော့ သူတို့နဲ့ မပတ်သက် မဆက်ဆံနိုင်ရင် အကောင်းဆုံးပဲကွာ။ သူသမီးကို မင်းနဲ့ ရင်းနှီးမှာ အတော်စိုးရိမ်ပုံရတယ်။

ဖြစ်နိုင်ရင် အဲ့ဒီ လူတန်းစားတွေနဲ့ မပတ်သက်စမ်းပါနဲ့ကွာ။

အဖေလည်း အရက်ဖြတ်လိုက်တော့ သောက်ထားတုန်းက ဖေါက်တွေ ပြန်ခံရသလား မပြောတတ်ဘူး။ အိမ်စီးပွားရေး အခြေအနေတ သိပ်မကောင်းဘူး၊ အရောင်းအဝယ်လည်း အရင်တလို ရောင်းမကောင်းတော့ဘူး။ အဖေ့ဆေးဖိုးကလည်း ကုန်ဆိုတော့ ကြပ်တည်းတာပေါ့ကွာ။

ဒါပေမယ့် မင်းကို ကျောင်းပြီးအောင် ဖြစ်တဲ့နည်းနဲ့ ထားမှာပါ။ ငွေစုငွေချေးကလည်း ငွေချေးထားတယ်။ ဘာပဲဖြစ်ဖြစ် မင်းဘွဲ့ရတဲ့အထိ တို့တစ်တွေ ရုန်းကန်ထားမှာပဲ၊ မင်းကသာလိမ္မာဖို့ အရေးကြီးတယ်။

တက္ကသိုလ်သွားပြီး ဘဝမေ့နေရင်တော့ မင်းလောက်မိုက်တဲ့ကောင် လူပြည်မှာရှိမှာ မဟုတ်ဘူး။ တက္ကသိုလ်မှာ နေခွင့်ရတုန်း အတတ်ပညာတစ်ခုခုရအောင်ကြိုးစား။ ပညာအရာမှာ ထူးချွန်အောင်လုပ်၊ အချိန်မဖြုန်းနဲ့။

ဘဝကို နားလည်ပြီး နေထိုင်လုပ်ကိုင်တတ်လိမ့်မယ်လို့ မျှော်လင့် ယုံကြည်ထားမယ်။ ဘဝဆိုတာ စိတ်ပျက်အားငယ်ဖို့ မဟုတ်ဘူး၊ ကြိုးစားရုန်းကန်ဖို့ ဖြစ်တယ်။ ကြိုးစားလေလေ အရည်အသွေး တောက်ပြောင်လေလေပဲဆိုတာ မင်းသိနားလည်မှာပါ။

ဒါပါပဲ

အစ်ကိုလေး



အစ်ကိုလေး စာဖတ်ပြီး ပိုစိတ်ဆင်းရဲသွားသည်။ မမနွယ်နှင့်ပတ်သက်ပြီး သူခံစားနေရတာတွေ။ ခင်မျိုးကြွယ်နှင့် ရုပ်ရှင်အတူကြည့်တာတွေ သိလျှင် သူ့ကို သတ်ချင်မလား မသိ။ သူ့မိသားစုက သူ့အတွက် အဆင်းရဲခံကာ သူ့ကို တက္ကသိုလ်မှာ ထားသည်။ သူက တက္ကသိုလ်မှာ မိန်းမအတွက် ဗျာများနေသည်။ သူစိတ်မကောင်း။ သူ နောင်တရသည်။

အခြေအနေအကြောင်းကြောင်းတွေကလည်း လာတိုက်ဆိုင်သည်။ မမနွယ်က သူ့ကို သစ်စိမ်းချိုး ချိုးသလို၊ ယတိပြတ်သံယောဇဉ် ဖြတ်လိုက်သည့်အချိန်မှာ အစ်ကိုလေး စာရောက်လာသည်။ သည်ကြားထဲ ခင်မျိုးကြွယ်အမေနှင့် အမေတို့ စကားများကြတာလည်း ပြဿနာ။ သူ ခင်မျိုးကြွယ်အပေါ် ညီမလေးတစ်ယောက်လို သဘောထားပြီး သံယောဇဉ်ရှိသော်လည်း ခင်မျိုးကြွယ်အမေ၏ အထင်သေး အမြင်သေး အပြောအဆိုခံရမှာကိုတော့ ကြောက်သည်။ ပြီးတော့ သူ့ကြောင့် အမေ့မှာ အပြောအဆိုခံ ရန်ဖြစ်ရမှာ သူ မလိုလားနိုင်။

ဘာလုပ်ရမည်ကို သူ သိပါပြီ။ မမနွယ်နှင့် ခင်မျိုးကြွယ်ကို သူ့ခေါင်းထဲမှ မေ့ဖျောက်ပစ်ရပေတော့မည်။ ရင်ခွင်သမျှကို အချိန်ယူ၍ ကုစားရပေတော့မည်။ တစ်ဘဝတွင်သည် တစ်ခါသာ ချစ်မိပြီး သည်တစ်ခါပဲ အသည်းကွဲရတာကို သူ

www.burmeseclassic.com

www.burmeseclassic.com



မမေ့နိုင်။ နှစ်ပေါင်းအတန်ကြာသည်တိုင် သူ ကြေကွဲ၊တသ နေရပါမည်။ မျှော်လင့်ချက် ဘဝကြွယ်စင်သည် မြေပြင်တွင် ကြွေသက်ခဲ့ရပါပြီ။ ရင်နာစေတေးကို သီကြွေး၍ တိတ်တခိုး ရှိုက်ငိုခဲ့ရသည်ကို သူ မမေ့။ ဘယ်တော့မှ မမေ့။ မေ့လို့ကော ရနိုင်မှာတဲ့လားလေ။ မမနွယ်ကို သူမေ့လို့ ရနိုင်မှာတဲ့လား။

□ □ □

## (၂၉)

ဝေဠုနံဝန်စေဟီပေါ်မှကြည့်လျှင် တီးတိန်မြို့ကို အတိုင်းသားမြင်တွေ့ရသည်။ နှင်းမှုန်ပါးပါးလေး ခြုံသိုင်းနေတုန်းမှာကြည့်လျှင် လှပ လွမ်းမောဖွယ်ရာ မြို့လေးတစ်မြို့ဖြစ်ကြောင်း သိရမည်။ တောင်ခါးပန်းယံများကို ရစ်ခွေကာ လမ်းဖောက်ထားသည်။ ထိုလမ်းတစ်လျှောက်တွင် အိမ်ကလေးတွေကပ်ဆောက်ထားသည်မှာ ညီညီညာညာ ရှိလှ၏။ အဝေးမှ ကြည့်လျှင် မြွေကြီးတစ်ကောင် တောင်ပေါ်တက်လာသကဲ့သို့ ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်သို့ ကြည့်လိုက်လျှင် မြင့်မားမတ်စောက်သော ကနေဒီတောင်ထိပ်ကို လှမ်းမြင်နေရ၏၊ တောင်ချိုင့်ကြားထဲတွင် မြူခိုးတွေ ဝေနေ၏။ တောင်ဘက်ကိုကြည့်လိုက်လျှင် တီးတိန်မြို့၏ ကျက်သရေဆောင် အထက်တန်းကျောင်းနှင့် တင်းနစ်ကွင်း၊ အားကစားကွင်းတို့ကို တွေ့ရသည်။ မှိုင်းဝေနေသော ခပ်လှမ်းလှမ်း တောင်ကုန်းကလေးကတော့ တီးတိန်ဂေါက်ကွင်း ဖြစ်တော့သည်။

အရပ်ရှစ်မျက်နှာကို ဘယ်မှာပဲ ကြည့်ကြည့် နှင်းမှုန်တွေ ဝေဆိုင်းလို့ မြူခြေမှိုင်းမှိုင်း ရှိနေတာပါပဲလား။ တောင်ကုန်းမြင့်တွေပေါ် အကာအကွယ်မဲ့ တိုက်ခတ်လာသော လေတို့နှင့်အတူ မိုးနှင်းငွေ့လေးတွေ ပါလာတတ်သည်။ ဆေးမြမြ ချမ်းစိမ့်စိမ့်နှင့် လွမ်းသူကို ဖေးကူနေတော့၏။

ကိုငယ်သည် ဝေဠုဝန်စေတီတော်၏ ကုန်းတော်ပေါ်မှ တောင်နိုးမှိုင်းမှိုင်းကို အစီပွာယ်မဲ့ ငေးမောရင်း လွမ်းဆွတ်တသနေတော့သည်။ ဘယ်တော့မှ မေ့မရနိုင်သည့် မမနွယ်ကိုပါ။ သံယောဇဉ်ကို မြက်တစ်ပင်လို အလွယ်တကူ ဖြတ်တောက်ဖြစ်ခဲ့သော မမနွယ်ကို သူ တကယ်ပဲ လွမ်းနေမိတော့သည်။

သိပ် သတိရနေတာပါပဲ မမနွယ်ရယ်။

၁၅-နှစ်ဆိုတဲ့ အချိန်ကာလဟာ စောင့်ဆိုင်းနေသူတွေအတွက် အကြာကြီးထင်မှတ်ဖွယ်ဖြစ်ပေမယ့် ကျွန်တော့်အတွက်ကတော့ မနေ့တစ်နေ့ကလိုပဲ ရှိနေပါသေးတယ် မမနွယ်။

မမနွယ်က ပစ်ပစ်ခါခါ ရှောင်ခွာတိမ်းလို့ စိမ်းခဲ့ပေမယ့် ကျွန်တော်ကတော့ မစိမ်းနိုင်သေးပါဘူး မမနွယ်ရယ်။



မြူခိုးတွေ ဝေနေတဲ့ တောင်တန်းကြီးတွေကို ကျော်ပြီး ပြည်မရှိရာ မှန်းဆတမ်းတတိုင်း မမနွယ်ကိုပါ လွမ်းမိရတတ်ပါတယ်။

လွမ်းရပါသော်ကော မမနွယ်ရယ်။

ကိုငယ်သည် ရင်ထဲမှ အလွမ်းနာကို ကုလာခဲ့သည်မှာ ကြာသော်လည်း ယခုထက်တိုင် ဒဏ်ရာက မကျက်နိုင်။ နှစ်ပေါင်း ၁၅-နှစ်ကြာခဲ့ပြီ။ သူလည်း ဥပဒေဝန်ထမ်းဖြစ်ကာ အမြို့မြို့ အရွာရွာ တာဝန်ထမ်းခဲ့ရသည်။ ယခု တောင်ပေါ်မြို့လေး တီးတိန်ရောက်ကာမှ သဘာဝရှုမျှော်ခင်းများကြောင့် မမနွယ်ကို အလွမ်းပိုခဲ့ရပါသည်။ မမနွယ်ကို အစဉ်လွမ်းနေရသဖြင့် အခြားတစ်ပါးသော သူကို ရင်ထဲတွင် အစားထိုးရန် မကြည့်မမြင်နိုင်ခဲ့။ ညီ၊ ညီမငယ်တို့၏ တာဝန်ကိုထမ်းနေရသဖြင့်လည်း အိမ်ထောင်ပြုဖို့ သူ မစဉ်းစားအား။ သည်လိုနှင့် လူပျိုကြီးဘဝနှင့် ဘဝကို နေပျော်အောင် နေလာခဲ့ရသည်လေ။

သည့်တော့ သူတကယ်ပဲ လွမ်းသည်။ တမ်းတမ်းတတနှင့် သူ လွမ်းဆွတ်တသပါသည်။ သို့ရာတွင် မမနွယ် ဘယ်ဆီနေမှန်း မသိ။ အိမ်ထောင်ကျ၍ သားသမီးများ ပွားစီးနေပြီလားလဲ မသိ။ ဘာဖြစ်၍ ဖြစ်နေမှန်းပင် သူ မသိတော့တက္ကသိုလ်မှ ထွက်ခွာလာပြီးနောက် မမနွယ်နှင့် ပတ်သက်၍ သူ ဘာမှ မသိတော့။ သူကို မတွေ့လို၍ တောင်ငူဆောင်နောက်ဖေးပေါက်မှ ခပ်သုတ်သုတ်လေး ထွက်ပြေးရှောင်ခွာသွားသည့်နေ့မှစ၍ မမနွယ်ကို သူ မတွေ့ မမြင် မကြားခဲ့ရတော့ပါ။ ကြားသိလိုချင်သည့် ဆန္ဒလည်း သူ့မှာ ရှိ မရှိကို သူဘာသာ မဝေခွဲနိုင်တော့။ မမေ့ခင်တော့ တွေ့ချင်ပါသေးတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ကနဲ ခင်မျိုးကြွယ်ကိုပါ သတိရလိုက်သည်။ အမေချင်း မတည့်သည့်အတွက် ညီမလေးလို သံယောဇဉ်တွယ်ခဲ့ရသော ခင်မျိုးကြွယ်ကို ယတိပြတ် သူ သံယောဇဉ် ဖြတ်ခဲ့သည်။ ခင်မျိုးကြွယ်ကတော့ သူ့ကို ကိုစိမ်းကားလို့ခေါ်မှာပဲ။ အဖြစ်မှန်ကို သူ ဘာမှ သိမည်မဟုတ်။ တမင်စိမ်းရက်တယ်လို့ပဲ သူ ထင်နေရှာမည်။ ခင်မျိုးကြွယ်ကို သတိရလိုက်တော့ လက်က အလိုလိုတိုက်ပုံအင်္ကျီအိတ်ပေါ်က ဖောင်တိန်လေးဆီကို ရောက်သွားသည်။ ခင်မျိုးကြွယ်လက်ဆောင်ပေးခဲ့သည့် ပတ်ကား ၄၅၊ ဖောင်တိန်အနီလေးကို ယခုထက်တိုင် သူ တရိုတသေ သုံးစွဲနေတုန်းပဲလေ။

ခုနေများ ပြန်တွေ့ရရင် ခင်မျိုးကြွယ် ဘာစကားတွေ ဆိုမလဲ။ စိမ်းရက်တယ်လို့ အပြစ်တင်ရင်တော့ သူ ခေါင်းငုံ့ပြီး ဝန်ခံနေရတော့မှာပဲ။ စာလေးတစ်စောင်တောင် ရေးဖော်မရဘူးလို့ပြောရင်ဖြင့် သူ ဘယ်လိုများ တောင်းပန်ရမယ်ဆိုတာ စဉ်းစားလို့ မရနိုင်လောက်အောင်ပါပဲလေ။ သူကလည်း သံယောဇဉ်ကို နွယ်တစ်ပင်လိုမှတ်ပြီး အလွယ်တကူ ဖြတ်တောက်စိမ်းကားခဲ့တာပဲ မဟုတ်လား။ ခုဆိုရင် နာကျည်းစိတ်နဲ့ မုန်းမေ့ရင်လည်း မုန်းမေ့နေနိုင်တာပဲ။ ရှည်ကြာတဲ့ကာလအတွင်းမှာ သံယောဇဉ်အသစ်တွေ နှောင်ဖွဲ့ရစ်လို့ မေ့ချင်လည်း မေ့လောက်ပါပြီ။ ကတိသစ္စာစကားတွေနဲ့ နှောင်ဖွဲ့ခဲ့ကြတဲ့ ချစ်သူတွေမှ မဟုတ်တာ။ သူလည်း မေ့လောက်ပါချေပြီ။

ကိုယ်သည် အလွမ်းသံသရာတွင် နစ်မြောခဲ့သည်မှာ မည်မျှကြာသည် မသိ။ လက်ဖျားခြေဖျားတွေ အေးစက်ထုံကျင်လာတော့မှ မနေနိုင်တော့ဘဲ စေတီတော်တောင်ကုန်းပေါ်မှ ဘုန်းကြီးကျောင်းကို ပြန်ဆင်းလာခဲ့ရသည်။



ဘုန်းကြီးကျောင်းမှာ လူစည်ကားစပြုနေပါပေါ့လား။ ဗုဒ္ဓဘာသာဝင် ဝန်ထမ်းတွေ စုပေါင်းလုပ်ကြသည့် ဝါဆိုသင်္ကန်းကပ်ပွဲဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ဘုန်းကြီးကျောင်းသို့ လာကြသည်။ ပညာရေးဝန်ထမ်း၊ ပြည်သူ့ရဲနှင့် ရေအားလျှပ်စစ်မှ ဝန်ထမ်း၊ ဆရာဝန်နှင့် အခြားဌာနပေါင်းစုံမှ ဝန်ထမ်းတွေလာကြသည်။ စိတ်ကြားထားသဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော အခြားပုဂ္ဂိုလ်များလည်း လာကြပါသည်။

တောင်ပေါ်မှ စားရခဲ့သော တစ်ပင်တိုင် မုန့်ဟင်းခါးကျွေးသည်လေ။ ရှားရှားပါးပါးပါပဲ။ ကိုယ်က ရောက်လာတာ လပိုင်းဘဲ ရှိသေးတော့ သိပ်မသိသေး။ သိက္ခမ်းခင်မင်သူ နည်းပါးနေသေးသဖြင့် သင့်တော်ရာ ထောင့်မှာကပ်၍ ပရိသတ်ကို ကြည့်နေရတော့သည်။

ဖော်ရွေခင်မင်တတ်သော ဒေါက်တာရဲမြင့်၊ ဒေါက်တာမြသန်းတို့နှင့် စကားလက်ဆုံပြောဆိုရသည်မှာ စိတ်အားတက်ဖွယ်ရာပင်။ ကျောင်းဆရာဦးမိုးဆွေနှင့်တော့ လေပေး အတော်ပြောင်ခဲ့၏။ သဘောထားပြည့်ဝ၍ အေးဆေးတည်ငြိမ်သော ဒု-ရုံးအဖွဲ့မှူး ဦးမျိုးတင်နှင့် သိက္ခမ်းခင်မင်ခွင့်ရခဲ့သည်မှာလည်း ကံကောင်းပါသည်။

အံ့ဩဖို့ကောင်းတာကတော့ မမျှော်လင့်ဘဲ နီလာကျော်နှင့် ပြန်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

အဖြူရောင်ချိတ်လုံချည်နှင့် အင်္ကျီအဖြူလက်ရှည်လေးကို ဝတ်ထားသော နီလာကျော်သည် လှပ၍ ကျက်သရေရှိလှသည်။ ၁၅-နှစ်ခန့် ကွဲကွာနေခဲ့သော်လည်း ချက်ချင်းမှတ်မိသည်။ ပိုပြီးရင့်ကျက်တည်ငြိမ်လာသည်က လွဲ၍ ဘာမျှ ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲမသွားခဲ့။ ကိုယ်က သူမကို မှတ်မိသလို နီလာကျော်ကလည်း ကိုယ့်ကို တွေ့တွေ့ချင်း မှတ်မိသွားသည်။ ဝမ်းသာအားရ ဖြစ်သွားပုံလည်းရ၏။ သည်လို ဝေးလံခေါင်ဖျားသော တောင်တန်းတစ်နေရာတွင် သိကျွမ်းခင်မင်ခဲ့ဖူးသော သူငယ်ချင်းဟောင်းနှင့် ပြန်တွေ့ရလျှင် အဘယ်သူ ဝမ်းမသာဘဲ နေနိုင်မှာတဲ့လဲ။ ကိုယ်လည်း သိပ်ဝမ်းသာသွားမိသည်။

နီလာကျော်သည် ကိုယ်ရှိရာ ဝိုင်းသို့လာသည်။

"ကိုယ် ဘယ်တုန်းက တောင်ပေါ်ရောက်နေတာလဲ" ဟု နီလာကျော်က စတင်နှုတ်ဆက်သည်။

"ကျွန်တော် သိပ်မကြာသေးဘူး၊ နှစ်လလောက်ပဲ ရှိဦးမယ် ထင်တယ်၊ မနီလာကျော်ကော ကြာပြီလား"

"နီလာလည်း သုံးလလောက်တော့ ရှိမယ်ထင်တယ်"

"တစ်ယောက်နဲ့ တစ်ယောက် မတွေ့ကြဘူးနော်"

"နီလာက ရုံးနဲ့အိမ်၊ အိမ်နဲ့ရုံးပဲ သွားတာဆိုတော့ မတွေ့ကြတာပါ။ အခုတောင် ဘုန်းကြီးကျောင်းကို ဆရာမ ဒေါ် အေးဝင်းအဖော်ရှိတာနဲ့ လိုက်လာခဲ့တာ"

နီလာကျော်က အားရဝမ်းသာပြောနေ၏။

"ခုမှ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်တွေ့ကြတာကိုး"

အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးမိုးဆွေက ဝင်ပြောသည်။

"ဟုတ်တယ်ဗျ၊ မနီလာကျော်နဲ့ ကျွန်တော်က ကိုးတန်းထဲကကျောင်းနေဘက်သူငယ်ချင်းတွေ။ တက္ကသိုလ်ရောက်ပြီးကတည်းက တစ်ကွဲတစ်ပြားစီဖြစ်ခဲ့ကြတာ ခုထိပါပဲ"



ကိုယ်က ဦးမိုးဆွေကို ပြန်ရှင်းပြနေသည်။

"ဒီတောင်ပေါ်မှာ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းပြန်တွေ့ရတာ ဝမ်းသာစရာပေါ့ဗျာ"

ဦးမိုးဆွေက ရေနွေးကြမ်းကို ငှဲ့ရင်း ပြောလိုက်သည်။ ဝိုင်းအလယ်မှ လက်ဖက်ပွဲကို နီလာကျော့်ဘက်သို့ တိုးပေးရင်း-

"စားဗျ၊ ဒေါ်နီလာကျော်၊ တောင်ပေါ်မှာစားလို့ အကောင်းဆုံးက အဆာများများနဲ့ သုတ်ထားတဲ့ လက်ဖက်သုတ်ဘဲဗျ၊ ရှားရှားပါးပါး ပုဇွန်ခြောက်ကလေးတောင်ပါသေး"

နီလာကျော်က ကိုယ်ကို ရှိန်ရှိန်လေးထိုင်ကာ လက်ဖက်ခွက်ကို လက်နှိုက်လိုက်သည်။

"ဒေါ်အေးဝင်းလည်း အားနာမနေနဲ့နော်။ တောင်ပေါ်မှာ မြေပြန့်သားတွေ လာတွေ့ရတာ ကိုယ်ဆွေမျိုး ညီအစ်ကို မောင်နှမတွေနဲ့တွေ့ရသလို သဘောထားပေတော့"

ကျောင်းဆရာပီပီ ဦးမိုးဆွေက စကားကြွယ်လှ၏။

"ဒီတောင်ပေါ်တက်လာတာ ပရိုမိုးရှင်းနဲ့ပဲလား"

နီလာကျော့်ကို ကိုယ်က မေးလိုက်သည်။

"ဟုတ်တယ် ကိုယ်။ စာရင်းရုံးဦးစီးမှူးအနေနဲ့ ပရိုမိုးရှင်းနဲ့လာတာပါ။ ဌာနဆိုင်ရာ စာမေးပွဲဖြေတာအောင်သွားတာနဲ့ ဖောင်ကြီးသင်တန်းတက်ပြီး လာခဲ့ရတာပဲ"

နီလာကျော် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်နေသည်။

"နေရထိုင်ရတာတော့ အဆင်ပြေမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com

"ပြေပါတယ်၊ မပြေလည်း ပြေအောင်နေရမှာပေါ့။ ပြည်သူ့ဝန်ထမ်းတွေပဲ ရောက်တဲ့အရပ် ပျော်အောင်နေ၊ တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်း၊ ကိုယ့်လုပ်ငန်း အောင်မြင်အောင် လုပ်ဖို့ပဲ မဟုတ်လား"

"ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းတက္ကသိုလ်က ဆင်းလာတာ မကြာသေးဘူးတင်တယ်"

ဦးမြသန်းက ဝင်ထောက်လိုက်သည်။

နီလာကျော် ရယ်နေ၏။ သည်ဝိုင်းထဲတွင် ဗဟိုပြည်သူ့ဝန်ထမ်းတက္ကသိုလ်မှ သင်တန်းဆင်းရဲဘော်တွေချည်း ဖြစ်နေသဖြင့် တစ်ဦးနှင့်တစ်ဦး တနာနားလည်နေကြသည်။

"ပြည်သူ့ဝန်ထမ်းဆိုတာ ရောက်ရာဒေသမှာ ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဖို့ပဲ မဟုတ်လား"

ကိုငယ်က လက်ဖက်တစ်ဇွန်းနှိုက်ရင်း ပြောလိုက်၏။

"ကျွန်မတို့တစ်တွေဟာ ဒီ ချင်းတောင်ပေါ်ကို ရာထူးယူရုံသက်သက်လာတာ မဟုတ်ဘူးဆိုတာ ဒေသခံတွေ သဘောပေါက်အောင် အလုပ်ကို အများကြီးလုပ်ပြရတယ်။ အခက်အခဲတွေ အများကြီးတွေ့ပေမယ့် အောင်မြင်ကျော်လွှားနိုင်အောင် ကြိုးစားခဲ့ရတာ ပြန်တွေးရင် ပျော်စရာလိုပဲ"

အထက်တန်းပြဆရာမ ဒေါ်အေးဝင်း စကားဝိုင်းထဲ ဝင်လာသည်။ စကားဝိုင်းသည် ပိုမိုစည်လာသည်။ ဗဟိုပြည်သူ့ဝန်ထမ်းတက္ကသိုလ်ဆင်းတွေချည်း ဖြစ်နေသဖြင့် ပြောရဆိုရတာ စကားမစိမ်းတော့။ မြင့်မားသော တောင်တန်းပေါ်မှ တစ်ခုတည်းသော ဘုန်းကြီးကျောင်းပေါ်တွင် ဗမာလေးအနည်းငယ် ပြန်တွေ့ရသည်မှာ အားတက်ဝမ်းသာစရာလို ဖြစ်နေသည်။



ဗမာစကားကို အားပါးတရကြီး ပြောရသည်မှာ ခံတွင်းတွေ့လှ၏။

အလုပ်အကိုင်နှင့် ပတ်သက်ပြီး ဦးတည်ပြောနေကြသော စကားဝိုင်းတွင် ကိုငယ်သည် နီလာကျော်ကို သူငယ်ချင်းတွေအကြောင်း၊ ရှေးဟောင်းနှောင်းဖြစ် ပြောပြရန် မသင့်တော်လှပေ။ နီလာကျော်ကလည်း ထိုနည်းတူ ရှိနေပေရော့မည်။ နီလာကျော်ကိုတွေ့တော့ မြင့်ဆွေကို အမှတ်ရနေမိသည်။ မြင့်ဆွေတစ်ယောက် ဘယ်လိုများနေပါလိမ့်။ လွန်ခဲ့သည့် နှစ်နှစ်လောက်က နိုင်ငံခြား ပညာတော်သင်ဖြေရန်အတွက် အင်္ဂလိပ်စာ အထူးကြိုးစားနေသည်ကို တွေ့ခဲ့ရသည်။ မိန်းမနှင့် ခပ်ကင်းကင်းနေပြီး ကိုယ့်ဘဝတိုးတက်အောင်မြင့်ရေးကိုသာ ဇောက်ချကြိုးပမ်းနေသော မြင့်ဆွေကို ချီးကျူးလေးစားမိပါသည်။

"ကိုငယ် ဘယ်မှာနေလဲ၊ အားရင် လာလည်ဦးလေ"

နီလာကျော်က လှမ်းမေးလိုက်တော့မှ ကိုငယ့် အတွေးပြတ်သွားသည်။

"စကောလမ်းမှာနေတယ်၊ အားလပ်ရက်မှာ လာလည်ဦးမယ်နော်။ မနီလာကျော်က ဘယ်မှာနေသလဲ"

"လွှယ်ဘွားလ် ရပ်ကွက်မှာ နေတယ်"

"အကူအညီလိုရင်လည်း ပြောနော်၊ ဒီမှာ ဘာပဲဖြစ်ဖြစ် ကိုယ့်မောင်နှမတွေလို သဘောထားပြီး ကောင်းတိုင်ပင်ဆိုးတိုင်ပင်နေကြဖို့ပဲ"

"ကျေးဇူးတင်ပါတယ် ကိုငယ်၊ ဒီနေ့ ကိုငယ်အားလားဟင်၊ ဘုန်းကြီးကျောင်းက ပြန်ရင် ဘယ်သွားစရာရှိသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com

နီလာကျော်က ရင်းနှီးစွာ မေးလိုက်သည်။ ကိုယ်နှင့်လည်း စကားတွေ ပြောချင်နေပုံရသည်။ အပေါင်းအသင်း ရောင်းရင်းတွေအကြောင်း သိချင်နေပြီလား မသိ။

"အားပါတယ်၊ ဘုန်းကြီးကျောင်းကလွဲပြီး သွားစရာလည်း မရှိပါဘူး"

"ဒီလိုဆို၊ ဒီကအပြန် အိမ် တစ်ခါတည်းလိုက်ခဲ့မလား"

"ကောင်းသားပဲ၊ ပျင်းနေတာနဲ့ အတော်ပဲ"

ဦးမိုးဆွေနှင့် ဒေါက်တာရဲမြင့်တို့ စကားကောင်းကြဆဲဖြစ်သည်။ နိုင်ငံရေးအကြောင်း၊ စာပေအကြောင်း၊ ရုပ်ရှင် အကြောင်း၊ ဘာသာရေးအကြောင်း၊ ဒေသခံ တိုင်းရင်းသားတွေ အကြောင်း စုံတကာစေ့နေသည်။ ရေနွေးကြမ်းလည်း တစ်အိုးပြီးတစ်အိုး ကုန်တော့သည်။

"ဆရာဝန်တွေ ကျောင်းဆရာတွေဝိုင်းက ရေနွေးကြမ်း တယ်ကုန်သကိုး၊ အာခြောက်တယ်နဲ့ တူတယ်"

အိုးသူကြီး ၃-ရဲအုပ်၊ ဦးတင်ဋွေက ဝင်နောက်လိုက်သည်။ ဦးတင်ဋွေသည် ကီးတိန်တွင် ငါးနှစ်ရှိပြီဖြစ်သဖြင့် သိကျွမ်းခင်မင်ရင်းနှီးသူ ပေါလှ၏။ မိသားစုမြန်မာထမင်းဆိုင်လေး ဖွင့်ထားသေးသဖြင့် တောင်ပေါ်တက်လာသော မြန်မာမှန်သမျှ သူ့ဆီဦးတိုက်ရောက်ရသည်။ ဘုန်းကြီးကျောင်း၏ ဝေယျာဝစ္စလုပ်ငန်းများကိုလည်း မညည်းမညူဒိုင်ခံလုပ်ပေးသူလည်း ဖြစ်သည်။ ယခုလည်း ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် အိုးသူကြီးတာဝန်ယူထားသူဖြစ်သည်။

"ခင်ဗျားရေနွေးအိုးက ဖင်ပေါက်နေလို့ ဖြစ်ပါလိမ့်မယ်"



ဒေါက်တာရဲမြင့်က ပြန်နောက်သည်။

တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးစွာ နောက်ပြောင်ပြောဆိုနေကြသည်မှာ ကြည်နူးဝမ်းသာစရာဖြစ်တော့သည်။ လူသစ်ရောက်လာပါက တွေ့သည့်သူက မိတ်ဆက်ပြီး တွေ့သမျှ ဗမာတွေနှင့် လိုက်မိတ်ဆက်ပေးတတ်သည်။ ပြီးတော့ ဗမာသံရုံးဟု အမည်ပေးထားသော ဘုန်းကြီးကျောင်းသို့ခေါ်လာတတ်သည်။ ကီးတိန် ဗမာမိသားစု၏ ချစ်စရာကောင်းသော ခလေ့စရိုက်လေးပင် ဖြစ်ပါသည်။ သူက ဘာအရာရှိ၊ ဆရာဝန်စသည်ဖြင့် ဟိတ်ဟန်တွေ ထုတ်မနေကြ။ ရိုးသားပွင့်လင်းစွာ ဆက်ဆံပြောဆိုခဲ့ကြသည်။ ဒေသခံတိုင်းရင်းသားတွေနှင့်လည်း ခင်မင်ရင်းနှီးကာ အဆင်ပြေပြေ နေထိုင်နိုင်ကြ၏။

မကြာခင် ဘုန်းတော်ကြီးက တရားဟောရန် နေရာယူလိုက်သဖြင့် စကားသံတိတ်သွားသည်။ ဘုန်းတော်ကြီးက တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေနှင့် ရှစ်ပါးသီလကို ပေးသည်။

ဘုန်းတော်ကြီးဟုဆိုရသော်လည်း သက်တော်ဝါတော် သိပ်မကြီးလှသေး။ လူလတ်ပိုင်း အရွယ်ပင်ဖြစ်သည်။ ခရစ်ယာန်ဘာသာဝင် များပြားသော ဤတောင်တန်းဒေသကို ဘာသာရေးယုံကြည်ချက်ဖြင့် စွန့်စားလာရောက်ခဲ့သော သာသနာ့ အာဇာနည်ပုဂ္ဂိုလ်တစ်ပါးပင် ဖြစ်ပါသည်။ သီလပေးပြီးသောအခါ ဘုန်းတော်ကြီးက တရားဟောသည်။ ဘုန်းတော်ကြီး တရားကား ခေတ်မီ၏။

တောင်ပေါ်ရှိ တာဝန်ဖြင့် ရောက်လာကြခြင်း ဖြစ်သည်။ စိတ်ပျက်အားငယ်စရာ မလို။ နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းဆောင်။ ကိုယ့်ဘာသာ သာသနာကို တန်ဖိုးထား လေး

www.burmeseclassic.com

www.burmeseclassic.com



စား။ သူတစ်ပါးလေးစားအောင် စွမ်းဆောင် စသဖြင့် ဟောကြားသွားခဲ့ပေသည်။

တန်ဖိုးရှိပြီး ထိရောက်သော တရားတော်များ ဖြစ်ပါသည်။ လက်ရှိအခြေအနေနှင့်လည်း သင့်မြတ်ဆီလျော်သည်။ ဘုန်းတော်ကြီး၏ တရားတော်ကြောင့် ချစ်သူခင်သူများနှင့် ခွဲခွာလာခဲ့ရသဖြင့် စိတ်ပျက်အားငယ်နေကြသူများပင် အားတက်သွားရသည်ဟု ဆိုသည်။

တရားဟောပြီးသောအခါ ကိုယ့်အိမ်ကိုယ့်ရာ ပြန်ကြကုန်၏။ ကိုငယ်က နီလာကျော်နှင့် လိုက်သွားသည်။ နီလာကျော့်အိမ်သည် ဘုန်းကြီးကျောင်းနှင့် သိပ်မနီး။ ဘုန်းကြီးကျောင်းသည် တီးတိန်မြို့လယ်ခေါင် တောင်ကုန်းလေးပေါ်တွင် ရှိသည်။ ဘုန်းကြီးကျောင်းတစ်ဝိုက်တွင် သစ္စာပန်းပွင့်များ ဖူးပွင့်ဝေဆာနေသဖြင့် စိမ်းလန်းစိုပြည် တင့်တယ်လှပေသည်။

ဘုန်းကြီးကျောင်းတောင်ကုန်းလေးပေါ်မှဆင်းလျှင် တီးတိန်မြို့လယ် ကားလမ်းမကြီးသို့ရောက်သည်။ ထိုကားလမ်းမကြီး၂နဲ့ ဟာကျော့်အိမ် လွယ်ဘွားလ်ရပ်ကွက်သို့ စကားတပြောပြော လျှောက်သွားကြသည်။

"ကိုငယ် တောင်ပေါ်ကို တက်လာတာ တစ်ယောက်ထဲဘဲလား"

နီလာကျော်က စကားစသည်။

"နှစ်ယောက်မဖြစ်သေးတော့ တစ်ယောက်ထဲပဲ တောင်ပေါ်တက်လာရတာပေါ့ မနီလာကျော်ရယ်"—

"နီလာလို့ ရင်းရင်းနှီးနှီးခေါ်လည်း ရပါတယ် ကိုငယ်"



"ဟုတ်တယ်၊ ကျောင်းနေဖက် သူငယ်ချင်းဆိုပြီး မနီလာကျော်ခေါ်နေရတာ သိပ်ယောင့်တာပဲ တစိမ်းဆန်နေသလားလို့"

နီလာကျော် ရယ်နေသည်။ တည်ငြိမ်ရင့်ကျက်စွာ ရယ်ခြင်းမျိုး။

"တောင်ပေါ်မှာ ကိုငယ့်ကို ပြန်တွေ့လိုက်ရလို့ သိပ်ဝမ်းသာသွားတယ်။ ကိုယ့် မောင်နှမတွေ ပြန်တွေ့လိုက်ရသလိုပဲ"

"ကိုငယ်လည်း ဒီလို ယူဆပါတယ်"

"မခင်မျိုးကြွယ်ကော ဘယ်ရောက်နေသလဲဟင်"

နီလာကျော်က ကောက်ခါငင်ကာ မေးလိုက်၏။ ကျောင်းတုန်းက ခင်မျိုးကြွယ်နှင့် သူ့ကို စခဲ့ နောက်ခဲ့တာ သူမှတ်မိနေသေးသည်။

"ကွဲကွာသွားကြတာ ကြာပြီဆိုတော့ ဘယ်ရောက်နေမှန်းလည်း မသိတော့ပါဘူး"

"တစ်ခါတုန်းကတော့ မန္တလေးဘက်ရောက်သွားသလို ကြားမိပြီး နောက်အဆက်ပြတ်သွားတယ်"

သူငယ်ချင်းတွေအကြောင်းပြောရင်း အတိတ်က အကြောင်းများကို ကိုငယ် ပြန်လည်လွမ်းဆွတ်တသ လာပြန်သည်။ ခင်မျိုးကြွယ်ကို ယတိပြတ်သံယောဇဉ်ဖြတ်ပြီး နောက်ထပ် သွားမတွေ့တော့ဘဲ သူ စိမ်းစိမ်းကားကားနေလိုက်သည်။ ခင်မျိုးကြွယ်က သူ့ကို တမ်းတမ်းတတရှိနေတတ်ကြောင်း မြင့်ဆွေက လာပြောတတ်သည်။ သူ့ကို ရည်စူးထားဟန်ရှိသော ခင်မျိုးကြွယ်

www.burmeseclassic.com

www.burmeseclassic.com



၏ ကဗျာလေးကိုလည်း ယူလာပြတတ်၏။ အစီပွာယ်ရှင်းလင်းပြီး စကားလုံး နုနွဲ့လှပသော ခင်မျိုးကြွယ်ကဗျာလေးများကို မဂ္ဂဇင်းအချို့မှာပါနေပြီကို တက္ကသိုလ်တုန်းက သူ သတိပြုမိလိုက်သည်။ သူ့ရင်ထဲမှာ ဘာလိုလို ခံစားလိုက်ရသေးသည်။ ခင်မျိုးကြွယ်ရေးခဲ့သော ကဗျာလေးတစ်ပုဒ်ကိုပင် ယခုထက်တိုင် စွဲစွဲလန်းလန်း သူ သတိရမိသေးသည်။ ကဗျာခေါင်းစဉ်က "စိမ်းသူ" တဲ့။

**စိမ်းသူ**

– မထင်ပဲလျှင်၊ သံယောဇဉ်ကို<br>တမင်ဖြတ်တောက်နိုင်ပေသည်။

– တစ်ခွန်းတစ် စ၊ ဟန်မပြဘဲ<br>လုံးဝကျောခိုင်းသွားခဲ့၏။

– သူ့သံယောဇဉ်၊ သိမမြင်ခင်<br>မြက်ပင်သို့နယ်၊ အလွယ်တကူ<br>ဖြတ်နိုင်သူမို့ ...<br>ရင်ဆူနှမ်းလျ၊ တမ်းတလွမ်းမောအုံ့ဩနေမိတော့သည်လေ။

"ကိုယ် - အခု တစ်ယောက်တည်းနေတာလား"

နီလာကျော်က မေးလိုက်တော့မှ ကိုယ် အတွေးပြတ်သွားသည်။

"ဟုတ်တယ် နီလာ၊ ကိုယ် ကိုယ့်ဘာသာ တစ်ယောက်တည်းနေတယ်"

"ထမင်းစားတော့ကော"



"မိသားစုထမင်းဆိုင်မှာ လပေးစားလိုက်တယ်"

"ဒီလိုဆို၊ ဒီနေ့ ညနေအိမ်မှာပဲ ထမင်းစားလိုက်လေ။ ဒီနေ့သက်သတ်လွတ် စားတယ်။ ပဲဟင်းချက်တယ်။ ဂေါ်ရခါးသီးကြော်၊ သရက်သီးသနပ်၊ မြေပဲကြော်ချက်လုပ်ထားတယ်။ အသားဟင်းတော့ မပါဘူး"

"ကိစ္စမရှိပါဘူး နီလာ။ စေတနာနဲ့ ကျွေးတယ်ဆိုရင် ဘာဟင်းပဲဖြစ်ဖြစ် စားနိုင်ပါတယ်"

စကားကပြောပြောနှင့် လျှောက်သွားရင်း နီလာကျော့အိမ်ခန်းလေး ရောက်သွားသည်။ နီလာကျော့အိမ်ခန်းသည် တိုက်ခံအိမ်၏ အောက်ထပ်အခန်းတစ်ခန်း ဖြစ်သည်။ မီးဖိုသီးခြားမရှိ။ အိမ်ထဲမှာပင် မီးသွေးမီးဖိုလေးနှင့် ထမင်းချက်ရသည်။ ဆယ်ပေပတ်လည် အခန်းလေး နှစ်ခန်းစာရှိသဖြင့် ကျဉ်းကျပ်လှသည်။ သို့သော်လည်း တစ်ယောက်တည်းနေဖို့ အတွက်တော့ အတော်ပါပဲလေ။

နီလာကျော်က သူ့ကို ခဏထိုင်ခိုင်းထားပြီး ခန်းဆီးကာရံထားသော အခန်းလေးထဲဝင်သွားသည်။ ပြန်ထွက်လာတော့ ဓါတ်ဗူးတစ်လုံးနှင့် ရေနွေးသောက်ရန် ခွက်နှစ်လုံး ပါလာသည်။ နောက်တစ်ခေါက်ပြန်ဝင်သွားပြီး ထွက်လာတော့ မြေပဲကြော်ပန်းကန်ပါလာသည်။ အဆင်သင့်ဖောက်ပြီး ထည့်စားသည့် လက်ဖက်ထုပ်လေးလည်း ပါလာသည်။ မြေပဲကြော်ပန်းကန်ဘေးတွင် လက်ဖက်ထုပ်ကို ဖောက်ထည့်သည်။ နောက်တစ်ခါ အခန်းထဲ ပြန်ဝင်သွားပြီ ဆီး အချိုမှုန့်ထည့်ပြန်သည်။

"ကိုယ့်အတွက် နီလာအလုပ်များနေပြီ"

www.burmeseclassic.com

www.burmeseclassic.com

"မများပါဘူး၊ နောက်ဖေးမှာ ခုံမရှိလို့ အိမ်ရှေ့ခုံမှာပဲ စားသောက်လုပ်ကိုင်နေရတာ။ နီလာလည်း ဒီမှာ သိပ်ပျင်းတာပဲ။ ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်ယောက်ရှိရင် ကောင်းမှာလို့ တောင့်တနေခဲ့တာ"

"နီလာ့ဆုတောင်း ပြည့်သွားပြီပေါ့နော်"

ကိုယ်က ရင်းရင်းနှီးနှီး ပြန်ပြောလိုက်သည်။

ခွက်ထဲတွင် လက်ဖက်ခြောက်ခတ်၍ ဓါတ်ဗူးထဲမှ ရေနွေးကိုထည့်ပေးသည်။ လက်ဖက်သုတ်ပန်းကန်ကိုလည်း ကိုယ်ရှေ့ ထိုးပေးလိုက်သည်။

"စားနော် ကိုယ်၊ ရှမ်းထွန်းမြင့်တို့ အိမ်မှာ စားသလို အားမနာတမ်းစားနိုင်တယ်"

"နီလာက မမေ့သေးပဲကိုး"

"သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး နေခဲ့ရတာလေးတွေ အခုချိန်မှာ ပြန်တမ်းတနေရတာဆိုတော့ သတိရနေမိတယ်လေ။ ဒါနဲ့ ရှမ်းထွန်းမြင့်တို့ ကိုကျော်လှိုင်မြင့်တို့လည်း ဘယ်ရောက်နေသလဲ မသိဘူး"

"ရှမ်းထွန်းမြင့်ကတော့ သမိုင်းအဓိကနဲ့ဘွဲ့ရပြီး ခြံမြေလုပ်နေတယ်၊ ကျော်လှိုင်မြင့်ကတော့ သထုံစိုက်ပျိုးရေးသိပ္ပံက ထင်းပြီး စက်မှုလယ်ယာမှာ ဒု-မြို့နယ်ဦးစီးမှူးဖြစ်နေတယ်လို့ ကြားတယ်"

မြင့်ဆွေကိုကော မမေးတော့ဘူးလား နီလာရယ်ဟု ကိုယ် ရင်ထဲမှာ တီးတိုးရေရွတ်မိသည်။



"အဲ့ဒီတုန်းကတော့ တကယ်ပျော်တယ်။ အထက်တန်းကျောင်းသူဘဝမှာ လွတ်လွတ်လပ်လပ်နေခွင့်ရခဲ့တာ အဲ့ဒီ တစ်ကြိမ်တည်းပဲရှိတယ်။ အဲ့ဒါကြောင့်လည်း မှတ်မှတ်ရရ ဖြစ်နေမိသလားမသိဘူး"

"ဒါနဲ့ မောင်မောင်ကော ဘယ်ရောက်နေသလဲ"

"ကိုကိုလည်း စက်မှုတက္ကသိုလ်ဆင်းပြီး ရန်ကုန်ရေနံနုံချုပ်ပြန်ရောက်နေတယ်"

မောင်မောင့်အကြောင်းမေးလိုက်တော့ မမနွယ်ကိုပါ ကိုယ် တစ်ပါတည်း သတိရလိုက်သည်။ အခုအချိန်ဆို သားသမီးများ ပွားစီးနေပြီလား။ သတင်းအစအန မကြားရသဖြင့် ဘယ်ရောက်၍ ဘာဖြစ်နေမှန်း မသိတော့။

"မောင်မောင်ကော အိမ်ထောင်ကျပြီလား"

"ကိုကိုလည်း ခုထက်ထိ မိန်းမ မယူသေးဘူး၊ အိမ်က ပေးစားတာကို မကြိုက်သေးဘူးဆိုပြီး ဒီအတိုင်းပဲနေတယ်"

"နီလာတို့ မောင်နှမတွေက တော်တယ်နော်"

ကိုယ်က သူ့အမိပ္ပာယ်နှင့် သူ ပြောလိုက်သည်။

"ဘာတော်တာလဲ ကိုယ်"

နီလာက ပြုံးလိုက်သည်။ ရည်ရွယ်ချက်မဲ့သောအပြုံး။

"စာလည်းတော်တယ်၊ မိဘစကားနားထောင်တဲ့နေရာမှာလည်း တော်တယ်"

"မိဘစကားနားထောင်တာ ကိုယ့်ဘဝအတွက်တော့ ထိုမြဲစိတ်ချပြီး တင့်တင့်တယ်တယ် ဖြစ်ပါတယ်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေတော့ ကိုယ်အလိုနဲ့ ဆန့်ကျင်ပြီး ရင်နာခဲ့ရတာလည်း ဖြစ်တတ်တယ်လေ”

ထိုစကားကို နီလာကျော်တွေးတွေးဆဆနှင့် ပြောလိုက်ခြင်းဖြစ်သည်။ ထိုခဏမှာပင် နီလာကျော်၏ မျက်လုံးအစုံသည် မှိုင်းမှုန်ရီဝေသွားသည်။ တစ်စုံတစ်ခုသော ခံစားချက်နှင့် ပြောလိုက်မှန်း သိသာသည်။ တစ်စုံတစ်ခုကို ဖွင့်ပြောချင်ရက်နှင့် ဖုံးကွယ်ထားနေဟန် ပေါ်လွင်နေ၏။ မြင့်ဆွေနှင့် ပတ်သက်ပြီး ခံစားရတာကို ပြောပြချင်စိတ်ရှိနေပေလိမ့်မည်။ သို့သော်လည်း မိန်းကလေးဆိုတော့ အစရခက်နေရှာလိမ့်မည်။

“မိဘစကား နားထောင်တဲ့သူတွေဟာ လူလိမ္မာပါ နီလာ”

“လိမ္မာတဲ့အတွက် တစ်ခါတစ်ရံမှာ ရင်လည်း နာရပါတယ်ကိုယ်ရယ်”

ခံစားချက်အချို့သည် နီလာ့ရင်ထဲမှ ပွင့်အံ့စပြုလာသည်။

“ပြောစရာရှိတာတွေ၊ သူငယ်ချင်းတစ်ယောက်လို အစ်ကိုတစ်ယောက်လို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးပြောပါ နီလာ။ ကိုယ် နားထောင်နေပါတယ်”

ကိုယ်က တိုက်တွန်းအားပေးလိုက်သည်။ နီလာကျော်သည် နှုတ်ခမ်းကိုက်ကာ ခဏမျှတွေဝေနေသည်။ တစ်ခုံတစ်ရာကို တွေးဆစဉ်းစားနေပြီး မထူးတော့သည့်သဘောဖြင့် ရင်ထဲရှိသမျှ ဖွင့်ပြောပြတော့သည်။

“ကိုမြင့်ဆွေနဲ့ပတ်သက်ပြီး နီလာ သမီးလိမ္မာလုပ်ခဲ့တယ်လေ။ မိဘစကားကို တသွေမတိမ်းနာခံခဲ့တယ်။ ကျောင်းနေစဉ် ပညာရှာနေခိုက် ရည်းစားမထားရဘူး၊ ဘယ်သူနဲ့မှ မချစ်မကြိုက်ရဘူးလို့ တစ်ချက်လွှတ်အမိန့် ထုတ်ပြန်ခဲ့တဲ့ ဖေဖေသံမဏိ စည်းမျဉ်းကို နီလာလေးစားလိုက်နာခဲ့တယ်။ သည်အတွက် ကိုမြင့်ဆွေ နီလာ့အပေါ် အထင်လွဲသွားခဲ့တယ်။ တကယ်တော့လည်း ကိုမြင့်ဆွေ နီလာအပေါ် တကယ်ချစ်ချင်မှ ချစ်မှာပါ။ တကယ်ချစ်တယ်ဆိုရင် နီလာ့အခြေအနေကို နားလည်အောင် ကြိုးစားသင့်တာပေါ့”

ကိုယ် မြင့်ဆွေကိုယ်စား ရှင်းပြဖို့ အချိန်ရောက်ချေပြီ။

“မြင့်ဆွေဟာ နီလာ့ကို ရင်နင့်အောင်ချစ်ခဲ့ပါတယ်။ အထက်တန်းကျောင်းသားဘဝကတည်းက နီလာ့အပေါ် စွဲစွဲလန်းလန်းနဲ့ ချစ်ခဲ့တာပါ။ နီလာ့ကို သတိရတိုင်း ရေးခဲ့တဲ့ သူ့စာအုပ်ကိုသာ နီလာဖတ်ရရင် ရင်နင့်အောင် ခံစားရမှာပါ”

နီလာငြိမ်ပြီး နားထောင်နေသည်။

“နီလာက လုံးဝမဖြစ်နိုင်သေးပါဘူး လို့ ပြတ်ပြတ်သားသား အဖြေပေးလိုက်တော့ သူ စိတ်လေပြီး ထင်ရာစိုင်းခဲ့တာ နီလာသိပါတယ်”

နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး နီလာငြိမ်နေသည်။

“ကိုယ်အတော် ထိန်းခဲ့ရတယ်နီလာ။ မခံချင်စိတ်နဲ့ ကြိုးစားခဲ့လို့ တက္ကသိုလ်ဝင်တန်းအောင်ပြီး တက္ကသိုလ်ရောက်ပြန်တော့ မြင့်ဆွေဟာ သူ့တကာလို အတွေ့အကြုံသစ်တွေနဲ့ မပျော်နိုင်ခဲ့ရှာပြန်ဘူး။ နီလာ့အပေါ် စွဲလန်းနေတာနဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်း နေရတယ်။ မခံနိုင်တဲ့အဆုံး ကိုယ့်ကို အဖော်ခေါ်ပြီး နီလာတို့ အ ဆောင်ကို လာခဲ့တာပါ"

ကိုယ်က စကားကို မဆက်သေးဘဲ လမ်းမဘက်သို့ ငေးမောကြည့်မိ၏။ လူအပြည့် ကုန်အပြည့်နှင့် ဖြတ်မောင်းသွားသော ဂျစ်ကားတစ်စင်းကို မြင်လိုက်ရသည်။

"အဲ့ဒီတုန်းကလည်း သူ့ မျှော်လင့်ချက်တွေ ဆုံးရှုံးခဲ့ရတယ်နီလာ။ မြေနီကုန်းကို အရက်သွားသောက်ပြီး လမ်းပေါ်မှာ အော့အန်တယ်။ ရင်ထဲက ခံစားချက်တွေကို လမ်းပေါ်မှာ ငိုကြီးချက်မနဲ့ ကိုယ့်ကို တိုင်တည်ခဲ့တာ ခုထက်ထိ မျက်စိထဲ မြင်ပြီး နားထဲမှာ ကြားနေခဲ့ရတယ်လေ"

"နီလာက မိန်းကလေးပါ ကိုယ်။ ပြီးတော့ မိဘရဲ့ အမှာစကားကို နားထဲမှာ ကြားနေတုန်းအချိန်၊ ကိုမြင့်ဆွေက အဖြူအမဲ သဲကွဲအောင် ပြတ်ပြတ်သားသားလာ အဖြေတောင်း နေတော့ နီလာဘာဖြေရမလဲ ကိုယ်။ နီလာ့နေရာက ဝင်စဉ်း စားကြည့်ပေးပါဦး"

မနေနိုင်တော့သဖြင့် နီလာကျော်က ဝင်ရှင်းပြတော့သည်။ ဝမ်းနည်းစိတ်နှင့် သူ့အသံ မသိမသာတုန်ယင်နေသည်ကို ကိုယ် သတိပြုမိလိုက်သည်။

"အခုတော့ နီလာနေရာကဝင်ပြီး စာနာကြည့်နိုင်ပါပြီလေ။ အဲ့ဒီတုန်းကတော့ သူငယ်ချင်းဘက်ကနေပြီး စိတ်နာခဲ့မိတာအမှန်ပဲ"

"သူလည်း စိတ်နာသွားမှာပဲနော်"

နီလာကျော်က မပွင့်တပွင့်နှင့် ရှက်ရွံ့ရွံ့ဖြစ်နေပုံရသည်။



"စိတ်နာသလား၊ မနာသလားတော့ မသိဘူး၊ နီလာ့အဆောင်က ပြန်လာပြီးတဲ့နောက် ဘယ်မိန်းကလေးမှ အရော မဝင်တော့ဘူး။ စာပဲ နင်းကန်ဖတ်နေတော့တာပဲ၊ အခုလည်း နိုင်ငံခြားပညာတော်သင်ဖြေဖို့ အင်္ဂလိပ်စာကြိုးစားနေတယ်လေ။ သူ့ဘဝကို တိုးတက်မြင့်မားအောင် ကြိုးစားရုန်းကန်ရင်းနဲ့ ခံစားရသမျှတွေကို ဖြေသိမ့်ခဲ့ရရှာတယ်"

"နီလာ သူ့ကို နားလည်နိုင်အောင် ရှင်းပြဖို့ ကြိုးစားခဲ့ရင်ကောင်းမှာ"

နောင်တရစကားကို နီလာပြောသည်။ ကိုယ်က တိတ်ဆိတ်စွာ နားထောင်ရင်း သည်စကားတွေကို မြင့်ဆွေသာ ကြားလျှင်ဟူသော အတွေးကို တွေးနေ၏။

"သည်စကားကို မြင့်ဆွေကြားလိုက်ရရင် ကောင်းမှာ"

မနေနိုင်တော့သဖြင့် ကိုယ်က ထုတ်ဖော်ပြောလိုက်မိသည်။

"နီလာတို့က မိန်းကလေးဆိုတာ သတိပြုပါဦး ကိုယ်ရယ်၊ ကိုယ့်ရင်ထဲ ရှိသမျှပြောချလို့ ရတာမှမဟုတ်ပဲ။ သူပြောသမျှနားထောင်ပြီး သင့်တင့်အောင် ပြန်ပြောရတဲ့ ဘဝပါ"

စာနာစိတ်နှင့် ကိုယ် နားလည်လိုက်ပေသည်။ သို့သော်လည်း သူငယ်ချင်းအတွက် စိုးရိမ်၍ သေချာအောင် သူ မေးကြည့်ချင်သည်။ မသေချာလျှင် မြင့်ဆွေ ပိုစိတ်နာသွားမည်။ သည်တစ်ခါ ခေါင်းခါလိုက်လျှင် နီလာကျော်ကို သူနာကြည်း သွားမှာ စိုးမိ၏။

"မြင့်ဆွေကသာ နီလာ့ကို အကျိုးအကြောင်း ပြန်စုံ

www.burmeseclassic.com

www.burmeseclassic.com

စမ်းမေးမြန်းခဲ့မယ်ဆိုရင် နီလာ သူ့ကို ရှင်းပြဖို့ ဝန်လေးနေမှာလားဟင်"

မဝံ့မရဲနှင့် ကိုယ်က သွေးတိုးစမ်းလိုက်ရသည်။ နီလာကျော်ချက်ချင်း ပြန်မဖြေ။ မရယ် မပြုံးနှင့် ကိုယ့်ကို ခပ်တွေတွေ စိုက်ကြည့်လိုက်ပြီး ...

"ဝန်လေးဖို့ အကြောင်း မရှိတော့ပါဘူး"

တိုးတိတ်ညင်သာသောအသံဖြင့် ပြန်အဖြေပေးသည်။

"ဝမ်းသာစရာပါ နီလာ၊ ကိုယ့်သူငယ်ချင်းအတွက် ကိုယ် ဝမ်းသာပါတယ်။ မကြာခင်မှာ ကိုယ် ရန်ကုန်ကို ဆင်းဖို့ ရုံးကိစ္စတစ်ခုရှိတယ်။ အဲဒီကျ မြင့်ဆွေကို ကိုယ်သွားတွေ့မယ်၊ ကိုယ် ပြန်လာရင် ဝမ်းသာစရာ သတင်းကောင်းတစ်ခု ယူလာနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

နီလာကျော် စကားပြန်မဆိုတော့။ ပြောဖို့ မလိုတော့အောင် ပြောခဲ့ပြီပဲလေ။

ထို ညနေက နီလာကျော်က သူ့ကို ညစာထမင်းကျွေးသည်။ သက်သတ်လွတ်ဟင်းမျိုးစုံနှင့် ကျွေးသည်။ ကိုယ် စားကောင်းလှ၏။ စားရင်းနှင့် သူ တွေးမိပြီး ပြုံးလိုက်မိသည်။ နီလာကျော်မြင်သွား၏။

"ကိုယ် ဘာတွေတွေးပြီး ပြုံးနေတာလဲ"

"ကျောင်းတုန်းက မြင့်ဆွေပြောတာ ပြန်ကြားပြီး ပြုံးမိတာပါ"

"နီလာသိခွင့်ရှိမလား"

"သိရပါတယ် နီလာရယ်။ ကိုယ်နဲ့ ခင်မျိုးကြွယ်ကို



အောင်သွယ်ခရအောင် အောင်သွယ်ပေးချင်လို့တဲ့လေ။ အောင်သွယ်ခရမလားလို့ မျှော်နေတာ ကြာပါပြီလို့ သူပြောခဲ့တာ ကိုယ် သတိရလို့ပါ။ သူက ကိုယ်နဲ့ ခင်မျိုးကြွယ်ကို မအောင်သွယ်ရဘဲ ကိုယ်က သူ့အတွက် အကျိုးဆောင်ရတော့မှာ တွေးမိပြီး ပြုံးမိတာပါ။ နီလာ့အိမ်မှာ ထမင်းစားခဲ့တယ်ဆိုတာ သိရရင် သူ သိပ်အံ့ဩမှာပဲ၊ လောကကြီးဟာ တစ်မျိုးပဲနော်။ တစ်ခါတရံ မထင်မှတ်တာတွေလည်း ဖြစ်တတ်တာပဲ"

"ဖြစ်ချင်သလို ဖြစ်ရရင် ဘဝဆိုတာ သိပ်ပျော်ဖို့ကောင်းမှာပဲထင်တယ်"

နီလာကျော် ခံစားချက်နှင့် ပြောမှန်း ကိုယ်သိလိုက်သည်။

"ဆုတောင်းတိုင်းသာ ပြည့်ဝပါလျှင် ဘယ်မှာမျက်ရည်ရှိမည်နည်း" ဆိုတဲ့ ကဗျာလေးကိုလည်း သတိရသင့်တာပေါ့"

နီလာကျော် ပြုံးမဲ့မဲ့ ဖြစ်သွားသည်။

"မျက်ရည်ဆိုတာ ငိုဖို့ပဲမဟုတ်လား။ မျက်ရည်ရှိမှတော့ ငိုစရာလည်း ရှိနေရတော့မှာ သဘာဝကျပါတယ်လေ"

"ငိုစရာရှိရင် ငို၊ ရယ်စရာရှိရင် ရယ်၊ ပျော်စရာရှိရင် ပျော်၊ ဘဝမှာ မသေခင်မွေ့လျော်ပျော်ပိုက်စွာ နေထိုင်ရခြင်းဟာ ဘဝရဲ့ အနှစ်သာရပဲ မဟုတ်လား"

နီလာကျော် စဉ်းစားသည်။ တွေးသည်။ ပြီးတော့ ခေါင်းညိတ်သည်။

"ပျော်စရာမရှိတဲ့ ဘဝမှာ ပျော်စရာတွေ ဘယ်လိုရနိုင်မှာလဲ ကိုယ်"

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ မေးခွန်းတစ်ခု ပြန်မေးလိုက်သည်။

"ပျော်စရာ မရှိတာကို ပျော်အောင် ရှာနိုင်တာ၊ ပျော်စရာပါပဲ နီလာရယ်"

"ကိုယ့်စကားကို နီလာ နားမလည်နိုင်ဘူး"

"ဩော် ... နီလာရယ်၊ ဘဝမှာ သေချာပြန်တွေးကြည့်ရင် ဘာများပျော်စရာရှိလို့လဲ၊ အဲ့ဒီလို ပျော်စရာမရှိတဲ့ ဘဝကို ပျော်ရွှင်စရာ ရှာကြံပြီးပျော်အောင်နေကြတာဟာ ပျော်စရာပဲ မဟုတ်လား နီလာ"

နီလာ သဘောပေါက်ပြီး ပြုံးလိုက်သည်။ "ဟုတ်သားပဲနော်" ဟု ညည်းညူသလို ဆိုသည်။ ကိုယ့်အယူအဆကို သူ လက်ခံနိုင်သလိုလို ထင်ရသည်။ သူတွေးနေပြန်၏။ ထိုအခိုက် ကိုယ်ထမင်း စားပြီးသွားသည်။ သူတို့ ထမင်းဝိုင်းသည် စကားတပြောပြောနှင့် သိမ်းလိုက်ရသဖြင့် ထမင်းကုန်သွားမှန်းပင် မသိလိုက်။ ဆက်ပြီး စကားကောင်းနေသဖြင့် မိုးချုပ်မှ အိမ်ပြန်ရောက်တော့သည်။ အပြန်တွင် တာဝန်တရပ်က မနံ့ပေါ်တွင် ပါလာခဲ့သည်ကို တွေးမိလိုက်သည်။ ထိုတာဝန်ကို ကျေပွန်အောင် သူ ထမ်းဆောင်ရပါမည်။

□ □ □

## (၃၀)

ကိုယ် ရန်ကုန်ဆင်းတော့ ဆောင်းဝင်စပြုပြီ။ အလွန်ချမ်းအေးစပြုနေပြီ။ တီးတိန်ဆောင်းသည် အရိုးခိုက်အောင်အေးသည်။ တီးတိန်မှ ပြန်ဆင်းမည့် အာတိစီကားကြီးများသည် အေးစက်နေသဖြင့် စက်နှိုး၍ မရ။ အင်ဂျင်ကို မီးရှို့အပူပေးပြီး ခဲရာခဲဆစ် စက်နှိုးရသည်။ ချမ်းအေးသော ဆောင်းလမှာ ရန်ကုန်ဆင်းရတာ ကောင်းသေးပါသည်။ လမ်းခရီးမှာတော့ ချမ်းခိုက်ခိုက်တုန်မှာပဲ။ ရန်ကုန်ရောက်လျှင်တော့ နွေးသွားမှာပဲလေ။ ကိုယ် အာတိစီကားကြီး၏ ခေါင်းခန်းမှ စီးခဲ့ရ

www.burmeseclassic.com

သည့်အတွက် အင်ဂျင်နှင့် နီးပြီး နွေးသလိုရှိသည်။ အပြင်မှာတော့ နှင်းတွေဝေမှိုင်းနေတော့သည်။ နံနက်ခင်းမှာပင် ကားမီးထွန်း၍ မောင်းနေရသည်။ လမ်းဘေးတစ်လျှောက်တွင် ရေခဲချပ်လေးတွေ ဖုံထင်းသားတွေ့ရ၏။ တစ်ချို့နေရာတွင် ရေခဲအောင်အေးပုံရသည်။ လမ်းဘေးတွင် တောင်ဇလပ်ပန်းနီနီတွေ ကြွားကြွားဝင့်ဝင့် ပွင့်ကြပြီ။ အဝေးမှကြည့်လျှင် နှင်းဆီပွင့်နှင့် အမြင်မှားနိုင်အောင် နီရဲလှပနေတော့သည်။

တောင်ဇလပ် ပန်းနီနီကို မမနွယ်အတွက် လက်ဆောင်ခူးပေးရလျှင် "ဘာပန်းပါလိမ့်" ဟု တအံ့တဩ ငေးမော ကြည့်နေတော့မှာပဲ။ အောက်ပြည်အောက်ရပ်တွင် မပွင့်နိုင်။ မြင့်မားသော တောင်တန်းပေါ်တွင်သာ ပွင့်သည့် ပန်းတစ်မျိုး ဖြစ်တော့သည်။

ဘယ်ဆီရောက်မှန်း မသိသော မမနွယ်ကို ပန်းလက်ဆောင်ပေးချင်နေ၏။ သူ့အတွေးကို သူ ပြန်ပြုံးမိသည်။ ယခု နေများ မမနွယ်ရှိသည့်နေရာကို သိလျှင် ချက်ချင်းပြေးသွားချင်လိုက် ႀ။ သူ့မာနတွေ မေ့လျော့ပြေပြီလေ။ မမနွယ်က သူ့ကို သံယောဇဉ်တိကနဲနေအောင် ဖြတ်လိုက်တော့ ယောကျ်ားမာနနှင့် သူကလည်း သွားမတွေ့ဘဲနေခဲ့လိုက်သည်လေ။ တက္ကသိုလ် တစ်ဝန်းထဲတွင် နှစ်နှင့်ချီ၍ အတူပညာသင်ခဲ့ကြသော်လည်း တစ်ခါမျှ မတွေ့ကြတော့၊ မဆုံကြတော့။ မလွဲသာ ကွဲကွာခဲ့ကြပြီ။ ထိုသို့ ရုတ်တရက် ကွဲကွာအောင် မမနွယ်ရက်စက်စွာ စိမ်းကားခဲ့ပုံကို ပြန်တွေးပြီး ဝမ်းနည်းလာမိပြန်သည်။

အကြောင်းတစ်ခုခုတော့ ရှိမည်ဟု သူတွေး၏။ ထိုအကြောင်းကို သူ သိပ်သိချင်သည်။ ၁၅-နှစ်လုံးလုံး ထိုအ



ကြောင်းကို မသိခဲ့ရသဖြင့် ရင်ထဲတွင် ခုလုလုခံစားနေခဲ့ရသည်မှာ ယခုအချိန်ထိပင် ဖြစ်သည်။

မမနွယ်သာ သွားတွေ့နိုင်သည့်နေရာ တစ်နေရာမှာ ရှိကြောင်းသိရလျှင် သူ စိတ်မနေနိုင်။ မာနတွေလည်း မထား တော့၊ ချက်ချင်း ပြေးတွေ့ပြီး မေးလိုက်ချင်သည်။

"ဘာကြောင့် စိမ်းကားခဲ့ပါသလဲ မမနွယ်"

ထိုအခါ မမနွယ် ပြုံးနေမလား။ ဝမ်းနည်းနေမလား။ တွေတွေကြီးစိုက်ကြည့်နေမလား။ မျက်ရည်ဝဲဝဲနှင့် အားခဲ၍ နှုတ်ဆက်မည်လား။ သူ အမျိုးမျိုးတွေးနေမိသည်။

ဖျတ်ကနဲ ခင်မျိုးကြွယ်ကို ပြေးအမှတ်ရလိုက်ပြန်သည်။ နွမ်းလျရိဝေသော အပြုံးနှင့် သူ့ကို ယဲ့ယဲ့လေးပြုံးပြနေတော့မှာပဲဟုလည်း တွေးလိုက်၏။ ယခင်ကလို ဝမ်းသာအားရ စကားဆိုနိုင်တော့မည်လားဟု သူ သံသယဖြစ်မိသည်။ သံယောဇဉ်ကို နွယ်တစ်ပင်လို အလွယ်တကူဖြတ်နိုင်ခဲ့သူဟု၍ ပြစ်တင် စကားဆိုမည်လား။ ခင်မျိုးကြွယ်ကိုလည်း သူ ပြန်တွေ့ချင်သေးသည်။ ပြန်တွေ့ရမှာလည်း ဝံ့ဝံ့ရဲရဲမရှိလှ။ သူက ပြတ်သားစွာ စိမ်းကား ရက်စက်ခဲ့သည် မဟုတ်လား။

"ဘာကြောင့် ရက်စက်စွာ စိမ်းကား စွန့်ခွာခဲ့ရပါသနည်း" ဟု ခင်မျိုးကြွယ်ကမေးလျှင် သူ မဖြေတတ်။ အမေ ချင်းမတည့်လို့ အဆက်ဖြတ်ခဲ့တာပါလို့ သူပြောလို့ကောင်းမှာတဲ့လား။ ခင်မျိုးကြွယ်က ယုံမှာတဲ့လား။ ထိုအကြောင်းပြချက်က ကော မိုင်လုံတဲ့ အကြောင်းပြချက် ဖြစ်နိုင်မှာတဲ့လား။ သူ တွေး ပါသည်။ သူ ခံစားရသလို ခင်မျိုးကြွယ် ခံစားရမှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com

မမနွယ်ကို သူမေးချင်သလို သူ့ကိုလည်း ခင်မျိုးကြွယ်က မေးချင်နေမှာ သေချာပါသည်။ ပြီးတော့ မမနွယ်ကို သူရတွေ့ချင်နေသလို သူ့ကိုလည်း တွေ့ချင်နေမှာပါပဲ ။

စိတ်က ခင်မျိုးကြွယ်ကို တွေးနေတာနဲ့ လက်ကတိုက်ပုံအကျီပေါ်က ပတ်ကားဖောင်တိန်အနီလေးပေါ် ရောက်သွားသည်။ ခင်မျိုးကြွယ်ပေးခဲ့သော လက်ဆောင်လေးကို တရိုတသေ သူ သုံးစွဲနေတုန်းပါလား။ ခင်မျိုးကြွယ်သာသိလျှင် ဘာပဲဖြစ်ဖြစ် ဝမ်းသာနေရှာမှာပဲလေ။

ခင်မျိုးကြွယ်လိုပဲ ဝမ်းသာရတော့မယ့်လူက မြင့်ဆွေ။ နီလာကျော်၏ မီးစိမ်းပြလိုက်သော သဘောထားတွေကို ပြောပြလိုက်လျှင် သူ သိပ်ဝမ်းသာသွားမှာပဲ။ နှစ်ကာလကြာရှည်စွာ နီလာကျော့်အတွက် ခံစားခဲ့ရတာတွေ အတိုးချပြီး ပြန်ပြောနေဦးမှာလား။ "အခုတော့ မင်းက ငါ့ဖောင်သွယ်ဖြစ်နေပြီပေါ့လေ" ဟု မြင့်ဆွေက ပြောလျှင် "မင်းဖောင်သွယ်ခတော့ ပေးရလိမ့်မယ် သူငယ်ချင်း" ဟု ပြန်နောက်ရလိမ့်မည်။ ထိုအခါ မြင့်ဆွေသည် ·// ကားဟားနှင့် ထဘောကျပြီး ရယ်နေမှာလား။

ကိုယ်သည် မဆုံးနိုင်သော အတွေးများကို သူ တွေးနေမိသည်။ တအိအိနှင့် ဖြည်းဖြည်းမောင်းလာရသော ကားကြီးသည် သိုင်းငင်းကြားစခန်းသို့ နီးလာနေပြီ။ တောင်နံရံကိုကွေ့ပတ်ဖောက်ထားသော ကားလမ်းတွင် အရမ်းမောင်း၍ မဖြစ်၊ တစ်ချက်ချော်သွားသည်နှင့် တပြိုင်နက် ပေပေါင်း ၅၀၀၀ ကျော်နက်သော ချောက်ထဲသို့ ကျသွားပေလိမ့်မည်။ ပြီး တော့ တောင်ဆင်းတောင်တက်လမ်း။ တီးတိန်နှင့် သိုင်းငင်းအထိ လမ်းတွင် အဆင်းအတက်ရှိနေ၏။ လမ်းကလည်း ကား



တစ်စီးမောင်းသာရုံရှိသည်။ တစ်ချို့နေရာများမှာမှ ကားနှစ်စင်းရှောင်နိုင်သော အကျယ်ရှိ၏။ လမ်းတစ်လျှောက်လုံး ကားကိုဟွန်းတီးနေရသည်။ တစ်ဖက်မှကား လာမှန်းသိလျှင် ကျန်တစ်ဖက်ကားက ရှောင်သာသော နေရာကို ရွေး၍ ရပ်စောင့်နေရသည်။ အတက်ကားကိုတော့ ဦးစားပေးရသည်။

ကြောက်စရာကောင်းသော လမ်းဘေးက ချောက်ကြီးကို မတွေးဘဲ မကြည့်ဘဲ ဟိုအဝေးကို ကြည့်လျှင်တော့ မြူခြေဆိုင်း၍ မှိုင်းနေသော တောင်စခွိတန်းကို တွေ့ရလိမ့်မည်။ မညီညာသော တောင်စဉ်တောင်တန်းပေါ်တွင် အလေ့ကျပေါက်နေသော သစ်ပင်စိမ်းစိမ်းလေးတွေကို နှင်းငွေ့တွေကြားမှ ဝိုးတဝါး တွေ့လိမ့်မည်။ တချို့နေရာများတွင် ဖြူဆွတ်နေသော နှင်းလုံးကြီးများကိုသာ တွေ့မြင်ရသည်။ အေးစိမ့်စိမ့်နှင့် လွမ်းစရာကောင်းသည့် အလှပန်းချီကားတစ်ချပ်ပါပဲ။

မကြာမီ သိုင်းငင်းကြားစခန်းကို ရောက်လာသည်။ သိုင်းငင်းကြားစခန်းသည် ကလေးမြို့မှ တက်လာသောအခါ ဟားခါး၊ ဖလမ်းနှင့် တီးတိန်ကို ခွဲထွက်သွားသော လမ်းဆုံရွာကလေးဖြစ်ပါသည်။ ထမင်းစားဖို့ အချိန်နှင့်နေရာ အသင့်တော်ဆုံးဖြစ်သဖြင့် အမြဲလိုလို လူစည်ကားနေတတ်သည်။ ထမင်းတစ်ပွဲ တစ်ဆယ်။ ဝက်သားနှင့် အမဲသားဟင်းသာ ရနိုင်သည်။

သိုင်းငင်းမှထွက်လျှင် ကလေးမြို့ရောက်သည်အထိ အဆင်းလမ်းဖြစ်သည်။ တစ်လမ်းလုံး ဘရိတ်ကို ထိန်း၍ ဆင်းသွားကြရ၏။ ကားမှာသာ ဘရိတ်မရှိလျှင် ခုလပေါက်ဆင်းသွားပေလိမ့်မည်။ လမ်းဘေးတွင် လက်ကိုင်နှင့်ဘရိတ်ပါပြီးခက်မပါသော လေးဘီးတပ် သစ်သားယာဉ်တစ်စင်းကိုတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေသခံတို့က ထင်းလှည်းဟုခေါ်သည်။ ထိုလှည်းမဟုတ်ကားမဟုတ် ယာဉ်လေးဖြင့် ထင်းများကို သယ်ကြသည်။ တချို့လှည်းဆိုလျှင် အမိုးနှင့် စက်မပါသည်ကလွဲ၍ လက်ကိုင်နှင့်ဘရိတ်အစုံပါကာ စက်မဲ့ကားဟုပင် အမည်တပ်နိုင်သည်။

သိုင်းဝင်းနှင့် **ခမ်လှမ်းလှမ်း**ရောက်တော့ နှင်းငွေ့ပြယ်စ ပြုပြီ။ သိသိသာသာ မအေးတော့။ ခပ်နွေးနွေးလေး ဖြစ်လာသည်။ ကလေးမြို့နားရောက်သည်နှင့် ပူတော့၏။ အပူထဲကိုပြန်လည်တိုးဝင်လိုက်ရသည်မှာ အရသာတစ်မျိုးပဲဟု ကိုယ်တွေးနေ၏။ ကိုယ်ပေါ်မှ အထပ်ထပ်ဝတ်ဆင်ထားသော အနွေးထည်များကို တစ်ထပ်ပြီးတစ်ထပ် ချွတ်နေရ၏။

ကလေးရောက်တော့ မြို့မတည်းခိုခန်းတွင် တည်းသည်။ ဈေးထဲသို့ ဗဟုသုတဝင်ကြည့်သည်။ လက်ဆောင်ပစ္စည်းအချို့ကို ဝယ်ရသည်။ ကလေးမြို့သည် အိန္ဒိယနယ်စပ်မှလာသော လမ်းများ၏ လမ်းဆုံမြို့ဖြစ်နေသည်။ ချင်းပြည်နယ်၏ တံခါးဝလည်း ဖြစ်နေ၏။ အိန္ဒိယပြည်ဖြစ် ပစ္စည်းများ ရောင်းဝယ်ရေးကောင်းမွန်သည်။ စီးပွားရေးအဆင်ပြေသော မြို့ဟုဆိုနိုင်သည်။ လမ်းဘေးတစ်ဖက် တစ်ချက်တွင် တိုက်ကြီးများကဟိန်းနေသည်။

ဈေးထဲတွင် တာဟန်းတဘက်လေးတွေ တွေ့တော့အမေ့ကို သတိရသည်။ ယောဂီရောင် တဘက်လေးတစ်ထည်အမေ့ဖို့ဝယ်သည်။ တမူးရှန်လုံချည်တွေ၊ အင်္ကျီစတွေ၊ အိန္ဒိယထွက် စွပ်ကျယ်တွေ၊ ကော်ဇောတွေ၊ ပုဆိုးတွေ စုံလို့ပါပဲလေ။ ဝယ်ချင်စရာများလှသည်။



ကလေးမြို့တွင် တစ်ရက်ပဲနေရသည်။ နောက်နေ့တွင် လေယာဉ်လက်မှတ်ရသည်။ အစိုးရအမှုထမ်းဖြစ်ပြီး အစိုးရကိစ္စဖြစ်သဖြင့် လေယာဉ်လက်မှတ် အလွယ်တကူရခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် လေယာဉ်လက်မှတ်ရဖို့ သိပ်မလွယ်။ ချက်ချင်း မရနိုင်။

ဖော်ကာဖရင်းရှစ်လေယာဉ်သည် အသက်ကြီးပြီဖြစ်သော်လည်း သန်မာအားကောင်းတုန်းပင် ဖြစ်သည်။ ရန်ကုန်၊ ကလေး၊ မန္တလေးကို အခေါက်အခါခါ ဆွဲပြေးနေတုန်းဖြစ်သည်။ လေယာဉ်ပေါ်၌ ကိုယ်သည် ပြူတင်းပေါက်နားတွင်နေရာရသဖြင့် မြင်ပရှုခင်းများကို မြင်ရသည်။

လေယာဉ်ပေါ်မှကြည့်လျှင် မြေပြင်ပေါ်မှ အရာဝတ္ထုများကို သေးငယ်စွာ တွေ့ရသည်။ မြေပြင်ပေါ်တွင် ထုထည်ကြီးမားထည်ဝါခန့်ညားသော အဆောက်အဦများသည် လေယာဉ်ပေါ်မှကြည့်လိုက်ပါက ဘာမှ မဟုတ်တော့။ လေယာဉ်ကပို၍မြင့်တက်သွားသောအခါ အစက်ကလေးတစ်စက်လောက်ပင်ရှိတော့သည်။ အဝေးအနီး၏ သဘောကို သူတွေးနေမိသည်။ မြေပြင်မှ မော့ကြည့်ရသော တိမ်ဖြူဖြူတွေ လေယာဉ်အောက်မှာရောက်ရှိနေကြောင်းတွေ့ရသောအခါ ကောင်းကင်ကို ပျံသန်းနိုင်သော လူသားတို့၏ စွမ်းရည်ကိုလည်း သူ သတိပြုမိလိုက်၏။ တိမ်တွေကြားတွင် ပျံသန်းမောင်းနှင်နေသောအခါ တိမ်တို့ကလည်း နေရာမရွေ့။ လေယာဉ်ကလည်း နေရာမရွေ့။ လေယာဉ်သွားနေကြောင်း သက်သေပြစရာ လမ်းဘေးအမှတ်အသားဘာမျှမရှိ။ လေယာဉ်ပျံသန်းရွေ့လျားနေမှန်း စိတ်ကသာလျှင်မျက်စိကမယုံချင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာ လျှင်မြန်စွာ မသိမသာကုန်လွန်တတ်သည့် အချိန်၏ သဘော၊ မသိမသာ ရွေ့လျားချဉ်းကပ်လာသော ဇရာ၏ သဘောကို သူမြန်နိုင်းယှဉ်တွေးမိပြန်သည်။ လေယာဉ်ပေါ်မှာ မြူတင်းပေါက်မှ မြင်ပကို လှမ်းကြည့်ပြီး တွေးနေရသော အတွေးကို သူ သဘောကျ နှစ်မြိုက်မိသည်။ လေယာဉ်ပေါ်မှာ (၂)နာရီကြာတဲ့အထိ နေရသော သူ့အတွေးတွေ မီးခိုးမဆုံး မိုးမဆုံး ဖြစ်တော့သည်။

တွေးရင်း တွေးရင်းနှင့် အမေ့ကို သတိရသည်။ ဟိုတုန်းကလို ပိန်ပိန်ပါးပါးမဟုတ်တော့၊ ဝဝဖိုင့်ဖိုင့်နှင့် ခန့်ညားရှိနေပြီ။ အသားဖြူသဖြင့် သပ်ယပ်သစ်လွင်သော အဝတ်အစားတွေကိုသာ ဝတ်လိုက်လျှင် အင်မတန်ကျက်သရေရှိသည်။ အဖေလည်း အသားအရည်စိုပြည်ပြီး ကျန်းကျန်းမာမာဖြစ်နေပြီ။ မြန်မာတိုင်းရင်းဆေးသမားတော်နှင့် စနစ်တကျ ဆေးကုသမှု ခံယူသဖြင့် အရက်ဖြတ်သည့်ဒဏ် ခံနေရရာမှ နလံပြန်ထူလာသည်။ လင်မယားနှစ်ယောက်စလုံး ပုတီးစိပ်တရားထိုင်နှင့် ဘဝ၏ နောက်ဆုံးအရွယ်ကို တင့်တယ်စွာ ကုန်ဆုံးစေတော့သည်။

ကိုကြီးကတော့ စစ်ထဲကပြန်လာပြီး အဖေ့လက်ဗျတ်မီးသွေးအရောင်းဆိုင်ဖွင့်ထားသည်။ ကိုလေးကတော့ အလယ်တန်းပြဆရာဖြစ်နေပြီ။ ညီကတော့ အွဲ့ရပြီး အုတ်စက်မှာ အထက်တန်းစာရေး။ ညီမလေးကတော့ မျက်စိသိပ်မကောင်းသဖြင့် ဆယ်တန်းနှင့် ကျောင်းထွက်ကာ အမေတို့ကို လုပ်ကျွေးပြုစုနေပြီ။

အခြေအနေကောင်းလာသော အိမ်အကြောင်းကိုပြန်စဉ်းစားသောအခါ စိုးရိမ်သောကဖြစ်စရာ မရှိတော့။



ရန်ကုန်ရောက်လျှင် မိုင်ပေါင်း ဖဲ-ယောက်ဝေးသော ဇာတိမြို့ကလေးသို့ ပြန်မည်။ အမေတို့နှင့် တွေ့ဆုံပြီး ခဏနားမည်။ နီလာကျော်ပေးလိုက်သောစာနှင့် ပျားရည်ပုလင်းကို သူ့အိမ်သွားပေးမည်။ ပြီးတော့ ရန်ကုန်သို့ပြောင်းရွှေ့နေထိုင်သော မြင့်ဆွေဆီသွားမည်။ ပြီးလျှင် ဦးမိုးဆွေကြီး အပြောင်းအရွှေ့ စုံစမ်းရန် ခြောက်ထပ်ရုံး၊ အခြေခံပညာဦးစီးဌာန သွားမည်။ သူများမှာတာတွေပြီးမှ ရုံးကိစ္စလုပ်ပြီး တောင်ပေါ်ပြန်မည်ဟု အစီအစဉ်တွေ ဆွဲထားလိုက်တော့သည်။

အကယ်၍များ မမနွယ် ရန်ကုန်မှာရှိနေခဲ့လျှင် ဘယ်မှာနေ၍ ဘာ အလုပ်လုပ်နေသည်ကိုသာသိလျှင် သူ့ အစီအစဉ်ထဲတွင် အရေးပေါ်အစီအစဉ်အနေဖြင့် ထည့်သွင်းကာ ချက်ချင်း သွားတွေ့မိမည်ပင်။

သူ မမနွယ်ကို သိပ်တွေ့ချင်ပါသည်။ မမနွယ်နှင့် မတွေ့မချင်း၊ သူ့ရင်ထဲက မျှော်လင့်ချက် အလင်းရောင်မှေးမှိန်မည် မဟုတ်သေး။ မမနွယ်နှင့် တွေ့မှ သို့မဟုတ် နိုင်လုံသော သတင်းရပ်ကွက်မှ မမနွယ်အကြောင်း အပြည့်အစုံကြားရမှ မမနွယ်အပေါ် ထားခဲ့သော သူ့မျှော်လင့်ချက်တွေ စွန့်လွှတ်ရပါမည်။

မပုန်းမရှောင်ပါဘဲလျက် ယခုထက်တိုင် မတွေ့နိုင်သေးသည်ကို သူ မကျေနပ်။ ကံကြမ္မာသည် သူ့ကို မျက်စိလည်ပြီး ထားလေသလား။ သို့သော်လည်း တစ်နေ့နေ့တော့ မမနွယ်ကို သူတွေ့ကို တွေ့ရမည်ဟု အခိုင်အမာ ယုံကြည်သည်။ ဆံဖြူစွယ်ကျိုးသည့် အဘိုးအိုဘဝရောက်မှ မမနွယ်ကို ပြန်တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



လျှင် သူ့ရင် ခုန်ပါဦးမည်လားဟု ပြန်တွေးပြီး သူ့ဘာသာ ပြုံးမိသေးသည်။

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့တော့ မမနွယ်ကို ပြန်ကိုတွေ့ရမည်။ မတွေ့တွေ့အောင်လည်း သူ ကြိုးစားရှာဖွေမည်။ သို့သော် ဘယ်နေ့မှန်း မသိ။ ပြန်တွေ့ရှိရန်သာ ဆုတောင်းရပေဦးတော့မည်။

□ □ □

## (၃၀)

ကိုငယ်အိမ်ပြန်ရောက်တော့ အမေဖျားရဝမ်းသာကြီးသည်။ သားလက်မောင်းကို ဆုပ်ကိုင်ပြီး မျက်ရည်တွေ ရစ်ဝဲနေ၏။

"သား ပိန်လိုက်တာ" ဟု အားမရသော လေသံနှင့် ဆိုသည်။

"အသားတွေလည်း မည်းသွားတယ်" ဟု ညီမလေးက မှတ်ချက်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားက အရာရှိရုပ်ပေါက်တယ်" ဟု အဖေက ပြုံး၍ ပြောသည်။

ကိုလေးက ကျောင်းသွားနေသည်။ ကိုကြီးက တောသွားနေသည်။ ညီငယ်က မော်ဘီ အုတ်စက်မှာ။ အိမ်မှာ မရှိကြ။

"အမေနဲ့ အဖေလည်း ပိုပြီး နုပျိုလာသလိုပဲ"

"အဲ့ဒါ တရားတန်ခိုးပေါ့သားရဲ့၊ တရားထိုင်ပါများတော့ စိတ်တည်ငြိမ်အေးဆေးပြီး စိုးရိမ်သောက နည်းလာတယ်လေ။ စိုးရိမ်ပူပန်မှုမရှိတော့ စိတ်ချမ်းသာ၊ စိတ်ချမ်းသာတော့ ကိုယ် ကျန်းမာဆိုသလိုပေါ့။ သားလည်း မငယ်တော့ဘူး၊ စိတ်တည်ငြိမ်မှုအလေ့အကျင့်ရအောင် တရားထိုင်သင့်ပြီ"

အဖေက စိတ်ပါလက်ပါ ပြောနေ၏။ ကိုငယ် ပြုံးမိသည်။ ဝမ်းသာသော အပြုံးပါ။ အရက်သမားဘဝမှ တရားစကားတွေပြောနေသော အဖေ့ကို လေးစားကြည်ညိုစွာ ကိုငယ် ကြည့်နေမိသည်။ အဖေအရက်သောက်၍ ငယ်ငယ်က စိတ်အားငယ်ခဲ့ရတာတွေ စိတ်ဆင်းရဲရတာတွေ မေ့ပျောက်သွားသည်။

"သား ထမင်းစားပြီးပြီလား"

အမေက သတိတရမေးလိုက်သည်။

"အိမ်ရောက်ချင်ဇောနဲ့ ထမင်းမစားခဲ့ရသေးဘူးအမေ"

"သမီး၊ ထမင်းမြန်မြန်ပြင်၊ သားဆာလှရော့မယ်။ နေမွန်းတည့်နေပြီ"

အမေက ဟျာဟျာသလဲ စီစဉ်ခိုင်းသည်။

ကိုငယ်က အိတ်ထဲမှ လက်ဆောင်ပစ္စည်းတွေ ထုတ်



နေသည်။ အမေ့ဖို့ ယောဂီခရောင်တာဘက်၊ အဖေဖို့ ပလေကာမ်လုံချည်၊ ကိုလေး၊ ကိုကြီးနဲ့ ညီ့အတွက်လည်း အကွက်စိပ်စိပ်လုံချည်၊ ညီမလေးအတွက်ကတော့ တမူးရှန်လုံချည်နှင့် ပေါ်ပလင်ဘူး။ ပြီးတော့ တစ်အိမ်သားလုံးအတွက် ပန်းသီးအလုံး (၂၀)။

"သယ်လာရတာ လေးလိုက်တာသားရယ်" ဟု အမေက မိဘမေတ္တာနှင့်ပြော၏။

"ဒီပျားရည်ပုလင်းကတော့ နီလာကျော်က သူ့အိမ်ကိုပေးလိုက်တာ၊ ညနေမှ သူ့အိမ်သွားပို့ပေးရဦးမယ်"

ကိုငယ့်စကားကို ကြားတော့၊ အမေက အဖေ့ကိုလှမ်းကြည့်သည်။ အဖေက ပြုံးနေ၏။ အဓိပ္ပာယ်တစ်ခုခုရှိနေပုံ ရ၏။

"နီလာကျော်လည်း တီးတိန်ရောက်နေတာ၊ သားရောက်ပြီး နှစ်လကြာမှ သိရတယ်။ သားကို တွေ့တွေ့ချင်း သူ့သိပ်ဝမ်းသာသွားတယ်။ တွေ့တဲ့နေ့ပဲ အိမ်ခေါ်ပြီး ထမင်းကျွေးတော့တာပဲ။ တောင်ပေါ်မှာ သူငယ်ချင်းတွေ ပြန်တွေ့တော့ သိပ်အားရှိတာပဲ အမေရာ"

အမေက ကိုငယ့်စကားကို နားထောင်ပြီး ပြုံးပြုံးကြီးကြည့်နေသည်။ ထိုအကြည့်တွင် အကြောင်းတစ်ခုခုရှိနေပုံရသည်။ ကိုငယ် တွေးကြည့်နေတုန်းမှာ ညီမလေးက ထမင်းစားလာခေါ်သည်။ မီးဖိုထဲသို့ အမေလည်း လိုက်လာသည်။

"သားကြိုက်တဲ့ မျှစ်နဲ့ ချဉ်ပေါင်ဟင်း၊ ငါးဖယ်ငါးဆုပ်ဆီပြန်၊ ငါးပိရည်တို့စရာ၊ မုန်လာချဉ်ဖတ်၊ သားအကြိုက်တွေပဲ ဖြစ်မှာ"

"ကြိုက်ပြီလား အမေရယ်၊ ထမင်းကို ချက်ချင်းဆာ

www.burmeseclassic.com

www.burmeseclassic.com

သွားတာပဲ၊ တောင်ပေါ်မှာ ငါးပိရည် ကောင်းကောင်းမစားရတော့၊ အမေ့အိမ်ကို သိပ်လွမ်းတာပဲ။ ငါးပိရည်နဲ့ တို့စရာ စားချင်နေတာကြာပြီ"

ကိုငယ် ဟန်မဆောင်နိုင်တော့ဘဲ အားပါးတရ ထမင်းနှင့်လူးပြီး နယ်စားနေတော့၏။ ငါးဖယ်ငါးဆုပ်ဟင်းကို ခပ်တော့မမနွယ်ကို သူ သတိသွားရမိသည်။ သူ့အကြိုက် ကျွေးခဲ့မှုသည် မဟုတ်လား။

"စားလို့ကောင်းရဲ့လား သား"

စေတနာအပြည့်ဖြင့် အမေက မေးသည်။

"သိပ်ကောင်းတယ် အမေ"

ထမင်းစားရင်း မိဘ၏ မေတ္တာနှင့် စေတနာ။ အိမ်တကာတို့အနက်တွင် နေချင့်စဖွယ်အကောင်းဆုံးမှာ မိဘအိမ်ဖြစ်ကြောင်း သူ တွေးနေမိတော့၏။ အမေက ဟင်းတွေခပ်ပေးနေပြန်သည်။ ညီမလေးက အနားမှာ ယပ်ခတ်ပေးနေ၏။ စားကောင်းကောင်းနှင့် ကိုငယ် ထမင်းနှစ်ပန်းကန် စားလိုက်သည်။ အမေက ကိုငယ် ထမင်းအားရပါးရ စားကောင်းနေတာကိုကြည့်ပြီး ပီတိတွေ ဖြစ်နေ၏။

ထမင်းစားပြီးအိမ်ရှေ့ထွက်တော့ ညီမလေးက အီးထန်းလျက်နှင့် ရေနွေးကြမ်းအိုး လာချပေးသည်။ အရသာရှိလိုက်တာ။

ရေနွေးကြမ်းသောက်ရင်း တောင်ပေါ်အတွေ့အကြုံတွေကို အမေကမေးသည်။ ကိုငယ်က အသေးစိတ် ပြန်ပြောပြနေသည်။

"ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ စတဲ့ အနန္တော



အနန္တ ငါးပါးကိုတော့ မမေ့မလျော့နဲ့ လူတိုင်းအပေါ်မှာ မေတ္တာပွားများပြီး မေတ္တာပို့ပေး။ ကိုယ့်အလုပ်ကို စေတနာနဲ့ထားလုပ်"

အဖေက ကိုငယ့်ကို ဆုံးမစကားတွေပြောနေ၏။ ကြည်နူးဝမ်းသာစိတ်နှင့် မျက်ရည်တောင် လည်လာမိ၏။ ငယ်ငယ်တုန်းက အခုလိုပြောဆိုဆုံးမခဲ့ရင် သိပ်ကောင်းမှာ။ စိတ်အားငယ်ပြီး ဝမ်းနည်းခဲ့ရမှာ မဟုတ်ဘူးဟုလည်း တွေးနေမိတော့သည်။

အမေကတော့ သားအနားက မခွာတော့ဘဲ အရိပ်တကြည့်ကြည့် ကြည့်နေတော့သည်။ သည်လိုနှင့် စကားကောင်းပြီး နေစောင်းသွားသည်။ ရေမိုးချိုး ထမင်းစားပြီး၊ ကိုငယ် နီလာကျော့်တို့အိမ် ထွက်လာခဲ့သည်။

ပုတီးစိပ်နေသော နီလာကျော့်အဖေ ဦးအေးမောင်ကို ဧည့်ခန်းမှာပင် တွေ့ရသည်။ သမီးထံမှ ပစ္စည်းနှင့်စာကို လူကြုံလာပေးကြောင်းသိရသောအခါ အမေပါထွက်လာ၏။ ကိုငယ်က တီးတိန်မှာ နီလာကျော့်နှင့် တွေ့ခဲ့ကြပုံ၊ ရာသီဥတုအခြေအနေ၊ အစားအသောက်၊ အနေအထိုင်တို့ကို ပြည့်စုံအောင် ယဉ်ကျေးစွာ ပြောပြခဲ့သည်။ သမီးအတွက် စိတ်အေးအောင်လည်း ပိုပိုသာသာလေး ပြောပြလိုက်သည်။

နီလာကျော့်အဖေသည် မပြုံးမရယ်ဘဲ ကိုငယ့်ကို စူးစမ်းအကဲခတ်နေပုံရသည်။ ဝမ်းသာမှုကို ရင်ထဲမှာထားပြီး စကားကို ထိန်းပြောသည်။ အမေက နေရေးထိုင်ရေး စားသောက်ရေးတို့ကို အသေးစိတ် မေးနေ၏။

"တူမောင်က ဘယ်တော့ပြန်ရမှာလဲ"

နီလာကျော့်အမေက စကား စ,ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်မှတ်လောက်နေရင် ပြန်ဖြစ်မယ်ထင်ပါတယ်"

"ပြန်ခါနီး အချိန်ရရင် ဦးတို့အိမ်ဘက် ဝင်လည်ပါဦး လား။ စာတစ်စောင်လောက် လူကြုံပါးလိုက်ချင်တယ်"

"ရပါတယ်ဦး။ မပြန်ခင် ဝင်လာခဲ့ပါ့မယ်"

"ဦးသမီးအတွက်ကတော့ မိဝေးဖဝေးဖြစ်နေလို့ တူမောင်တို့ကိုပဲ အားကိုးအားထားပြုရမှာပဲ"

"ရပါတယ် ဦးရယ်၊ ဟိုမှာ ကျွန်တော်တို့ မြန်မာမိသားစုတွေဟာ ညီအစ်ကိုမောင်နှမတွေလိုပဲ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိကြပါတယ်"

ကိုယ်သည် နီလာကျော့အဖေ၊ အမေတို့နှင့် စကားကောင်းနေသဖြင့် တစ်နာရီလောက်ကြာသွားသည်။ ပြန်ရန်အချိန်သင့်သောအခါ ကိုယ် နှုတ်ဆက်စကားဆိုသည်။ နီလာကျော့အဖေက ဝင်းဝနားအထိ လိုက်ပို့သည်။

"တူမောင် အဖေ၊ အမေတို့နဲ့ ဦးတို့ကလည်း ခမ္ပမိတ်ဆွေတွေဖြစ်ပြီး သိပ်ရင်းနှီးခဲ့ကြတယ်။ စကားစပ်မိလို့ပြောကြရင်းနဲ့ တူမောင်တီးတိန်မှာရောက်နေကြောင်း သိရတယ်။ တူမောင်ရှိတယ်ဆိုတော့ သမီးအတွက် နည်းနည်းစိတ်အေးရတာပေါ့ကွယ်"

နီလာကျော့အဖေက ရင်းရင်းနှီးနှီးစကားဆိုသည်။ ကိုယ်အံ့ဩနေ၏။ သားသမီးများအပေါ်တွင် အင်မတန် စည်းကမ်းကြီးပြီး လက်သံပြောင်ပြောင် ရိုက်နှက်ဆုံးမတတ်သည့် လူကြမ်းကြီးဟု ထင်နေခဲ့ရာ ယခုလို တရားသမားအနေနှင့် တွေ့လိုက်ရသောကြောင့် ထူးဆန်းနေသည်။





အိမ်ပြန်ရောက်တော့ အမေတို့ကို ဖွင့်ပြောပြလိုက်သည်။ အမေတို့က ရယ်နေကြသည်။

"လူ့လောကဆိုတာ ဒီလိုပဲ သားရဲ့။ အထင်နဲ့ အမြင်တွေဟာ ကွာခြားချင်တိုင်း ကွာခြားတတ်တယ်။ ဒါကြောင့် ဘာကိုပဲဖြစ်ဖြစ်အထင်နဲ့ ဘယ်တော့မှ မဆုံးဖြတ်နဲ့ မှားတတ်တယ်"

အဖေက အဖိုးတန်သော ဆုံးမစကားတွေပြောသည်။

"လူလေးကို ပြောစရာရှိတုန်း လူလေးရောက်လာတာ အတော်ဘဲ"

အမေက စကားကို အစချီသည်။ အဖေက ရေနွေးကြမ်းငုံသောက်ပြီး နားထောင်ဖို့ ဟန်ပြင်သည်။

"ဘာပြောစရာတွေ ရှိနေလို့ အမေက နိဒါန်းပျိုးနေရတာလဲ ဟင်"

"ဒီလိုသားရဲ့၊ ပြီးခဲ့တဲ့ ဥပုသ်နေ့က နီလာကျော့အဖေတို့အေးမောင်နဲ့ဘုန်းကြီးကျောင်းမှာ တွေ့ကြတယ်။ စကားမြည်ပြောရင်းက သားလည်းတီးတိန်ရောက်နေကြောင်း ပြောမိတယ်။ အဲ့ဒီတော့မှ သူကလည်း သူ့သမီးလည်း တီးတိန်ရောက်နေကြောင်း ပြောတယ်။ ပြောရင်း ပြောရင်းနဲ့ သားရေးသမီးရေးထိစွတွေ ပါလာတယ်"

အမေ့စကားတွင် တွေးစရာတွေ ပါလာ၏။

"အတိုချုပ်ပြောရရင်ကွာ၊ သားကို သူ့သမီး နီလာကျော်နဲ့ ပေးစားချင်တယ်၊ ဒါပဲ"

အဖေက စိတ်မရှည်ဟန်ဖြင့် ကြားဖြတ်ဝင်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖေ့စကားကြားလိုက်တော့ ကိုငယ် ဖုံ့ဩသွားသည်။ ဘာပြန်ပြောရမှန်းပင် မသိအောင် ကြက်သေ, သေသွားသည်။

"နီလာကျော်ကို ကျွန်တော်နဲ့ သဘောတူပေးစားချင်သတဲ့လား"

ကိုငယ်က သူ့ဘာသာ ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ သားကို ကိုအေးမောင်က သဘောကျတယ်။ လူကြီးဆန်တယ်။ တည်တည်ကြည်ကြည် နေထိုင်တတ်တယ်။ ရိုးသားတယ်ဆိုပြီး သဘောကျနေတာ။ သားကလည်း သူတို့ မျက်စိအောက်တွင် ကြီးပြင်းလာတာ မဟုတ်လား"

အမေက ရှင်းပြနေသည်။ ကိုငယ်ကတော့ ကံကြမ္မာစေစားချက်ကို နားမလည်နိုင်အောင် ဖုံ့ဩနေသည်။

"ကိုအေးမောင်က တရားသမားဖြစ်နေပြီဆိုတော့၊ လူ့ရဲ့ စာရိတ္တနဲ့ အရည်အချင်းကိုပဲ တန်ဖိုးထားတော့တယ်။ သားဟာ ငယ်ရွယ်စဉ်က အခုထိ အမဲစက်တစ်စက်မတင်အောင် နေထိုင်လာတဲ့သူဆိုတော့ သိပ်သဘောကျနေတာပေါ့ကွာ၊ အဲ့ဒါပဲတွ သားရဲ့၊ လူတစ်ယောက်ရဲ့ အပြုအမူဟာ သူ့ ဘာသာ လွှပ်ရှားနေတယ်ဆိုပေမယ့် အကဲခတ်နေတဲ့ သူက ခတ်၊ မှတ်ကျောက်တင်တဲ့သူက တင်နေတာတွ။ ဒါကြောင့်မို့ ကိုယ့်ရဲ့ အပြုအမူ အပြောအဆိုတိုင်းကို အပြစ်ကင်းစင်အောင် ပြုမူပြောဆိုနေထိုင်တတ်ဖို့ သိပ်အရေးကြီးတယ်"

ရင့်ကျက်သော သဘောတရားနှင့် အဖေက ဩဝါဒမြွက်ကြားသည်။

"အဲ့ဒါ အမေတို့ အဖေတို့က သဘောတူ စီစဉ်ကြပြီလားဟင်"



ကိုငယ်က သူ့ သိချင်တာကို အလောတကြီး ပြန်မေးလိုက်သည်။

"သားသဘောဆန္ဒမပါဘဲ အမေတို့ ဘာမှ မလုပ်ပါဘူး သားရယ်"

ခုမှ ကိုငယ် သက်ပြင်းချနိုင်တော့သည်။ အမေတို့ စီစဉ်ထားပြီးပြီဆိုလျှင် သူ ဆန့်ကျင်ရမှာ ဝန်လေးသည်။ ယခုတော့ တော်ပါသေးရဲ့။ ငြင်းဆန်နိုင်သေးသည်လေ။

"မဖြစ်နိုင်ဘူးထင်တယ် အမေ။ နီလာကျော့်က မြင့်ဆွေကို သဘောကျနေတာ။ အထက်တန်း ကျောင်းသားဘဝထဲက၊ အခုလည်း မြင့်ဆွေကို သူ မျှော်လင့်နေတာ။ မြင့်ဆွေကလည်း သူ့ကို သိပ်ချစ်တာ အမေရဲ့"

အဖေက ပြုံးသည်။ လောကကြီးအကြောင်းကို သိမြင်နားလည်နေသောအပြုံး။

"လောကကြီးက သိပ်ဆန်းကြယ်ပါတယ် သားရယ်။ မထင်တာတွေဖြစ်ပြီး ထင်တာတွေမဖြစ်တာ အများကြီးပဲကွ"

"သား သူငယ်ချင်း မောင်မြင့်ဆွေနဲ့ ခင်မျိုးကြွယ်တို့ စေ့စပ်ကြောင်းလမ်းထားပြီလေ။ သား မသိသေးဘူးလား"

"ဗျာ ... မြင့်ဆွေနဲ့ ခင်မျိုးကြွယ် စေ့စပ်လိုက်တယ်။ ဟုတ်လား အမေ"

အလွန်ထူးဆန်းအံ့ဩဟန်နှင့် ကိုငယ်က အော်ပြောလိုက်မိသည်။

"မောင်မြင့်ဆွေ နိုင်ငံခြားမသွားခင် စိတ်ချရအောင်ဆိုပြီး စေ့စပ်လိုက်ကြတယ်လို့ ကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မြင့်ဆွေ နိုင်ငံခြားသွားရတော့မှာကိုး"

ကိုငယ် သူ့ဘာသာ ရေရွတ်နေမိတော့သည်။ ကံကြမ္မာ၏ စေစားချက်၊ လောက၏ ပရိယာယ်ကို သူ မယုံနိုင်အောင်ကြားလိုက်ရပေသည်။ အမေနှင့် အဖေကိုယ်တိုင်ပြော၍ ယုံရသည်။ သူ မယုံချင်။ ဖြစ်ချင်တာတွေ မဖြစ်ဘဲ၊ မဖြစ်ချင်တာတွေ ဖြစ်နေရတာကိုတော့ သူ ဝမ်းနည်းသလိုလိုရှိမိသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ နီလာကျော်နဲ့ ကျွန်တော့်ကိစ္စကိုတော့ အလျင်စလို မစီစဉ်ကြဖို့ တောင်းပန်ပါရစေ"

"လူလေးမှာ ရည်ရွယ်ထားပြီးသား ရှိနေလို့လား"

အမေ့စကားကို ကိုငယ်ဘယ်လိုပြန်ဖြေရမှန်း မသိ။ ရင်ထဲက မမန္တယ်သည် သူ ရည်ရွယ်ထားသူပါလို့ ရဲရဲတင်းတင်း သူ ဘယ်လိုပြန်ပြောနိုင်မှာလဲလေ။ မရှိပါဘူးလို့ ပြောလိုက်လျှင်လည်း ဒီလိုဆိုသား ဘာငြင်းစရာရှိလဲဟု ထပ်မေးလာဦးမည်။ ကိုငယ်နဖူးတွင် ချွေးစ၊ စို့လာသည်။ စိတ်ကျဉ်းကြပ်မှုကြောင့်ဖြစ်မည်။

"သားတို့ကို ညှိနှိုင်းတိုင်ပင်ခွင့် ပေးပါဦးလားအမေ"

"သားသဘောဆန္ဒ မရှိဘဲ အမေတို့ ဘာမှ မစီစဉ်ပါဘူးကွယ်။ သားစိတ်ချမ်းချမ်းသာသာနေပါ။ မျက်စိမျက်နှာတွေ ပျက်မနေပါနဲ့"

အမေက နှစ်သိမ့်စကားကို ပြန်ဆိုသည်။ ထိုအခါမှ ကိုငယ် ဟင်း ချလိုက်တော့သည်။

"ကျွန်တော့်အရင် ကိုလေးကို နေရာချပေးဖို့ စီစဉ်ကြဦးလေ"

ကိုငယ် ကိုလေးဘက်ကို မြှားဦးလှည့်ပေးလိုက်သည်။



ကိုလေးက ခပ်အေးအေးပြုံးနေသည်။ ကျောင်းဆရာပီသသည့် သိမ်မွေ့အေးချမ်းသော အပြုံး။ "တပည့်တွေကို ချစ်နေရတာနဲ့ မိန်းမတွေကို ချစ်ဖို့ အချိန်မရပါဘူးကွာ" ဟု ကိုလေးက အေးဆေးစွာ ဆိုသည်။

"ကိုလေးက သူ့တပည့်တွေ၊ သူ့လေ့ကျင့်ခန်းတွေ၊ သူ့ကျောင်းအလုပ်တွေနဲ့ ရှုပ်နေတာပဲ။ အားချိန် နားချိန်တောင် သိပ်မရှိဘူး။ မိန်းမ မယူတာဘဲ ကောင်းတယ်။ ယူရင် အဲ့ဒီမိန်းမလည်း သည်းခံနိုင်မှာ မဟုတ်ဘူး"

"ဟုတ်တယ်ကွ၊ ကျောင်းဆရာစိတ် တကယ်ရှိလို့ အလုပ်လုပ်ရင် လုပ်စရာတွေက တစ်ပုံကြီးပဲ၊ လုပ်လို့တောင် မနိုင်ဘူး။ တစ်နေ့ (၂၄)နာရီတောင် နည်းနေသေးတယ်လို့ တစ်ခါတစ်ခါ ထင်မိသေးတယ်"

ကိုလေးက သူ့ဝသီအတိုင်း အေးချမ်းသိမ်မွေ့စွာ စကားဆိုသည်။

"တချို့ကျောင်းဆရာတွေကျတော့လည်း အရက်သောက်၊ ဖဲရိုက်နဲ့ အချိန်တွေ ပိုလို့ပါဗျာ"

ကိုငယ်က ဆင်ခြေတက်လိုက်သည်။

"တို့ကျောင်းဆရာတွေထဲမှာ အဲ့ဒီလို လူမျိုးတွေက အနည်းစုပါကွာ။ အဲ့ဒီလူတွေက ကျောင်းဆရာမဟုတ်ပါဘူး။ စာသင်ဆရာတွေပါ။ ခေတ်စကားနဲ့ပြောရင်တော့ ကျူရှင်ဆရာတွေပါ။ တပည့်တွေကို စာမေးပွဲအောင်ဖို့ စာသင်ပေးရင်ပြီးရော ဆိုတဲ့ စိတ်ဓာတ်မျိုးမွေးထားတဲ့သူတွေပါ"

စိတ်ရှည်ရှည်နှင့် ချိုချိုသာသာ ကိုလေးက ရှင်းပြသည်။ ဒေါသသံ မလွှမ်း။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဆရာဆိုတာ ဘုရားနဲ့တစ်ဂိုဏ်း တည်းပြုထားတဲ့ အနန္တဂိုဏ်းဝင်ပုဂ္ဂိုလ်တစ်ဦးပဲတွ။ တို့ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းမှာ ထိုက်ထိုက်တန်တန် နေရာပေးထားတာပဲ။ နေရာတစ်ခုမှာ ထိုက်ထိုက် တန်တန်ရထားတဲ့သူတိုင်းဟာ သူတစ်ပါးအကျိုးစီးပွား အတွက် ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံဆောင် ရွက်ခဲ့ကြတဲ့ သူတွေချည်းပဲ။ ဘယ်နိုင်ငံက သမိုင်းကိုပဲ ဖတ်ဖတ်၊ ဒီ အတိုင်းပဲ တွေ့ရမယ်။ ဒါကြောင့် ဆရာကောင်းဆရာမြတ် မှန်သမျှဟာ သူတို့ဘဝမှာ နစ်နာဆုံးရှုံးမှုတွေ အများကြီး ရှိခဲ့ကြမှာပဲ။ တပည့်တွေရဲ့ အကျိုးစီးပွားအတွက် ကိုယ့် ဘဝချမ်းသာဖို့ လျစ်လျူရှုပြီး အချိန်ပြည့် စေတနာထား လုပ်ခဲ့ကြတဲ့ ဆရာတွေသာ တပည့်တွေရဲ့ ရင်ထဲမှာစွဲကျန် နေတာကွ"

တက်ကြွသောအသံဖြစ်သော်လည်း ကိုလေးအသံ သည် တည်ငြိမ်သည်။ မပြုံးမရယ်သော်လည်း ခပ်တည်တည်ကြီး မဟုတ်။ ပြည့်ဝရင့်ကျက်သော မျက်နှာအသွင်အပြင်က တစ်ဖက်သားကို လွှမ်းမိုးထားနိုင်သည်။

"သားလတ်ပြောတာ မှန်တယ်။ အလုပ်တကာ့ အလုပ်ထဲမှာ ကျောင်းဆရာအလုပ်တာ အမွန်မြတ်ဆုံးပဲ။ တန်ဖိုးအရှိဆုံးပဲ။ ရတဲ့လခနဲ့ မစားလောက်ကြလို့သာ စိတ်ပျက်ပြီး ထွက်တဲ့သူက ထွက်၊ စိတ်ခတ်ကျတဲ့သူက ကျန်နဲ့၊ ကျောင်းဆရာ ဝင်လုပ်ရမှာ ကြောက်နေကြတာပါ။ ကျောင်းဆရာဘဝကို တန်ဖိုးထားပြီး တကယ်အလုပ်လုပ် နေသူတွေကိုတော့ ချီးကျူး လေးစားတယ်တော့၊ ကျောင်း ဆရာဆိုတာ တော်ရုံသတ္တိနဲ့ ဖြစ်နိုင်တာမှ မဟုတ်တာ"



အဖေက ပါဝင်ထောက်ခံပြောဆိုနေသည်။ ကိုလေး က ဘာမှ ပြန်မပြောတော့။ သူ့ လေ့ကျင့်ခန်းတွေ သူ လုပ်နေ သည်။ ညီမလေးက သူ သိချင်နေသော တောင်ပေါ်အတွေ့ အကြုံ၊ ခရီးလမ်းပန်း၊ ရာသီဥတု တစ်ခုပြီးတစ်ခု မေးနေလေ တော့သည်။ ကိုငယ်က ညီမလေး မေးသမျှဖြေနေရတော့သည်။ အမေကတော့ ရတနာသုံးပါးနှင့် ဆရာမိဘဂုဏ်ကျေးဇူးကို မမေ့ ဖို့၊ အချိန်ရလျှင် တရားထိုင်ဖို့ တိုက်တွန်းနေတော့သည်။

သည်တစ်ခေါက် အိမ်ပြန်လာရတာ ကိုငယ် သိပ်စိတ် အေးချမ်းသွားသည်။ တရားဓမ္မနှင့် မွေ့လျော်ပျော်ပိုက်နေသော အမေနှင့် အဖေကိုကြည့်ပြီး ကြည်ညိုလေးစားနေမိတော့သည်။ ကိုယ့်အလုပ်ကို တန်ဖိုးထား လေးစားပြီး တပည့်တွေအပေါ် စေတနာထား လုပ်ကိုင်နေသော ကိုလေး၏ ကျောင်းဆရာပီသ မှုကို တွေ့လိုက်ရသဖြင့်လည်း သူ အထင်ကြီး လေးစားခဲ့ရပါ သည်။ ငယ်စဉ်က သင်ကြားပို့ချ ဆုံးမခဲ့ကြသည့် ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးကိုလည်း အထူးအောက်မေ့ သတိရ လိုက်မိပါသည်။ ကြီးပြင်းလာသောအခါမှာလည်း တွေ့ကြုံ ဆုံဆည်းခဲ့ ရသည့် သင်ဆရာ မြင်ဆရာ ကြားဆရာ အားလုံးကို လေးစား ဦးညွတ်မိပါသည်။ ဘဝလမ်းညွှန်ဆုံးမသွန်သင်သူ မရှိခဲ့လျှင် အောင်မြင်သော ဘဝကို ဘယ်လိုရနိုင်မလဲလေ။ ဘဝ မှာသင်ကြားစရာတွေ အများကြီးပဲ မဟုတ်လား။ ဆည်းပူး လေ့လာ စရာ တွေကလည်း ဘယ်တော့မှ ကုန်ခမ်းနိုင်တော့မည် မဟုတ်။

ဘဝအတွေ့အကြုံပေါင်း မြောက်မြားစွာကို သင်ခန်း စာယူ၊ လေ့လာဆည်းပူးပြီး အသက်ရှင်နေခိုက်မှာ ကိုယ့်ဘဝကို

www.burmeseclassic.com

www.burmeseclassic.com



မွေ့လျော်ပျော်ပိုက်အောင် နေထိုင်တတ်ခြင်းသည် လူ့ဘဝအနှစ်သာရပဲ မဟုတ်လားဟု ကိုယ် တွေးနေမိတော့သည်။

တွေးရင်း တွေးရင်း မမနွယ်ကို သူ သတိရလာပြန်သည်။ ဘယ်ဆီမှန်း၍ လွမ်းရမည်မှန်း မသိ။ မမနွယ်သည် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် သူ့ ဘဝကို လွှမ်းမိုးနေခဲ့၏။ မမနွယ်နှင့်ပတ်သက်သည့် လွမ်းအိပ်မက်ကို တစ်ရှိုက်မက်မက်၊ တသက်သက်နှင့် နေ့ရက်ပေါင်းများစွာ သူ မြင်မက်နေဆဲ။ လွမ်းဆွတ်တသနေဆဲ။ မျှော်လင့်တမ်းတနေဆဲ။

□□□

## (၃၂)

ကိုယ်သည် မြင့်ဆွေ နိုင်ငံခြားမသွားမီ တွေ့နိုင်ရန်အတွက် အိမ်မှာ ကြာကြာ မနေနိုင်ဘဲ ရန်ကုန်ပြန်ခဲ့ရသည်။ သည်လအတွင်း သွားလိမ့်မည်ဆိုသဖြင့် အမီလာခဲ့ရသည်။ မြင့်ဆွေကိုတွေ့မှ တွေ့ပါ့မလားဟု ရင်တထိတ်ထိတ်ဖြစ်ရ၏။ မြင့်ဆွေနှင့်တွေ့မှ နီလာကျော် သဘောထားပြောပြခွင့်ရမည်။ သို့မှသာ အချိန်မလွန်ခင် ခင်မျိုးကြွယ်နှင့် စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို မြင့်ဆွေ ပြန်စဉ်းစားနိုင်မည်။ အချိန်မမီ၍ မတွေ့ရရင်တော့ ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ရပေတော့မည်။

မြေနီကုန်းရှိ မြင့်ဆွေအိမ်ရောက်တော့ ကံအားလျော်စွာ မြင့်ဆွေနှင့် ပက်ပင်းတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သူငယ်ချင်း ကိုငယ်"

ဝမ်းသာအားရ မြင့်ဆွေ ပြေးကြိုသည်။

"သွားခါနီး မင်းနဲ့ တွေ့လိုက်ရတာ သိပ်ဝမ်းသာတယ်ကွာ၊ ငါနိုင်ငံခြားသွားမှာ မင်းသိပြီးရောပေါ့"

"အေး၊ အမေတို့ပြောလို့ သိရတယ်။ မင်းဘယ်နေ့သွားမယ်မှန်း မသိတာနဲ့ အိမ်မှာတောင် ကြာကြာမနေနိုင်ဘဲ ပြေးလာတာ။ မီသေးလို့ တော်သေးတယ်"

"လက်မတင်လေးဘဲကွ၊ နက်ဖြန် မွန်းလွဲပိုင်း သုံးနာရီလောက်သွားမှာ။ ဒီည မင်းဒီမှာအိပ်ကွာ၊ အေးအေးဆေးဆေး စကား ပြောကြရအောင်"

"သားက သူငယ်ချင်းကို ထိုင်ခိုင်းဦးလေ"

မြင့်ဆွေ့အမေက ဝင်သတိပေးရသည်။ ထိုအခါမှ သူငယ်ချင်းနှစ်ယောက် ဧည့်ခန်းဆောင်မှ ဆက်တီထိုင်ခုံတွင် ဝင်ထိုင်ဖြစ်သည်။

"အခု ... ကိုငယ်က ဘယ်ရောက်နေလဲ"

မြင့်ဆွေ အမေက မေးလိုက်သည်။

"ကျွန်တော်ချင်းပြည်နယ်၊ တီးတိန်မြို့မှာပါ ဒေါ်လေး"

"ဝေးလိုက်တာကွယ်"

"မြင့်ဆွေ သွားရမှာလောက်တော့ မဝေးသေးပါဘူး"

ဒေါ်လေးရယ်၏။

"မင်း သူငယ်ချင်းက အင်္ဂလန်နိုင်ငံကိုသွားရမှာ၊ M.Ed ဘွဲ့ယူဖို့လေ။ အဲဒီမှာ နှစ်နှစ်တောင်ကြာမယ်။ တို့တော့ လွမ်းနေရတော့မှာပဲ"



ဒေါ်လေးက သူ့သားအကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ပြောနေ၏။ ကိုငယ်လည်း သူ့ သူငယ်ချင်းအတွက် ဂုဏ်ယူမိပါသည်။ ရည်ရွယ်ချက်ထားကာ ကြိုးစားခဲ့သော မြင့်ဆွေကို သူ ချီးကျူးလေးစားရပါမည်။

"ဒါနဲ့ ... ဦးလေးကော မမြင်ပါလား"

ကိုငယ်က မြင့်ဆွေ့အဖေကို သတိရ၍ မေးလိုက်သည်။

"အလုပ်များတယ်။ ရန်ကုန်ဆေးရုံကြီးမှာ တာဝန်ကျနေတယ်"

ဒေါ်လေးက ပြန်ဖြေသည်။

"ငါလည်း ဒီတစ်ပတ်လုံးလုံး သွားဖို့လာဖို့လုပ်၊ ပစ္စည်းတွေ သိမ်းနဲ့ အချိန်ကုန်နေတာပါပဲ"

မြင့်ဆွေက လှမ်းပြောသည်။

"ပြည်တွင်းခရီးသွားတာတောင် သွားတော့ လာတော့မယ်ဆိုရင် အလုပ်ကို ရှုပ်နေတာပဲ။ ပြည်ပကိုသွား ရမှာဆိုတော့ ပိုဆိုးတာပေါ့"

ကိုငယ်က အလိုက်သင့် ပြန်ဖြေသည်။

"နံနက်က ရုံးတွေဘာတွေ သွားရသေးတယ်။ စောစောကမှ ပြန်ရောက်တယ်။ ဒါနဲ့ မင်း ထမင်းကော စားပြီးပြီလား"

"စားပြီးပြီ သူငယ်ချင်း၊ ငါ အေးအေးဆေးဆေးနေမှာပဲ အချိန်ရပါတယ်။ မင်းပစ္စည်းတွေ ကူသိမ်းပေးပါ့မယ်"

သိမ်းလက်စ မြင့်ဆွေပစ္စည်းတွေကို ကိုငယ် ကူသိမ်းပေးသည်။ အထူးသဖြင့် စာအုပ်တွေနှင့် စားစရာတွေ ဦးစားပေးပြီး မြင့်ဆွေထည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်ရင် မြန်မာအစားအစာတွေ စားရမှာ မဟုတ်ဘူးကွ။ ငါက ငါးပိမပါရင် ထမင်းမစားတတ်ဘူး။ အဲဒါနဲ့ ကြာရှည်ခံမယ့် ငါးပိကျော်တွေ ထည့်သွားတာ။ "ဘာသာရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနဲ့ဆိုင်တဲ့ စာအုပ်တွေလည်း ပါမသွားလို့ မဖြစ်ဖူးကွ။ ဟိုကလူတွေက နိုက်နိုက်ချွတ်ချွတ် မေးမြန်းစုံစမ်း တတ်တယ်လို့ ပြောတယ်။ သူတို့ မေးလို့မှ ကိုယ်က မပြောနိုင်ရင် တို့မြန်မာလူမျိုးကို အထင်သေးမှာ။ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုယ့်နိုင်ငံရဲ့ ဝါဒလမ်းစဉ်ကို အခုမှ ကျကျနနလေ့ လာရတော့တာပဲ။ သာမန်အသိကနေ ပညာသိဖြစ်အောင် အားထုတ်ကြိုးပမ်းရတော့တာ"

ပစ္စည်းတွေသိမ်းရင်းက မြင့်ဆွေက ရှင်းပြနေ၏။ ညနေလောက်မှာ မြင့်ဆွေပစ္စည်းတွေ သိမ်းပြီး အဆင်သင့်ဖြစ်နေ၏။ ရေချိုးထမင်းစားပြီး သူတို့အားနေကြသည်။

"ဦးချစ်ဆိုင်မှာ လက်ဖက်ရည် သွားသောက်ရအောင် ကွာ"

"မင်းသဘောပဲ" ဟု ကိုယ်က ပြန်ပြောလိုက်သည်။

"အမေ ... ကျွန်တော်တို့ အပြင်ခဏထွက်ဦးမယ်"

မြင့်ဆွေက သူ့အမေကို ခွင့်ပန်သည်။

"အေး ... အေး၊ သိပ် မိုးချုပ်အောင် မနေနဲ့နော်"

အမေက စိုးရိမ်စိတ်နှင့် မှာရှာသည်။ ခြံဝတွင် အလုပ်က ပြန်လာသော မြင့်ဆွေအဖေနှင့် တွေ့သည်။ ကိုယ့်ကို တွေ့ရ၍ ဝမ်းသာသွားသည်။ နှုတ်ဆက်စကားပြောပြီး ကိုယ်တို့ ထွက်လာခဲ့၏။

"ကား ... ယူသွားဦးမလား သား"

မြင့်ဆွေ အဖေက မေးသေးသည်။



"မယူဘူးဖေဖေ ... သားတို့ ခြေလျင်ပဲ လျှောက်ချင်တယ်"

"သိပ် မိုးမချုပ်စေနဲ့နော်" ဟု အဖေက ထပ်မှာပြန်သည်။

"မိဘမေတ္တာဆိုတာ အဲ့ဒါပဲကွ ကိုယ်ရ။ ကိုယ့်သားက အသက်အရွယ်ရလို့ ဘာကောင်ကြီးပဲ ဖြစ်နေဖြစ်နေ၊ သူတို့မျက်စိထဲမှာ ကလေးလေးလို မြင်ပြီး ပူပန်စိုးရိမ်နေတော့တာပဲ၊ တို့လည်း တစ်ချိန် ဒီလိုဖြစ်ဦးမှာပေါ့ကွာ"

မြင့်ဆွေတို့အိမ်သည် မြေနုလမ်းထဲမှာဖြစ်သဖြင့် ဦးချစ်ဆိုင်ကို အင်းစိန်လမ်းမဘက်မှ ထွက်ရမည့်အစား မြင့်ဆွေ တော်လှန်ရေးပန်းခြံဘက်သို့ ထောင်တက်သွား၏။

"ဟေ့ကောင် မြင့်ဆွေ၊ ဦးချစ်ဆိုင်ဘက် သွားမလို့ဆို အခု ဘယ်သွားနေတာလဲ"

"မင်းကို ငါ ပြစရာလေးတစ်ခုရှိလို့ပါကွာ၊ လိုက်ခဲ့စမ်းပါ"

မြင့်ဆွေက ပြုံးရယ်ရင်း ခေါ် သွား၏။ လမ်းချိုးလေးတစ်ခုရောက်တော့ ထိုလမ်းထဲသို့ သူတို့ဝင်သွားသည်။ လမ်း၏ အလယ်လောက်နားဆီရှိ နှစ်ထပ်တိုက်ရှေ့သို့ရောက်သောအခါ မြင့်ဆွေ တိုက်ထဲဝင်သွားသည်။ ကိုယ်လည်း တိုက်ထဲဝင်လိုက်သွားသည်။

"ကိုမြင့်ဆွေတို့ပါလား" ဟု အိမ်ရှင်က အံ့ဩဝမ်းသာ နှုတ်ဆက်သည်။

"အကြွယ် ဒါ ဘယ်သူလဲဟင်"

သိရက်နှင့် မြင့်ဆွေက မေးလိုက်သည်။ မင်းမျိုးကြွယ် ရှက်အမ်းအမ်းဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အကြွယ် နေကောင်းတယ်နော်"

ကိုငယ်က စတင်နှုတ်ဆက်သည်။

"နေကောင်းပါတယ်၊ ကိုငယ်က ဘယ်ကဘယ်လို ရောက်လာတာလဲ"

"တီးတိန်ရောက်နေတယ်လေ။ ရုံးကိစ္စနဲ့ ရန်ကုန်ဆင်းလာရင်း မြင့်ဆွေသတင်းကြားလို့ အပြေးအလွှားလာရတာ"

"သူ နက်ဖြန်သွားတော့မှာ၊ လာနှုတ်ဆက်ရသလို ဖြစ်သွားတာပေါ့နော်"

"ကဲ ... သူငယ်ချင်းတို့ စကားပြောကြဦး၊ ငါနောက်ဖေးမှာ ဒေါ်လေးတို့ကို သွားတွေ့ဦးမယ်"

မြင့်ဆွေက တမင်ရှောင်ပေးသည့်အနေနှင့် နောက်ဖေးသို့ဝင်သွားသည်။ သည်အိမ်ကို သူ တံခါးမရှိ၊ ဓားမရှိ ဝင်နိုင်ထွက်နိုင်ပြီပဲလေ။

"ကိုငယ်က သိပ်စိမ်းကားတာပဲ"

သူ ပြန်မဖြေ။ မှန်နေသဖြင့် ခေါင်းငုံ့ခံရသည်။

"အကြွယ်၊ ကိုငယ့်သတင်းကို အမြဲပဲ စုံစမ်းပါတယ်၊ မကြာခင်ကမှ ကိုမြင့်ဆွေပြောလို့ တီးတိန်ရောက်နေမှန်း သိရတယ်"

"ကိုငယ်လည်း သတိရနေပါတယ်။ အကြွယ်လက်ဆောင်ပေးတဲ့ ဖောင်တိန်လေးကို အခုထက်တိုင် တရိုတသေ သုံးစွဲနေတုန်းပါ"

ခင်မျိုးကြွယ် မျက်လုံးများ အရောက်လက်သွားသည်။ ကျေနပ်ဝမ်းသာသွားပုံရသည်။ ကိုငယ့် တိုက်ပုံအင်္ကျီအိတ်ထဲတွင် ချိတ်ထားသော ဖောင်တိန်လေးကို လှမ်းကြည့်လိုက်သည်။



"ဒါနဲ့များတောင် စာလေးတစ်စောင် အဆက်အသွယ်မလုပ်ခဲ့ဘူး"

ခင်မျိုးကြွယ် စိတ်နာစကားကို ဆိုချင်သည်။ သို့သော်လည်း သူ့အပေါ် သံယောဇဉ်မကုန်သေးကြောင်း သူမ၏ မျက်လုံးများက သက်သေခံနေသည်။

"အခုကော ... အကြွယ်ကို သတိရလို့ လာတာလားဟင်"

"ဆိုပါတော့လေ"

ကိုငယ် အမှန်အတိုင်းလည်း မပြောချင်၊ လိမ်လည်း မပြောလိုတော့။ ဝေ့လည်လည်နှင့် မတင်မကျ ဖြေလိုက်သည်။

ခင်မျိုးကြွယ်က ကိုငယ့်မျက်နှာကို သေချာစွာ စူးစိုက်ကြည့်လိုက်ပြီး ...

"ကိုငယ်" ဟု ခေါ်လိုက်သည်။

"ပြောပါ အကြွယ်"

"ကိုမြင့်ဆွေနဲ့ အကြွယ်နဲ့ စေ့စပ်ကြောင်းလမ်းပြီးတာ သိပြီးရောပေါ့"

ကိုငယ် ခေါင်းညိတ်၍ ဝန်ခံသည်။

"အဲ့ဒီ စေ့စပ်ကြောင်းလမ်းတဲ့နေ့မှာ အကြွယ်ငိုခဲ့ရတယ်။ ဘာဖြစ်လို့လဲ သိလား"

ခင်မျိုးကြွယ်က နှုတ်ခမ်းကိုကိုက်ကာ ကိုငယ့်ကို စူးစူးရဲရဲ စိုက်ကြည့်သည်။ မျက်ရည်တွေ ရစ်ဝဲနေသည်ကို ထင်ထင်ရှားရှားတွေ့နေရ၏။

"ပြောဖို့ မလိုတော့ပါဘူး အကြွယ်ရယ်"

ကိုငယ့်ရင်ထဲမှာလည်း စာနာနားလည်စိတ်ဖြင့် ခင်မျိုးကြွယ်ကို ကြင်နာသနားနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို သတိရတမ်းတတဲ့စိတ်နဲ့ အကြွယ် ငိုခဲ့တာပါ"

ထွက်ကျလာသော မျက်ရည်တွေကို လက်ကိုင်ပဝါနှင့် အသာတို့ရင်း တိုးတိတ်ညင်သာစွာ ပြောသည်။

"ဒါပေမယ့် ကိုယ်က သံယောဇဉ်ကို ယတိပြတ်ဖြတ်ပြီး စိမ်းကားသွားခဲ့တာကို ပြန်တွေးမိတော့လည်း စိတ်နာတယ်"

"စိတ်နာမယ်ဆိုလည်း နာစရာပါပဲလေ"

သူမဖြေရှင်းချင်တော့။ ပြောသမျှ ခေါင်းငုံ့ခံတော့မည်။

"အကြွယ်တို့က မိန်းကလေးပါ ကိုယ်၊ အိပ်ရာထဲမှာ တိတ်တိတ်ကြိတ်ငိုရုံကလွဲလို့ ဘာတတ်နိုင်မှာလဲ၊ အမေတို့ ဒီလို စီစဉ်ထားတယ်။ သမီးမှာ ရည်မှန်းထားတဲ့သူ မရှိရင် လက်ခံပါလို့ အမေလာပြောတုန်းက အကြွယ်မှာ ပြောစရာ စကားစရှာမရခဲ့ဘူး။ နောက်ဆုံးတော့ ကိုမြင့်ဆွေဟာ ငြင်းပယ်ထိုက်တဲ့သူ မဟုတ်ဘူးဆိုတဲ့ အသိနဲ့ လက်ခံလိုက်တယ်လေ"

"ကောင်းပါတယ် အကြွယ်ရယ်"

"ဘာကောင်းတာလဲ ကိုယ်"

မကျေမနပ်ဖြစ်ဟန်နှင့် ခင်မျိုးကြွယ်က ပြန်မေးလိုက်သည်။

"အစစအရာရာ အဆင်ပြေတာ အကောင်းဆုံးလို့ ဆိုချင်တာပါ"

"ကိုယ်က သဘောတူတယ်ပေါ့လေ"

စေ့စေ့ကြည့်၍ တိတိကျကျ ခင်မျိုးကြွယ်က မေးလိုက်ပြီ။ ကိုယ်သည် သက်ပြင်းကို တိတ်တခိုးချလိုက်၏။ သူ့စကားအပြောမှား၍ မဖြစ်မှန်း သတိပြုမိသည်။ စကားတစ်ခွန်း မှား



သွားလျှင် အခြေအနေတွေ အများကြီး ပြောင်းပြန်ဖြစ်သွားနိုင်သည်။ သူ ခင်မျိုးကြွယ်ကို မစိမ်းကားလိုသော်လည်း ရင်ထဲမှာ နေရာမပေးနိုင်။ သူ့နှလုံးသားမှာ မမနွယ်ရှိနေသည်။ မမနွယ်ကလွဲ၍ သူ မည်သူ့ကိုမျှ မကြင်နာနိုင်သေး။ ခင်မျိုးကြွယ်သည် သူ လက်ထပ်သင့်ဆုံး မိန်းကလေးဖြစ်တာ သူ သိသည်။ သူ ခင်မျိုးကြွယ်ကိုပဲ ယူသင့်သည်။ ပြီးတော့ သူ ခင်မျိုးကြွယ် အပေါ် သံယောဇဉ်ရှိခဲ့ပြီးပြီလေ။ မမနွယ်အရိပ်သာ သူ့အပေါ် မမိုးထားလျှင် သူ မြင့်ဆွေကို တောင်းပန်ပြီး ယူသည်။ ယခုတော့ ...

"အကြွယ်ရယ်၊ ကိုယ်တို့ သုံးယောက်ဟာ ကျောင်းနေဖက်သူငယ်ချင်းတွေပါ။ သည်အထဲမှာ ကိုယ်က အကြွယ်တို့ထက် အသက်တစ်နှစ်ကြီးတာမို့ အကြွယ်နဲ့ မြင့်ဆွေကို ညီငယ် ညီမငယ်တွေလို သဘောထားခဲ့ပါတယ်။ အခုလို ကိုယ့်ညီနဲ့ ညီမ အဆင်ပြေပြေဖြစ်သွားတာ အစ်ကိုတစ်ယောက်အနေနဲ့ သဘောတူ ဝမ်းသာပါတယ်ကွယ်"

ကိုယ့် အသံက မသိမသာ တုန်ချင်လာသည်။ ရင်ထဲမှာလည်း နာကျင်သလိုလို ဖြစ်လာသည်။ ခင်မျိုးကြွယ်က သေချာစူးစိုက်ပြီး နားထောင်သည်။ ပြီးတော့မှ မျက်ရည်စတွေ ဖယ်ရှားပြီး အားတင်းသော အပြုံးဖြင့် ပြန်ပြောသည်။

"ကိုယ့် သဘောထားကို သိရလို့ ကျေနပ်ပါပြီလေ။ အကြွယ်လက်ခံခဲ့တာ မှန်သွားတယ်လို့ပဲ ယူဆလိုက်ပါ့မယ်။ ဒါပေမယ့် တစ်ခုတော့ အကြွယ်သိချင်တယ်၊ ကိုယ် အမှန်အတိုင်း ဖြေစေချင်တယ်"

"မေးပါ အကြွယ်၊ ကိုယ် ဖြေနိုင်တာဆို ဖြေပါ့မယ်၊ အကြွယ့်အတွက် အကျိုးရှိနိုင်မယ်ဆိုရင် အမှန်အတိုင်း ဖြေဖို့ ဝန်မလေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုငယ်၊ အကြွယ့်အဆောင်က ပြန်သွားပြီး၊ ယတိ ပြတ် သံယောဇဉ်ဖြတ်ခဲ့တာ ဘာကြောင့်လဲဆိုတာ အကြွယ် သိ ချင်တယ်"

အကြွယ်မေးမှာကြောက်ခဲ့သော မေးခွန်း၊ သူ ဖြေချင် စိတ်မရှိဆုံး မေးခွန်း၊ ဖြေရမှာလည်း ဝန်လေးဖွယ်ကောင်းသော မေးခွန်း၊ ထိုမေးခွန်းကို ခင်မျိုးကြွယ်က အသေအချာမေးလေပြီ။

ကိုငယ် ဖောချွေးတွေ ပြန်လာသည်။ စိတ်ထဲတွင် အလွန် ကျဉ်းကျပ်သွား၏။ ရုတ်တရက် ထွက်ပေါက်ရှာမတွေ့။ ဘာပြန်ဖြေရမှန်း သူ စဉ်းစားမရ။ ကိုငယ့် အခက်အခဲကို ခင် မျိုးကြွယ် တွေ့သွားသည်။

"ဖြေဖို့ သိပ်အခက်အခဲ ဖြစ်မယ်ဆိုရင် နေပါစေတော့ လေ။ အကြွယ် ကိုငယ့်ကို ဘာတစ်ခုမှ အတင်းအကြပ် မ တောင်းဆိုချင်တော့ပါဘူး"

"အကြွယ့် မေးခွန်းကို ကိုငယ် မဖြေချင်လို့ မဟုတ်ပါ ဘူး။ မဖြေနိုင်တာပါ။ ဒါပေမယ့် ရာစ်နေ့ကျ ဒီမေးခွန်းရဲ့ အဖြေ ကို အကြွယ် အလိုလိုနေရင်းသိလာပါလိမ့်မယ်။ အဲ့ဒီအခါကျ ရင်သ ... ကိုငယ့်ကို ခွင့်လွှတ်ဖို့ တောင်းပန်ထားခဲ့ချင်ပါတယ်"

"ကိုငယ့်ကို အကြွယ်ခွင့်လွှတ်ပါတယ်။ အကြွယ့်ကို လည်း ခွင့်လွှတ်ပါ"

"ကိုငယ်တို့က ငယ်သူငယ်ချင်းတွေပဲဟာ၊ တစ် ယောက်ကိုတစ်ယောက် အပြစ်ဆိုစရာ မရှိပါဘူး။ ခွင့်မလွှတ်နိုင် စရာလည်း မရှိပါဘူး။ အမြဲတမ်း ချစ်ချစ်ခင်ခင်နဲ့ သူငယ်ချင်း တွေလို နေသွားကြရအောင်ပါနော်"

ခင်မျိုးကြွယ် ပြုံးသည်။ သဘောပေါက်နားလည်သော အပြုံး။ ရှင်လန်းဝမ်းသာခြင်း မရှိသောအပြုံး။



"ကိုငယ် ခဏနော်" ဟု ဆိုကာ အိမ်ထဲဝင်သွားသည်။

ပြန်ထွက်လာတော့ ကော်ဖီနှင့် မုန့်တွေပါလာသည်။ မြင့်ဆွေလည်း နောက်က လိုက်လာ၏။ ခင်မျိုးကြွယ် အမေ လည်း ပါလာသည်။

"ဩ ... ကျွန်တော့်သူငယ်ချင်းလေ၊ ဥပဒေဝန်ထမ်း၊ တီးတိန်က"

မြင့်ဆွေက မိတ်ဆက်ပေးသည်။

"ဒေါ်ဒေါ်သိပါတယ်၊ သစ်တောရုံးက အရက်သိပ် သောက်တဲ့ ဦးမြသာရဲ့သားပါ"

ကိုငယ်က ယဉ်ယဉ်ကျေးကျေးနှင့် ကိုယ်ကိုကိုယ် နှိမ့် ချစကားဆို၏။

"ဪ ... ကိုမြသာရဲ့ သားလား၊ အခုတော့ တရား သမားကြီးဖြစ်နေပါပြီကွယ်"

ခင်မျိုးကြွယ်အမေသည် သူ့အပေါ် အရင်တုန်းကလို အထင်သေးသော မျက်လုံးနှင့် မကြည့်တော့ပေ။ သူ့ အဖေ ကလည်း တရားသမားဖြစ်နေပြီ သူ ကလည်း အလုပ်အကိုင်နှင့် ဥပဒေဝန်ထမ်းဖြစ်နေသောကြောင့် ဖြစ်လိမ့်မည်။ ကိုငယ်နှင့် စကားတစ်ခွန်း နှစ်ခွန်းပြောပြီး မြင့်ဆွေနှင့်သာ စကားပြောနေ ၏။ မြင့်ဆွေကိုတော့ အတော်အထင်ကြီးနေဟန် ရှိသည်။ အထင်ကြီးလောက်ပါသည်လေ။ မကြာမီ နိုင်ငံခြားသွားတော့ မှာ မဟုတ်လား။ သူ့ သူငယ်ချင်းတွက် ဂုဏ်ယူစရာပါပဲ။

"ကိုငယ် ကော်ဖီတွေ သောက်လိုက်ပါဦး၊ အေး ကုန် ဦးမယ်"

ခင်မျိုးကြွယ်က သတိပေးလိုက်တော့မှ သူ ကော်ဖီ

www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ကိုယူပြီး သောက်သည်။ မြင့်ဆွေက စကားပြောရင်းနှင့် ကော်ဖီခွက်ကိုယူပြီး သောက်နေသည်။ မြင့်ဆွေသည် အကြွယ်တို့အိမ်မှာ အတော်ရင်းနှီးနေပုံရသည်။

"နက်ဖြန် ဘယ်အချိန်လောက် လေဆိပ်သွားမှာလဲ"

ခင်မျိုးကြွယ်က မြင့်ဆွေကို မေးလိုက်သည်။

"မွန်းလွဲ ၃-နာရီလောက် လေဆိပ်ဆင်းမယ် အကြွယ်။ အဆင်သင့်လုပ်ထား ဝင်ခေါ်မယ်"

ကော်ဖီခွက်ကို ပြန်ချရင်း မြင့်ဆွေက ပြောလိုက်သည်။

"ကိုယ်ကော လိုက်ပို့မယ် မဟုတ်လား"

ခင်မျိုးကြွယ်က ကိုယ့်ဘက်လှည့် မေးလိုက်သည်။

"ဒီကောင် မပို့လို့ ဘယ်ဖြစ်မလဲ၊ ဒီကောင်ကို သေတ္တာ ထမ်းခိုင်းရမှာ"

ကိုယ်က ပြုံးနေလိုက်သည်။

"ကဲ ... ပြန်ဦးမယ် ဒေါ်လေး။ အကြွယ် ပြန်မယ်နော်"

"ပြန်ခွင့်ပြုပါဦး ဒေါ်ဒေါ်၊ ပြန်မယ်နော် အကြွယ်"

မြင့်ဆွေနှင့် ကိုယ်က နှုတ်ဆက်သည်။ အိမ်ပြင်ထွက်၍ လမ်းပေါ်ရောက်သည်နှင့် ကိုယ်က မြင့်ဆွေကို မေးတော့သည်။

"မင်းက ဘာရည်ရွယ်ချက်နဲ့ ခင်မျိုးကြွယ်အိမ်ခေါ်လာပြီး တို့နှစ်ယောက်ချင်း တွေ့ပေးရတာလဲ"

"ခင်မျိုးကြွယ်က မင်းအပေါ် သံယောဇဉ်ကြီးခဲ့တာ ငါ သိတယ်၊ သူမှာ မေးစရာပြောစရာရှိကောင်းရှိနိုင်တယ်။ ထို့အတူ မင်းမှာလည်း ပြောစရာ ဖြေရှင်းစရာရှိကောင်းရှိမယ်။ ရှိခဲ့ရင် ပွင့်ပွင့်လင်းလင်း ပြောကြစေချင်တဲ့ ဆန္ဒ ငါ့မှာ ရှိတယ်"



"အကြောင်းထူးမှာမို့လို့လားကွ"

"ထူးချင်လည်း ထူးနိုင်တယ်လေကွာ၊ မင်း ငါ့ကို အားမနာနဲ့ ပွင့်ပွင့်လင်းလင်း ပြော၊ ခင်မျိုးကြွယ်အပေါ် မင်းဘက်ကကော သံယောဇဉ် ရှိနေသလား။ အခု မင်းတို့ချင်း တွေ့တဲ့ အခါ နားလည်မှု ရခဲ့ရဲ့လား"

"မင်း ဘယ်လို ရည်ရွယ်ချက်နဲ့ မေးတာလဲ"

"ငါ စေတနာနဲ့ပါ သူငယ်ချင်းရာ၊ ခင်မျိုးကြွယ်က မင်းကို သံယောဇဉ်ကြီးသလို မင်းကလည်း ပြန်ကြိုက်မယ်ဆိုရင် မင်းတို့နှစ်ယောက်ကို ပြန်ရစေချင်ပါတယ်"

"မင်းတို့ စေ့စပ်ကြောင်းလမ်းပြီးကြပြီပဲကွ"

"ဒါက ဘာခက်လို့လဲ နိုင်ငံခြားရောက်မှ စာတစ်စောင် လှမ်းရေးလိုက်ရင် ပြီးတာပဲဟာ။ ဒါ အသာထားစမ်းပါ၊ ငါမေးတာ ပွင့်ပွင့်လင်းလင်း ဖြေစမ်းပါ။ ပွင့်လင်းဖို့ သိပ်အရေးကြီးတယ်နော် သူငယ်ချင်း။ အခုချိန်မှာ ပြင်ဆင်နိုင်ခွင့်ရှိသေးတယ်"

ကိုယ် သက်ပြင်းကို တိတ်တဆိတ် ရှိုက်လိုက်ပါတယ်။ ခေါင်းကို မော့ကာ၊ မြင့်ဆွေ အမေးကို ဖြေပါသည်။

"ငါ မမန္တယ်ကလွဲလို့ ဘယ်သူ့ကိုမှ မချစ်နိုင်သေးပါဘူး၊ ဒါဟာ ငါ့ရဲ့ ပြတ်သားတဲ့အဖြေပါပဲ"

"သည်လိုဆိုလည်း ပြီးတာပါပဲကွာ"

ယခုအခါ သူတို့သည် ဦးဝိစာရလမ်းပေါ်သို့ ရောက်နေကြပြီ။ ဖြတ်သန်းသွားသော ကားနီဝါပြာတို့ကို ငေးမောကြည့်ရင်း စကားစ ပြတ်သွားကြသည်။

"မင်းမေးတဲ့ မေးခွန်းကို ငါဖြေပြီးပြီ၊ ငါမေးတဲ့မေးခွန်းကို မင်းပြန်ဖြေရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ် စကားပြန်စလိုက်သည်။

"ဘာတွေများ မေးချင်သေးလို့တုန်း" ဟု မြင့်ဆွေက ရယ်ရယ်မောမော ပြန်ပြောသည်။

"မင်း နီလာကျော်ကို မေ့ပြီလား။ တကယ်လို့ နီလာကျော်က ပြန်လက်ခံမယ်ဆိုရင် မင်းခေါင်းခါမှာလား"

မြင့်ဆွေသည် ကိုငယ့်ကို မယုံသလို လှည့်ကြည့်လိုက်သည်။ ထူးဆန်းသလို ဖြစ်သွားဟန်ရှိသည်။ သို့သော်လည်း ခဏနေတော့ သူ့ မျက်နှာမှာ ဘာထူးခြားဟန်မှ မပြတော့။

"နီလာကျော်ကို ငါ မမေ့တမေ့ဘဲ၊ အကြောင်းတိုက်ဆိုင်လာတဲ့အခါ သတိရတယ်။ စွဲစွဲလန်းလန်းကြီးတော့ မဟုတ်တော့ဘူး၊ တကယ်လို့ နီလာကျော်က ငါ့ကို ပြန်ကြိုက်ပါမယ်ဆိုရင်လည်း ငါခေါင်းခါရမှာပဲ"

"မင်း နီလာကျော်ကို နာကြည်းပြီး မုန်းမေ့နိုင်ပြီပေါ့"

ကိုငယ်က နောက်တစ်ခွန်း ဆက်မေးပြန်သည်။

"ငါက ဘာလို့ နီလာကျော့်ကို နာကြည်းပြီး မုန်းမေ့ရမှာလဲ"

တည်ငြိမ်စွာနှင့် မြင့်ဆွေက ပြန်မေးသည်။

"တစ်ချိန်က နီလာကျော်ကို မင်း ရင်နင့်အောင်ချစ်ခဲ့တယ်။ နီလာကျော်က လက်မခံလို့ မင်းစိတ်လေတယ်။ ပြီးတော့ အသိဉာဏ်နဲ့ ထိန်းချုပ်ပြီး မင်းစာကြိုးစားတယ်။ နီလာကျော့်ကိုလည်း မေ့နိုင်အောင် ကြိုးစားခဲ့တယ်။ ဒီအချက်တွေကြောင့် နီလာကျော့်ကို မင်း မေ့နိုင်တာ၊ နာကြည်းပြီး မုန်းမေ့တာလားလို့ မေးရတာပဲ"

"နီလာကျော်ကို ငါနာကြည်းစရာ မုန်းမေ့စရာ မလိုသလို ဘယ်မိန်းကလေးကိုမှလည်း စွဲစွဲလန်းလန်းကြီး မရမနေ ချစ်ခင်စွဲလန်းနေစရာ မလိုတော့ဘူးကွ"

"ဒီလိုဆို မင်းခင်မျိုးကြွယ်ကိုလည်း မချစ်ဘူးလား"

မြင့်ဆွေရယ်သည်။ ဟက်ဟက်ပက်ပက်ရယ်သည်။

"မင်းက ခုထက်ထိ၊ အချစ်ကို အလေးအနက်ထားနေတုန်းကိုး။ အချစ်ဆိုတာ ဘာလဲကွ၊ မင်းရင်ထဲရှိသမျှပြောပြစမ်းပါဦး"

မြင့်ဆွေက လက်ပိုက်၍ ကိုငယ်ကို ခပ်တည်တည်ကြည့်သည်။ ဆရာက တပည့်ကို ကြည့်သည့်အကြည့်မျိုး။ ကိုငယ် ခံပြင်းသည်။

**"အချစ်ဆိုတာ ဓာတ်ငွေ့ထုတ်သလို အီကွေးရှင်းတွေ ရွတ်ပြလို့ရမလားကွ။ တစ်ယောက်နဲ့တစ်ယောက် နှလုံးသားချင်း နားလည်နိုင်တဲ့ ခံစားမှုပဲ။ လက်နဲ့ ဆုပ်ကိုင် မဖမ်းပြနိုင်တဲ့ စေတနာ၊ အကြင်နာ၊ သံယောဇဉ်တွေနဲ့ ရစ်ပတ်နှောင်ဖွဲ့ထားတဲ့ 'မေတ္တာ' ဆိုတဲ့ ခံစားနားလည်မှုပဲ"**

"လွန်ခဲ့တဲ့ ၁၅-နှစ်လောက်တုန်းကဆို မင်း ပြောပြတဲ့ အချစ်ကို ငါ သိပ်သဘောကျမှာပဲ။ အခုတော့ ငါ့ရဲ့ အသိဉာဏ်ရင့်ကျက်လာတာနဲ့အမျှ အချစ်ပေါ်မှာထားတဲ့ သဘောထားလည်း ပြောင်းသွားခဲ့ပြီ သူငယ်ချင်း"

ရေတမာပင် ပုပုလေးတွေကို လှမ်းကြည့်ရင်း မြင့်ဆွေက ပြန်ဖြေသည်။ ပလက်ဖောင်းပေါ်တွင် သူတို့နှစ်ယောက်ကလွဲလို့ အခြားမရှိ။ ကားတစ်စင်းတလေ ဖြတ်သန်းသွားသည်ကလွဲ၍ တစ်လမ်းလုံး တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်ရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အခုအချိန်မှာ အချစ်ကို ဘယ်လိုမြင်လို့တုန်း"

"အချစ်ဆိုတာ ငါ့အိတ်ထဲမှာ ချိတ်ထားတဲ့ ဖောင်တိန် လေးတစ်ချောင်းလို မရှိမဖြစ်တဲ့ အရာဝတ္ထု တစ်ခုလို့ပဲ ငါမြင်တယ်။ ဖောင်တိန်ဟာ စာပေနဲ့ လုပ်ကိုင်စားသောက်နေရတဲ့ ငါ့အတွက် မရှိမဖြစ်တဲ့ ပစ္စည်းတစ်ခုပဲ၊ အသုံးလိုတဲ့အခါ သုံးမယ်။ အသုံးမလိုတဲ့အခါ ချိတ်ထားလိုက်မယ် ဒါပဲ"

"မင်း ပြောင်းလဲသွားလှချည်လားကွ"

"ဘဝဆိုတာ တိုးတက်ပြောင်းလဲခြင်းပဲကွ၊ ကိုယ့်ဘဝတိုးတက်မြင့်မားအောင် ကြံဆတွေးတော အားထုတ်ရင်း ပြောင်းလဲတိုးတက်လာတာပဲ၊ သည်စကားကို အခုမှ ငါပြောတာ မဟုတ်ဘူး။ တစ်ချိန်တုန်းက မင်းပြောခဲ့တာ ငါ့ရင်ထဲမှာ စွဲနေတဲ့စကား။ အပြောခံရတဲ့ငါက အသိဉာဏ်ရင့်ကျက်လာတာနဲ့အမျှ ပြောင်းလဲပေမယ့် အဲ့ဒီစကားကိုပြောခဲ့တဲ့ မင်းက ဘာမှ မပြောင်းလဲသေးဘူး။ အချစ်ကို ကိုးကွယ်နေတုန်းပဲရှိတယ်။ အခုချိန်မှာ အချစ်ဆိုတာ ကိုးကွယ်ဖို့ မဟုတ်ဘူး၊ အသုံးချဖို့ကွ"

ကိုငယ်တွေသွားသည်။ မြင့်ဆွေကို နားမလည်နိုင်သလို ကြည့်နေ၏။

"ငါက အချစ်ကို ကိုးကွယ်နေသတဲ့လား"

"ဟုတ်တယ်၊ မင်းအချစ်ကို အမြတ်တနိုး ကိုးကွယ်နေတယ်။ အချစ်ရဲ့ လောင်းရိပ်အောက်မှာ မင်းအိပ်ပျော်နေတယ်။ အချစ်အိပ်မက်တွေ မင်းမက်ကောင်းတုန်းရှိသေးတယ်။ အဲ့ဒီ အိပ်မက်တွေထဲမှာ မမနွယ်ကို မင်းစွဲလန်းတမ်းတ မျှော်လင့်နေတုန်းပဲ ရှိသေးတယ်"



"ငါ ဝန်ခံပါတယ် သူငယ်ချင်းရာ၊ အချစ်ကို စွဲလန်းမြတ်နိုးခြင်းဟာ အပြစ်လား"

"လွန်ခဲ့တဲ့ ၁၅-နှစ်လောက်ကဆိုရင်တော့ အချစ်ကို စွဲလန်းမြတ်နိုးခြင်းဟာ အပြစ်ကင်းပါတယ်။ ဒါပေမယ့် အခုအချိန်မှာ အချစ်ကို စွဲလန်းမြတ်နိုးနေခြင်းဟာ လူ့လောကတာဝန်ကို မေ့လျော့စေတဲ့အတွက် အပြစ်မဟုတ်ရင်တောင် လက်ခံနိုင်စရာ မဟုတ်တော့ဘူး"

"မင်းရင်ထဲမှာ အချစ်မရှိတော့ဘူးလားကွာ"

"ရှိတယ်၊ ဒါပေမယ့် ငါရင်ထဲမှာရှိတဲ့ အချစ်က မင်းနားလည်ထားတဲ့ အချစ်မျိုး မဟုတ်တော့ဘူး။ တက္ကသိုလ်ရောက်စ အသက် ၁၇-နှစ်မှာ ငါ နီလာကျော်ကို ချစ်ခဲ့တယ်။ မင်းက မမနွယ်ကို ချစ်ခဲ့တယ်။ မရခဲ့ကြဘူး။ ငါ စိတ်ညစ်ပြီး အရက်သောက်တယ်။ မူးတယ်၊ အန်တယ်။ မင်းကလည်း မမနွယ်အချစ်ကို အချစ်ကို မရခဲ့လို့ စောင်ခြုံအောက်မှာ တိတ်တိတ်ကြိတ်ငို ခဲ့ရတယ်။ လူငယ်ဘဝမှာ အချစ်ကိုတွေ့တယ်။ အဆင်ပြေရင် ကြည်နူးတယ်၊ အဆင်မပြေရင် ပူဆွေးတယ်။ သဘာဝကျပြီး အပြစ်ကင်းပါတယ်ကွာ။ သဘာဝ တရားကလည်း နားလည်ခွင့်လွှတ်ပါတယ်၊ ငယ်ရွယ်သူတွေ အပြစ်ကင်းစွာ ချစ်ကြ၊ ခံစားကြပါစေ။ အချစ်ကြောင့် ကြည်နူးလွမ်းဆွတ်ကြပါစေ၊ ဒါပေမယ့် ...မြင့်ဆွေက စကားကို ဆက်မပြောသေးပဲ ပလက်ဖောင်းပေါ်မှာ တင်နေသော ငုတ်ပျောခွံတစ်ခုကို လမ်းဘေးသို့ ဖိနပ်ဖြင့် ထိုးချလိုက်၏။

အချစ်နွံထဲမှာ ကာလရှည်ကြာစွာ မနစ်ကြပါစေနဲ့။ အချစ်စိတ်ပြောင်းကြပါစေ"

"ချစ်တဲ့စိတ်ကို ပြောင်းလို့ရမလားကွ"

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ်က မကျေမနပ်နှင့် ဝင်ထောက်သည်။

"တစ်စုံတစ်ယောက်ကို စွဲလန်းတမ်းတနေတဲ့ အချစ်ကနေ၊ ကိုယ်နိုင်ငံ ကိုယ့်လူမျိုးကိုချစ်တဲ့ အချစ်၊ ကိုယ့်ဘာသာ စာပေယဉ်ကျေးမှုကို မြတ်နိုးတဲ့အချစ်မျိုး ပြောင်းလဲသွားသင့်တာပေါ့ကွာ၊ စွဲလန်းတမ်းတခြင်းနဲ့ အချိန်မဖြုန်းတော့ဘဲ အလုပ်လုပ်ခြင်းနဲ့ အချစ်ကို သက်သေပြသင့်တာပေါ့"

"မင်း ဘာကိုဆိုလိုချင်တာလဲ"

"ရှင်းရှင်းပဲ ပြောတော့မယ်ကွာ၊ မင်း မမနွယ်ကို စွဲလန်းတမ်းတတဲ့စိတ်နဲ့ အချိန်တွေ ကုန်နေတယ်။ ဘာမှ မရေရာတဲ့အချစ်အတွက်နဲ့ မင်းလွမ်းဆွေးနေတယ်။ အဲဒီလို လွမ်းဆွေးနေတာကို အချစ်စစ် အချစ်မှန်လို့ထင်ပြီး မင်းသာယာနေတယ်။ တကယ်လုပ်သင့်တာတွေ မင်း ဘာမှ မကြိုးစားနိုင်ခဲ့ဘူး"

"ငါဘာတွေ လုပ်ရမှာလဲ"

"မင်းကိုမင်း အသိဆုံးပါ။ အခု မင်းဘာတွေ အောင်မြင်ပြီလဲ၊ ဘာတွေ လုပ်ခဲ့ပြီလဲ၊ ဘွဲ့ရလို့ အလုပ်ရပြီး လခစားဘဝနဲ့ အနေအစားချောင်နေရုံပဲလား၊ မင်းဖြစ်ချင်တဲ့နိုင်ငံကျော် စာရေးဆရာဖြစ်ပြီးလား"

ကိုငယ်သည် မြင့်ဆွေကို မော့ကြည့်လိုက်သည်။ သူ့အားနည်းချက်ကို သူ တွေ့သွားသည်။ ဘာမှ သူ မကြိုးစားခဲ့သေးကြောင်း သတိပြုလိုက်မိသည်။

"မင်း အတွေးအခေါ်တွေ သိပ်ရင့်ကျက်နေပါလား"

ကိုငယ်က မြင့်ဆွေကို အံ့သြစွာ မော့ကြည့်ရင်း ပြောလိုက်သည်။



"တက္ကသိုလ်က ထွက်ပြီး လက်တွေ့ဘဝထဲရောက်သွားတာနဲ့ တစ်ပြိုင်နက် စိတ်ကူးယဉ် အချစ်အိပ်မက်တွေ ပျက်ပြယ်ပြီး ဘဝဆိုင်ရာ အတွေးအခေါ်တွေကို သင်ကြားရရှိခဲ့တာပါပဲကွာ။ အခုဆိုရင် ငါဟာ လူ့ဘဝရဲ့ အနှစ်သာရနဲ့ လူ့လောကမှာ ငါထမ်းဆောင်ရမယ့် တာဝန်တွေကို ကြည်ကြည်လင်လင် မြင်နိုင်ခဲ့ပြီလို့ ထင်တယ်"

မြင့်ဆွေက လက်ကိုနောက်ပစ်၍ လမ်းလျှောက်ရင်း သူ့ အတွေးအခေါ်များကို ပြောပြနေ၏။

"ဆိုပါဦး သူငယ်ချင်း"

"လူ့လောကမှာ လူပီသစွာနေထိုင် အများကောင်းကျိုးကို ဆောင်ရွက်၊ ကိုယ်ဘဝကို မွေ့လျော်ပျော်ပိုက်စွာနေထိုင်ခြင်းဟာ လူ့ဘဝရဲ့ အနှစ်သာရပဲကွ။ အခုအချိန်မှာ ကိုယ်ထမ်းဆောင်ရမယ့် ဘဝတာဝန်ကတော့ လူငယ်မျိုးဆက်သစ်တွေကို တို့တွေ့ကြုံရရှိခဲ့တဲ့ မှန်ကန်ကောင်းမွန်တန်ဖိုးရှိတဲ့ အသိဉာဏ် အတွေ့အကြုံတွေကို လက်ဆင့်ကမ်းပေးဖို့ လူကြီးတွေဆီက လွှဲပြောင်းရောက်ရှိလာမယ့် ပခုံးပြောင်းတာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ပါပဲ"

လေးနက်သော အတွေးအခေါ်တွေကို မြင့်ဆွေက သူ့အား တစ်လုံးချင်း ရှင်းပြနေသည်။

တစ်ခါတုန်းက သူ့ကဆုံးမသွန်သင် လမ်းညွှန်ခဲ့သော မြင့်ဆွေ။ အချစ်ဝေဒနာ အပြင်းအထန်ခံစားပြီး တေပေလေလွင့်စ ပြုခဲ့သောမြင့်ဆွေ။ နီလာကျော်၏ ငြင်းပယ်ခြင်းကို ခံခဲ့ရ၍ စိတ်ညစ်ညစ်နှင့် အရက်သောက်ပြီး လမ်းပေါ်မှာ မှောက်အနခဲ့သော မြင့်ဆွေ။ ထို မြင့်ဆွေသည် ယခုတော့ နိုင်ခြားသို့သွား

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ တက္ကသိုလ် မတက်မီက သူ ရည်မှန်းပြောဆိုခဲ့သော ရည်ရွယ်ချက်ကို ထမြောက်အောင်မြင်အောင် ကြိုးစားနိုင်ခဲ့ပြီ။ ရင့်ကျက်တည်ငြိမ် နက်ရှိုင်းသော ဘဝအမြင်များကို သူ့အား ပြန်ပြောပြ၍နေပြီ၊ မယုံနိုင်စရာပါပဲ။

"တို့ ကွဲကွာခဲ့တဲ့ ၁၅-နှစ်အတွင်းမှာ မင်းတိုးတက် အောင်မြင်ခဲ့တယ်။ သိပ်ရင့်ကျက်တည်ငြိမ်နေတာကိုလည်း တွေ့ ရတယ်။ အံ့ဩစရာပဲ"

"မအံ့ဩပါနဲ့ သူငယ်ချင်းရာ၊ အချစ်တိမ်သလ္လာဖုံးအုပ် ပြီး လွမ်းဆွေးတသနေတဲ့ ပျော့ညံ့တဲ့ ခံစားမှုတွေအားလုံးကို ငါ့ ရင်ထဲမှာ ရှင်းလင်းပစ်နိုင်ခဲ့လို့ မှန်ကန်တဲ့ ဘဝအမြင်ကို ကြည်ကြည်လင်လင် ငါမြင်ခဲ့ခြင်း ဖြစ်တယ်"

"မင်း နီလာကျော့ကို မေ့နိုင်ခဲ့ပြီပေါ့လေ"

"ငါ ဘယ်သူ့ကိုမှ အစွဲအလန်း မထားတော့ဘူးလေ။ အချစ်အတွက် တစ်ခါတုန်းကလို အလုပ်ရှုပ် မခံနိုင်တော့ဘူး။ ငါ့မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်"

"မင်းစကားတွေက သိပ်ကြီးကျယ် လွန်းနေပြီ"

မြင့်ဆွေ ရယ်၏။ ကိုငယ့်ကို တစ်ချက်စောင်းငဲ့ကြည့် လိုက်သည်။

"ဒီထက် ကြီးကျယ်တာကို ပြောဦးမယ်"

ကိုငယ်က သူ့ကို စိုက်ကြည့်ပြီး နားစွင့်လိုက်သည်။

"မသေခင်မှာ လူမှုရေး၊ နိုင်ငံရေး၊ စာပေယဉ်ကျေးမှုစတဲ့ သမိုင်းမျက်နှာစာ တစ်ခုခုမှာ ငါ့နာမည် စာတစ်ကြောင်းကျန်အောင် ကြိုးစားနေတယ်ဆိုရင် မင်းနားကြားပြင်းကပ်နေဦးမလား မသိ"



မြင့်ဆွေက ရယ်ရယ်မောမောပြောလိုက်သည်။ မြင့်ဆွေစကားကိုကြားတော့ ကိုငယ် မရယ်နိုင်။ ရည်ရွယ်ချက် ကြီးမားသည့် မြင့်ဆွေကို ချီးကျူးလေးစားသလို ဖြစ်လာသည်။

"နီလာကျော့ဟာ ငါ့အတွက် တစ်ခါတုန်းကလို အရေးတကြီးတန်ဖိုးထားရမယ့်သူ မဟုတ်တော့ဘူး သူငယ်ချင်း။ အသိဉာဏ်ရင့်ကျက်လာတာနဲ့အမျှ တန်ဖိုးထားမှု ပြောင်းလဲသွားခဲ့ပြီ"

ဟံသာဝတီအဝိုင်းကို စကားတပြောပြောနှင့် သူတို့ ရောက်ခဲ့ပြီ။

"တို့ ခရေလမ်းဘက်က ဖြတ်လျှောက်ပြီး ဦးချစ်ဆိုင် သွားကြရအောင်"

မြင့်ဆွေကပြောပြီး ရှေ့က သွားသည်။ ကိုငယ်က နောက်ကလိုက်၏။ သူတို့ ပညာရေးတက္ကသိုလ်ကို ဖြတ်သန်းပြီး ခရေလမ်းဘက်သို့ လျှောက်ခဲ့ကြလေသည်။

"ပညာရေးတက္ကသိုလ်ကိုရောက်တော့ ငါ့ဘဝကို တိုးတက်ပြောင်းလဲသွားစေတဲ့ စာကြည့်တိုက်လေးကို သတိရမိတယ်ကွာ။ နေခဲ့ရတဲ့ ၅-နှစ်တာအတွင်း ငါ့အတွက် အေးချမ်းတဲ့ ဘုံဗိမာန်ပါပဲ"

"ဒီလိုလည်း မင်းလွမ်းတတ်သားပဲ"

"ငါ့ဘဝကို အကျိုးပြုခဲ့တဲ့အရာတွေကို အမြဲအမှတ်ရနေသလို၊ ငါ့ဘဝကို ဆုတ်ယုတ်စေတဲ့ အရာခပ်သိမ်းကိုလည်း ငါ မေ့ဖို့ ကြိုးစားပါတယ်"

သူတို့ နဝဒေးဆောင်ကို ဖြတ်ခဲ့ကြသည်။ နဝဒေးဆောင်သည် ယခုအခါ အမျိုးသားဆောင်အဖြစ် ပြောင်းလဲပြီ။ ရှေ့မလှမ်းမကမ်းတွင် ခရေလမ်းကိုတွေ့တော့မည်။ ကိုငယ့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ကြည်နူးလွမ်းဆွတ်သလို ဖြစ်လာ၏။ ခရေလမ်းပေါ် ရောက်လာတော့ ခရေလမ်းက ဝေဒနာကို ခံစားအမှတ်ရသည်။

"တစ်ခါတုန်းက တို့သူငယ်ချင်းနှစ်ယောက် ဘီအိုစီ ကောလိပ်ကော်ရစ်ဒါပေါ် မှာထိုင်ပြီး ခရေလမ်းလေးကို ငေးမော ခဲ့ကြတာ မင်း အမှတ်ရသေးလား"

"အကျည်းတန်ဘဝနဲ့ အထီးကျန်နေရပါသည်ဘုရား ဆိုတဲ့ ဘုရားတိုင်ကဗျာလေးကိုပါ အမှတ်ရနေပါတယ် သူငယ် ချင်း"

"မင်း ဒါတွေတောင် သတိရနေတယ်နော်"

"လူပဲကွာ၊ လွမ်းရမယ့်နေရာမှာ လွမ်းစရာရှိရင် လွမ်း မှာပေါ့၊ ခေတ္တခဏ လွမ်းတာမျိုးပဲဟာ။ ရင်ထဲမှာ သဲသဲမဲမဲ စွဲလန်းပြီး လွမ်းနေတာမျိုး မဟုတ်ရင် ပြီးတာပဲ"

မြင့်ဆွေစကားကြောင့် ကိုငယ် ငိုင်သွားသည်။ သူ့ကို စောင်းပြောနေတာလားဟု ထင်မြင်စရာပဲ။ မမနွယ်ကို သူ ခုထက်တိုင် စွဲလန်းတမ်းတနေတာ မြင့်ဆွေ သိနေသလား။ သူ့ စကားတွေက ထိုအချက်ကို ရည်ရွယ်ပြောနေသလား။ ကိုငယ် စဉ်းစား တွေးတော နေမိလေသည်။ လမ်းသွားရင်းနှင့် ခရေပွင့် လေးတွေ ရှေ့မှာကြွေနေတာမြင့်ရတော့ ကိုငယ်မနေနိုင်။ တစ် ပွင့် နှစ်ပွင့် သုံးလေးပွင့် သူကောက်ယူလိုက်မိသည်။ မြင့်ဆွေက သူ့ကို ရပ်စောင့်၍ ကြည့်နေသည်။ ဘာမှတော့ မပြော။ ကိုငယ် က သူ့ဘာသာ စိတ်မလုံချင်။

"ခရေပန်းလေးတွေဟာ အပင်ကကြွေခဲ့ပေမယ့် မွှေး ပျံ့နေဆဲပဲ"

ကိုငယ် ခရေပန်းလေးတွေ မွှေးနေသည်။ မြင့်ဆွေက ပြုံးနေ၏။



"တို့တစ်တွေဟာ ခရေပန်းလေးတွေလို နမူနာ ယူရ မယ်"

ကိုငယ်က နားမလည်သလိုဖြစ်ကာ တစ်ချက်လှည့် ကြည့်လိုက်သည်။

"ခရေပန်းလေးတွေဟာ အပင်ကကြွေပေမယ့် မွှေးပျံ့နေဆဲရှိသလို တို့တစ်တွေဟာလည်း ပထဝီမြေကြီး ထဲကို အမြုပ်မခံရခင် တို့ရဲ့ နာမည်ဂုဏ်သတင်း မွှေးပျံ့ ကြိုင်သင်း ကျန်နေခဲ့အောင် ကြိုးစားရမယ်"

မြင့်ဆွေ ဆိုလိုချင်တာ ယခုမှ ကိုငယ်သဘောပေါက် သည်။

"ငါက ခရေပန်းကို လွမ်းစရာ အနေနဲ့မြင်ပေမယ့်၊ မင်းက အားတက်ကြိုးပမ်းစရာအနေနဲ့ မြင်တတ်တာကိုတော့ ငါ လေးစားပါတယ်"

"ကြည်လင်တဲ့ မိုးကောင်းကင်ကြီးလို တို့ဘဝ အမြင်တွေ ကြည်လင်နေဖို့လိုတယ်။ ဒါမှလည်း တို့ လုပ်ဆောင်ချက်တွေဟာ အဓိပ္ပာယ်ရှိတော့မှာပေါ့"

အေးဆေးတည်ငြိမ်စွာနှင့် မြင့်ဆွေက သူ့ဘဝအမြင် တွေကို ပြောနေတော့သည်။ ကိုငယ်သည် မြင့်ဆွေ၏ တည်ငြိမ် ရင့်ကျက်မှုကို တွေ့လိုက်ရတော့ တစ်ခါတုန်းက-ရယ်စရာဟာသ များကိုပြော၍ ပျော်ပျော်နေတတ်သော မြင့်ဆွေကို မျက်စိထဲတွင် ပြန်မြင်မိသည်။ ထို မြင့်ဆွေနှင့် ယခုမြင့်ဆွေ များစွာ ခြားနား ၍ နေပြီ။ မိမိမှာသာ လွမ်းဆွတ်တသ ကြေကွဲခြင်းဖြင့် အချိန်ကို မျှော်လင့်စိတ်မောနေသည်ကို သတိပြုမိလိုက်သည်။ ဘဝ၏ မျှော်လင့်ခြင်းများသည် မမနွယ်အပေါ်တွင် တည်မှီနေခဲ့လေ သည်။ ကြည်လင်ပြီပြင်သော ဘဝအမြင်များကား မတွေ့ရှိနိုင်

www.burmeseclassic.com

www.burmeseclassic.com



သေးသည်ကို ပထမဆုံးအကြိမ်အဖြစ် ကိုယ့်ကိုကိုယ် အားငယ်စိတ်ဝင်လာသည်။ မြင့်ဆွေရှေ့တွင် ကျောင်းသားငယ်ပမာရှိနေခဲ့သည်ဟု ခံစားရသည်။

မြင့်ဆွေသည် သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာဖြင့် သူ့အမြင်များကို ရဲဝံ့စွာ ပြောခဲ့သည်။ ခြေလှမ်းတိုင်းသည် အားတက်ဖွယ်ရာဖြစ်နေသည်။ ကိုငယ်သည် မြင့်ဆွေလိုမျိုး ခြေလှမ်းလှမ်းနိုင်အောင် ကြိုးပမ်းအားထုတ်ရဦးမည်ဟု စဉ်းစားနေမိသည်။

သူတို့နှစ်ယောက်သည် ကိုယ့်အတွေးနှင့် ကိုယ်လျှောက်နေကြသဖြင့် အတန်ကြာအောင် စကားမဆိုဖြစ်။ ဦးချစ်လက်ဖက်ရည်ဆိုင်ထိုင်တော့မှ မြင့်ဆွေက စကားပြန်စသည်။

"ကော်ဖီ ချိုပေါ့ကျပဲလား သူငယ်ချင်း"

"အရင်အတိုင်းပဲပေါ့ကွာ"

မြင့်ဆွေက ကော်ဖီနှစ်ခွက်မှာသည်။

"ဦးချစ်ဆိုင်က ဘာမှ သိသိသာသာကြီး ပြောင်းလဲမသွားပေမယ့် တို့ဘဝတွေတော့ အများကြီး ပြောင်းလဲသွားခဲ့ပြီ သူငယ်ချင်း"

"အေးလေ ... တို့က တစ်ခါတုန်းကလို တက္ကသိုလ်ကျောင်းသားလေးတွေမှ မဟုတ်တော့တာ။ လူဆိုတာ သူ့အချိန်နဲ့သူ တိုးတက်ပြောင်းလဲသွားရမှာပဲ မဟုတ်လား"

မြင့်ဆွေ လက်ဖက်ရည်ကြမ်းကို ပန်းကန်ထဲ ငှဲ့ထည့်ရင်း ပြောလိုက်သည်။

"သူငယ်ချင်းကို ချစ်တဲ့ ချစ်ခင်မှုမျိုးကိုတော့ မပြောင်းလဲပစ်ပါနဲ့ကွာ"

"မစိုးရိမ်သင့်တာ မင်းစိုးရိမ်နေတာပဲ။ သူငယ်ချင်းကို



ချစ်တဲ့ အချစ်လောက် ခိုင်မာတာ မရှိနိုင်ဘူးလို့ ငါ ယုံကြည်ထားပါတယ်"

ကိုငယ်က စကားပြန်မပြော။ စားပွဲထိုးကောင်လေး လာချပေးသော ကော်ဖီခွက်ကို အောက်ခံပန်းကန်ပြားထဲ လောင်းထည့်နေသည်။

"ငါ့မှာ ပြောဖို့တစ်ခု ကျန်နေသေးတယ်"

"မင်းစကားက ပဟေဠိလိုပါပဲလား"

"ငါမှာ ပြောဖို့လည်း တာဝန်ရှိနေတယ်လေ"

"ဒီတာဝန်ကို ဘယ်သူက ပေးလို့လဲ"

ရယ်မောစရာသဘောမျိုးနှင့် မြင့်ဆွေက ပြောနေ၏

"နီလာကျော်က ပေးလိုက်တယ်ဆိုရင် မင်း ယုံမလား"

မြင့်ဆွေ မျက်မှောင်ကုပ်သွားသည်။ နဖူးကြော တွန့်တက်ပြီး မျက်တောင်မွေး ကော့သွားသည်။ အံ့ဩသလို ဘာလိုလိုဖြစ်နေ၏။ ကိုငယ်က အသေးစိတ်ပြန်ပြောပြသည်။ နီလာကျော်၏ သဘောထားကိုပါ မချွင်းမချန် ပြန်ပြောသည်။ မြင့်ဆွေ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်သည်။ တစ်ချက်တစ်ချက်တွင် ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ခုလောက်ဆို၊ နီလာကျော်ရဲ့ သဘောထားကို မင်း သိလောက်ရောပေါ့"

ကိုငယ်က သူ့စကားကို အဆုံးသတ်ပြီး ကော်ဖီခွက်ကိုပါ မော့ချလိုက်၏။ မြင့်ဆွေထံမှ သက်ပြင်းချသံကို အတိုင်းသားကြားလိုက်ရသည်။

"စိတ်မကောင်းပါဘူးကွာ။ ဒါပေမယ့် နောက်ကျသွားပြီ။ ဟိုတုန်းကသာ သူ့သဘောထားအမှန်ကို သိခဲ့ရရင် သိပ်ကောင်းမှာ။ အခုမှတော့ ဘာမှ မထူးတော့ဘူး သူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကို တကယ်ချစ်ရင် ဖြစ်နိုင်ပါသေးတယ်"

"တကယ်ချစ်ခဲ့လို့ ရင်နင့်အောင်ခံစားခဲ့ရတာ မင်း အသိပဲလေ။ ခုတော့ ငါ့ သဘောထားတွေ ပြောင်းခဲ့ပြီ။ ခင်မျိုးကြွယ်ဟာ ငါ့အတွက် လိုအပ်တဲ့ အိမ်ထောင်ရှင်မကောင်း တစ်ယောက်ဖြစ်လိမ့်မယ်လို့ ငါယုံကြည်လိုက်ပြီ"

"မင်း သဘော၊ မင်းဆန္ဒအတိုင်းပါ"

ကိုငယ်သည် နီလာကျော့ကို ပြန်ပြောရန် စကားလုံး ရွေးချယ်၍မရ။ နှစ်သိမ့်စရာ စကားလည်း ရှာမတွေ့နိုင်။ တစ်ခုံတစ်ဦးသော သူ၏ မျှော်လင့်ချက်ကတော့ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားတော့မှာကို သူတွေးပြီး စိတ်မကောင်း ဖြစ်နေမိသည်။

"မင်း ကိစ္စ၊ မင်းအကြောင်းလေးတွေလည်း ပြောပါဦးကွာ"

မြင့်ဆွေက စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။ စားပွဲပေါ် လက်ထောက်ပြီး ကိုငယ့်ကို ငေးကြည့်သလိုလုပ်နေသည်။

"ငါ့မှာ ပြောပြစရာ စကားအထူးအထွေ မရှိပါဘူးကွာ"

"ပြောစရာ မရှိရင် မမနွယ်အကြောင်း ပြောကွာ"

မြင့်ဆွေက ရယ်ကျဲကျဲလုပ်ပြီး မေးသည်။

"မမနွယ် ဘယ်မှာနေမှန်း မသိတာကိုဘဲ ပြောရမှာပဲ၊ ဘယ်ကို ရောက်လို့ ဘာဖြစ်နေသလဲမသိ"

"အခုလောက်ဆို လေး ငါးယောက်လောက် ရှိနိုင်နေပြီ"



မြင့်ဆွေက ကိုငယ့်ကို စချင်နောက်ချင်ဟန်ဖြင့် ပြောသည်။ ကိုငယ် မျက်နှာပျက်လုလုဖြစ်သွား၏။ သူ့ရင်ထဲတွင် မမနွယ်သည် သူ့အပေါ် သံယောဇဉ်ကြီးစွာနှင့် စောင့်မျှော်နေမလား ဟူသော မျှော်လင့်ချက်ရှိနေသည်။ ထိုသေးမျှင်သော မျှော်လင့်ခြင်းနှင့် သူ့ဘဝကို တည်တံ့နေစေခဲ့သည် မဟုတ်လား။ ရုတ်တရက် ဘာစကားမျှ ပြန်မပြောနိုင်လောက်အောင် သူ ငိုင်တွေသွားမိသည်။

"မင်းတော်တော် အစွဲအလန်းကြီးတာပဲ"

"ပျော့ညံ့တယ်လို့ ထင်ချင်လည်း ထင်ပါသူငယ်ချင်း၊ မမနွယ်အပေါ် မှာ ထားရှိခဲ့တဲ့ ငါ့ရဲ့သဘောထားနဲ့ ခံစားမှုဟာ ခုထက်တိုင် မပြောင်းလဲနိုင်သေးပါဘူး"

"မရေရာတဲ့အချစ်အတွက်နဲ့ ဘဝကို စိတ်ပျက်အားငယ်တာမျိုး မဖြစ်စေဖို့တော့ ငါ သတိပေးချင်တယ်"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း။ သည်အထိတော့ မဖြစ်သေးပါဘူး"

"မင်း မှတ်မိသေးလား။ ကိုးတန်းကျောင်းသားဘဝတုန်းကလေ။ မင်းအဖွားခြံကအပြန် လယ်ကွင်းတွေထဲက ဖြတ်လာတော့ တို့နှစ်ယောက်ပြောခဲ့တဲ့စကားလေ"

မြင့်ဆွေက မှတ်မှတ်ရရ ပြန်မေးသည်။

"တကယ်တော့ လူတွေဟာ ကိုယ့်ကိုကိုယ် အချစ်ဆုံးပါ ဆိုတာလေ။ တစ်နေ့မှာ သူတစ်ပါးကို ကိုယ့်ကိုထက် ပိုချစ်တဲ့သူ မဖြစ်ပါစေနဲ့လို့တောင် ငါ ဆုတောင်းပေးခဲ့ပါသေးတယ်၊ ငါ့ ဆုတောင်း မပြည့်ခဲ့ဘူးထင်တယ်"

ကိုငယ် တွေပြီး စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမနွယ်ကို အစက ငါသည်လောက်ချစ်မိလိမ့်မယ်လို့ မထင်ဘူး။ မြင်နေရတုန်းကတော့ မြင်နေရလို့ စွဲလန်းပြီး ချစ်ခဲ့တယ်။ မမြင်ရတော့လည်း မှန်းဆတမ်းတပြီး ချစ်နေရတယ်ကွာ။ ငယ်ငယ်ကလို အလူးအလိမ့် မခံစားရပေမယ့် ဆွေးတမြေ့မြေ့ ခံစားနေရတုန်းပဲ"

"မင်းမှာ နောက်ထပ်ချစ်ရမယ့်သူကို မတွေ့နိုင်တော့ဘူးတဲ့လား"

"နောက်လူအတွက် ငါ့အသည်းနှလုံးမှာ နေရာမကျန်တော့ဘူးလေ"

"အစွန်းရောက်တဲ့ အချစ်နဲ့ ဘဝကို မေ့လျော့ ပျောက်ဆုံးမှာကို စိုးတယ်ကွာ"

"အပြစ်ကင်းတဲ့အချစ်နဲ့ မမနွယ်ကို ငါတစ်သက်လုံး ချစ်နေမယ်"

မြင့်ဆွေ ခေါင်းခါသည်။ လေပူကို ဖူးကနဲ မှုတ်ထုတ်သည်။ နောက်ထပ် စကားပြောဖို့ မလိုမှန်း သိလိုက်သည်။ ထိုင်ရာမှ ထလိုက်သည်။ ကော်ဖီဖိုး ခေါ်ပေးပြီး သွားရန် ဟန်ပြင်သည်။

"သွားကြစို့ သူငယ်ချင်း" ဟု မြင့်ဆွေပြောပြီး ဆိုင်ပြင်ထွက်ခဲ့သည်။ အပြင်တွင် မှောင်စပျိုးနေပြီ။ သူတို့ဆိုင်ပြင်ရောက်တော့ မှောင်ချနေပြီ။

□ □ □

(၃၃)

မြင့်ဆွေတို့အိမ်က ကိုယ်ထွက်လာတော့ နံနက် ၁၀-နာရီထိုးပြီ။ အချိန်ရတုန်း သူ့မိတ်ဆွေ ကျောင်းဆရာဦးမိုးဆွေ့ အပြောင်းအရွှေ့ စုံစမ်းပေးချင်သည်။ ထို့ကြောင့် ခြောက်ထပ်ရုံးသို့ သွားလာသည်။ စုံစမ်းပြီးလျှင် စာအုပ်ဆိုင်များဘက်သို့ လှည့်ဝင်မည်။ မြင့်ဆွေအတွက် လက်ဆောင်ပေးလိုက်ရန် စာအုပ်ကောင်းကောင်း တစ်အုပ်ရှာဝယ်ပြီး အိမ်ပြန်မည်။ မြင့်ဆွေကို

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်လိုက်ပို့မည်။ ခေါင်းထဲတွင် တစ်နေ့တာ အစီအစဉ်များ ရေးဆွဲပြီး ရုံးပေါ်သို့ တက်ခဲ့၏။ အပြောင်းအရွှေ့ကိုင်သော ဌာနဝုတွင် သွားစုံစမ်းသည်။ ဒီဇင်ဘာလတွင် အပြောင်းအရွှေ့ထွက်တော့မည် မဟုတ်။ လာမည့် မေလလောက်မှ အပြောင်းအရွှေ့တွေ ထွက်လိမ့်မည်ဟု ရှင်းပြသည်။ ကိုယ်သည် သိချင်တာ သိရပြီဖြစ်၍ ကျေးဇူးတင်စကားပြောကာ လှည့်ပြန်သည်။ ထိုအခါ အခန်းဝတွင် သူ လုံးဝ မမျှော်လင့်ခဲ့သူကို တွေ့လိုက်ရ၏။

"မမသီ"

"ဟာ ... အငယ်ပါလား"

တစ်ယောက်နှင့်တစ်ယောက် ဝမ်းသာ အားရ နှုတ်ဆက်ကြသည်။

"အငယ် ဘယ်ရောက်လို့ ဘာဖြစ်နေသလဲ"

"ကျွန်တော် တီးတိန်ရောက်နေတယ်၊ ဥပဒေဝန်ထမ်း ဖြစ်နေတယ်လေ"

"အတော်ပဲ မမသီလည်း တီးတိန်ကို အထက်တန်းပြ အဖြစ် ရာထူးတိုးမြှင့်ခန့်ထားတယ်ကြားလို့ လာစုံစမ်းတာ၊ သွားသင့် မသွားသင့် စဉ်းစားဖို့ အငယ့်ကို သိချင်တာတွေ မေးရဦးမယ်။ လာ ... အပေါ်ထပ်က လက်ဖက်ရည်ဆိုင်သွားရအောင်"

မမသီက ရှေ့ကသွားနှင့်သည်။ ကိုယ်က နောက်ကလိုက်သည်။ လက်ဖက်ရည်ဆိုင်ရောက်တော့ မမသီက လက်ဖက်ရည်မှာသည်။ ကိုယ်က ကော်ဖီမှာ၏။

"ဘယ်လိုလဲ၊ တီးတိန်က နေလို့ ထိုင်လို့ ကောင်းရဲ့လား"



"ချင်းပြည်နယ်ထဲမှာ အတိုးတက်ဆုံးမြို့တစ်မြို့ပါပဲ၊ နေလို့ထိုင်လို့ ကောင်းပါတယ်"

"စားရေးသောက်ရေးကော လွယ်ရဲ့လား"

"ပြည်မလောက် ပေါပေါများများ ဝယ်မစားနိုင်ပေမယ့် သိပ်ရှားရှားပါးပါး မဟုတ်လို့ စားရေးသောက်ရေး သိပ်ခက်ခဲလှပါဘူး"

"မမသီ သွားဖို့သင့်ပါ့မလား"

"သိပ်သွားသင့်တာပေါ့၊ ဘာမှ စိတ်ပူစရာမရှိပါဘူး။ မောဝန်ထမ်းတွေလည်း အများကြီးရှိပါတယ်။ ကိုယ့်အရင်ရောက်နှင့်သူတွေက ဆီးကြိုဆိုကြမှာပါ။ ကျွန်တော်လည်း ရှိနေတယ်ဆိုတော့ အစစအရာရာ အကူအညီ အများကြီးပေးနိုင်ပါတယ်"

"အငယ်တွေ့လိုက်ရတော့ အားရှိသွားတယ်"

"လာသာ လာခဲ့မမသီ။ ကိုယ့်ဘဝအတွက် ကောင်းသော စွန့်စားခြင်းပဲ၊ အဖိုးတန်တဲ့ ဘဝအတွေ့အကြုံတွေ အများကြီးရလိမ့်မယ်"

"ဒါနဲ့ ... အငယ်က ဟိုကို မိသားစုပါ ခေါ်သွားလား"

ကိုယ် ပြုံးမိသည်။ ပြီးတော့ ခေါင်းကိုခါသည်။

"ဂေါ်မတ္ထ လူပျိုကြီး ဘဝနဲ့ပဲ နေရတုန်းပါ။ မမသီကော ဘယ်လိုလဲ"

သူက ပြန်မေးတော့ ရွှင်လန်းနေသော မမသီ့မျက်နှာသည် ပြန်တည်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင် မကျသေးဘူး"

"ကိုရဲအောင်ကလည်းဗျာ အချိန်တွေ ဆွဲလိုက်တာ"

ဟိုတုန်းကလိုပဲ အောက်မေ့ပြီး ကိုငယ်က ရင်းရင်းနှီးနှီးပြောလိုက်သည်။

"ကိုရဲအောင်က အချိန်မဆွဲပါဘူး။ အိမ်ထောင်ပြုသွားပါပြီ။ သူတို့ရုံးက စာရေးမတစ်ယောက်နဲ့လေ"

"ဟောဗျာ၊ ဘယ်လိုများ ဖြစ်ကြတာတုန်း"

"ဒါတွေ မေးမနေပါနဲ့တော့ဟာ၊ ပြောချင်စိတ်လည်း မရှိတော့ဘူး"

မမသီက စကားစကို ဖြတ်လိုက်သည်။ ညိုးနွမ်းသလို ဖြစ်သွားသော သူ့မျက်နှာထားကိုလည်း ပြန်ပြင်လိုက်သည်။

"အငယ့်ကို ပြန်တွေ့တော့ ကျောင်းတုန်းကအဖြစ်တွေကို သတိရအောက်မေ့မိတယ်။ မိနွယ်ကိုလည်း သိပ်သတိရတယ်"

မမနွယ် နာမည်ကြားလိုက်တော့ ကိုငယ်စိတ်လှုပ်ရှားသွားသည်။ မမနွယ်နှင့် ပတ်သက်ပြီး သူ တစ်ခုခုကြားရမှာပဲဆိုတာ မျှော်လင့်ခဲ့ပါသည်။

"ကျောင်းတုန်းက အဖြစ်တွေဆိုလို့ မမသီကို ကျွန်တော်မေးစရာတစ်ခုရှိနေတယ်။ အခုလောက်ဆို မမသီ ပြောနိုင်တော့မှာပါ"

"ဘာလဲ၊ မိနွယ်က ယတိပြတ်သံယောဇဉ်ဖြတ်ခဲ့တဲ့ အကြောင်းကို မေးချင်တာပဲ မဟုတ်လား"



ကိုငယ် ခေါင်းညိတ်ပြသည်။ ပြုံးရယ်ခြင်း မရှိ။

"စေတနာတွေပေါ့ဟာ"

မမသီက လက်ဖက်ရည်ခွက်ကို လက်ဖြင့် လှည့်ကိုင်ရင်း ပြောနေသည်။

"မိနွယ်က အငယ် သူ့အပေါ် သံယောဇဉ်ကြီးနေမှန်း သိတယ်။ ဒါပေမယ့် သူ မောင်မောင်ကို မေ့လို့ မရသေးဘူး။ အဲ့ဒီအချိန်မှာ အငယ်နဲ့ ပညာရေးက အမျိုးသမီးတစ်ယောက်ကို ရုပ်ရှင်ရုံမှာတွေ့တာ၊ ဘတ်စ်ကားပေါ်မှာတွေ့တာ မမသီက ပြောပြမိတယ်။ မိနွယ် ငိုင်သွားတယ်။ အငယ်နဲ့ မပွင့်မလင်းကြတဲ့ ဘာလိုလိုကြီး လုပ်မနေဖို့ မမသီက သတိပေးလိုက်တယ်လေ။ စေတနာနဲ့ပါ"

မမသီက စကားစကို မဆက်သေးဘဲ လက်ဖက်ရည် တစ်ချိုက်သောက်လိုက်သည်။ ကိုငယ်က ကြားလိုဇောနှင့် နားစွင့်နေသည်။

"အဲ့ဒီမှာတင် မိနွယ်က ဘာမပြော ညာမပြောပဲ အငယ့်ကို အဆက်အသွယ်ဖြတ်လိုက်တယ်လေ။ အငယ် စိတ်ထိခိုက်ပြီး ပြန်သွားခဲ့ရတာ သူ့ကို ပြောပြတော့ သူ ငိုတယ်။ သူလည်း သံယောဇဉ် ကြီးပါတယ်။ ဒါပေမယ့် မောင်မောင့်ကို တယ်လိုမှ မေ့လို့မရဘူး။ အငယ့်ကို မောင်မောင့်နေရာမှာ အစားထိုးဖို့ စဉ်းစားမရနိုင်တာကြောင့် သံယောဇဉ် သိပ်မကြီးခင် ဖြတ်ခဲ့တာပါ။ ပြီးတော့ သူ့ အရိပ်ထိုးနေလို့ ပညာရေးက မိန်းကလေးနဲ့ အဆင်မပြေဖြစ်မှာ သူစိုးခဲ့တယ်လေ။ အဲ့ဒီ မိန်းကလေးက အထက်တန်းကျောင်းမှာကတည်းက အငယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



စာတွေ ကူးပေးနေကျ၊ သံယောဇဉ်ရှိပြီးသား မိန်းကလေးဖြစ်တာကြောင့် အငယ်နဲ့ အဆင်ပြေမယ်ဆိုရင် လိုက်ဖက်တယ်ဆိုပြီး သူ့သံယောဇဉ်ကို ဖြည်ပေးလိုက်တာပါတဲ့။ သူ့စေတနာကို တစ်နေ့သောအခါမှာ အငယ် သဘောပေါက်နားလည်ခဲ့ရင် သူ့ကို ခွင့်လွှတ်နိုင် မှာပါလို့လည်း ပြောခဲ့တယ်။ ဒါပါပဲဟာ"

ကိုငယ်က ခေါင်းကို ဖြည်းလေးစွာ ခါလိုက်ရင်း ...

"စေတနာတွေဟာ တစ်ခါတစ်ခါမှာ ဝေဒနာဖြစ်သွားတယ်ဆိုတာ ဒါပဲထင်ပါရဲ့"

တိုးတိတ်ညင်သာသော လေသံဖြင့် ကိုငယ်က ငြီးတွားလိုက်သည်။

"အခု ... မမနွယ် ဘယ်မှာ ရှိသလဲဟင်။ ဘာလုပ်နေလဲ၊ အိမ်ထောင်ကျပြီလား"

ကိုငယ် ဆက်မေးလိုက်သည်။

"မိနွယ် ကျောင်းကထွက်တော့ မဟာဝိဇ္ဇာတက်ခွင့်ရပြီး ကျူတာပြန်ရတယ်။ ပုသိမ်ကောလိပ်ကိုရောက်သွားသလိုကြားပြီး၊ အခု ရန်ကုန်ကို ပြန်ရောက်နေတယ်လို့ ပြောတယ်။ အိမ်ထောင်မကျသေးဘူးတဲ့။ တောင်ငူဆောင်မှာ ရှိတယ်။ အားရင် ကျောင်းကို လာခဲ့ကြပါဦးလို့ နို့ရင်းကို တွေ့လို့ ပြောလိုက်သတဲ့"

မမသိ စကားကြားတော့ ကိုငယ် ရင်ခုန်လှုပ်ရှားသွားသည်။ အသက်နှစ်ဆယ်ကျော် အရွယ်လိုပဲ နှလုံးခုန်သံမြန်လာသည်။ ဣန္ဒြေမရချင်တော့။



"ကျွန်တော်သွားမယ် မမသိ။ မမနွယ်ကို ကျွန်တော်သွားတွေ့ချင်တယ်။ ၁၅-နှစ်လုံးလုံး မျှော်လင့်စောင့်စားနေခဲ့ရတာပါ။ ကျွန်တော့်မှာ အချိန်လည်း သိပ်မရတော့ဘူး။ တောင်ပေါ်မတက်ခင် တွေ့သွားချင်ပါတယ်"

ကိုငယ် ထိုင်ရာမှ ထလိုက်သည်။ လက်ဖက်ရည်ဖိုးကို မမသိအရင် ကြိုရှင်းပေးလိုက်ပြီးသွားဟန်ပြင်လိုက်သည်။

"ကံကောင်းပါစေဟာ။ နင်တို့နှစ်ယောက် အဆင်ပြေကြတာ မြင်ချင်ပါတယ်၊ အဆင်ပြေရင်လည်း ငါ့ကို အကြောင်းကြားဦးနော်"

"စိတ်ချ မမသိ။ အဆင်ပြေရင် တီးတိန်ရောက်တော့ မမသိကို ညစာ စားပွဲနဲ့ တည်ခင်းဧည့်ခံပါ့မယ်။ တီးတိန်ကို လာဖြစ်အောင်သာ လာခဲ့ပါ"

"လာဖို့ မလာဖို့ကိုတော့ ငါစဉ်းစားရဦးမယ်၊ မိဘတွေက သိပ်မလွှတ်ချင်ဘူး"

"စဉ်းစားမနေနဲ့ လာသာ လာခဲ့၊ ကျွန်တော်စောင့်နေမယ်"

ပြောပြောဆိုဆိုနှင့် မမသိရှေ့က သူဆင်းလာခဲ့သည်။ လှေခါးထစ်တွေကို ကျော်နင်း၍ ဆင်းနေသည်။

"ဖြည်းဖြည်းလည်း ဆင်း၊ ချော်ကျနေမှ တောင်ငူဆောင်မရောက်ဘဲ ဆေးရုံရောက်နေဦးမယ်" ဟု မမသိက နောက်လိုက်သေးသည်။

"သွားပြီ မမသိရေ" ဟု ဆိုကာ ကမန်းကတန်း နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ သူ အပြေးဆင်းလာသည်။ ခုတ်လှေခါးကိုတောင် မ စောင့်ဘဲ ကျောက်လှေခါးအတိုင်း ခြေလှမ်းကျဲကျဲနှင့် ဆင်းတော့ သည်။ မြင့်ဆွေကို လေဆိပ်ပို့ရဦးမှာဆိုတော့ အချိန် သိပ်မရ။ ရသမျှ အချိန်ကို အသုံးချရမည်။ ခြောက်ထပ်ရုံးက ဆင်းပြီး ဘတ်စ်ကားစောင့်ရသည်။ စိတ်မရှည်တော့သဖြင့် တွေ့ရာ လေးဘီးကားကို ငှား၍ တစ်ခါတုန်းက တက္ကသိုလ်ကို အပြေး အလွှား လာခဲ့ရပေသည်။ မမနွယ်နှင့် တွေ့တန်ကောင်းပါရဲ့။

□□□

(၃၄)

တောင်ငူဆောင် ဆင်ဝင်အောက်သို့ ကားကို ထိုးရပ် စေသည်။ ကျသင့်ငွေကိုပေးပြီး အလျှင်အမြန် ဆင်းလိုက်သည်။ တောင်ငူဆောင်ထဲသို့ဝင်ပြီး အပေါ်ထပ်တက်ရန် လှေခါးပေါ် ရောက်သည်တွင် အပေါ်ထပ်မှ တစ်လှမ်းချင်းဆင်းလာသော အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

"မမနွယ်"

ဝမ်းသာအားရ ကိုငယ် ခေါ်လိုက်သည်။

"ဟာ ... အငယ်ပါလား"

ဝမ်းသာအားရ ပြန်ပြောသည်။ အမြန်ဆင်း အမြန် တက်ကြသော ခြေလှမ်းများသည် လှေခါးထစ်အလယ်တွင် ပေါင်းဆုံသည်။

အားရဝမ်းသာဖြစ်နေကြသဖြင့် ကိုငယ်က ဘာ ဆက် ပြောရမှန်း မသိဘဲ ကြောင်တောင်တောင် ကြည့်နေမိသည်။ ရင်ထဲမှာလည်း တဒိန်းဒိန်း ခုန်နေသလိုပဲ။ အဝါရောင်ဝတ်စုံ ဖြင့် မမနွယ်သည် နုပျိုလှပနေဆဲ။ ကျောင်းတုန်းကထက်

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ပိုဝလာသဖြင့် ပိုခန့်ညားလာသည်။ တည်ငြိမ်ရင့်ကျက်မှုကိုပါ ထည့်ပေါင်းလိုက်လျှင် ကျက်သရေရှိသော အလှဖြင့် မမနွယ်သည် သိပ်လှနေသည်။

"ဟေး ... ဘာကြောင်ကြည့်နေတာလဲ။ ထမင်းသွားစားကြမယ် လာ၊ စားသောက်ဆိုင်ကျမှ စကားပြောကြတာပေါ့"

မမနွယ်သည် ဟိုတုန်းကလို သူ့အပေါ် သံယောဇဉ်ငွေ့ငွေ့ရှိနေတုန်းပါပဲလား။ ကိုယ် ပြုံး၍ ခေါင်းညိတ်လိုက်သည်။ ပြီးတော့ မမနွယ်လက်ထဲမှ ထမင်းဘူးကို လှမ်းယူသည်။ မမနွယ်က သူ့ကို တစ်ချက်ပြုံးကြည့်ရင်း ထမင်းဘူးကို ပေးသည်။ လမ်းမှာ ဘယ်ရောက်လို့ ဘာလုပ်နေသလဲဆိုသော မေးခွန်းများကို မမနွယ်မေး၍ ဖြေနေရသေးသည်။ မမသိနှင့် တွေ့ခဲ့သည့်အကြောင်းတွေကိုပါ ပြောပြလိုက်မိသည်။

တောင်ပိန္နဲပင်ကြီးအောက်မှ စားပွဲတစ်လုံးတွင် ဝင်ထိုင်ကြသည်။

"အငယ် ဘာစားမလဲ" ဟု မမနွယ်က မေးသည်။

"မမနွယ် မှာချင်တာသာ မှာပါ" ဟု ကိုယ် ပြန်ပြောသည်။

မမနွယ်က ကြက်သားဟင်းနှင့် ထမင်းတစ်ပွဲမှာသည်။ ပန်းကန်တစ်ချပ် အပိုယူလာဖို့လည်း မှာလိုက်သည်။

"တောင်ပေါ်မှာဆိုတော့ သိပ်အေးမှာပဲနော်။ မိသားစုပါခေါ်သွားလား"

မမနွယ်က ထမင်းဘူးမှ လက်သုတ်ပုဝါကို ဖြည်ရင်းမေးသည်။

"ကျွန်တော် ဂေါ်မစွဲလူပျိုကြီးဖြစ်နေတုန်းဘဲ မမနွယ်။ အထီးကျန်ဘဝနဲ့ အကျည်းတန်နေတုန်းပဲ ဆိုပါတော့"



ကိုယ်က မမနွယ်ကို စိုက်ကြည့်ရင်း ပြန်ဖြေလိုက်သည်။

"အို ... ဟုတ်လား။ မမနွယ်က ပညာရေးက အမျိုးသမီးနဲ့ အဆင်ပြေကြလိမ့်မယ် ထင်တာ"

"ထင်တိုင်း မဖြစ်ကြတာ အများကြီးရှိတာပဲ မဟုတ်လား မမနွယ်။ တကယ်တော့ ကျွန်တော့် နှလုံးသားထဲကို ဘယ်သူမှ အစားဝင်လို့ မရခဲ့ကြပါဘူး။ ကျွန်တော့်ရင်ထဲမှာ စွဲလမ်းမြတ်နိုးခဲ့တဲ့သူ တစ်ယောက်တည်းရှိပါတယ်။ သူ့ကို ကလေးဘဝထဲက တွယ်တာခဲ့ရပြီး သူကြီးဘဝရောက်တော့လည်း စွဲလမ်းမြတ်နိုးခဲ့ရတယ်လေ၊ အခုထက်ထိပဲ ဆိုပါစို့"

ငြိုသိပ်ခဲ့ရသမျှ ပွင့်အံကျလေပြီ။ ကိုယ်က ရင်ထဲရှိတာ ဖွင့်ပြောပြချင်နေသည်မှာ ကြာပြီ။ မမနွယ်က ပင့်သက်ကိုတိတ်တခိုးရှိုက်နေတော့သည်။ ထိုစဉ် မှာထားသော ထမင်းပွဲရောက်လာသဖြင့် ထမင်းပွဲကို ကိုယ့်ရှေ့သို့ ထိုးပေးသည်။ ထမင်းဘူးကိုဖွင့်၍ ဟင်းခွက်ကို ထုတ်သည်။ တိုက်တိုက် ဆိုင်ဆိုင် ငါး ဖယ်ငါးဆုပ်ဟင်းပါပဲလား။ မမနွယ်က ကိုယ့်စကားကို မသိကျိုးကျွံပြုကာ စကားလမ်းကြောင်း ပြောင်းသည်။

"မနက်က ငါးဖယ်ငါးဆုပ်ဟင်းချက်တော့ အငယ့်ကို သတိရနေမိတယ်။ မျက်ခုံးတွေကလည်း လှုပ်လိုက်တာ။ ဒီနေ့ တစ်ခုခုတော့ ထူးခြားမှာပဲလို့ စိတ်ကထင်နေတုန်း အငယ်ရောက်လာတာ။ တို့ မောင်နှမတွေ ပြန်တွေ့ရတာ သိပ်ဝမ်းသာတယ်၊ စားနော် အငယ်"

"စိမ်းကားခဲ့တဲ့သူရဲ့ ဂုဏ်ပြုနက်စာလား မမနွယ်"

ရင်ထဲမှာ နာထားခဲ့သဖြင့် ကိုယ် စိတ်...သောစကား တစ်ခွန်းတစ်စကို ဆိုသည်။ မမနွယ် မျက်...ညိုသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"စေတနာနဲ့ ကျွေးတာပါ အငယ်။ မမနွယ် အငယ့်အပေါ် အမြဲပဲ စေတနာထားခဲ့ပါတယ်"

"စေတနာတွေဟာ တစ်ခါတစ်ရံ ဝေဒနာဖြစ်စေတတ်တယ်ဆိုတာ မမနွယ် သိရဲ့လားဟင်"

ကိုငယ်က ငါးဖယ်ဆီပြန်ဟင်းကို မမနွယ်ပန်းကန်ထဲသို့ ခပ်ထည့်ပေးရင်း ပြောလိုက်သည်။ မကျေနပ်သံ ပါနေ၏။

"ကိုယ့်ဘက်က စေတနာသန့်မှတော့ သိဖို့ လိုဦးမလား ကွယ်"

မမနွယ်က ဟင်းတစ်ဖတ်ကို ကိုငယ့်ပန်းကန်ထဲ ပြန်ခပ်ထည့်ပေးရင်း အေးဆေးစွာ ပြန်ပြောသည်။ ကိုငယ့် ရင်ထဲတွင် ခုလုလုခံစားနေရ၏။ တစ်စုံတစ်ခုကို ပွင့်ပွင့်လင်းလင်းပြောဆို မေးမြန်းလိုက်ရလျှင် ကောင်းမည်လားဟု စဉ်းစားတွေးတောနေမိ၏။ မမနွယ်ကို မကျေနပ်ချင်သလိုလို ဘာလိုလိုလည်းဖြစ်မိသည်။ သူ့အပေါ်ထားသော သဘောထားသည်လည်း တစ်ခါတုန်းကလိုကဲ မပြောင်းမလဲဘဲ ရှိနေဦးမှာလားဟု သူ စိုးရိမ်သည်။

"ဟင်းတွေ ထည့်စားနော် ကိုငယ်။ တို့မောင်နှမတွေ ထမင်းအတူ မစားရတာတောင် ကြာလှပြီ"

မမနွယ်က ချစ်စဖွယ် ပြုံးရင်း စကားဆိုသည်။ တစ်ခါတုန်းက ကိုငယ် နှစ်သက်သဘောကျခဲ့သော ပါးချိုင့်လေးနှစ်ခုက မသိမသာ ပေါ်လာသည်။

မမနွယ်၏ သန့်စင်သော အပြုံးကို မြင်လိုက်ရသဖြင့် မကျေနပ်ချင်တာတွေ၊ စိတ်နာတာတွေ ပျောက်ကုန်၏။ တစ်ခါတန်းကလိုပဲ ချစ်ခင်တွယ်တာပြီး အရာရာကို မမနွယ် စိတ်တိုင်းကျ ဖြစ်စေချင်သော ဆန္ဒတွေ ပေါ်လာပြန်သည်။



"ဒီလိုပဲ တစ်သက်လုံးအတူစားရရင် မကောင်းဘူးလား မမနွယ်"

ကိုငယ်က မွေးတိုးစမ်းသောစကားကို ဆိုလိုက်သည်။

"မောင်နှမဆိုတာ ငယ်ငယ်တုန်းကသာ အတူနေခဲ့ကြရပေမယ့် ကြီးပြင်းလာတဲ့အခါမှာ ခွဲခွာသွားကြရစမြဲ မဟုတ်လား။ ခုလို တစ်ခါတလေ ပြန်ဆုံပြီး ထမင်းလက်ဆုံစားရတာ ဝမ်းသာစရာပဲပေါ့"

မမနွယ်က ဆင်ခြေ့ရန်ရှောင်စကားကို ဆိုသည်။

"မဟုတ်ဘူးလေ၊ ကျွန်တော်တို့ မောင်နှမတွေ တစ်သက်လုံးအတူနေခွင့်ရမယ်ဆိုရင် မကောင်းဘူးလား"

ကိုငယ် မမနွယ် နားဝင်အောင်သွယ်ဝိုက်သော စကားကို ဆိုသည်။ မမနွယ် စိတ်ကျဉ်းကျပ်သွားပုံရသည်။ မျက်နှာထား တည်ကြည်နေရာမှ နွမ်းလျသွားသည်။ နေရောင်ထိ၍ နွမ်းလျသွားသည့် ပန်းလေးတစ်ပွင့်လိုမျိုး ဖြစ်သွားသည်။

"မဖြစ်နိုင်တော့ဘူးကွယ်၊ မမနွယ်မှာ ..."

စကားကို အဆုံးမသတ်ခင် တစ်စုံတစ်ယောက်ကို မြင်လိုက်ရသဖြင့် မမနွယ်မျက်လုံးနေရာရွှေ့သွားသည်။ နှုတ်ခမ်းထောင့်ကွေးနှစ်ခုက မသိမသာ အပေါ်တက်သွားသည်။ နောက်ဘက်မှ မိမိတို့စားပွဲဆီသို့ လာနေသော ခြေသံကို သဲသဲကွဲကွဲ ကိုငယ်ကြားလိုက်ရသည်။ နောက်လှည့်ကြည့်လိုက်တော့မနာလိုစရာကောင်းလောက်အောင် ပြုံးနေသော မောင်မောင်ကိုတွေ့လိုက်ရသည်။ ကိုငယ် ကြက်သေ သေသွားသည်။ ကိုယ့်ရင်ထဲတွင် အနမြှုံးအကြိမ်လိုက်ရသလို ခံစားလိုက်ရသည်။ ထို အခိုက်လေးမှာ ချစ်သူနှင့် ပြန်ဆုံစည်းလိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com



မမနွယ်အတွက် ဝမ်းသာခြင်း၊ နှစ်ပေါင်းများစွာ ကွဲကွာခဲ့ရသော ငယ်သူငယ်ချင်းနှင့် ပြန်တွေ့လိုက်ရ၍ ဝမ်းသာခြင်း၊ ကာလကြာမြင့်စွာ မျှော်လင့်ခဲ့သော မျှော်လင့်ချက်များ တစ်စစီကွဲကြေသွားသဖြင့် ကြေကွဲဝမ်းနည်းရခြင်း၊ မမျှော်လင့်ဘဲ လာရောက်ဆုံစည်းခဲ့ကြ၍ အံ့သြဝမ်းသာခြင်းတို့ဖြင့် ခံစားမှုများ ထွေပြားခဲ့ရသည်။

"ဟေး ... ကိုယ်ပါလား၊ ဝမ်းသာလိုက်တာကွာ၊ မင်းနဲ့ တွေ့ချင်နေတာနဲ့ အတော်ပဲ"

ကျောင်းနေတုန်းကလို မောင်မောင်က ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ကြေကွဲဝမ်းနည်းခြင်းများအကြားမှ ကိုယ်က အားယူပြုံးသည်။ ဟန်ဆောင်သောအပြုံးကို ကြည်လင်ပီပြင်အောင် အတတ်နိုင်ဆုံး ဖန်တီးပြုပြင်နေရသည်။

"မင်းတော်တော် ဝလာတယ်။ ပိုပြီးလည်း ခန့်ညားနေသလိုပဲ"

ကိုယ်က နှုတ်ဆက်စကားပြန်ဆိုသည်။

"မောင် ... ဘာစားမလဲ၊ နွယ်တို့တော့ ထမင်းစားနှင့်ပြီးကြပြီ"

မမနွယ်က လှမ်းမေးရင်း သူ့ဘေးနားက ခုံတစ်ခုံကို ဆွဲယူပေး၏။

"မောင် ... ထမင်းစားခဲ့ပြီးပြီ၊ အအေးတစ်ခုခုသောက်မယ်၊ နွယ်တို့အတွက်လည်း မှာလိုက်လေ"

ကိုယ်က အခြေအနေကို ရိပ်စားမိလိုက်သဖြင့် ရင်ထဲမှာ ဝမ်းနည်းစိတ်ပြည့်သိပ်လာသည်။



မမနွယ်က အအေးသုံးခွက် လှမ်းမှာလိုက်သည်။

"မင်းကို ဘာကြောင့် တွေ့ချင်နေသလဲ မင်းသိလား"

မောင်မောင်က ကိုယ့်ကို ပြုံးကြည့်ရင်း မေးလိုက်သည်။

"ဘယ်သိမလဲကွ"

"အေးလေ ဟုတ်သားပဲ၊ ငါမှ မပြောသေးဘဲ ဘယ်သိမှာလဲ"

မောင်မောင်က သူ့စကားနှင့်သူ သဘောကျပြီး တဟားဟား ရယ်နေ၏။ မမနွယ်က ရှက်ပြုံးလိုလို ဘာလိုလို ပြုံးနေ၏။

"တို့နှစ်ယောက် မင်္ဂလာဆောင်တဲ့အခါ မင်းကို ပထမဆုံးဖိတ်ပါမယ်လို့ ကျောင်းသားဘဝတုန်းက ငါကတိပေးခဲ့ဘူးတယ်လေကွာ။ အခုတို့နှစ်ယောက် မကြာခင် လက်ထပ်တော့မှာမို့ ပထမဆုံးမင်းကို ဖိတ်ချင်နေတာနဲ့ အတော်ပဲ ဖြစ်သွားတာ။ တို့ မင်္ဂလာဆောင်ကျ မင်းလာရမယ်"

မောင်မောင်က အားပါးတရပြောနေသည်။ မမနွယ်က ရှက်ရွံ့ရွံ့နှင့် ပြုံးနေသော်လည်း မျက်လုံးများက အရောင်တောက်နေသည်။

"တို့နှစ်ယောက် ခုလို ပြန်ဆုံဆည်းကြတာ စိတ်မှန်နိုင်မာတဲ့ ချစ်ခြင်းမေတ္တာတရားကြောင့်ပဲကွ။ တက္ကသိုလ်က ဘွဲ့ရပြီး အလုပ်ထဲရောက်မှ နွယ့်ကို ငါပြန်လိုက်ရှာတာ။ နွယ်ကလည်း ငါ့ကို သစ္စာရှိရှိစောင့်နေခဲ့တယ်လေ။ ဒါပေမယ့် မင်းရေးပေးခဲ့တဲ့ ရည်းစားစာကြောင့် ငါစွဲတာပါ။ မင်းကို ပထမဆုံး ကျေးဇူးတင်ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"နွယ့်ဆီကို ပထမဆုံးရေးတဲ့ ရည်းစားစာက ကိုယ်ရေးပေးတာနွယ်ရ၊ မောင်က ရည်းစားစာမှ ကောင်းကောင်းမရေးတတ်တာ"

မောင်မောင်က မမနွယ်ဘက်ကိုလှည့်ပြီး ပြောလိုက်သေးသည်။

မမနွယ်က အံ့ဩသလို ကိုယ့်ကို တစ်ချက်ငေးကြည့်လိုက်သည်။

"မင်းတို့နှစ်ယောက် အခုလို အဆင်ပြေပြေနဲ့ ချစ်ချစ်ခင်ခင် ပြန်တွေ့ရတာ ငါဝမ်းသာပါတယ်ကွာ။ မင်းတို့နှစ်ယောက်စလုံးအတွက် ကူညီပါရမီဖြည့်ခဲ့ရတာကို ငါကျေနပ်ပါတယ်။ မင်းတို့နှစ်ယောက် မင်္ဂလာဆောင်ကို ငါလာနိုင်အောင်ကြိုးစားပါ့မယ်။ ဒါပေမယ့် အဝေးကိုရောက်နေလို့ မလာဖြစ်ခဲ့ရင်လည်း ခွင့်လွှတ်ကြပါ"

ကိုယ်က ရင်ထဲက ကြေကွဲမှုကို လုံခြုံအောင်ဖုံးဖိရင်း ထိုက်သင့်သော စကားတို့ကို တည်ငြိမ်အောင်ကြိုးစားရင်း စကားပြန်သည်။ အင်မတန် အနေခက်ပြီး စိတ်ကျဉ်းကျပ်သော အခြေအနေမျိုး ကြုံတွေ့နေရသဖြင့် ကိုယ် ချွေးပြန်လာသည်။

"မင်းက ဘယ်ရောက်နေလို့လဲ"

ကိုယ်က တီးတိန်ရောက်နေတာတွေ၊ နီလာကျော်နှင့် ပြန်တွေ့တာတွေ၊ အိမ်ရောက်ခဲ့ပုံတွေ မကောင်းတတ်သဖြင့် ပြန်ပြောပြနေရသည်။

"နီလာနဲ့ ပြန်တွေ့ရင် တို့ရဲ့ မင်္ဂလာသတင်းကို မင်းပဲ ပြောပြလိုက်တော့ကွာ၊ ရက်သေချာမှ စာရေးလိုက်မယ်"

"အငယ် အအေးသောက်ဦးလေ"



မမနွယ်က စကားတစ်ခွန်း ဝင်ပြောသည်။

ကိုယ်က ပြုံး၍ခေါင်းညိတ်ရင်း အအေးခွက်ကို ကိုင်သောက်လိုက်သည်။

အနေခက်ပြီး စိတ်ကျဉ်းကျပ်သဖြင့် ပြန်ချင်လာသည်။ လက်မှနာရီကို ကြည့်လိုက်တော့ နှစ်နာရီထိုးလုပြီ။ အအေးခွက်ကို ကုန်အောင် သောက်လိုက်ပြီး ...

"ငါပြန်ဦးမယ် သူငယ်ချင်း၊ မမနွယ် ကျွန်တော်ပြန်ဦးမယ်"

နှုတ်ဆက်စကားကိုပြော၍ ထဖို့ဟန်ပြင်သည်။

"နေစမ်းပါဦးကွ၊ တစ်ခါတလေ တွေ့ရတာ လောလှချည့်လား"

မောင်မောင်က လက်ကိုဆွဲ၍ ပြန်ထိုင်ခိုင်းသည်။

"မြင့်ဆွေကို ၃-နာရီမှာ လေဆိပ်ကို လိုက်ပို့ရမယ်"

"ဟာ ... ဒီကောင် ဘယ်သွားမလို့တုန်း"

"အင်္ဂလန်ကို M. Ed တွဲ့သွားယူမလို့"

"ဒီလိုဆိုတို့လည်း လိုက်ပို့မှာပေါ့ကွ။ သူငယ်ချင်းအရင်းအချာကြီးပဲဟာ။ သိနေမှတော့ လိုက်မပို့လို့ ဘယ်ဖြစ်မတုန်း"

"နွယ်လည်း လိုက်ခဲ့၊ အားတယ် မဟုတ်လား"

မမနွယ်ဘက်ကိုလည်း လှည့်ပြောလိုက်၏။

"နွယ် အားပါတယ်။ သွားကြတာပေါ့"

"တို့သူငယ်ချင်းတွေ အတူသွားပြီး နှုတ်ဆက်ကြမယ်ကွာ။ မြင့်ဆွေလည်း တို့ကိုတွေ့ရင် အံ့ဩသွားမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်၏ ရင်းနှီးခင်မင်သော သူငယ်ချင်းလေသံများကြောင့် ကိုယ့်ရင်ထဲတွင် သူငယ်ချင်း စိတ်ဓါတ်မျိုး ပြန်ဝင်လာသည်။ သူတစ်ပါးကို ပေးပြီးသားပစ္စည်းပဲ နှမြောဝမ်းနည်းမနေသင့်တော့ဘူးဟူသော အသိစိတ်ကလည်း ပြန်ဝင်လာသည်။ ပိုင်ရှင်မရှိတုန်း သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်မိခဲ့သော မိမိ၏စိတ်ကိုလည်း ဆိုဆုံးမနေရသည်။ ကိုယ်သည် လက်ရှိအခြေအနေကို အဆင်ပြေကောင်းမွန် ပျော်ရွှင်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းနေသည်။

သုံးယောက်စလုံး အဖေးခွက်ကိုကုန်အောင်သောက်၍ သွားဖို့ဟန်ပြင်သည်။ ကျသင့်ငွေကို ကိုယ်ကထုတ်ပေးမည်ပြုတော့ မမနွယ်က လက်ကာသည်။ သူ့ပိုက်ဆံအိတ်ထဲမှ ထုတ်၍ပေးလိုက်သည်။

မောင်မောင်က မမနွယ်ထမင်းဘူးကို ကောက်ကိုင်၍ယူလိုက်သည်။

ကိုယ့်ရင်ထဲတွင် ကျင်ကနဲဖြစ်သွားသည်။ သူကိုင်ယူနေကျ ထမင်းဘူးကို ကိုင်ယူပေးခွင့် မရတော့ပါလား၊ဟူသော အသိက ဝမ်းနည်းစိတ်ကို နှိုးဆွပေးလိုက်သည်။ မမနွယ်က ကိုယ့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အားနာသောအကြည့်ဖြစ်လိမ့်မည်ထင်သည်။

"ကဲ သွားကြရအောင်"

မောင်မောင်က ဦးဆောင်၍သွားသည်။ မောင်မောင့်ညာဘက်မှာ မမနွယ်။ ဘယ်ဘက်မှာက ကိုယ်။ မမနွယ်နှင့် သူ့ကြားထဲတွင် တစ်ယောက်ခြားခဲ့ပြီကို ကိုယ်ဝမ်းနည်းစွာ သတိပြုလိုက်မိတော့သည်။ ဝေးကြပြီပေါ့ မမနွယ်။

□ □ □

(၃၅)

လေဆိပ်ရောက်တော့ မြင့်ဆွေတို့ရောက်နှင့်နေပြီ။

ကိုယ်တို့ကို တွေ့သောအခါ မြင့်ဆွေ သိပ်အံ့ဩသွားသည်။ သူငယ်ချင်းတွေ မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရသဖြင့် ဝမ်းသာသွားပုံလည်း ရသည်။

"မင်းအတွက် ဂုဏ်ယူပါတယ် သူငယ်ချင်းရယ်။ မင်းသတင်းကို ကိုယ့်ဆီက ကြားလိုက်ရတာနဲ့ တို့လိုက်လာကြတာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က စတင်၍ ဝမ်းသာစကားဆိုသည်။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်။ တစ်ပြည်တစ်ရွာသွားခါနီးမှာ ခုလို ငယ်သူငယ်ချင်းတွေနဲ့ ပြန်တွေ့ခွင့်ရလိုက်ရတဲ့အတွက် သိပ်ဝမ်းသာပါတယ်"

မြင့်ဆွေက ကိုငယ့်ကို တစ်ချက်လှည့်ကြည့်သည်။ ပြီးတော့ နွယ်နွယ်ဝေ့ဘက်ကို လှည့်ကြည့်ရင်း ပြုံးပြလိုက်သည်။ နွယ်နွယ်ဝေက ပြန်ပြုံးပြသည်။ နွယ်နွယ်ဝေနှင့် မြင့်ဆွေ၊ မောင်မောင်နှင့် မြင့်ဆွေ တစ်လှည့်စီ စကားပြောနေကြသဖြင့် ကိုငယ်က မသိမသာ ခပ်ဖယ်ဖယ်လေးနေလိုက်သည်။ ထိုစကားဝိုင်းတွင် သူ မပါဝင်ချင်တော့။ ပြောစရာ စကားလည်း ရင်ထဲမှာ မကျန်ရှိတော့ပြီ။ ထိုအချိန် သူ့အနားကို ခင်မျိုးကြွယ်ရောက်လာသည်။

"ကိုငယ် မလာတော့ဘူးလို့တောင် ထင်တာ"

"မောင်မောင်တို့နဲ့ တွေ့နေလို့ အချိန်ကြာသွားခဲ့တယ်လေ"

"သူတို့ကံကောင်းကြတယ်နော်၊ အထက်တန်းကျောင်းသားဘဝထဲက ချစ်ခဲ့ကြတဲ့ ငယ်ချစ်တွေ။ အကြွယ်သိပါတယ်"

"တချို့ လူတွေက သိပ် ကံကောင်းကြပါတယ် အကြွယ်"

ကိုငယ်က ရင်ထဲမှာ ခံစားချက်ရှိနှင့်နေသဖြင့် သူ့စကားများသည် ခံစားမှုအပြည့်ရှိနေသည်။ ငေးမောရီဝေစွာကြည့်နေရင်း ဖြည်းဆေးစွာ ပြောသည်။



"ဟုတ်တယ်နော်။ ကိုယ်ချစ်နေတဲ့သူကို ကိုယ်ပိုင်ဆိုင်ခွင့်ရတာ အင်မတန်ကုသိုလ်ထူးတယ်လို့ ဆိုရမှာပဲ။ အကြွယ်လည်း ကံကောင်းချင်ပါတယ်၊ ဒါပေမယ့် ..."

အကြွယ်စကားစကို ဖြတ်လိုက်သည်။ ကိုငယ့်ကို မော့ကြည့်လိုက်၏။ ညိုးလျှရီဝေသော မျက်လုံးအစုံသည် မှိုင်းမှုန်နေ၏။ ကိုငယ်က သက်ပြင်းတစ်ချက်ကို ခိုးရှိုက်လိုက်ပြီး နွမ်းလျစွာ ပြန်စိုက်ကြည့်လိုက်သည်။

"အကြွယ်၊ မောင်မောင်တို့ကို သိပါတယ်နော်"

မြင့်ဆွေက အကြွယ့်ကို လှမ်းကြည့်ရင်း ပြောလိုက်တော့မှ သူတို့နှစ်ယောက်စလုံး ရင်ထဲမှ ခံစားမှုများကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

အကြွယ်က သူတို့အနီးသို့ ပြုံး၍လျှောက်သွားသည်။ ဟန်ဆောင်သောအပြုံးသည် တောက်ပရွှင်လန်းခြင်းမရှိမှန်း သိသာသည်။ ကိုငယ်ကပါ သူတို့ဘက်သို့ ပြန်လှည့်လိုက်သည်။

မြင့်ဆွေက အကြွယ်နှင့် မောင်မောင်တို့ကို မိတ်ဆက်ပြောဆိုပေးနေသည်။ မောင်မောင်တို့က သိနှင့်ပြီးသားဖြစ်ကြောင်း ပြောပြသည်။ မမနွယ်က အကြွယ့်ကို မြင့်ဆွေနှင့်တွဲ၍ တွေ့ရသည်ကို အံ့ဩနေဟန် တူသည်။ မြင့်ဆွေက ပိုင်ဆိုင်သည့်ပုံစံမျိုးပြောဆိုနေသည်ဟု သူမ သိနားလည်သောအခါ ကိုငယ့်အတွက် ဝမ်းနည်းသွားပုံရသည်။ အခြေအနေကို သိနားလည်သွားရသည့် ပုံစံမျိုးနှင့် ကိုငယ့်ကို ကရုဏာသက်စွာ လှမ်းကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂလန်က အင်္ဂလိပ်မချောချောလေးတွေ့ရင် တို့ကောင်ကြီးကိုယ်အတွက် ပါဆယ်ထုပ်ပို့လိုက်ပါကွာ"

မောင်မောင်က ကိုယ့်ကို နောက်လိုက်သည်။ မကောင်းတတ်၍ ပြုံးလိုက်ကြသော်လည်း မည်သူမျှ မရယ်ကြ။ အခြေအနေအားလုံးကို ရိပ်စားမိနေသော မြင့်ဆွေက ကိုယ့်အတွက် စာနာသနားနေမိသည်။ စိတ်အနေကျဉ်းကျပ်နေမည်ကို သူ တွေးမိပြီး ကိုယ်ချင်းစာမိ၏။ မမနွယ်ကလည်း ကိုယ့်အတွက် စိတ်မကောင်းဖြစ်နေရှာသည်။ ခင်မျိုးကြွယ်ကတော့ သူ့ ခံစားမှုနှင့် သူ ရှိနေမည်။

ဘာမျှသိရှိထားဟန်မတူသော မောင်မောင်ကတော့ ပွင့်လင်းရင်းနှီးခင်မင်သော လေသံဖြင့် ရယ်မောစရာများကို ပြောရင်း သဘောကျနေသည်။

ရင်နင့်ကြေကွဲစွာ ရပ်တည်နေရသော ကိုယ်အဖို့ စိတ်အနေကြပ်တည်းလွန်းလှ၏။ ခံစားမှုတွေကို လုံခြုံအောင် ချုပ်နှောင်ဖုံးဖိပြီး မသပ်ရပ်သော နှမ်းလျလျှော့ရဲသောအပြုံးဖြင့် မချိပြုံး ပြုံးရသည်။ ရင်ထဲမှာ ပြောစရာ စကားရှာမရသဖြင့် သူများပြောတာ နားခံထောင်နေရတော့သည်။

တော်ပါသေးရဲ့။ လေယာဉ်ပေါ် တက်ဖို့ ခရီးသည်တွေကိုခေါ် လိုက်တော့မှ စကားစတွေ ဖြတ်ကြသည်။ မြင့်ဆွေတစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်သည်။ အမေနှင့်အဖေကို ကန်တော့သည်။ ကိစ္စအားလုံးပြီးတော့ မြင့်ဆွေလေဆိပ်အတွင်း ခန်းထဲသို့ဝင်ရန် လှည့်ထွက်သွားသည်။ ခြေလှမ်းခြောက်လှမ်း လှမ်းပြီးမှ ခေတ္တရပ် သည်။ ကိုယ့်ဘက်ကို လှည့်ကြည့်ပြီး ...



"ကိုယ် ... ခဏ"

မြင့်ဆွေရှိရာ ကိုယ် လျှောက်လာသည်။ အနားကို ရောက်လာတော့ ကိုယ်လက်ကို ဆွဲကိုင်ဆုပ်ထားသည်။ မြင့်ဆွေ၏ လက်များသည် နွေးထွေးလှ၏။

"ကိုယ် သူငယ်ချင်း ... မင်းဘယ်လိုခံစားနေရတယ်ဆိုတာ ငါ စာနာ နားလည်ပါတယ်ကွာ။ ပိုင်ရှင်က သူ့ပစ္စည်းသူ ပြန်ယူသွားတဲ့အတွက် ဝမ်းနည်းမနေပါနဲ့တော့ကွာ။ မင်းရဲ့ လွမ်းအိပ်မက်ရှည်ကြီး ပြီးဆုံးသွားပြီလို့ သဘောထားလိုက်ပါ"

ကိုယ် ဘာတစ်ခွန်းမျှ ပြန်မပြောနိုင်။ ပြောစရာ စကားတွေ လည်ချောင်းဝတွင် တစ်ဆို့နေသလားပဲ။ သူ့တံတွေးကို ပြန်မြိုချလိုက်သည်။ ပြီးတော့မှ အိတ်ထဲမှ သူကိုင်နေကျ ဖောင်တိန်အနီလေးကိုထုတ်ပြီး မြင့်ဆွေကို ကမ်းပေးလိုက်သည်။ သူပေးသော ဖောင်တိန်သည် ခင်မျိုးကြွယ်လက်ဆောင်ပေးထားသော ဖောင်တိန်မှန်း မြင့်ဆွေသိထားသည်။

"မင်းအတွက် ငါ့ရဲ့လက်ဆောင်ပါ"

"ပြန်ယူထားပါ သူငယ်ချင်းရယ်။ မင်းပစ္စည်းကို ငါ မလိုချင်တော့ပါဘူး။ ဖြစ်ချင်တာ မဖြစ်နိုင်မှတော့ ဖြစ်သင့်တာ ပြန်စဉ်းစားဖို့ မင်းကို တိုက်တွန်းခဲ့ချင်တယ်"

ကိုယ် ခေါင်းကို ငုံ့နေသည်။ ဖိနပ်ဖြင့် ကြမ်းပြင်ကို ရှပ်တိုက်နေ၏။ ရင်ထဲမှ လိပ်တက်လာသောခံစားမှုများကို ဖိနှိပ်ချရင်း မြင့်ဆွေပြောသမျှ နားထောင်နေရသည်။

"အကြွယ်ကို မင်း ပြန်စဉ်းစားပါကွာ။ အကြွယ်က

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါစေ။ မင်းလည်း ထပ်ပြီး ကံမဆိုးချင်ပါနဲ့တော့။ ဟိုရောက်တော့မှ အကြွယ့်ဆီကိုလည်း ငါစာရေးလိုက်ပါဦးမယ်"

ကိုငယ် ခေါင်းကိုမော့သည်။ မြင့်ဆွေကို မယုံနိုင်စွာ ကြည့်မိသည်။ ပြီးတော့ ဖြည်းလေးစွာ ခေါင်းကိုခါ၏။ သို့သော်လည်း မြင့်ဆွေက အသိအမှတ် မပြု။

"သွားမယ်နော် သူငယ်ချင်း။ မင်းတို့ချင်း အဆင်ပြေပြီးကံကောင်းကြပါစေလို့ ဆုတောင်းပေးခဲ့ပါတယ်"

မြင့်ဆွေက ခြေလှမ်းကျဲကျဲနှင့် လှည့်ထွက်သွားသည်။ အားလုံးကို ပြုံးပြနှုတ်ဆက်သွား၏။

ကိုငယ်က မြင့်ဆွေကို အားယူပြုံးပြရင်း လက်ပြနှုတ်ဆက်ကျန်ခဲ့သည်။ မြင့်ဆွေနောက်ကျောသို့ ငေးစိုက်ကြည့်ရင်း ကျောက်ရုပ်သဖွယ် သူရပ်နေ၏။ လေယာဉ်ထွက်ခါနီး နှုတ်ဆက်ရန်အတွက် လေဆိပ်အပေါ်ထပ်သို့ တက်ကြသည်။ သူလည်း ရောယောင်ပါသွားသည်။ လေယာဉ်ပေါ်တက်ခါနီး နောက်လှည့်၍ မြင့်ဆွေ နှုတ်ဆက်လက်ပြသည်။ သူလက်ကို မြှောက်၍ ပြန်ဝှေ့ယမ်းပြမိ၏။ မြင့်ဆွေ လေယာဉ်ထဲဝင်သွားသည်။ မြင်ကွင်းကပျောက်သွားတော့ သူတိုက်ပုံအင်္ကျီအိတ်ထဲမှ အကြွယ့်လက်ဆောင်ဖောင်တိန်အနီလေးကို ယောင်ယမ်း၍ ကိုင်လိုက်မိသေးသည်။

ဩော် ... အိတ်ထဲမှာ အကြွယ့်လက်ဆောင်ဖောင်တိန်လေးရှိနေတုန်းပါပဲလား။ ရုတ်တရက် မမနွယ်ကို သူ သတိရ၍ လှည့်ကြည့်မိလိုက်၏။ သနားကရုဏာသက်စွာဖြင့် သူ့ကို စိုက်ကြည့်နေသော မမနွယ်ကို သူ တွေ့လိုက်ရတော့သည်။



မမနွယ်၏ တဖက်အကြည့်၌ပင် သူ့ရင်မှာ ထိနိုက်လှုပ်ရှားသွားခဲ့သည်။ ယခုထက်တိုင် မမနွယ်အပေါ် ထားခဲ့သည့် သံယောဇဉ် ခိုင်မြဲနေသေးသည်ကို သတိပြုမိလိုက်သည်။ ထိုအခါ ရင်ထဲတွင် စူးရှနာကျင်သွားမိသည်။ သို့သော်လည်း လွမ်းအိပ်မက်ကို ဆက် မမက်သင့်မှန်း သူ သိခဲ့ပြီ။

ထိုစဉ် လေယာဉ်သည် မြေပြင်မှ ပျံတက်စပြုပြီ။ ဘဝနှင့်ပတ်သက်လာလျှင် မတွေ့ဝေတတ်သော မြင့်ဆွေတစ်ယောက် ပါသွားခဲ့ပြီ။ မြင်ကွင်းမှပျောက်သွားသည်အထိ တွေဝေစွာ သူရပ်ကြည့်နေမိ၏။ ထို့နောက် တစ်စုံတစ်ရာကို သူနက်နဲစွာ တွေးပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

မကြာမီ ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုဖြင့် ချာကနဲ သူလှည့်ထွက်သွားသည်။ မမနွယ်က သူ့ကို ကရုဏာသက်စွာဖြင့် စိုက်ကြည့်ကျန်ရစ်သည်။ အကြွယ်က လွမ်းမောရီဝေစွာ ငေးကြည့်နေ၏။

မည်သူ့ကိုမှ လှည့်မကြည့်တော့ဘဲ လေဆိပ်အပြင်ဘက်သို့ သူ ထွက်လာသည်။

အပြင်ဘက်တွင် မြင့်ဆွေပြောသည့် ကြည်လင်သောမိုးကောင်းကင်ကြီးကို သူ လှမ်းမြင်လိုက်ရ၏။ ကာလရှည်ကြာစွာ မက်ခဲ့သော သူ၏ လွမ်းအိပ်မက်တို့ ပျက်ပြယ်သွားခဲ့ပြီ။ သူ့စိတ်တွေလည်း ကြည်လင်လန်းဆန်းသွားတော့၏။

**ထိုအခါ လွန်ခဲ့သော တစ်ညနေက မြင့်ဆွေပြောခဲ့သော စကားအချို့ကို သူ ပြန်အမှတ်ရနေမိတော့သည်။**

www.burmeseclassic.com

www.burmeseclassic.com



"ကြည်လင်တဲ့ မိုးကောင်းကင်ကြီးလို တို့ဘဝအမြင်တွေ ကြည်လင်နေဖို့လိုတယ်။ ဒါမှလည်း တို့လုပ်ဆောင်ချက်တွေဟာ အဓိပ္ပာယ် ရှိတော့မှာပေါ့"

ထိုစကားများသည် သူ့ဘဝ၏ လမ်းညွှန်ဖြစ်လိမ့်မည်ဟု သူ သိရှိသဘောပေါက်ခဲ့ပြီ။

□ □ □

## (၃၆)

ညနေဆည်းဆာသည် ရွှေဇိုရောင် တောက်ကာ အလွန် လှပနေ၏။ ရန်ကုန်မြစ်အတွင်းမှ ဖြတ်သန်းတိုက်ခတ်လာသော ညင်းလေပြည်သည် အေးမြမြရှိလှသည်။ ဒလဘက်သွားသော သင်္ဘောကြီးနောက်သို့ ပျော်ရွှင်စွာ ဟစ်ကြွေးပြီး တကောက်ကောက်လိုက်ပါသွားသည့် ငှက်စင်ရော်တို့ကို ကြည့်ရသည်မှာ ကြည်နူးစရာကောင်းလှသည်။ သည်ကြားထဲ ရှိုင်းစီးနေသော စင်ရော်လေးတွေမြင်တော့ သူတို့ ဘဝတွေဟာလပ်ငြိမ်းချမ်းနေသည်ကို အာရုံကျနေမိသေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုငယ် ... မင်း မှာထားတာတွေ များလှပြီ။ တို့နှစ်ယောက်ထဲ ဘယ်စားလို့ ကုန်မှာလဲကွ"

မြင့်ဆွေစကားကြောင့် ရန်ကုန်မြစ်၏ မြင်ကွင်းကို ကြည့်ကာ အတွေး စီးကြောင်းထဲမျောပါသွားနေသော ကိုငယ်သည် ရွှေဘဲစားတော်ဆက်၏ စားပွဲဝိုင်းနေရာသို့ ပြန်ရောက်လာသည်။

"ကိုယ့်ချစ်ခင်သူ၊ ကိုယ့်ကျေးဇူးရှင်ကို ဂုဏ်ပြုဧည့်ခံတဲ့ အခမ်းအနားမှာ အခုထက်ပိုပြီး ကျွေးသင့်ပါသေးတယ်ကွာ။ တစ်မျိုးကို နည်းနည်းစီနဲ့ မင်းစားနိုင်သလောက်သာ စားပါ"

"မင်း ... အခု မှာထားတာတွေ ခန့်မှန်းကြည့်ရင် ငါ့ရဲ့ အသက်တန်းကျောင်းအုပ်ကြီးလစာ တစ်နှစ်စာလောက်ရှိမှာကွ။ ပြီးတော့ တို့နှစ်ယောက်ထဲ ဘယ်စားလို့ ကုန်မှာလဲကွာ"

"သူငယ်ချင်းရယ် ... ငါ အခုလို မင်းကိုကျွေးမွေးနိုင်တာ မင်းရဲ့ ကျေးဇူးကြောင့်ပါပဲ။ မင်းကို အခုလို ကျွေးမွေးပြုစုခွင့်ပြန်ရခဲ့တာကိုပဲ ငါ အရမ်းဝမ်းသာနေပါပြီ။ ငါ ဝမ်းသာကြည်နူးစိတ်နဲ့ မင်းကို ဧည့်ခံကျွေးမွေးနေတဲ့အခါမှာ ငွေစက္ကူ ကိန်းဂဏန်းတွေကို ငါ မရေတွက်ပါရစေနဲ့။ မင်းလည်း ကိန်းဂဏန်းတွေကို မေ့ပြီး တို့သူငယ်ချင်းနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် စားသောက်ကြရအောင်ပါ။

"အိုကေ ... ဒါ အမှန်ပဲ၊ ဒီတစ်ညနေကိုတော့ တို့သူငယ်ချင်းနှစ်ယောက် ပျော်ရွှင်ဖွယ် သိမ်းပိုက်မယ်"

"မင်း ... ဘီယာသောက်မလား၊ ဝီစကီသောက်မလား"

"နှစ်မျိုးစလုံး ငါမသောက်။ ကိုကာကိုလာအေးရည်ပဲ



သောက်မယ်၊ ဘာလဲ၊ မင်းမေ့နေပြီလား။ ကျောင်းတုန်းက ငါ အရက်သောက်ပြီး မူးလဲလို့ ငါ့ကို ခွေးနဲ့နှိုင်းပြီး ပက်ပက်စက်စက် မင်း ပြောခဲ့တာတွေလေ"

"မမေ့ပါဘူးကွာ။ ငါ အားလုံးမှတ်မိနေပါတယ်။ ဒါပေမယ့် မင်းအင်္ဂလန်မှာ ပညာသွားသင်ခဲ့တဲ့သူဆိုတော့ အနည်း အပါးလောက်များ သောက်ဦးမလားလို့ပါ"

"အဲဒီကတည်းက အရက်ကို ငါမသောက်ခဲ့တာ အခုထိပါပဲ။ မင်းသောက်ချင်ရင် သောက်ပါ၊ ငါ့ကို အားမနာပါနဲ့။ ငါတော့ အချိုရည်နဲ့လည်း စိုပြည်နိုင်တယ်နော်"

"ငါ အရက်မကြိုက်ဘူး၊ သောက်လည်း မသောက်ဘူး။ မင်းသိပါတယ်။ ဖျော်ရည်အမှတ်နဲ့ ဘီယာတော့ နည်းနည်း ပါးပါးသောက်တယ်။ ဘီယာလည်း တစ်ပုလင်းလောက်ပဲ သောက်နိုင်တာပါ"

"ကဲ ... ကိုယ်ကြိုက်တာ ကိုယ်မှာသောက်ပြီး ဇာတ်စုံခင်းကြရအောင်၊ မင်းအရင် စပြောမလား၊ ငါအရင် စပြောရမလား"

မြင့်ဆွေက ကိုငယ့်ကို ပုစွန်ကင်တစ်ကောင် လှမ်းနိုက်ရင်းမေးလိုက်သည်။

ကိုငယ်က ဘီယာလှမ်းမှာရင်း ...

"မင်းဖြတ်သန်းခဲ့ရတဲ့ ဘဝတွေကို အရင်စပြော၊ ငါ နားထောင်ချင်လှပြီ"

"ငါ အင်္ဂလန်ကို M.Ed ဘွဲ့ သွားယူတယ်။ ကိုယ့်ဇာတိမြေကို အလုပ်အကျွေးပြုရမယ်ဆိုတဲ့ ဘဝအမြင်နဲ့ ပြန်လာပြီး အထက်တန်းကျောင်းအုပ် လုပ်နေတယ်။ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ငါသိချင်တာ ဒါတင်မကသေးဘူးလေ။ မင်းနဲ့ စေ့စပ်ထားတဲ့ ခင်မျိုးကြွယ်နဲ့ ရသလား၊ ဒါမှမဟုတ် နီလာကျော်နဲ့ အဆင်ပြေသွားပြီး ယူဖြစ်သလား။ မင်း သားသမီးတွေ ဘယ်အရွယ်ရောက်ကုန်ကြပြီလဲ၊ ဒါတွေ ငါသိချင်တာ"

"မင်း ... ဒါတွေတောင် ဘာမှ မှသိပါလား။ တို့တွေဟာ ဒီလောက်တောင်ပဲ အဆက်ပြတ်သွားရသလား။ အေး လေ ... မင်းက ဇာတ်မြှုပ်ပြီး နာမည်အသစ်တစ်မျိုးနဲ့ လှုပ်ရှားနေလေတော့ ဘယ်သိတော့မှာလဲ။ အခုတောင် မင်းစာအုပ်ထဲက လိပ်စာကြည့်ပြီး မင်းမှ ဟုတ်ရဲ့လားလို့ စမ်းတဝါးဝါးလာရတာကွ။ မင်းကလည်း ဇာတ်မြှုပ်ပြီးနေနိုင်လိုက်တာကွာ။ ငါလို အချစ်ဆုံး သူငယ်ချင်းကိုတောင် မဆက်သွယ်ခဲ့ဘူး"

"ပြောတော့ သူငယ်ချင်း ... မင်းအပြစ်တင်ရင်လည်း ခံရမှာပဲ။ ငါ အားလုံးကို မေ့ပစ်လိုက်ချင်လို့ပါ။ ဒါပေမယ့် မင်းတို့ကို မေ့လို့မရပါဘူး။ တစ်ခါတစ်ခါ ငါ အရမ်းလွမ်းတာပဲ။ မင်းတို့နဲ့ သိပ်တွေ့ချင်တာပဲ။ ဒါပေမယ့် ငါလိုချင်တဲ့ အောင်မြင်မှုမျိုး [illegible]သေးလို့ မင်းတို့ကို ငါလိုက်မရှာသေးတာပါ။ တစ်နေ့နေ့မှာ မင်းတို့ကို လိုက်ရှာပြီး တွေ့ဖို့ ငါ့မှာ ရည်ရွယ်ချက် ရှိပြီးသားပါ"

ကိုငယ်က စားပွဲထိုးထည့်ပေးထားသော ဘီယာခွက်ကို လှမ်းကိုင်ရင်း ပြောလိုက်သည်။

"သိပ်လည်း လောဘမကြီးပါနဲ့ကွာ။ အခုဆို ရန်ကုန်မြို့လယ်ခေါင်မှာ ဖုန်းတစ်လုံး၊ ရုံးတစ်ရုံး၊ ဝန်ထမ်း ၄-ယောက်နဲ့ မဂ္ဂဇင်းနှစ်ခု ထုတ်ဝေပြီး အောင်မြင်တဲ့ စာရေးဆရာဖြစ်နေတဲ့ မင်းဘဝကို မင်း ကျေနပ်သင့်ပါပြီ။ ငါ စာအုပ်ဆိုင်တွေရောက်



တော့ မင်းစာအုပ်တွေ ရောင်းကောင်းတာ ကြားပါတယ်။ ငါ့ဆရာ၊ ဆရာမတွေရော ငါ့တပည့်တွေပါ မင်းမဂ္ဂဇင်း၊ မင်းဝတ္ထုတွေဖတ်ကြတယ်။ မင်းစာအုပ် တစ်အုပ်ထွက်တာနဲ့ စာအုပ်ဆိုင်အပြေးသွားဝယ်ကြရသတဲ့။ နောက်ကျရင် ကုန်သွားလို့ မဖတ်ရတော့ဘူးလို့ ငါ့တပည့်တစ်ယောက်က ပြောဖူးတယ်။ မင်းအလုပ်ထွက်ပြီး စာပေနယ်ထဲဝင်ခဲ့တာ သိပ်မှန်တယ်"

မြင့်ဆွေက ကိုကာကိုလာ တစ်ငုံသောက်ရင်း ပြောလိုက်၏။

"မင်းက ငါ့အကြောင်းတွေ သိလှချည့်လား"

"သိဆို ပြောတဲ့သူ ရှိတာကိုးကွ။ မင်းအကြောင်းကို ငါလို သိတဲ့သူ တစ်ခြားတစ်ယောက်ရှိသေးတယ်"

မြင့်ဆွေက စကားကိုဆက်မပြောသေးဘဲ ရပ်ထားလိုက်သည်။ ကိုငယ်ကလည်း ပြန်မမေးဘဲ ဘီယာကိုဖိမ်ခံပြီး မြိန်နေ၏။

"မင်းအကြောင်းကိုသိတဲ့ အခြားတစ်ယောက်ဆိုတာ ဘယ်သူလဲလို့ ငါ့ကို ပြန်မေးဦးလေကွာ"

"ငါ ... မမေးချင်တော့ပါဘူးကွာ။ အရာရာဟာ အားလုံးပြီးဆုံးသွားခဲ့ပြီပဲ။ သိချင်နေတာ မင်းအကြောင်းပါပဲ"

ကိုငယ်က ရှင်လန်းတက်ကြွမှုတွေ ကွယ်ပျောက်ပြီး အေးစက်တည်ငြိမ်စွာ စကားပြန်သည်။

"ကောင်းပြီလေ ... မင်း သိချင်တဲ့ ငါ့အကြောင်းကိုပဲ =ငါပြောပါတော့မယ်"

"ငါ ... အင်္ဂလန်ရောက်တော့ အဲဒီမှာ ပညာတော်သင်

www.burmeseclassic.com

www.burmeseclassic.com



အတူလာတဲ့ ဆရာမတစ်ယောက်နဲ့တွေ့တယ်။ သူ့ရဲ့ ရဲတင်းသွက်လက်မှု၊ ခေတ်ဆန်မှု၊ ပွင့်လင်းမှုတွေကြောင့် ငါ သူ့ကို အရမ်းကြိုက်သွားမိတယ်။ အဲဒီ အချိန်မှာ အနောက်တိုင်းဆန်တဲ့ အယူအဆတွေကို ငါက ခပ်ကြိုက်ကြိုက် ဖြစ်နေတာကိုး။ သူက ငါ့ရဲ့ ရိုးသားမှု၊ သိမ်မွေ့မှု၊ ကြိုးစားမှု၊ ရုပ်ရည်သန့်ပြန့်မှုတွေကို ကြိုက်ခဲ့တယ်။ တစ်ယောက်မှာမရှိတဲ့ အရည်အချင်းတွေကို တစ်ယောက်က လိုချင်ပြီး ကြိုက်နှစ်သက်တဲ့ သဘောပါပဲ"

မြင့်ဆွေက ပေါင်းထားသော ဂဏန်းကောင်၏ လက်မတစ်ချောင်းကို မဲ့ရင်း ပြောနေ၏။

ကိုငယ်က လက်ကျန်ဘီယာခွက်ကို အပြတ်မော့လိုက်ပြီး မြင့်ဆွေကို စိုက်ကြည့်နားစွင့်နေမိ၏။

"တိုတိုပြောရရင်တော့ တို့နှစ်ယောက် ညားကြလေသတည်းပေါ့ကွာ"

"မြင့်ဆွေ ... မင်းပြောတော့ မိန်းမဆိုတာ ကိုယ့်အိတ်ထဲမှာချိတ်ထားတဲ့ ဖောင်တိန်တစ်ချောင်းလို့ပဲဆို၊ အသုံး...ရ...ဖြုတ်သုံးပြီး အသုံးမလိုတဲ့အခါ ပြန်ချိတ်ထားလိုက်ရုံပဲဆို"

"ဟုတ်တယ်ကွ၊ ယောကျ်ားတွေဟာ အဲဒီလိုဝဲ စကားကြီးစကားကျယ်တွေ ပြောတတ်ကြတယ်။ ဒါပေမယ့် တကယ့်ကို ချောမောလှပသွက်လက်၊ ခေတ်ဆန်တဲ့ မိန်းမတွေနဲ့ နဖူးတွေ့ ဒူးတွေ့တွေ့တဲ့အခါ မူးမေ့သွားတော့တာပါပဲကွာ။ ငါလည်း အဲဒီလို ယောကျ်ားမျိုးဖြစ်ခဲ့တယ်"

"ဒါဆို မင်းနဲ့ ရောစပ်ထားတဲ့ ခင်မျိုးကြွယ်နဲ့ မယူဖြစ်တော့ပေါ့"



"တို့က နဖူးစာ မပါဘူးထင်ပါရဲ့ကွာ။ သူကလည်း မင်းကိုပဲ ချစ်နေတာဆိုတော့ ငါနဲ့ အဆင်မပြေတာ သိပ်ကြေကွဲပုံတော့ မပေါ်ပါဘူး။ ရက်တဲ့ စိတ်တစ်ခုပါပဲ။ အဲဒီရက်တဲ့ စိတ်နဲ့ပဲ ငါနဲ့ဝေးရာထွက်ပြေးသွားခဲ့တာ အခုထိပါပဲ။ မန္တလေး ဘက်ရောက်နေတယ်လို့တော့ ကြားရတယ်။ ငါလည်း မစုံစမ်းတော့ပါဘူး"

"ဒါဆို နီလာကျော်နဲ့လည်း မင်း ပြန်မတွေ့တော့ဘူးပေါ့"

ကိုငယ်က ကြက်သားသုတ်တစ်ဖတ်ကို တူဖြင့်နှိုက်စားရင်း မေးလိုက်သည်။

"သူတို့ မင်္ဂလာဆောင် ငါ့ကို ဖိတ်လို့ ငါသွားခဲ့ပါတယ်၊ သူ့အိမ်က ပေးစားတဲ့ ဆရာဝန်တစ်ယောက်နဲ့ ယူသွားလေရဲ့"

"ကောင်းပါ့ကွာ။ သူ့အစ်ကို မောင်မောင်ရော ..."

ကိုငယ် ဆက်မေးမည်ပြုပြီးကာမှ စကားကိုရပ်ပစ်လိုက်သည်။ အာရုံကို ပြန်ပြောင်းချင်သည့် သဘောနှင့် ဘီယာတစ်ခွက်ကို မော့ချလိုက်သည်။

မြစ်ဘက်ကတိုက်ခတ်လာသော လေညင်းကလေးက ကိုငယ့်ဆံစကလေးကို ဆော့ကစားသွားလိုက်၏။ ဖွာကျသွားသော ဆံစလေးများကို လက်ဖြင့် သိမ်းအုပ်ပြီး ကိုငယ် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။

"သူငယ်ချင်း အချင်းချင်းသိုသိပ်မနေစမ်းပါနဲ့ကွာ။ ခင်း ... မမနွယ်အကြောင်း သိချင်နေပြီ မဟုတ်လား။ အသားသိုလို့ အရိုးတောင်းပြီး မင်း မောင်မောင့်အကြောင်းကို မေး

www.burmeseclassic.com

www.burmeseclassic.com



နေတာ ငါ သိပ်သိတာပေါ့။ ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေပဲကွာ။ ဟန်ဆောင်မနေစမ်းပါနဲ့၊ ပွင့်ပွင့်လင်းလင်းပေါ့"

ကိုယ်က ဘာမှ ပြန်မပြော။ ဆိတ်ဆိတ်နေ ဝန်ခံနေသည့်သဘော။

"မောင်မောင်နဲ့ မမနွယ် မရခဲ့ကြဘူး။ သူတို့လည်း ဖူးစာမပါဖူးထင်ပါရဲ့ကွာ"

"ဘာ ... မောင်မောင်နဲ့ မမနွယ် မယူဖြစ်ကြဖူး၊ ဟုတ်လား ... ဘာဖြစ်လို့လဲ။ ဘာဖြစ်သွားကြတာလဲ"

ကိုယ် အံ့ဩစိတ် ပြင်းပြသော သိချင်စိတ်များနှင့် အလောတကြီး မေးလိုက်သည်။

"ဟား ... ဟား ... ဟား ပစ်မှတ်မှန်တဲ့သားကောင်၊ ခေါင်းထောင်ကြည့်တယ်ဆိုတာ ဒါမျိုးပဲထင်ပါရဲ့"

မြင့်ဆွေက အားရပါးရ ရယ်မောရင်း ကိုယ့်ကို စကားဖြင့် ကလိနေတော့သည်။ ကိုယ်က အရက်ပြေ ဇရှည်ခြောက်စိပ်တစ်ဖတ်ကို လှမ်းယူပြီး ဝါးနေမိသည်။ ဘီယာခွက်ကို သောက်ဖို့ကြည့်လိုက်တော့ ခွက်ထဲမှာ နည်းနည်းလေးပဲကျန်တော့သည်။ ကိုယ်က စားပွဲထိုးကောင်လေးကို လှမ်းခေါ်ပြီး ဘီယာဖြည့်ခိုင်းလိုက်သည်။

"အေးလေ ... မင်းက ငါ့အကြောင်းပဲ သိချင်တယ်ဆိုတော့ ငါ့အကြောင်းပဲ ပြောပါတော့မယ်"

မြင့်ဆွေက မထိတထိ ကလိနေတော့သည်။ ကိုယ် မမနွယ်အကြောင်း သိချင်နေမှန်းသိ၍ တမင်မပြောဘဲ စကားလမ်းကြောင်းလွှဲလိုက်သည်။ ကိုယ် သိသိချည်းနှင့် ခံနေရ၏။



"မင်းပြောချင်တာ ပြောပါကွာ။ မင်းပြောသမျှ ငါ အားလုံးသိချင်နေပါတယ်"

ကိုယ်က သူသိချင်နေပြီဖြစ်ကြောင်း စကားအစွန်းအစပြလာသည်။ ထိုစဉ် မြင့်ဆွေ စားပွဲမှထပြီး ဝရန်တာလက်တန်းပေါ်သို့ လက်သွားထောက်ပြီး မြစ်ဘက်သို့ ငေးကြည့်နေသည်။

သူတို့စားပွဲသည် ရွှေဘဲစားတော်ဆက်၏ ဝရန်တာ လဟာပြင်ကွက်လပ်ဖြစ်သဖြင့် မြစ်၏ အလှကို အရသာခံစားနိုင်လေသည်။ မြစ်ကမ်းနဖူးတွင် တည်ရှိနေသောကြောင့် ရွှေဘဲစားတော်ဆက်သည် အမြဲလို လူစည်ကားနေတတ်၏။

မြင့်ဆွေက ကိုယ်ဘက်သို့ ပြန်လှည့် လာသည်။ ကိုယ်က ဘဲကင်တစ်ဖတ်ကို ကိုက်ရင်း မြင့်ဆွေစကားကို နားစွင့်နေပုံရသည်။

"မမနွယ်လည်း ကံဆိုးတယ်ကွာ။ သူတို့ယူတော့မယ်လုပ်ပြီး ဖွင့်ပြောတော့မှ မောင်မောင့်အဖေကြီးက သဘောတူဘူးတဲ့။ သူတို့ သဘောတူထားတဲ့သူ ရှိသတဲ့။ မမနွယ်က မောင်မောင့်ကို ဘာလုပ်မှာလဲလို့မေးတော့ မောင်မောင်က အူတူတူလုပ်နေတယ်။ အဖေ့ကို ငယ်ငယ်ကတည်းက ကြောက်လာရလို့ အဖေ့ကို ဆန့်ကျင်ပြီး ပြန်မပြောရဲဘူးတဲ့။ ဒီ မှာတင် မမနွယ် ဒေါသတွေပေါက်ကွဲပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက် ချနိုင်စွမ်းမရှိတဲ့ ရှင်လိုယောကျ်ားမပီသတဲ့ ယောကျ်ားမျိုးကို အိမ်ဦးနတ်အဖြစ် ကျွန်မ မကိုးကွယ်နိုင်ဘူးဆိုပြီး စွန့်ခွာသွားတော့တာပဲ။ အခုတော့ နယ်ကောလိပ်တစ်ခုမှာ ကထိကလုပ်ရင်းနဲ့ တရားဓမ္မနဲ့ ပျော်မွေ့နေရှာနေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေကွာ။ မမနွယ်တော့ သိပ်စိတ်ဆင်းရဲရှာမှာပဲ"

ကိုငယ်က စိတ်မကောင်းစွာ ပြန်ပြောသည်။

"ကံကြမ္မာက ဒီလိုပါလာခဲ့တာကိုး"

မြင့်ဆွေကလည်း သက်ပြင်းကိုချရင်း မှတ်ချက်ချပေးလိုက်သည်။

"မမနွယ် စိတ်ဆင်းရဲခဲ့သလို မင်းလည်း စိတ်ဆင်းရဲခဲ့သေးသလား"

"မင်း နိုင်ငံခြားသွားတဲ့နေ့မှာပဲ ငါ့ဘဝအမြင်တွေ ပြောင်းပစ်ခဲ့တယ်။ ငါ့ဘဝရဲ့ တိုးတက်မှုအတွက်၊ ပြီးတော့ လူလောကကြီးကို ကျေးဇူးဆပ်ဖို့အတွက် အသက်ရှင်ရှန်းကန်နေခဲ့ရတာ အခုထိပါဘဲ။ စိတ်ဆင်းရဲချိန်လေးတောင် မရခဲ့ပါဘူးကွာ။ မင်းပြောခဲ့ဖူးသလို မသေခင်မှာ လူမှုရေး၊ နိုင်ငံရေး၊ စာပေယဉ်ကျေးမှုစတဲ့ သမိုင်းမျက်နှာစာတစ်ခုခုမှာ ငါနာမည်စာတစ်ကြောင်းကျန်အောင် ကြိုးစားနေတယ်ဆိုရင် မင်း အံ့သြသွားမှာလား"

"အခုတော့ မအံ့သြတော့ပါဘူးကွာ။ တို့နှစ်ယောက်ဟာ ဘဝအပေါ်မှာထားတဲ့ အမြင်ချင်းတူနေကြပြီပဲ။ လှုပ်ရှားမှု ယုံကြည်မှုခြင်းလည်း တူရမှာပေါ့ကွာ။ အခုလို မင်းဘဝ တိုးတက်မြင့်မားသွားတာ ငါ အရမ်းဝမ်းသာတယ် သူငယ်ချင်းရယ်"

"မင်းဟာ တစ်ခါတုန်းကလို အားငယ်စိတ်၊ သိမ်ငယ်စိတ်တွေနဲ့ ဘဝကို စိတ်ပျက်ပြီး အသက်ရှင်နေတဲ့ သူ မဟုတ်တော့ဘူးနော်"

"အဲဒါ မင်းနဲ့ မမနွယ်တို့ရဲ့ ကျေးဇူးတွေပဲလေကွာ"



"ဘာ ... မမနွယ်နဲ့ ငါရဲ့ ကျေးဇူး။ ဟုတ်လား ... ကိုငယ် မြစ်ဘက်ကိုငေးပြီး တွေးတွေးဆဆပြောလိုက်၏။

"ဟုတ်တယ်လေကွာ၊ ငယ်ငယ်တုန်းက မမနွယ်က ငါ့ကို အထင်မကြီးခဲ့လေတော့၊ တစ်နေ့ကျ သူ အထင်ကြီးရတဲ့ သူမျိုးလုပ်ပြမယ်လို့ ငါ ဆုံးဖြတ်ပြီး ကြိုးစားခဲ့တာပဲ။ ဒါတောင် အလယ်ခေါင်မှာ သူ့ကို စွဲလမ်းပြီး စမ်းတဝါးဝါးဖြစ်နေလို့ မင်းက လမ်းဖြောင့်ပေးခဲ့ရသေးတယ်လေ။ မင်း နိုင်ငံခြားမသွားခင်ညမှာ ပြောခဲ့တဲ့စကားတွေဟာ ငါ့ဘဝရဲ့ လမ်းညွှန်စကားတွေဖြစ်ပြီး အိပ်မက်ထဲမှာ လွမ်းခဲ့ရတဲ့ ငါ့အလွမ်းတွေအားလုံး ကြည်လင်တဲ့ မိုးကောင်းကင်ကြီးအောက်မှာ လွင့်ပျောက်သွားခဲ့တယ်။ ငါ့ ဘဝကို ကြည်ကြည်လင်လင် ပြန်မြင်ပြီး မဆုတ်မနစ် ကြိုးစားခဲ့လို့ အခုလို အခြေအနေမျိုးရောက်ခဲ့ရတာပါပဲကွာ။ အဲဒါ မင်းတို့ ကျေးဇူးပါပဲ"

မြင့်ဆွေလည်း စားပွဲမှထပြီး ကိုငယ့်နားကို ရောက်လာသည်။

"တို့တွေဟာ လူငယ်ဘဝမှာ ချစ်ခဲ့ကြ၊ လွမ်းခဲ့ကြ၊ ဝမ်းနည်းခဲ့ကြ၊ ပျော်ရွှင်ခဲ့ကြနဲ့ သူတစ်ပါးကို မနစ်နာ မထိခိုက်စေဘဲ လူငယ်ဘဝကို အပြစ်ကင်းစွာ ဖြတ်သန်းခဲ့တာတွေဟာ ခုတော့ အိပ်မက်ထဲက အလွမ်းတွေလိုပါပဲ။ နောက်တစ်ခါ လိုချင်လို့ အိပ်မက်ပြန်မက်လို့မရတော့ဘူးလေ။ ခုတော့ ... မင်းလည်း အဲဒီ အိပ်မက်အလွမ်းတွေပျောက်ပြီး နောက်တစ်ယောက်နဲ့ ပျော်နေပြီလားကွာ။ ပြီးတော့ ဇနီးမယား၊ သမီးသားတွေ အကြောင်းကော ပြောပြနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



ကိုငယ့် ပခုံးကိုကိုင်ပြီး မြင့်ဆွေကမေးလိုက်တယ်။

"ငါ ... မမနွယ်ကို အပြစ်ကင်းတဲ့ချစ်ခြင်းနဲ့ တစ်သက်လုံး သန့်သန့်ရှင်းရှင်း ချစ်နေတယ်။ ငါ့ ရင်ထဲမှာ ဘယ်သူ့ကိုမှ အစားထိုးလို့ မရခဲ့ပါဘူးကွာ။ သူတစ်ပါးကို ဒုက္ခပေးသလိုမျိုး ဖြစ်မှာစိုးလို့ ဘယ်သူ့ကိုမှ ငါ လက်မထပ်ခဲ့ဘူး"

"ဟာ ... ဒါဆို အိုကေ။ အခုအချိန်မှာ မင်းတို့နှစ်ယောက်က လူပျိုကြီး အပျိုကြီးတွေဖြစ်နေကြသေးတယ်ဆိုတော့ ငါ အောင်သွယ်ပေးလို့ အဆင်ပြေနိုင်တယ်။ ပြီးတော့ မင်းအကြောင်းတွေအားလုံး မမနွယ်က သိနေတယ်။ မင်းကို လာမတွေ့ပေမယ့် ငါ့ကိုတော့ ပြောတယ်။ မင်းဟာ သိပ်ကိုမြင့်သွားပြီတဲ့။ ငယ်ငယ်တုန်းကလို စိတ်အားငယ်တတ်တဲ့ ကောင်လေးမျိုး မဟုတ်တော့ဘူးတဲ့။ မင်းရဲ့ စာတွေဖတ်ပြီး မင်းကို မချီးကျူးမလေးစားဘဲ မနေနိုင်ပါဘူးတဲ့။ မင်း မမနွယ်ကို သွားတွေ့ကွာ၊ ပြီးတော့ ယူလိုက်။ အချိန်မီသေးတယ်"

"မြင့်ဆွေ ... မင်းပြောတဲ့ စကားတွေကို မင်းမေ့ပြီပေါ့ နော်"

"ပြောခဲ့တာတွေ အများကြီးဆိုတော့ ဘယ်မှတ်မိမှာလဲကွ"

"တစ်ခါတုန်းက မင်းပြောခဲ့ဖူးတယ်လေကွာ။ တစ်စုံတစ်ယောက်ကို စွဲလမ်းတမ်းတတဲ့အချစ်ကနေ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချစ်တဲ့အချစ်၊ ကိုယ့်ဘာသာ စာပေယဉ်ကျေးမှုကို မြတ်နိုးတဲ့အချစ်မျိုး ပြောင်းလဲသင့်သတဲ့။ စွဲလမ်းတမ်းတခြင်းနဲ့ အချိန်မဖြုန်းဘဲ အလုပ်လုပ်ခြင်းနဲ့ အချစ်ကို သက်သေပြသင့်သတဲ့။ မင်း ပြောခဲ့တယ်လေ။



"အေး ... ဟုတ်တယ်၊ ငါပြောခဲ့ဖူးတယ်၊ မှတ်မိပြီ"

"အခု ငါ့အချစ်တွေကို တစ်စုံတစ်ယောက်ကို စွဲလမ်းတဲ့အချစ်တနေ နိုင်ငံနဲ့ လူမျိုးကိုချစ်တဲ့ အချစ်မျိုး ပြောင်းပစ်လိုက်ပြီ။ ငါ လူငယ်တွေကို ချစ်တယ်။ သူတို့ ဘဝ တိုးတက်မြင့်မားဖို့ ဉာဏ်စွမ်းရှိသရွေ့ ငါကြိုးစား ကူညီနေတယ်။ အဲ့ဒီ အလုပ်နဲ့ပဲ ငါ ရှုပ်နေတယ်။ မမနွယ်ကိုတော့ အစ်မတစ်ယောက်လို သန့်သန့်ရှင်းရှင်းနဲ့ အပြစ်ကင်းစွာ ငါချစ်သွားမှာပါ"

"မမနွယ်ဘက်က မင်း မစဉ်းစားပေးတော့ဘူးလား"

"မမနွယ်ကလည်း ငါ့လိုစိတ်မျိုးနေမှာပါ။ သူ့ရင်ထဲမှာလည်း မောင်မောင်ကလွဲလို့ ဘယ်သူမှ ရှိမှာမဟုတ်ပါဘူး။ အစားထိုးလို့မရတဲ့ အချစ်မျိုးနဲ့ မောင်မောင့်ကို သူ ချစ်ခဲ့ပြီးပြီလေ။ သူ့အတွက်နဲ့ စိတ်ဂယောက်ဂယက် ပြန်ဖြစ်မှာစိုးလို့ ငါ့ကို အဆက်အသွယ် မလုပ်ခဲ့တာနေမှာပါ။ ငါ နားလည်ပါတယ် သူငယ်ချင်းရယ်။ တို့မောင်နှမတွေဟာ စိတ်ချင်းဆက်နေသလို မပြောဘဲနဲ့ သိနေကြပါတယ်"

"အေးကွာ ... တို့ဗုဒ္ဓဘာသာ အယူအဆနဲ့ ပြောရရင်တော့ မင်းတို့နှစ်ယောက်ဟာ အတိတ်ဘဝက အလွန်ချစ်ခဲ့ကြတဲ့ မောင်နှမတွေ ဖြစ်ခဲ့ကြမှာပဲ။ ဒါကြောင့် ဒီဘဝမှာ မင်းတို့ ချစ်သူတွေ မဖြစ်ကြတာနေမှာ"

"ငါလည်း ဒီလိုပဲ ယူဆပါတယ်။ ဒါကြောင့် နောင်သံသရာအဆက်ဆက်မှာ လူဖြစ်ခဲ့ရင် မမနွယ်နဲ့ မောင်နှမအရင်းတွေအဖြစ် ချစ်ချစ်ခင်ခင် အတူတကွနေခွင့်ရကြပါစေလို့ ငါ ဆုတောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးဝေးတစ်ခုမှ ပြန်လာရသကဲ့သို့ ပင်ပန်းနွမ်းလျစွာနှင့် ကိုယ် ပြန်ထိုင်သည်။ စောစောကထည့်ထားသော ဘီယာခွက်ကို မော့ချလိုက်၏။ ပြီးမှ … မြင့်ဆွေကို ကြည့်ပြီး ပြောလိုက်သည်။

"နောက်တစ်ကြိမ်ကျမှ မင်းရဲ့မိန်းနဲ့ သမီးသားကို ငါ ကျွေးပါဦးမယ်။ ရန်ကုန်ကို ခေါ်ခဲ့ပါဦး"

"ငါလည်း မင်းလိုပါပဲကွာ။ တစ်ယောက်တည်းပါဘဲ"

"ဘာ … မင်းပြောတော့ နိုင်ငံခြားမှာ ပညာသင်အတူ သွားရင်း တွေ့ခဲ့တဲ့ ဆရာမတစ်ယောက်နဲ့ လက်ထပ်ပြီးပြီဆိုကွ"

"ဟုတ်တယ်လေ။ လက်ထပ်ခဲ့တယ်။ ချစ်ခဲ့ ညားခဲ့ကြတယ်။ သမီးလေးတစ်ယောက် ရခဲ့တယ်"

"ဟ … ဒါဖြင့် ဘာလို့ တစ်ယောက်တည်းလို့ ပြောရတာတုန်း"

"တစ်ယောက်တည်းနေလို့ တစ်ယောက်တည်းလို့ ပြောရတာပေါ့ကွ။ ငါ့ မိန်းမက ဒီမှာနေတာ မတိုးတက်ဘူးတဲ့။ သူနေချင်တဲ့ လူနေမှုအဆင့်မျိုး မနေရဘူးတဲ့။ ငါက ခေတ်နဲ့ အညီ မနေတတ်ဘူးတဲ့။ အမေကို ချစ်ပြီး မွေးဇာတိတောမှာပဲ ပျော်သတဲ့။ ကြာရင် သူ့သမီးလေး တောသားနဲ့ပဲ ညားမှာစိုးသတဲ့။ သူ့ မကျေနပ်ချက်တွေ ဖော်ထုတ်ပြီး ငါ့သမီးလေးကိုပါ ငါ့ရင်ခွင်ထဲက နှုတ်သွားခဲ့တယ်။ အခုတော့ နိုင်ငံခြားမှာ အဆင်ပြေနေကြပြီလို့ ပြောတယ်။ သမီးကတော့ သင်္ကြန်ဆိုရင် ပြန်လာလေ့ရှိပါတယ်။ ဒီနှစ်သင်္ကြန်တော့ ပြန်လာကောင်းပါရဲ့"

"မြင့်ဆွေရယ် မင်းအဖြစ်က ဆိုးပါတယ်ကွာ။ ငါလို မိန်းမ မယူခဲ့ရင်တောင်ကောင်းမှာ"



"ဒါပေမယ့် ငါ စိတ်မဆင်းရဲတော့ပါဘူး။ ငါချစ်တဲ့ကျောင်း၊ ငါချစ်တဲ့ ဇာတိမြေမှာ ငါ ဝါသနာပါတဲ့ လူ့အကျိုးပြုတဲ့အလုပ်တွေကို လုပ်နေရတဲ့အတွက် ငါ့ဘဝဟာ အဓိပ္ပာယ်ရှိတယ်။ ငါ ပျော်တယ်။ တစ်ခါတစ်လေ သမီးလေးကိုတော့ လွမ်းတာပေါ့ကွာ"

"အေးကွာ … တို့တွေဟာ ကိုယ်ကံကြမ္မာနဲ့ကိုယ် ကိုယ့်ဘဝခရီးကြမ်းကို ပင်ပင်ပန်းပန်း ဖြတ်သန်းလာခဲ့ရပေမယ့် ကိုယ်လုပ်ရတဲ့အလုပ်တွေအပေါ် ကျေနပ်အားရ ပီတိဖြစ်ရတဲ့အတွက်တော့ ဂုဏ်ယူစရာပါပဲ"

"ဒါပေမယ့် ကိုငယ်ရာ … အခုအချိန်မှာတော့ ငယ်ဘဝကို ငါတကယ်ပဲ ပြန်လွမ်းမိတယ်။ အဲဒီ အလွမ်းဟာ မင်းအတွက် မဟုတ်တော့ပေမယ့် ငါ့အတွက် ပြန်ဖြစ်နေပြီလား မသိပါဘူးကွာ။ မင်းတို့နဲ့အတူ နေခဲ့တဲ့ကျောင်းမှာ ကျောင်းအုပ် ပြန်လုပ်ရတော့ မင်းတို့အရိပ်တွေ ပြန်မြင်၊ မင်းတို့အသံတွေ ပြန်ကြားပြီး ခံစားရတယ်ကွာ။ မကြာခဏ မင်းတို့ကို ငါလွမ်းနေမိတယ်။ မင်းမှတ်မိသေးလား။ မောင်မောင်က နွယ်နွယ်ဝေ့ကို ကြိုက်လို့ တို့နှစ်ယောက်ကို လာတိုင်ပင်တာလေ"

"ငါ အားလုံး အမှတ်ရနေတုန်းပါ မြင့်ဆွေ … ရယ်။ နှစ်ပေါင်းများစွာ ကြာခဲ့ပေမယ့် မနေ့တစ်နေ့ကလိုပဲ ငါ အမှတ်ရနေဆဲပါကွာ"

ထိုစကားကို မြင့်ဆွေနှင့် လမ်းခွဲပြီး အိမ်ပြန်ရောက်သည်အထိ သတိရမှတ်မိနေဆဲ ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း ကိုငယ် မမေ့။

www.burmeseclassic.com

ထိုစကား၏ နောက်ကွယ်တွင် အလွမ်းတွေ ရှိနေဆဲ၊ ယခုတော့ ထိုအလွမ်းတွေကို ကြေကွဲ ဆွေးမြေ့စရာအဖြစ် သူ မလွမ်း။ ကြည်နူးတမ်းတစရာအဖြစ် သူ လွမ်းနိုင်ခဲ့ပြီလေ။ ကြေကွဲစရာ ဝေဒနာတွေကတော့ အိပ်မက်ထဲမှာ မက်ခဲ့တဲ့ အလွမ်းတွေ ဖြစ်ပါစေတော့။ အိပ်မက်အလွမ်းတွေပဲ ဖြစ်ပါစေ၊ အိပ်မက် ... အလွမ်းတွေပဲ ... ဖြစ် .. ပါစေ၊

ကျောင်းသန့်

၄-၇-၈၅

## စာဖတ်သူသို့

- ဤစာအုပ်ကို
ကျနုပ်သဘောကျစွာ ဖတ်ပြီးသောအခါ

- ရင်ထဲတွင်
ပြောချင်စရာများ
ရှိလာခြင်းအံ့။

- တယ်လီဖုန်းဖြင့်ဖြစ်စေ
စာဖြင့်ဖြစ်စေ။

- ပြောဆိုဆွေးနွေး
ရေးသားပေးပို့နိုင်ပါသည်။

- စာဖတ်သူ၏အမြင်ကို
ကြားသိချင်လှပါ၏။

### ကျော်သန့်

အမှတ် ၁၄၇၊ ပ-ထပ်(ဝဲ)၊
၉၇ လမ်း (လယ်)
ရန်ကုန်။ ဖုန်း - ၂၇၈၃၆၈

www.burmeseclassic.com